ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန







# ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်

# အမျိုးသားစီမံကိန်း

# ပထမ(၆)လပတ်အစီရင်ခံစာ

၂၀၁၅ခုနှစ်၊ အောက်တိုဘာလ

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်

အမျိုးသားစီမံကိန်း ပထမ (၆) လပတ်

အစီရင်ခံစာ

မာတိကာ


| | | စာမျက်နှာ |
|---|---|---|
| | နိဒါန်း | ၁ |
| အခန်း(၁) | ပြုပြင်ပြောင်းလဲမှုများ | ၃ |
| အခန်း(၂) | မေခရိုစီးပွားရေးအခြေအနေ | ၁၄ |
| အခန်း(၃) | မြန်မာနိုင်ငံ၏ စီးပွားရေးနှင့်လူမှုရေးအခြေအနေ | ၃၁ |
| အခန်း(၄) | ငွေကြေးမူဝါဒ၊ဘဏ္ဍာရေးမူဝါဒ၊အရ-အသုံးခန့်မှန်းခြေငွေစာရင်း | ၆၁ |
| အခန်း(၅) | ကဏ္ဍစီမံကိန်းများ အကောင်အထည်ဖော်နိုင်မှု အခြေအနေ | ၇၆ |
| အခန်း(၆) | ဒေသန္တရစီမံကိန်းများအကောင်အထည်ဖော်နိုင်မှုအခြေအနေ | ၂၀၀ |
| အခန်း(၇) | ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်မှု | ၃၂၁ |
| အခန်း(၈) | အထူးစီးပွားရေးဇုန်များ၏ ဆောင်ရွက်မှုအခြေအနေ | ၃၃၁ |
| အခန်း(၉) | ပြည်ပအကူအညီအထောက်အပံ့ရရှိမှု | ၃၄၂ |
| အခန်း(၁၀) | ပြည်ပစီးပွားရေး ဆက်ဆံမှုများနှင့် မြန်မာနိုင်ငံ၏ အလားအလာ | ၃၅၂ |
| | နိဂုံး | ၃၆၃ |

## ပုံပြဂရပ် မာတိကာ

ပုံပြဂရပ်




| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၁ | ပုံ (၂-၁) | ကမ္ဘာ့နိုင်ငံအချို့၏ ဂျီဒီပီ တိုးတက်မှု (ရာခိုင်နှုန်း) | ၁၄ |
| ၂ | ပုံ (၂-၂) | လက်တင်အမေရိကနိုင်ငံများ၏ ဂျီဒီပီတိုးတက်မှု (ရာခိုင်နှုန်း) | ၁၅ |
| ၃ | ပုံ (၂-၃) | ထွန်းသစ်စနိုင်ငံများ၏ ဂျီဒီပီတိုးတက်မှု (ရာခိုင်နှုန်း) | ၁၆ |
| ၄ | ပုံ (၂-၄) | အာဆီယံနိုင်ငံများ၏ ပထမသုံးလပတ်နှင့် ဒုတိယသုံးလပတ် တိုးတက်မှုနှုန်း | ၁၇ |
| ၅ | ပုံ (၂-၅) | မြန်မာနိုင်ငံအပေါ် နိုင်ငံတကာအဖွဲ့အစည်းများက ခန့်မှန်းသည့် တိုးတက်မှုနှုန်း အခြေအနေ | ၁၉ |
| ၆ | ပုံ (၂-၆) | စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ) (နှစ်အလိုက်ဈေးနှုန်း) | ၂၀ |
| ၇ | ပုံ (၂-၇) | စီးပွားရေးကဏ္ဍကြီးများ၏ ပါဝင်မှုအချိုးအစား | ၂၁ |
| ၈ | ပုံ (၂-၈) | နိုင်ငံခြားငွေလဲလှယ်နှုန်း | ၂၁ |
| ၉ | ပုံ (၂-၉) | လုပ်ငန်း အမျိုးအစားအလိုက် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု | ၂၂ |
| ၁၀ | ပုံ(၂-၁၀) | လုပ်ငန်း အမျိုးအစား အလိုက် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု | ၂၃ |
| ၁၁ | ပုံ(၂-၁၁) | အဓိက ရင်းနှီးမြှုပ်နှံမှုပြုသည့် နိုင်ငံများ | ၂၃ |
| ၁၂ | ပုံ(၂-၁၂) | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လ ပို့ကုန် အကောင်အထည်ဖော်နိုင်မှု အခြေအနေ | ၂၄ |
| ၁၃ | ပုံ(၂-၁၃) | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လ သွင်းကုန် အကောင်အထည်ဖော်နိုင်မှု အခြေအနေ | ၂၄ |
| ၁၄ | ပုံ(၂-၁၄) | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လ ကုန်သွယ်မှုပမာဏ | ၂၅ |
| ၁၅ | ပုံ(၂-၁၅) | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လ ကုန်သွယ်မှုပိုငွေ/လိုငွေ | ၂၅ |
| ၁၆ | ပုံ(၂-၁၆) | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လ ကုန်ပစ္စည်းအုပ်စုအလိုက် ပို့ကုန်အခြေအနေ | ၂၆ |
| ၁၇ | ပုံ(၂-၁၇) | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လ ကုန်ပစ္စည်းအုပ်စု အလိုက်သွင်းကုန် အခြေအနေ | ၂၆ |
| ၁၈ | ပုံ(၂-၁၈) | ဆရာဝန်ဦးရေ | ၂၇ |
| ၁၉ | ပုံ(၂-၁၉) | သူနာပြုဦးရေ | ၂၇ |
| ၂၀ | ပုံ(၂-၂၀) | အခြေခံပညာကျောင်းများ အခြေအနေ | ၂၈ |
| ၂၁ | ပုံ(၂-၂၁) | အခြေခံပညာကျောင်းဆရာများ အခြေအနေ | ၂၈ |

| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၂၂ | ပုံ(၂-၂၂) | အခြေခံပညာကျောင်းသားများ အခြေအနေ | ၂၉ |
| ၂၃ | ပုံ(၂-၂၃) | တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များ အခြေအနေ | ၂၉ |
| ၂၄ | ပုံ(၂-၂၄) | ပြည်တွင်းလျှပ်စစ်ဓာတ်အားသုံးစွဲမှု | ၃၀ |
| ၂၅ | ပုံ(၂-၂၅) | လူတစ်ထောင်လျှင် သုံးစွဲနိုင်သောတယ်လီဖုန်း | ၃၀ |
| ၂၆ | ပုံ (၅-၁) | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ် ပထမ (၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ(နှစ်အလိုက်ဈေးနှုန်း) | ၇၆ |
| ၂၇ | ပုံ (၅-၂) | **လယ်ယာကဏ္ဍ** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ရည်မှန်းချက် အပေါ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ (နှစ်အလိုက်ဈေးနှုန်း) | ၇၈ |
| ၂၈ | ပုံ (၅-၃) | **သားငါးကဏ္ဍ** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ရည်မှန်းချက် အပေါ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ (နှစ်အလိုက်ဈေးနှုန်း) | ၈၃ |
| ၂၉ | ပုံ (၅-၄) | **သစ်တောကဏ္ဍ** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ရည်မှန်းချက် အပေါ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ (နှစ်အလိုက်ဈေးနှုန်း) | ၈၇ |
| ၃၀ | ပုံ (၅-၅) | **စွမ်းအင်ကဏ္ဍ** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ရည်မှန်းချက် အပေါ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ (နှစ်အလိုက်ဈေးနှုန်း) | ၉၀ |
| ၃၁ | ပုံ (၅-၆) | **သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသား စီမံကိန်း ရည်မှန်းချက်အပေါ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ(နှစ်အလိုက်ဈေးနှုန်း) | ၉၃ |
| ၃၂ | ပုံ (၅-၇) | **စက်မှုလက်မှုကဏ္ဍ** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ရည်မှန်းချက်အပေါ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ(နှစ်အလိုက်ဈေးနှုန်း) | ၉၇ |
| ၃၃ | ပုံ (၅-၈) | **လျှပ်စစ်ဓာတ်အားကဏ္ဍ** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ရည်မှန်းချက်အပေါ် ပထမ (၆) လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ(နှစ်အလိုက်ဈေးနှုန်း) | ၁၀၄ |
| ၃၄ | ပုံ (၅-၉) | **ဆောက်လုပ်မှုကဏ္ဍ** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ရည်မှန်းချက်အပေါ် ပထမ (၆) လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ (နှစ်အလိုက်ဈေးနှုန်း) | ၁၀၅ |

| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၃၅ | ပုံ(၅-၁၀) | **ပို့ဆောင်ရေးကဏ္ဍ** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ရည်မှန်းချက်အပေါ် ပထမ (၆) လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ(နှစ်အလိုက်ဈေးနှုန်း) | ၁၂၀ |
| ၃၆ | ပုံ(၅-၁၁) | **ဆက်သွယ်ရေးကဏ္ဍ** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ရည်မှန်းချက်အပေါ် ပထမ (၆) လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ(နှစ်အလိုက်ဈေးနှုန်း) | ၁၂၉ |
| ၃၇ | ပုံ(၅-၁၂) | **ငွေရေးကြေးရေးကဏ္ဍ** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသား စီမံကိန်း ရည်မှန်းချက်အပေါ် ပထမ (၆) လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ(နှစ်အလိုက်ဈေးနှုန်း) | ၁၃၄ |
| ၃၈ | ပုံ(၅-၁၃) | **ကုန်သွယ်မှုကဏ္ဍ** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ရည်မှန်းချက်အပေါ် ပထမ (၆) လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ(နှစ်အလိုက်ဈေးနှုန်း) | ၁၃၈ |
| ၃၉ | ပုံ(၅-၁၄) | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ သမဝါယမပိုင်အခန်းမှ ပထမ(၆)လပတ် ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှု အကောင်အထည်ဖော်နိုင်မှု အခြေအနေ | ၁၄၃ |
| ၄၀ | ပုံ(၅-၁၅) | **ငှားရမ်းခနှင့်အခြား ဝန်ဆောင်မှုကဏ္ဍ** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသား စီမံကိန်း ရည်မှန်းချက်အပေါ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ (နှစ်အလိုက်ဈေးနှုန်း) | ၁၄၆ |
| ၄၁ | ပုံ(၅-၁၆) | **လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ရည်မှန်းချက်အပေါ် ပထမ (၆) လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ (နှစ်အလိုက်ဈေးနှုန်း) | ၁၅၁ |
| ၄၂ | ပုံ (၆-၁) | **ကချင်ပြည်နယ်၏** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒေသန္တရ စီမံကိန်း**ရည်မှန်းချက်အပေါ်** ပထမ (၆) လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ (နှစ်အလိုက်ဈေးနှုန်း) | ၂၀၃ |
| ၄၃ | ပုံ (၆-၂) | **ကယားပြည်နယ်၏** ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် ဒေသန္တရ**စီမံကိန်းရည်မှန်းချက်အပေါ်** ပထမ (၆) လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ (နှစ်အလိုက်ဈေးနှုန်း) | ၂၀၈ |
| ၄၄ | ပုံ (၆-၃) | **ကရင်ပြည်နယ်၏** ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် ဒေသန္တရ**စီမံကိန်း ရည်မှန်းချက်အပေါ်** ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ (နှစ်အလိုက်ဈေးနှုန်း) | ၂၁၅ |

| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၄၅ | ပုံ (၆-၄) | **ချင်းပြည်နယ်၏** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒေသန္တရ**စီမံကိန်း ရည်မှန်းချက်အပေါ်** ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ (နှစ်အလိုက်ဈေးနှုန်း) | ၂၂၃ |
| ၄၆ | ပုံ (၆-၅) | **စစ်ကိုင်းတိုင်းဒေသကြီး၏** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒေသန္တရ**စီမံကိန်း ရည်မှန်းချက်အပေါ်** ပထမ (၆) လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ(နှစ်အလိုက်ဈေးနှုန်း) | ၂၂၉ |
| ၄၇ | ပုံ (၆-၆) | **တနင်္သာရီတိုင်းဒေသကြီး၏** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒေသန္တရ**စီမံကိန်း ရည်မှန်းချက်အပေါ်** ပထမ (၆) လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ (နှစ်အလိုက်ဈေးနှုန်း) | ၂၄၁ |
| ၄၈ | ပုံ (၆-၇) | **ပဲခူးတိုင်းဒေသကြီး၏** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒေသန္တရ**စီမံကိန်း ရည်မှန်းချက်အပေါ်** ပထမ (၆) လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ (နှစ်အလိုက်ဈေးနှုန်း) | ၂၄၆ |
| ၄၉ | ပုံ (၆-၈) | **မကွေးတိုင်းဒေသကြီး၏** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒေသန္တရ**စီမံကိန်း ရည်မှန်းချက်အပေါ်** ပထမ (၆) လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ (နှစ်အလိုက်ဈေးနှုန်း) | ၂၅၄ |
| ၅၀ | ပုံ (၆-၉) | **မန္တလေးတိုင်းဒေသကြီး၏** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒေသန္တရ**စီမံကိန်း ရည်မှန်းချက်အပေါ်** ပထမ (၆) လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ (နှစ်အလိုက်ဈေးနှုန်း) | ၂၆၂ |
| ၅၁ | ပုံ(၆-၁၀) | **မွန်ပြည်နယ်၏** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒေသန္တရ**စီမံကိန်း ရည်မှန်းချက်အပေါ်** ပထမ (၆) လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ (နှစ်အလိုက်ဈေးနှုန်း) | ၂၆၈ |
| ၅၂ | ပုံ(၆-၁၁) | **ရခိုင်ပြည်နယ်၏** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒေသန္တရ**စီမံကိန်း ရည်မှန်းချက်အပေါ်** ပထမ (၆) လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ (နှစ်အလိုက်ဈေးနှုန်း) | ၂၇၃ |
| ၅၃ | ပုံ(၆-၁၂) | **ရန်ကုန်တိုင်းဒေသကြီး၏** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒေသန္တရ**စီမံကိန်း ရည်မှန်းချက်အပေါ်** ပထမ (၆) လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ (နှစ်အလိုက်ဈေးနှုန်း) | ၂၇၉ |
| ၅၄ | ပုံ(၆-၁၃) | **ရှမ်းပြည်နယ်၏** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒေသန္တရ**စီမံကိန်း ရည်မှန်းချက်အပေါ်** ပထမ (၆) လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ (နှစ်အလိုက်ဈေးနှုန်း) | ၂၈၉ |

| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၅၅ | ပုံ(၆-၁၄) | **ဧရာဝတီတိုင်းဒေသကြီး၏** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒေသန္တရ**စီမံကိန်း ရည်မှန်းချက်အပေါ်** ပထမ (၆) လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ (နှစ်အလိုက်စျေးနှုန်း) | ၃၀၉ |
| ၅၆ | ပုံ(၆-၁၅) | **နေပြည်တော်ကောင်စီနယ်မြေ၏** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒေသန္တရ **စီမံကိန်း ရည်မှန်းချက်အပေါ်** ပထမ (၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ (နှစ်အလိုက်စျေးနှုန်း) | ၃၁၈ |
| ၅၇ | ပုံ (၉-၁) | ပြည်ထောင်စုဝန်ကြီးဌာနများအလိုက် နိုင်ငံခြားအကူအညီအထောက်အပံ့ ရရှိမှုဆောင်ရွက်နိုင်မှု အခြေအနေ(၂၀၁၅-၂၀၁၆ **ဘဏ္ဍာနှစ် ပထမ (၆)လပတ်**) | ၃၄၈ |
| ၅၈ | ပုံ (၉-၂) | **နိုင်ငံအချင်းချင်းအကူအညီ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် လုပ်ငန်းစီမံချက်များ ဆောင်ရွက်ရန် ညှိနှိုင်းထားရှိမှု** | ၃၅၃ |
| ၅၉ | ပုံ (၉-၃) | **ကဏ္ဍအလိုက် နိုင်ငံခြား အကူအညီ အထောက်အပံ့ရရှိမှု** | ၃၅၄ |

## ဇယားမာတိကာ




| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၁ | ဇယား (၃-၁) | မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေ | ၃၄ |
| ၂ | ဇယား (၃-၂) | ၂၀၁၅ -၂၀၁၆ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်နှင့် ပထမ (၆) လပတ် ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှု အခြေအနေ(နှစ်အလိုက်ဈေးနှုန်းအရ) | ၃၉ |
| ၃ | ဇယား (၃-၃) | ၂၀၁၅ -၂၀၁၆ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်နှင့် ပထမ (၆) လပတ် တိုင်းဒေသကြီး/ပြည်နယ်အလိုက် အကောင်အထည်ဖော်နိုင်မှု အခြေအနေ (နှစ်အလိုက်ဈေးနှုန်းအရ) | ၄၀ |
| ၄ | ဇယား (၃-၄) | ၂၀၁၅ -၂၀၁၆ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်နှင့် ပထမ (၆) လပတ် ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှု အခြေအနေ(၂၀၁၀- ၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းအရ) | ၄၁ |
| ၅ | ဇယား (၃-၅) | ၂၀၁၅ -၂၀၁၆ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်နှင့် ပထမ (၆) လပတ် တိုင်းဒေသကြီး/ ပြည်နယ်အလိုက် အကောင်အထည်ဖော်နိုင်မှု အခြေအနေ (၂၀၁၀ -၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းအရ) | ၄၂ |
| ၆ | **ဇယား (၃-၆)** | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ် ကဏ္ဍကြီးများအလိုက် စုစုပေါင်းပြည်တွင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ) (၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းအရ) | ၄၃ |
| ၇ | **ဇယား (၃-၇)** | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းအရ) | ၄၄ |
| ၈ | **ဇယား (၃-၈)** | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ် ကဏ္ဍကြီးများအလိုက် စုစုပေါင်းပြည်တွင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ) (နှစ်အလိုက်ဈေးနှုန်းအရ) | ၄၅ |
| ၉ | **ဇယား(၃-၉)** | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ် တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏စုစုပေါင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်းအရ) | ၄၆ |
| ၁၀ | **ဇယား(၃-၁၀)** | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ် ကဏ္ဍကြီးများအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ) (၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းအရ) | ၄၇ |

| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၁၁ | **ဇယား(၃-၁၁)** | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ် တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ စုစုပေါင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းအရ) | ၄၈ |
| ၁၂ | **ဇယား(၃-၁၂)** | ၂၀၁၅ -၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ် ကဏ္ဍကြီးများအလိုက် စုစုပေါင်းပြည်တွင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ) (နှစ်အလိုက်ဈေးနှုန်းအရ) | ၄၉ |
| ၁၃ | **ဇယား(၃-၁၃)** | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ် တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ စုစုပေါင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်းအရ) | ၅၀ |
| ၁၄ | **ဇယား(၃-၁၄)** | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် လူဦးရေ အခြေအနေ | ၅၅ |
| ၁၅ | **ဇယား(၃-၁၅)** | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ်ကုန်အထိ တည်ရှိမှု အခြေအနေ | ၅၆ |
| ၁၆ | **ဇယား(၃-၁၆)** | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ် ဆောင်ရွက်မှု အခြေအနေ | ၅၈ |
| ၁၇ | **ဇယား(၄-၁)** | ပြည်တွင်းအခွန်များဦးစီးဌာနမှအခွန်ကောက်ခံရရှိမှု | ၆၆ |
| ၁၈ | **ဇယား(၄-၂)** | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ ( ၆ ) လပတ် (ဧပြီလမှ စက်တင်ဘာလကုန်ထိ) လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်နိုင်မှု အခြေအနေ | ၆၉ |
| ၁၉ | **ဇယား(၄-၃)** | ဝန်ကြီးဌာနများမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆)လပတ်အတွင်း နိုင်ငံအချင်းချင်း အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၏ ချေးငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းများ | ၇၀ |
| ၂၀ | **ဇယား(၄-၄)** | ဝန်ကြီးဌာနများမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ် အတွင်း နိုင်ငံအချင်းချင်း အကူအညီ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၏ အကူအညီဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများ | ၇၁ |
| ၂၁ | **ဇယား(၅-၁)** | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆) လပတ် လျှပ်စစ်ဓာတ်အား အသုံးပြုမှု အခြေအနေ | ၁၀၆ |
| ၂၂ | **ဇယား(၅-၂)** | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆) လပတ် (ဧပြီလမှ စက်တင်ဘာလကုန်အထိ) နိုင်ငံပိုင်အခန်းရင်းနှီးမြှုပ်နှံမှု အခြေအနေ | ၂၀၀ |
| ၂၃ | **ဇယား(၅-၃)** | တိုင်းဒေသကြီး/ပြည်နယ်များ၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆) လပတ် (ဧပြီလမှ စက်တင်ဘာလကုန်အထိ) နိုင်ငံပိုင်အခန်း ရင်းနှီးမြှုပ်နှံမှု အခြေအနေ | ၂၀၂ |

| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၂၄ | ဇယား(၇-၁) | ကဏ္ဍအလိုက် ခွင့်ပြုထားသော နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ အခြေအနေ | ၃၂၇ |
| ၂၅ | ဇယား(၇-၂) | တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ခွင့်ပြုထားသော နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ အခြေအနေ | ၃၂၈ |
| ၂၆ | ဇယား(၇-၃) | နိုင်ငံအလိုက် ခွင့်ပြုထားသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ အခြေအနေ | ၃၂၉ |
| ၂၇ | ဇယား(၇-၄) | ကဏ္ဍအလိုက် ခွင့်ပြုထားသော မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ အခြေအနေ | ၃၃၀ |
| ၂၈ | ဇယား(၇-၅) | တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ခွင့်ပြုထားသော မြန်မာ နိုင်ငံသားများ ရင်းနှီး မြှုပ်နှံမှုလုပ်ငန်းများ အခြေအနေ | ၃၃၁ |
| ၂၉ | ဇယား(၇-၆) | အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးနိုင်မှု | ၃၃၂ |
| ၃၀ | ဇယား(၇-၇) | နိုင်ငံသားလုပ်ငန်းရှင်များ ကုမ္ပဏီထူထောင်မှု | ၃၃၃ |
| ၃၁ | ဇယား(၈-၁) | သီလဝါအထူးစီးပွားရေးဇုန် လုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမှု အခြေအနေ (ကဏ္ဍအလိုက်) | ၃၃၆ |
| ၃၂ | ဇယား(၈-၂) | သီလဝါအထူးစီးပွားရေးဇုန် လုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမှု အခြေအနေ (နိုင်ငံအလိုက်) | ၃၃၇ |
| ၃၃ | ဇယား(၈-၃) | သီလဝါအထူးစီးပွားရေးဇုန် လုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမှုအခြေအနေ (ဇုန်အလိုက်) | ၃၃၇ |
| ၃၄ | ဇယား(၈-၄) | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်(၂၀၁၅ ခုနှစ် စက်တင်ဘာလအထိ) အထူး စီးပွားရေးဇုန် ဥပဒေအရ ခွင့်ပြုပြီးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှု အခြေအနေ | ၃၃၈ |
| ၃၅ | ဇယား(၉-၁) | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ်အတွင်း ပြည်ထောင်စု ဝန်ကြီးဌာနများ အလိုက် နိုင်ငံခြားအကူအညီ အထောက်အပံ့ ရရှိအောင် ဆောင်ရွက်နိုင်မှု အခြေအနေ | ၃၄၇ |
| ၃၆ | ဇယား(၉-၂) | **၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ်အတွင်း နိုင်ငံအချင်းချင်း အကူအညီ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် လုပ်ငန်း စီမံချက်များ ဆောင်ရွက်ရန် ညှိနှိုင်းရရှိမှု** | ၃၅၁ |

## ယေဘုယျရှင်းလင်းချက်

**၁။ ပုံမှန်ဈေးနှုန်း** ဆိုသည်မှာ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ဈေးနှုန်းကို ဆိုလိုပါသည်။

**၂။ တိုးတက်မှုနှုန်း တွက်ချက်နည်း**

$$r = \left( \frac{Y_t - Y_{t-1}}{Y_{t-1}} \right) \times 100$$

$r$ = တိုးတက်မှုနှုန်း

$Y_t$ = အစီရင်ခံသည့် ဘဏ္ဍာနှစ် အကောင်အထည်ဖော်နိုင်မှု တန်ဖိုး (ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးများ)

$Y_{t-1}$= ယခင်ဘဏ္ဍာနှစ် အကောင်အထည်ဖော်နိုင်မှု တန်ဖိုး (ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးများ)

**၃။ အကောင်အထည်ဖော်နိုင်မှုနှုန်း တွက်ချက်နည်း**

$$P_R = \left( \frac{Y_t}{P_t} \right) \times 100$$

$P_R$ = အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်း

$Y_t$ = အစီရင်ခံသည့် ဘဏ္ဍာနှစ် အကောင်အထည်ဖော်နိုင်မှု တန်ဖိုး (ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးများ)

$P_t$ = အစီရင်ခံသည့် ဘဏ္ဍာနှစ် စီမံကိန်း ရည်မှန်းချက်တန်ဖိုး (ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးများ)

## ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း
## ပထမ(၆)လပတ် အစီရင်ခံစာ

**နိဒါန်း**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်၊ အခန်း(၄)၊ ပုဒ်မ ၁၀၀ (ခ) အရ အမျိုးသားစီမံကိန်း၊ အခန်း(၄) ပုဒ်မ ၁၉၀ (ခ) အရ ဒေသန္တရစီမံကိန်းကို ရေးဆွဲလျက် ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော် အသီးသီးသို့ ရေးဆွဲတင်ပြပြီး အတည်ပြုပြဋ္ဌာန်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်သည် တစ်မျိုးသားလုံး၏ လူမှုစီးပွားတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပြည်သူတို့၏ လိုအပ်ချက်နှင့်အညီ ပြည်သူဗဟိုပြုဖွံ့ဖြိုးမှု (People Centred Development) ရရှိစေရန် စီးပွားရေးမူဝါဒ (၄) ရပ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် ကဏ္ဍစုံ၊ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ အချိုးကျမျှတစွာ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထုတစ်ရပ်လုံး ရရှိခံစားနိုင်မည့် လူမှုစီးပွားနယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်ရေး၊ စာရင်းဇယား ကိန်းဂဏန်းများ တိကျမှန်ကန်ရေး တို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ဆင်းရဲချမ်းသာကွာဟမှု လျော့နည်းကျဆင်းရေး၊ ပြည်သူများ၏လူနေမှုဘဝ မြင့်မားတိုးတက်ရေး၊ သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်မှုစနစ် ဖြစ်ပေါ်ရေးစသည့် လူမှုစီးပွားရေး၊ နိုင်ငံရေးနှင့် အုပ်ချုပ်ရေးမူဝါဒများနှင့်အညီ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းကို ရေးဆွဲဆောင်ရွက်ခဲ့ပါသည်။

ထို့အပြင် စားနပ်ရိက္ခာဖူလုံရေးမှ စက်မှုလယ်ယာဖွံ့ဖြိုးမှုနှင့် ပို့ကုန်တိုးတက်ရေး၊ ရေသယံဇာတထိန်းသိမ်းရေးနှင့် သားငါးကဏ္ဍဖွံ့ဖြိုးရေး၊ သစ်တောသယံဇာတ ထိန်းသိမ်းရေးနှင့် သစ်အခြေခံစက်မှုလုပ်ငန်းထူထောင်ရေး၊ စွမ်းအင်သစ်နှင့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဖွံ့ဖြိုးရေး၊ လုပ်ငန်းတိုင်းအတွက် လျှပ်စစ်၊ မြို့တိုင်းအတွက် လျှပ်စစ်၊ ကျေးရွာတိုင်းအတွက် လျှပ်စစ်ရရှိရေး၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှုကင်းသည့် သတ္တုသယံဇာတ ထုတ်လုပ်မှုဖြစ်ထွန်းရေး၊ မြို့ပြများဖြစ်ထွန်းရေးနှင့် ခေတ်မီလမ်းတံတားများ ဖြစ်ထွန်းပေါ်ပေါက်ရေး၊ အာဆီယံဒေသတွင်း ယှဉ်ပြိုင်နိုင်သည့် စက်မှုလုပ်ငန်းများ ပေါ်ပေါက်ရေး၊ ကျွမ်းကျင်မှုနှင့် ဖန်တီးနိုင်သော ပညာရေးစနစ်ဖြစ်ပေါ်ရေး၊ လူတိုင်းအတွက်၊ နေရာတိုင်းအတွက် ဆက်သွယ်ရေးစနစ် ပေါ်ပေါက်ရေး၊ ဆင်းရဲမှုလျှော့ချရေး၊ ယဉ်ကျေးမှုနှင့် အမျိုးသားအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေး၊ ငွေကြေးနှင့်ဘဏ္ဍာရေး ဝန်ဆောင်မှုလုပ်ငန်းများ ဖြစ်ထွန်းရေး၊ အမျိုးသားစာရင်းအင်းစနစ်များ ခိုင်မာကောင်းမွန်စေရေး လုပ်ငန်းစဉ်များကိုလည်း

အလေးထားရေးဆွဲခဲ့သည့်အပြင် ပြည်သူတို့၏ အဓိကလိုအပ်ချက်များ၊ လိုလားချက်များအပေါ် မူတည်၍ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် လျှပ်စစ်မီး၊ သောက်သုံးရေ၊ စိုက်ပျိုးရေး၊ အလုပ်အကိုင် ရရှိရေး၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငွေကြေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်ရေးစသည့် လုပ်ငန်းစဉ် (၇) ရပ်ကို ဦးစားပေး ရည်မှန်းရေးဆွဲခဲ့ပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွက် ရင်းနှီးမြှုပ်နှံမှုလိုအပ်ချက်ကို စုစုပေါင်း ပြည်တွင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး ရည်မှန်းချက်နှင့် ဆက်စပ်ညှိနှိုင်း၍ ခန့်မှန်းလျာထားပါသည်။ တစ်မျိုးသားလုံး၏ စီးပွားရေးနှင့်ပတ်သက်၍ ထားရှိသည့် ဦးစားပေး အစီအစဉ်များအရ လည်းကောင်း၊ စီးပွားရေးအဆောက်အအုံ ပြောင်းလဲရန် ဦးတည်ချက်များအရလည်းကောင်း၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အလားအလာကောင်းများအရလည်းကောင်း အဖက်ဖက်မှ ဆက်စပ် ညှိနှိုင်းပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်များကို ချမှတ်ခဲ့ပါသည်။

အစီရင်ခံသည့် ပထမ (၆) လပတ်ကာလအတွင်း မြန်မာကျပ်ငွေနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း မြင့်တက်ခြင်း၊ ရေကြီးနစ်မြုပ်မှုကြောင့် စိုက်ပျိုးရေးလုပ်ငန်းနှင့် အခြေခံအဆောက် အဦများ ပျက်စီးဆုံးရှုံးခြင်းရှိခဲ့သော်လည်း ချမှတ်ထားသည့် စီမံကိန်းရည်မှန်းချက်များ ပြည့်မီ ရေးအတွက် ငွေရေးကြေးရေးနှင့် ဘဏ္ဍာရေးပေါ်လစီမူဝါဒ၊ လုပ်ထုံးလုပ်နည်းများအပေါ် လိုအပ် သည့် ပြုပြင်ပြောင်းလဲမှုများဖြင့် ထိန်းကျောင်းဆောင်ရွက်ခြင်း၊ ရေမြုပ်လယ်မြေများတွင် ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် ပံ့ပိုးဆောင်ရွက်ပေးခြင်း၊ အခြေခံအဆောက်အဦများ ပြန်လည် ထူထောင်ခြင်း လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျှက်ရှိကြောင်း တင်ပြအပ် ပါသည်။

## အခန်း(၁)

## ပြုပြင်ပြောင်းလဲမှုများ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်တာဝန်ကို စတင်တာဝန်ယူသည့် ၂၀၁၁ ခုနှစ် ဧပြီလမှစ၍ ဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာပေါ်ပေါက်ရန် အတွက် လိုအပ်သည့် အောက်ဖော်ပြပါ ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်လျက် ရှိပါသည်-

(က) နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊

(ခ) လူမှုရေးနှင့်စီးပွားရေး ပြုပြင်ပြောင်းလဲမှု၊

(ဂ) အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲမှု၊

(ဃ) ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ပြုပြင်ပြောင်းလဲမှု တို့ဖြစ်ပါသည်။

### (က) နိုင်ငံရေးပြုပြင်ပြောင်းလဲမှု

နိုင်ငံတော်အစိုးရ၏ ပထမအဆင့်ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာ ဖြစ်သည့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွင် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး လုပ်ငန်းစဉ်များနှင့် ငြိမ်းချမ်းရေး ကြိုးပမ်းမှုကိုလည်း ဦးစားပေးအဆင့်အနေဖြင့် ဆောင်ရွက်လျက် ရှိပါသည်။ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုအနေဖြင့် နိုင်ငံရေးလွတ်လပ်မှု၊ နိုင်ငံရေးပါတီများ ဖွဲ့စည်းနိုင်မှု၊ မကြာမီကျင်းပမည့် ရွေးကောက်ပွဲများအပြင် လူမှုအဖွဲ့အစည်းများ ဖွဲ့စည်းမှု၊ သတင်းမီဒီယာ လွတ်လပ်ခွင့်၊ ပုဂ္ဂလိကသတင်းစာ ထုတ်ဝေခွင့်၊ လွတ်လပ်စွာ ဆန္ဒထုတ်ဖော်ခွင့်၊ လူ့အခွင့်အရေး ပြဿနာများ လျော့ပါးလာစေမှု အပါအဝင် ပြစ်ဒဏ် ကျခံနေသော နိုင်ငံရေးအကျဉ်းသား အများအပြားကို လွတ်ငြိမ်းခွင့်ပေးခြင်း၊ ခေတ်စနစ် နှင့် ကိုက်ညီခြင်းမရှိသည့် ဥပဒေများကို ဖျက်သိမ်း၊ ပြင်ဆင်ပြဋ္ဌာန်းခြင်း စသည်တို့မှာ သိသာထင်ရှားသော ပြောင်းလဲမှုများ ဖြစ်ပါသည်။ နိုင်ငံတကာ ဆက်ဆံရေးနယ်ပယ်တွင် ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာမှ အသိအမှတ်ပြုကူညီဆက်ဆံခြင်း၊ အာဆီယံအခမ်း အနားများကို အောင်မြင်စွာဆောင်ရွက် နိုင်ခဲ့ခြင်းသည်လည်း နိုင်ငံရေးပြုပြင်ပြောင်းလဲမှု ၏ တိုးတက်မှုတစ်ရပ်ဖြစ်ပါသည်။ နိုင်ငံရေးခေါင်းဆောင်များနှင့်လည်း ရင်းနှီးပွင့်လင်း စွာ တွေ့ဆုံခဲ့ပြီး မတူညီသည်များကို ဘေးဖယ်၍ တူညီသည်များကို လက်တွဲဆောင်ရွက် နိုင်ခဲ့သည့် ရလဒ်ကြောင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက် မူကြမ်း (Final Draft) ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။ ယင်းမူကြမ်းကို နှစ်ဖက် သဘောတူ ညှိနှိုင်းရေးဆွဲပြီးစီးကြောင်း အတည်ပြုချက်နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်နှင့် ပြည်သူ့လွှတ်တော်တို့မှ ထောက်ခံကြောင်း သတင်း ထုတ်ပြန်ချက်ကို ထုတ်ပြန်ခဲ့ပါသည်။

**(ခ) လူမှုရေးနှင့်စီးပွားရေး ပြုပြင်ပြောင်းလဲမှု**

လူမှုရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များသည် ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်မှု ( People Centred Development ) နှင့် ပြည်သူအားလုံး ပါဝင်ခံစားနိုင်သည့် ဖွံ့ဖြိုးမှု ( Inclusive Growth ) တို့ အောင်မြင်ဖြစ်ထွန်းစေရေးအတွက် ဦးတည်၍ Framework for Economic and Social Reforms (FESR) ကို မူချမှတ်ပြီး ဆောင်ရွက်သည့် ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များ ဖြစ်ပါသည်။ အခါကဆောင်ရွက်ခဲ့သည့် ပြုပြင်ပြောင်းလဲမှုများမှာ ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(၁) **ဘဏ္ဍာရေးနှင့် အခွန်စနစ် ပြုပြင်ပြောင်းလဲမှုများ။**၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် ပထမ (၆) လပတ်အတွင်း နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေးရည်မှန်းချက်များ အောင်မြင်အောင် ဆောင်ရွက်ရာတွင် အစိုးရဘဏ္ဍာရေး စာရင်းအင်းများ (Government Financial Statistics -GFS) ထိန်းသိမ်းမှု စွမ်းရည် ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် IMF မှ ကျွမ်းကျင်ပညာရှင်နှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် ငွေကြေး စီမံခန့်ခွဲမှုနှင့် ကြိုတင်ခန့်မှန်းခြင်းကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် ကမ္ဘာ့ဘဏ်နှင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့မှ ကြွေးမြီခံနိုင်ရည် ဆန်းစစ်လေ့လာမှု အလုပ်ရုံဆွေးနွေးပွဲ (Workshop on Debt Substainability Analysis-DSA) ကို ၂၀၁၅ ခု၊ ဩဂုတ်လ ၁၈ ရက်နေ့မှ ၂၀ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ပါသည်။ အခွန်အကောက်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ အနေဖြင့် အခွန်နှုန်းထားများ၊ သက်သာခွင့်များနှင့် အခွန်ကင်းလွတ်ခွင့်များကို ဆောင်ရွက်လျက် ရှိပါသည်။ ပြည်တွင်းအခွန်များ ဦးစီးဌာနမှ ကုန်သွယ်လုပ်ငန်းခွန် မကျသင့်သည့် ကုန်စည်နှင့်ဝန်ဆောင်မှု အမျိုးအမည်များခွဲခြား၍ ထုတ်ပြန် ဆောင်ရွက်လျက်ရှိပါသည်။ ရှင်းလင်းလွယ်ကူသော အကောက်ခွန် လုပ်ထုံးလုပ်နည်းများဖြင့် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရန်နှင့် ရသင့်ရထိုက်သော အခွန်ငွေများ ပြည့်ဝစွာ ရရှိစေရန် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

(၂) **ငွေကြေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုများ။** ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ ဖွံ့ဖြိုးစေရေးအတွက် မြန်မာ့စီးပွားရေးဘဏ်အနေဖြင့် နယ်စပ်ကုန်သွယ်ရေး စခန်းများတွင် ကောင်တာများဖွင့်လှစ်၍ ပို့ကုန်/သွင်းကုန် ရငွေများကို ကုန်သည်များသို့ ငွေလွှဲစနစ်ဖြင့် ဆောင်ရွက်ပေးလျက်

ရှိပါသည်။ ထို့အပြင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့် မြို့နယ်များ အထိ ဘဏ်ငွေတိုက်ခွဲများ တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ အလိုအလျောက် ငွေထုတ်စက်များဖြင့် ငွေထုတ်ယူနိုင်ရန် ဆောင်ရွက်ခြင်း၊ အွန်လိုင်းဖြင့် ငွေလွှဲပို့ခြင်း၊ ငွေထုတ်ယူခြင်းများ လွယ်ကူစေခြင်းတို့ကို ဆောင်ရွက်လျက် ရှိပါသည်။ နိုင်ငံခြားဘဏ်လုပ်ငန်းများ လုပ်ကိုင်ရန် ကနဦးအတည်ပြု ချက် ထုတ်ပေးထားသော နိုင်ငံခြားဘဏ် (၉) ခုအနက် ဘဏ် (၈) ခုသည် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကို စတင်ဆောင်ရွက်လျက် ရှိပါသည်။ ၂၀၁၅ ခုနှစ် ဇူလိုင်လ(၁)ရက်နေ့မှစ၍ မြန်မာ့အာမခံ လုပ်ငန်းနှင့် ပုဂ္ဂလိက အာမခံကုမ္ပဏီများတွင် ကျန်းမာရေးအာမခံလုပ်ငန်းကို တိုးချဲ့ ဆောင်ရွက် လျက်ရှိပါသည်။ ထို့အပြင် ပုဂ္ဂလိက အာမခံလုပ်ငန်းများအား ၂၀၁၅ ခုနှစ် ဩဂုတ်လမှစတင်၍ ရေကြောင်းကုန်ပစ္စည်း အာမခံလုပ်ငန်းကို လုပ်ကိုင် ခွင့်ပြုထားပါသည်။

(၃) **ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ဖြေလျှော့မှုများ ဆောင်ရွက်ခြင်း။** စီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသည် လက်ရှိခွင့်ပြုထားသည့် လုပ်ထုံးလုပ်နည်းအရ ဒေသသုံး စက်သုံးဆီအား ဒေသကျော်လွန် သယ်ဆောင်ခွင့် မပြုသော်လည်း ကုန်စည်စီးဆင်းမှု ပိုမိုလျင်မြန် လွယ်ကူ စေရန်အတွက် နယ်စပ်မှကျပ်ငွေဖြင့် စက်သုံးဆီ တင်သွင်းခြင်းအား လွတ်လပ်စွာ သယ်ဆောင်ခွင့်ပြုခဲ့ခြင်း၊ Consignment စနစ်ဖြင့် Show Room များတွင် မော်တော်ယာဉ် တင်သွင်းရောင်းချ ခွင့်ပြုခဲ့ခြင်း၊ နိုင်ငံခြားဖြစ် ဝိုင်အမျိုးမျိုးကို တင်သွင်းခွင့် လုပ်ထုံးလုပ်နည်းအတိုင်း ပြည်ပမှတရားဝင် တင်သွင်းခွင့် ပြုခဲ့ပါသည်။

အကောက်ခွန် သက်သာခွင့်ဆိုင်ရာ ပင်ရင်းနိုင်ငံ သက်သေခံ လက်မှတ်များကို နေပြည်တော်၊ ရန်ကုန်မြို့နှင့် ကုန်သွယ်ရေးစခန်းများ ဖြစ်သော လွယ်ဂျယ်၊ မူဆယ်၊ ချင်းရွှေဟော်၊ ကန်ပိုက်တီး၊ တမူး၊ ရိဒ်၊ မြဝတီ၊ တာချီလိတ်၊ ကော့သောင်းနှင့် မြိတ်စသည့် နယ်စပ်စခန်း များတွင်လည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ခွင့်ပြု ထုတ်ပေး လျက်ရှိပါ သည်။

တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီ၏ တိုက်ရိုက်ကြီးကြပ်မှုဖြင့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုပြုလုပ်သည့်

အေးရှားဝေါလ် ၊ ထီးတန်း၊ မြန်မာ့စက်မှု၊ ဗိုလ်အောင်ကျော်၊ ဆူးလေ၊ အလုံ စသည့် ဆိပ်ကမ်းများနှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေကြောင်းကုန်စည်ပို့ဆောင်ရေးလုပ်ငန်းတို့တွင် ပညာပေးကာလ၊ အရေးယူကာလများ သတ်မှတ်၍ ပို့ကုန်/သွင်းကုန် ကုန်သေတ္တာများ ဖွင့်ဖေါက် စစ်ဆေးခြင်း၊ စစ်ဆေးပြီးကုန်သေတ္တာများအား ချောမွေ့စွာ သယ်ယူပို့ဆောင်နိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

ရန်ကုန်တိုင်းဒေသကြီး မြန်မာကုန်သွယ်မှုဗဟိုဌာန (MTC)၊ မန္တလေးတိုင်းဒေသကြီး ရတနာပုံကုန်သွယ်မှုဗဟိုဌာန၊ ကချင်ပြည်နယ် မနောမြေကုန်သွယ်မှုဗဟိုဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး ဇေယျာကုန်သွယ်မှုဗဟိုဌာန၊ ဧရာဝတီတိုင်းဒေသကြီး ဧရာကုန်သွယ်မှုဗဟိုဌာနများကို ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။

**(ဂ)အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲမှု**

တတိယအဆင့် ပြုပြင်ပြောင်းလဲမှုဖြစ်သည့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်၊ သန့်ရှင်းသောအစိုးရ ဖြစ်စေရေးအတွက် ပထမ၊ ဒုတိယ၊ တတိယလှိုင်းများနှင့် တွန်းအားပေးလျက် သွက်လက်ထိရောက်သော စီမံအုပ်ချုပ်လုပ်ကိုင် မှုစနစ်၊ ရုံးအဖွဲ့အစည်းများတွင် ဝန်ထမ်းများ Capacity မြှင့်တင်ရေး၊ Institution များကို Reengineering လုပ်ဆောင်ခြင်း၊ ပြည်သူဗဟိုပြု အုပ်ချုပ်ရေးစနစ် ပီပြင်စေရန် အုတ်မြစ်ချပေးခြင်း၊ မြို့တိုင်းတွင် One Stop Shop ရုံးများ ဖွင့်လှစ်ပြီး ပြည်သူများ အုပ်ချုပ်မှုလွယ်ကူစေအောင် ဆောင်ရွက်ခဲ့ခြင်းနှင့် စုပေါင်းရုံးများလည်း စတင်ဆောက်လုပ်နေပြီဖြစ်ခြင်း၊ မကြာခင်တွင် e-government လုပ်ငန်းများ အသက်ဝင်လာအောင် ဆောင်ရွက်လျက်ရှိပြီး ခေတ်နောက်ကျပြီး ဖောင်းပွနေသော စည်းမျဉ်း၊ စည်းကမ်းများ ပြုပြင်ရေးတို့ကို ဆောင်ရွက်ခဲ့ပါသည်။

ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်နှင့် သန့်ရှင်းသောအစိုးရဖြစ်ပေါ်စေရေးအတွက်

(၁) ထိရောက်သည့် ဆုံးဖြတ်ချက်များချမှတ်ခြင်းနှင့် စွမ်းရည်ပြည့် အကောင်အထည်ဖော်ခြင်း၊

(၂) တာဝန်ယူခြင်းနှင့် တာဝန်ခံခြင်း၊

(၃) တရားဥပဒေစိုးမိုးခြင်း၊

(၄) ပွင့်လင်းမြင်သာမှုရှိခြင်း၊

(၅) ကိစ္စရပ်များနှင့်ပြဿနာများကို မဆိုင်းမတွအလိုက်သင့် တုန့်ပြန်ဖြေရှင်းခြင်း၊

(၆) အများပါဝင်ခြင်း၊ အများအား အသိပေးခြင်းနှင့် တုန့်ပြန်မှုရယူခြင်း၊ ပြည်သူ့အသံကို နားထောင်ခြင်း၊

(၇) အများသဘော၊ အများဆန္ဒနှင့်အညီ တရားမျှတသော အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုရှိခြင်း၊

(၈) ဘက်လိုက်မှုနှင့် အဂတိလိုက်စားမှု ကင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် အစိုးရဌာန အဖွဲ့အစည်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်စေရန်အတွက် ချမှတ်ခဲ့သည့် လုပ်ငန်းစဉ်များမှာ-

(၁) ပေါ်လစီနှင့် ရည်မှန်းချက်များ သတ်မှတ်ခြင်း၊

(၂) ဥပဒေများရေးဆွဲခြင်း၊

(၃) ပြောင်းလဲလာသော အခြေအနေနှင့် လိုက်လျောညီထွေ ဖြစ်သည့်နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းခြင်း၊

(၄) စီမံကိန်းနှင့်အစီအစဉ်များရေးဆွဲခြင်း၊

(၅) အုပ်ချုပ်မှုအလွှာများ သတ်မှတ်ခြင်းနှင့် လုပ်ငန်းလိုအပ်ချက်အတိုင်း ဌာနဖွဲ့စည်းပုံ ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် ကြိုးနီစနစ် ဖြတ်တောက်ခြင်း၊

(၅) ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်း၊

(၆) တိကျသော လုပ်ပိုင်ခွင့်နှင့် တာဝန်ပြဋ္ဌာန်းသတ်မှတ်ခြင်း၊ ဆုံးဖြတ်ပိုင်ခွင့်နှင့် ပြဿနာများ ဖြေရှင်းပိုင်ခွင့်သတ်မှတ်ခြင်း၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေခြင်း၊

(၇) အစိုးရဝန်ထမ်းများ စွမ်းဆောင်ရည် မြင့်မားရေးအတွက် လေ့ကျင့်ပျိုးထောင်ခြင်း၊

(၈) ပေါင်းစပ်ညှိနှိုင်းခြင်း (အထက်မှအောက်၊ အောက်မှအထက်၊ ဘေးတိုက်)၊

(၉) ကြီးကြပ်ကွပ်ကဲခြင်းနှင့် ဆန်းစစ်အကဲဖြတ်ခြင်း တို့ဖြစ်ပါသည်။

စီမံကိန်းများကိုရေးဆွဲရာတွင် ပြည်သူဗဟိုပြု၍ပြည်သူအများ ပူးပေါင်းပါဝင်သော အောက်ခြေမှတင်ပြသည့် ဒေသန္တရစီမံကိန်းများကို ရေးဆွဲဆောင်ရွက်လျက် ရှိပါသည်။ ဒေသတွင် အဓိကကျသည့် တိုင်းဒေသကြီး/ ပြည်နယ်စီမံကိန်း၊ မြို့ပြစီမံကိန်း၊ မြို့နယ်ဖွံ့ဖြိုးမှု စီမံကိန်းများကို ထိရောက်စွာ ရေးဆွဲအကောင်အထည်ဖော်နိုင်ရေးအတွက် ဌာနဆိုင်ရာ ကိုယ်စားလှယ်များ၊ စီးပွားရေးလုပ်ငန်းရှင် ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖ

များပါဝင်သည့် စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေး ကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိပါသည်။ မြို့နယ်ဖွံ့ဖြိုးမှု စီမံကိန်းများကိုရေးဆွဲရာတွင် လွှတ်တော်ကိုယ်စားလှယ်များ၏ အကြံဉာဏ်များကို ရယူဆောင်ရွက်ပါသည်။

**ဥပဒေများပြဋ္ဌာန်းမှု။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လ ပတ်အတွင်း အောက်ဖော်ပြပါ ဥပဒေများကို ပြဋ္ဌာန်းခဲ့ပါသည်-

(၁) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကိုပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း
(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၈ )

(၂) ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေပြဋ္ဌာန်း
(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၉)

(၃) ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပြဋ္ဌာန်း
(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၀)

(၄) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဥပဒေပြဋ္ဌာန်း
(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၁)

(၅) ၁၉၉၃ ခုနှစ်၊ စည်ပင်သာယာရေးအဖွဲ့များ ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေပြဋ္ဌာန်း
(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၂)

(၆) အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပြဋ္ဌာန်း (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၃ )

(၇) အမြန်လမ်းမကြီးများ ဥပဒေပြဋ္ဌာန်း
(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၂၄)

(၈) ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေပြဋ္ဌာန်း
(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၅ )

(၉) မြန်မာနိုင်ငံဆေးကောင်စီဥပဒေ ပြဋ္ဌာန်း
(၂၀၁၅ ခုနှစ်၊ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၂၆ )

(၁၀) လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေး စောင့်ရှောက်မှု ဥပဒေပြဋ္ဌာန်း
(၂၀၁၅ခုနှစ်၊ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၂၈)

(၁၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကိုပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း
(၂၀၁၅ခုနှစ်၊ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၄၀)

(၁၂) ရှေးဟောင်းဝတ္ထုပစ္စည်းများကာကွယ်ထိန်းသိမ်းရေးဥပဒေပြဋ္ဌာန်း
(၂၀၁၅ခုနှစ်၊ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၄၃)

(၁၃) နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး
ဥပဒေကိုဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း
(၂၀၁၅ခုနှစ်၊ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၄၄)

(၁၄) ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကိုပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း
(၂၀၁၅ခုနှစ်၊ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၄၇)

(၁၅) ရှေးဟောင်းအဆောက်အအုံများကာကွယ်ထိန်းသိမ်းရေးဥပဒေပြဋ္ဌာန်း
(၂၀၁၅ခုနှစ်၊ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၅၁)

(၁၆) ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေပြဋ္ဌာန်း
(၂၀၁၅ခုနှစ်၊ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၅၃)

(၁၇) ၂၀၁၂ခုနှစ်၊ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကိုပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း
(၂၀၁၅ခုနှစ်၊ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၅၆)

**(ဃ) ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ပြုပြင်ပြောင်းလဲမှု**

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနကို ဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်ပါသည်။ နိုင်ငံ့စီးပွားရေး၏ အဓိက အသက်သွေးကြောဖြစ်သော အသေးစားနှင့် အလတ်စားလုပ်ငန်းများအား ထိရောက်စွာ ကူညီထောက်ပံ့အားပေးနိုင်ရေး၊ အောင်မြင်သော အသေးစား၊ အလတ်စား လုပ်ငန်းများ ဖြစ်ပေါ်လာရေး၊ အသေးစားအလတ်စား လုပ်ငန်းများမှ အကြီးစား လုပ်ငန်းများသို့ ကူးပြောင်းချဲ့ထွင်လာနိုင်စေရန် ထောက်ပံ့ကူညီပေးနိုင်ရေးတို့အတွက် ယင်းဗဟိုဌာနမှ အထောက်အကူပေးလျက် ရှိပါသည်။ ထို့အပြင် ပုဂ္ဂလိကစီးပွားရေး လုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား အဆင်ပြေ ချောမွေ့စေနိုင်ရန်အတွက် ရန်ကုန်မြို့တွင် သက်ဆိုင်ရာဌာနများပါဝင်သော "One Stop Service for Investment" အဖွဲ့ကို ဧပြီလ ၁၀ ရက်နေ့က ဖွင့်လှစ်ပေးနိုင်ခဲ့ပါသည်။ မြန်မာနိုင်ငံ၏ ကုန်ထုတ်လုပ်မှု စွမ်းအားမြှင့်တင်ရန်၊ နိုင်ငံသားများအတွက် ပြည်တွင်းမှ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန်၊ ပြည်တွင်းမှ အသေးစားအလတ်စားစက်မှု လုပ်ငန်းများအတွက် အထောက်အကူပြု စက်မှုလုပ်ငန်းများ ဈေးကွက်ဖန်တီးပေးနိုင်ရန် ရည်ရွယ်၍ သီလဝါ၊ ထားဝယ်၊ ကျောက်ဖြူ အထူးစီးပွားရေးဇုန် (၃) ခုကို အကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

**ထားဝယ်အထူးစီးပွားရေးဇုန် ကနဦးစီမံကိန်း လုပ်ငန်းများ၏** Concession Agreement **များအပေါ် လုပ်ငန်းဆောင်ရွက်မည့်သူ** (Concessionaire) **နှင့်** Roland Berger **တို့မှ အပြီးသတ်ပြုစု အတည်ပြုပြီးဖြစ်ပါသည်။** ဂျပန်နိုင်ငံတွင် ကျင်းပခဲ့သော (၇) ကြိမ်မြောက် မဲခေါင်- ဂျပန် ထိပ်သီး အစည်းအဝေးနှင့် ဆက်စပ်လျက် ထားဝယ် အထူးစီးပွားရေးဇုန်အား မြန်မာ- ထိုင်း- ဂျပန် ပူးပေါင်း အကောင်အထည်ဖော်ရေး MOI အား လက်မှတ်ရေးထိုးခဲ့ပါသည်။ ထားဝယ်အထူး စီးပွားရေးဇုန်နှင့် ဆက်စပ် စီမံကိန်းများ အကောင်အထည်ဖော်ရေး မြန်မာ - ထိုင်း ပူးတွဲ အဆင့်မြင့်ကော်မတီ စတုတ္ထ အကြိမ် အစည်းအဝေးတွင် ကနဦးစီမံကိန်း လုပ်ငန်းများ လုပ်ကိုင်ခွင့် သဘောတူညီချက် များ လက်မှတ်ရေးထိုး နိုင်ခဲ့ပါသည်။ ထားဝယ် အထူးစီးပွားရေးဇုန် ဆောက်လုပ်ရေး လုပ်ငန်း၌ ပယင်းဖြူဆည်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးလုပ်ငန်း၌ ဆိပ်ကမ်းငယ်နှင့် အထူး စီးပွားရေးဇုန်မှ မြန်မာ-ထိုင်းနယ်စပ် ဖူနာရွန်အထိ မြေသားလမ်း ဖောက်လုပ်ခြင်း လုပ်ငန်းများမှာ ၁၀၀ ရာခိုင်နှုန်း ပြီးစီးပြီ ဖြစ်ပါသည်။

သီလဝါအထူးစီးပွားရေးဇုန်တွင် စီးပွားရေးလုပ်ငန်းများ စတင်လုပ်ကိုင်နိုင်ရန် အတွက် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီမှ ခွင့်ပြုမိန့် ထုတ်ပေးနိုင်ရန် မြန်မာအထူး စီးပွားရေးဇုန် ဥပဒေပုဒ်မ ၉၅ ပုဒ်မခွဲ (က) နှင့်အညီ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာအမှတ် ၈၁/၂၀၁၄ ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်နေ့တွင် သီလဝါ အထူးစီးပွားရေးဇုန်သို့ လာရောက်ရင်းနှီးမြှုပ်နှံမည့် လုပ်ငန်းခွင့် ပြုမိန့် ပေးအပ်ပွဲအခမ်းအနား ကျင်းပခဲ့ပါသည်။ လက်ရှိတွင် နိုင်ငံပေါင်း ၁၃ နိုင်ငံမှ ကုမ္ပဏီပေါင်း (၄၇) ခု မှ ရင်းနှီးမြှုပ်နှံပြီး ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ အထိ ကုမ္ပဏီ (၃၈) ခုအား ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမိန့်များ ထုတ်ပေးခဲ့ပြီးဖြစ်ပါသည်။ **အထူးစီးပွားရေးဇုန် အနေဖြင့် နိုင်ငံတကာနှင့်အညီ** One Stop Service Centre **တွင်** Front Office **နှင့်** Back Office **ထားရှိရန် ဆောင်ရွက်လျက်ရှိရာ (၁၅-၇-၂၀၁၅) နေ့မှ စတင်၍** Front Office **၏ လုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ပါသည်။**

ကျောက်ဖြူ အထူးစီးပွားရေးဇုန် အနေဖြင့် ရေနက်ဆိပ်ကမ်းအား အခြေပြုကာ ကုန်ထုတ်လုပ်မှု လုပ်ငန်းများ၊ အဆင့်ဆင့် ကုန်ချောထုတ်လုပ်သည့် လုပ်ငန်းများ၊ သိုလှောင်သယ်ပို့ခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် အညီ တင်ဒါရွေးချယ်ခေါ်ယူရေး ဆောင်ရွက်ခဲ့ပါသည်။ **ကျွမ်းကျင်မှု လေ့ကျင့်ရေး သင်တန်းကျောင်းများ ဖွင့်လှစ်လေ့ကျင့်ပေးခြင်း၊** ရေနက်ဆိပ်ကမ်းနှင့် စက်မှုဇုန်ဆိုင်ရာ

Key Points များကို အတည်ပြုနိုင်ရေး၊ Preferred Bidder **နှင့် တွေ့ဆုံဆွေးနွေးခြင်း နှင့်** အဆိုပြုလွှာများအား တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေး ကော်မတီမှ စိစစ်ရွေးချယ်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် နှစ်ကုန်အထိ ပုဂ္ဂလိကဘဏ် ၂၃ ခုမှ ဘဏ်ခွဲပေါင်း ၁,၈၄၁ ခု ဖွင့်လှစ်ခဲ့ရာ ပထမ (၆) လပတ်အတွင်း ဘဏ်ခွဲအသစ် ၁၈၁ ခုဖွင့်လှစ်ခဲ့ပြီး ဘဏ်ဝန်ဆောင်မှု လုပ်ငန်းများဆောင်ရွက်ခဲ့ပါသည်။ နိုင်ငံခြားဘဏ်ခွဲများ၊ နိုင်ငံခြားဘဏ်ကိုယ်စားလှယ်ရုံးခွဲများနှင့် နိုင်ငံခြား ငွေရေးကြေးရေးကုမ္ပဏီ ကိုယ်စားလှယ် ရုံးခွဲများ ဖွင့်လှစ်ခွင့်ပြုခြင်း၊ နယ်စပ်ကုန်သွယ်ရေး စခန်းများတွင် ငွေလွှဲကောင်တာများ ဖွင့်လှစ်ဆောင်ရွက်ခြင်း၊ ပုဂ္ဂလိက အာမခံကုမ္ပဏီ ၁၂ ခုအား အသက်အာမခံ၊ အထူးခရီးသွားအာမခံ၊ မီးအာမခံ၊ အလုံးစုံ မော်တော်ယာဉ်အာမခံ၊ ငွေပို့ငွေသယ်အာမခံ၊ ငွေသားလုံခြုံမှုအာမခံ၊ သမာဓိအာမခံ လုပ်ငန်းများ လုပ်ကိုင်ခွင့်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

### ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆)လပတ်အတွင်း အဓိကဆောင်ရွက်ခဲ့မှုများ

**ဧပြီလ**

- တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် မူကြမ်း (Final Draft) ကို နှစ်ဖက်သဘောတူ ညှိနှိုင်းရေးဆွဲပြီးစီးကြောင်း အတည်ပြုချက်နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင် နှင့် ပြည်သူ့လွှတ်တော်တို့မှ ထောက်ခံကြောင်း သတင်းထုတ်ပြန်ချက် အမှတ် (၄/၂၀၁၅) ဖြင့် ၂-၄-၂၀၁၅ နေ့တွင် ထုတ်ပြန်ခြင်း၊

**မေလ**

- နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး အတွက် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များကို နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု များချီးမြှင့်ခြင်း၊
- အပြည်ပြည်ဆိုင်ရာ သဘာဝအခြေခံခရီးသွားလုပ်ငန်း ကွန်ဖရင့်ကို ၁၉-၅-၂၀၁၅ ရက်နေ့ တွင် မြန်မာနိုင်ငံ၌ ကျင်းပခြင်း၊
- နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး အတွက် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များကို နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု များချီးမြှင့်ခြင်း၊
- အပြည်ပြည်ဆိုင်ရာ သဘာဝအခြေခံခရီးသွားလုပ်ငန်း ကွန်ဖရင့်ကို ၁၉-၅-၂၀၁၅ ရက်နေ့ တွင် မြန်မာနိုင်ငံ၌ ကျင်းပခြင်း၊

- ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ပင်မအစီရင်ခံစာ ထုတ်ပြန်ချက်ကို ၂၉-၅-၂၀၁၅ ရက်နေ့တွင် ထုတ်ပြန်ခြင်း၊
- အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ထုတ်ပေးရန် သတ်မှတ်ထားသောစံနှုန်းများကို ပြောင်းလဲသတ်မှတ်ခြင်း၊

**ဇွန်လ**

- ပညာရေးကဏ္ဍတွင် ကျောင်းနေအရွယ်ကလေးတိုင်း ပညာသင်ကြား နိုင်ရေးအတွက် အထက်တန်းအဆင့်အထိ အခမဲ့ပညာရေး ဆောင်ရွက် ပေးနိုင်ခြင်း၊
- မြန်မာနိုင်ငံ၏ အင်းလေးကန်ဒေသကို ပထမဆုံး ဇီဝအဝန်းနယ်မြေ (Biosphere Reserve)အဖြစ် ဇွန်လ ၉ ရက်နေ့တွင် အတည်ပြုသတ်မှတ်ခြင်း၊
- အနည်းဆုံးအခကြေးငွေ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ အဆိုပြု အနည်းဆုံး အခကြေးငွေကို ကြေညာချက် အမှတ် (၁/၂၀၁၅)ဖြင့် ၂၉-၆-၂၀၁၅ ရက်စွဲဖြင့် ထုတ်ပြန် ကြေညာခြင်း၊

**ဇူလိုင်လ**

- မြန်မာတို့၏ဂုဏ်ယူဖွယ် ယဉ်ကျေးမှုအမွေအနှစ်များကို ခမ်းနားစွာ ခင်းကျင်းပြသထားသည့် ရှေးဟောင်းသုတေသန ပြတိုက်ကြီးဖြစ်သည့် နေပြည်တော် အမျိုးသားပြတိုက်ကို ပထမအဆင့် ဖွင့်လှစ်ခြင်း၊
- (၈) ကြိမ်မြောက် မြန်မာ-ထိုင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာပူးတွဲ ကော်မရှင်အစည်းအဝေးမှ ဗီဇာကင်းလွတ်ခွင့် သဘောတူညီချက်အရ သာမန်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူ မြန်မာနိုင်ငံသားများနှင့် ထိုင်းနိုင်ငံသားများသည် နိုင်ငံတကာ လေဆိပ်များတစ်ဆင့် ပြည်ဝင်ဗီဇာမလိုဘဲ ၁၄ ရက်ကြာ သွားလာနေထိုင်ခွင့်ရှိခြင်း၊

**ဩဂုတ်လ**

- အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီသည် အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၅ ဖြင့် ၂၈-၈-၂၀၁၅ ရက်နေ့ တွင် အနည်းဆုံး အခကြေးငွေကို ထုတ်ပြန် ကြေညာခြင်း၊
- မြန်မာအထူးစီးပွားရေးဇုန် နည်းဥပဒေကို **၂၀၁၅ ခုနှစ် ဩဂုတ်လ ၂၇ ရက်နေ့တွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အမိန့်ကြော်ငြာစာ အမှတ်(၁/၂၀၁၅) ဖြင့် ထုတ်ပြန်ခြင်း၊**
- ပြည်ထောင်စုလွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင်လျှပ်စစ်မီး လင်းရေး(ကျေးလက်ဒေသမီးလင်းရေး၊ မဟာဓာတ်အားလိုင်းတိုးချဲ့ရေးနှင့် ၂၀၃၀ ခုနှစ်

| | |
|---|---|
| | တွင် တစ်နိုင်ငံလုံး ၉၉ ရာခိုင်နှုန်း မီးလင်းရေး) အတွက် ချေးငွေ (အတိုးမဲ့နှစ်ရှည်ကြေးမြီ) အမေရိကန်ဒေါ်လာသန်း ၄၀၀ ကို ကမ္ဘာ့ဘဏ်မှ ချေးယူရန် လွှတ်တော်မှ အတည်ပြုခြင်း၊ <br>• တတိယအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေး ဖိုရမ် (3rd Myanmar Development Cooperation Forum- 3rd MDCF) ၏ နှစ်ဝက်လေ့လာသုံးသပ်မှု အစည်းအဝေးကျင်းပခြင်း၊ <br>• မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံနိုင်မည့် ဈေးကွက်ဆိုင်ရာ အခွင့်အလမ်း များအား နိုင်ငံခြားရင်းနှီး မြှုပ်နှံသူများ သိရှိလာစေရန် ရည်ရွယ်လျက် တစ်ကမ္ဘာလုံးဆိုင်ရာ မြန်မာရင်းနှီးမြှုပ်နှံမှုဖိုရမ်ကို ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၁၅ ရက်မှ ၁၆ ရက်ထိ ကျင်းပခြင်း၊ |
| **စက်တင်ဘာလ** | • ၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၃ ရက်နေ့တွင် သီလဝါအထူးစီးပွားရေးဇုန် ပထမအပိုင်း (က) ဖွင့်ပွဲအခမ်းအနား ကျင်းပခြင်း၊ |

# အခန်း(၂)


# မေခရိစီးပွားရေးအခြေအနေ

## ကမ္ဘာ့စီးပွားရေးအခြေအနေ

အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) မှ ထုတ်ဝေသော World Economic Outlook (ဇူလိုင်လ၊၂၀၁၅)အရ ကမ္ဘာ့စီးပွားရေးအခြေအနေသည် ၂၀၁၅ ခုနှစ်တွင် ၃.၃ ရာခိုင်နှုန်း တိုးတက်မည်ဟုခန့်မှန်းခဲ့ပြီး စက်မှုထွန်းသစ်စနိုင်ငံများ၏ စီးပွားရေးလုပ်ငန်းများ အပေါ် မှန်ကန်စွာ ထိန်းကျောင်းနိုင်ခြင်း၊ ဥရောပဇုန်၏ ငွေကြေးစီမံခန့်ခွဲမှုစနစ် ကောင်းမွန်ခြင်း၊ ကမ္ဘာရေနံဈေးနှုန်းကျဆင်းမှုတို့ကြောင့် ၂၀၁၆ ခုနှစ်တွင် ၃.၈ ရာခိုင်နှုန်းတိုးတက်မည်ဟု ခန့်မှန်းထားပါသည်။

အမေရိကန်ပြည်ထောင်စုတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာခြင်း၊ စားသုံးမှုမြင့်တက်လာခြင်းတို့ကြောင့် ဖွံ့ဖြိုးပြီးနိုင်ငံများ၏တိုးတက်မှုနှုန်းသည် ၂၀၁၄ခုနှစ်တွင် ၁.၈ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင်၂.၁ ရာခိုင်နှုန်း၊ ၂၀၁၆ ခုနှစ်တွင် ၂.၄ ရာခိုင်နှုန်း တိုးတက်မည်ဟု ခန့်မှန်းထားပါသည်။

ပုံ(၂-၁) ကမ္ဘာ့နိုင်ငံအချို့၏ ဂျီဒီပီတိုးတက်မှု (ရာခိုင်နှုန်း)




Source; IMF.World Economic Outlook ,July,2015


အမေရိကန်ပြည်ထောင်စု၏စီးပွားရေးအခြေအနေသည် ၂၀၁၄ ခုနှစ်တွင် အားနည်းမှု ရှိခဲ့သော်လည်းရင်းနှီးမြှုပ်နှံမှုများတိုးတက်လာခြင်း၊အိမ်ထောင်စုများ၏စားသုံးမှု မြင့်တက်လာခြင်း

နှင့် အလုပ်အကိုင်ရရှိမှုတိုးတက်လာခြင်းတို့ကြောင့် ၂၀၁၅ခုနှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်းကို ၃.၀ ရာခိုင်နှုန်း တိုးတက်မည်ဟု IMF ကခန့်မှန်းထားပါသည်။

ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများတွင် ဘဏ္ဍာရေးဆိုင်ရာမူဝါဒများအား လိုက်လျောညီထွေ ထိန်းကျောင်းနိုင်မှု၊ လုပ်သား ဈေးကွက်တည်ငြိမ်မှုနှင့် ကမ္ဘာ့ရေနံဈေးနှုန်း ကျဆင်းခဲ့မှုတို့ကြောင့် ၂၀၁၄ ခုနှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်း ၀.၈ ရာခိုင်နှုန်း တိုးတက်ခဲ့ရာမှ ၂၀၁၅ ခုနှစ်တွင် ၁.၅ ရာခိုင်နှုန်း၊ ၂၀၁၆ခုနှစ်တွင် ၁.၇ ရာခိုင်နှုန်းတိုးတက်မည်ဟု ခန့်မှန်းပါသည်။

ဂျပန်နိုင်ငံတွင် ပြည်တွင်းစားသုံးမှုတိုးတက်နေခြင်း၊ လုပ်သားဈေးကွက် တည်ငြိမ်နေခြင်း၊ ဖွံ့ဖြိုးပြီးနိုင်ငံများသို့ အရေးကြီးစက်မှုထုတ်ကုန်များတင်ပို့မှုမှ အကျိုးအမြတ် ရရှိခဲ့ခြင်းတို့ကြောင့် ၂၀၁၅ခုနှစ်တွင် ၀.၈ ရာခိုင်နှုန်းတိုးတက်မည်ဖြစ်ကြောင်း IMF က ဖော်ပြထားပါသည်။

**ပုံ(၂-၂) လက်တင်အမေရိကနိုင်ငံများ၏ ဂျီဒီပီတိုးတက်မှု (ရာခိုင်နှုန်း)**




Source; IMF.World Economic Outlook ,July,2015

စီးပွားရေးထွန်းသစ်စနိုင်ငံများနှင့် လက်တင်အမေရိကန်နိုင်ငံများသည် ကုန်ပစ္စည်းဈေးနှုန်းကျဆင်းမှု၊ တင်းကျပ်သောပြည်ပဘဏ္ဍာရေးအခြေအနေနှင့် ကမ္ဘာ့ရေနံဈေးနှုန်းကျဆင်းမှုတို့ကြောင့် စီးပွားရေးတိုးတက်မှုနှုန်း အနေဖြင့် ၂၀၁၄ ခုနှစ်တွင် ၁.၃ ရာခိုင်နှုန်းမှ ၂၀၁၅ ခုနှစ်တွင် ၀.၅ ရာခိုင်နှုန်း၊ ၂၀၁၆ ခုနှစ်တွင် ၁.၇ ရာခိုင်နှုန်းသာ ရှိမည်ဟု ခန့်မှန်းပါသည်။

**ပုံ(၂-၃) ထွန်းသစ်စနိုင်ငံများ၏ ဂျီဒီပီတိုးတက်မှု (ရာခိုင်နှုန်း)**




Source; IMF.World Economic Outlook ,July,2015

တရုတ်နိုင်ငံအနေဖြင့် ပထဝီနိုင်ငံရေးနှင့်ဆက်စပ်နေသော စီးပွားရေးပြဿနာများ ဖြစ်ပေါ်နေခြင်း၊ အခြေခံအဆောက်အဦများလျော့ကျလာခြင်းနှင့် ငွေကြေးပြန်လည် ထိန်းညှိခဲ့ခြင်းတို့ကြောင့် ၂၀၁၄ ခုနှစ် စီးပွားရေးတိုးတက်မှုနှုန်းသည် ၇.၄ ရာခိုင်နှုန်း ရှိခဲ့သော်လည်း ၂၀၁၅ ခုနှစ်တွင် ၆.၈ ရာခိုင်နှုန်းခန့်သာ ရှိမည်ဖြစ်ကြောင်း ခန့်မှန်း ပါသည်။

အိန္ဒိယနိုင်ငံ၏ စီးပွားရေးတိုးတက်မှုမှာ ကမ္ဘာ့လောင်စာဆီဈေးနှုန်း ကျဆင်းမှုကြောင့် ပြည်ပဝယ်လိုအားကျဆင်းမှုကို ကာမိစေပြီး အစိုးရသစ်၏ မူဝါဒ ပြောင်းလဲမှုများကြောင့် စက်မှုလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးတက်လာခဲ့သဖြင့် ၂၀၁၄ ခုနှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်း ၇.၃ ရာခိုင်နှုန်း ရှိခဲ့ရာမှ ၂၀၁၅ ခုနှစ်တွင် ၇.၅ရာခိုင်နှုန်းသို့ တိုးတက်မည်ဟု IMF မှ ခန့်မှန်းပါသည်။

**အာဆီယံနိုင်ငံအချို့၏စီးပွားရေးအခြေအနေ**


အာဆီယံဒေသသည် ကမ္ဘာ့စီးပွားရေး၏ အဓိကမောင်းနှင်အားတစ်ခု ဖြစ်လာစေရန် ဆောင်ရွက်လျက်ရှိရာ ၂၀၁၅ ခုနှစ်အတွက် ကမ္ဘာ့စီးပွားရေးတိုးတက်မှုနှုန်း ၃.၃ ရာခိုင်နှုန်း တိုးတက်ရန် မျှော်မှန်းထားချိန်တွင် အာဆီယံ၏ ပျမ်းမျှစီးပွားရေးတိုးတက်မှုနှုန်းကို ၂၀၁၄ ခုနှစ်တွင် ၄.၆ ရာခိုင်နှုန်း မှ ၂၀၁၅ ခုနှစ်တွင် ၄.၇ရာခိုင်နှုန်း ရရှိမည်ဟု ခန့်မှန်းထားပါသည်။ အစိုးရများ၏ ကြွေးမြီလျော့နည်းမှု၊ စီးပွားရေးအခြေခံအုတ်မြစ်များ ခိုင်မာစွာ ဆောင်ရွက်

ထားနိုင်မှုတို့ကြောင့် အာဆီယံနိုင်ငံများ၏ စီးပွားရေးမှာ ကောင်းမွန်သော အနေအထားတွင် ရှိပါသည်။

အင်ဒိုနီးရှားနိုင်ငံသည် ကမ္ဘာနှင့် အာဆီယံနိုင်ငံများ စီးပွားရေးတိုးတက်မှုအတွက် အရေးပါသော နိုင်ငံအဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်ပြီး Core ASEAN Regional Outlook (IMF,OECD) အရ ၂၀၁၄ ဘဏ္ဍာနှစ်တွင် တိုးတက်မှုနှုန်း ၅.၀ ရာခိုင်နှုန်း ရှိခဲ့ပါသည်။ ပြည်ပပို့ကုန်အခြေခံစက်မှုလုပ်ငန်းဆိုင်ရာ စည်းမျဉ်း စည်းကမ်းများအပါအဝင် မူဝါဒများကို ပြုပြင်ပြောင်းလဲခဲ့ခြင်းနှင့် ဘဏ်လုပ်ငန်းများ တိုးတက်လာခြင်းတို့ကြောင့် စီးပွားရေးတိုးတက်မှုသည် ၂၀၁၅ ဘဏ္ဍာနှစ် ပထမသုံးလပတ်တွင် ၄.၇ ရာခိုင်နှုန်းနှင့် ဒုတိယ သုံးလပတ်တွင်၄.၆ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး နှစ်ကုန်တွင် ၄.၉ ရာခိုင်နှုန်း တိုးတက်မည်ဟု ခန့်မှန်းပါသည်။

ထိုင်းနိုင်ငံသည် အာဆီယံနိုင်ငံများအနက် ဒုတိယစီးပွားရေး အခိုင်မာဆုံးသော နိုင်ငံ ဖြစ်ပါသည်။ ကာလရှည်နိုင်ငံရေးဖိအားများကြောင့် ထိုင်းနိုင်ငံ၏ စီးပွားရေးတိုးတက်မှုသည် ယခင်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်ပါက မျှော်မှန်းထားသည်ထက် လျော့နည်းခဲ့ပါသည်။ သို့သော် နိုင်ငံရေးတည်ငြိမ်လာမှုကြောင့် ၂၀၁၅ ခုနှစ်၊ ပထမသုံးလပတ် စီးပွားရေးတိုးတက်မှု နှုန်းသည် ၃.၀ ရာခိုင်နှုန်းနှင့် ဒုတိယသုံးလပတ်တွင် ၂.၈ ရာခိုင်နှုန်းသို့ တိုးတက်ခဲ့ပြီး ၂၀၁၅ နှစ်တွင် နှစ်စဉ် တိုးတက်မှု နှုန်း ၂.၇ ရာခိုင်နှုန်း တိုးတက်မည်ဟု ခန့်မှန်းပါသည်။

**ပုံ(၂-၄) အာဆီယံနိုင်ငံများ၏ ပထမသုံးလပတ်နှင့် ဒုတိယသုံးလပတ် တိုးတက်မှုနှုန်း**




Source;The World Bank ,Trading Economics,Sept, 2015

ဗီယက်နမ်နိုင်ငံသည် ကမ္ဘာ့ဆန်တင်ပို့သည့် ဦးဆောင်နိုင်ငံဖြစ်လာစေရန် ကြိုးပမ်းလျက်ရှိပြီး တည်ငြိမ်မှုရှိနေသော ပို့ကုန်ပစ္စည်းများအား အဓိကလုပ်ဆောင်သည့် လုပ်ငန်းများတွင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လျက်ရှိပါသည်။ ဗီယက်နမ်နိုင်ငံ၏ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ပမာဏသည် အခြားအရှေ့တောင်အာရှနိုင်ငံများနှင့် နှိုင်းစာလျှင် ပမာဏ အများဆုံးဖြစ်ပြီး ဂျီဒီပီ၏ ၆ ရာခိုင်နှုန်း ရှိကြောင်း ကမ္ဘာ့ဘဏ်က ဖော်ပြထားပါသည်။ ဗီယက်နမ်နိုင်ငံသို့ လာရောက် ရင်းနှီး မြှုပ်နှံသူအများစုမှာ အရှေ့အာရှနိုင်ငံများမှ ဖြစ်ပါသည်။ အစိုးရပိုင်ဘဏ်လုပ်ငန်းနှင့် သမဝါယမကဏ္ဍတို့တွင် အကြွေးတင်ရှိနေသောကြောင့် ဗီယက်နမ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှု နှုန်း လျော့ကျဖွယ် ရှိနေသော်လည်း ပို့ကုန်အဓိက စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးလာမှုသည် ပြည်တွင်း ဝယ်လိုအားနည်းပါးမှုကို တစ်စိတ် တစ်ဒေသအားဖြင့် ကာမိစေ ပါသည်။ ဗီယက်နမ် နိုင်ငံ၏ စီးပွားရေးတိုးတက်မှု နှုန်းသည် ၂၀၁၅ခုနှစ် ပထမသုံးလပတ်တွင် ၆.၁ ရာခိုင်နှုန်းနှင့် ဒုတိယသုံးလပတ်တွင် ၆.၄ ရာခိုင်နှုန်းရှိခဲ့ပြီး နှစ်ကုန်တွင် ၆.၂ ရာခိုင်နှုန်း တိုးတက်မည်ဟု ခန့်မှန်းပါသည်။


မလေးရှားနိုင်ငံ၏ စီးပွားရေးအခြေအနေသည် ခိုင်မာသော အကောင်အထည်ဖော်နိုင်မှုနှင့်အတူ ၂၀၁၆ ခုနှစ်တိုင် ဆက်လက်တိုးတက်နေမည်ဟု ခန့်မှန်းပါသည်။ ပြည်တွင်း ဝယ်လိုအားအခြေခံ ချဲ့ထွင်လာနိုင်မှုကြောင့် ၂၀၁၅ ခုနှစ် ပထမသုံးလပတ် စီးပွားရေးတိုးတက်မှု နှုန်းသည် ၅.၆ ရာခိုင်နှုန်းနှင့် ဒုတိယသုံးလပတ်တွင် ၄.၉ရာခိုင်နှုန်းသို့ တိုးတက်ခဲ့ပါသည်။ အိမ်ထောင်စုဝင်ငွေများတိုးတက်လာမှု၊ အထောက်အကူပေးနိုင်သောလုပ်သားဈေးကွက်များရှိမှု၊ လောင်စာဆီဈေးနှုန်း ကျဆင်းမှုတို့က ပြည်တွင်းသုံးစွဲမှုကို မြင့်တက်စေခဲ့ပါသည်။ နိုင်ငံတကာ ကုန်ပစ္စည်းဈေးနှုန်းများ ကျဆင်းနေသည့်အတွက် ပြည်ပပို့ကုန်တင်ပို့မှု လျော့နည်းလာမှုတို့ကြောင့် စီးပွားရေးတိုးတက်မှုနှုန်းသည် ၂၀၁၅ နှစ်တွင် ပျမ်းမျှ ၄.၉ ရာခိုင်နှုန်းခန့်သာ တိုးတက်မည်ဟု ခန့်မှန်းထားပါသည်။

ကုန်သွယ်မှုဦးစားပေးဆောင်ရွက်နေသော စင်ကာပူနိုင်ငံသည် ၂၀၁၄ ခုနှစ် နှစ်ဝက်တွင် ဥရောပသမဂ္ဂ၊ ဂျပန်၊ တရုတ်နိုင်ငံတို့မှ ဝယ်လိုအားကျဆင်းလာမှုကြောင့် စီးပွားရေးတိုးတက်မှု အခြေအနေသည် ၂၀၁၅ ခုနှစ်ပထမသုံးလပတ်တွင် စီးပွားရေးတိုးတက်မှုနှုန်း ၂.၈ ရာခိုင်နှုန်း ရှိခဲ့ရာမှဒုတိယသုံးလပတ်တွင် ၁.၈ရာခိုင်နှုန်းသာတိုးတက်ခဲ့ပါသည် အမေရိကန်ပြည်ထောင်စု၏ ဝယ်လိုအားမြင့်တက်လာမှု၊ ကမ္ဘာ့နည်းပညာ စက်မှုလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးလာမှု၊ အိမ်ထောင်စုများ၏ ကျန်းမာရေးဆိုင်ရာ စရိတ်သုံးစွဲမှုများကြောင့် ၂၀၁၅နှစ်ကုန်တွင် စင်ကာပူနိုင်ငံ၏ ဂျီဒီပီတိုးတက်မှုသည် ၁. ၈ ရာခိုင်နှုန်း တိုးတက်လာမည်ဟု ခန့်မှန်းပါသည်။

ဖိလစ်ပိုင်နိုင်ငံ၏စီးပွားရေးသည် ၂၀၁၅ ခုနှစ်၊ ပထမသုံးလပတ်တွင် စီးပွားရေး တိုးတက်မှုသည် ၅.၀ ရာခိုင်နှုန်းရှိရာမှ ဒုတိယသုံးလပတ်တွင် ၅.၆ ရာခိုင်နှုန်းသို့ တိုးတက်လာပါသည်။ ပြည်တွင်းအိမ်ထောင်စုများ၏ စားသုံးမှုမြင့်တက်လာမှု၊ နိုင်ငံခြားရောက် ဖိလစ်ပိုင်အလုပ်သမားများ၏ စွမ်းဆောင်ရည်မြင့်မားလာမှု၊ ဂျီဒီပီ၏ ၈.၆ ရာခိုင်နှုန်းမျှရှိသော နိုင်ငံခြားရောက် ဖိလစ်ပိုင်အလုပ်သမားများ၏ နိုင်ငံသို့ပြန်ပို့ငွေ တိုးတက်လာမှုတို့ကြောင့် ၂၀၁၅နှစ်ကုန်တွင် စီးပွားရေး တိုးတက်မှုနှုန်း ၆.၀ ရာခိုင်နှုန်း တိုးတက်မည်ဟု ခန့်မှန်းပါသည်။


မြန်မာနိုင်ငံစီးပွားရေးတိုးတက်မှုနှုန်း အခြေအနေကို အာရှဖွံ့ဖြိုးရေး ဘဏ်(ADB) မှ ခန့်မှန်းရာ၌ ဇူလိုင်လနှင့် ဩဂုတ်လများတွင် ဖြစ်ပွားခဲ့သောရေကြီးနစ်မြုပ်ခဲ့မှုတို့ကြောင့် စိုက်ပျိုးရေး လုပ်ငန်းများနှင့် အခြေခံအဆောက်အဦများ ပျက်စီးဆုံးရှုံးခဲ့သဖြင့် ၂၀၁၅ နှစ် တွင် ၈.၃ ရာခိုင်နှုန်းမှ ၂၀၁၆ နှစ်တွင် ၈.၂ ရာခိုင်နှုန်းသာ တိုးတက်မည်ဟု ခန့်မှန်းပါသည်။၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်ပထမ(၆)လပတ်အထိ အကောင်အထည်ဖော်နိုင်မှု စာရင်းဇယားအချက်အလက်များအရ တစ်နှစ်လုံးရည်မှန်းချက်၏ (၃၃.၆%)၊ ပထမ(၆)လပတ်၏ (၉၀.၅%) အကောင်အထည်ဖော် နိုင်ခဲ့ပြီး ယခင်နှစ်အလားတူကာလနှင့်နှိုင်းယှဉ်ပါက(၄.၅%)တိုးတက်ခဲ့ပါသည်။

**ပုံ(၂-၅) မြန်မာနိုင်ငံအပေါ် နိုင်ငံတကာအဖွဲ့အစည်းများက ခန့်မှန်းသည့် တိုးတက်မှုနှုန်း အခြေအနေ**




Source: ADB September 2015

## ပုံ(၂-၆) စုစုပေါင်း ပြည်တွင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုး(ဂျီဒီပီ) (နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေး ဦးစီးဌာန


၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ) ကို နှစ်အလိုက် ဈေးနှုန်းများအရ ပထမ(၆)လပတ်တွင် ကျပ် ၂၅,၈၄၇,၉၅၉.၂ သန်း ရရှိရန် ရည်မှန်း ထားရှိခဲ့ရာ ကျပ် ၂၄,၇၂၈,၅၄၂.၂ သန်း ရရှိခဲ့သဖြင့် ရည်မှန်းချက်အပေါ် ၉၅.၇ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပြီး ပုံမှန်ဈေးနှုန်းများအရ ၆.၈ ရာခိုင်နှုန်း တိုးတက် ခဲ့ပါသည်။

**လယ်ယာကဏ္ဍကြီး** အနေဖြင့် နှစ်အလိုက်ဈေးနှုန်းများအရ ပထမ(၆)လပတ်တွင် ကျပ် ၆,၁၀၅,၈၄၄.၂ သန်း ရရှိရန် လျာထားခဲ့ရာ ကျပ် ၅,၆၉၁,၆၅၁.၇ သန်း ရရှိခဲ့သဖြင့် လျာထား ချက်အပေါ် ၉၃.၂ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ပုံမှန်ဈေးနှုန်းများအရ ၂.၄ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

**စက်မှုကဏ္ဍကြီး** အနေဖြင့် နှစ်အလိုက်ဈေးနှုန်းများအရ ပထမ(၆)လပတ်တွင် ကျပ် ၉,၂၆၁,၇၃၀.၄ သန်း ရရှိရန် လျာထားခဲ့ရာ ကျပ် ၈,၅၇၂,၅၁၃.၅ သန်း ရရှိခဲ့သဖြင့် လျာထားချက်အပေါ် ၉၂.၆ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ပုံမှန်ဈေးနှုန်းများအရ ၈.၆ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

**ဝန်ဆောင်မှုကဏ္ဍကြီး** အနေဖြင့် နှစ်အလိုက်စျေးနှုန်းများအရ ပထမ(၆)လပတ်တွင် ကျပ် ၁၀,၄၈၀,၃၈၄.၆ သန်း ရရှိရန် လျာထားခဲ့ရာ ကျပ် ၁၀,၄၆၄,၃၇၇.၀ သန်း ရရှိခဲ့သဖြင့် လျာထားချက်အပေါ် ၉၉.၈ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ပုံမှန်စျေးနှုန်းများအရ ၈.၅ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။


**ပုံ(၂-၇) စီးပွားရေးကဏ္ဍကြီးများ၏ ပါဝင်မှုအချိုးအစား**




စီးပွားရေးကဏ္ဍကြီးများ၏ ပါဝင်မှုအချိုးအစား အနေ ဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆) လပတ် တွင် လယ်ယာကဏ္ဍကြီးတွင် ၂၃.၆ ရာခိုင်နှုန်း၊ စက်မှု ကဏ္ဍကြီးတွင် ၃၅.၈ ရာခိုင်နှုန်း၊ ဝန်ဆောင်မှု ကဏ္ဍကြီး တွင် ၄၀.၆ ရာခိုင်နှုန်း ဖြစ်ပေါ်ရန် လျာထားခဲ့ရာ ပထမ (၆) လပတ်တွင် လယ်ယာကဏ္ဍကြီးတွင် ၂၃.၀ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီးတွင် ၃၄.၇ ရာခိုင်နှုန်း၊ ဝန်ဆောင်မှု ကဏ္ဍကြီးတွင် ၄၂.၃ ရာခိုင်နှုန်း ဖြစ်ပေါ်ခဲ့ ပါသည်။ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှု အချိုး အစား မြင့်မားရခြင်းမှာ နိုင်ငံတော်မှ မိုဘိုင်းဖုန်း နှင့် အင်တာနက်စသော ဆက်သွယ်ရေး လုပ်ငန်းများ၊ ငွေရေးကြေးရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ခြင်း၊ လစာနှုန်း၊ ပင်စင်လစာနှင့် လုပ်ခများ တိုးတက် လာခြင်း၊ ခရီးသွားလုပ်ငန်းပိုမို ဖွံ့ဖြိုးတိုးတက်လာခြင်းတို့ကြောင့် ဖြစ်ပါသည်။

ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေး ဦးစီးဌာန

**ပုံ (၂-၈) နိုင်ငံခြားငွေလဲလှယ်နှုန်း**





ဇာစ်မြစ်။ ပြည်ထောင်စု မြန်မာနိုင်ငံတော် ဗဟိုဘဏ်

နိုင်ငံခြားငွေလဲလှယ်နှုန်း တည်ငြိမ်ကောင်းမွန်စေရန်အတွက် မြန်မာနိုင်ငံတော် ဗဟိုဘဏ်သည် နိုင်ငံခြားငွေများကို ဈေးပြိုင်စနစ်ဖြင့် ရောင်းခြင်း/ဝယ်ခြင်း (Foreign Currency Auction) ကို ရုံးဖွင့်ရက်တိုင်း ကြီးကြပ်ခြင်း၊ နေ့စဉ် ရည်ညွှန်း နိုင်ငံခြားငွေလဲလှယ်နှုန်း (Daily Reference Exchange Rate) ကို ထုတ်ပြန်ပေးခြင်း၊ နိုင်ငံခြားသုံးငွေ လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်များကို စိစစ်ခွင့်ပြု ထုတ်ပေးခြင်းနှင့် လိုင်စင်ရရှိသူများ လိုက်နာရမည့် စည်းကမ်း ညွှန်ကြားချက်များ ထုတ်ပြန်ပေးခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ်အတွင်း နိုင်ငံခြားဘဏ်ခွဲ (၆)ခုကို နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားခွင့် လုပ်ငန်းလိုင်စင်များ ခွင့်ပြုထုတ်ပေးခဲ့ပါသည်။ နိုင်ငံခြားငွေ လဲလှယ်နှုန်းမှာ ၂၀၁၅ ခုနှစ်၊ ဧပြီလတွင် အမေရိကန် တစ်ဒေါ်လာလျှင် မြန်မာကျပ်ငွေ ၁,၀၇၈ ကျပ် ရှိခဲ့ရာမှ စက်တင်ဘာလတွင် ၁,၂၈၆ ကျပ် ထိ မြင့်တက်ခဲ့ပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ်အတွင်း အမေရိကန် တစ်ဒေါ်လာနှင့် မြန်မာကျပ်ငွေ ပျမ်းမျှ လဲလှယ်နှုန်းမှာ ၁,၁၇၈.၈ ကျပ် ဖြစ်ပေါ်ခဲ့ပါသည်။

## ရင်းနှီးမြှုပ်နှံမှု အခြေအနေ


**ပုံ (၂-၉) လုပ်ငန်း အမျိုးအစားအလိုက် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု**




၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ် တွင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ခွင့်ပြု ခဲ့သော လုပ်ငန်းအရေအတွက် (၄၇) ခု ရှိပြီး စက်မှု လုပ်ငန်း (၂၅) ခု၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း(၁၁)ခု၊ သတ္တုတူးဖော်ရေး လုပ်ငန်း (၂)ခု၊ သယ်ယူပို့ဆောင်ရေး လုပ်ငန်း (၂) ခု၊ မွေးမြူရေးနှင့်ရေလုပ်ငန်း (၁)ခု၊ ဆောက်လုပ်ရေးလုပ်ငန်း(၁)ခု၊ စက်မှုဇုန်တည်ဆောက် မှုလုပ်ငန်း (၁) ခု၊ အိမ်ရာအဆောက်အအုံ တည်ဆောက် ရေးလုပ်ငန်း (၁)ခုနှင့် အခြား ဝန်ဆောင်မှုလုပ်ငန်း (၃)ခုတို့ ဖြစ်ပါသည်။ ၎င်းလုပ်ငန်း များတွင် ရင်းနှီး မြှုပ်နှံမှု ပမာဏ ကျပ် ၆၇၄,၉၁၂.၀ သန်းရှိပါ သည်။

ဇာစ်မြစ်။ ရင်းနှီးမြှုပ်နှံမှု နှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန


## ပုံ (၂-၁၀) လုပ်ငန်း အမျိုးအစား အလိုက် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု




၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ် တွင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ခွင့်ပြုခဲ့သော လုပ်ငန်းအရေအတွက် (၁၀၂) ခုမှာ စက်မှုလုပ်ငန်း (၇၂)ခု၊ ရေနံနှင့် သဘာဝဓါတ်ငွေ့လုပ်ငန်း(၁၁)ခု၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း(၁)ခု၊ စိုက်ပျိုးရေး လုပ်ငန်း (၁)ခု၊ သတ္တုတူးဖော်ရေး လုပ်ငန်း (၁)ခု၊ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးလုပ်ငန်း(၂) ခု လျှပ်စစ်ဓါတ်အား လုပ်ငန်း (၁)ခု၊ မွေးမြူရေးနှင့် ရေ လုပ်ငန်း(၁)ခု၊ အိမ်ရာအဆောက်အအုံ တည်ဆောက် ရေး လုပ်ငန်း (၃) ခုနှင့် အခြား ဝန်ဆောင်မှု လုပ်ငန်း (၉)ခု ဖြစ်ပါသည်။ ၎င်းလုပ်ငန်းများတွင် ရင်းနှီး မြှုပ်နှံမှု ပမာဏကျပ် ၄,၃၁၈,၂၂၄.၄ သန်း ရှိပါ သည်။

ဇာစ်မြစ်။ ရင်းနှီးမြှုပ်နှံမှု နှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန

## ပုံ (၂-၁၁) အဓိက ရင်းနှီးမြှုပ်နှံမှုပြုသည့် နိုင်ငံများ





မြန်မာနိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေ အရ ရင်းနှီးမြှုပ်နှံခဲ့သည့် နိုင်ငံများမှာ စင်ကာပူ၊ နယ်သာလန်၊ ဂျပန်၊ အိန္ဒိယ၊ ဗြိတိန်၊ ဟောင်ကောင်၊ တရုတ်၊ ထိုင်း၊ ကိုရီးယား၊ ဘရူနိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ ကာတာ၊ ဩစတြေးလျ၊ အမေရိကန်၊ ဗီယက်နမ် ၊ တောင်အာဖရိကနှင့်လူဇင်ဘတ် နိုင်ငံများဖြစ်ပါ သည်။

ဇာစ်မြစ်။ ရင်းနှီးမြှုပ်နှံမှု နှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန

# ပြည်ပကုန်သွယ်ရေးအခြေအနေ

## ပုံ(၂-၁၂) ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လ ပို့ကုန် အကောင်အထည်ဖော်နိုင်မှုအခြေအနေ





၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ပြည်ပပို့ကုန်တန်ဖိုး ကျပ် ၆,၀၀၆,၁၆၈.၃ သန်း ရရှိရန် လျာထားခဲ့ပြီး ကျပ် ၆,၅၀၅,၄၀၇.၃ သန်း ရရှိခဲ့သဖြင့် လျာထားချက်၏ ၁၀၈.၃ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပါသည်။

အများဆုံးတင်ပို့သော ကုန်စည်များမှာ ရေနံနှင့် သဘာဝဓာတ်ငွေ့၊လယ်ယာထွက်ကုန်ပစ္စည်း၊ သတ္တုနှင့် တွင်းထွက်ပစ္စည်း၊ သစ်တောထွက်ပစ္စည်း တို့ဖြစ်ပြီး အများဆုံးတင်ပို့သော ကုန်သွယ်ဘက်နိုင်ငံ များမှာ တရုတ်၊ ထိုင်း၊ အိန္ဒိယ၊ ဂျပန်နှင့် စင်ကာပူ နိုင်ငံတို့ ဖြစ်ပါ သည်။

ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့၊စီးပွား/ကူးသန်းဝန်ကြီးဌာန

## ပုံ(၂-၁၃) ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လ သွင်းကုန် အကောင်အထည်ဖော်နိုင်မှု အခြေအနေ





၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် သွင်းကုန်တန်ဖိုး ကျပ် ၈,၃၂၃,၂၀၀.၀ သန်း ရရှိရန် လျာထားခဲ့ပြီး ကျပ် ၉,၆၀၅,၉၂၇.၃ သန်း ရရှိခဲ့သဖြင့် လျာထားချက်၏ ၁၁၅.၄ ရာခိုင်နှုန်း အကောင်အထည် ဖော် နိုင်ခဲ့ပါသည်။

အများဆုံး တင်သွင်းသော ကုန်စည်များမှာ မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်းများ၊ အခြား စက်နှင့်စက်ပစ္စည်းများ၊ သံနှင့် သံမဏိ ဆောက်လုပ်ရေး ပစ္စည်း၊ တယ်လီဖုန်းနှင့် ဆက်သွယ်ရေးပစ္စည်း ကိရိယာ များ၊ မော်တော်ဆိုင်ကယ်များနှင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးနှင့် တပ်ဆင်ရေးပစ္စည်းများဖြစ်ပြီးအများဆုံး တင်သွင်းသော ကုန်သွယ်ဘက် နိုင်ငံများမှာ တရုတ်၊ စင်္ကာပူ၊ ထိုင်း၊ဂျပန်၊ မလေးရှားနိုင်ငံတို့ ဖြစ်ပါသည်။

ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့၊စီးပွား/ကူးသန်းဝန်ကြီးဌာန


## ပုံ(၂-၁၄) ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လ ကုန်သွယ်မှုပမာဏ




၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ကုန်သွယ်မှုပမာဏကို ကျပ် ၁၄,၃၂၉,၃၆၈.၃ သန်း ဖြစ်ပေါ်ရန် လျာထားခဲ့ပြီး ကျပ် ၁၆,၁၁၁,၃၃၄.၆ သန်း ရရှိခဲ့သဖြင့် လျာထားချက်၏ ၁၁၂.၄ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့၊စီးပွား/ကူးသန်းဝန်ကြီးဌာန


## ပုံ(၂-၁၅) ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လ ကုန်သွယ်မှုပိုငွေ/လိုငွေ




၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ပို့ကုန်တန်ဖိုး ကျပ် ၆,၅၀၅,၄၀၇.၃ သန်း ဖြစ်ပြီး သွင်းကုန်တန်ဖိုး ကျပ် ၉,၆၀၅,၉၂၇.၃ သန်း ရှိသော ကြောင့် ကုန်သွယ်မှုလိုငွေ ကျပ် ၃,၁၀၀,၅၂၀.၀ သန်း ဖြစ်ပါသည်။

ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့၊စီးပွား/ကူးသန်းဝန်ကြီးဌာန


## ပုံ(၂-၁၆) ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လ ကုန်ပစ္စည်းအုပ်စုအလိုက်ပို့ကုန်အခြေအနေ




၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ ကျပ် ၂,၈၄၅,၅၁၂.၃ သန်း၊ လယ်ယာထွက်ကုန်ပစ္စည်းများ ကျပ် ၁,၆၈၆,၉၀၁.၈ သန်း၊ သတ္တုနှင့် တွင်းထွက်ပစ္စည်းများ ကျပ် ၈၈၁,၆၆၀.၂ သန်း၊ စက်မှုကုန်ချောပစ္စည်းများ ကျပ် ၅၇၈,၉၇၄.၄ သန်း၊ ရေထွက်ပစ္စည်းများကျပ် ၂၂၆,၁၁၇.၇ သန်း၊ သစ်တောထွက် ပစ္စည်းများ ကျပ် ၁၀၂,၃၅၃.၀ သန်း၊ တိရစ္ဆာန်ထွက် ပစ္စည်း များ ကျပ် ၃,၆၆၅.၆ သန်းနှင့် အခြားပစ္စည်းများ ကျပ် ၁၈၀,၂၂၂.၃ သန်း စုစုပေါင်း ကျပ် ၆,၅၀၅,၄၀၇.၃ သန်း ပြည်ပသို့ တင်ပို့နိုင်ခဲ့ပါသည်။

ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့၊စီးပွား/ကူးသန်းဝန်ကြီးဌာန

## ပုံ(၂-၁၇) ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လ ကုန်ပစ္စည်းအုပ်စု အလိုက်သွင်းကုန် အခြေအနေ





၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ရင်နှီးကုန်ပစ္စည်းများကို ကျပ် ၃,၃၅၉,၃၉၀.၄ သန်း လျာထားခဲ့ရာ ကျပ် ၄,၉၃၉,၉၆၅.၈ သန်း ဖြစ်သဖြင့် ၁၄၇.၀ ရာခိုင်နှုန်း၊ လုပ်ငန်းတွင်းသုံး ကုန်ကြမ်းနှင့် အရန်ပစ္စည်းများကို ကျပ် ၂,၆၀၆,၃၈၅.၆ သန်း လျာထားခဲ့ရာ ကျပ် ၂,၉၉၇,၅၆၀.၇ သန်း ဖြစ်သဖြင့် ၁၁၅.၀ ရာခိုင်နှုန်း၊ လူသုံးကုန်ပစ္စည်းများကို ကျပ် ၂,၃၅၇,၄၂၄.၀ သန်း လျာထားခဲ့ရာ ကျပ် ၁,၆၆၈,၃၉၉.၈ သန်းဖြစ်သဖြင့် ၇၀.၈ ရာခိုင်နှုန်း၊ စုစုပေါင်း ကျပ် ၉,၆၀၅,၉၂၇.၃ သန်း ဖြစ်သဖြင့် လျာထားချက်၏ ၁၁၅.၄ ရာခိုင်နှုန်း တင်သွင်းခဲ့ပါသည်။

နိုင်ငံတော်၏ စီးပွားရေး ပြုပြင်ပြောင်းလဲမှုတွင် အခြေခံကျသောရင်းနှီးကုန်ပစ္စည်းများ၊ တည်ဆောက် ရေးအတွက် လိုအပ်သော လုပ်ငန်းတွင်းသုံး ကုန်ကြမ်း နှင့်အရန်ပစ္စည်းများကို ပိုမိုတင်သွင်းခဲ့ ပါသည်။

ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့၊စီးပွား/ကူးသန်းဝန်ကြီးဌာန

# ကျန်းမာရေး


## ပုံ(၂-၁၈) ဆရာဝန်ဦးရေ




ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှု ကို အပြည့်အဝပေးနိုင်ရန်အတွက် ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် ဆေးရုံသစ် (၅၆) ရုံ၊ တိုက်နယ်ဆေးရုံအသစ် (၅၅)ရုံ တိုးချဲ့ဆောက်လုပ် ခဲ့ပါသည်။ ဆေးရုံ (၃၃) ရုံအား အဆင့်တိုးမြှင့်ခဲ့ပြီး ဆေးရုံ (၃၁) ရုံအား စံကိုက်ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။ ယင်းဆေးရုံများအတွက် လိုအပ်သော ဆရာဝန်များ ကိုလည်း တိုးချဲ့ ခန့်ထားခဲ့ပါ သည်။

ဇာစ်မြစ်။ ကျန်းမာရေးဝန်ကြီးဌာန

## ပုံ(၂-၁၉) သူနာပြုဦးရေ





အရည်အသွေး ပြည့်ဝသော ကျန်းမာရေး စောင့်ရှောက်မှုများကို နိုင်ငံတစ်ဝန်း လွှမ်းခြုံ နိုင်စေရန်အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆)လပတ်တွင် ကျေးလက်ကျန်းမာရေးဌာန (၄၂) ဌာန၊ ကျေးလက်ကျန်းမာရေးဌာနခွဲ (၁၅၀) ဌာန၊ မိခင်နှင့် ကလေးကျန်းမာရေးဌာန (၁) ခု ဖွင့်လှစ်နိုင်ခဲ့ပြီး သူနာပြုဆရာမများ တိုးမြှင့်ခန့်ထားနိုင်ခဲ့ ပါသည်။

ဇာစ်မြစ်။ ကျန်းမာရေးဝန်ကြီးဌာန

## ပညာရေး


### ပုံ(၂-၂၀ )အခြေခံပညာကျောင်းများအခြေအနေ




မူလတန်းလွန်ကျောင်းများကို အလယ်တန်းကျောင်းများအဖြစ် အဆင့်မြှင့်တင်နိုင်ခဲ့သဖြင့် မူလတန်းကျောင်း ဦးရေလျော့နည်းသွားပြီး အလယ်တန်းကျောင်းများလျာထားချက်ထက် ပိုမိုတိုးတက်ခဲ့ပါသည်။ အလယ်တန်း ကျောင်း များကိုလည်း အထက်တန်းကျောင်း များအဖြစ် အဆင့်တိုးမြှင့် နိုင်ခဲ့သဖြင့် အထက်တန်းကျောင်း ဦးရေ ပိုမိုတိုးတက်လာခဲ့ ပါသည်။

ဇာစ်မြစ်။ ပညာရေးဝန်ကြီးဌာန


### ပုံ(၂-၂၁)အခြေခံပညာကျောင်းဆရာများအခြေအနေ




အခြေခံပညာကျောင်းများတွင် ဖွဲ့စည်းပုံ အပြည့် ဆရာ/ဆရာမများ ခန့်ထားရန် ရည်မှန်း ခဲ့သော်လည်း နေ့စား၊ လပေး ဆရာ/ဆရာမများ ကို အမြဲတမ်း ဝန်ထမ်းအဖြစ် မခန့်အပ်နိုင်ခြင်း၊ ဘာသာရပ် နှင့် ကိုက်ညီသည့် ဆရာ/ဆရာမများ မခန့်အပ်နိုင်ခြင်း တို့ကြောင့် မူလတန်းနှင့် အထက်တန်း ဆရာဦးရေ စီမံကိန်းရည်မှန်းချက် မပြည့်မီခဲ့ပါ။ မူလတန်း ဆရာ၊ဆရာမများ ကို အလယ်တန်း ဆရာ၊ ဆရာမအဖြစ်သို့ အဆင့် တိုးမြှင့် ခန့်ထားခြင်း တို့ကြောင့် ဆရာ၊ ဆရာမ ဦးရေ တိုးတက်ခဲ့ပါသည်။

ဇာစ်မြစ်။ ပညာရေးဝန်ကြီးဌာန


## ပုံ(၂-၂၂)အခြေခံပညာကျောင်းသားများအခြေအနေ




၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ် တွင် ဝေးလံဒေသများမှ အသစ်ဝင်ရောက်သည့် မူလတန်းကျောင်းသား စာရင်းများ ပြည့်စုံစွာ မရရှိ သေးခြင်းကြောင့် မူလတန်း ကျောင်းသား အရေ အတွက် လျော့နည်းခြင်းဖြစ်ပါသည်။ အလယ်တန်း မသင်မနေရ ပညာရေးစနစ်နှင့်အတူ ကျောင်း အပ်နှံခ၊ ကျောင်းသုံးစာအုပ်၊ဗလာစာအုပ်အခမဲ့ ပေးဝေခြင်းတို့ကြောင့် အလယ်တန်း ကျောင်းသား ဦးရေ မှာရည်မှန်းချက် ပြည့်လုနီးပါး တိုးတက် ခဲ့ပြီး အထက်တန်း ကျောင်းသားဦးရေမှာ ရည်မှန်း ချက် ကျော်လွန်ခဲ့ပါသည်။

ဇာစ်မြစ်။ ပညာရေးဝန်ကြီးဌာန

## ပုံ(၂-၂၃)တက္ကသိုလ်၊ဒီဂရီကောလိပ်နှင့်ကောလိပ်များအခြေအနေ





ပညာရေးကဏ္ဍ ဖွံ့ဖြိုး တိုးတက်စေရန် အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ် အတွင်းတောင်ကြီးဆေးတက္ကသိုလ်ကို စက်တင်ဘာ လတွင် ဖွင့်လှစ်ရန် ဆောင်ရွက်လျက် ရှိပါသည်။ ဝန်ကြီးဌာန အသီးသီးအောက်ရှိ တက္ကသိုလ်၊ ဒီဂရီ ကောလိပ်နှင့် ကောလိပ်များ၏ ဆရာ/ဆရာမ အရေအတွက်သည် ဖွဲ့စည်းပုံ အပြည့်ခန့်ထားရန် ရည်မှန်းရေးဆွဲ ထားသော်လည်း ခန့်အပ်နိုင်ခြင်း မရှိသေးပါ။

ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ

# အခြေခံအဆောက်အအုံများ အခြေအနေ


## ပုံ(၂-၂၄) ပြည်တွင်းလျှပ်စစ်ဓာတ်အားသုံးစွဲမှု




ပြည်တွင်း လျှပ်စစ်ဓာတ်အား သုံးစွဲမှုအနေဖြင့် ၂၀၁၅- ၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆)လပတ်စီမံကိန်းတွင် ပြည်တွင်း လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ ၇၈၈၆.၇ သန်း သုံးစွဲရန် လျာထားခဲ့ပါသည်။ ပထမ၆လပတ်တွင် ကီလိုဝပ်နာရီ ၈၂၈၅.၈ သန်းဖြစ်သဖြင့် ရည်မှန်းချက်၏၁၀၅.၁ရာခိုင်နှုန်း သုံးစွဲနိုင်ခဲ့ ပါသည်။ ပဲခူးတိုင်းအရှေ့ပိုင်းရှိ ဖြူးချောင်း၊ ကချင်ပြည်နယ်ရှိ ချီဖွေငယ်၊ကယားပြည်နယ်ရှိ ဘီလူးချောင်း (၃) ရေအား လျှပ်စစ် စက်ရုံအသစ်များ လည်ပတ်ခြင်း၊ နိုင်ငံပိုင် လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်ခြင်း၊ ကျေးရွာများတွင် လည်း နိုင်ငံပိုင်ဓာတ် အားစနစ်မှ တိုးချဲ့ဓာတ်အား ပေးနိုင် ခြင်း၊ ရခိုင်ပြည်နယ်တွင် ရွှေသဘာဝဓာတ်ငွေ့ ပိုက်လိုင်းမှ သဘာဝဓာတ်ငွေ့ဖြင့် ကျောက်ဖြူနှင့် အနီးပတ်ဝန်းကျင်ဒေသ များသို့ ဓာတ်အား ဖြန့်ဖြူးခြင်း၊ ရန်ကုန်တိုင်းဒေသကြီး လှော်ကား၊ ရွာမ၊ သာကေတ၊ အလုံတွင် သဘာဝဓာတ်ငွေ့သုံး အင်ဂျင်စက်များ တိုးချဲ့ တပ်ဆင်ခြင်းတို့ကြောင့် ဖြစ်ပါသည်။

ဇာစ်မြစ်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

## ပုံ(၂-၂၅) လူတစ်ထောင်လျှင် သုံးစွဲနိုင်သောတယ်လီဖုန်း




ဆက်သွယ်ရေး ကဏ္ဍတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ၊တယ်လီနောမြန်မာလီမိတက် နှင့် အော်ရီဒူးမြန်မာလီမိတက်တို့ အနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ပထမ (၆)လ အထိ လူတစ်ထောင်လျှင် သုံးစွဲနိုင်မည့် တယ်လီဖုန်း ၃၉၅ လုံး ရရှိရန် အတွက် တယ်လီဖုန်းလုံးရေ စုစုပေါင်း ၂၀,၆၃၂,၆၁၆ လုံး၊ တပ်ဆင်ရန် လျာထားခဲ့ပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင်မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ၊တယ်လီနော မြန်မာလီမိတက် နှင့် အော်ရီဒူးမြန်မာလီမိတက်တို့မှ တယ်လီဖုန်း လုံးရေ စုစုပေါင်း ၃၇,၈၆၇,၇၆၁ လုံး တပ်ဆင် အကောင်အထည် ဖော်နိုင်ခဲ့သည့် အတွက် လူတစ်ထောင် လျှင် သုံးစွဲနိုင်သည့် တယ်လီဖုန်း ၇၃၅ လုံးရှိလာပြီဖြစ်ပါသည်။

ဇာစ်မြစ်။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန

# အခန်း (၃)

## မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးအခြေအနေ

မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေအား စုစုပေါင်း ပြည်တွင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ)၊ ငွေကြေးဖောင်းပွမှုနှုန်း (Inflation)၊ စီးပွားရေးကဏ္ဍကြီးများ၏ ပါဝင်မှုအချိုးအစား၊ ပြည်သူ့ဘဏ္ဍာရေး အခြေအနေများကို အောက်ပါအတိုင်း တင်ပြအပ်ပါသည်။

**စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် နှစ်စဉ်စီမံကိန်း၏ ပထမ (၆) လပတ်တွင် စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၂၅,၈၄၇,၉၅၉.၂ သန်း အကောင်အထည်ဖော်ရန် လျာထားပါသည်။ ပထမ (၆) လပတ်တွင် စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးသည် နှစ်အလိုက် ဈေးနှုန်းများအရ ကျပ် ၂၄,၇၂၈,၅၄၂.၂ သန်း ဖြစ်ပေါ်ခဲ့၍ ပထမ (၆) လပတ် လျာထားချက်အပေါ် ၉၅.၇ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

**ငွေကြေးဖောင်းပွမှုနှုန်း။** ငွေကြေးဖောင်းပွမှုနှုန်းသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် ပျမ်းမျှ ၅.၂၁ ရာခိုင်နှုန်းရှိပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ် တွင် ပျမ်းမျှ(ယာယီ) ၈.၆၂ ရာခိုင်နှုန်းဖြစ်ပြီး လွန်ခဲ့သောနှစ်အလားတူ ကာလနှင့်နှိုင်းယှဉ်လျှင် နှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်း (ယာယီ) မှာ ၁၄.၆၁ ရာခိုင်နှုန်းရှိခဲ့ပါသည်။

**စီးပွားရေးကဏ္ဍကြီးများ၏ ပါဝင်မှုအချိုးအစား။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ) တွင် လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုနှုန်းမှာ ၂၃.၀ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုနှုန်းမှာ ၃၄.၇ ရာခိုင်နှုန်းနှင့် ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုနှုန်းမှာ ၄၂.၃ ရာခိုင်နှုန်း ဖြစ်ပါသည်။

**ရင်းနှီးမြှုပ်နှံမှု ကဏ္ဍ။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် နိုင်ငံပိုင်အခန်း ရင်းနှီးမြှုပ်နှံမှုကို ပြည်ထောင်စုဝန်ကြီးဌာနများမှ ကျပ် ၅,၁၈၃,၇၇၈.၂၄၁ သန်း၊ တိုင်းဒေသကြီး/ပြည်နယ်များမှ ကျပ် ၁,၄၈၁,၀၀၀.၉၅၂ သန်း၊ စုစုပေါင်းကျပ် ၆,၆၆၄,၇၇၉.၁၉၃ သန်း ရင်းနှီးမြှုပ်နှံရန် လျာထားခဲ့ပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လ ကာလအတွင်း နိုင်ငံပိုင်အခန်း ရင်းနှီး မြှုပ်နှံမှုကို ပြည်ထောင်စုဝန်ကြီးဌာနများမှ ကျပ် ၁,၃၀၇,၆၂၅.၈၉၂ သန်း၊ တိုင်းဒေသကြီး/ပြည်နယ်များမှ ကျပ် ၆၀၆,၁၂၅.၀၉၉ သန်း၊ စုစုပေါင်း ကျပ် ၁,၉၁၃,၇၅၀.၉၉၁ သန်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

**ပြည်ပရောက်အလုပ်သမားများ၏ ငွေလွှဲပို့မှုအခြေအနေ။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် ကျပ် ၂၅၆,၃၄၅.၄၇၈ သန်းနှင့် အမေရိကန်ဒေါ်လာ ၂၂၇.၅၅၄ သန်းရှိပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပထမ (၆) လပတ်ထက် ကျပ် ၁၂၃,၀၅၁.၅၈၉ သန်း ပိုမိုလွှဲပို့ခဲ့ပါသည်။

**ပြည်ထောင်စု၏ရသုံးခန့်မှန်းခြေစာရင်း။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် စုစုပေါင်းရငွေကျပ် ၆,၅၂၄,၄၀၆.၁၂၃ သန်းဖြစ်ပြီး စုစုပေါင်းအသုံးစရိတ် ကျပ် ၈,၂၃၀,၅၄၂.၉၂၆ သန်း ဖြစ်သဖြင့် လိုငွေကျပ် ၁,၇၀၆,၁၃၆.၈၀၃ သန်း ဖြစ်ပေါ်ခဲ့ပါသည်။

**သာမန်ရငွေ။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် သာမန်ရငွေကျပ် ၅,၉၄၄,၆၃၃.၄၅၂ သန်း ရရှိခဲ့ပါသည်။

**ငွေလုံးငွေရင်းရငွေ။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် ကျပ် ၁၃၉,၂၇၇.၃၉၉ သန်း ရရှိခဲ့ပါသည်။

**သာမန်အသုံးစရိတ်။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် အသုံးစရိတ် ကျပ် ၆,၄၂၀,၉၇၁.၄၄၇ သန်း သုံးစွဲခဲ့ပါသည်။

**ငွေလုံးငွေရင်းအသုံးစရိတ်။** နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေလုံးငွေရင်းအသုံးစရိတ်များကို စိစစ်သုံးစွဲခွင့်ပြုခဲ့ရာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် ကျပ် ၁,၃၀၇,၆၂၅.၈၉၂ သန်း သုံးစွဲခဲ့ပါသည်။

**ကြွေးမြီအသုံးစရိတ်။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် ကျပ် ၅၀၁,၉၄၅.၅၈၇ သန်း သုံးစွဲခဲ့ပါသည်။

**ဘဏ္ဍာရေးပိုငွေ/လိုငွေ။** ပြည်ထောင်စု၏ ရသုံးမှန်းခြေငွေစာရင်းအရ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် သာမန်စာရင်းမှ လိုငွေကျပ် ၄၇၆,၃၃၇.၉၉၅ သန်း ဖြစ်ပါသည်။ ငွေလုံးငွေရင်းအနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် လိုငွေကျပ် ၁,၁၆၈,၃၄၈.၄၉၃ သန်း ဖြစ်ပါသည်။ ဘဏ္ဍာရေး ပိုငွေ/ လိုငွေမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် လိုငွေကျပ် ၁,၇၀၆,၁၃၆.၈၀၃ သန်း ဖြစ်ပေါ်ခဲ့ပါသည်။

**တိုင်းဒေသကြီး/ပြည်နယ်ရသုံးခန့်မှန်းခြေစာရင်း။** ရငွေမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆)လပတ်တွင် ကျပ် ၁,၂၄၄,၅၈၅.၄၆၄ သန်း ရှိပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပထမ (၆)လပတ်ထက် ကျပ် ၃၂၂,၃၆၄.၁၇၆ သန်း ပိုမိုရရှိခဲ့ပါသည်။ အသုံးစရိတ်မှာ ၂၀၁၅-၂၀၁၆

ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် ကျပ် ၁,၀၀၀,၄၇၄.၄၁၆ သန်းရှိပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပထမ (၆)လ ပတ်ထက် ကျပ် ၂၃၄,၀၂၆.၈၅၂ သန်း ပိုမို သုံးစွဲခဲ့ပါသည်။

**ပြည်ပအကူအညီအထောက်အပံ့။** ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ပြည်ပ အကူအညီ အထောက်အပံ့စီမံချက် ၁၆ ခုရှိပြီး အမေရိကန်ဒေါ်လာ ၁၉၃.၈၉ သန်း ရှိပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် ပြည်ပအကူအညီ အထောက်အပံ့ စီမံချက် ၆၅ ခု ရှိပြီး အမေရိကန်ဒေါ်လာ ၁၉၈.၄၇ သန်း၊ ယူရို ၁၆.၀၁ သန်း၊ ကျပ် ၃၀,၁၅၈.၂၆ သန်း၊ ယန်း ၁၁,၄၅၇.၀၀ သန်း နှင့် ယွမ် ၄၀.၉၂ သန်း ရှိပါသည်။ ပြည်ပချေးငွေမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် အမေရိကန်ဒေါ်လာ ၆၂၉.၀၇ သန်း ရှိပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် အမေရိကန် ဒေါ်လာ ၆.၂၀ သန်း၊ ယန်း ၂၅.၉၃ ဘီလီယံ နှင့် ယွမ် ၂၄၆.၁၅ သန်း ဖြစ်ပါသည်။

**နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု။** အမေရိကန် ဒေါ်လာအားဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆)လပတ်တွင် ၃,၄၉၆.၅၃၈ သန်း ရှိပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပထမ (၆) လပတ်ထက် အမေရိကန် ဒေါ်လာ ၁၇၉.၇၅၅ သန်း လျော့နည်းရင်းနှီးမြှုပ်နှံခဲ့ပါသည်။

**မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် ရင်းနှီးမြှုပ်နှံမှု ကျပ် ၆၇၄,၉၁၂ သန်း ရှိပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပထမ (၆) လပတ်ထက် ကျပ် ၈၇,၆၄၂ သန်း ပိုမို ရင်းနှီးမြှုပ်နှံခဲ့ပါသည်။

**ဘဏ်လုပ်ငန်းနှင့်ဘဏ္ဍာရေး**။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပထမ (၆) လပတ်ထိတွင် ဘဏ် ၂၂ ခု နှင့် စုစုပေါင်းဘဏ်ခွဲ ၉၂၀ ခု ရှိပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ်ထိ တစ်နိုင်ငံလုံး ရှိ ပုဂ္ဂလိကဘဏ် အရေအတွက်မှာ ဘဏ် ၂၃ ခု နှင့် စုစုပေါင်းဘဏ်ခွဲ ၁,၁၄၁ ခု ရှိပါသည်။ အလိုအလျောက် ငွေထုတ်စက်စနစ်ဖြင့် ဆောင်ရွက်သော ပုဂ္ဂလိကဘဏ်သည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် ဘဏ် ၁၃ ခု နှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပထမ (၆)လ ပတ် တွင် ဘဏ် ၁၂ ခု ရှိခဲ့ပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် မှတ်ပုံတင် ထားသော ပြည်တွင်းငွေရေးကြေးရေးကုမ္ပဏီမှာ ၁၀ ခု ရှိပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် ၁၀ ခု ရှိခဲ့ပါသည်။

**ငွေလဲလှယ်နှုန်း**။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လ ပျမ်းမျှ ငွေလဲလှယ်နှုန်းမှာ အမေရိကန် တစ်ဒေါ်လာလျှင် ၁,၁၇၈.၈ ကျပ် ဖြစ်ပေါ်ခဲ့ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် အမေရိကန် တစ်ဒေါ်လာလျှင် ပျမ်းမျှ ၉၆၉.၄ ကျပ် ဖြစ်ပေါ်ခဲ့ပါသည်။

ဇယား (၃-၁)

## မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေ

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပထမ(၆)လပတ် | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ် |
|---|---|---|---|---|
| ၁ | **စုစုပေါင်း ပြည်တွင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုး** (နှစ်အလိုက်ဈေးနှုန်း) | ကျပ်သန်း | ၂၂,၄၉၈,၇၇၈.၃ | ၂၄,၇၂၈,၅၄၂.၂ |
| ၂ | **စုစုပေါင်း ပြည်တွင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးတွင် ကဏ္ဍကြီးများအလိုက် ပါဝင်မှု အချိုး** (နှစ်အလိုက်ဈေးနှုန်း) | | | |
| | လယ်ယာ | (%) | ၂၃.၈ | ၂၃.၀ |
| | စက်မှု | (%) | ၃၄.၈ | ၃၄.၇ |
| | ဝန်ဆောင်မှု | (%) | ၄၁.၄ | ၄၂.၃ |
| ၃ | **ကဏ္ဍကြီးများအလိုက်ပြည်တွင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုး တိုးတက်မှုနှုန်း** | | | |
| | လယ်ယာ | (%) | | ၂.၄ |
| | စက်မှု | (%) | | ၈.၆ |
| | ဝန်ဆောင်မှု | (%) | | ၈.၅ |
| ၄ | **ငွေကြေးဖောင်းပွမှုနှုန်း** | | | |
| | ငွေကြေးဖောင်းပွမှုနှုန်း(နှစ်အလိုက် ပျမ်းမျှ)Inflation( Annual Average) | (%) | ၅.၂၁ | ၈.၆၂* |
| | ငွေကြေးဖောင်းပွမှုနှုန်း (နှစ်အလိုက် ပြောင်းလဲမှု)Inflation (Year on Year) | (%) | ၃.၉၈ | ၁၄.၆၁* |
| | * ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ် ယာယီစာရင်း ဖြစ်ပါသည်။ | | | |
| ၅ | **ပြည်ပအလုပ်သမားများမှလွှဲပြောင်း ပေးပို့ငွေ (Worker Reminttances)** | ဒေါ်လာသန်း | ၁၃၃,၂၉၃.၈၈၉ | ၂၅၆,၃၄၅.၄၇၈ |
| | **ပြည်သူ့ဘဏ္ဍာရေး (GOVERNMENT FINANCE) ၂၀၁၄-၂၀၁၅ (ပထမ(၆)လပတ်) နှင့် ၂၀၁၅-၂၀၁၆ (ပထမ ၆လပတ်)** | | | |
| ၆ | **ပြည်ထောင်စုရသုံးမှန်းခြေစာရင်းမှ ရငွေ** | ကျပ်သန်း | ၇,၀၀၃,၇၁၀.၁၅၆ | ၆,၅၂၄,၄၀၆.၁၂၃ |
| ၇ | **တိုင်းဒေသကြီးနှင့် ပြည်နယ် ရငွေ** | ကျပ်သန်း | ၉၂၂,၂၂၁.၂၈၈ | ၁,၂၄၄,၅၈၅.၄၆၄ |
| ၈ | **ပြည်ထောင်စုရသုံးမှန်းခြေစာရင်းမှ သာမန်ရငွေ** | ကျပ်သန်း | ၆,၈၁၂,၃၀၂.၇၄၆ | ၅,၉၄၄,၆၃၃.၄၅၂ |
| ၉ | **တိုင်းဒေသကြီးနှင့် ပြည်နယ် သာမန်ရငွေ** | ကျပ်သန်း | ၈၉၂,၈၉၂.၈၃၆ | ၁,၁၈၃,၁၀၇.၈၇၀ |
| | ကချင်ပြည်နယ် | ကျပ်သန်း | ၁၀၆,၂၁၇.၄၃၈ | ၈၅,၅၃၉.၂၅၆ |
| | ကယားပြည်နယ် | ကျပ်သန်း | ၂၆,၆၂၄.၆၃၀ | ၃၀,၁၆၂.၈၁၆ |
| | ကရင်ပြည်နယ် | ကျပ်သန်း | ၄၀,၅၅၇.၀၆၉ | ၄၁,၆၇၂.၈၀၉ |

ဇယား (၃-၁) အဆက်



| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပထမ(၆)လပတ် | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ် |
|---|---|---|---|---|
| | ချင်းပြည်နယ် | ကျပ်သန်း | ၆၇,၂၉၃.၇၇၂ | ၆၅,၃၃၂.၅၂၇ |
| | စစ်ကိုင်းတိုင်းဒေသကြီး | ကျပ်သန်း | ၄၇,၁၁၇.၈၉၂ | ၁၀၇,၈၂၉.၇၆၅ |
| | တနင်္သာရီတိုင်းဒေသကြီး | ကျပ်သန်း | ၆၅,၆၅၇.၂၈၁ | ၇၈,၁၃၅.၃၉၄ |
| | ပဲခူးတိုင်းဒေသကြီး | ကျပ်သန်း | ၅၈,၃၃၁.၅၁၈ | ၉၁,၈၄၀.၂၀၇ |
| | မကွေးတိုင်းဒေသကြီး | ကျပ်သန်း | ၉၅,၇၁၂.၂၀၃ | ၈၅,၉၃၉.၈၆၁ |
| | မန္တလေးတိုင်းဒေသကြီး | ကျပ်သန်း | ၅၉,၇၁၁.၁၀၄ | ၁၀၉,၄၉၉.၈၅၂ |
| | မွန်ပြည်နယ် | ကျပ်သန်း | ၃၄,၁၆၄.၁၇၁ | ၄၂,၆၉၃.၈၁၆ |
| | ရခိုင်ပြည်နယ် | ကျပ်သန်း | ၈၃,၅၁၈.၈၇၉ | ၇၆,၀၁၀.၇၁၅ |
| | ရန်ကုန်တိုင်းဒေသကြီး | ကျပ်သန်း | ၁၁၈,၈၇၇.၁၆၃ | ၁၆၄,၇၃၇.၅၁၄ |
| | ရှမ်းပြည်နယ် | ကျပ်သန်း | ၁၂,၉၉၉.၇၂၈ | ၁၂၃,၈၃၆.၄၉၀ |
| | ဧရာဝတီတိုင်းဒေသကြီး | ကျပ်သန်း | ၇၆,၁၀၉.၉၈၈ | ၇၉,၈၇၆.၈၄၈ |
| ၁၀ | **ပြည်ထောင်စုရသုံးမှန်းခြေစာရင်းမှ ငွေလုံးငွေရင်းရငွေ** | ကျပ်သန်း | ၄၂,၂၀၂.၃၁၀ | ၁၃၉,၂၇၇.၃၉၉ |
| ၁၁ | **တိုင်းဒေသကြီးနှင့် ပြည်နယ် ငွေလုံးငွေရင်းရငွေ** | ကျပ်သန်း | ၂၉,၃၂၈.၄၅၂ | ၆၁,၃၈၁.၁၇၃ |
| | ကချင်ပြည်နယ် | ကျပ်သန်း | ၀.၂၆၆ | ၂၈.၅၃၂ |
| | ကယားပြည်နယ် | ကျပ်သန်း | - | ၄.၉၆၅ |
| | ကရင်ပြည်နယ် | ကျပ်သန်း | ၆.၉၃၈ | ၃၃.၂၀၈ |
| | ချင်းပြည်နယ် | ကျပ်သန်း | ၀.၀၅၈ | ၁၅.၁၂၀ |
| | စစ်ကိုင်းတိုင်းဒေသကြီး | ကျပ်သန်း | ၁၀.၄၂၃ | ၂.၄၃၄ |
| | တနင်္သာရီတိုင်းဒေသကြီး | ကျပ်သန်း | ၀.၀၁၂ | ၀.၀၆၃ |
| | ပဲခူးတိုင်းဒေသကြီး | ကျပ်သန်း | ၉.၃၅၂ | ၄.၀၂၈ |
| | မကွေးတိုင်းဒေသကြီး | ကျပ်သန်း | ၁.၆၅၅ | ၁၉.၈၂၃ |
| | မန္တလေးတိုင်းဒေသကြီး | ကျပ်သန်း | ၉,၉၉၀.၀၃၂ | ၂၁,၅၅၀.၂၈၂ |
| | မွန်ပြည်နယ် | ကျပ်သန်း | ၁.၇၂၅ | ၀.၁၉၆ |
| | ရခိုင်ပြည်နယ် | ကျပ်သန်း | - | ၀.၀၀၃ |
| | ရန်ကုန်တိုင်းဒေသကြီး | ကျပ်သန်း | ၁၉,၂၇၀.၆၇၃ | ၃၉,၇၁၉.၈၂၄ |
| | ရှမ်းပြည်နယ် | ကျပ်သန်း | ၂၃.၃၁၃ | ၀.၀၁၁ |
| | ဧရာဝတီတိုင်းဒေသကြီး | ကျပ်သန်း | ၁၄.၀၀၅ | ၂.၆၈၄ |
| ၁၂ | **ပြည်ထောင်စုရသုံးမှန်းခြေစာရင်းမှ ကြွေးမြီရငွေ** | ကျပ်သန်း | ၁၄၉,၂၀၅.၁၀၀ | ၄၄၀,၄၉၅.၂၇၂ |
| ၁၃ | **တိုင်းဒေသကြီးနှင့် ပြည်နယ် ကြွေးမြီရငွေ** | ကျပ်သန်း | | ၉၆.၄၂၁ |
| ၁၄ | **ပြည်ထောင်စုရသုံးမှန်းခြေစာရင်းမှ အသုံးစရိတ်** | ကျပ်သန်း | ၆,၄၁၃,၇၅၈.၁၀၄ | ၈,၂၃၀,၅၄၂.၉၂၆ |
| ၁၅ | **တိုင်းဒေသကြီးနှင့် ပြည်နယ် အသုံးစရိတ်** | ကျပ်သန်း | ၇၆၆,၄၄၇.၅၆၄ | ၁,၀၀၀,၄၇၄.၄၁၆ |

ဇယား (၃-၁) အဆက်



| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပထမ(၆)လပတ် | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ် |
|---|---|---|---|---|
| ၁၆ | **ပြည်ထောင်စုရသုံးမှန်းခြေစာရင်းမှ သာမန်အသုံးစရိတ်** | ကျပ်သန်း | ၅,၁၅၀,၁၀၅.၅၂၃ | ၆,၄၂၀,၉၇၁.၄၄၇ |
| ၁၇ | **တိုင်းဒေသကြီးနှင့် ပြည်နယ် သာမန်အသုံးစရိတ်** | ကျပ်သန်း | ၄၂၂,၂၈၄.၈၃၅ | ၃၉၃,၄၆၀.၇၁၀ |
| | ကချင်ပြည်နယ် | ကျပ်သန်း | ၃၁,၂၁၄.၇၆၆ | ၁၈,၉၆၂.၁၅၅ |
| | ကယားပြည်နယ် | ကျပ်သန်း | ၆,၉၂၅.၉၁၂ | ၆,၈၄၃.၇၀၅ |
| | ကရင်ပြည်နယ် | ကျပ်သန်း | ၁၂,၅၁၄.၃၈၀ | ၁၀,၀၃၈.၇၇၃ |
| | ချင်းပြည်နယ် | ကျပ်သန်း | ၁၁,၈၂၉.၄၈၃ | ၁၄,၁၂၈.၃၉၃ |
| | စစ်ကိုင်းတိုင်းဒေသကြီး | ကျပ်သန်း | ၆၀,၉၉၈.၈၉၇ | ၄၈,၁၀၆.၅၂၅ |
| | တနင်္သာရီတိုင်းဒေသကြီး | ကျပ်သန်း | ၄၂,၅၅၈.၆၀၇ | ၂၃,၉၁၆.၅၅၃ |
| | ပဲခူးတိုင်းဒေသကြီး | ကျပ်သန်း | ၃၆,၇၁၄.၃၂၃ | ၃၀,၆၉၉.၄၁၂ |
| | မကွေးတိုင်းဒေသကြီး | ကျပ်သန်း | ၄၀,၇၄၈.၉၀၂ | ၃၄,၅၆၇.၆၂၇ |
| | မန္တလေးတိုင်းဒေသကြီး | ကျပ်သန်း | ၃၈,၅၅၇.၃၈၂ | ၅၉,၁၁၃.၁၈၂ |
| | မွန်ပြည်နယ် | ကျပ်သန်း | ၉,၆၈၉.၈၅၆ | ၁၆,၂၉၉.၈၁၃ |
| | ရခိုင်ပြည်နယ် | ကျပ်သန်း | ၂၁,၃၅၅.၁၄၅ | ၁၄,၀၇၀.၄၆၉ |
| | ရန်ကုန်တိုင်းဒေသကြီး | ကျပ်သန်း | ၄၀,၈၃၁.၆၇၀ | ၅၄,၂၉၆.၅၇၀ |
| | ရှမ်းပြည်နယ် | ကျပ်သန်း | ၄၀,၇၈၈.၆၃၀ | ၃၇,၅၅၁.၀၀၆ |
| | ဧရာဝတီတိုင်းဒေသကြီး | ကျပ်သန်း | ၂၇,၅၅၆.၈၈၂ | ၂၄,၈၆၆.၅၂၇ |
| ၁၈ | **ပြည်ထောင်စုရသုံးမှန်းခြေစာရင်းမှ ငွေလုံးငွေရင်းအသုံးစရိတ်** | ကျပ်သန်း | ၁,၀၆၅,၄၆၂.၇၈၃ | ၁,၃၀၇,၆၂၅.၈၉၂ |
| ၁၉ | **တိုင်းဒေသကြီးနှင့် ပြည်နယ် ငွေလုံးငွေရင်း အသုံးစရိတ်** | ကျပ်သန်း | ၃၄၃,၂၈၉.၅၂၉ | ၆၀၆,၁၂၅.၀၉၉ |
| | ကချင်ပြည်နယ် | ကျပ်သန်း | ၂၄,၃၇၉.၇၂၆ | ၁၆,၉၀၄.၂၇၆ |
| | ကယားပြည်နယ် | ကျပ်သန်း | ၇,၀၈၂.၅၂၆ | ၁၆,၀၆၈.၅၄၅ |
| | ကရင်ပြည်နယ် | ကျပ်သန်း | ၁၁,၉၀၂.၁၃၄ | ၃၁,၀၅၄.၁၂၃ |
| | ချင်းပြည်နယ် | ကျပ်သန်း | ၃၂,၁၁၇.၉၁၈ | ၄၅,၇၃၀.၁၀၃ |
| | စစ်ကိုင်းတိုင်းဒေသကြီး | ကျပ်သန်း | ၃၆,၁၇၉.၈၉၆ | ၄၈,၆၁၉.၀၄၁ |
| | တနင်္သာရီတိုင်းဒေသကြီး | ကျပ်သန်း | ၁၅,၁၇၂.၅၁၇ | ၂၈,၀၅၂.၃၃၉ |

ဇယား(၃-၁) အဆက်



| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပထမ(၆)လပတ် | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ် |
|---|---|---|---|---|
| | ပဲခူးတိုင်းဒေသကြီး | ကျပ်သန်း | ၁၂,၃၅၅.၁၁၅ | ၄၃,၇၅၇.၆၄၈ |
| | မကွေးတိုင်းဒေသကြီး | ကျပ်သန်း | ၂၃,၈၂၁.၃၅၅ | ၂၄,၄၇၉.၅၁၂ |
| | မန္တလေးတိုင်းဒေသကြီး | ကျပ်သန်း | ၂၈,၁၉၆.၃၉၄ | ၄၇,၂၃၈.၇၀၇ |
| | မွန်ပြည်နယ် | ကျပ်သန်း | ၁၃,၄၂၇.၈၅၈ | ၈,၇၅၆.၄၈၉ |
| | ရခိုင်ပြည်နယ် | ကျပ်သန်း | ၂၂,၉၁၂.၇၉၄ | ၅၁,၅၈၄.၆၀၃ |
| | ရန်ကုန်တိုင်းဒေသကြီး | ကျပ်သန်း | ၆၃,၀၂၄.၂၉၈ | ၁၂၉,၄၃၇.၅၁၆ |
| | ရှမ်းပြည်နယ် | ကျပ်သန်း | ၂၉,၉၃၀.၅၉၈ | ၇၇,၅၆၃.၆၉၂ |
| | ဧရာဝတီတိုင်းဒေသကြီး | ကျပ်သန်း | ၂၂,၇၈၆.၄၀၀ | ၃၆,၈၇၈.၅၀၅ |
| ၂၀ | **ပြည်ထောင်စုရသုံးမှန်းခြေစာရင်းမှ ကြွေးမြီအသုံးစရိတ်** | ကျပ်သန်း | ၁၉၈,၁၈၉.၇၉၈ | ၅၀၁,၉၄၅.၅၈၇ |
| ၂၁ | **တိုင်းဒေသကြီးနှင့် ပြည်နယ် ကြွေးမြီအသုံးစရိတ်** | ကျပ်သန်း | ၈၇၃.၂၀၀ | ၈၈၈.၆၀၇ |
| ၂၂ | ပြည်ထောင်စုရသုံးမှန်းခြေစာရင်းမှ သာမန်ပိုငွေ/လိုငွေ (Current Surplus/deficit) | ကျပ်သန်း | | -၄၇၆,၃၃၇.၉၉၅ |
| ၂၃ | ပြည်ထောင်စုရသုံးမှန်းခြေစာရင်းမှ ငွေလုံးငွေရင်းပိုငွေ/လိုငွေ (Capital account surplus/deficit) | ကျပ်သန်း | | -၁,၁၆၈,၃၄၈.၄၉၃ |
| ၂၄ | ပြည်ထောင်စုရသုံးမှန်းခြေစာရင်းမှ ဘဏ္ဍာရေးပိုငွေ/လိုငွေ (Overall budgetary surplus/deficit) | ကျပ်သန်း | | -၁,၇၀၆,၁၃၆.၈၀၃ |
| ၂၅ | ပြည်ပအကူအညီအထောက်အပံ့ (Grant) | ခုရေ (စီမံချက်) | ၁၆ | ၆၅ |
| | | ဒေါ်လာသန်း | ၁၉၃.၈၉ | ၁၉၈.၄၇ |
| | | ယူရိုသန်း | - | ၁၆.၀၁ |
| | | ကျပ်သန်း | - | ၃၀,၁၅၈.၂၆ |
| | | ယန်းသန်း | - | ၁၁,၄၅၈.၀၀ |
| | | ယွမ်သန်း | - | ၄၀.၉၂ |

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပထမ(၆)လပတ် | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ် |
|---|---|---|---|---|
| | ပြည်ပချေးငွေ (Loan) | ခုရေ (စီမံချက်) | ၄ | ၅ |
| | | ဒေါ်လာသန်း | ၆၂၉.၀၇ | ၆.၂၀ |
| | | ယန်းဘီလီယံ | - | ၂၅.၉၃ |
| | | ယွမ်သန်း | - | ၂၄၆.၁၅ |
| ၂၆ | ရင်းနှီးမြှုပ်နှံမှု (Investment) | | | |
| | နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု | ဒေါ်လာသန်း | ၃,၆၇၆.၂၉၃ | ၃,၄၉၆.၅၃၈ |
| | မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု | ကျပ်သန်း | ၅၈၇,၂၆၉ | ၆၇၄,၉၀၂ |
| ၂၇ | ဘဏ်လုပ်ငန်းနှင့် ဘဏ္ဍာရေး (ACCESS TO BANKING & FINANCE) | | | |
| | ပုဂ္ဂလိကဘဏ် | ခုရေ | ၂၂ | ၂၃ |
| | ပုဂ္ဂလိကဘဏ်ခွဲ စုစုပေါင်း | ခုရေ | ၉၂၀ | ၁,၁၄၁ |
| | အလိုအလျောက်ငွေထုတ်စက် စနစ်ဖြင့် ဆောင်ရွက်နေသော ပုဂ္ဂလိကဘဏ် | ခုရေ | ၁၂ | ၁၃ |
| | မှတ်ပုံတင်ထားသော ပြည်တွင်း ငွေရေးကြေးရေး ကုမ္ပဏီ | ခုရေ | ၁၀ | ၁၀ |
| ၂၈ | ငွေလဲလှယ်နှုန်း (EXCHANGE RATE) | | | |
| | အမေရိကန်တစ်ဒေါ်လာနှင့်ညီမျှ ကျပ်ငွေ (၆ လ) ပျမ်းမျှ | ကျပ် | ၉၆၉.၄ | ၁,၁၇၈.၈ |

# ဇယား (၃-၂)

## ၂၀၁၅ -၂၀၁၆ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်နှင့် ပထမ (၆) လပတ် ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှု အခြေအနေ

## (နှစ်အလိုက်ဈေးနှုန်းအရ)

(တန်ဖိုး- ကျပ်သန်း)

| စဉ် | ကဏ္ဍ | စီမံကိန်း ရည်မှန်းချက် တန်ဖိုး | ပထမ(၆) လပတ် လျာထားချက် တန်ဖိုး | ပထမ (၆) လပတ် အကောင်အထည် ဖော်နိုင်မှုတန်ဖိုး | ပထမ (၆) လပတ် အကောင် အထည် ဖော်နိုင်မှု(%) |
|---|---|---|---|---|---|
| ၁ | စုစုပေါင်းပြည်တွင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုး(ဂျီဒီပီ) | ၇၃,၃၁၄,၃၃၁.၉ | ၂၅,၈၄၇,၉၅၉.၂ | ၂၄,၇၂၈,၅၄၂.၂ | ၉၅.၇ |
| ၂ | လယ်ယာကဏ္ဍ | ၁၄,၄၅၂,၄၁၁.၉ | ၃,၄၈၉,၀၃၃.၇ | ၃,၀၈၆,၇၁၈.၄ | ၈၈.၅ |
| ၃ | သားငါးကဏ္ဍ | ၅,၅၉၁,၅၉၈.၈ | ၂,၅၈၇,၁၅၂.၃ | ၂,၅၆၅,၆၈၆.၅ | ၉၉.၂ |
| ၄ | သစ်တောကဏ္ဍ | ၁၁၂,၁၈၇.၉ | ၂၉,၆၅၈.၂ | ၃၉,၂၄၆.၈ | ၁၃၂.၃ |
| ၅ | စွမ်းအင်ကဏ္ဍ | ၄,၆၆၆,၇၆၃.၉ | ၂,၃၃၃,၃၈၂.၀ | ၁,၉၂၀,၁၉၉.၆ | ၈၂.၃ |
| ၆ | သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ | ၇၂၈,၇၀၇.၉ | ၃၆၁,၀၅၃.၆ | ၃၇၇,၉၆၇.၆ | ၁၀၄.၇ |
| ၇ | စက်မှုလက်မှုကဏ္ဍ | ၁၅,၃၈၇,၈၅၇.၇ | ၄,၆၀၁,၇၃၈.၈ | ၄,၄၅၆,၇၀၅.၃ | ၉၆.၈ |
| ၈ | လျှပ်စစ်ဓာတ်အားကဏ္ဍ | ၁,၀၉၇,၃၇၃.၉ | ၅၄၈,၆၈၇.၄ | ၅၁၉,၀၄၉.၁ | ၉၄.၆ |
| ၉ | ဆောက်လုပ်မှုကဏ္ဍ | ၄,၀၇၃,၂၂၅.၁ | ၁,၄၁၆,၈၆၈.၆ | ၁,၂၉၈,၅၉၁.၉ | ၉၁.၇ |
| ၁၀ | ပို့ဆောင်ရေးကဏ္ဍ | ၈,၃၀၀,၁၉၅.၉ | ၃,၆၃၇,၉၆၁.၆ | ၃,၅၃၁,၄၇၄.၀ | ၉၇.၁ |
| ၁၁ | ဆက်သွယ်ရေးကဏ္ဍ | ၁,၂၇၄,၂၆၉.၈ | ၆၃၇,၁၃၄.၉ | ၆၀၈,၄၉၃.၆ | ၉၅.၅ |
| ၁၂ | ငွေရေးကြေးရေးကဏ္ဍ | ၁၂၅,၁၄၀.၄ | ၅၀,၀၅၆.၁ | ၇၀,၇၅၆.၂ | ၁၄၁.၄ |
| ၁၃ | လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ | ၂,၁၆၅,၆၃၁.၂ | ၁,၀၉၄,၄၄၁.၅ | ၁,၁၆၇,၈၈၉.၀ | ၁၀၆.၇ |
| ၁၄ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ | ၁,၇၃၉,၄၁၀.၉ | ၈၅၂,၃၁၁.၆ | ၈၆၀,၀၉၇.၈ | ၁၀၀.၉ |
| ၁၅ | ကုန်သွယ်မှုကဏ္ဍ | ၁၃,၅၉၉,၅၅၆.၆ | ၄,၂၀၈,၄၇၈.၉ | ၄,၂၂၅,၆၆၆.၄ | ၁၀၀.၄ |
| | **ပါဝင်မှုအချိုးအစား(%)** | | | | |
| ၁၆ | လယ်ယာကဏ္ဍကြီး | ၂၇.၅ | ၂၃.၆ | ၂၃.၀ | |
| ၁၇ | စက်မှုကဏ္ဍကြီး | ၃၅.၄ | ၃၅.၈ | ၃၄.၇ | |
| ၁၈ | ဝန်ဆောင်မှုကဏ္ဍကြီး | ၃၇.၁ | ၄၀.၆ | ၄၂.၃ | |

**ဇာစ်မြစ် ။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန**

**ဇယား (၃-၃)**

**၂၀၁၅ -၂၀၁၆ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်နှင့် ပထမ (၆) လပတ်**

**တိုင်းဒေသကြီး/ပြည်နယ်အလိုက် အကောင်အထည်ဖော်နိုင်မှု အခြေအနေ**

**(နှစ်အလိုက်ဈေးနှုန်းအရ)**

(တန်ဖိုး - ကျပ်သန်း)

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | စီမံကိန်း ရည်မှန်းချက် တန်ဖိုး | ပထမ(၆) လပတ် လျာထားချက် တန်ဖိုး | ပထမ (၆) လပတ် အကောင်အထည် ဖော်နိုင်မှုတန်ဖိုး | ပထမ (၆) လပတ် အကောင် အထည် ဖော်နိုင်မှု(%) |
|---|---|---|---|---|---|
| ၁ | ကချင်ပြည်နယ် | ၁,၆၃၇,၅၀၅.၀ | ၄၂၁,၅၇၂.၇ | ၃၉၉,၃၃၉.၃ | ၉၄.၇ |
| ၂ | ကယားပြည်နယ် | ၂၅၃,၁၇၀.၆ | ၉၆,၄၄၅.၆ | ၉၇,၇၈၁.၂ | ၁၀၁.၄ |
| ၃ | ကရင်ပြည်နယ် | ၁,၂၈၈,၉၅၈.၃ | ၄၁၁,၁၀၀.၀ | ၃၆၇,၀၉၃.၀ | ၈၉.၃ |
| ၄ | ချင်းပြည်နယ် | ၂၆၈,၄၀၄.၅ | ၈၈,၄၇၉.၈ | ၈၄,၈၇၅.၄ | ၉၅.၉ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၈,၁၆၀,၇၀၆.၆ | ၂,၄၃၉,၀၆၆.၉ | ၂,၃၆၆,၅၀၀.၂ | ၉၇.၀ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၃,၇၅၆,၆၇၄.၆ | ၁,၆၆၀,၄၉၀.၈ | ၁,၅၂၆,၀၁၈.၇ | ၉၁.၉ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၅,၈၇၀,၃၈၂.၂ | ၁,၅၄၃,၅၂၃.၇ | ၁,၅၃၃,၀၈၆.၀ | ၉၉.၃ |
| ၈ | မကွေးတိုင်းဒေသကြီး | ၆,၉၄၈,၃၁၇.၁ | ၂,၆၅၁,၃၂၀.၅ | ၂,၄၅၅,၀၉၇.၉ | ၉၂.၆ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၇,၅၂၂,၅၀၀.၆ | ၂,၇၀၁,၃၈၉.၀ | ၂,၅၄၂,၈၁၄.၇ | ၉၄.၁ |
| ၁၀ | မွန်ပြည်နယ် | ၂,၉၄၇,၁၀၅.၁ | ၈၆၉,၂၅၈.၀ | ၉၄၃,၄၄၇.၅ | ၁၀၈.၅ |
| ၁၁ | ရခိုင်ပြည်နယ် | ၃,၄၅၅,၆၆၀.၀ | ၁,၃၇၁,၃၉၁.၃ | ၁,၂၄၄,၈၅၀.၇ | ၉၀.၈ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၁၅,၉၂၅,၆၇၅.၂ | ၆,၀၅၈,၉၂၄.၄ | ၅,၈၄၅,၅၂၆.၉ | ၉၆.၅ |
| ၁၃ | ရှမ်းပြည်နယ် | ၄,၄၃၈,၉၂၉.၇ | ၁,၅၆၅,၄၆၉.၁ | ၁,၄၇၉,၇၈၅.၂ | ၉၄.၅ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၉,၄၄၄,၁၈၄.၅ | ၃,၃၈၃,၁၂၉.၃ | ၃,၃၀၅,၂၃၈.၆ | ၉၇.၇ |
| ၁၅ | နေပြည်တော်ကောင်စီနယ်မြေ | ၁,၃၉၆,၁၅၆.၉ | ၅၈၆,၃၉၈.၁ | ၅၃၇,၀၈၆.၉ | ၉၁.၆ |

ဇာစ်မြစ် ။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

# ဇယား (၃-၄)

## ၂၀၁၅ -၂၀၁၆ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်နှင့် ပထမ (၆) လပတ် ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှု အခြေအနေ

## (၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းအရ)

(တန်ဖိုး - ကျပ်သန်း)

| စဉ် | ကဏ္ဍ | စီမံကိန်း ရည်မှန်းချက် တန်ဖိုး | ပထမ(၆) လပတ် လျာထားချက် တန်ဖိုး | ပထမ (၆) လပတ် အကောင်အထည် ဖော်နိုင်မှုတန်ဖိုး | ပထမ (၆) လပတ် အကောင် အထည် ဖော်နိုင်မှု(%) |
|---|---|---|---|---|---|
| ၁ | စုစုပေါင်းပြည်တွင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုး(ဂျီဒီပီ) | ၅၉,၄၇၅,၀၈၃.၇ | ၂၀,၆၉၄,၅၆၄.၆ | ၁၈,၆၈၂,၃၉၁.၈ | ၉၀.၃ |
| ၂ | လယ်ယာကဏ္ဍ | ၁၂,၂၁၇,၅၆၇.၇ | ၂,၉၄၆,၀၇၀.၄ | ၂,၇၂၆,၂၃၆.၁ | ၉၂.၅ |
| ၃ | သားငါးကဏ္ဍ | ၄,၇၉၅,၁၅၅.၀ | ၂,၂၁၇,၉၆၀.၂ | ၂,၁၈၇,၁၂၂.၄ | ၉၈.၆ |
| ၄ | သစ်တောကဏ္ဍ | ၁၀၅,၆၁၉.၄ | ၂၉,၀၉၈.၆ | ၃၄,၈၁၄.၂ | ၁၁၉.၆ |
| ၅ | စွမ်းအင်ကဏ္ဍ | ၈၂,၆၄၆.၅ | ၄၁,၃၂၃.၄ | ၄၄,၇၄၂.၆ | ၁၀၈.၃ |
| ၆ | သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ | ၄၉၄,၅၅၈.၉ | ၂၄၇,၂၇၉.၂ | ၂၇၅,၁၇၄.၇ | ၁၁၁.၃ |
| ၇ | စက်မှုလက်မှုကဏ္ဍ | ၁၂,၉၉၀,၇၁၉.၃ | ၃,၈၈၄,၈၇၄.၆ | ၃,၇၇၀,၉၇၆.၀ | ၉၇.၁ |
| ၈ | လျှပ်စစ်ဓာတ်အားကဏ္ဍ | ၆၉၈,၇၆၀.၃ | ၃၄၉,၃၈၀.၄ | ၃၆၇,၁၉၀.၆ | ၁၀၅.၁ |
| ၉ | ဆောက်လုပ်မှုကဏ္ဍ | ၃,၁၆၇,၆၃၀.၄ | ၁,၁၀၀,၉၉၃.၆ | ၉၅၀,၂၆၅.၇ | ၈၆.၃ |
| ၁၀ | ပို့ဆောင်ရေးကဏ္ဍ | ၇,၂၇၉,၉၁၁.၆ | ၃,၁၄၅,၇၁၀.၅ | ၃,၁၀၄,၅၈၅.၉ | ၉၈.၇ |
| ၁၁ | ဆက်သွယ်ရေးကဏ္ဍ | ၃,၈၄၀,၃၈၃.၆ | ၁,၉၂၀,၁၉၁.၈ | ၆၆၂,၆၃၉.၇ | ၃၄.၅ |
| ၁၂ | ငွေရေးကြေးရေးကဏ္ဍ | ၁၆၁,၄၉၃.၇ | ၆၄,၅၉၇.၄ | ၉၁,၃၁၀.၅ | ၁၄၁.၄ |
| ၁၃ | လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ | ၁,၅၀၂,၆၈၀.၆ | ၇၆၉,၁၁၉. ၃ | ၆၄၇,၀၄၁.၀ | ၈၄.၁ |
| ၁၄ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု ကဏ္ဍ | ၁,၄၀၃,၁၁၂.၃ | ၆၈၇,၅၂၅.၂ | ၆၅၈,၉၂၃.၀ | ၉၅.၈ |
| ၁၅ | ကုန်သွယ်မှုကဏ္ဍ | ၁၀,၇၃၄,၈၂၄.၄ | ၃,၂၉၀,၄၄၀.၀ | ၃,၁၆၁,၃၆၉.၄ | ၉၆.၁ |

ဓာတ်မြစ် ။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

**ဇယား (၃-၅)**

**၂၀၁၅ -၂၀၁၆ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်နှင့် ပထမ (၆) လပတ်**

**တိုင်းဒေသကြီး/ပြည်နယ်အလိုက် အကောင်အထည်ဖော်နိုင်မှု အခြေအနေ**

**(၂၀၁၀ -၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းအရ)**

(တန်ဖိုး - ကျပ်သန်း)

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | စီမံကိန်း ရည်မှန်းချက် တန်ဖိုး | ပထမ(၆) လပတ် လျာထားချက် တန်ဖိုး | ပထမ (၆) လပတ် အကောင်အထည် ဖော်နိုင်မှုတန်ဖိုး | ပထမ (၆) လပတ် အကောင် အထည် ဖော်နိုင်မှု(%) |
|---|---|---|---|---|---|
| ၁ | ကချင်ပြည်နယ် | ၁,၃၃၁,၆၂၄.၈ | ၃၃၉,၅၃၇.၃ | ၂၈၇,၇၉၅.၄ | ၈၄.၈ |
| ၂ | ကယားပြည်နယ် | ၂၁၄,၅၇၀.၃ | ၈၂,၃၆၅.၃ | ၇၉,၂၁၁.၉ | ၉၆.၂ |
| ၃ | ကရင်ပြည်နယ် | ၁,၁၁၂,၅၈၃.၁ | ၃၆၀,၆၉၄.၉ | ၃၀၈,၄၈၅.၅ | ၈၅.၅ |
| ၄ | ချင်းပြည်နယ် | ၂၃၁,၅၀၉.၂ | ၇၉,၂၆၄.၂ | ၆၄,၄၃၀.၄ | ၈၁.၃ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၆,၉၆၆,၀၃၈.၃ | ၂,၀၇၆,၉၈၀.၄ | ၁,၉၈၃,၃၈၅.၁ | ၉၅.၅ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၂,၀၅၇,၃၂၄.၂ | ၈၄၉,၂၉၁.၁ | ၈၈၄,၅၁၄.၆ | ၁၀၄.၁ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၅,၁၇၂,၄၂၅.၆ | ၁,၄၁၆,၇၆၂.၅ | ၁,၃၀၉,၄၁၇.၇ | ၉၂.၄ |
| ၈ | မကွေးတိုင်းဒေသကြီး | ၅,၆၅၄,၉၇၆.၁ | ၂,၁၇၈,၆၃၂.၁ | ၁,၉၉၇,၅၆၆.၇ | ၉၁.၇ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၆,၈၄၁,၃၃၉.၄ | ၂,၅၃၈,၆၆၂.၁ | ၂,၁၂၂,၃၃၁.၈ | ၈၃.၆ |
| ၁၀ | မွန်ပြည်နယ် | ၂,၅၆၁,၄၃၆.၄ | ၇၇၆,၇၅၆.၅ | ၈၀၄,၅၈၇.၈ | ၁၀၃.၆ |
| ၁၁ | ရခိုင်ပြည်နယ် | ၂,၁၇၆,၁၆၉.၅ | ၇၈၃,၈၆၄.၁ | ၆၆၇,၈၄၂.၉ | ၈၅.၂ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၁၃,၅၈၁,၀၄၁.၃ | ၅,၁၉၇,၁၉၄.၉ | ၄,၆၅၅,၄၈၈.၈ | ၈၉.၆ |
| ၁၃ | ရှမ်းပြည်နယ် | ၃,၈၆၇,၆၃၀.၁ | ၁,၃၇၉,၉၈၇.၅ | ၁,၂၄၅,၆၈၅.၁ | ၉၀.၃ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၆,၃၀၀,၈၉၉.၂ | ၂,၀၁၉,၁၇၈.၁ | ၁,၈၇၉,၂၄၈.၆ | ၉၃.၁ |
| ၁၅ | နေပြည်တော်ကောင်စီနယ်မြေ | ၁,၄၀၅,၅၁၆.၂ | ၆၁၅,၃၉၃.၆ | ၃၉၂,၃၉၉.၅ | ၆၃.၈ |

ဇာစ်မြစ် ။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

## ဇယား (၃-၆)

## ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ် ကဏ္ဍကြီးများအလိုက် စုစုပေါင်းပြည်တွင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)

## (၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် | | | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | စီမံကိန်း ရည်မှန်းချက် | ပထမ (၆)လပတ်အကောင်အထည်ဖော်နိုင်မှု | | စီမံကိန်းရည်မှန်းချက် | | ပထမ (၆)လပတ်အကောင်အထည်ဖော်နိုင်မှု | | |
| | | | | တန်ဖိုး | အကောင်အထည် ဖော်နိုင်မှု (ရာခိုင်နှုန်း) | တန်ဖိုး | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | အကောင်အထည် ဖော်နိုင်မှု (ရာခိုင်နှုန်း) | ယခင်နှစ်အလားတူကာလအပေါ် တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| **၁** | | **လယ်ယာကဏ္ဍကြီး** | **၁၆,၄၈၉,၃၀၈.၂** | **၄,၈၃၁,၉၁၉.၂** | **၂၉.၃** | **၁၇,၁၁၈,၃၄၂.၁** | **၃.၈** | **၄,၉၄၈,၁၇၂.၇** | **၂၈.၉** | **၂.၄** |
| | ၁ | လယ်ယာ | ၁၁,၉၄၄,၀၈၇.၈ | ၂,၇၁၈,၅၇၀.၉ | ၂၂.၈ | ၁၂,၂၁၇,၅၆၇.၇ | ၂.၃ | ၂,၇၂၆,၂၃၆.၁ | ၂၂.၃ | ၀.၃ |
| | ၂ | သားငါး | ၄,၄၃၉,၈၀၉.၉ | ၂,၀၈၀,၉၄၅.၁ | ၄၆.၉ | ၄,၇၉၅,၁၅၅.၀ | ၈.၀ | ၂,၁၈၇,၁၂၂.၄ | ၄၅.၆ | ၅.၁ |
| | ၃ | သစ်တော | ၁၀၅,၄၁၀.၅ | ၃၂,၄၀၃.၂ | ၃၀.၇ | ၁၀၅,၆၁၉.၄ | ၀.၂ | ၃၄,၈၁၄.၂ | ၃၃.၀ | ၇.၄ |
| **၂** | | **စက်မှုကဏ္ဍကြီး** | **၁၅,၈၂၇,၆၁၂.၇** | **၄,၉၇၉,၃၁၉.၉** | **၃၁.၅** | **၁၇,၄၃၄,၃၁၅.၄** | **၁၀.၂** | **၅,၄၀၈,၃၄၉.၆** | **၃၁.၀** | **၈.၆** |
| | ၁ | စွမ်းအင် | ၈၀,၅၂၄.၁ | ၄၁,၀၈၂.၄ | ၅၁.၀ | ၈၂,၆၄၆.၅ | ၂.၆ | ၄၄,၇၄၂.၆ | ၅၄.၁ | ၈.၉ |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၄၅၁,၆၇၈.၆ | ၂၀၄,၇၄၁.၉ | ၄၅.၃ | ၄၉၄,၅၅၈.၉ | ၉.၅ | ၂၇၅,၁၇၄.၇ | ၅၅.၆ | ၃၄.၄ |
| | ၃ | စက်မှုလက်မှု | ၁၁,၈၀၂,၃၈၄.၁ | ၃,၄၉၅,၀၄၄.၉ | ၂၉.၆ | ၁၂,၉၉၀,၇၁၉.၃ | ၁၀.၁ | ၃,၇၇၀,၉၇၆.၀ | ၂၉.၀ | ၇.၉ |
| | ၄ | လျှပ်စစ်ဓါတ်အား | ၆၄၀,၂၀၆.၈ | ၃၂၀,၉၆၃.၂ | ၅၀.၁ | ၆၉၈,၇၆၀.၃ | ၉.၁ | ၃၆၇,၁၉၀.၆ | ၅၂.၅ | ၁၄.၄ |
| | ၅ | ဆောက်လုပ်မှု | ၂,၈၅၂,၈၁၉.၁ | ၉၁၇,၄၈၇.၅ | ၃၂.၂ | ၃,၁၆၇,၆၃၀.၄ | ၁၁.၀ | ၉၅၀,၂၆၅.၇ | ၃၀.၀ | ၃.၆ |
| **၃** | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၂၂,၁၁၁,၃၄၂.၄** | **၇,၆၇၄,၀၁၅.၁** | **၃၄.၇** | **၂၄,၉၂၂,၄၂၆.၂** | **၁၂.၇** | **၈,၃၂၅,၈၆၉.၅** | **၃၃.၄** | **၈.၅** |
| | ၁ | ပို့ဆောင်ရေး | ၆,၆၇၅,၂၉၃.၇ | ၂,၉၀၁,၂၅၃.၂ | ၄၃.၅ | ၇,၂၇၉,၉၃၁.၆ | ၉.၁ | ၃,၁၀၄,၅၈၅.၉ | ၄၂.၆ | ၇.၀ |
| | ၂ | ဆက်သွယ်ရေး | ၂,၆၁၄,၁၇၉.၅ | ၄၅၀,၅၇၁.၆ | ၁၇.၂ | ၃,၈၄၀,၃၈၃.၆ | ၄၆.၉ | ၆၆၂,၆၃၉.၇ | ၁၇.၃ | ၄၇.၁ |
| | ၃ | ငွေရေးကြေးရေး | ၁၂၇,၆၆၀.၄ | ၇၇,၆၃၄.၈ | ၆၀.၈ | ၁၆၁,၄၉၃.၇ | ၂၆.၅ | ၉၁,၃၁၀.၅ | ၅၆.၅ | ၁၇.၆ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၁,၃၈၆,၉၃၉.၇ | ၆၁၃,၈၆၁.၁ | ၄၄.၃ | ၁,၅၀၂,၆၈၀.၆ | ၈.၃ | ၆၄၇,၀၄၁.၀ | ၄၃.၁ | ၅.၄ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု | ၁,၂၅၁,၁၃၁.၄ | ၆၀၀,၇၁၇.၀ | ၄၈.၀ | ၁,၄၀၃,၁၁၂.၃ | ၁၂.၁ | ၆၅၈,၉၂၃.၀ | ၄၇.၀ | ၉.၇ |
| | ၆ | ကုန်သွယ်မှုတန်ဖိုး | ၁၀,၀၅၆,၁၃၇.၇ | ၃,၀၂၉,၉၇၇.၄ | ၃၀.၁ | ၁၀,၇၃၄,၈၂၄.၄ | ၆.၇ | ၃,၁၆၁,၃၆၉.၄ | ၂၉.၄ | ၄.၃ |
| **၄** | | **စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး** | **၅၄,၄၂၈,၂၆၃.၃** | **၁၇,၄၈၅,၂၅၄.၂** | **၃၂.၁** | **၅၉,၄၇၅,၀၈၃.၇** | **၉.၃** | **၁၈,၆၈၂,၃၉၁.၈** | **၃၁.၄** | **၆.၈** |

## ဇယား (၃- ၇)

## ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ် တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏စုစုပေါင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး

## (၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် | | | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | စီမံကိန်းရည်မှန်းချက် | ပထမ (၆)လပတ်အကောင်အထည်ဖော်နိုင်မှု | | စီမံကိန်းရည်မှန်းချက် | | ပထမ (၆)လပတ်အကောင်အထည်ဖော်နိုင်မှု | | |
| | | | တန်ဖိုး | အကောင်အထည်ဖော်နိုင်မှု (ရာခိုင်နှုန်း) | တန်ဖိုး | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | အကောင်အထည်ဖော်နိုင်မှု (ရာခိုင်နှုန်း) | ယခင်နှစ်အလားတူကာလအပေါ် တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | ကချင်ပြည်နယ် | ၁,၂၆၁,၇၅၅.၆ | ၂၅၈,၇၅၅.၇ | ၂၀.၅ | ၁,၃၃၁,၆၂၄.၈ | ၅.၅ | ၂၈၇,၇၉၅.၄ | ၂၁.၆ | ၁၁.၂ |
| ၂ | ကယားပြည်နယ် | ၁၉၆,၃၂၀.၅ | ၇၂,၁၀၈.၅ | ၃၆.၇ | ၂၁၄,၅၇၀.၃ | ၉.၃ | ၇၉,၂၁၁.၉ | ၃၆.၉ | ၉.၉ |
| ၃ | ကရင်ပြည်နယ် | ၁,၀၀၂,၇၄၈.၉ | ၂၇၉,၆၁၄.၉ | ၂၇.၉ | ၁,၁၁၂,၅၈၃.၁ | ၁၁.၀ | ၃၀၈,၄၈၅.၅ | ၂၇.၇ | ၁၀.၃ |
| ၄ | ချင်းပြည်နယ် | ၂၂၀,၆၀၂.၄ | ၆၅,၄၇၆.၄ | ၂၉.၇ | ၂၃၁,၅၀၉.၂ | ၄.၉ | ၆၄,၄၃၀.၄ | ၂၇.၈ | -၁.၆ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၆,၃၂၉,၀၁၅.၉ | ၁,၈၃၀,၄၂၁.၈ | ၂၈.၉ | ၆,၉၆၆,၀၃၈.၃ | ၁၀.၁ | ၁,၉၈၃,၃၈၅.၁ | ၂၈.၅ | ၈.၄ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၁,၈၆၃,၁၀၁.၃ | ၇၉၈,၇၂၅.၈ | ၄၂.၉ | ၂,၀၅၇,၃၂၄.၂ | ၁၀.၄ | ၈၈၄,၅၁၄.၆ | ၄၃.၀ | ၁၀.၇ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၄,၆၇၂,၇၄၅.၃ | ၁,၂၀၉,၉၂၁.၇ | ၂၅.၉ | ၅,၁၇၂,၄၂၅.၆ | ၁၀.၇ | ၁,၃၀၉,၄၁၇.၇ | ၂၅.၃ | ၈.၂ |
| ၈ | မကွေးတိုင်းဒေသကြီး | ၅,၁၇၀,၃၁၉.၀ | ၁,၉၁၅,၂၀၂.၈ | ၃၇.၀ | ၅,၆၅၄,၉၇၆.၁ | ၉.၄ | ၁,၉၉၇,၅၆၆.၇ | ၃၅.၃ | ၄.၃ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၆,၂၁၃,၉၇၆.၇ | ၁,၉၆၆,၂၉၈.၉ | ၃၁.၆ | ၆,၈၄၁,၃၃၉.၄ | ၁၀.၁ | ၂,၁၂၂,၃၃၁.၈ | ၃၁.၀ | ၇.၉ |
| ၁၀ | မွန်ပြည်နယ် | ၂,၃၅၅,၇၉၀.၀ | ၇၄၅,၅၂၉.၀ | ၃၁.၆ | ၂,၅၆၁,၄၃၆.၄ | ၈.၇ | ၈၀၄,၅၈၇.၈ | ၃၁.၄ | ၇.၉ |
| ၁၁ | ရခိုင်ပြည်နယ် | ၂,၀၂၂,၈၉၅.၀ | ၆၄၆,၀၉၉.၇ | ၃၁.၉ | ၂,၁၇၆,၁၆၉.၅ | ၇.၆ | ၆၆၇,၈၄၂.၉ | ၃၀.၇ | ၃.၄ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၁၂,၁၁၂,၈၀၆.၈ | ၄,၃၃၇,၈၁၅.၅ | ၃၅.၈ | ၁၃,၅၈၁,၀၄၁.၃ | ၁၂.၁ | ၄,၆၅၅,၄၈၈.၈ | ၃၄.၃ | ၇.၃ |
| ၁၃ | ရှမ်းပြည်နယ် | ၃,၆၉၉,၇၉၉.၁ | ၁,၁၈၃,၇၄၂.၉ | ၃၂.၀ | ၃,၈၆၇,၆၃၀.၁ | ၄.၅ | ၁,၂၄၅,၆၈၅.၁ | ၃၂.၂ | ၅.၂ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၆,၀၀၇,၈၅၄.၆ | ၁,၇၉၁,၂၄၅.၆ | ၂၉.၈ | ၆,၃၀၀,၈၉၉.၂ | ၄.၉ | ၁,၈၇၉,၂၄၈.၆ | ၂၉.၈ | ၄.၉ |
| ၁၅ | နေပြည်တော်ကောင်စီနယ်မြေ | ၁,၂၉၈,၅၃၂.၂ | ၃၈၄,၂၉၅.၀ | ၂၉.၆ | ၁,၄၀၅,၅၁၆.၂ | ၈.၂ | ၃၉၂,၃၉၉.၅ | ၂၇.၉ | ၂.၁ |
| | **ပြည်ထောင်စုချုပ်** | **၅၄,၄၂၈,၂၆၃.၃** | **၁၇,၄၈၅,၂၅၄.၂** | **၃၂.၁** | **၅၉,၄၇၅,၀၈၃.၇** | **၉.၃** | **၁၈,၆၈၂,၃၉၁.၈** | **၃၁.၄** | **၆.၈** |

## ဇယား (၃- ၈)

## ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ် ကဏ္ဍကြီးများအလိုက် စုစုပေါင်းပြည်တွင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)

## (နှစ်အလိုက်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် | | | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | စီမံကိန်းရည်မှန်းချက် | ပထမ (၆)လပတ်အကောင်အထည်ဖော်နိုင်မှု | | စီမံကိန်းရည်မှန်းချက် | | ပထမ (၆)လပတ်အကောင်အထည်ဖော်နိုင်မှု | | |
| | | | | တန်ဖိုး | အကောင်အထည်ဖော်နိုင်မှု (ရာခိုင်နှုန်း) | တန်ဖိုး | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | အကောင်အထည်ဖော်နိုင်မှု (ရာခိုင်နှုန်း) | ယခင်နှစ်အလားတူကာလအပေါ် ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| **၁** | | **လယ်ယာကဏ္ဍကြီး** | **၁၈,၉၁၄,၄၂၁.၇** | **၅.၃၄၉.၃၈၃.၇** | **၂၈.၃** | **၂၀,၁၅၆,၁၉၈.၆** | **၆.၆** | **၅,၆၉၁,၆၅၁.၇** | **၂၈.၂** | **၆.၄** |
| | ၁ | လယ်ယာ | ၁၃,၇၅၉,၀၂၉.၉ | ၃,၀၀၄,၈၆၅.၄ | ၂၁.၈ | ၁၄,၄၅၂,၄၁၁.၉ | ၅.၀ | ၃,၀၈၆,၇၁၈.၄ | ၂၁.၄ | ၂.၇ |
| | ၂ | သားငါး | ၅,၀၄၄,၄၁၅.၂ | ၂,၃၀၉,၁၅၁.၈ | ၄၅.၈ | ၅,၅၉၁,၅၉၈.၈ | ၁၀.၈ | ၂,၅၆၅,၆၈၆.၅ | ၄၅.၉ | ၁၁.၁ |
| | ၃ | သစ်တော | ၁၁၀,၉၇၆.၆ | ၃၅,၃၆၆.၅ | ၃၁.၉ | ၁၁၂,၁၈၇.၉ | ၁.၁ | ၃၉,၂၄၆.၈ | ၃၅.၀ | ၁၁.၀ |
| **၂** | | **စက်မှုကဏ္ဍကြီး** | **၂၃.၂၂၉.၁၀၇.၉** | **၇.၈၃၁.၇၉၅.၂** | **၃၃.၇** | **၂၅.၉၅၃.၉၂၈.၅** | **၁၁.၇** | **၈.၅၇၂.၅၁၃.၅** | **၃၃.၀** | **၉.၅** |
| | ၁ | စွမ်းအင် | ၄.၄၇၅.၇၂၂.၈ | ၁,၉၁၇,၈၀၀.၈ | ၄၂.၈ | ၄,၆၆၆,၇၆၃.၉ | ၄.၃ | ၁,၉၂၀,၁၉၉.၆ | ၄၁.၁ | ၀.၁ |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၇၁၀,၃၄၄.၁ | ၂၆၂,၇၀၄.၇ | ၃၇.၀ | ၇၂၈,၇၀၇.၉ | ၂.၆ | ၃၇၇.၉၆၇.၆ | ၅၁.၉ | ၄၃.၉ |
| | ၃ | စက်မှုလက်မှု | ၁၃,၅၄၂,၅၂၈.၉ | ၄,၀၂၇,၃၀၀.၉ | ၂၉.၇ | ၁၅,၃၈၇,၈၅၇.၇ | ၁၃.၆ | ၄,၄၅၆,၇၀၅.၃ | ၂၉.၀ | ၁၀.၇ |
| | ၄ | လျှပ်စစ်ဓါတ်အား | ၁,၀၁၉,၈၉၄.၁ | ၄၆၄,၈၇၄.၃ | ၄၅.၆ | ၁,၀၉၇.၃၇၃.၉ | ၇.၆ | ၅၁၉.၀၄၉.၁ | ၄၇.၃ | ၁၁.၇ |
| | ၅ | ဆောက်လုပ်မှု | ၃,၄၈၀,၆၁၈.၀ | ၁,၁၅၉,၁၁၄.၅ | ၃၃.၃ | ၄,၀၇၃.၂၂၅.၁ | ၁၇.၀ | ၁,၂၉၈,၅၉၁.၉ | ၃၁.၉ | ၁၂.၀ |
| **၃** | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၂၄,၀၉၂,၁၇၇.၀** | **၉.၃၁၇.၅၉၉.၄** | **၃၈.၇** | **၂၇.၂၀၄.၂၀၄.၈** | **၁၂.၉** | **၁၀,၄၆၄.၃၇၇.၀** | **၃၈.၅** | **၁၂.၃** |
| | ၁ | ပို့ဆောင်ရေး | ၇.၅၄၀,၉၇၀.၄ | ၃.၂၄၆,၉၃၆.၄ | ၄၃.၁ | ၈,၃၀၀,၁၉၅.၉ | ၁၀.၁ | ၃.၅၃၁.၄၇၄.၀ | ၄၂.၅ | ၈.၈ |
| | ၂ | ဆက်သွယ်ရေး | ၅၈၈,၅၃၄.၈ | ၅၉၉,၈၃၄.၂ | ၁၀၁.၉ | ၁.၂၇၄.၂၆၉.၈ | ၁၁၆.၅ | ၆၀၈,၄၉၃.၆ | ၄၇.၈ | ၁.၄ |
| | ၃ | ငွေရေးကြေးရေး | ၉၈,၉၂၄.၀ | ၆၀,၁၅၉.၀ | ၆၀.၈ | ၁၂၅,၁၄၀.၄ | ၂၆.၅ | ၇၀,၇၅၆.၂ | ၅၆.၅ | ၁၇.၆ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၁,၈၈၆,၂၂၂.၁ | ၈၈၅,၈၅၉.၁ | ၄၇.၀ | ၂,၁၆၅,၆၃၀.၂ | ၁၄.၈ | ၁,၁၆၇,၈၈၉.၀ | ၅၃.၉ | ၃၀.၈ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု | ၁,၄၉၈,၁၇၀.၃ | ၇၃၉,၃၃၈.၁ | ၄၉.၃ | ၁,၇၃၉.၄၁၀.၉ | ၁၆.၁ | ၈၆၀,၀၉၇.၈ | ၄၉.၄ | ၁၆.၃ |
| | ၆ | ကုန်သွယ်မှုတန်ဖိုး | ၁၂.၄၇၉.၃၅၅.၄ | ၃.၇၈၅.၄၇၂.၆ | ၃၀.၃ | ၁၃.၅၉၉.၅၅၆.၆ | ၉.၀ | ၄.၂၂၅.၆၆၆.၄ | ၃၀.၁ | ၁၁.၆ |
| **၄** | | **စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး** | **၆၆,၂၃၅,၇၀၆.၆** | **၂၂.၄၉၈.၇၇၈.၃** | **၃၄.၀** | **၇၃.၃၁၄.၃၃၁.၉** | **၁၀.၇** | **၂၄.၇၂၈.၅၄၂.၂** | **၃၃.၇** | **၉.၉** |

## ဇယား (၃-၉)

## ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ် တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏စုစုပေါင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး

## (နှစ်အလိုက်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် | | | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | စီမံကိန်း ရည်မှန်းချက် | ပထမ (၆)လပတ်အကောင်အထည်ဖော်နိုင်မှု | | စီမံကိန်းရည်မှန်းချက် | | ပထမ (၆)လပတ်အကောင်အထည်ဖော်နိုင်မှု | | |
| | | | တန်ဖိုး | အကောင်အထည်ဖော်နိုင်မှု (ရာခိုင်နှုန်း) | တန်ဖိုး | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | အကောင်အထည်ဖော်နိုင်မှု (ရာခိုင်နှုန်း) | ယခင်နှစ်အလားတူကာလအပေါ် ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | ကချင်ပြည်နယ် | ၁,၅၅၁,၂၉၀.၅ | ၃၂၀,၂၈၅.၉ | ၂၀.၆ | ၁,၆၃၇,၅၀၅.၀ | ၅.၆ | ၃၉၉.၃၇၉.၃ | ၂၄.၄ | ၂၄.၇ |
| ၂ | ကယားပြည်နယ် | ၂၂၇,၈၇၆.၇ | ၈၄,၆၀၅.၉ | ၃၇.၁ | ၂၅၃,၁၇၀.၆ | ၁၁.၁ | ၉၇,၇၈၁.၂ | ၃၈.၆ | ၁၅.၆ |
| ၃ | ကရင်ပြည်နယ် | ၁,၁၃၃,၀၈၅.၄ | ၃၁၉,၄၇၃.၀ | ၂၈.၂ | ၁,၂၈၈,၉၅၈.၃ | ၁၃.၈ | ၃၆၇,၀၉၃.၀ | ၂၈.၅ | ၁၄.၉ |
| ၄ | ချင်းပြည်နယ် | ၂၄၂.၄၇၀.၄ | ၇၉.၄၁၇.၆ | ၃၂.၈ | ၂၆၈,၄၀၄.၅ | ၁၀.၇ | ၈၄,၈၇၅.၄ | ၃၁.၆ | ၆.၉ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၇.၂၃၂.၂၅၅.၇ | ၂,၁၁၃.၇၅၄.၉ | ၂၉.၂ | ၈,၁၆၀,၇၀၆.၆ | ၁၂.၈ | ၂,၃၆၆,၅၀၀.၂ | ၂၉.၀ | ၁၂.၀ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၃,၅၃၆,၁၆၆.၂ | ၁,၆၁၈,၅၆၇.၄ | ၄၅.၈ | ၃,၇၅၆,၆၇၄.၆ | ၆.၂ | ၁,၅၂၆,၀၁၈.၇ | ၄၀.၆ | -၅.၇ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၅,၁၈၈,၆၇၄.၁ | ၁,၃၇၁,၀၀၂.၁ | ၂၆.၄ | ၅,၈၇၀,၃၈၂.၂ | ၁၃.၁ | ၁,၅၃၃,၀၈၆.၀ | ၂၆.၁ | ၁၁.၈ |
| ၈ | မကွေးတိုင်းဒေသကြီး | ၆,၁၃၉,၁၃၂.၃ | ၂,၂၈၀,၇၁၉.၂ | ၃၇.၂ | ၆,၉၄၈,၃၁၇.၁ | ၁၃.၂ | ၂.၄၅၅.၀၉၇.၉ | ၃၅.၃ | ၇.၆ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၆,၇၈၆,၀၈၅.၆ | ၂.၂၈၇.၂၈၉.၀ | ၃၃.၇ | ၇.၅၂၂.၅၀၀.၆ | ၁၀.၉ | ၂.၅၄၂.၈၁၄.၇ | ၃၃.၈ | ၁၁.၂ |
| ၁၀ | မွန်ပြည်နယ် | ၂,၆၅၈,၇၁၉.၆ | ၈၄၉,၄၁၅.၀ | ၃၁.၉ | ၂.၉၄၇.၁၀၅.၁ | ၁၀.၈ | ၉၄၃.၄၄၇.၅ | ၃၂.၀ | ၁၁.၁ |
| ၁၁ | ရခိုင်ပြည်နယ် | ၂.၉၅၆,၄၀၆.၄ | ၁,၀၆၄,၀၇၆.၉ | ၃၆.၀ | ၃.၄၅၅,၆၆၁.၀ | ၁၆.၉ | ၁,၂၄၄,၈၅၀.၇ | ၃၆.၀ | ၁၇.၀ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၁၃,၉၉၀,၉၈၆.၅ | ၅.၂၅၄.၉၁၆.၅ | ၃၇.၆ | ၁၅.၉၂၅,၆၇၅.၂ | ၁၃.၈ | ၅.၈၄၅.၅၂၆.၉ | ၃၆.၇ | ၁၁.၂ |
| ၁၃ | ရှမ်းပြည်နယ် | ၄.၁၇၃.၄၄၆.၁ | ၁,၃၆၀,၈၂၈.၈ | ၃၂.၆ | ၄.၄၃၈.၉၂၉.၇ | ၆.၄ | ၁,၄၇၉.၇၈၅.၂ | ၃၃.၃ | ၈.၇ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၈.၉၇၄.၇၉၈.၂ | ၃,၀၀၅,၈၃၄.၅ | ၃၃.၅ | ၉.၄၄၄.၁၈၄.၅ | ၅.၂ | ၃.၃၀၅.၂၃၈.၆ | ၃၅.၀ | ၁၀.၀ |
| ၁၅ | နေပြည်တော်ကောင်စီနယ်မြေ | ၁,၄၄၄,၃၁၂.၉ | ၄၈၈,၅၉၁.၆ | ၃၃.၈ | ၁,၃၉၆,၁၅၆.၉ | -၃.၃ | ၅၃၇.၀၈၆.၉ | ၃၈.၅ | ၉.၉ |
| | **ပြည်ထောင်စုချုပ်** | **၆၆,၂၃၅.၇၀၆.၆** | **၂၂.၄၉၈,၇၇၈.၃** | **၃၄.၀** | **၇၃.၃၁၄.၃၃၁.၉** | **၁၀.၇** | **၂၄.၇၂၈.၅၄၂.၂** | **၃၃.၇** | **၉.၉** |

## ဇယား (၃- ၁၀)

## ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ် ကဏ္ဍကြီးများအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)

## (၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် | | | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ပထမ (၆)လပတ် | ပထမ (၆)လပတ်အကောင်အထည်ဖော်နိုင်မှု | | ပထမ (၆)လပတ် လျာထားချက် | | ပထမ (၆)လပတ်အကောင်အထည်ဖော်နိုင်မှု | | |
| | | | လျာထားချက် | တန်ဖိုး | အကောင်အထည်ဖော်နိုင်မှု ရာခိုင်နှုန်း | တန်ဖိုး | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | အကောင်အထည်ဖော်နိုင်မှု ရာခိုင်နှုန်း | ယခင်နှစ်အလားတူကာလအပေါ် တိုးတက်မှုနှုန်း(%) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| **၁** | | **လယ်ယာကဏ္ဍကြီး** | **၄,၉၆၁,၈၃၃.၄** | **၄,၈၃၁,၉၁၉.၂** | **၉၇.၄** | **၅,၁၉၃,၁၂၉.၂** | **၄.၇** | **၄,၉၄၈,၁၇၂.၇** | **၉၅.၃** | **၂.၄** |
| | ၁ | လယ်ယာ | ၂,၈၇၉,၂၁၄.၁ | ၂,၇၁၈,၅၇၀.၉ | ၉၄.၄ | ၂,၉၄၆,၀၇၀.၄ | ၂.၃ | ၂,၇၂၆,၂၃၆.၁ | ၉၂.၅ | ၀.၃ |
| | ၂ | သားငါး | ၂,၀၅၃,၅၄၃.၆ | ၂,၀၈၀,၉၄၅.၁ | ၁၀၁.၃ | ၂,၂၁၇,၉၆၀.၂ | ၈.၀ | ၂,၁၈၇,၁၂၂.၄ | ၉၈.၆ | ၅.၁ |
| | ၃ | သစ်တော | ၂၉,၀၇၅.၇ | ၃၂,၄၀၃.၂ | ၁၁၁.၄ | ၂၉,၀၉၈.၆ | ၀.၁ | ၃၄,၈၁၄.၂ | ၁၁၉.၆ | ၇.၄ |
| **၂** | | **စက်မှုကဏ္ဍကြီး** | **၅,၁၃၄,၀၀၃.၁** | **၄,၉၇၉,၃၁၉.၉** | **၉၇.၀** | **၅,၆၂၃,၈၅၁.၂** | **၉.၅** | **၅,၄၀၈,၃၄၉.၆** | **၉၆.၂** | **၈.၆** |
| | ၁ | စွမ်းအင် | ၄၀,၂၇၂.၂ | ၄၁,၀၈၂.၄ | ၁၀၂.၀ | ၄၁,၃၂၃.၄ | ၂.၆ | ၄၄,၇၄၂.၆ | ၁၀၈.၃ | ၈.၉ |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၂၂၅,၈၃၉.၃ | ၂၀၄,၇၄၁.၉ | ၉၀.၇ | ၂၄၇,၂၇၉.၂ | ၉.၅ | ၂၇၅,၁၇၄.၇ | ၁၁၁.၃ | ၃၄.၄ |
| | ၃ | စက်မှုလက်မှု | ၃,၅၄၆,၄၉၃.၅ | ၃,၄၉၅,၀၄၄.၉ | ၉၈.၅ | ၃,၈၈၄,၈၇၄.၆ | ၉.၅ | ၃,၇၇၀,၉၇၆.၀ | ၉၇.၁ | ၇.၉ |
| | ၄ | လျှပ်စစ်ဓါတ်အား | ၃၂၀,၁၀၃.၄ | ၃၂၀,၉၆၃.၂ | ၁၀၀.၃ | ၃၄၉,၃၈၀.၄ | ၉.၁ | ၃၆၇,၁၉၀.၆ | ၁၀၅.၁ | ၁၄.၄ |
| | ၅ | ဆောက်လုပ်မှု | ၁,၀၀၁,၂၉၄.၇ | ၉၁၇,၄၈၇.၅ | ၉၁.၆ | ၁,၁၀၀,၉၉၃.၆ | ၁၀.၀ | ၉၅၀,၂၆၅.၇ | ၈၆.၃ | ၃.၆ |
| **၃** | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၈,၇၉၀,၄၃၁.၈** | **၇,၆၇၄,၀၁၅.၁** | **၈၇.၃** | **၉,၈၇၇,၅၈၄.၂** | **၁၂.၄** | **၈,၃၂၅,၈၆၉.၅** | **၈၄.၃** | **၈.၅** |
| | ၁ | ပို့ဆောင်ရေး | ၃,၀၂၁,၁၁၀.၃ | ၂,၉၀၁,၂၅၃.၂ | ၉၆.၀ | ၃,၁၄၅,၇၁၀.၅ | ၄.၁ | ၃,၁၀၄,၅၈၅.၉ | ၉၈.၇ | ၇.၀ |
| | ၂ | ဆက်သွယ်ရေး | ၁,၃၀၇,၀၈၉.၈ | ၄၅၀,၅၇၁.၆ | ၃၄.၅ | ၁,၉၂၀,၁၉၀.၈ | ၄၆.၉ | ၆၆၂,၆၃၉.၇ | ၃၄.၅ | ၄၇.၁ |
| | ၃ | ငွေရေးကြေးရေး | ၄၈,၂၃၇.၂ | ၇၇,၆၃၄.၈ | ၁၆၀.၉ | ၆၄,၅၉၇.၄ | ၃၃.၉ | ၉၀,၃၁၀.၅ | ၁၄၀.၄ | ၁၇.၆ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၇၀၇,၀၉၈.၃ | ၆၁၃,၈၆၁.၁ | ၈၆.၈ | ၇၆၉,၁၁၉.၃ | ၈.၈ | ၆၄၇,၀၄၁.၀ | ၈၄.၁ | ၅.၄ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု | ၆၁၃,၀၅၄.၄ | ၆၀၀,၇၁၇.၀ | ၉၈.၀ | ၆၈၇,၅၂၅.၂ | ၁၂.၁ | ၆၅၈,၉၂၃.၀ | ၉၅.၈ | ၉.၇ |
| | ၆ | ကုန်သွယ်မှုတန်ဖိုး | ၃,၀၉၃,၈၄၁.၈ | ၃,၀၂၉,၉၇၇.၄ | ၉၇.၉ | ၃,၂၉၀,၄၄၀.၀ | ၆.၄ | ၃,၁၆၁,၃၆၉.၄ | ၉၆.၁ | ၄.၃ |
| **၄** | | **စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး** | **၁၈,၈၈၆,၂၆၈.၃** | **၁၇,၄၈၅,၂၅၄.၂** | **၉၂.၆** | **၂၀,၆၉၄,၅၆၄.၆** | **၉.၆** | **၁၈,၆၈၂,၃၉၁.၈** | **၉၀.၃** | **၆.၈** |

## ဇယား (၃- ၁၁)

## ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ် တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏စုစုပေါင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး

## (၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဥ် | တိုင်းဒေသကြီး/ပြည်နယ် | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် | | | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | ပထမ (၆)လပတ် | ပထမ (၆)လပတ်အကောင်အထည်ဖော်နိုင်မှု | | ပထမ (၆)လပတ် လျာထားချက် | | ပထမ (၆)လပတ်အကောင်အထည်ဖော်နိုင်မှု | | |
| | | လျာထားချက် | တန်ဖိုး | အကောင်အထည်ဖော်နိုင်မှု ရာခိုင်နှုန်း | တန်ဖိုး | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | အကောင်အထည်ဖော်နိုင်မှု ရာခိုင်နှုန်း | ယခင်နှစ်အလားတူကာလအပေါ် တိုးတက်မှုနှုန်း(%) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | ကချင်ပြည်နယ် | ၃၂၀,၅၃၆.၄ | ၂၅၈,၇၅၅.၇ | ၈၀.၇ | ၃၃၉,၅၃၇.၃ | ၅.၉ | ၂၈၇,၇၉၅.၄ | ၈၄.၈ | ၁၁.၂ |
| ၂ | ကယားပြည်နယ် | ၇၆,၅၂၂.၈ | ၇၂,၁၀၈.၅ | ၉၄.၂ | ၈၂,၃၆၅.၃ | ၇.၆ | ၇၉,၂၁၁.၉ | ၉၆.၂ | ၉.၉ |
| ၃ | ကရင်ပြည်နယ် | ၃၂၄,၂၄၅.၇ | ၂၇၉,၆၁၄.၉ | ၈၆.၂ | ၃၆၀,၆၉၄.၉ | ၁၁.၂ | ၃၀၈,၄၈၅.၅ | ၈၅.၅ | ၁၀.၃ |
| ၄ | ချင်းပြည်နယ် | ၇၄,၂၀၅.၁ | ၆၅,၄၇၆.၄ | ၈၈.၂ | ၇၉,၂၆၄.၂ | ၆.၈ | ၆၄,၄၃၀.၄ | ၈၁.၃ | -၁.၆ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁,၉၁၀,၆၇၀.၅ | ၁,၈၃၀,၄၂၀.၈ | ၉၅.၈ | ၂,၀၇၆,၉၈၀.၄ | ၈.၇ | ၁,၉၈၃,၃၈၅.၁ | ၉၅.၅ | ၈.၄ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၇၆၉,၁၂၃.၉ | ၇၉၈,၇၂၅.၈ | ၁၀၃.၈ | ၈၄၉,၂၉၁.၁ | ၁၀.၄ | ၈၈၄,၅၁၄.၆ | ၁၀၄.၁ | ၁၀.၇ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၁,၃၀၃,၄၆၂.၆ | ၁,၂၀၉,၉၂၀.၇ | ၉၂.၈ | ၁,၄၁၆,၇၆၂.၅ | ၈.၇ | ၁,၃၀၉,၄၁၇.၇ | ၉၂.၄ | ၈.၂ |
| ၈ | မကွေးတိုင်းဒေသကြီး | ၁,၉၉၉,၉၇၉.၆ | ၁,၉၁၅,၂၀၂.၈ | ၉၅.၈ | ၂,၁၇၈,၆၃၂.၁ | ၈.၉ | ၁,၉၉၇,၅၆၆.၇ | ၉၁.၇ | ၄.၃ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၂,၂၉၄,၆၇၀.၆ | ၁,၉၆၆,၂၉၈.၉ | ၈၅.၇ | ၂,၅၃၈,၆၆၂.၁ | ၁၀.၆ | ၂,၁၂၂,၃၃၁.၈ | ၈၃.၆ | ၇.၉ |
| ၁၀ | မွန်ပြည်နယ် | ၇၁၉,၆၁၈.၁ | ၇၄၅,၅၂၉.၀ | ၁၀၃.၆ | ၇၇၆,၇၅၆.၅ | ၇.၉ | ၈၀၄,၅၈၇.၈ | ၁၀၃.၆ | ၇.၉ |
| ၁၁ | ရခိုင်ပြည်နယ် | ၇၂၇,၃၀၀.၄ | ၆၄၆,၀၉၉.၇ | ၈၈.၈ | ၇၈၃,၈၆၄.၁ | ၇.၈ | ၆၆၇,၈၄၂.၉ | ၈၅.၂ | ၃.၄ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၄,၅၉၂,၆၀၆.၈ | ၄,၃၃၇,၈၁၅.၅ | ၉၄.၅ | ၅,၁၉၇,၁၉၄.၉ | ၁၃.၂ | ၄,၆၅၅,၄၈၈.၈ | ၈၉.၆ | ၇.၃ |
| ၁၃ | ရှမ်းပြည်နယ် | ၁,၃၂၂,၇၂၀.၆ | ၁,၁၈၃,၇၄၂.၉ | ၈၉.၅ | ၁,၃၇၉,၉၈၇.၅ | ၄.၃ | ၁,၂၄၅,၆၈၅.၁ | ၉၀.၃ | ၅.၂ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၁,၉၈၆,၇၈၂.၈ | ၁,၇၉၁,၂၄၅.၆ | ၉၀.၂ | ၂,၀၁၉,၁၇၈.၁ | ၁.၆ | ၁,၈၇၉,၂၄၈.၆ | ၉၃.၁ | ၄.၉ |
| ၁၅ | နေပြည်တော်ကောင်စီနယ်မြေ | ၄၆၃,၈၂၀.၄ | ၃၈၄,၂၉၅.၀ | ၈၂.၉ | ၆၁၅,၃၉၃.၆ | ၃၂.၇ | ၃၉၂,၃၉၉.၅ | ၆၃.၈ | ၂.၁ |
| | **ပြည်ထောင်စုချုပ်** | **၁၈,၈၈၆,၂၆၈.၃** | **၁၇,၄၈၅,၂၅၄.၂** | **၉၂.၆** | **၂၀,၆၉၄,၅၆၄.၆** | **၉.၆** | **၁၈,၆၈၂,၃၉၁.၈** | **၉၀.၃** | **၆.၈** |

## ဇယား (၃- ၁၂)

## ၂၀၁၅ -၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ် ကဏ္ဍကြီးများအလိုက် စုစုပေါင်းပြည်တွင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)

## (နှစ်အလိုက်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် | | | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ပထမ (၆)လပတ် | ပထမ (၆)လပတ်အကောင်အထည်ဖော်နိုင်မှု | | ပထမ (၆)လပတ် လျာထားချက် | | ပထမ (၆)လပတ်အကောင်အထည်ဖော်နိုင်မှု | | |
| | | | လျာထားချက် | တန်ဖိုး | အကောင်အထည်ဖော်နိုင်မှု ရာခိုင်နှုန်း | တန်ဖိုး | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | အကောင်အထည်ဖော်နိုင်မှု ရာခိုင်နှုန်း | ယခင်နှစ်အလားတူကာလအပေါ် တိုးတက်မှုနှုန်း(%) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | | **လယ်ယာကဏ္ဍကြီး** | **၅,၆၈၈,၄၄၆.၂** | **၅,၃၄၉,၃၈၃.၇** | **၉၄.၀** | **၆,၁၀၅,၈၄၄.၂** | **၇.၃** | **၅,၆၉၁,၆၅၁.၇** | **၉၃.၂** | **၆.၄** |
| | ၁ | လယ်ယာ | ၃,၃၂၅,၂၁၁.၁ | ၃,၀၀၄,၈၆၅.၄ | ၉၀.၄ | ၃,၄၈၉,၀၃၃.၇ | ၄.၉ | ၃,၀၈၆,၇၁၈.၄ | ၈၈.၅ | ၂.၇ |
| | ၂ | သားငါး | ၂,၃၃၃,၉၅၃.၆ | ၂,၃၀၉,၁၅၁.၈ | ၉၈.၉ | ၂,၅၈၇,၁၅၂.၃ | ၁၀.၈ | ၂,၅၆၅,၆၈၆.၅ | ၉၉.၂ | ၁၁.၁ |
| | ၃ | သစ်တော | ၂၉,၂၈၁.၅ | ၃၅,၃၆၆.၅ | ၁၂၀.၈ | ၂၉,၆၅၈.၂ | ၁.၃ | ၃၉,၂၄၆.၈ | ၁၃၂.၃ | ၁၁.၀ |
| ၂ | | **စက်မှုကဏ္ဍကြီး** | **၈,၃၉၃,၇၆၁.၆** | **၇,၈၃၁,၇၉၅.၂** | **၉၃.၃** | **၉,၂၆၁,၇၃၀.၄** | **၁၀.၃** | **၈,၅၇၂,၅၁၃.၅** | **၉၂.၆** | **၉.၅** |
| | ၁ | စွမ်းအင် | ၂,၂၃၇,၈၆၁.၇ | ၁,၉၁၇,၈၀၀.၈ | ၈၅.၇ | ၂,၃၃၃,၃၈၂.၀ | ၄.၃ | ၁,၉၂၀,၁၉၉.၆ | ၈၂.၃ | ၀.၁ |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၃၅၅,၁၇၂.၀ | ၂၆၂,၇၀၄.၇ | ၇၄.၀ | ၃၆၁,၀၅၃.၆ | ၁.၇ | ၃၇၇,၉၆၇.၆ | ၁၀၄.၇ | ၄၃.၉ |
| | ၃ | စက်မှုလက်မှု | ၄,၀၆၉,၃၉၇.၆ | ၄,၀၂၇,၃၀၀.၉ | ၉၉.၀ | ၄,၆၀၁,၇၃၈.၈ | ၁၃.၁ | ၄,၄၅၆,၇၀၅.၃ | ၉၆.၈ | ၁၀.၇ |
| | ၄ | လျှပ်စစ်ဓါတ်အား | ၅၀၉,၉၄၇.၀ | ၄၆၄,၈၇၄.၃ | ၉၁.၂ | ၅၄၈,၆၈၇.၄ | ၇.၆ | ၅၁၉,၀၄၉.၁ | ၉၄.၆ | ၁၁.၇ |
| | ၅ | ဆောက်လုပ်မှု | ၁,၂၂၁,၃၈၃.၃ | ၁,၁၅၉,၁၁၄.၅ | ၉၄.၉ | ၁,၄၁၆,၈၆၈.၆ | ၁၆.၀ | ၁,၂၉၈,၅၉၀.၉ | ၉၁.၇ | ၁၂.၀ |
| ၃ | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၉,၃၂၅,၆၅၆.၄** | **၉,၃၁၇,၅၉၉.၄** | **၉၉.၉** | **၁၀,၄၈၀,၃၈၄.၆** | **၁၂.၄** | **၁၀,၄၆၄,၃၇၇.၀** | **၉၉.၈** | **၁၂.၃** |
| | ၁ | ပို့ဆောင်ရေး | ၃,၄၄၃,၈၅၄.၆ | ၃,၂၄၆,၉၃၆.၄ | ၉၄.၃ | ၃,၆၃၇,၉၆၁.၆ | ၅.၆ | ၃,၅၃၁,၄၇၄.၀ | ၉၇.၁ | ၈.၈ |
| | ၂ | ဆက်သွယ်ရေး | ၂၉၄,၂၆၇.၄ | ၅၉၉,၈၃၄.၂ | ၂၀၃.၈ | ၆၃၇,၁၃၄.၉ | ၁၁၆.၅ | ၆၀၈,၄၉၃.၆ | ၉၅.၅ | ၁.၄ |
| | ၃ | ငွေရေးကြေးရေး | ၃၇,၃၇၉.၃ | ၆၀,၁၅၉.၀ | ၁၆၀.၉ | ၅၀,၀၅၆.၁ | ၃၃.၉ | ၇၀,၇၅၆.၂ | ၁၄၁.၄ | ၁၇.၆ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၉၆၀,၄၆၄.၈ | ၈၈၅,၈၅၉.၁ | ၉၂.၂ | ၁,၀၉၄,၄၄၁.၅ | ၁၃.၉ | ၁,၁၆၇,၈၈၉.၀ | ၁၀၆.၇ | ၃၁.၈ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု | ၇၃၄,၁၀၃.၂ | ၇၃၉,၃၃၈.၁ | ၁၀၀.၇ | ၈၅၂,၃၁၁.၆ | ၁၆.၁ | ၈၆၀,၀၉၇.၈ | ၁၀၀.၉ | ၁၆.၃ |
| | ၆ | ကုန်သွယ်မှုတန်ဖိုး | ၃,၈၅၅,၅၈၇.၁ | ၃,၇၈၅,၄၇၂.၆ | ၉၈.၂ | ၄,၂၀၈,၄၇၈.၉ | ၉.၂ | ၄,၂၂၅,၆၆၆.၄ | ၁၀၀.၄ | ၁၁.၆ |
| ၄ | | **စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး** | **၂၃,၄၀၇,၈၆၄.၂** | **၂၂,၄၉၈,၇၇၈.၃** | **၉၆.၁** | **၂၅,၈၄၇,၉၅၉.၂** | **၁၀.၄** | **၂၄,၇၂၈,၅၄၂.၂** | **၉၅.၇** | **၉.၉** |

## ဇယား (၃- ၁၃)

## ၂၀၁၅ -၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ် တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ စုစုပေါင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး

## (နှစ်အလိုက်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် | | | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | ပထမ (၆)လပတ် | ပထမ (၆)လပတ်အကောင်အထည်ဖော်နိုင်မှု | | ပထမ (၆)လပတ် လျာထားချက် | | ပထမ (၆)လပတ်အကောင်အထည်ဖော်နိုင်မှု | | |
| | | လျာထားချက် | တန်ဖိုး | အကောင်အထည် ဖော်နိုင်မှု ရာခိုင်နှုန်း | တန်ဖိုး | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | အကောင်အထည် ဖော်နိုင်မှု ရာခိုင်နှုန်း | ယခင်နှစ်အလားတူကာလအပေါ် တိုးတက်မှုနှုန်း(%) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | ကချင်ပြည်နယ် | ၄၀၇,၂၅၄.၁ | ၃၂၀,၂၈၅.၉ | ၇၈.၆ | ၄၂၀,၅၇၂.၇ | ၃.၅ | ၃၉၉,၃၃၉.၃ | ၉၄.၇ | ၂၄.၇ |
| ၂ | ကယားပြည်နယ် | ၈၈,၂၇၆.၇ | ၈၄,၆၀၅.၉ | ၉၅.၈ | ၉၆,၄၄၅.၆ | ၉.၃ | ၉၇,၇၈၁.၂ | ၁၀၁.၄ | ၁၅.၆ |
| ၃ | ကရင်ပြည်နယ် | ၃၅၈,၄၅၉.၁ | ၃၁၉,၄၇၃.၀ | ၈၉.၁ | ၄၁၁,၁၀၀.၀ | ၁၄.၇ | ၃၆၇,၀၉၃.၀ | ၈၉.၃ | ၁၄.၉ |
| ၄ | ချင်းပြည်နယ် | ၇၈,၂၀၉.၆ | ၇၉,၄၁၇.၆ | ၁၀၁.၅ | ၈၈,၄၇၉.၈ | ၁၃.၁ | ၈၄,၈၇၅.၄ | ၉၅.၉ | ၆.၉ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၂,၁၈၁,၂၄၂.၆ | ၂,၁၁၃,၇၅၄.၉ | ၉၆.၉ | ၂,၄၃၉,၀၆၆.၉ | ၁၁.၈ | ၂,၃၆၆,၅၀၀.၂ | ၉၇.၀ | ၁၂.၀ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၁,၅၇၀,၅၃၃.၄ | ၁,၆၁၈,၅၆၇.၄ | ၁၀၃.၁ | ၁,၆၆၀,၄၉၀.၈ | ၅.၇ | ၁,၅၂၆,၀၁၈.၇ | ၉၁.၉ | -၅.၇ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၁,၃၉၀,၅၂၈.၆ | ၁,၃၇၁,၀၀၂.၁ | ၉၈.၆ | ၁,၅၄၃,၅၂၃.၇ | ၁၁.၀ | ၁,၅၃၃,၀၈၆.၀ | ၉၉.၃ | ၁၁.၈ |
| ၈ | မကွေးတိုင်းဒေသကြီး | ၂,၃၅၄,၀၈၆.၆ | ၂,၂၈၀,၇၁၉.၂ | ၉၆.၉ | ၂,၆၅၁,၃၂၀.၅ | ၁၂.၆ | ၂,၄၅၅,၀၉၇.၉ | ၉၂.၆ | ၇.၆ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၂,၄၄၆,၈၆၃.၉ | ၂,၂၈၇,၂၈၉.၀ | ၉၃.၅ | ၂,၇၀၀,၃၈၉.၀ | ၁၀.၄ | ၂,၅၄၂,၈၁၄.၇ | ၉၄.၁ | ၁၁.၂ |
| ၁၀ | မွန်ပြည်နယ် | ၇၈၈,၆၄၃.၀ | ၈၄၉,၄၁၅.၀ | ၁၀၇.၇ | ၈၆၉,၂၅၈.၀ | ၁၀.၂ | ၉၄၃,၄၄၇.၅ | ၁၀၈.၅ | ၁၁.၁ |
| ၁၁ | ရခိုင်ပြည်နယ် | ၁,၁၅၄,၇၈၄.၉ | ၁,၀၆၄,၀၇၆.၉ | ၉၂.၁ | ၁,၃၇၁,၃၉၁.၃ | ၁၈.၈ | ၁,၂၄၄,၈၅၀.၇ | ၉၀.၈ | ၁၇.၀ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၅,၂၈၃,၁၃၁.၅ | ၅,၂၅၄,၉၁၆.၅ | ၉၉.၅ | ၆,၀၅၈,၉၂၄.၄ | ၁၄.၇ | ၅,၈၄၅,၅၂၆.၉ | ၉၆.၅ | ၁၁.၂ |
| ၁၃ | ရှမ်းပြည်နယ် | ၁,၄၇၈,၀၃၂.၇ | ၁,၃၆၀,၈၂၈.၈ | ၉၂.၁ | ၁,၅၆၅,၄၆၉.၁ | ၅.၉ | ၁,၄၇၉,၇၈၅.၂ | ၉၄.၅ | ၈.၇ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၃,၃၂၆,၁၃၁.၀ | ၃,၀၀၅,၈၃၄.၅ | ၉၀.၄ | ၃,၃၈၃,၁၂၉.၃ | ၁.၇ | ၃,၃၀၅,၂၃၈.၆ | ၉၇.၇ | ၁၀.၀ |
| ၁၅ | နေပြည်တော်ကောင်စီနယ်မြေ | ၅၀၁,၆၈၆.၅ | ၄၈၈,၅၉၁.၆ | ၉၇.၄ | ၅၈၆,၃၉၈.၁ | ၁၆.၉ | ၅၃၇,၀၈၆.၉ | ၉၁.၆ | ၉.၉ |
| | **ပြည်ထောင်စုချုပ်** | **၂၃,၄၀၇,၈၆၄.၂** | **၂၂,၄၉၈,၇၇၈.၃** | **၉၆.၁** | **၂၅,၈၄၇,၉၅၉.၂** | **၁၀.၄** | **၂၄,၇၂၈,၅၄၂.၂** | **၉၅.၇** | **၉.၉** |

**မော်တော်ယာဉ်တင်သွင်းမှု။** ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် အမေရိကန်ဒေါ်လာ ၉.၂ သန်း တန်ဖိုးရှိ မော်တော်ဆိုင်ကယ် ၇,၇၄၅ စီး၊ အမေရိကန်ဒေါ်လာ ၁၈.၉ သန်း တန်ဖိုးရှိ ထွန်စက် ၁၁,၀၈၄ စီး၊ အမေရိကန် ဒေါ်လာ ၃၁၅.၀ သန်း တန်ဖိုးရှိ ကုန်တင်ယာဉ် ၂၉,၇၈၇ စီး၊ အမေရိကန် ဒေါ်လာ ၁၉၂.၃ သန်း တန်ဖိုးရှိ ခရီးသည်တင်ယာဉ်နှင့် VAN ကား ၁၃,၂၈၇ စီး၊ အမေရိကန်ဒေါ်လာ ၂၄၃.၄ သန်း တန်ဖိုးရှိ မော်တော်ကား (ဆလွန်း) ၃၉,၃၅၂ စီး၊ အမေရိကန် ဒေါ်လာ ၁.၀ သန်း တန်ဖိုးရှိ အထူးကိစ္စရပ်အတွက် အသုံးပြုသော မော်တော်ယာဉ် ၅၆ စီး တင်သွင်းခဲ့ပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် အမေရိကန်ဒေါ်လာ ၄၂.၉ သန်း တန်ဖိုးရှိ မော်တော်ဆိုင်ကယ် ၃၄,၇၈၃ စီး၊ အမေရိကန်ဒေါ်လာ ၂၄.၄ သန်း တန်ဖိုးရှိ ထွန်စက် ၂၁,၇၇၉ စီး၊ အမေရိကန် ဒေါ်လာ ၂၅၃.၅ သန်း တန်ဖိုးရှိ ကုန်တင်ယာဉ် ၂၅,၁၇၈ စီး၊ အမေရိကန် ဒေါ်လာ ၁၄၂.၄ သန်း တန်ဖိုးရှိ ခရီးသည်တင်ယာဉ်နှင့် VAN ကား ၁၄,၄၉၅ စီး၊ အမေရိကန်ဒေါ်လာ ၂၃၆.၇သန်း တန်ဖိုးရှိ မော်တော်ကား (ဆလွန်း) ၂၅,၇၀၉ စီး၊ အမေရိကန် ဒေါ်လာ ၈.၄ သန်း တန်ဖိုးရှိ အထူးကိစ္စရပ်အတွက် အသုံးပြုသော မော်တော်ယာဉ် ၁၀၁ စီး တင်သွင်းခဲ့ပါသည်။

**လျှပ်စစ်ဓာတ်အားနှင့်စွမ်းအင်။** ပြည်တွင်း လျှပ်စစ်ဓာတ်အား သုံးစွဲမှုသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် ကီလိုဝပ်နာရီ ၇,၁၁၈ သန်း ရှိပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် ကီလိုဝပ်နာရီ ၈,၂၈၅.၈ သန်း ရှိပါသည်။ လျှပ်စစ်မီးရရှိခဲ့ပြီးသော ကျေးရွာများမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပထမ (၆) လပတ်ထိ ၂၅,၉၂၉ ရွာ ဖြစ်ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကုန်အထိ ၂၈,၁၉၄ ရွာဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် ၂၈,၄၃၅ ရွာ ဖြစ်သောကြောင့် ၂၄၁ ရွာ ထပ်မံ မီးရရှိခဲ့ပါသည်။ ရေနံစိမ်းထုတ်လုပ်မှုမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပထမ(၆) လပတ်တွင် အမေရိကန် စည်ထောင် ပေါင်း ၃,၅၅၅.၈၁၁ ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် အမေရိကန် စည်ထောင်ပေါင်း ၃,၀၈၈.၂၃၇ ဖြစ်ပါ သည်။ သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပထမ (၆)လပတ်တွင် ကုဗပေ သန်းပေါင်း ၃၀၁,၄၄၉ ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် ကုဗပေ သန်းပေါင်း ၃၄၁,၈၄၁ ဖြစ်ပါသည်။

**ဆက်သွယ်ရေးနှင့်မိုဘိုင်းဖုန်းအသုံးပြုနိုင်မှု။** တပ်ဆင်ပြီး အော်တိုတယ်လီဖုန်းလိုင်းများမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် လိုင်းပေါင်း ၅၂၆,၄၅၄ ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် လိုင်းပေါင်း ၅၂၅,၈၉၉ ဖြစ်ပါသည်။ မိုဘိုင်းဖုန်း အသုံးပြုနိုင်မှုမှာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ အော်ရီဒူး မြန်မာလီမိတက်နှင့် တယ်လီနော မြန်မာလီမိ

တက်တို့မှ စုစုပေါင်းတပ်ဆင်ပြီး မိုဘိုင်းဖုန်းလိုင်းများမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် လိုင်းပေါင်း ၁၂,၈၉၈,၄၁၅ ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆) လပတ်တွင် လိုင်းပေါင်း ၃၇,၃၀၂,၀၆၇ အထိ တိုးတက်လာခဲ့ပါသည်။

**တယ်လီဖုန်းသုံးစွဲမှု။** လူဦးရေ ၁,၀၀၀ လျှင်သုံးစွဲနိုင်သော တယ်လီဖုန်းမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် ၂၆၂ လုံးဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် ၇၃၅ လုံးထိ တိုးတက်လာပါသည်။ အင်တာနက်အသုံးပြုမှုတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ အော်ရီဒူးမြန်မာလီမိတက်နှင့် တယ်လီနောမြန်မာလီမိတက်တို့မှ စုစုပေါင်း တပ်ဆင်ပြီး အင်တာနက်လိုင်း အရေအတွက်မှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် ၅,၄၄၈,၅၈၁ လိုင်းဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆) လပတ်တွင် ၂၈,၀၃၂,၅၁၄ လိုင်းထိ တိုးတက်လာခဲ့ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် အစိုးရစာတိုက်ပေါင်း ၁,၃၈၆ ခု ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် အစိုးရစာတိုက်ပေါင်း ၁,၃၇၉ ခု ဖြစ်ပါသည်။

**သယ်ယူပို့ဆောင်ရေး။** ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပထမ(၆)လပတ်အထိ လမ်းဦးစီးဌာနက ဆောင်ရွက်လျက်ရှိသော လမ်းအရှည်မှာ ကီလိုမီတာ ၄၀,၂၈၃ ဖြစ်ပြီး၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ်အထိ လမ်းအရှည်မှာ ကီလိုမီတာ ၄၀,၅၇၂ ဖြစ်ပါသည်။ လမ်းသိပ်သည်းဆမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပထမ (၆) လပတ်အထိ တစ်စတုရန်း ကီလိုမီတာ လျှင် ၀.၀၅၉၅ ကီလိုမီတာဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ်အထိ တစ်စတုရန်း ကီလိုမီတာ လျှင် ၀.၀၆၀၀ ကီလိုမီတာဖြစ်ပါသည်။ မျက်နှာပြင်ပါသောလမ်း (ကတ္တရာလမ်း၊ ကွန်ကရစ်လမ်း) မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပထမ (၆) လပတ်အထိ ကီလိုမီတာ ၂၁,၄၆၀ ဖြစ်ပြီး၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ်အထိ ကီလိုမီတာ ၂၄,၂၀၀ ဖြစ်ပါသည်။ ယာဉ် အသုံးပြုမှုတွင် စုစုပေါင်း မှတ်ပုံတင်သောယာဉ်မှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပထမ (၆) လပတ် လပတ်တွင် စီးရေ ၄,၇၆၉,၅၃၂ ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် စီးရေ ၅,၇၇၉,၁၀၃ ထိ တိုးတက်လာခဲ့ပါသည်။ မှတ်ပုံတင်ထားသော ခရီးသည်နှင့် ကုန်တင်မော်တော်ယာဉ်မှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် စီးရေ ၆၁၇,၉၂၆ ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် စီးရေ ၈၇၀,၃၈၁ ထိ တိုးတက်လာပါသည်။ ခရီးသည်တင်ယာဉ်မှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် စီးရေ ၄၁၂,၀၄၀ ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် စီးရေ ၅၈၁,၀၀၇ ထိ တိုးတက်လာပါသည်။ ကုန်တင်ယာဉ်မှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် စီးရေ ၂၀၅,၈၈၆ ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် စီးရေ ၂၈၉,၃၇၄ ထိ တိုးတက်လာခဲ့ပါသည်။ မီးရထားလမ်း

အရှည်မှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ်ထိတွင် သံလမ်းမိုင် ၄,၉၃၃ မိုင် ဖြစ်ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် မီးရထားခရီးသည် ၂၅.၁၈ သန်း ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် ခရီးသည် ၂၂.၀၁ သန်း ဖြစ်ပါသည်။ တစ်ကီလိုမီတာလျှင် သွားရောက်ခဲ့သည့် ခရီးသည်ဦးရေမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပထမ (၆) လပတ်ကုန်အတွင်း ၃,၁၇၀ ဦး ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ်အတွင်း ၃,၆၀၂ ဦး ဖြစ်ပါသည်။ ကုန်တန်ချိန်မှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် ကုန်တန်ချိန် ၁.၁ သန်း ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် ကုန်တန်ချိန် ၁.၀ သန်း ဖြစ်ပါသည်။ ပြည်တွင်းလေဆိပ်မှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် လေဆိပ် ၆၆ ခု ရှိခဲ့ပြီး လေဆိပ်အသစ် ဆောက်လုပ်မှု မရှိ၍ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ်ကုန်အထိ အရေအတွက် ပြောင်းလဲခြင်းမရှိပါ ။ အပြည်ပြည်ဆိုင်ရာလေဆိပ်မှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပထမ (၆) လ ပတ်တွင် လေဆိပ် ၃ ခု ရှိပြီး အသစ်ဆောက်လုပ်မှုမရှိ၍ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် အရေအတွက် ပြောင်းလဲခြင်း မရှိပါ ။ လေယာဉ်ခေါက်ရေမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် ၂၄,၈၃၇ ခေါက်ရေ ရှိခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဧပြီလ မှ ဇူလိုင်လ အထိ ၁၁,၈၂၃ ခေါက်ရေ ရှိပါသည်။

**ဆိပ်ကမ်း။** ဆိပ်ကမ်းအခြေအနေမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် သင်္ဘောအဝင်စီးရေ ၁,၈၆၇ စီး ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် သင်္ဘောအဝင်စီးရေ ၂,၁၇၈ စီး ဖြစ်ပါသည်။ စုစုပေါင်း ပို့ကုန်/သွင်းကုန် ကုန်သေတ္တာပေါင်း (၂၀ ပေ တူညီယူနစ် လုံးရေ) မှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် ကုန်သေတ္တာ ၃၆၃.၄၃၅ TEU (000) ရှိခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် ကုန်သေတ္တာ ၄၀၀.၀၂၁ TEU (000) ရှိခဲ့ပါသည်။ ကုန်သေတ္တာအပါစုစုပေါင်းပို့ကုန်၊ သွင်းကုန်အားလုံးမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် မက်ထရစ်တန် ထောင်ပေါင်း ၁၅,၇၅၂ ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ပထမ (၆) လပတ်တွင် မက်ထရစ်တန် ထောင်ပေါင်း ၁၅,၅၂၇ ဖြစ်ပါသည်။ ပြည်တွင်း ကုန်စည်ပမာဏ မှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် တန် ၁.၄၄၅ သန်း ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် တန် ၀.၅၈၄ သန်း ဖြစ်ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် ပြည်ပဆိပ်ကမ်း ၉ ခု ရှိခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ်ကုန်အထိ အရေအတွက် ပြောင်းလဲခြင်း မရှိပါ။ ပြည်ပ ကုန်စည်ပမာဏမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် တန် ၁၄.၃၀၆ သန်း ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ်ကုန်အထိတွင် တန် ၁၄.၉၄၃ သန်း ဖြစ်ပါသည်။

**ပုံနှိပ်ထုတ်ဝေ အဆင့်ရှိ မီဒီယာ။** ကြေးမုံသတင်းစာ ထုတ်ဝေမှုမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် စောင်ရေ ၃၂.၄၄၁ သန်း ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ်ထုတ်ဝေမှုမှာ စောင်ရေ ၃၀.၉၈၄ သန်း ဖြစ်ပါသည်။ မြန်မာ့အလင်းသတင်းစာ ထုတ်ဝေမှုမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် စောင်ရေ ၂၅.၃၆၅ သန်း ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ် ထုတ်ဝေမှုမှာ စောင်ရေ ၂၄.၉၈၆ သန်း ဖြစ်ပါသည်။ The Global New Light of Myanmar သတင်းစာထုတ်ဝေမှုမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် စောင်ရေ ၂.၇၆၇ သန်း ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ် ထုတ်ဝေမှုမှာ စောင်ရေ ၂.၈၀၂ သန်း ဖြစ်ပါသည်။ မြဝတီသတင်းစာထုတ်ဝေမှု အရေအတွက်မှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် စောင်ရေ ၈.၁၁၆ သန်း ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် စောင်ရေ ၁၂.၂၉၁ သန်း ဖြစ်ပါသည်။ မြို့တော်သတင်းစာ ထုတ်ဝေမှု အရေအတွက်မှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် စောင်ရေ ၁.၅၄၂ သန်း ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် စောင်ရေ ၁.၅၂၂ သန်း ဖြစ်ပါသည်။ ရတနာပုံ သတင်းစာထုတ်ဝေမှု အရေအတွက်မှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် စောင်ရေ ၁.၁၉၉ သန်းဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆) လပတ်တွင် စောင်ရေ ၁. ၂၂၂ သန်း ဖြစ်ပါသည်။

**အီလက်ထရောနစ်မီဒီယာ။** ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် အစိုးရပိုင် မြန်မာ ရုပ်သံလိုင်းမှာ ၁၄ ခုဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် ၁၅ ခု ဖြစ်ပါသည်။ ဖက်စပ်လုပ်ငန်းတွင် မြန်မာ (MRTV-4)နှင့် ဆက်စပ်ရုပ်သံလိုင်းမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပထမ (၆) လပတ်နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တို့တွင် ၁၀ ခု ဖြစ်ပါသည်။ အင်္ဂလိပ် (MI) နှင့် Sky Net ရုပ်သံလိုင်းမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပထမ (၆) လပတ်နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တို့တွင် ၁၀၈ ခု ဖြစ်ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပထမ (၆) လပတ် နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တို့တွင် အစိုးရပိုင် မြန်မာရေဒီယိုလိုင်း ၁၉ ခု နှင့် အင်္ဂလိပ်လိုင်း ၁ ခု ရှိပြီး ဖက်စပ်မြန်မာလိုင်း ၆ ခုစီ ရှိပါသည်။

**လူမှုရေးဖွံ့ဖြိုးတိုးတက်မှုအခြေအနေ။** လူမှုရေးဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို ဖော်ပြရလျှင် စုစုပေါင်းနှစ်လယ် လူဦးရေမှာ ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်တွင် ၅၁.၇၀ သန်း ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၅၂.၂၂ သန်း ဖြစ်ပါသည်။ ကျားဦးရေမှာ ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်တွင် ၂၄.၉၄ သန်း ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၂၅.၁၉ သန်း ဖြစ်ပါသည်။ မ ဦးရေမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၂၆.၇၇ သန်း ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၂၇.၀၃ သန်း ဖြစ်ပါသည်။

လူဦးရေတိုးတက်မှုနှုန်းမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၁.၀၁ % ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၁.၀၀ % ဖြစ်ပါသည်။

**လူဦးရေသိပ်သည်းမှု**။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် နှစ်လယ်လူဦးရေတွင် တစ်စတုရန်း ကီလိုမီတာလျှင် ၇၆.၄ ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် နှစ်လယ်လူဦးရေတွင် တစ်စတုရန်းကီလိုမီတာလျှင် ၇၇.၂ ဖြစ်ပါသည်။

**မြို့ပြ/ကျေးလက်နေလူဦးရေ**။ မြို့ပြလူဦးရေမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် နှစ်လယ်တွင် ၁၅.၁၇ သန်း ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် နှစ်လယ်တွင် ၁၅.၃၅ သန်း ဖြစ်ပါသည်။ ကျေးလက်လူဦးရေမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် နှစ်လယ်တွင် ၃၆.၅၃ သန်း ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် နှစ်လယ်တွင် ၃၆.၈၇ သန်း ဖြစ်ပါသည်။

**ဇယား(၃-၁၄)**

**၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် လူဦးရေ အခြေအနေ**

| အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ် |
|---|---|---|
| **လူဦးရေ** | | |
| စုစုပေါင်း | ဦးရေ(ထောင်) | ၅၂,၂၁၉ |
| ကျား | ဦးရေ(ထောင်) | ၂၅,၁၈၆ |
| မ | ဦးရေ(ထောင်) | ၂၇,၀၃၃ |
| မြို့ပြလူဦးရေ | ဦးရေ(ထောင်) | ၁၅,၃၄၈ |
| ကျေးလက် လူဦးရေ | ဦးရေ(ထောင်) | ၃၆,၈၇၁ |
| လူဦးရေသိပ်သည်းမှု (population Density) | တစ်စတုရန်း ကီလိုမီတာ | ၇၇.၂ |

**ဇယား(၃-၁၅)**

**၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ်ကုန်အထိ တည်ရှိမှုအခြေအနေ**

| အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပထမ (၆) လပတ် | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ် |
|---|---|---|---|
| **အခြေခံအဆောက်အအုံဆိုင်ရာ သုံးစွဲမှု** | | | |
| **လျှပ်စစ်ဓာတ်အား** | | | |
| လျှပ်စစ်မီးရရှိသောကျေးရွာ | ဦးရေ | ၂၅,၉၂၉ | ၂၈,၄၃၅ |
| **ဆက်သွယ်ရေး** | | | |
| အော်တိုတယ်လီဖုန်းလိုင်းများ | လိုင်း | ၅၂၆,၄၅၄ | ၅၂၅,၈၉၉* |
| မိုဘိုင်းဖုန်းလိုင်း | လိုင်း | ၁၂,၈၉၈,၄၁၅ | ၃၇,၃၀၂,၀၆၇* |
| လူဦးရေ ၁,၀၀၀ လျှင်သုံးစွဲနိုင်သော တယ်လီဖုန်း | လုံး | ၂၆၂ | ၇၃၅* |
| အင်တာနက်/ အီးမေးလ်လိုင်း | လိုင်း | ၅,၄၄၈,၅၈၁ | ၂၈,၀၃၂,၅၁၄* |
| *၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ပထမ(၆)လပတ်ယာယီစာရင်းဖြစ်ပါသည်။ | | | |
| **စာတိုက်** | | | |
| အစိုးရစာတိုက် | ခု | ၁,၃၈၆ | ၁,၃၇၉ |
| **လမ်း** | | | |
| စုစုပေါင်းလမ်းအရှည် | ကီလိုမီတာ | ၄၀,၂၈၃ | ၄၀,၅၇၂ |
| လမ်းသိပ်သည်းဆ | ကီလိုမီတာ/ စတုရန်း ကီလိုမီတာ | ၀.၀၅၉၅ | ၀.၀၆၀၀ |
| မျက်နှာပြင်ပါသောလမ်း (ကတ္တရာလမ်း၊ ကွန်ကရစ်လမ်း) | ကီလိုမီတာ | ၂၁,၄၆၀ | ၂၄,၂၀၀ |
| **ယာဉ်အသုံးပြုမှု** | | | |
| စုစုပေါင်းမှတ်ပုံတင်ယာဉ် | စီး | ၄,၇၆၉,၅၃၂ | ၅,၇၇၉,၁၀၃ |
| စုစုပေါင်းမှတ်ပုံတင် မော်တော်ယာဉ် (ခရီးသည်+ ကုန်တင်) | စီး | ၆၁၇,၉၂၆ | ၈၇၀,၃၈၁ |
| ခရီးသည်တင်ယာဉ် | စီး | ၄၁၂,၀၄၀ | ၅၈၁,၀၀၇ |
| ကုန်တင်ယာဉ် | စီး | ၂၀၅,၈၈၆ | ၂၈၉,၃၇၄ |

ဇယား(၃-၁၅)အဆက်



| အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပထမ (၆) လပတ် | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ် |
|---|---|---|---|
| **ဆည်နှင့်ကန် ရေပေးဝေနိုင်မည့် ဧရိယာ** | | | |
| စုစုပေါင်း | ဧက | ၄,၁၅၂,၆၆၂* | ၄,၂၄၂,၆၆၂* |
| ဆည် | ဧက | ၁,၄၆၀,၆၁၇* | ၁,၄၆၀,၆၁၇* |
| ကန် | ဧက | ၂,၆၉၂,၀၄၅* | ၂,၇၈၂,၀၄၅* |
| * သက်ဆိုင်ရာ ဘဏ္ဍာနှစ်တွင်ရှိသည့် ဆည်၊ ကန်များမှ ရေပေးဝေနိုင်မည့် ဧရိယာဖြစ်ပါသည်။ | | | |
| **အခြေခံ လိုအပ်ချက်များ သုံးစွဲမှု** | | | |
| **ကျန်းမာရေး** | | | |
| ပြည်သူ့ဆေးရုံများ | ဦးရေ | ၁,၀၀၀ | ၁,၀၈၅ |
| ပုဂ္ဂလိကဆေးရုံများ | ဦးရေ | ၁၇၅ | ၁၈၂ |
| ပုဂ္ဂလိက ဆေးခန်းများ | ဦးရေ | ၄,၂၆၆ | ၃,၉၁၁ |
| ပြည်သူ့ဆေးရုံများရှိ ခုတင် ဦးရေ | ဦးရေ | ၄၆,၅၁၅ | ၅၀,၄၉၃ |
| **ပညာရေး** | | | |
| **အခြေခံ ပညာရေး (အစိုးရ)** | | | |
| ကျောင်း | ဦးရေ | ၄၄,၄၀၄ | ၄၅,၃၇၈ |
| ကျောင်းသား | ဦးရေ ထောင်ပေါင်း | ၈,၈၅၄ | ၈,၈၇၆ |
| ဆရာ/ဆရာမ | ဦးရေ | ၃၁၂,၂၄၄ | ၃၂၂,၅၁၄ |
| **အခြေခံ ပညာရေး (ပုဂ္ဂလိက)** | | | |
| ကျောင်း | ဦးရေ | ၂၈၀ | ၃၃၅ |
| ကျောင်းသား | ဦးရေ | ၇၅,၄၆၀ | ၁၀၄,၅၈၆ |
| ဆရာ/ဆရာမ | ဦးရေ | ၅,၂၀၀ | ၅,၂၀၀ |
| **အဆင့်မြင့် ပညာရေး(အစိုးရ)** | | | |
| ကျောင်း | ဦးရေ | ၁၆၃ | ၁၇၀ |
| ကျောင်းသား | ဦးရေ | ၆၅၂,၀၃၇ | ၇၆၇,၂၂၁ |
| ဆရာ/ဆရာမ | ဦးရေ | ၂၃,၃၁၆ | ၂၆,၁၅၂ |
| **သက်ကြီးစာတတ်မြောက်မှုနှုန်း** | % | ၉၅.၄၁ | ၉၅.၅၀ |
| **အီလက်ထရောနစ်မီဒီယာ** | | | |
| **တယ်လီဗီးရှင်းလိုင်းများ (အစိုးရ)** | | | |
| မြန်မာ (MRTV,MWD) | ခု | ၁၄ | ၁၅ |

| အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပထမ (၆) လပတ် | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ် |
|---|---|---|---|
| **တယ်လီဗီးရှင်းလိုင်းများ (ဖက်စပ်)** | | | |
| မြန်မာ(MRTV-4) နှင့် ဆက်စပ်ရုပ်သံလိုင်းများ | ခု | ၁၀ | ၁၀ |
| အင်္ဂလိပ်(MI) နှင့် Sky Net ရုပ်သံလိုင်းများ | ခု | ၁၀၈ | ၁၀၈ |
| **ရေဒီယိုလိုင်းများ (အစိုးရ)** | | | |
| ပြန်ကြားရေးမှမြန်မာ (မြန်မာ့အသံ တိုင်းရင်းသား) | ခု | ၁၇ | ၁၇ |
| ပြန်ကြားရေးမှ အင်္ဂလိပ် (မြန်မာ့အသံ အင်္ဂလိပ်) | ခု | ၁ | ၁ |
| ကာကွယ်ရေးမှ မြန်မာ(သဇင်) | ခု | ၁ | ၁ |
| ရန်ကုန်စည်ပင်(City FM) | ခု | ၁ | ၁ |
| **ရေဒီယိုလိုင်းများ (ဖက်စပ်)** | | | |
| မြန်မာ(ဒေသဆိုင်ရာFM များ) | ခု | ၆ | ၆ |

**ဇယား(၃-၁၆)**

**၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ် ဆောင်ရွက်မှု အခြေအနေ**

| အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပထမ (၆) လပတ် | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ် |
|---|---|---|---|
| **ဆိပ်ကမ်း** | | | |
| သင်္ဘောအဝင် | စီး | ၁,၈၆၇ | ၂,၁၇၈ |
| စုစုပေါင်း ပို့ကုန်/သွင်းကုန် ကုန်သေတ္တာပေါင်း | TEU(000) | ၃၆၃.၄၃၅ | ၄၀၀.၀၂၁ |
| ကုန်သေတ္တာ အပါစုစုပေါင်းပို့ကုန်/ သွင်းကုန် အားလုံး | မက်ထရစ်တန် ထောင် | ၁၅,၇၅၂ | ၁၅,၅၂၇ |
| ပြည်တွင်းကုန်စည်ပမာဏ | တန် (သန်း) | ၁.၄၄၅ | ၀.၅၈၄ |
| ပြည်ပကုန်စည်ပမာဏ | တန် (သန်း) | ၁၄.၃၀၆ | ၁၄.၉၄၃ |
| **မော်တော်ယာဉ်တင်သွင်းမှု (အရေအတွက်)** | | | |
| မော်တော်ဆိုင်ကယ် | စီး | ၇,၇၄၅ | ၃၄,၇၈၃ |
| ထွန်စက် | စီး | ၁၁,၀၈၄ | ၂၁,၇၇၉ |
| ကုန်တင်ယာဉ် | စီး | ၂၉,၇၈၇ | ၂၅,၁၇၈ |
| ခရီးသည်တင်ယာဉ်နှင့် VANကားများ | စီး | ၁၃,၂၈၇ | ၁၄,၄၉၅ |
| မော်တော်ကား(ဆလွန်း) | စီး | ၃၉,၃၅၂ | ၂၅,၇၀၉ |
| အထူးကိစ္စအတွက်အသုံးပြုသောယာဉ်များ (Special Purpose Motor Vehicle) | စီး | ၅၆ | ၁၀၁ |
| **မော်တော်ယာဉ်တင်သွင်းမှု (တန်ဖိုး)** | | | |
| မော်တော်ဆိုင်ကယ် | ဒေါ်လာ သန်း | ၉.၂ | ၄၂.၉ |
| ထွန်စက် | ဒေါ်လာ သန်း | ၁၈.၉ | ၂၄.၄ |
| ကုန်တင်ယာဉ် | ဒေါ်လာ သန်း | ၃၁၅.၀ | ၂၅၃.၅ |
| ခရီးသည်တင်ယာဉ်နှင့် VAN ကားများ | ဒေါ်လာ သန်း | ၁၉၂.၃ | ၁၄၂.၄ |
| မော်တော်ကား(ဆလွန်း) | ဒေါ်လာ သန်း | ၂၄၃.၄ | ၂၃၆.၇ |
| အထူးကိစ္စအတွက်အသုံးပြုသော ယာဉ်များ (Special Purpose Motor Vehicle) | ဒေါ်လာ သန်း | ၁.၀ | ၈.၄ |

| အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပထမ (၆) လပတ် | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ် |
|---|---|---|---|
| **မီးရထား** | | | |
| ခရီးသည် | သန်း | ၂၅.၁၈ | ၂၂.၀၁ |
| ခရီးသည် (တစ်ကီလိုမီတာလျှင်) | ဦးရေ | ၃,၁၇၀ | ၃,၆၀၂ |
| ကုန်တန်ချိန် | သန်း | ၁.၁ | ၁.၀ |
| **မြို့ပြလေကြောင်း** | | | |
| လေယာဉ်ခေါက်ရေ | ခေါက် | ၂၄,၈၃၇ | ၁၁,၈၂၃* |
| * ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဧပြီလမှ ဇူလိုင်လကုန်အထိ စာရင်းအရ ဖြစ်ပါသည်။ | | | |
| **နိုင်ငံရပ်ခြားခရီးသည်များ** | | | |
| ကမ္ဘာလှည့် ခရီးသည်များ | ဦးရေ | ၁,၃၈၀,၆၁၅ | ၂,၁၈၈,၈၂၆ |
| **ပုံနှိပ်မီဒီယာ** | | | |
| ကြေးမုံ သတင်းစာ | သန်း | ၃၂.၄၄၁ | ၃၀.၉၈၄ |
| မြန်မာ့အလင်း သတင်းစာ | သန်း | ၂၅.၃၆၅ | ၂၄.၉၈၆ |
| The Global New Light of Myanmar | သန်း | ၂.၇၆၇ | ၂.၈၀၂ |
| မြဝတီ သတင်းစာ | သန်း | ၈.၁၁၆ | ၁၂.၂၉၁ |
| မြို့တော် သတင်းစာ | သန်း | ၀.၅၄၂ | ၀.၅၂၂ |
| ရတနာပုံ သတင်းစာ | သန်း | ၀.၁၉၉ | ၀.၂၂၂ |
| **ပြည်တွင်းလျှပ်စစ်ဓာတ်အားသုံးစွဲမှု** | ကီလိုဝပ်နာရီ သန်း | ၇,၁၁၈.၀ | ၈,၂၈၅.၈ |
| **စွမ်းအင် ထုတ်လုပ်မှု** | | | |
| ရေနံစိမ်းထုတ်လုပ်မှု (Production of Crude Oil) | အမေရိကန်စည် ထောင် | ၃,၅၅၅.၈၁၁ | ၃,၀၈၈.၂၃၇ |
| သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု (Production of Natural Gas) | ကုဗပေ သန်း | ၃၀၁,၄၄၉ | ၃၄၁,၈၄၁ |

## အခန်း(၄)

## ငွေကြေးမူဝါဒ၊ ဘဏ္ဍာရေးမူဝါဒ၊ အရ-အသုံးခန့်မှန်းခြေငွေစာရင်း

နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေးရည်မှန်းချက်များနှင့်အညီ ဘဏ္ဍာရေးမူဝါဒများနှင့် ငွေကြေးမူဝါဒများကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ပြည်သူ့ဘဏ္ဍာငွေရှာဖွေခြင်း၊ ထိန်းသိမ်းခြင်းနှင့် ခွဲဝေသုံးစွဲခြင်း၊ ကုန်ဈေးနှုန်းတည်ငြိမ်စေခြင်း၊ စုဆောင်းငွေတိုးမြှင့်စေရန် ဆောင်ရွက်ခြင်း၊ ပုဂ္ဂလိကငွေကြေးလိုအပ်ချက်အတွက် ပံ့ပိုးပေးခြင်း၊ ဘဏ်ဝန်ဆောင်မှု နည်းလမ်းသစ်များ ဖော်ထုတ်ခြင်း၊ ဘဏ်လုပ်ငန်းစွမ်းရည် မြင့်မားစေရန်နှင့် ခေတ်မီဖွံ့ဖြိုးစေရန် ဆောင်ရွက်ခြင်းတို့ကို အကောင်အထည်ဖော်လျက် ရှိပါသည်။ ငွေကြေးအရင်းအမြစ်များကိုစုစည်း၍ အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် ပြည်တွင်းပြည်ပအပ်ငွေကို လက်ခံနိုင်ရန်၊ စီးပွားရေးတိုးတက်ရန်အတွက် ရင်းနှီးမြှုပ်နှံမှုများကို ငွေကြေးဝန်ဆောင်မှုဖြင့် မြှင့်တင်ပေးရန်စသည့် မူဝါဒ၊ ရည်မှန်းချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

**ငွေကြေးမူဝါဒ (Monetary Policy)**

မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် ငွေကြေးတည်ငြိမ်ရေး၊ ငွေရေးကြေးရေးစနစ်တည်ငြိမ်ရေး၊ ထိရောက်သောငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ်များ ခိုင်မာတိုးတက်ရေး၊ ရှင်သန်သော စီးပွားရေးဖွံ့ဖြိုးမှုရရှိစေရန် အစိုးရအဖွဲ့၏ အထွေထွေစီးပွားရေး မူဝါဒများကို အထောက်အကူပြုရေးစသည့် ငွေကြေးမူဝါဒများကို ချမှတ်ခဲ့ပြီး အောက်ပါငွေကြေးကဏ္ဍပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိပါသည်-

(က) ငွေကြေးမူဝါဒရေးရာမူဘောင်နှင့် နိုင်ငံခြားငွေလဲလှယ်နှုန်းမူဝါဒများ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ခ) နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှု၊ ဘဏ်တွင်းစာရင်းစစ်ဆေးမှု၊ ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ် ဖွံ့ဖြိုးတိုးတက်စေရန်၊

(ဂ) ပုဂ္ဂလိကငွေရေးကြေးရေးကဏ္ဍ တိုးတက်ရေးအတွက် ပုဂ္ဂလိကအာမခံ လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ခွင့်ပြုရန်နှင့် အထွေထွေအာမခံ လုပ်ငန်းများကို အမေရိကန်ဒေါ်လာဖြင့် လက်ခံဆောင်ရွက်ပေးရန်၊

ချမှတ်ထားသည့် မူဝါဒများအရ ငွေရေးကြေးရေးကဏ္ဍကို အောက်ပါအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

(က) ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် စက်တင်ဘာလကုန်အထိ ပုဂ္ဂလိကဘဏ် (၂၃) ဘဏ်မှ ဘဏ်ခွဲပေါင်း (၁၁၄၁) ဘဏ် ဖွင့်လှစ်နိုင်ခဲ့ပြီး နိုင်ငံခြားဘဏ် (၈) ခု၊ နိုင်ငံခြားဘဏ် ကိုယ်စားလှယ်ရုံးခွဲ (၅၆) ခု၊ နိုင်ငံခြားငွေရေးကြေးရေးကုမ္ပဏီ (၁) ခု နှင့် ပြည်တွင်းငွေရေးကြေးရေးကုမ္ပဏီ (၁၀) ခု ဖွင့်လှစ်ဆောင်ရွက်လျက် ရှိပါသည်။

(ခ) ငွေလွှဲပို့ခြင်း၊ လွှဲပို့ငွေထုတ်ယူခြင်းများ အဆင်ပြေစေရန် ခေတ်မီ Core Banking စနစ်အသုံးပြု၍ အွန်လိုင်းစနစ်ဖြင့် ဝန်ဆောင်မှုလုပ်ငန်း စတင်ဆောင်ရွက်လျက် ရှိပါသည်။

(ဂ) ၁-၇-၂၀၁၅ ရက်နေ့မှ စတင်၍ မြန်မာ့အာမခံလုပ်ငန်းနှင့် ပုဂ္ဂလိကအာမခံလုပ်ငန်း ၁၁ ခုအား ကျန်းမာရေးအာမခံလုပ်ကိုင်ခွင့်ပြုခဲ့ပြီး အထွေထွေအာမခံလုပ်ငန်း လုပ်ကိုင်သည့် ပုဂ္ဂလိကအာမခံကုမ္ပဏီများကိုလည်း ၁-၈-၂၀၁၅ ရက်နေ့မှ စတင်၍ ရေကြောင်းကုန်ပစ္စည်း အာမခံလုပ်ငန်းကို လုပ်ကိုင်ခွင့်ပြုကြောင်း အကြောင်းကြားစာ ဖြန့်ဝေခဲ့ပါသည်။

(ဃ) ငွေရေးကြေးရေးအဖွဲ့အစည်းများကို စောင့်ကြည့်ကြီးကြပ်စစ်ဆေးခြင်း (Off-site Monitoring) နှင့် ကွင်းဆင်းကြီးကြပ်စစ်ဆေးခြင်း (On-site Examination) နည်းလမ်းများအသုံးပြု၍ စောင့်ကြပ်စစ်ဆေးလျက်ရှိပါသည်။

**ဘဏ္ဍာရေးမူဝါဒ (Fiscal Policy)**

နိုင်ငံတော်၏ ဘဏ္ဍာရေးစီမံခန့်ခွဲရေး၊ နိုင်ငံတော်၏လိုအပ်ချက်အရ ဦးစားပေးကဏ္ဍ သတ်မှတ်ရေး၊ နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများကို စီးပွားရေးဆန်ဆန် ဆောင်ရွက်စေရေး၊ ရှင်းလင်းလွယ်ကူသော အခွန်ပေးဆောင်မှုစနစ် ဖြစ်ပေါ်လာစေရေးနှင့် ရသင့်ရထိုက်သော အခွန်ငွေများ ပြည့်ဝစွာရရှိစေရေးစသည့် မူဝါဒချမှတ်ပြီး ရည်မှန်းချက်တာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်-

(က) နိုင်ငံတော်၏ ငွေကြေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ငွေစာရင်းသုံးစွဲမှုများကို စိစစ်ဆောင်ရွက်ရန်၊

(ခ) ပြည်သူတို့၏ ငွေကြေးရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ တိုးပွားလာစေရန်၊

(ဂ) ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုစနစ်များ ပြုပြင်ပြောင်းလဲရန်၊

(ဃ) ပုဂ္ဂလိကအာမခံလုပ်ငန်းများ စနစ်တကျ ဖြစ်ထွန်းပေါ်ပေါက်လာစေရန်၊

(င) အခွန်အကောက်ဆိုင်ရာဥပဒေများကို ပြန်လည်ပြင်ဆင်ပြဋ္ဌာန်း၍ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် တပြေးညီဖြစ်စေရေး ဆောင်ရွက်ပေးရန်၊

ဖော်ပြပါ မူဝါဒများအရ အောက်ပါပြုပြင်ပြောင်းလဲရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်-

(က) မြန်မာနိုင်ငံ တွင်းထွက်သယံဇာတ အရင်းအမြစ်တူးဖော်ရေး လုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ခြင်း (Myanmar Extractive Industries Transparency Initative-MEITI) အစီရင်ခံစာ ထုတ်ပြန်နိုင်ရေးအတွက် ကြိုတင်ညှိနှိုင်း ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီး မြန်မာနိုင်ငံ EITI First Report ကို ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

(ခ) မြန်မာနိုင်ငံ၏ နိုင်ငံ့ဝန်ထမ်းလစာနှင့် ပင်စင်စရိတ်ဆိုင်ရာ ရသုံးခန့်မှန်းခြေငွေစာရင်း ရေးဆွဲမှုနည်းစနစ်များ ပြန်လည်သုံးသပ်မှုလုပ်ငန်းစဉ် ဖွံ့ဖြိုးတိုးတက်မှုနှင့်စပ်လျဉ်း၍ ဆွေးနွေးနိုင်ရန် ကမ္ဘာ့ဘဏ်မှ Pay, Compensation and Human Resource Review Mission နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

(ဂ) နိုင်ငံပိုင်ဘဏ်များ ပြုပြင်ပြောင်းလဲရေးနှင့် ငွေကြေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကမ္ဘာ့ဘဏ်၏ ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးမစ်ရှင်အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

(င) ပြည်တွင်းအခွန်များဦးစီးဌာနမှ ကုန်သွယ်လုပ်ငန်းခွန် မကျသင့်သည့် ကုန်စည်နှင့်ဝန်ဆောင်မှုအမျိုးအမည်များ ခွဲခြား၍ ထုတ်ပြန်ဆောင်ရွက်လျက် ရှိပါသည်။

(စ) အကောက်ခွန်ဦးစီးဌာနမှ အကောက်ခွန် လုပ်ထုံးလုပ်နည်းများဖြင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရန် ဆောင်ရွက်လျက်ရှိပါသည်။

**အရ-အသုံးခန့်မှန်းခြေငွေစာရင်း**

ပြည်ထောင်စုဝန်ကြီးဌာနများ၏ ရန်ပုံငွေလွှဲပြောင်းသုံးစွဲရေးနှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့်အညီ စနစ်တကျ ဆောင်ရွက်နိုင်ရေးအတွက် ပြဋ္ဌာန်းချက်များအား အသိပေးအကြောင်းကြားခြင်း၊ ငွေကြေးဆိုင်ရာကိစ္စရပ်များနှင့် လစဉ်ငွေကြေးသုံးစွဲမှု

စာရင်းများကို ပြုစုခြင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပြည်ထောင်စုမှ တိုင်းဒေသကြီး/ ပြည်နယ်များသို့ ထောက်ပံ့ပေးသည့် အငှားအိမ်ရာ စီမံကိန်းများအတွက် အိမ်ရာပုံစံများနှင့် ခန့်မှန်းနှုန်းထားများအား ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ ပြုစုပေးပို့ခြင်း၊ အစိုးရဘဏ္ဍာရေးစာရင်းအင်းများ (Government Financial Statistics -GFS) ထိန်းသိမ်းမှု စွမ်းရည်ကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် IMF မှ ကျွမ်းကျင်ပညာရှင်နှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ပြည်ထောင်စုအဆင့် ဌာန/အဖွဲ့အစည်းများ၏ သာမန်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်များအနက် နိုင်ငံခြားငွေဖြင့်ကျခံရမည့် အသုံးစရိတ်များအတွက် နိုင်ငံခြားငွေများသတ်မှတ်လျာထားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ ဘဏ္ဍာရေး ပွင့်လင်းမြင်သာမှုပိုမိုရရှိရန်အတွက် ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ အချက်အလက်များ (Citizen's Budget) စာစောင် ထုတ်ပြန်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ ပြည်နယ်များမှ စုစုပေါင်းရငွေ ကျပ် ၇,၇၆၈,၉၉၁.၅၈၇ သန်းတွင် သာမန်ရငွေ ကျပ် ၇,၁၂၇,၇၄၁.၃၂၂ သန်း၊ ငွေလုံးငွေရင်းရငွေ ကျပ် ၂၀၀,၆၅၈.၅၇၂ သန်း ဖြစ်ပြီး ကြွေးမြီရငွေ ကျပ် ၄၄၀,၅၉၁.၆၉၃ သန်း ဖြစ်ပါသည်။ စုစုပေါင်းရငွေအနက် တိုင်းဒေသကြီး/ ပြည်နယ်မှ စုစုပေါင်းရငွေမှာ ကျပ် ၁,၂၄၄,၅၈၅.၄၆၄ သန်းဖြစ်၍ စုစုပေါင်းရငွေအပေါ် တိုင်းဒေသကြီး/ ပြည်နယ်မှ ၁၆.၀၂၀ ရာခိုင်နှုန်းရရှိပါသည်။ သာမန်ရငွေအနက် တိုင်းဒေသကြီး/ပြည်နယ်မှ ကျပ် ၁,၁၈၃,၁၀၇.၈၇၀ သန်း၊ ငွေလုံးငွေရင်းရငွေအနက် တိုင်းဒေသကြီး/ပြည်နယ်မှ ကျပ် ၆၁,၃၈၁.၁၇၃ သန်းနှင့် ကြွေးမြီရငွေအနက် တိုင်းဒေသကြီး/ပြည်နယ်မှ ကျပ် ၉၆.၄၂၁ သန်း ရရှိပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ ပြည်နယ်များမှ စုစုပေါင်းအသုံးစရိတ် ကျပ် ၉,၂၃၁,၀၁၇.၃၄၂ သန်းဖြစ်ပြီး သာမန်အသုံးစရိတ် ကျပ် ၆,၈၁၄,၄၃၂.၁၅၇ သန်း၊ ငွေလုံးငွေရင်းအသုံးစရိတ် ကျပ် ၁,၉၁၃,၇၅၀.၉၉၁ သန်းနှင့် ကြွေးမြီအသုံးစရိတ် ကျပ် ၅၀၂,၈၃၄.၁၉၄ သန်း ဖြစ်ပါသည်။ စုစုပေါင်း အသုံးစရိတ်အနက် တိုင်းဒေသကြီး/ပြည်နယ် စုစုပေါင်းအသုံးစရိတ် ကျပ် ၁,၀၀၀,၄၇၄.၄၁၆ သန်းဖြစ်၍ ၁၀.၈၃၈ ရာခိုင်နှုန်းပါဝင်ပါသည်။ သာမန်အသုံးစရိတ်အနက် တိုင်းဒေသကြီး/ပြည်နယ်မှ ကျပ် ၃၉၃,၄၆၀.၇၁၀ သန်း၊ ငွေလုံးငွေရင်းအသုံးစရိတ်အနက် တိုင်းဒေသကြီး/ပြည်နယ်မှ ကျပ်

၆၀၆,၁၂၅.၀၉၉ သန်းနှင့် ကြွေးမြီအသုံးစရိတ်အနက် တိုင်းဒေသကြီး/ပြည်နယ်မှ ကျပ် ၈၈၈.၆၀၇ သန်း ရရှိပါသည်။

ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ဘဏ္ဍာငွေခွဲဝေသုံးစွဲမှုမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် တိုင်းဒေသကြီး/ပြည်နယ်များ၏ သာမန်အသုံးစရိတ် စုစုပေါင်းတွင် ကယားပြည်နယ်သည် ကျပ် ၆,၈၄၃.၇၀၅ သန်းဖြင့် အနည်းဆုံးဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးသည် ကျပ် ၅၉,၁၁၃.၁၈၂ သန်းဖြင့် အများဆုံး ဖြစ်ပါသည်။ ငွေလုံးငွေရင်း အသုံးစရိတ်တွင် မွန်ပြည်နယ်သည် ကျပ် ၈,၇၅၆.၄၈၉ သန်းဖြင့် အနည်းဆုံးဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးသည် ကျပ် ၁၂၉,၄၃၇.၅၁၆ သန်းဖြင့် အများဆုံး ဖြစ်ပါသည်။ တိုင်းဒေသကြီး/ပြည်နယ်များ၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ် စုစုပေါင်းအသုံးစရိတ်တွင် သာမန်အသုံးစရိတ် ၃၉.၃၂၇ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်း အသုံးစရိတ် ၆၀.၅၈၄ ရာခိုင်နှုန်းနှင့် ကြွေးမြီ ၀.၀၈၉ ရာခိုင်နှုန်း ဖြစ်ပေါ်ခဲ့ပါသည်။

**အခွန်အကောက်ရငွေ အခြေအနေ**

နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲနေသော စီးပွားရေးစနစ်နှင့် လိုက်လျောညီထွေ ဖြစ်စေရန် အခွန်ဥပဒေများကို ပြင်ဆင်ဆောင်ရွက်ခဲ့ပြီး အခွန်အကောက်အမျိုးအစား (၄) မျိုးကို တိုးချဲ့ကောက်ခံရန် သတ်မှတ်ခဲ့ပါသည်။ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးတွင် အခွန်ထမ်းကိုယ်တိုင် ကျသင့်အခွန်ကို တွက်ချက်ပေးဆောင်စေသည့်စနစ်ကို စမ်းသပ်ကျင့်သုံးခြင်းနှင့် ရလာဒ်များကို ပြန်လည်သုံးသပ်၍ အလယ်အလတ်လုပ်ငန်းများဆိုင်ရာ အခွန်ရုံးကို ၂၀၁၅ ခုနှစ် ဖွင့်လှစ်၍ လုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိပါသည်။ အခြားနိုင်ငံများ၏ Goods and Services Tax (GST) နှင့် Value Added Tax – VAT တို့ကို လေ့လာလျက် International Tax and Investment Centre – ITIC ၏ ကူညီပံ့ပိုးမှုဖြင့် အထူးကုန်စည်ခွန် ဥပဒေမူကြမ်း Special Commercial Tax ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။ လက်ရှိကျင့်သုံးနေသောအကောက်ခွန်ဥပဒေ (၃) မျိုးအနက် ပင်လယ်ကြောင်းအကောက်ခွန် အက်ဥပဒေနှင့် ကုန်းလမ်းအကောက်ခွန်အက်ဥပဒေတို့ကို ပြန်လည်ပြင်ဆင် ရေးဆွဲခဲ့ပါသည်။ ပြင်ဆင်ထုတ်ပြန်ပြီးဖြစ်သည့် ပင်လယ်ကြောင်း အကောက်ခွန်အက်ဥပဒေနှင့် ကုန်းလမ်းအကောက်ခွန် အက်ဥပဒေတို့နှင့်ပတ်သက်၍ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက်

Manual လက်စွဲများ ပြင်ဆင်ရေးဆွဲဆောင်ရွက်လျက်ရှိပြီး လိုအပ်သော Notification အမိန့် ညွှန်ကြားချက်များ ထုတ်ပြန်နိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာနမှ အခွန်ကောက်ခံရရှိမှု**

အစီရင်ခံသည့်ကာလအတွင်း အခွန်အမျိုးအစားအလိုက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ်ကုန်အထိ ကောက်ခံရရှိမှု အခြေအနေကို ဖော်ပြပါသည်။

**ဇယား (၄-၁) ပြည်တွင်းအခွန်များဦးစီးဌာနမှအခွန်ကောက်ခံရရှိမှု**

(ကျပ်သန်း)

| စဉ် | အခွန်အမျိုးအစား | ပထမ(၆)လပတ် ကောက်ခံရရှိမှု |
|---|---|---|
| ၁ | ကုန်သွယ်လုပ်ငန်းခွန် | ၅၂၂,၈၉၃.၁၂၄ |
| ၂ | ဝင်ငွေခွန် | ၆၈၁,၈၂၇.၂၁၅ |
| ၃ | တံဆိပ်ခေါင်းခွန် | ၂၄,၂၇၁.၇၅၁ |
| ၄ | အောင်ဘာလေသိန်းဆုခွန် | ၁၂,၇၂၁.၃၇၈ |
| | စုစုပေါင်း | ၁,၂၄၁,၇၁၃.၄၆၈ |

ဇာစ်မြစ်။ ဘဏ္ဍာရေးဝန်ကြီးဌာန

**အကောက်ခွန်ဦးစီးဌာနမှ အခွန်ကောက်ခံရရှိမှု**

နိုင်ငံတော်မှ အထူးစီးပွားရေးဇုန်များ အကောင်အထည်ဖော်လျက်ရှိရာ အကောက်ခွန် လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်လျက်ရှိပါသည်။ ကုန်ပစ္စည်းများ အလိုအလျောက် ရှင်းလင်း ထုတ်ပေးနိုင်ရေးအတွက် Myanmar Automated Cargo Clearance System (MACCS) ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ အကောက်ခွန်နှုန်းထား လျှော့ချပြင်ဆင် သတ်မှတ်ခြင်း၊ ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ၊ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့များ၊ စည်ပင်သာယာရေးကော်မတီနှင့် အဖွဲ့များ၌ နိုင်ငံတော်ပိုင်ငွေနှင့် ပစ္စည်းများဆုံးရှုံးသည့်အခါ စာရင်းမှ ပယ်ဖျက်နိုင်သည့် လုပ်ပိုင်ခွင့်များ (ကာကွယ်ရေးဌာနမပါ) ကို ပြင်ဆင်သတ်မှတ်ခြင်း၊ ကုန်သွယ်လုပ်ငန်းခွန် မကျသင့်သည့် ကုန်စည်များနှင့် ပတ်သက်သော အဓိပ္ပါယ် သတ်မှတ်ချက် များကို ထုတ်ပြန်ခြင်း၊ အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်ပေးရန် မလိုသော ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ သတ်မှတ်ခြင်းတို့နှင့် စပ်လျဉ်းသည့်ကိစ္စများကို ဆောင်ရွက်လျက် ရှိပါသည်။

အကောက်ခွန်ဦးစီးဌာနအနေဖြင့် အစီရင်ခံသည့်ကာလအတွင်း အခွန်ငွေကောက်ခံရရှိမှု(ရုံးချုပ်) ကျပ် ၁၈၅,၆၂၂.၆၃ သန်း ဖြစ်ပြီး၊ (မြို့နယ်ရုံး) များတွင် အခွန်ငွေကောက်ခံရရှိမှု ကျပ် ၄၀,၄၄၅.၆၀ သန်း ဖြစ်ပါသည်။

**ပင်စင်လစာနှင့် လုပ်သက်ဆုငွေအခြေအနေ**

ပင်စင်ဦးစီးဌာနသည် ဦးစီးဌာနများနှင့် နိုင်ငံတော်စီးပွားရေးအဖွဲ့အစည်းများမှ ပင်စင်အမှုတွဲများကို လက်ခံဆောင်ရွက်လျက်ရှိပြီး အစီရင်ခံသည့်ကာလအတွင်း အငြိမ်းစားလစာငွေ ကျပ် ၁,၁၃၂.၂၃၆ သန်းနှင့် လုပ်သက်ဆုငွေ ကျပ် ၂၉,၃၅၂.၃၃၀ သန်း ထုတ်ပေးနိုင်ခဲ့ပါသည်။

**အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်လာစေမည့် စတော့အိပ်ချိန်းအခြေအနေ**

ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်း ကုမ္ပဏီလိုင်စင်လျှောက်လွှာများကို လက်ခံစိစစ်ပြီး မကြာမီလိုင်စင်ထုတ်ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ရန်ကုန်စတော့အိတ်ချိန်း တည်ထောင်ရန်အတွက် လျှောက်လွှာလက်ခံစိစစ်၍ (၂၇-၄-၂၀၁၅) ရက်နေ့တွင် လိုင်စင်ထုတ်ပေးခဲ့ပါသည်။ ရန်ကုန်စတော့အိတ်ချိန်းတွင် မှတ်ပုံတင်၍ အစုရှယ်ယာရောင်းချခွင့်ပြုမည့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီများ၏ အရည်အသွေးဆိုင်ရာ "စံ" သတ်မှတ်ချက်များကို ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့တွင် နိုင်ငံပိုင်သတင်းစာများနှင့် ဂျာနယ်များတွင် ထုတ်ပြန်ကြေငြာခြင်း၊ အများပြည်သူသိရှိရန် ဟောပြောပွဲများ ပြုလုပ်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

**လုပ်ငန်းစီမံကိန်းများအကောင်အထည်ဖော်နိုင်မှု**

နိုင်ငံပိုင်အခန်း လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်နိုင်မှုကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ်အတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနမှ ကျပ် ၁,၀၉၁.၅၂၃ သန်း ရင်းနှီးမြှုပ်နှံခဲ့ရာတွင် သစ်တောဦးစီးဌာနမှ ကျပ်၂၁၇.၁၀၃ သန်း၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ကျပ် ၈၃၈.၆၆၅ သန်း နှင့် မြန်မာ့သစ်လုပ်ငန်းမှ ကျပ် ၃၅.၇၅၅ သန်း တို့ ရင်းနှီးမြှုပ်နှံခဲ့ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ကျပ် ၂၀၂,၀၉၄.၀၇၄ သန်း ရင်းနှီးမြှုပ်နှံခဲ့ရာတွင် ဆည်မြောင်းဦးစီးဌာနမှ ကျပ် ၂၀၀,၄၁၂.၃၈၃ သန်းဖြင့် ဆည်မြောင်းတာတမံများ တည်ဆောက်ခြင်း၊ တာတမံများ တောင့်တင်းခိုင်မာစေရန် မွမ်းမံခြင်း၊

ပြည်နယ်/တိုင်းဒေသကြီးများအတွင်း ရေကြီးနစ်မြုပ်မှုလျော့ပါးစေရန် ဆောင်ရွက်ခြင်းနှင့် ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာနမှ ကျပ် ၁,၆၈၁.၆၉၁ သန်း တို့ ရင်းနှီးမြှုပ်နှံခဲ့ပါသည်။

စက်မှုဝန်ကြီးဌာနမှ ကျပ် ၅၄,၈၁၉.၄၈၈ သန်း ရင်းနှီးမြှုပ်နှံခဲ့ရာတွင် အမှတ် (၁) အကြီးစား စက်မှုလုပ်ငန်းမှ ကျပ် ၅၁,၉၂၉.၈၈၁ သန်းနှင့် စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းမှ သတင်းစာ စက္ကူစက်ရုံစီမံကိန်း (သာပေါင်း) နှင့် ကော့စတစ်ဆိုဒါစက်ရုံစီမံကိန်း (သထုံ) တို့အတွက် ကျပ် ၂,၈၈၉.၆ဝ၇ သန်း ရင်းနှီးမြှုပ်နှံခဲ့ပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ကျပ် ၆၂,၃၆၃.ဝ၄၅ သန်း ရင်းနှီးမြှုပ်နှံခဲ့ရာတွင် တံတားဦးစီးဌာနမှ တံတားတည်ဆောက်ရေးလုပ်ငန်းစီမံကိန်းများတွင် ကျပ် ၃၆,၈၉၁.၅၃၁ သန်းနှင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်နေသော လုပ်ငန်းစီမံကိန်းများတွင် ကျပ် ၂၅,၄၇၁.၅၁၄ သန်း ရင်းနှီးမြှုပ်နှံခဲ့ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ကျပ် ၁၆ဝ,၉၅၂.၇၄ဝ သန်း ရင်းနှီးမြှုပ်နှံခဲ့ရာတွင် ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနမှ ကျပ် ၂၆,၂၁ဝ.၃၁ဝ သန်းနှင့် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ဆောင်ရွက်နေသော လုပ်ငန်းစီမံကိန်းများတွင် ကျပ် ၁၃၄,၇၄၂.၄၃ဝ သန်း ရင်းနှီး မြှုပ်နှံခဲ့ပါသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားမှ လုပ်ငန်းစီမံကိန်းများအတွက် ကျပ် ၁၁,ဝ၆၅.၄၉၂ သန်း ရင်းနှီးမြှုပ်နှံခဲ့ပါသည်။

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနမှ ကျပ် ၁၁,၄၆၁.၃ဝ၇ သန်း ရင်းနှီးမြှုပ်နှံခဲ့ရာတွင် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ Support for Telecommunication Sector Reform Project အတွက် ကျပ် ၁၇ဝ.၄၁၄ သန်းနှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း မှ GSM / UMTS မိုဘိုင်းတိုးချဲ့တပ်ဆင်ခြင်းစီမံကိန်းနှင့် Sea Me We 5 ရေအောက်ကေဘယ်လ်စနစ် စီမံကိန်းတို့အတွက် ကျပ် ၁၁,၂၉ဝ.၈၉၃ သန်း ရင်းနှီး မြှုပ်နှံခဲ့ပါသည်။

**ဇယား ( ၄-၂ )**

**၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ ( ၆ )လပတ် (ဧပြီလမှ စက်တင်ဘာလကုန်ထိ)**

**လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်နိုင်မှုအခြေအနေ**

( ကျပ်သန်း )

| အမှတ်စဉ် | အကြောင်းအရာ | တန်ဖိုး |
|---|---|---|
| ၁ | ၂ | ၃ |
| ၁ | **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန** | **၁,၀၉၁.၅၂၃** |
| | ၁ သစ်တောဦးစီးဌာန | ၂၁၇.၁၀၃ |
| | ၂ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန | ၈၃၈.၆၆၅ |
| | ၃ မြန်မာ့သစ်လုပ်ငန်း | ၃၅.၇၅၅ |
| ၂ | **လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန** | **၂၀၂,၀၉၄.၀၇၄** |
| | ၁ ဆည်မြောင်းဦးစီးဌာန | ၂၀၀၄၁၂.၃၈၃ |
| | ၂ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန | ၁၆၈၁.၆၉၁ |
| ၃ | **စက်မှုဝန်ကြီးဌာန** | **၅၄,၈၁၉.၄၈၈** |
| | ၁ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း | ၅၁,၉၂၉.၈၈၁ |
| | ၂ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း(စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း) | ၂၈၈၉.၆၀၇ |
| ၄ | **လျှပ်စစ်စွမ်းအားဝန်ကြီးဌာန** | **၁၆၀,၉၅၂.၇၄၀** |
| | ၁ ရေအားလျှပ်စစ်အကောင်အထည်ဖေါ် ရေးဦးစီးဌာန | ၂၆,၂၁၀.၃၁၀ |
| | ၂ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း | ၁၃၄,၇၄၂.၄၃၀ |
| ၅ | **ဆောက်လုပ်ရေးဝန်ကြီးဌာန** | **၆၂,၃၆၃.၀၄၅** |
| | ၁ တံတားဦးစီးဌာန | ၃၆,၈၉၁.၅၃၁ |
| | ၂ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | ၂၅,၄၇၁.၅၁၄ |
| ၆ | **ရထားပို့ဆောင်ရေးဝန်ကြီးဌာန** | **၁၁,၀၆၅.၄၉၂** |
| | ၁ မြန်မာ့မီးရထား | ၁၁,၀၆၅.၄၉၂ |
| ၇ | **ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန** | **၁၁,၄၆၁.၃၀၇** |
| | ၁ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန | ၁၇၀.၄၁၄ |
| | ၂ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း | ၁၁,၂၉၀.၈၉၃ |

ဇယား (၄-၃) ဝန်ကြီးဌာနများမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ်အတွင်း နိုင်ငံအချင်းချင်း၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၏ ချေးငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းများ

| စဉ် | ဝန်ကြီးဌာန | စီမံချက် | | နိုင်ငံ / အဖွဲ့အစည်း | ငွေပမာဏ (သန်း) | |
|---|---|---|---|---|---|---|
| ၁ | ဆက်သွယ်ရေး | ၁ | Gbe Ip မိုက္ကရိုဝေ့ဗ် စီမံကိန်း | India | USD | ၆.၂၀ |
| ၂ | ပြည်ထဲရေး | ၂ | ရဲတပ်ဖွဲ့သုံးယာဉ်များ ဝယ်ယူရေး | China | Yuan | ၂၄၆.၁၅ |
| ၃ | လျှပ်စစ်စွမ်းအား | ၃ | Power Distribution Improvement Project in Yangon City | Japan | Yen Billion | ၆.၁၅ |
| ၄ | ပို့ဆောင်ရေး | ၄ | Infrastructure Development Projects in Thilawa Area Phase I (II) | Japan | Yen Billion | ၁၄.၇၅ |
| ၅ | ဘဏ္ဍာရေး | ၅ | Project for the Development of Finance for Small and Medium - Sized Enterprises | Japan | Yen Billion | ၅.၀၃ |
| | | | | | **USD** | **၆.၂၀** |
| | | | **စုစုပေါင်း** | | **Yuan** | **၂၄၆.၁၅** |
| | | | | | **Yen Billions** | **၂၅.၉၃** |

**ဇယား (၄-၄) ဝန်ကြီးဌာနများမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ်အတွင်း နိုင်ငံအချင်းချင်း အကူအညီ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၏ အကူအညီဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းများ**

| စဉ် | ဝန်ကြီးဌာန | | စီမံချက် | နိုင်ငံ / အဖွဲ့အစည်း | ငွေပမာဏ (သန်း) | |
|---|---|---|---|---|---|---|
| ၁ | လယ် / ဆည် | ၁ | မြေဩဇာ ကဏ္ဍ ဖွံ့ဖြိုးတိုး တက်ရေး | IFDC | USD | ၀.၄၁ |
| | | ၂ | မြန်မာနိုင်ငံတွင် ဆေးမား အွန်ဒေါင်း စံပြ ကျေးရွာများ တည်ထောင်ခြင်း | Korea | USD | ၂၂.၀၀ |
| ၂ | နယ်စပ်ရေးရာ | ၃ | အပြန်အလှန်ဆက်နွယ် အကျိုးပြု လူမှုအဖွဲ့ အစည်း ဖော်ဆောင်ရေး | Terra People Association (TPA) | USD | ၁.၉၅ |
| | | ၄ | စာသင်ကျောင်း/ပညာရေး အထောက်အကူ ပြုလုပ်ငန်းနှင့် လူမှုဖွံ့ဖြိုးရေး | The Lutheran World Federation (LWF) | USD | ၀.၃၀ |
| ၃ | ဆက်သွယ်ရေး | ၅ | Sponsorship Agreement (connect to Learn) | Sweden | USD | ၁၇.၉၉ |
| ၄ | စီးပွား / ကူးသန်း | ၆ | Trade Development Programme | EU | Euro | ၁၀.၅၀ |
| | | ၇ | အမျိုးသား ပို့ကုန် မဟာဗျူဟာ အကောင် အထည် ဖော်ခြင်း အဆင့်တွင် မြန်မာ ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီသို့ အကောင် အထည် ဖော် စီမံခန့်ခွဲခြင်း ဆိုင်ရာများ ကူညီ ထောက်ပံ့ ပေးမှု အစီအစဉ် | ITC - International Trade Center | USD | ၀.၁၆ |
| | | ၈ | မြန်မာ့ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အဖွဲ့ထူထောင်ရန် Master Plan ရေးဆွဲခြင်း | Korea | USD | ၃.၀၀ |
| ၅ | သမဝါယမ | ၉ | Microfinance | Entrepreneurs du Monde (EdM) | USD | ၁.၀၀ |
| ၆ | ပတ်ဝန်းကျင် / သစ်တော | ၁၀ | အမျိုးသား အထောက်အကူပြု ယူနစ် စီမံကိန်း | ADB | USD | ၀.၃၀ |
| | | ၁၁ | ဒေသတွင်း အတွေ့အကြုံကောင်းများကို ဆင့်ပွား၍ မြန်မာ နိုင်ငံတွင် စွမ်းအားမြင့် မီးဖို ထုတ်လုပ် ဖြန့်ဖြူးမှု မြှင့်တင်ရေး စီမံကိန်း | The Group Energie Renouvelable Environment Et Solidarites -GERES | Euro | ၂.၂၁ |
| ၇ | ပညာရေး | ၁၂ | ပညာရေး ကောလိပ် အဆင့်မြင့် တင်ရေး (တောင်ငူ ပညာရေး ကောလိပ် ဆောက်လုပ်ရေး ) | Japan | Yen | ၂၅၁၃.၀၀ |
| | | ၁၃ | ဂျပန်နိုင်ငံအစိုးရမှ လူသား အရင်းအမြစ် ဖွံ့ဖြိုးရေး ပညာသင်ဆု စီမံချက် | Japan | Yen | ၄၈၇.၀၀ |

ဇယား (၄-၄) ဝန်ကြီးဌာနများမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ်အတွင်း နိုင်ငံအချင်းချင်း အကူအညီ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၏ အကူအညီဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းများ

| စဉ် | ဝန်ကြီးဌာန | | စီမံချက် | နိုင်ငံ / အဖွဲ့အစည်း | ငွေပမာဏ (သန်း) | |
|---|---|---|---|---|---|---|
| ၈ | ဘဏ္ဍာရေး | ၁၄ | ရေဘေးသင့် ဒေသများတွင် ကယ်ဆယ်ရေးနှင့် ပြန်လည် ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရေး စီမံချက် | ADB | USD | ၃.၀၀ |
| ၉ | ကျန်းမာရေး | ၁၅ | အသိပေးရှင်း လင်းခြင်းနှင့် ကျန်းမာရေး ပညာပေးခြင်း | GF | Kyat | ၂၆၈.၁၀ |
| | | ၁၆ | အိပ်ချ်အိုင်ဗွီ/အေ အိုင်ဒီအက်စ် ကာကွယ် တားဆီးရေး | GF | Kyat | ၂၉၇၂.၅၂ |
| | | ၁၇ | အေအာရ်တီ ဆေးဝါးဖြင့် ကုသပေးခြင်း ပြုစုစောင့်ရှောက်ခြင်းလုပ်ငန်း | GF | Kyat | ၂၂၁၉၆.၀၅ |
| | | ၁၈ | လုပ်ငန်းစီမံခန့်ခွဲမှုနှင့် ကွင်းဆင်း ကြီးကြပ် စစ်ဆေးခြင်း | GF | Kyat | ၄၇၀၀.၇၂ |
| | | ၁၉ | အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေး | Global fund(GF) | USD | ၁၈.၉၆ |
| | | ၂၀ | အိပ်ချ်အိုင်ဗွီနှင့် မျိုးဆက်ပွားကျန်းမာ ရေးစောင့် ရှောက်မှု လုပ်ငန်းများအတွက် အခြေခံ ကျန်းမာရေး ဝန်ထမ်းများအား စွမ်းဆောင်ရည် မြင့်မားရန် ဆောင်ရွက် ခြင်း | UNFPA | Kyat | ၃၇.၆၆ |
| | | ၂၁ | ကွင်းဆင်းကြီးကြပ်စစ်ဆေးခြင်းဆိုင်ရာ လုပ်ငန်းများ | UNFPA | Kyat | ၁၁.၀၆ |
| | | ၂၂ | ချမှတ်ထားသော လုပ်ငန်းများကို အကောင် အထည်ဖော်ရန် သုံးစွဲသော အသုံးစရိတ် | UNFPA | Kyat | ၀.၅၈ |
| | | ၂၃ | အသိပေးရှင်းလင်းခြင်းနှင့် ကျန်းမာရေး ပညာပေးခြင်း | UNICEF | Kyat | ၁၁.၅၇ |
| | | ၂၄ | Antimicrobial Resistance for Acute Watery Diarrhea Management among Patients Admitted in Hospitals of Mandalay City. | WHO | USD | ၀.၀၁ |
| | | ၂၅ | Community-Based Eye Care and Restoration of Sight (CARRORT) Programme | Helen keller International (HKI) | | |
| | | ၂၆ | မန္တလေးကလေးဆေးရုံ စီမံချက် | China | Yuan | ၀.၉၂၀ |
| ၁၀ | ပြည်ထဲရေး | ၂၇ | ရဲလုပ်ငန်းသုံးပစ္စည်းများ၊ ရေအမြောက်ကား (၃)စီးနှင့် သံချပ်ကာ ကား(၁)စီး | China | Yuan | ၄၀.၀၀ |
| | | ၂၈ | မြန်မာ ထိုင်း နှစ်နိုင်ငံ အကြား တားဆီးနှိမ်နင်း ရေးနှင့် မူးယစ်ဆေးဝါး ထိန်းချုပ်ရေး ပူးပေါင်း ဆောင်ရွက်ရန် | Thailand | USD | ၀.၆၀ |

**ဇယား (၄-၄) ဝန်ကြီးဌာနများမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ်အတွင်း နိုင်ငံအချင်းချင်း အကူအညီ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၏ အကူအညီဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းများ**

| စဉ် | ဝန်ကြီးဌာန | စီမံချက် | | နိုင်ငံ / အဖွဲ့အစည်း | ငွေပမာဏ (သန်း) | |
|---|---|---|---|---|---|---|
| ၁၁ | ဟိုတယ် / ခရီး | ၂၉ | မြန်မာနိုင်ငံ၏ သဘာဝ ပတ်ဝန်းကျင်နှင့် လှပသော ရှုမျှော်ခင်းများ အား ကာကွယ်ထိန်းသိမ်းခြင်း၊ ယဉ်ကျေးမှု ဆိုင်ရာသဘာဝ အရင်း အမြစ်များတို့ အပေါ် ဗဟိုပြုပြီး တာဝန်သိ ခရီးသွားလုပ်ငန်းဖွံ့ဖြိုး တိုးတက်မှုအတွက် ပူးပေါင်း ဆောင်ရွက် ခြင်းဆိုင်ရာ အစီအစဉ် | Australia | USD | ၀.၅၀ |
| | | ၃၀ | ဧည့်ဝတ်ပျူငှာမှု လုပ်ငန်း အတွင်း စွမ်းရည်ပြည့်ဝ သော လူ့အရင်းအမြစ်များ တိုးပွားလာ စေရေး အတွက် ဟိုတယ် ဆိုင်ရာ သင်တန်း ကနဦး ဆောင်ရွက်မှု အစီအစဉ် | Switzerland | USD | ၂.၈၆ |
| ၁၂ | စက်မှု | ၃၁ | Fostering pro-poor and inclusive MSME development in Myanmar Phase - I | UNIDO | Euro | ၀.၈၀ |
| ၁၃ | ပြန်ကြားရေး | ၃၂ | သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဆိုင်ရာနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်း | Japan | | |
| ၁၄ | မွေးရေး/ ကျေးလက် | ၃၃ | အသေးစား မွေးမြူရေး စံပြကျေးရွာ ဖွံ့ဖြိုး တိုးတက်ရေး စီမံကိန်း | IFAD | USD | ၀.၅၀ |
| | | ၃၄ | ရန်ကုန် တိရိစ္ဆာန်မျိုး မြှင့်တင်ရေးနှင့် မွေးမြူရေး သုတေသနအား အကူအညီပေးရန် | Italy | Euro | ၀.၅၀ |
| | | ၃၅ | မြန်မာနိုင်ငံ အပူပိုင်းဇုံ ဒေသရှိ ကျေးလက်နေ ပြည်သူများ၏ လူမှုဘဝ စီးပွား နှင့် အသက်မွေး ဝမ်းကျောင်း ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ် | UNESCAP | USD | ၁.၁၀ |
| | | ၃၆ | အာရှဒေသစိုက်ပျိုးမွေးမြူထုတ်လုပ်သူများ နည်းပညာပံ့ပိုးမှုအစီအစဉ် | Winrock International | USD | ၁.၀၂ |
| | | ၃၇ | ကျေးလက်အမျိုးသမီးများနှင့် ဆင်းရဲ နွမ်းပါးသော ပြည်သူများ ဝင်ငွေတိုး တက်ရရှိရေး အစီအစဉ် | Action Aid Myanmar | USD | ၁၅.၀၀ |
| | | ၃၈ | ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက် ရေးအစီအစဉ် | CESVI | USD | ၉.၄၅ |
| | | ၃၉ | ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အတွက် စွမ်းဆောင်ရည်မြှင့်တင် ရေးစီမံကိန်း | Social Policy & Poverty Research Group | USD | ၀.၁၂ |
| | | ၄၀ | အပူပိုင်းဇုန် ကျေးလက်ရေရရှိရေး စီမံကိန်း | Japan | Yen | ၁၂၄၂.၀၀ |
| | | ၄၁ | စိုက်ပျိုးရေး၊ အစားအစာ ဘေးအန္တ ရာယ် ကင်းရှင်းရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် တောင်သူ လယ်သမား အဖွဲ့အစည်း ကဏ္ဍများတွင် ပူးပေါင်း ဆောင်ရွက်ရေး | Netherland | | |

**ဇယား (၄-၄) ဝန်ကြီးဌာနများမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ်အတွင်း နိုင်ငံအချင်းချင်း အကူအညီ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၏ အကူအညီဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းများ**

| စဉ် | ဝန်ကြီးဌာန | | စီမံချက် | နိုင်ငံ / အဖွဲ့အစည်း | ငွေပမာဏ (သန်း) | |
|---|---|---|---|---|---|---|
| ၁၅ | သတ္တုတွင်း | ၄၂ | မြန်မာ့သတ္တုကဏ္ဍစဉ်ဆက်မပြတ် တိုးတက်ရေး နည်းပညာ အကူအညီပေးရေး စီမံချက် | Germany | Euro | ၂.၀၀ |
| ၁၆ | သိပ္ပံနှင့်နည်းပညာ | ၄၃ | အီလက်ထရွန်စာတိ ရောင်ခြည်ပေးစက် | IAEA | | |
| | | ၄၄ | Establishment of Infrastructure for Application of Isotope Techniques in Water Resources Management | IAEA | | |
| | | ၄၅ | စင်ကာပူ - မြန်မာ သက်မွေးပညာ သင်တန်းကျောင်း ထူထောင်ရန် | Singapore | | |
| | | ၄၆ | Cooperating on TF SCALE Programme | Singapore | | |
| | | ၄၇ | Strengthening Quality Infrastructure in Myanmar | PTB | USD | ၀.၀၈ |
| ၁၇ | လူ/ကယ်/ပြန် | ၄၈ | နည်းပညာနှင့် ငွေကြေးအထောက်အပံ့ များပေးခြင်း၊ အခြေခံကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင် ရွက်ခြင်း၊ | France | USD | ၃.၀၀ |
| | | ၄၉ | နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေထိုင်ရ သည့် မိသားစုများအတွက် ယာယီ အဆောက်အဦ များဆောက်လုပ်ပေးခြင်း၊ဆေးဝါးအထောက် အပံ့ အကူ အညီများပေးအပ်ခြင်း၊ မိုင်းအန္တရာယ် အသိပညာပေးလုပ်ငန်းများ ဆောင် ရွက်ခြင်း | Switzerland | USD | ၆.၂၅ |
| | | ၅၀ | CEDAW Report ပုံနှိပ် ထုတ်ဝေခြင်း လုပ်ငန်း | UNFPA | | |
| | | ၅၁ | ရပ်ရွာအခြေပြု လူထု ဖွံ့ဖြိုးရေး လုပ်ငန်း | World Vision | USD | ၁၁.၀၁ |
| | | ၅၂ | မြေမြှုပ်မိုင်းများကြောင့် မသန်စွမ်းသူများကို လူမှုစီးပွား အဆင်ပြေစေရန် အမူအကျင့် ပြောင်း လဲမည့် အမြင်ဖွင့်သင်တန်းများဖြင့် မြေမြှုပ်မိုင်းများကြောင့် ဖြစ်စေနိုင်သော အန္တရာယ် လျော့ချခြင်း | Danish Refugee Council (DRC) | USD | ၃.၀၀ |
| | | ၅၃ | သက်ကြီးရွယ်အိုကူညီ စောင့်ရှောက်ရေး လုပ်ငန်း | Help Age International | USD | ၉.၀၀ |
| | | ၅၄ | ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ မိုင်း အန္တရာယ် နီးစပ်နေသော ပြည်သူများအား လူသားချင်း စာနာထောက်ထားမှု မိုင်းလုပ်ငန်း ဆောင်ရွက်မှု | Mine Advisory Group(MAG) | USD | ၅.၀၀ |
| | | ၅၅ | ရှေးဦး ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ကလေးသူငယ် ကာကွယ် စောင့်ရှောက်ရေး၊ | Save the Children (UK) | USD | ၅၆.၈၀ |

## ဇယား (၄-၄) ဝန်ကြီးဌာနများမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ်အတွင်း နိုင်ငံအချင်းချင်း အကူအညီ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၏ အကူအညီဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းများ

| စဉ် | ဝန်ကြီးဌာန | | စီမံချက် | နိုင်ငံ / အဖွဲ့အစည်း | ငွေပမာဏ (သန်း) | |
|---|---|---|---|---|---|---|
| ၁၈ | ပို့ဆောင်ရေး | ၅၆ | ရန်ကုန်ဆိပ်ကမ်းတွင် Port EDI System အကောင်အထည် ဖော်ဆောင်ရွက်ခြင်း | Japan | Yen | ၁၇၂၀.၀၀ |
| ၁၉ | ရန်ကုန် စည်ပင် | ၅၇ | Pilot District Metered Area Project for Non - Revenue Water ( Phase II ) | Japan | USD | ၀.၇၀ |
| ၂၀ | စာရင်းစစ်ချုပ် | ၅၈ | စာရင်းစစ်အဖွဲ့၏ နိုင်ငံတကာ စံနှုန်းများ ကိုက်ညီမှု ရှိစေရေး ကျွမ်းကျင်မှု အကူအညီ | ADB | USD | ၀.၁၆ |
| ၂၁ | မန္တလေး မြို့တော်စည်ပင် | ၅၉ | ရေပေးဝေရေး စနစ်အတွက် ရေသန့်စင်မှု စနစ်နှင့် ရေပြန်းတီး မှု လျော့ချရေးလုပ်ငန်း စီမံကိန်း | France | USD | ၃.၂၅ |
| | | ၆၀ | ပြည်ကြီးတံခွန် မြို့နယ်၏ ရေရရှိရေး အတွက် တို့ချဲ့ ပေးဝေ ရေး စီမံချက် | Japan | Yen | ၂၅၅၅.၀၀ |
| ၂၂ | စီမံ / စီးပွား | ၆၁ | ဥပဒေရေးရာကျွမ်းကျင်မှု အကူအညီပေးရန် | Korea | | |
| | | ၆၂ | ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူစာချုပ် | Germany | | |
| | | ၆၃ | နည်းပညာနှင့် ငွေကြေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် လူသားချင်း စာနာ ထောက်ထားမှု အကူအညီပေးရေး | Switzerland | | |
| | | ၆၄ | Economic and Social Development စီမံကိန်း အကောင်အထည်ဖော်ရန် | Japan | Yen | ၂၀၀.၀၀ |
| | | ၆၅ | ကချင်ပြည်နယ်နှင့်ချင်းပြည်နယ်တို့တွင် လမ်းအဆင့်မြှင့် တည်ဆောက်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေး စီမံကိန်း | Japan | Yen | ၂၇၄၀.၀၀ |
| | | | **စုစုပေါင်း** | | **Euro**<br>**Kyat**<br>**USD**<br>**Yen**<br>**Yuan** | **၁၆.၀၁**<br>**၃၀၁၅၈.၂၆**<br>**၁၉၈.၄၇**<br>**၁၀၄၅၇.၀၀**<br>**၄၀.၉၂** |

## အခန်း(၅)

## ကဏ္ဍစီမံကိန်းများ

## အကောင်အထည်ဖော်နိုင်မှု အခြေအနေ


၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း၏ ပထမ(၆)လပတ်တွင် စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ) ကို **နှစ်အလိုက်ဈေးနှုန်း**အရ ကျပ် ၂၅,၈၄၇,၉၅၉.၂ သန်း အကောင်အထည်ဖော်ရန် လျာထားပါသည်။

**ပုံ (၅-၁) ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်**

**ပထမ (၆)လပတ် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး**

**အကောင်အထည်ဖော်နိုင်မှု အခြေအနေ**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

ပထမ(၆)လပတ်တွင် စုစုပေါင်းပြည်တွင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)သည် နှစ်အလိုက် ဈေးနှုန်းများအရ ကျပ် ၂၄,၇၂၈,၅၄၂.၂ သန်း ဖြစ်ပေါ်ခဲ့သဖြင့် ပထမ(၆)လပတ် လျာထားချက်အပေါ် ၉၅.၇ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပြီး ပုံမှန်ဈေးနှုန်းအရ ၆.၈ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ယခု အစီရင်ခံသည့် ပထမ(၆)လပတ်တွင် တိုင်းဒေသကြီး/ ပြည်နယ်အချို့ ရေလွှမ်းမိုးမှုကြောင့် တိုးတက်မှုနှုန်း ၆.၈ ရာခိုင်နှုန်းသာ ရရှိခဲ့သဖြင့် ရေဘေးသင့် ဒေသများ ပြန်လည်ထူထောင်ရေးအပါအဝင် ကဏ္ဍစုံတွင် ပိုမိုကြိုးပမ်းဆောင်ရွက် သွားမည်ဖြစ်ပါသည်။


**လယ်ယာကဏ္ဍ**

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း၏ ပထမ(၆) လပတ်တွင် လယ်ယာကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်း**အရ ကျပ် ၃,၄၈၉,၀၃၃.၇ သန်း အကောင်အထည် ဖော်ရန် လျာထားပါသည်။

**ပုံ (၅-၂) လယ်ယာကဏ္ဍ**

**၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

ပထမ(၆)လပတ်တွင် လယ်ယာကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်း** အရ ကျပ် ၃,၀၈၆,၇၁၈.၄ သန်း ရရှိခဲ့သဖြင့် ပထမ(၆)လပတ်လျာထားချက်အပေါ် ၈၈.၅ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး၊ **ပုံမှန်ဈေးနှုန်း**အရ ၁.၃ ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။

အစီရင်ခံသည့်ကာလတွင် ပဲတီစိမ်းစိုက်ပျိုးရာ၌ သိပ္ပံနည်းကျစိုက်နည်း စနစ်ပြောင်းလဲ စိုက်ပျိုးနိုင်ခြင်း၊ အထွက်ကောင်းမျိုးများ၊ မျိုးကောင်း မျိုးသန့်များ ပြောင်းလဲစိုက်ပျိုးနိုင်ခြင်း၊ သွင်းအားစုများ အပြည့်အဝရရှိခြင်းကြောင့် ပဲတီစိမ်းအထွက်တင်းထောင်ပေါင်း ၈၂၄ ပိုမိုထွက်ရှိခဲ့ပါသည်။ မိုးနှမ်းစိုက်ပျိုးရာတွင် နှမ်းအထွက်တိုး ရေဆင်း ၃၊ ရေဆင်း ၄ တို့အား ပြောင်းလဲ စိုက်ပျိုးခဲ့ခြင်းကြောင့် မိုးနှမ်းအထွက်တင်းထောင်ပေါင်း ၅၉၉ ပိုမိုထွက်ရှိခဲ့ပါသည်။

ဆီအုန်းစိုက်ပျိုးမှုတွင် အပင်အိုများခုတ်လှဲ၍ အပင်ပျိုအစားထိုး စိုက်ပျိုးထားခြင်း ကြောင့် အပင်ပျိုဧရိယာများမှ အထွက်နှုန်းတိုးတက်လာခြင်း၊ ရေမြေ သဘာဝနှင့် ကိုက်ညီသည့် အထွက်ကောင်းမျိုးများ စိုက်ပျိုးလာခြင်း၊ အထွက်ကောင်း ဖူးဆက်ပင်မျိုးများနှင့် အထွက်

ကောင်း ဆီအုန်းမျိုးများဖြင့် တိုးချဲ့စိုက်ပျိုးခြင်း၊ ဖုံးကွယ်စိုက်ဧကများ ဖော်ထုတ်ခဲ့၍ စိုက်ဧက ပိုမိုခဲ့ခြင်း၊ ရိတ်သိမ်းဧက ပိုမိုခဲ့ခြင်းတို့ကြောင့် အထွက်သီးခိုင်ပိဿာထောင်ပေါင်း ၄၇၀ ပိုမို ထွက်ရှိခဲ့ပါသည်။

အစီရင်ခံသည့်ကာလတွင် **ကချင်ပြည်နယ်**၌ ဖူးစားပြောင်း စိုက်ပျိုးထွက်ရှိမှု ပိုမိုခဲ့ ပါသည်။ ဖူးစားပြောင်းစိုက်ပျိုးချိန်နှင့် ခူးဆွတ်ချိန်တွင် ရာသီဥတုကောင်းမွန်မှုကြောင့် အထွက် နှုန်းမြင့်တက်ခဲ့ပြီး ဖူးရေထောင်ပေါင်း ၄,၆၆၅ ပိုမိုထွက်ရှိခဲ့ပါသည်။ **ကရင်ပြည်နယ်**၌ ကြက်ပေါင် စေး ထွက်ရှိမှုတွင် ဖုံးကွယ်စိုက်ဧကများ ဖော်ထုတ်ခဲ့၍ စိုက်ဧကပိုမိုခဲ့ခြင်း၊ ရိတ်သိမ်း ဧက ပိုမိုခဲ့ခြင်းတို့ကြောင့် အထွက်ပေါင်ထောင်ပေါင်း ၂,၄၄၄ ပိုမိုထွက်ရှိခဲ့ပါသည်။

**တနင်္သာရီတိုင်းဒေသကြီး**တွင် ဆီအုန်းနှင့် ကြက်ပေါင်စေးများကို အပင်အိုများခုတ်လှဲ၍ အပင်ပျိုအစားထိုး စိုက်ပျိုးထားခြင်းကြောင့် အပင်ပျိုဧရိယာများမှ အထွက်နှုန်းတိုးတက်လာ ခြင်း၊ ရေမြေ သဘာဝနှင့်ကိုက်ညီသည့် အထွက်ကောင်းမျိုးများ စိုက်ပျိုးလာခြင်း၊ အထွက် ကောင်း ဖူးဆက်ပင်မျိုးများနှင့် အထွက်ကောင်း ဆီအုန်းမျိုးများဖြင့် တိုးချဲ့စိုက်ပျိုးလာသဖြင့် ဆီအုန်းအထွက်သီးခိုင် ပိဿာထောင်ပေါင်း ၇၄၇ ပိုမိုခဲ့ပြီး၊ ကြက်ပေါင်စေး အထွက်ပေါင် ထောင်ပေါင်း ၁,၀၂၀ ပိုမိုထွက်ရှိခဲ့ပါသည်။ **ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)**၌ မိုးနှမ်း စိုက်ပျိုးမှုတွင် သီးနှံ ဈေးကောင်းသဖြင့် ပိုမိုစိုက်ပျိုးခဲ့ခြင်း၊ သွင်းအားစု ပိုမိုသုံးစွဲခြင်းကြောင့် အထွက်တင်း ထောင် ပေါင်း ၃၄ ပိုမိုခဲ့ပါသည်။

**မန္တလေးတိုင်းဒေသကြီး**တွင် မိုးမြေပဲစိုက်ပျိုးရာ၌ မြေပဲမျိုးကောင်းဖြစ်သည့် ဆင်း ပဒေသာ ၁ တို့ကို စိုက်ပျိုးခဲ့သဖြင့် အထွက်တင်းထောင် ပေါင်း ၁၀၅ ပိုမိုထွက်ရှိခဲ့ပါသည်။ မိုးနှမ်း စိုက်ပျိုးရာတွင် နှမ်းအထွက်တိုး ရေဆင်း ၃၊ ရေဆင်း ၄ တို့အား ပြောင်းလဲစိုက်ပျိုးခဲ့ခြင်းကြောင့် အထွက်နှုန်းများ ပိုမိုခဲ့ပြီး အထွက်တင်းထောင်ပေါင်း ၈၈၅ ပိုမိုခဲ့ပါသည်။ **ဧရာဝတီတိုင်း ဒေသကြီး**၌ နွေစပါးစိုက်ပျိုးရာတွင် အထွက်ကောင်း မျိုးကောင်းမျိုးသန့်များ အသုံးပြုခြင်း၊ သိပ္ပံနည်းကျစိုက်နည်းစနစ်ကို အသုံးပြုခြင်းကြောင့် အထွက်နှုန်းကောင်းမွန်ပြီး အထွက်တင်း ထောင်ပေါင်း ၁,၄၂၀ ပိုမိုထွက်ရှိခဲ့ပါသည်။

**နေပြည်တော်ကောင်စီနယ်မြေ**၌ ပဲတီစိမ်းစိုက်ပျိုးရာတွင် သိပ္ပံနည်းကျစိုက်နည်း စနစ် ပြောင်းလဲစိုက်ပျိုးနိုင်ခြင်း၊ အထွက်ကောင်းမျိုးများ၊ မျိုးကောင်း မျိုးသန့်များ ပြောင်းလဲစိုက်ပျိုး နိုင်ခြင်း၊ သွင်းအားစုများ အပြည့်အဝရရှိခြင်းကြောင့် အထွက်တင်းထောင်ပေါင်း ၁၁ ပိုမိုထွက်ရှိ ခဲ့ပါသည်။

**မျိုးကောင်း မျိုးသန့် မျိုးစေ့ ထုတ်လုပ်ခြင်း**

သီးနှံများစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေရန်နှင့် စိုက်ပျိုးသူတောင်သူများ စီးပွားရေးတွက်ချေကိုက်ပြီး ဝင်ငွေအကျိုးအမြတ်မြင့်မား၍ လူနေမှုဘဝ တိုးတက်လာစေရေး အတွက် မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရန်လိုအပ်ပါသည်။ သို့ဖြစ်ပါ၍ တစ်ဧကအထွက်နှုန်းတိုးတက်မြင့်မားပြီး ရောဂါပိုးမွှားဒဏ်ခံနိုင်ခြင်း၊ စားသုံးမှုအရည်အသွေး ကောင်းခြင်းတို့ဖြင့် ပြည့်စုံသည့်မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးထုတ်လုပ်ဖြန့်ဖြူးခြင်းဖြင့် တောင်သူများဈေးကွက်တွင် ဈေးကောင်းရရှိပြီး ကုန်ထုတ်လုပ်မှု တိုးတက်လာစေပါသည်။ ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်သို့ ပြောင်းလဲကျင့်သုံးဆောင်ရွက်ရန် လိုအပ်၍ အထူး အထွက်တိုးစပ်မျိုးစပါးမျိုး၊ စပ်မျိုးနေကြာ ထုတ်လုပ်ခြင်းများအပြင် သီးနှံအလိုက် မျိုးကောင်း မျိုးသန့်စပါးမျိုးများ ထုတ်လုပ်ခြင်းကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။

အထွက်နှုန်းကောင်းသည့် စပ်မျိုး မျိုးစေ့ထုတ်လုပ်ခြင်းလုပ်ငန်းကို ၂၀၁၅ ခုနှစ်၊ အစီရင်ခံ သည့်ကာလအထိ တိုင်းဒေသကြီး/ပြည်နယ်များတွင် ပုလဲသွယ်စပ်မျိုးစပါးကို ဌာန၊ တောင်သူ၊ ကုမ္ပဏီတို့ပူးပေါင်း၍ ၁,၃၄၃ ဧက စိုက်ပျိုးရန်လျာထားမှုမှ ၉၉ ဧကနှင့် စပ်မျိုး နေကြာကို ၂၆၁ ဧက မျိုးစေ့ထုတ်လုပ်နိုင်ရန် စိုက်ပျိုးဆောင်ရွက်ပြီးဖြစ်ပါသည်။

**သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း**

နိုင်ငံတော်၏အမာခံရိက္ခာသီးနှံဖြစ်သည့် ဆန်စပါးနှင့်ပတ်သက်၍ တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်စပါးမျိုးများ စိုက်ပျိုးနိုင်ရန် သက်လျင်၊ သက်လတ်လယ်စပါးမျိုးများ၊ ရေအနည်းလိုစပါးမျိုးများ၊ ဆားငံခံစပါးမျိုးများ၊ ရေမြုပ်ခံစပါးမျိုးများ၊ တောင်ပေါ်ယာစပါးမျိုးများ၊ မြေပြန့်စပါးမျိုးများ၊ အရည်အသွေးကောင်း စပါးမျိုးများကို စမ်းသပ်ဆောင်ရွက်လျက်ရှိပါသည်။

စက်မှုသီးနှံများဖြစ်သည့် ဝါ၊ ဂုန်လျှော်၊ ချည်ပေါင်လျှော် တို့ကို သိပ္ပံနည်းကျစိုက်နည်း စနစ် (GAP) ဖြင့် စိုက်ပျိုး၍ သုတေသနပြုလုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ GAP စနစ်ကို ကျယ်ကျယ်ပြန့်ပြန့် အောင်မြင်စွာစိုက်ပျိုးဆောင်ရွက်နိုင်ရန် ရာသီအလိုက် နွေစပါး၊ မိုးစပါး စံပြကွက်များ ပြုလုပ်၍စိုက်ပျိုးပြသ ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ အစီရင်ခံသည့်ကာလအထိတိုင်းဒေသကြီး/ပြည်နယ်များတွင် မိုးစပါး ဧက ၁၀၀ စံပြကွက် ၉,၄၀၀ ဧက၊ ၅၀ ဧက စံပြကွက် ၁၀,၁၃၃ ဧက၊ ၂၅ ဧက စံပြကွက် ၆,၆၂၆ ဧက၊ ၁၀ ဧကစံပြကွက် ၄၂,၉၀၅ ဧက၊ ၅ ဧက စံပြကွက် ၄၉,၀၆၉ ဧက ဆောင်ရွက်ပြီး ဖြစ်ပါသည်။

**လေ့ကျင့်ပညာပေးခြင်း**

စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားစေရန် နည်းပညာသင်တန်းများကို ဝန်ထမ်းများ၊ တောင်သူများကို သင်ကြားပို့ချပေးလျက်ရှိပါသည်။ ဝါအထွက်တိုးစိုက်ပျိုးနည်းသင်တန်း၊ ရော်ဘာပျိုးခင်းနှင့် စိုက်ပျိုးထိန်းသိမ်းနည်းသင်တန်း၊ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရန် လယ်ယာသုံးစက်ကိရိယာ မောင်းနှင်နည်းသင်တန်းများ၊ အသုံးပြုမှုသင်တန်းများ စသည့်သင်တန်းများကို ဖွင့်လှစ်ပို့ချလျက်ရှိပါသည်။ သီးနှံများအလိုက် နည်းပညာပေးသင်တန်းများကို စံပြကွက်/စိုက်ခင်းများဖြင့် ဆောင်ရွက်ပြသ၍ နည်းပညာများပေးလျက်ရှိပါသည်။

ထို့အပြင် တောင်သူပညာပေးဟောပြောပွဲများ၊ သရုပ်ပြပွဲများကိုပြသ၍ လက်တွေ့စည်းရုံးပညာပေးလျက်ရှိပါသည်။ နေပြည်တော်ကောင်စီနယ်မြေအတွင်း အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ခေတ်မီစံပြစက်မှုလယ်ယာ တောင်သူပညာပေးစိုက်ခင်းများသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ထမ်းများ၊ တောင်သူလယ်သမားများ၊ နိုင်ငံခြားဧည့်သည်တော်များ လာရောက်လျက်ရှိရာ လေ့လာမှုကိုအခြေခံ၍ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတွင် စံပြစက်မှုလယ်ယာစိုက်ခင်းများ စီမံဆောင်ရွက်ရာတွင် အထောက်အကူပြုလျက်ရှိပါသည်။

မျိုးကောင်းမျိုးသန့်များကိုအသုံးပြု၍ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် (GAP) များလိုက်နာကျင့်သုံးနိုင်မှသာ မျှော်မှန်းသည့်အထွက်နှုန်းကို ရရှိမည်ဖြစ်သည်ဟု ယုံကြည်သည့်အလျောက် စိုက်ပျိုးရေးဦးစီးဌာနရှိ ပညာရှင်များ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် စိုက်ပျိုးရေးသိပ္ပံကျောင်းများမှ ကျောင်းဆင်းဝင်ရောက်လာသည့် ပညာရှင်များစသည်တို့ကို သိပ္ပံနည်းကျစိုက်ပျိုးရေးနည်းစနစ်များ လက်တွေ့လုပ်ဆောင်နိုင်ရန်နှင့် လုပ်ငန်းစွမ်းရည်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ နေပြည်တော်တွင် ရာသီအလိုက်လုပ်ငန်းခွင်သင်တန်းများ ပို့ချဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၅- ၂၀၁၆ ဘဏ္ဍာနှစ်၊ အစီရင်ခံသည့်ကာလအထိ ဝန်ထမ်းများအား လုပ်ငန်းခွင်ဆိုင်ရာ သင်တန်းကို ဝန်ထမ်း ၅၄၇ ဦး၊ ရာသီသီးနှံထုတ်လုပ်မှုဆိုင်ရာသင်တန်းနှင့် ပညာပေးဆွေးနွေးပွဲကို ဝန်ထမ်း၊ တောင်သူ ၁,၂၄၃,၆၀၁ ဦး၊ စက်မှုလယ်ယာဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးသင်တန်းကို ဝန်ထမ်း၊ တောင်သူ၊ ပုဂ္ဂလိက ၆,၉၄၅ ဦးဖြင့် လေ့ကျင့်ပညာပေးဆောင်ရွက်နိုင်ခဲ့ပါသည်။

**ဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း**

လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကအရေးပါသည့် သွင်းအားစုဖြစ်သည့် ဓါတ်မြေဩဇာများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချရာတွင် ဓါတ်မြေဩဇာအတုများ ပြုလုပ်ရောင်းချ

ခြင်း၊ အရည်အသွေး စံချိန်စံညွှန်းများ ပြည့်ဝမှုမရှိခြင်းတို့ကြောင့် သုံးစွဲသူ တောင်သူလယ်သမားများ ထိခိုက်နစ်နာမှုမရှိစေရေးအတွက် နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၇/၂၀၀၂ ဖြင့် ထုတ်ပြန်ပြဋ္ဌာန်းခဲ့သည့် မြေသြဇာဥပဒေကို လက်ရှိခေတ်စနစ်နှင့် လျော်ညီစေရန် ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)အား အစီရင်ခံသည့် ကာလတွင် လွှတ်တော်သို့ တင်ပြ၍ ဥပဒေအဖြစ် ပြဋ္ဌာန်းနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြခဲ့ပါသည်။

**စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးခြင်း**

သီးနှံစိုက်ပျိုးထုတ်လုပ်ရန် လိုအပ်သည့် ရင်းနှီးမြှုပ်နှံမှုငွေကြေးကို တောင်သူများသို့ ထုတ်ချေးလျက်ရှိရာတွင် သီးနှံအမျိုးအစားအလိုက်လည်းကောင်း၊ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရန် လိုအပ်သည့် စက်ကိရိယာများကို အရစ်ကျငွေချေစနစ်ဖြင့်ဝယ်ယူနိုင်ရန် အတွက် ဖွံ့ဖြိုးရေးချေးငွေနှင့် အထူးစီမံချက် ချေးငွေများကိုလည်းကောင်း နှစ်တိုချေးငွေ အဖြစ် ထုတ်ချေးပေးခဲ့ပါသည်။


**သားငါးကဏ္ဍ**

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း၏ ပထမ(၆)လပတ်တွင် သားငါးကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်း**အရ ကျပ် ၂,၅၈၇,၁၅၂.၃ သန်း အကောင်အထည် ဖော်ရန် လျာထားပါသည်။

**ပုံ (၅-၃) သားငါးကဏ္ဍ**

**၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ပထမ(၆)လပတ်တွင် သားငါးကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်း**အရ ကျပ် ၂,၅၆၅,၆၈၆.၅ သန်း ရရှိခဲ့သဖြင့် ပထမ(၆)လပတ်လျာထားချက်အပေါ် ၉၉.၂ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး၊ **ပုံမှန်ဈေးနှုန်း**အရ ၅.၁ ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။

သားငါးကဏ္ဍ ရည်မှန်းချက်များ ပြည့်မီရေးအတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မွေးမြူသူများအား အရင်းအနှီးရရှိစေရန် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဆင်းရဲမှုလျှော့ချရေး ရန်ပုံငွေမှ တိရစ္ဆာန်မွေးမြူရေးချေးငွေများ ထုတ်ချေးပေးလျက်ရှိပါသည်။ နို့ထုတ်လုပ်မှုတိုးတက်စေရန် မွေးမြူရေးဇုန်များ အကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိခြင်းနှင့် ဒေသခံနွားမများအား နို့ထွက်ကောင်းမွန်သည့် နို့စားနွား မျိုးများဖြင့်မျိုးမြှင့်တင်သားစပ်၍ နို့စားနွားမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ပေးလျက်ရှိပါသည်။

ကျေးလက်ဖွံ့ဖြိုးရေးဘဏ်မှလည်း မွေးမြူရေးချေးငွေများထုတ်ချေးပေးခြင်း၊ တိရစ္ဆာန်မျိုးကောင်းမျိုးသန့်များ ပြန့်ပွားလာစေရန်နှင့် တိုးတက်မွေးမြူလာနိုင်စေရန်အတွက် မေထုန်မဲ့သားစပ်သင်တန်းနှင့် တိရစ္ဆာန်ကျန်းမာရေး အသိပညာပေးသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် INGO/NGO အဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး မွေးမြူရေးဆိုင်ရာ အသိပညာပေးသင်တန်းများနှင့် မွေးမြူရန်တိရစ္ဆာန်များ ထောက်ပံ့ပေးခြင်း၊မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာနမှ အခမဲ့ဖြန့်ဖြူးပေးသော နို့စားနွား၊ အသားစားနွား၊ ခိုင်းနွားမျိုးရည်ခဲချောင်းများဖြင့် နို့စားနွား၊ အသားစားနွား၊ ခိုင်းနွား မွေးမြူရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် မေထုန်မဲ့နည်းဖြင့် မြို့နယ်များတွင် ရပ်ကွက်/ကျေးရွာများအထိ ကွင်းဆင်း၍သားစပ်ပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်များ သေဆုံးမှုလျော့ပါးရေးအတွက် ကာကွယ်ဆေးထိုးခြင်း၊ ရောဂါကုသခြင်းတို့ကို ဆောင်ရွက်ပေးလျက် ရှိပါသည်။

အသားထုတ်လုပ်မှုတွင် ကျေးလက်ဒေသ တိုင်းရင်းကြက် မွေးမြူမှုဖွံ့ဖြိုးရေးကဏ္ဍအနေဖြင့် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်နှင့် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်တွင် စံပြတိုင်းရင်းကြက် မျိုးထိန်းမျိုးပွားခြံ ထူထောင်၍ တိုင်းရင်းကြက်များ မွေးမြူထားပါသည်။ မကွေးတိုင်းတွင် သရက်စံပြနို့စားနွား မွေးမြူရေးခြံ၊ မင်းလှစံပြဆိတ်မွေးမြူရေးခြံ၊ ရေစကြိုဆိတ်မွေးမြူရေးခြံ၊ ပွင့်ဖြူစံပြဝက်မွေးမြူရေးခြံ၊ ရေတာရှည် စံပြဝက်မွေးမြူရေးခြံ၊ လပွတ္တာ ကျွဲမွေးမြူရေးခြံများဖြင့် နွား၊ ဆိတ်၊ ဝက်၊ ကျွဲများမွေးမြူခြင်းကို ဆောင်ရွက်ခဲ့ပါသည်။

ပထမ(၆)လပတ်ကုန်အထိ တိုင်းဒေသကြီး/ပြည်နယ်များတွင် ဥစားကြက်ကောင်ရေ ၁၈.၇၀၄ သန်း၊ အသားစားကြက်ကောင်ရေ ၁၆.၈၃၃ သန်း၊ တိုင်းရင်းကြက်ကောင်ရေ ၂၄၅.၉၃၀ သန်း၊ ကြက်စုစုပေါင်းကောင်ရေ ၂၈၁.၄၆၇ သန်း မွေးမြူခဲ့ပါသည်။ ကူးစက်ရောဂါ ကာကွယ်ဆေးအမျိုးမျိုး ထုတ်လုပ်ခြင်းတွင် အဆ ၂၀.၈၀၉ သန်း၊ ကာကွယ်ဆေးအမျိုးမျိုး ထိုးနှံခြင်းတွင် ကြိမ်ရေ ၁၅.၀၆၄ သန်း၊ ကုသပေးခြင်းတွင် ကောင်ရေ ၁.၉၃၉ သန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ နွားမျိုးကောင်း မျိုးသန့်ပြန့်ပွားရေးအတွက် မေထုန်မဲ့သားစပ်မှုတွင် ကြိမ်ရေ ၂၅,၂၅၂၊ စနစ်တကျ သဘာဝသားစပ်မှုတွင် ကြိမ်ရေ ၁၇၇,၉၆၆ ဆောင်ရွက်နိုင်ခဲ့ပါသည်။

ပထမ(၆)လပတ် ကာလအတွင်း ပျားရည်ထုတ်လုပ်မှုတွင် ပေါင်ထောင်ပေါင်း ၁,၂၉၃ ထုတ်လုပ်နိုင်ခဲ့ပါသည်။ ပြည်ပတင်ပို့ ရောင်းချရန် လျာထားချက် ၂၅၀ တန်တွင် ၂၀၀ တန် တင်ပို့နိုင်ခဲ့ရာ အမေရိကန်ဒေါ်လာ ဝ.၂၃ဝ သန်း ရရှိခဲ့ပါသည်။ ပျားများဖြင့် ဝတ်မှုန်ကူးပြောင်းစေခြင်းဖြင့် မျိုးကောင်းမျိုးသန့်နှင့် အောင်မြင်သောသီးနှံများ၊ မျိုးစေ့များကိုရရှိစေရန်အတွက်

နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင် စိုက်ကွင်းများတွင်ပျားအုံများကို ရွှေ့ပြောင်းမွေးမြူခြင်းစနစ်ဖြင့် ဝတ်မှုန်ကူးခြင်း လုပ်ငန်းကို ဆောင်ရွက်လျက်ရှိပါသည်။

ငါးလုပ်ငန်းဦးစီးဌာနသည် ပထမ(၆)လပတ် ကာလအတွင်း ဖက်စပ်ကုမ္ပဏီများ၊ ပုဂ္ဂလိကကုမ္ပဏီများမှ တင်ပို့နေသော ရေထွက်ပစ္စည်းများကို ပြည်ပမတင်ပို့မီ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ စနစ်တကျ စစ်ဆေးပေးလျက်ရှိရာတွင် ရေထွက်ပစ္စည်းများဖြစ်သည့် ရေချိုပုစွန် ၂၉.၄၆ တန်၊ ရေချိုငါး ၄၈,၈၇၇.၀၉ တန်၊ ရေငန်ပုစွန် ၅,၇၀၆.၃၄ တန်၊ ရေငန်ငါး ၁၂,၅၅၃.၂၄ တန်၊ ကဏန်း၊ ကျောက်ငါး၊ ကျောက်ပုစွန်၊ ငါးရှဉ့် ၁,၄၄၁.၈၈ တန်နှင့် အခြား ၁၁,၁၆၃.၃၁ တန်၊ စုစုပေါင်း ၇၉,၇၇၁.၃၂ တန် အရည်အသွေး စစ်ဆေးပေးခဲ့ပါသည်။ ရေထွက်ကုန် နမူနာအရေအတွက်၂၂,၀၈၀ ခုအား စစ်ဆေးပေးခဲ့ပါသည်။ ပုဂ္ဂလိကပိုင်အခန်းမှ ငါးမွေးမြူရေးလုပ်ငန်းများတွင် ဈေးကွက်ဝင် တန်ဖိုးမြင့်ငါးမျိုးစိတ်များ တိုးချဲ့မွေးမြူလာခြင်း၊ ဘုံငါးဖမ်းလုပ်ငန်းတွင် မြစ်ချောင်း၊ တာတမံ၊ ဆည်ရေပြင် နှင့်စပါးခင်းများအတွင်းသို့ ငါးမျိုးစိတ်များထည့်သွင်း မွေးမြူလာခြင်း၊ သဘာဝရေပြင် ငါးလုပ်ငန်းဆိုင်ရာ သယံဇာတများ စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ရေးနှင့် သဘာပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ပုစွန်မွေးမြူရေးလုပ်ငန်းအနေဖြင့် သမရိုးကျ သဘာဝမွေးမြူရေးစနစ်မှ သားပေါက်အစာ ထည့်သွင်းကျွေးမွေး၍ မွေးမြူလာခဲ့ပါသည်။ အင်းငါးထုတ်လုပ်မှုတွင်လည်း သဘာဝအတိုင်း ဖမ်းဆီးထုတ်လုပ်မှုအပြင် ငါးနေငါးထိုင်ကောင်းစေသော အစီအမံများ ဆောင်ရွက်ခြင်း၊ ငါးမွေးမြူရေးလုပ်ငန်းရှင်များ ငါးမျိုးကောင်းမျိုးသန့်များ မွေးမြူနိုင်ရေး ဆောင်ရွက်ပေးခြင်းအပြင် ငါးမွေးမြူရေးဆိုင်ရာ ဟောပြောပွဲများကိုလည်း ကျင်းပနိုင်ခဲ့ပါသည်။ ရေဘေးသင့်ဒေသများသို့ တိရစ္ဆာန်များ ကာကွယ်စောင့်ရှောက်ရန်အတွက် တိုင်းဒေသကြီး/ပြည်နယ်များသို့ ကွင်းဆင်းကုသရေးအဖွဲ့များ (Task Force) ဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိရာ ၄-၉-၂၀၁၅ ရက်နေ့ထိ တိရစ္ဆာန်ကာကွယ်ဆေး ထိုးပေးနိုင်မှုမှာ ၁၅၇,၈၆၈ ကောင်၊ တိရစ္ဆာန်များကုသပေးနိုင်မှုမှာ ၅၄,၀၄၁ ကောင်ဖြစ်ပါသည်။ ရေဘေးသင့်ဒေသများတွင် သန့်ရှင်းသော သောက်သုံးရေများ ရရှိရေးအတွက် ရွှေ့လျားရေသန့်စက်များတပ်ဆင်ပေးခြင်း၊ ရေတွင်းများရေမှုတ်ထုတ်၍ သန့်စင်ပေးခြင်း၊ ရေကန်များပြန်လည်ပြုပြင်ခြင်း၊ ရေသန့်ဆေးပြားများ ထည့်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ဆုံးရှုံးခဲ့သောတိရစ္ဆာန်များ ပြန်လည်ဖြည့်တင်းခြင်း၊ ကုသပေးခြင်း၊ ငါးမွေးကန်များအတွက် ငါးသားပေါက်များ၊ ထောက်ပံ့ချေးငွေများရရှိရေး ဆောင်ရွက်ပေးခြင်း၊ လမ်းတံတားများ၊ ရေပေးရေးလုပ်ငန်း၊ မီးလင်းရေးလုပ်ငန်း၊ ကျန်းမာသန့်ရှင်းရေးလုပ်ငန်း၊ အိမ်ရာလုပ်ငန်းများ ပျက်စီးမှုများအတွက် ပြန်လည်ပြင်ဆင် ဖြည့်တင်းပေးနိုင်ရေးအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြ၍ ဆောင်ရွက်လျက်ရှိပါသည်။

ဘင်္ဂလားဒေ့ရှ်၊ မြန်မာနှင့်ထိုင်းနိုင်ငံတို့တွင် အသေးစားနို့စားနွား မွေးမြူထုတ်လုပ်မှု တိုးတက်စေရန်နှင့် နို့နှင့်နို့ထွက်ပစ္စည်း ဈေးကွက်ဖွံ့ဖြိုးတိုးတက်စေရေးစီမံကိန်း၊ မေထုန်မဲ့သားစပ်နည်းနှင့် မျိုးရိုးဗီဇနည်းပညာကိုအသုံးပြု၍ တိရစ္ဆာန်များ၏ ထုတ်လုပ်မှုစွမ်းရည် တိုးမြှင့်ရေးစီမံကိန်း၊ မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသ တစ်ပိုင်တစ်နိုင်မွေးမြူမှု ဖွံ့ဖြိုးတိုးတက် ရေး သုတေသနစီမံကိန်း၊ ရေရှည်တည်တံ့သော အစားထိုးအသက်မွေးဝမ်းကြောင်း ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ မြန်မာနိုင်ငံတွင် အပြင်းစားကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ပျံ့နှံ့မှု ကြိုတင်ကာကွယ်တားဆီးရေးအတွက် ကြက်ငှက်တုပ်ကွေးရောဂါအန္တရာယ် ပညာပေးလုပ်ငန်း စီမံကိန်း၊ ပျားနို့ထုတ်လုပ်ရေးစီမံကိန်း၊ မြန်မာနိုင်ငံနို့စားနွားမွေးမြူမှု ဖွံ့ဖြိုးရေးစီမံကိန်း၊ မွေးမြူထုတ်လုပ်မှုတိုးတက်ရေးအတွက် တိရစ္ဆာန်အစာကျွေးမွေးခြင်း မဟာဗျူဟာများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ပျားမွေးမြူရေးအဆင့်မြှင့်တင်ရေးနှင့် တိုးတက်မှုစီမံကိန်း၊ ရခိုင်ပြည်နယ်အတွင်း ပဋိပက္ခသက်ရောက်မှုရှိသော လူထုအတွက် စားနပ်ရိက္ခာနှင့် ပြန်လည်ထူထောင်ရေး တိုးတက်မြင့်မားလာစေရေးစီမံကိန်း၊ စီပီကျေးလက်ရန်ပုံငွေ ထူထောင်ရေးစီမံကိန်း၊ ကျေးလက်လည့်ပတ် ရန်ပုံငွေထူထောင်ရေးစီမံကိန်း၊ အပြင်းစားကြက်ငှက်တုပ်ကွေး ရောဂါကာကွယ်ထိန်းချုပ်ရေး အရေးပေါ်ပြင်ဆင်မှု တိုးမြှင့်ဆောင်ရွက်ရန်အတွက် အတတ်ပညာပိုင်းဆိုင်ရာ အကူအညီပေးရေး လုပ်ငန်းစီမံကိန်း၊ ရန်ကုန်တိရစ္ဆာန်မျိုးမြှင့်တင်ရေးနှင့် မွေးမြူရေးသုတေသနဌာနအား အကူအညီပေးရေးစီမံကိန်း၊ အသေးစားမွေးမြူရေးစံပြကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို တိုင်းဒေသကြီး/ပြည်နယ်များတွင် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် နည်းပညာပူးပေါင်း၍ ဆောင်ရွက်လျက်ရှိပါသည်။


**သစ်တောကဏ္ဍ**

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း၏ ပထမ(၆)လပတ်တွင် သစ်တောကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်း**အရ ကျပ် ၂၉,၆၅၈.၂ သန်း အကောင်အထည်ဖော်ရန် လျာထားပါသည်။

**ပုံ(၅-၄) သစ်တောကဏ္ဍ**

**၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ပထမ(၆)လပတ်တွင် သစ်တာကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်း** အရ ကျပ် ၃၉,၂၄၆.၈ သန်း ရရှိခဲ့သဖြင့် ပထမ(၆)လပတ်လျာထားချက်အပေါ် ၁၃၂.၃ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး၊ **ပုံမှန်ဈေးနှုန်း**အရ ၇.၄ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှစ၍ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်လုပ်ငန်း နှစ်ရပ်လုံး သစ်အလုံးလိုက်တင်ပို့မှုကို လုံးဝရပ်ဆိုင်းခဲ့ပြီးဖြစ်ပါသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် နိုင်ငံပိုင်အခန်းမှ သစ်ထုတ်လုပ်မှုကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစတင်၍ နှစ်စဉ်တောထွက်ဘောင်အတွင်းမှ ထုတ်လုပ်ရန် သတ်မှတ်ခဲ့ရာ သတ်မှတ်ချက်အတိုင်း ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်အထိ နိုင်ငံပိုင်အခန်းမှ ကျွန်း ၁၅,၆၂၉ ကုဗတန်နှင့် သစ်မာ ၃၆,၉၉၈ ကုဗတန် ထုတ်လုပ်နိုင်ခဲ့ပြီး သစ်မဟုတ်သည့် သစ်တောထွက် ပစ္စည်းများဖြစ်သည့် တိုင်၊ မျော၊ ထင်း၊ မီးသွေး၊ ဝါး နှင့် ကြိမ် အစရှိသည်တို့ကိုလည်း ဈေးကွက် လိုအပ်ချက်အရ ထုတ်လုပ်နိုင်ခဲ့ပါသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတ အရင်းအမြစ်များ ရေရှည်ထုတ်ယူ သုံးစွဲနိုင်ရေးကို ရည်မှန်း၍ သဘာဝတောထိန်းသိမ်းခြင်း လုပ်ငန်းများကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ်အတွင်း ကျွန်းသင်းသတ်ခြင်း ၁,၂၇၂ ပင်၊ သစ်မာ ပင်ထောင်ရိုက်မှတ်ခြင်း ၁၉,၇၆၇ ပင်၊ သစ်တောစိုက်ခင်းတည်ထောင်ခြင်း ဧက ၄,၉၀၀၊ ပေါင်းသင်ရှင်းလင်းခြင်း ၃၀,၃၆၄ ဧက၊ နွယ်ဖြတ်ညှောင်ပတ်လှဲခြင်း ၁၁,၅၀၈ ဧက၊ သဘာဝတောတန်ဖိုးမြှင့်စိုက်ပျိုးခြင်း ၁၀,၈၂၀ ဧက၊ အကွက်နယ်နိမိတ် ပြင်ဆင်ခြင်း ၁၂ မိုင်နှင့် ကြိုးဝိုင်းတိုးချဲ့ဖွဲ့စည်းခြင်း ၂ စတုရန်းမိုင်တို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

ထို့အပြင် စိုက်ခင်းတည်ထောင်ခြင်း လုပ်ငန်းများကို စီးပွားရေးစိုက်ခင်း ၃,၈၅၀ ဧက၊ ကျေးရွာသုံးစိုက်ခင်း ဧက ၇၀၀၊ ရေဝေရေလဲစိုက်ခင်း ၃၅၀ ဧက တို့ကို တည်ထောင်စိုက်ပျိုးနိုင်ခဲ့ပြီး ပုဂ္ဂလိကကျွန်းစိုက်ခင်း ၃,၉၆၄ ဧကနှင့် ပုဂ္ဂလိက သစ်မာစိုက်ခင်း ၇,၃၈၇ ဧကတို့ကိုလည်း စိုက်ပျိုးတည်ထောင် ခွင့်ပြုနိုင်ခဲ့ပါသည်။ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနသည် အဓိကလုပ်ငန်းတာဝန်ကြီး (၄) ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပထမ (၆) လပတ်အတွင်း စိုက်ခင်းတည်ထောင်ခြင်း ဧက ၅,၀၀၀၊ သဘာဝတောကျန်များ ထိန်းသိမ်းကာကွယ်ခြင်း ဧက ၅၀,၀၀၀၊ ထင်းအစား အခြားလောင်စာ တိုးမြှင့်အသုံးချရေး ဆောင်ရွက်ခြင်းတွင် စွမ်းအားမြှင့်မီးဖို ဖြန့်ဖြူးခြင်း ၉,၉၆၀ လုံး၊ လောင်စာတုံးသုံးစွဲခြင်း ၁,၉၈၂,၂၀၂ တုံးနှင့် စိုက်ပျိုးရေး စွန့်ပစ်ပစ္စည်းသုံးစွဲခြင်း ၇၄,၁၈၄ တန် တို့ကိုဆောင်ရွက်နိုင်ခဲ့ပြီး ရေရရှိရေးလုပ်ငန်းတွင် ရေကန်ငယ် ၂၁ ကန်၊ မြေအောက်ရေတွင်း ၃ တွင်း၊ နန်းတားဆည်ငယ် ၁၂၂ ခု နှင့် မိုးရေစုကန် ၄ ကန် တို့ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။

ထို့အပြင် သစ်တောသယံဇာတများ၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းခြင်း လုပ်ငန်းများနှင့် သစ်တောစိုက်ခင်း တည်ထောင်ခြင်းလုပ်ငန်းများကိုလည်း နိုင်ငံတကာအဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုများဖြင့် ဖော်ပြပါလုပ်ငန်းစီမံချက်များကို ကာလရှည် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဒေသခံပြည်သူများအတွက် လိုအပ်သော သစ်တောဆိုင်ရာ ထွက်ကုန်များ ဖြည့်ဆည်းပေးနိုင်ရေး၊ နိုင်ငံတော် စီးပွားဖွံ့ဖြိုးရေးကို အထောက်အကူဖြစ်စေရေးတို့အတွက် သစ်တောသယံဇာတများ ရေရှည်ထုတ်ယူသုံးစွဲနိုင်ရေးနှင့် သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေးတို့သည် သစ်တောကဏ္ဍ၏ ရည်မှန်းချက်များ ဖြစ်ပါသည်။ ထို့အပြင် မြန်မာနိုင်ငံ၏ သစ်တောထွက်ပစ္စည်းများ နိုင်ငံတကာဈေးကွက်သို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် သစ်တောထောက်ခံချက်ရရှိရေး လုပ်ငန်းများကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် သစ်တောကဏ္ဍ၏ ရည်မှန်းချက်ပြည့်မီရေးအတွက် ကျန်ရှိသည့်ကာလများသည် ပွင့်လင်းရာသီဖြစ်ပြီး နယ်မြေလုံခြုံမှု အခြေအနေ တိုးတက်ကောင်းမွန်လာသည်နှင့်အမျှ သစ်ထုတ်လုပ်ငန်းများနှင့် သစ်လုံးသယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ပိုမိုအကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်၍ ရည်မှန်းချက်ပြည့်မီရေးကို ကြိုးပမ်းဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

သစ်တောကဏ္ဍဖွံ့ဖြိုးရေးအတွက် အနာဂတ်ကာလတွင် သစ်တောပြုစုထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊ သစ်အခြေခံ စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဦးစားပေးဆောင်ရွက်ရန် လိုအပ်သကဲ့သို့ တရားမဝင် သစ်ထုတ်လုပ်မှုများကိုလည်း တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူ ဆောင်ရွက်သွားရန် လိုအပ်ပါသည်။ ထို့အပြင် သစ်တောနယ်မြေအတွင်း တရားမဝင်ကျူးကျော်မှုများကို ထိန်းချုပ်ရန် လိုအပ်ခြင်း၊ ထင်းအစားထိုးလောင်စာ ပိုမိုသုံးစွဲရန် လိုအပ်ခြင်းများကိုလည်း တွေ့ကြုံနေရပါသည်။

သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများကို အလေးထားဖိတ်ခေါ်ရန် လိုအပ်သကဲ့သို့ နိုင်ငံပိုင်သစ်အခြေခံ စက်မှုလုပ်ငန်းများတွင်လည်း စက်စွမ်းအားမြှင့်တင်ရေး၊ ခေတ်မီနည်းပညာအသုံးပြုရေးနှင့် ကျွမ်းကျင်လုပ်သားများ ပြုစုပျိုးထောင်ရေးတို့အပြင် နိုင်ငံပိုင်ကဏ္ဍမှ ပုဂ္ဂလိကပိုင်လုပ်ငန်းများအဖြစ် ပြောင်းလဲဆောင်ရွက်နိုင်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။


**စွမ်းအင်ကဏ္ဍ**

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း၏ ပထမ(၆)လပတ်တွင် စွမ်းအင်ကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်း**အရ ကျပ် ၂,၃၃၃,၃၈၂.၀ သန်း အကောင်အထည် ဖော်ရန် လျာထားပါသည်။

**ပုံ (၅-၅) စွမ်းအင်ကဏ္ဍ**

**၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ**

**(နှစ်အလိုက်ဈေးနှုန်း)**




ဓာတ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

ပထမ(၆)လပတ်တွင် စွမ်းအင်ကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်း**အရ ကျပ် ၁,၉၂၀,၁၉၉.၆ သန်း ရရှိခဲ့သဖြင့် ပထမ(၆)လပတ်လျာထားချက်အပေါ် ၈၂.၃ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး၊ **ပုံမှန်ဈေးနှုန်း**အရ ၈.၉ ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် စွမ်းအင်ဝန်ကြီးဌာနသည် စဉ်ဆက်မပြတ် စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော်ရန်၊ စွမ်းအင် အမျိုးအစားသစ်များနှင့် ပြန်ပြည့်မြဲ စွမ်းအင်အရင်းအမြစ်များကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြု နိုင်ရေးအတွက် မြှင့်တင်ဆောင်ရွက်ရန်၊ ရှာဖွေတွေ့ရှိသည့် ရေနံနှင့်သဘာဝဓာတ်ငွေ့ သယံဇာတ များကို ထွက်ရှိရာဒေသ အပါအဝင် ပြည်သူလူထုတစ်ရပ်လုံး အကျိုးအရှိဆုံးနှင့် အထိရောက်ဆုံး ရရှိခံစားနိုင်မည့် သုံးစွဲမှုဖြစ်စေရေး ဆောင်ရွက်ရန်နှင့် စွမ်းအင်ကဏ္ဍတွင် ပုဂ္ဂလိကအပိုင်းမှ ပိုမို ပါဝင်စေရေး မြှင့်တင်ဆောင်ရွက်ရန် စသည့် မူဝါဒများပေါ် အခြေခံ၍ ရေနံနှင့် သဘာဝဓာတ်ငွေ့ လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်အတွက် ကုန်းတွင်းလုပ်ကွက် ၃၂ ကွက်တွင် ကုမ္ပဏီ ၃၂ ခုနှင့်

လည်းကောင်း၊ ကမ်းလွန်လုပ်ကွက် ၂၈ ကွက် တွင် ကုမ္ပဏီ ၃၇ ခု နှင့်လည်းကောင်း ထုတ်လုပ်မှု အပေါ် ခွဲဝေခံစားရေးစာချုပ် ချုပ်ဆို၍ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော် ထုတ်လုပ်ရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

ထုတ်လုပ်သည့် သဘာဝဓာတ်ငွေ့များကို ပြည်တွင်းတွင် ကုဗပေ ၅၀,၈၆၀.၉၈ သန်း သုံးစွဲခဲ့ပြီး ထိုင်းနိုင်ငံ ပီတီတီကုမ္ပဏီသို့ ကုဗပေ ၂၀၉,၉၈၉.၇၀ သန်းနှင့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံသို့ ကုဗပေ ၇၄,၆၂၁.၃၈ သန်း ရောင်းချခဲ့ပါသည်။ ရေနံရှာဖွေကွင်းဆင်းအဖွဲ့များသည် အစီရင်ခံသည့်ကာလတွင် ၂၂၁.၄၅၅ လိုင်း ကီလိုမီတာကို ကွင်းဆင်းတိုင်းတာနိုင်ခဲ့ပါသည်။ ရေနံတွင်းသစ် ၈ တွင်း ရှာဖွေတူးဖော်နိုင်ခဲ့ပါသည်။

ကုန်းပိုင်းလုပ်ကွက်များဖြစ်သည့် IOR-4, IOR-6 တို့ကို Myanmar Petroleum Exploration & Production Co.,Ltd. နှင့်လည်းကောင်း၊ B-2, EP-3 ကို ONGC Videsh Limited, Machinery and Solutions Co.,Ltd. နှင့်လည်းကောင်း၊ EP-4 ကို နယ်သာလန်နိုင်ငံ နှင့်လည်းကောင်း၊ EP-1ကို ဘရူနိုင်းနိုင်ငံ နှင့်လည်းကောင်း၊ IOR-5 ကို UNOG Pte. Ltd. နှင့်လည်းကောင်း၊ MOGE-4 ကို လူဇင်ဘတ်နိုင်ငံ နှင့်လည်းကောင်း ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ် ချုပ်ဆိုခဲ့ပါသည်။ Block–O, Block–J ကို ပါကစ္စတန်နိုင်ငံနှင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေး စာချုပ်ချုပ်ဆိုရန်အတွက် စီစဉ်ဆောင်ရွက်လျက် ရှိပါသည်။

ကမ်းလွန်လုပ်ကွက်များဖြစ်သည့် ရခိုင်ကမ်းလွန်လုပ်ကွက်(AD-2, AD-3, A-4, A-5, AD-10)ကွက်နှင့် ရခိုင်ကမ်းလွန် ရေနက်ပိုင်းလုပ်ကွက် (AD-9,AD-11)၊ မုတ္တမကမ်းလွန် ရေတိမ်ပိုင်းလုပ်ကွက် (M4,M-7,M-8) နှင့် တနင်္သာရီကမ်းလွန် (M-15, M-17, M-18)၊ တနင်္သာရီကမ်းလွန် ရေနက်ပိုင်းလုပ်ကွက် (MD-5, YWB) ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေး စာချုပ်ချုပ်ဆိုခဲ့ပါသည်။

နိုင်ငံပိုင် ကုန်းတွင်းပိုင်း ပုဂ္ဂလိကရေနံစိမ်းထုတ်လုပ်မှု အမေရိကန်စည် ထောင်ပေါင်း ၅၅၁.၂၁၆၊ ကမ်းလွန်သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှု ကုဗပေသန်း ၃၃၅,၆၆၈၊ ဘူးသွင်းသဘာဝ ဓာတ်ငွေ့ ထုတ်လုပ်မှု ကုဗပေသန်း ၃,၁၈၃ ထုတ်လုပ်နိုင်ခဲ့ပါသည်။

မကွေးတိုင်းဒေသကြီး ရေနံစိမ်းထုတ်လုပ်မှုတွင် သရက်ခရိုင်၊ မင်းလှမြို့နယ်ရှိ ရေနံ လက်ယက်တွင်းများ များပြားလာခြင်း၊ လုပ်ငန်းသဘာဝအရ မိုးရာသီကာလတွင် ပိုမိုထွက်ရှိ ခြင်းနှင့် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ငါ့သျှန်တောင်ဒေသနှင့် ညောင်ဦး မြို့နယ် တက်မဒေသတို့၌ ရေနံစိမ်းထွက်ရှိမှုများ ပိုမိုထွက်ရှိလာ၍ ပုဂ္ဂလိကပိုင် ထုတ်လုပ်မှုများ တိုးတက်ခဲ့ပါသည်။ သရက်ခရိုင်၏ ရေနံစိမ်း လက်ယက်တွင်းတိမ် ရှာဖွေတူးဖော် ထုတ်လုပ်သူ

များသည် အစီရင်ခံသည့် ကာလတွင် အမေရိကန်စည် ထောင်ပေါင်း ၄၅၈.၄၇၁ ထုတ်လုပ်နိုင်ခဲ့ပါသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ဘူးသွင်းသဘာဝဓာတ်ငွေ့ CNG ကုဗပေသန်း ၅၂၉.၀ ထုတ်လုပ်နိုင်ခဲ့ပါသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း CNG ဓာတ်ငွေ့သုံးမော်တော်ယာဉ်များ တိုးတက်လာသည်နှင့်အမျှ မော်တော်ယာဉ် (၈)စီး တစ်ပြိုင်နက် CNG ဓာတ်ငွေ့ဖြည့်တင်းနိုင်သည့် CNG အရောင်းဆိုင်ကို ၂၀၁၅ ခုနှစ်၊ မေလ(၃၀)ရက်နေ့တွင် မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့ရှောင်လမ်းတွင် ဖွင့်လှစ်ခဲ့သည့်အတွက် ရန်ကုန်တိုင်းဒေသကြီးတွင် CNG ဓာတ်ငွေ့ထုတ်လုပ်မှု တိုးတက်ခဲ့ပါသည်။


**သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ**

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း၏ ပထမ(၆)လပတ်တွင် သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်း**အရ ကျပ် ၃၆၁,၀၅၃.၆ သန်း အကောင်အထည်ဖော်ရန် လျာထားပါသည်။

**ပုံ (၅-၆) သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ**

**၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

ပထမ(၆)လပတ်တွင် သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်း**အရ ကျပ် ၃၇၇,၉၆၇.၆ သန်း ရရှိခဲ့သဖြင့် ပထမ(၆)လပတ် လျာထားချက်အပေါ် ၁၀၄.၇ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး၊ **ပုံမှန်ဈေးနှုန်း**အရ ၃၄.၄ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

ကချင်ပြည်နယ်တွင် **မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းရှိ လုံးခင်း၊ ဖားကန့်ရတနာနယ်မြေမှ ကျောက်စိမ်းများ ပြန်လည်တူးဖော် ထုတ်လုပ်နိုင်ခဲ့ပါသည်။**

စစ်ကိုင်းတိုင်းဒေသကြီးတွင် **မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းအောက်**ရှိ ကုမ္ပဏီများမှ နယ်မြေအနေအထားအရ ကျောက်စိမ်းများကို အင်တိုက်အားတိုက် ထုတ်လုပ်နိုင်ခဲ့ပါသည်။ အမှတ် (၃) သတ္တုတွင်းလုပ်ငန်းနှင့် ဖက်စပ်ဆောင်ရွက်နေသော ကုမ္ပဏီများဖြစ်သည့် မော်လိုက်ကြီးချောင်း၊ ထူးအပြည်ပြည်ဆိုင်ရာ၊ ပလူဇဝ(ရွှေတောင်)နှင့် ရန်ကုန်

စည်ပင် (ဓားသွေးကျောက်) ကုမ္ပဏီများမှ ကျောက်မီးသွေးကို တိုးတက်ထုတ်လုပ် နိုင်ခဲ့ပါသည်။ ဖယ်ရိုနီကယ်ကို Electric Furnace ( ၂ ) ခုလုံးဖြင့် စက်စွမ်းအားပြည့် ထုတ်လုပ်ခဲ့ပါသည်။

ပဲခူးတိုင်းဒေသကြီး(အရှေ့)တွင် အမှတ် (၂) သတ္တုတွင်းလုပ်ငန်းမှ ရွှေ ထရိုင်အောင်စ ၄,၂၀၀၊ အကျဉ်းဦးစီးဌာနမှ ကျောက်မာ ကျင်း ၃၅၀၀နှင့် သဲ၊ ကျောက်စရစ်၊ ဂဝံကျောက်များ ထုတ်လုပ်နိုင်ခဲ့ပါသည်။

ရခိုင်ပြည်နယ်တွင် အမှတ်(၃) သတ္တုတွင်းလုပ်ငန်းမှ မာဘယ်လ်အလှဆင်ကျောက် မက်ထရစ်တန် ၁,၇၀၀ ခန့်နှင့် သဲ၊ ကျောက်စရစ်၊ လမ်းခင်းကျောက်တို့ကို ထုတ်လုပ်ခဲ့ပါသည်။

သတ္တုနှင့် တွင်းထွက်ပစ္စည်းတွင် မွန်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တို့၏ အသေးစားရွှေလုပ်ကွက်များမှ ရွှေထုတ်လုပ်မှုများ တိုးလာခြင်း၊ မန္တလေးတိုင်းဒေသကြီး (ရမည်းသင်း) အကြီးစား ရွှေလုပ်ကွက်များမှ ထုတ်လုပ်မှုတိုးလာခြင်း၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ လုံးခင်း၊ ဖားကန့်နှင့် ခန္တီးရတနာ နယ်မြေများမှ ကျောက်စိမ်းထုတ်လုပ်မှုများ တိုးတက်ခြင်း၊ မိုးကုတ်ရတနာနယ်မြေမှ ကျောက်မျက်ရတနာ ထုတ်လုပ်မှုများ တိုးတက်ခြင်း၊ Cornerstone ကုမ္ပဏီမှ သွပ်နှင့်ရောရာ သတ္တုရိုင်း ထုတ်လုပ်မှု တိုးတက်ခြင်း၊ ပတ္တမြားနဂါးနှင့် ပန်း (၆) ပွင့် ကုမ္ပဏီများမှ ခနောက်စိမ်း နှင့် ရောရာသတ္တုရိုင်း ထုတ်လုပ်မှု တိုးတက်ခြင်း၊ ပတ္တမြားနဂါးကုမ္ပဏီမှ ဂေါဒန်ကျောက် ထုတ်လုပ်မှု တိုးတက်ခြင်းတို့ကြောင့် သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍ ရည်မှန်းချက်များ ပြည့်မီစွာ အကောင်အထည် ဖော်နိုင်ခဲ့ပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ စီမံကိန်းကာလအတွင်း စက်မှုတွင်းထွက်ကုန်ကြမ်း ထုတ်လုပ်မှု များ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် လုပ်ကွက်အသစ်များ ထပ်မံ၍ စာချုပ်ချုပ်ဆို ဆောင်ရွက် ခဲ့ရာ အကြီးစားထုတ်လုပ်မှု လုပ်ကွက် (၇) ကွက်၊ အသေးစားလုပ်ကွက် (၁၇) ကွက် ထပ်မံတိုးချဲ့ နိုင်ခဲ့ပါသည်။ မြေပေါ်/မြေအောက်ရှိ သဘာဝသယံဇာတ ဓာတ်သတ္တု အရင်းအမြစ်များကို ဖော်ထုတ်ရာတွင် အခြေခံကျသော ဒေသန္တရ ဘူမိဗေဒမြေပုံ ရေးဆွဲရေးလုပ်ငန်းများ စဉ်ဆက် မပြတ် ဆောင်ရွက်ရန်အတွက် မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်း၊ မြစ်သား၊ သာစည်မြို့နယ်၊ ပြက္ခရွှေဝန်းကျင်ဒေသများတွင် ဒေသန္တရဘူမိဗေဒမြေပုံရေးဆွဲခြင်း (၃၈၆) စတုရန်းကီလိုမီတာ ဆောင်ရွက်ခဲ့ပါသည်။

ကျောက်မီးသွေး ရှာဖွေစမ်းသပ်တိုင်းတာရေးနှင့် ပတ်သက်၍ ရှမ်းပြည်နယ်၊ လားရှိုး မြို့နယ်၊ နမ္မတူချိုင့်ဝှမ်း ဝန်းကျင်ဒေသတွင် မက်ထရစ်တန် (ဖြစ်ရန်ရှိသောသတ္တုသိုက်ပမာဏ အဆင့်) ၀.၀၂၇၉ သန်းနှင့် (အလားအလာရှိသောသတ္တုသိုက်ပမာဏအဆင့်) ၀.၀၀၀၅ သန်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီဝန်းကျင်ဒေသတွင် မက်ထရစ်တန် (ဖြစ်နိုင်သောသတ္တုသိုက်

ပမာဏအဆင့်) ၀.၀၀၃သန်းနှင့် (အလားအလာရှိသော သတ္တုသိုက်ပမာဏအဆင့်) ၀.၀၂ သန်း၊ မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ်၊ ပုလဲ-ကျောက်တန်းဝန်းကျင်ဒေသတွင် မက်ထရစ်တန် (ဖြစ်နိုင်သော သတ္တုသိုက်ပမာဏအဆင့်) ၀.၈သန်းနှင့် (အလားအလာရှိသော သတ္တုသိုက်ပမာဏ အဆင့်) ၁.၂၅ သန်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

သံသတ္တုရိုင်း ရှာဖွေစမ်းသပ်တိုင်းတာရေးနှင့်ပတ်သက်၍ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ်၊ ပင်းပက်ဝန်းကျင်ဒေသတွင် မက်ထရစ်တန် (ဖြစ်ရန်ရှိသော သတ္တုသိုက် ပမာဏအဆင့်) ၀.၇၁ သန်းနှင့် (ဖြစ်နိုင်သောသတ္တုသိုက်ပမာဏအဆင့်) ၀.၉၅ သန်း တို့ကို ဆောင်ရွက်ခဲ့ပါသည်။

ဂရက်ဖိုက် ရှာဖွေစမ်းသပ်တိုင်းတာရေးနှင့် ပတ်သက်၍ မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူး မြို့နယ်၊ ယက္ကန်းစင်တောင်ဝန်းကျင်ဒေသတွင် မက်ထရစ်တန် ( ဖြစ်ရန်ရှိသောသတ္တုသိုက် ပမာဏ အဆင့်) ၀.၆၅ သန်းနှင့် (ဖြစ်နိုင်သောသတ္တုသိုက်ပမာဏအဆင့်) ၀.၀၀၁ သန်းတို့ကို ဆောင်ရွက်ခဲ့ ပါသည်။

ထုံးကျောက် ရှာဖွေစမ်းသပ်တိုင်းတာရေးနှင့် ပတ်သက်၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်၊ မင်းဝံတောင်တန်း ဝန်းကျင်ဒေသတွင် မက်ထရစ်တန် ( ဖြစ်နိုင်သောသတ္တုသိုက် ပမာဏအဆင့်) ၄၀.၇၈ သန်းနှင့် (အလားအလာရှိသော သတ္တုသိုက်ပမာဏအဆင့်) ၄၃.၂၁ သန်း တို့ကို ဆောင်ရွက်ခဲ့ပါသည်။

နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များမှ ကျောက်စိမ်းပုတီး၊ လက်ကောက်၊ ကျောက်စိမ်းလွှာချပ်များ အစရှိသည့် ကျောက်စိမ်းအချောထည်များကို နိုင်ငံတော်သို့ အခွန် ပေးဆောင်ပြီး မူဆယ်မြို့သို့ တင်ပို့ရောင်းချခဲ့ပါသည်။ ဒေသခံပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိစေရန် တစ်ပိုင်တစ်နိုင် ဖော်ထုတ်လုပ်ကွက်သစ်များကို မိုးကုတ်ရတနာ မြေ တစ်ခုတည်းသာ လျှောက်ထားခွင့်ပြုခဲ့ပါသည်။ ကျောက်စိမ်းတူးဖော်ရေးဌာန (လုံးခင်း)တွင် ထိန်းသိမ်းထားရှိသည့် နိုင်ငံတော်နှင့် အကျိုးတူထုတ်လုပ်မှုဖြစ်သော ကျောက်စိမ်းရိုင်း (ပယ်ကျောက်) လက်ကျန်များကို ဒေသခံကျောက်စိမ်းအချောထည်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် စေရေးအတွက် ရည်ရွယ်၍ တင်ဒါစနစ်ဖြင့် ရောင်းချခဲ့ပါသည်။

သတ္တုတွင်းဝန်ကြီးဌာနသည် ကျောက်စိမ်းအချောထည်များ၊ ပလွမ် (Albite) နှင့် သလင်း ကျောက် (Quarzite)၊ အင်ကြင်းကျောက် (Petrified Wood)၊ ပယင်းကျောက် (Amber) များဖြင့် ပြုလုပ်ထားသော အချောထည်များကို မြစ်ကြီးနားမြို့တွင် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့ (One Stop Service Trade) ဖွင့်လှစ်ပြီး သတ်မှတ်ထားသော အခွန်ငွေများကို ပေးဆောင်စေ၍ နယ်စပ်ကုန်သွယ်ရေး ( Border Trade ) ဖြင့် ရောင်းချခွင့် ပြုခဲ့ပါသည်။

သတ္တုကဏ္ဍအနေဖြင့် စမ်းသပ်တိုင်းတာ ရှာဖွေရေးလုပ်ငန်းများ တိုးတက်လာခြင်း၊ နယ်မြေဒေသ အေးချမ်းလာခြင်း၊ ထုတ်လုပ်မှုအတွေ့အကြုံများ ရရှိလာခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ပွင့်လန်းလာခြင်းတို့ကြောင့် ထုတ်လုပ်မှုများ တိုးတက်လာခဲ့ပါသည်။


**စက်မှုလက်မှုကဏ္ဍ**

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း၏ ပထမ(၆)လပတ်တွင် စက်မှုကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်း**အရ ကျပ် ၄,၆၀၁,၇၃၈.၈ သန်း အကောင်အထည် ဖော်ရန် လျာထားပါသည်။

**ပုံ(၅-၇) စက်မှုလက်မှုကဏ္ဍ**

**၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

ပထမ(၆)လပတ်တွင် စက်မှုလက်မှုကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်း** အရ ကျပ် ၄,၄၅၆,၇၀၅.၃ သန်း ရရှိခဲ့သဖြင့် ပထမ(၆)လပတ်လျာထားချက်အပေါ် ၉၆.၈ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး၊ **ပုံမှန်ဈေးနှုန်း**အရ ၇.၉ ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။

စက်မှုကဏ္ဍဖွံ့ဖြိုးရေးနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် အသေးစားနှင့် အလတ်စားလုပ်ငန်းများ တိုးတက်ရေးကို တွန်းအားပေးဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံအနှံ့အပြား စုစည်းတည်ရှိနေသော လုပ်ငန်းအစုအဖွဲ့များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် နည်းပညာများရရှိရန် ဒေသအလိုက် ဆွေးနွေးပွဲများ ကျင်းပခဲ့ပြီး လိုအပ်သည့် အရင်းအနှီးများရရှိရန် နိုင်ငံတော်နှင့် အဖွဲ့အစည်းများမှ စီစဉ်ပံ့ပိုးပေးလျက် ရှိပါသည်။ ထို့အပြင် နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးတွင် အခြေခံကျသည့် ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေး၊ တိုင်းပြည်၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အဓိကမောင်းနှင်အားဖြစ်သည့် အရည်

အသွေး ပြည့်ဝသော ကျွမ်းကျင်လုပ်သားများ လိုအပ်ပါသည်။ ၎င်းလုပ်သားများကို မွေးထုတ်ပြီး ကဏ္ဍအလိုက် သင့်တော်သည့် လုပ်ငန်းခွင်များတွင် တာဝန်ယူ ထမ်းဆောင်နိုင်စေရေး၊ ပြည်တွင်း ကျွမ်းကျင်လုပ်သား လိုအပ်ချက်မညီမျှမှုအား တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးရေးတို့ အတွက် "စက်မှုနှင့် သက်မွေးပညာ ရွေ့လျားသင်တန်း Mobile Vocational Training" အစီအစဉ်ဖြင့် ကျေးလက်ဒေသများသို့အရောက် စက်မှုနှင့် သက်မွေးပညာ ရက်တိုသင်တန်းများ ကို စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။

စက်မှုကဏ္ဍအနေဖြင့် အစီရင်ခံသည့် ပထမ(၆)လ ကာလအတွင်း အလုပ်အကိုင် ဖန်တီးပေးနိုင်မှုမှာ စက်မှုဝန်ကြီးဌာန၊ ပြည်နယ်/တိုင်းဒေသကြီးများရှိ စက်မှုလုပ်ငန်းများ မှတ်ပုံတင်စာရင်းအရ ၁၀,၂၂၀ ဦး၊ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီစာရင်းအရ ရွှေပြည်သာစက်မှုဇုန် (၂)၊ (၃)၊ (၄) တိုးတက်လာသဖြင့် ၂၂,၇၄၆ ဦးတို့အတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည် ဖြစ်ပါသည်။

အစီရင်ခံသည့်ကာလအတွင်း ဘားအံစက်မှုဇုန်တွင် UMH အထည်ချုပ်စက်ရုံနှင့် ဟံသာကြယ် ရေသန့်ဘူးခွံစက်ရုံများ၊ မုံရွာစက်မှုဇုန် (စစ်ကိုင်းဇုန်ခွဲ) တွင် Shoe နှင့် Slipper ထုတ်လုပ်သည့် မြန်မာသပြေ၊ Dore ကျောက်ပတ်တီးမှုန့်၊ မာဃကုန်ထုတ်မှုလုပ်ငန်းများ၊ အဖိုးတန်စံချိန်မီကုမ္ပဏီ၏ PVC (Tri Circle) ထုတ်လုပ်သည့်စက်ရုံ၊ မန်ပိန်းကွန်ကရစ်တိုင် လုပ်ငန်းတို့မှ ထုတ်လုပ်မှုများ စတင်ဆောင်ရွက်ခဲ့ပါသည်။ မုံရွာစက်မှုဇုန် (စစ်ကိုင်းဇုန်ခွဲ)တွင် Myanmar Veneer & Plywood Co; သည် အမေရိကန်ဒေါ်လာ (၉.၇) သန်းဖြင့် ရင်းနှီးမြှုပ်နှံပြီး အလုပ်သမား (၂၅၃) ဦးဖြင့် ၂၀၁၅ ခု ဧပြီလမှ စတင်၍ စမ်းသပ်ကာလအဖြစ် သစ်အချောထည် ထုတ်လုပ်ခြင်း၊ သစ်ပါးလွှာထုတ်လုပ်ခြင်း၊ အထပ်သားနှင့် သစ်ခွဲသားများ စမ်းသပ်ထုတ်လုပ်လျက် ရှိပါသည်။ ပဲခူးမြို့၊ **ပြည်ပစက်မှုနယ်မြေတွင်** Shwe Yoma Star Co.ltd ၏ ဖိနပ်စက်ရုံ၊ Sunjin Myanmar Co.ltd နှင့် Myanmar New Hope Farms Co.ltd တို့၏ တိရစ္ဆာန်အစာစပ်စက်ရုံများ၊ Myanmar DWPP Co.ltd ၏ အထည်ချုပ်စက်ရုံ၊ **ဗိုလ်တထောင်ဝမ် နိုင်ငံအခြေစိုက်** Hung Kiu **အထည်ချုပ်စက်ရုံ၏** Ward (၃) **ခုတွင် ကျန်ရှိသည့်** Ward (၂) **ခုတို့ တိုးချဲ့ခြင်း၊ ကိုရီးယားနိုင်ငံ** KM Healthcare Co.Ltd **လုပ်ငန်းမှ ဆေးရုံသုံး အထည်စက်ရုံများ၊** သာယာဝတီခရိုင်၊ အုတ်ဖိုမြို့တွင် Jmks အထည်ချုပ်စက်ရုံများ တိုးတက်ခဲ့ ပါသည်။

လှိုင်သာယာမြို့နယ် ရွှေလင်ပန်းစက်မှုဇုန်တွင် Tian Yu International Co, Ltd ဖိနပ် စက်ရုံ၊ Park Express Co, Ltd ၏ ကဒ်ထူစက္ကူပုံးစက်ရုံ၊ Kyser Myanmar Manufacturing Co, Ltd ၏ Electro - Mechanical goods စက်ရုံ၊ Four Osean Int' Co, Ltd

ကော်ဇော့စက်ရုံနှင့် ပီနံအိတ်စက်ရုံ၊ Hope One Co, Ltd အထည်ချုပ်စက်ရုံတို့ ထပ်မံ တိုးတက်လာပါသည်။ လှိုင်သာယာမြို့နယ် စက်မှုဇုန် (၅) ရှိ တောင်သုံးလုံး ပလက်စတစ်စက်ရုံ၊ KBL Fashion Ltd အထည်ချုပ်စက်ရုံ၊ လှိုင်သာယာမြို့နယ် စက်မှုဇုန် (၃) ရှိ Amara Communications Co.Ltd ဖုန်းငွေဖြည့်ကဒ်စက်ရုံ၊ လှိုင်သာယာမြို့နယ် ရွှေသံလွင် စက်မှုဇုန်ရှိ Myanmar Yue Wing Cheory Manufactory Ltd အိတ်စက်ရုံများ ထပ်မံတိုးတက်လာပါသည်။ ရွှေပြည်သာစက်မှုဇုန်ရှိ Myanmar Luxury Group Co, Ltd ၏ Jacket, Bag နှင့် အထည်ချုပ်စက်ရုံတို့ ထပ်မံတိုးတက်လာပါသည်။ ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ် စက်မှုဇုန်(၂) ရှိ Real Star Manufacturing Co, Ltd အထည်ချုပ်စက်ရုံ၊ စက်မှုဇုန်(၁)ရှိ Arno (Myanmar) Co, Ltd Manufacturing of Foot Pump, Hand Pump inflator and Vacuum cleaner ထုတ်လုပ်မှုစက်ရုံ၊ Southern Metal Industry Co, Ltd ၏ 99 concrete စက်ရုံများ တိုးတက်လာပါသည်။ ဒဂုံမြို့သစ်တောင်ပိုင်း စက်မှုဇုန် (၂) ရှိ ဖြိုးဘရားသား uPVC တံခါးဘောင်စက်ရုံ၊ Dong Peng Plastic Industry စက်ရုံ၊ ၉၉၉ ဖိုင်ဘာရေတိုင်ကီစက်ရုံ၊ စက်မှုဇုန် (၁) ရှိ ရူဘီဖိုင်ဘာစက်ရုံတို့ လုပ်ငန်းများ စတင်ဆောင်ရွက်လာပါသည်။ ရွှေပေါက်ကံ စက်မှုဇုန်တွင် ဦးထင်ကျော် ပလပ်စတစ်ဘူးစက်ရုံ၊ ဦးလင်းအောင် ပလက်စတစ်ဘောလုံးစက်ရုံ၊ ဦးသောင်းနိုင်၏ ပလပ်စတစ်ပစ္စည်းစက်ရုံ၊ သရဖူ ချိန်းလိပ်လုပ်ငန်းများ တိုးတက်ခဲ့ပါသည်။ သာကေတ စက်မှုဇုန်အတွင်းရှိ Steel King Industry Co.Ltd ၏ YCC Concrete ကွန်ကရစ်ဖျော်စက်ရုံ၊ လှိုင်မြို့နယ်ရှိ Concorde Industries Limited သစ်အချောထည်စက်ရုံ၊ မင်္ဂလာဒုံစက်မှုဇုန်ရှိ Shokosha Myanmar Co.Ltd ၏ နာရီဒိုင်ခွက်အမျိုးမျိုး ထုတ်လုပ်သည့် စက်ရုံများတိုးတက်ခဲ့ပါသည်။ ထို့ပြင် လှိုင်မြို့နယ်တွင် သူရိယအထည်ချုပ်စက်ရုံ၊ ဒဂုံမြို့သစ် အရှေ့ပိုင်းတွင် Myanmar Handsome Garments Co,Ltd အထည်ချုပ်စက်ရုံ၊ မှော်ဘီမြို့နယ်ရှိ စိန်ပလပ်စတစ်ဘူးစက်ရုံ၊ New Light ကော်ဇော့စက်ရုံ၊ CNM Garment Industrial Ltd အထည်ချုပ်စက်ရုံများ တိုးတက်ခဲ့ပါသည်။ ရှမ်းပြည်နယ် (တောင်ပိုင်း) တွင် Mega Strength Co.Ltd မှ ငှားရမ်းဆောင်ရွက်ခဲ့သည့် ခြသေ့်ဘိလပ်မြေစက်ရုံ(တီကျစ်)မှ ဘိလပ်မြေ ထုတ်လုပ်မှုအစား ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းဖြစ်သည့် တခွန်ပေါင်ဒါကို ထုတ်လုပ်ခဲ့ပါသည်။

ပုသိမ်မြို့နယ်တွင် ဆန်စက်(၂)လုံး၊ မြောင်းမြမြို့နယ်တွင် (၁) လုံး၊ အိမ်မဲမြို့နယ်တွင် (၁) လုံး၊ ဝါးခယ်မမြို့နယ်တွင် (၁) လုံး၊ ကျိုက်လတ်မြို့နယ်တွင် (၁) လုံးတို့အား အဆင့်မြင့်ပေါင်းဆန်စက်များအဖြစ် တိုးချဲ့တည်ဆောက်ခဲ့ပါသည်။ ဟသ်ာတမြို့နယ်တွင် ဦးတင်ကြည်

သံရည်ကျိုပုံလောင်းစက်ရုံမှ ထုတ်လုပ်မှုများ စတင်ဆောင်ရွက်ခဲ့ပါသည်။ ပုသိမ်စက်မှုဇုန်တွင် North Shore အထည်ချုပ် စက်ရုံသည် ဇွန်လမှစတင်၍ လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

စက်မှုဝန်ကြီးဌာနရှိ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနအနေဖြင့် ပုဂ္ဂလိက စက်မှုလုပ်ငန်းများ မှတ်ပုံတင်ခြင်းကို ဆောင်ရွက်ပေးလျှက်ရှိရာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် စက်တင်ဘာလအထိ တိုင်းဒေသကြီး/ပြည်နယ်များတွင် အကြီးစားလုပ်ငန်း ၅,၇၂၈ ခု၊ အလတ်စားလုပ်ငန်း ၈,၇၇၄ ခုနှင့် အသေးစားလုပ်ငန်း ၃၀,၄၅၀ ခု၊ စုစုပေါင်း လုပ်ငန်း ၄၄,၉၅၂ ခုတို့ကို မှတ်ပုံတင်ဆောင်ရွက်ပေးခဲ့ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် စက်မှုဇုန်များရှိ အကြီးစား လုပ်ငန်း ၂,၅၅၁ ခု၊ အလတ်စားလုပ်ငန်း ၂,၀၃၉ ခု နှင့် အသေးစားလုပ်ငန်း ၂,၀၅၀ ခု စုစုပေါင်း လုပ်ငန်း ၆,၆၄၀ ခု တို့ကို မှတ်ပုံတင် ဆောင်ရွက်ပေးခဲ့ပါသည်။

**သုတေသနနှင့်တီထွင်စမ်းသပ်ထုတ်လုပ်မှုဆောင်ရွက်ချက်များ**

စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လ ပတ် ကာလအတွင်း သုတေသနနှင့် တီထွင်စမ်းသပ်မှုများကို အောက်ပါ အတိုင်း ဆောင်ရွက်ခဲ့ပါသည်။

(က) အမှတ်(၄)စက်မှုသင်တန်းကျောင်း(ပခုက္ကူ)အတွက် Machine Centre မှ Hydraulic Cylinder Grinding Machine ၏ Cyl. Pin h6 အား အမှတ်(၁၄) အကြီးစားစက်ရုံ (သာဂရ)တွင် Ductile Cast Iron ဖြင့်သွန်း လောင်း၍ စက်ခုတ်စားပြီး Heat Treatment ပြုလုပ်သုံးစွဲရေး ဆောင်ရွက် လျက်ရှိပါသည်။

(ခ) အမှတ်(၄)စက်မှုသင်တန်းကျောင်း (ပခုက္ကူ) အတွက် Machine Centre မှ Universal Milling Machine ၏ Shear Pin အား အမှတ် (၁၁) အကြီးစား စက်ရုံ (ရန်ကုန်) မှ Raw Material ရယူ၍ နည်းပညာ သုတေသနဌာနတွင် စက်ခုတ်စားပြီး ပြုလုပ်သုံးစွဲရေးအတွက် တပ်ဆင်စမ်းသပ် ဆောင်ရွက်လျက် ရှိပါသည်။

(ဂ) ပြည်တွင်းစက်မှုဇုန်များတွင် ကုန်ထုတ်လုပ်မှု အရည်အသွေးတိုးတက် မြင့်မား စေရန် နည်းပညာပံ့ပိုး ကူညီနိုင်ရေးအတွက် မန္တလေးစက်မှုဇုန်မှ လုပ်ငန်းရှင် များ၏ စက်ရုံများတွင်လည်းကောင်း၊ ပျော်ဘွယ်မြို့အနီးရှိ ကျီနီစံပြကျေးရွာရှိ စက်ယက်ကန်း သံရည်ကျိုလုပ်ငန်းများတွင်လည်းကောင်း ၂၁-၈-၂၀၁၅ မှ ၂၄-၈-၂၀၁၅ အထိ သွားရောက်လေ့လာခဲ့ပြီး နည်းပညာပံ့ပိုး ကူညီနိုင်ရေး ဆောင်ရွက် လျက် ရှိပါသည်။

**အသေးစားနှင့်အလတ်စားလုပ်ငန်းများ**

အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၊ ၂၃ ဖြင့် ၉.၄.၂၀၁၅ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းပြီးဖြစ်၍ SME နည်းဥပဒေများ ဆက်လက် ထုတ်ပြန်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်လျက် ရှိပါသည်။ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ GIZ အဖွဲ့အစည်း၊ FNF အဖွဲ့အစည်း ကနေဒါနိုင်ငံ Building Markets၊ နယ်သာလန်နိုင်ငံ PUM Nether-lands Senior Expert၊ United Nations Industrial Development Organization (UNIDO)၊ ထိုင်းနိုင်ငံ Mekong Institute၊ Opportunities Now Organization စသည့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ နည်းပညာရရှိရေး၊ အစုအဖွဲ့များ ဖွံ့ဖြိုးတိုးတက်ရေး၊ ဝန်ထမ်းများ၏ Capacity မြှင့်တင်ရေးအတွက် တွေ့ဆုံဆွေးနွေးပွဲများ ကျင်းပပြုလုပ်ခဲ့ပါသည်။ SME လုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူပြုစေရန်အတွက် "Strategic Cooperation and Actor Landscape" ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကျင်းပပြုလုပ်ခဲ့ပါသည်။ SME လုပ်ငန်းရှင်များ အနေဖြင့် လုပ်ငန်းဆိုင်ရာ ဆွေးနွေးမှုများ၊ နည်းပညာဆိုင်ရာ ဆွေးနွေးမှုများကို နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ဆွေးနွေးနိုင်ရန် ဆက်သွယ်ဆောင်ရွက်ပေးခဲ့ပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဧပြီလမှသြဂုတ်လအထိ Hire Purchase စနစ်ဖြင့် ချေးငွေလုပ်ငန်း ဆောင်ရွက်ရန် လုပ်ငန်းရှင် ၁၄၃ ဦးသို့ ချေးငွေ ၁,၈၁၄.၈၄၀ သန်း ထုတ်ချေးထားပါသည်။ အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးထားသော ချေးငွေအမျိုးအစားများမှာ စက်မှုလုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်း၊ ဟိုတယ်လုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်းတို့ဖြစ်ကြပြီး ချေးငွေအမျိုးအစားအလိုက် ထုတ်ချေးထားငွေများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(၁) ရိုးရိုးချေးငွေ ၈၉၅ ဦး ကျပ် ၁၂၀,၃၅၆.၃၈၀ သန်း

(၂) SME ချေးငွေ ၃၉၀ ဦး ကျပ် ၁၇,၀၀၁.၀၀၀ သန်း

နိုင်ငံခြားငွေစာရင်းရှင်များကို အမေရိကန်ဒေါ်လာ၊ ယူရိုငွေကြေး ... စင်္ကာပူဒေါ်လာနှင့် ယူရိုငွေကြေးများဖြင့် ဖွင့်လှစ်ပေးပြီး အသွင်းအထုတ် ပြုလုပ်ခြင်း၊ SMIDB ဘဏ်တွင် စာရင်းပြောင်းခြင်း၊ ပြည်တွင်းချိတ်ဆက်ဘဏ်များနှင့် စာရင်းပြောင်းခြင်းများ ဆောင်ရွက်ပေးပါသည်။

**အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ**

နိုင်ငံတော်၏စက်မှုကဏ္ဍတွင် ပုဂ္ဂလိကကဏ္ဍပါဝင်မှုအချိုးအစား မြင့်မားရေး၊ နိုင်ငံတော်ဘတ်ဂျက်ကို ပြည်သူလူထုအတွက် လက်ငင်းလိုအပ်သည့် နေရာများတွင် ထိရောက်အကျိုးရှိစွာ အသုံးပြုနိုင်ရေးနှင့် အသုံးစရိတ်များ လျှော့ချချွေတာနိုင်ရေးတို့ကို ရည်ရွယ်ပြီး နိုင်ငံပိုင်စက်ရုံများကို ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်ရေးအတွက် လုပ်ငန်းရှင်များကို ဖိတ်ခေါ်၍ အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း၊ ဖက်စပ်ဆောင်ရွက်ခြင်း၊ နှစ်တို၊ နှစ်ရှည် ငှားရမ်းခြင်းတို့အား ဆောင်ရွက်ခဲ့ပါသည်။ စက်မှုဝန်ကြီးဌာန အနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ်ကာလအတွင်း နိုင်ငံပိုင်စက်ရုံ (၈) ရုံအား ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်ရန် ညှိနှိုင်းဆွေးနွေးလျက်ရှိပါသည်။

အမှတ် (၃၁) အကြီးစားစက်ရုံ(သရက်) ကို Myanmar Jidong Cement Co.,Ltd မှလည်းကောင်း၊ အမှတ် (၃၂) အကြီးစားစက်ရုံ (ကြခင်း)ကို Asia Cement Public Co.,Ltd မှလည်းကောင်း တင်ဒါအောင်မြင်ခဲ့ပြီးဖြစ်၍ BOT စာချုပ်ချုပ်ဆိုနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။ ရာဘာပစ္စည်းစက်ရုံခွဲ(ရွှေဟသ်ာလမ်း) ကို Shwe Ka Thar Industrial Services Co.,Ltd ဖြင့်လည်းကောင်း၊ အမှတ်(၁)အထည်စက်ရုံ (ရွှေတောင်) ကို Sliver Wave Co.,Ltd နှင့်ငှားရမ်းစာချုပ်ချုပ်ဆိုနိုင်ရန် ညှိနှိုင်းလျက်ရှိပါသည်။ အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း)ကို Double A Co.,Ltd သို့ငှားရမ်းနိုင်ရေး MIC ၏ အတည်ပြုချက်ရယူရန် ဆောင်ရွက်လျက်ရှိပါသည်။ ဆေးဆိုးပန်းရိုက်စက်ရုံခွဲ (မကွေး)အား ပုဂ္ဂလိကသို့ ရောင်းချနိုင်ရေးအတွက်လည်းကောင်း၊ ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ်စက်ရုံ(ချောက်)ကို Mongolia Leah Energy Development (Hongkong)Ltd., သို့ နှစ်ရှည်ငှားရမ်းနိုင်ရေးအတွက် လည်းကောင်း၊ ပလပ်စတစ်စက်ရုံ(ကျောက်ဆည်)အား Myanmar Conch Cenment Co.,Ltd သို့ ငှားရမ်းနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

**နိုင်ငံခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု**

စက်မှုကဏ္ဍ ဖွံ့ဖြိုးရေးအတွက် နိုင်ငံခြားအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အကူအညီအထောက်အပံ့ဖြင့် လုပ်ငန်းများဆောင်ရွက်လျက်ရှိပါသည်။ ကုလသမဂ္ဂ စက်မှုဖွံ့ဖြိုးရေးအဖွဲ့ (United Nations Industrial Development Organization- UNIDO)၏ အစီအစဉ်ဖြင့် Improvement of Industrial Energy Efficiency in Myanmar "မြန်မာနိုင်ငံ၏ စက်မှုကဏ္ဍတွင် စွမ်းအင် အကျိုးရှိထိရောက်စွာ သုံးစွဲမှုတိုးတက်ရေး စီမံကိန်း"၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် Pilot National Resource Efficient and Cleaner Production (RECP) Project စီမံကိန်း၊ Regional Project ဖြစ်သော Green

Industry for Low Carbon Growth in Cambodia, Lao PDR and Myanmar စီမံကိန်း၊ Fostering Pro-poor and Inclusive MSME Development in Myanmar စီမံကိန်းတို့ နှင့် Asian Development Bank (ADB) ဖြင့် Empowering the poor Through Increasing Access to Energy: RETA-7512 စီမံကိန်း၊ Capacity Development Technical Assistant (CDTA) အရ Skill Development for Inclusive Growth စီမံကိန်း၊ Private Sector Development in Myanmar စီမံချက်၊ Improvement of SME Sector in Myanmar၊ KFW Development Bank ၏ ငွေကြေးအထောက်အပံ့ဖြင့် စက်မှုသင်တန်းကျောင်း(ဆင်တဲ)တွင် Vocational Training Programme၊ မြွေဆိပ်ဖြေဆေး ထုတ်လုပ်မှု နည်းပညာတိုးတက်ရေးစီမံချက် (Improvement of Methodologies and Techniques to Produce Snake Antivenon in Myanmar)၊ အိန္ဒိယသမ္မတနိုင်ငံ အထောက်အပံ့ဖြင့် Five Years Comprehensive Maintenance Plan to Industrial Training Centre (Pakokku) တို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။


**လျှပ်စစ်ဓာတ်အားကဏ္ဍ**

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း၏ ပထမ(၆)လပတ်တွင် လျှပ်စစ်ကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်း**အရ ကျပ် ၅၄၈,၆၈၇.၄ သန်း အကောင်အထည်ဖော်ရန် လျာထားပါသည်။

**ပုံ (၅-၈) လျှပ်စစ်ဓာတ်အားကဏ္ဍ**

**၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

ပထမ(၆)လပတ်တွင် လျှပ်စစ်ကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်း**အရ ကျပ် ၅၁၉,၀၄၉.၁ သန်း ရရှိခဲ့သဖြင့် ပထမ(၆)လပတ်လျာထားချက်အပေါ် ၉၄.၆ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး၊ **ပုံမှန်ဈေးနှုန်း**အရ ၁၄.၄ ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်အတွင်း ပဲခူးတိုင်းအရှေ့ပိုင်းရှိ ဖြူးချောင်း၊ ယခင်နှစ်က အသစ်ဖွင့်လှစ်ခဲ့သော ကချင်ပြည်နယ်ရှိ ချီဖွေငယ်၊ ပုဂ္ဂလိကပိုင် (B.O.T) ဖြင့် ဆောင်ရွက်သော ကယားပြည်နယ်ရှိ ဘီလူးချောင်း (၃) ရေအားလျှပ်စစ်စက်ရုံအသစ်များ လည်ပတ်နိုင်ခဲ့၍ နိုင်ငံပိုင် လျှပ်စစ်မီး ပိုမိုသုံးစွဲနိုင်ခြင်း၊ ချင်းပြည်နယ်တွင် မဟာဓာတ်အားလိုင်းအသစ်ရောက်ရှိခြင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် နိုင်ငံပိုင်လျှပ်စစ်ဓာတ်အား လုံလောက်စွာ ဖြန့်ဖြူးပေးနိုင်ခြင်း၊ ကျေးရွာများတွင်လည်း နိုင်ငံပိုင်ဓာတ်အားစနစ်မှ တိုးချဲ့ဓာတ်အားပေးနိုင်ခြင်း၊ တနင်္သာရီတိုင်းဒေသကြီးတွင် သန်းဖြိုးသူ၊ ဖိုးသီးချို ဒီဇယ် မီးပေးရေးလုပ်ငန်းများမှ ပိုမိုမီးပေးလာနိုင်ခြင်း၊ မန္တလေးတိုင်းဒေသကြီးရှိ ကျေးရွာများတွင်

နိုင်ငံပိုင်လျှပ်စစ်မီး ပိုမိုရရှိ သုံးစွဲနိုင်ခြင်း၊ ရခိုင်ပြည်နယ်တွင် ရွှေပိုက်လိုင်းမှရရှိမည့် သဘာဝ ဓာတ်ငွေ့ကို အသုံးပြု၍ ကျောက်ဖြူဒေသနှင့် အနီးပတ်ဝန်းကျင်ဒေသများသို့ ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိခြင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် သဘာဝဓာတ်ငွေ့သုံး အင်ဂျင်စက် များကို လှော်ကား၊ ရွာမ၊ သာကေတ၊ အလုံသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံဝန်းတွင် တိုးချဲ့တပ်ဆင်ပြီးခဲ့၍ ဓာတ်အားပိုမိုဖြန့်ဖြူးနိုင်ခဲ့ခြင်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် ဓာတ်အား လိုင်းအသစ်များ သွယ်တန်းပြီး ဓာတ်အားခွဲရုံများ အဆင့်မြှင့်တင်ခြင်းကြောင့် နိုင်ငံပိုင် လျှပ်စစ်ဓာတ်အား ပိုမိုရရှိ သုံးစွဲနိုင်ခဲ့ခြင်း၊ ပုဂ္ဂလိကပိုင် အသေးစားရေအား၊ စပါးခွံလောင်စာ၊ ဒီဇယ်အား၊ နေရောင်ခြည်သုံး လျှပ်စစ်ထုတ်လုပ်သုံးစွဲမှုများတွင် ယခင်နှစ်ထက် ပိုမိုခဲ့ခြင်း တို့ကြောင့် လျှပ်စစ်ဓာတ်အားကဏ္ဍ တိုးတက်ခဲ့ပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ်အတွင်း နိုင်ငံပိုင်အခန်း၌ အကြီးစားရေအား လျှပ်စစ်ဓာတ်အားပေးစက်ရုံ ၂၅ ရုံ၊ အသေးစား ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ၃၂ ရုံ၊ သဘာဝဓာတ်ငွေ့နှင့် ရေနွေးငွေ့အား ဓာတ်အားပေးစက်ရုံ ၁၀ ရုံ၊ ကျောက်မီးသွေးသုံး ရေနွေးငွေ့ ဓာတ်အားပေးစက်ရုံ ၁ ရုံ၊ ဒီဇယ်ဓာတ်အားပေးစက်များနှင့် ပုဂ္ဂလိကပိုင်သဘာဝ ဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ ၈ ရုံ(ငှားရမ်း ၃ ရုံအပါအဝင်) တို့၌ စုစုပေါင်း ၄,၉၃၉ မဂ္ဂါဝပ် တပ်ဆင် ထားပြီး ကီလိုဝပ်နာရီ ၆,၅၉၀.၁ သန်း သုံးစွဲနိုင်ခဲ့ပါသည်။ ဓာတ်အား ဖြန့်ဖြူးမှုအတွက် လျှပ်စစ် ဓာတ်အားလိုင်း ၂,၀၃၄ မိုင် ထပ်မံတိုးချဲ့နိုင်ခဲ့သဖြင့် ၄၇,၆၅၅ မိုင် အထိ သွယ်တန်းနိုင်ခဲ့ပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ်ကုန်အထိ လျှပ်စစ်ဓာတ်အားများကို ဖော်ပြပါ ဇယားအတိုင်း အသုံးပြုနိုင်ခဲ့ပါသည်-

## ဇယား (၅-၁) ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆) လပတ် လျှပ်စစ်ဓာတ်အားအသုံးပြုမှု အခြေအနေ

(ကီလိုဝပ်နာရီသန်း)

| အမှတ်စဉ် | | အကြောင်းအရာ | ပထမ ၆ လပတ် စီမံကိန်းလျာထားချက် | ပထမ ၆ လပတ် အသုံးပြုမှု | အကောင်အထည်ဖော်နိုင်မှု(%) |
|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ |
| | | စုစုပေါင်းအသုံးပြုသော လျှပ်စစ်ဓာတ်အား | ၈၇၁၇.၁ | ၉၀၀၄.၂ | ၁၀၃.၃ |
| ၁ | | နိုင်ငံပိုင် | ၆၁၂၀.၃ | ၆၅၉၀.၁ | ၁၀၇.၇ |
| | ၁ | စက်ရုံသုံး | ၁၇၄၀.၈ | ၁၀၅၆.၀ | ၆၀.၇ |
| | ၂ | အိမ်သုံး | ၂၃၄၅.၅ | ၁၈၃၅.၀ | ၇၈.၂ |
| | ၃ | ဆေးရုံ၊ရုံး၊ကျောင်းစသည်များ | ၉၇၄.၅ | ၇၅၂.၁ | ၇၇.၂ |
| | ၄ | အထွေထွေသုံး | ၄၁.၅ | ၃၄.၇ | ၈၃.၆ |
| | ၅ | ကုမ္ပဏီသို့ရောင်းချခြင်း | ၁၀၁၈. | ၂၉၁၂.၃ | ၂၈၆.၁ |
| ၂ | | သမဝါယမပိုင် | ၀.၆ | ၀.၅၅၂ | ၉၂.၀ |
| ၃ | | ပုဂ္ဂလိကပိုင် | ၂၅၉၆.၂ | ၂၄၁၃.၅ | ၉၃.၀ |

ဓာတ်မြစ်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာန၊
တိုင်းဒေသကြီး/ပြည်နယ် စီမံကိန်းဦးစီးရုံးများ၊ ဒေသဆိုင်ရာလျှပ်စစ်အင်ဂျင်နီယာရုံးများ

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ်ကုန်အထိ မြို့နယ်ခွဲများအပါအဝင် ၄၅၃ မြို့ မီးလင်းပြီးဖြစ်ပါသည်။ ကျေးရွာအလိုက် မီးလင်းမှုတွင် နိုင်ငံပိုင်ဓာတ်အားလိုင်းဖြင့် ၇,၂၁၅ ရွာ၊ မီးစက်စနစ်ဖြင့် ၁၃,၀၅၁ ရွာ၊ အသေးစားရေအားစနစ်ဖြင့် ၂,၅၉၇ ရွာ၊ ဆိုလာစနစ်ဖြင့် ၄,၁၆၉ ရွာ၊ ဇီဝဓာတ်ငွေ့/ဒြပ်ထု (Bio gas/ Bio mass) ဖြင့် ၁,၀၄၇ ရွာ၊ လေအားဖြင့် ဧရာဝတီတိုင်းဒေသကြီးတွင် ၁ ရွာ၊ ဒီဇယ်နှင့်ရေအားနှစ်မျိုးပေါင်းဖြင့် ၅၇ ရွာ၊ အိမ်နီးချင်းနိုင်ငံမှ ဓာတ်အားဝယ်ယူမှုဖြင့် ကချင်၊ ကရင်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် မြောက်ပိုင်းနှင့် အရှေ့ပိုင်း တို့တွင် ၂၉၈ ရွာ၊ စုစုပေါင်း ၂၈,၄၃၅ ရွာ မီးလင်းခဲ့ပါသည်။ နိုင်ငံအတွင်း စုစုပေါင်းကျေးရွာ ၆၃,၈၉၇ ရှိသဖြင့် ကျေးရွာအလိုက်မီးလင်းမှုမှာ ၄၄.၅ ရာခိုင်နှုန်းရှိခဲ့ပါသည်။ ပထမ ၆ လပတ်အတွင်း ၂၄၁ ရွာ ထပ်မံမီးလင်းရန် ဆောင်ရွက်နိုင်ခဲ့ပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ်အတွင်း သဘာဝဓာတ်ငွေ့သုံး အင်ဂျင်စက်များ (Gas Engine) ကို IPP Developer ကုမ္ပဏီများမှ တည်ဆောက်တပ်ဆင်၍ ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိရာ လှော်ကား သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံဝန်းတွင် Myanmar Central Power ကုမ္ပဏီမှ ဒုတိယအဆင့် (၂၅) မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံ စက်စမ်းသပ်မောင်းနှင်ခြင်း (Test Run ) များ ဆောင်ရွက်ခဲ့ပါသည်။ အလုံသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံဝန်းတွင် Toyo-Thai ကုမ္ပဏီမှ (၁၂၀) မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ် အပူသုံး ဓာတ်အားပေးစက်ရုံစီမံကိန်း ဒုတိယအဆင့် စွန့်ပစ်အပူသုံးရေနွေးငွေ့ တာဘိုင်စက် (Steam Turbine) (၁)လုံး တည်ဆောက်ပြီးစီး၍ (၁၀.၄.၂၀၁၅) ရက်နေ့မှစ၍ မောင်းနှင် ဓာတ်အား ထုတ်လုပ်ခဲ့ပါသည်။

မြန်မာ-တရုတ် ရွှေကမ်းလွန်သဘာဝ ဓာတ်ငွေ့ကို အသုံးပြု၍ ရခိုင်ပြည်နယ်အတွင်း ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် (၅၀) မဂ္ဂါဝပ် ထွက်ရှိမည့် သဘာဝ ဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံးဓာတ်အားပေးစက်ရုံကို တရုတ်နိုင်ငံ EXIM Bank ချေးငွေဖြင့် တည်ဆောက်ရန် တင်ဒါခေါ်ယူသည့် ကာလအတွင်း ကျောက်ဖြူဒေသနှင့် အနီးပတ်ဝန်းကျင်ဒေသများသို့ ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးနိုင်ရန် V-Power ကုမ္ပဏီမှ (၁.၅၆) မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံး အင်ဂျင်စက် (Gas Engines) (၃၂) လုံးကို လ (၂၀) ငှားရမ်းပြီး (၁၈.၃.၂၀၁၅) ရက်နေ့မှစတင်၍ ဓာတ်အားထုတ်လုပ်ခဲ့ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်တွင် ရွှေကမ်းလွန် သဘာဝဓာတ်ငွေ့ဖြင့် APR ကုမ္ပဏီမှ (၁.၄၇၅) မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံး အင်ဂျင်စက် (Gas Engines) (၇၅) လုံးကို (၁၈) လငှားရမ်းပြီး (၄/၂၀၁၅) လမှစ၍ (၁၀၂) မဂ္ဂါဝပ် ထုတ်လုပ်ခဲ့ပါသည်။ ထို့ပြင် မြင်းခြံတွင် Aggreko ကုမ္ပဏီမှ (၁.၁၂) မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံးအင်ဂျင်စက် (Gas Engines) (၉၂) လုံး ကို (၁၈) လငှားရမ်း၍ (၁၀.၄.၂၀၁၅) ရက်နေ့မှစတင် ဓာတ်အားထုတ်လုပ်ခဲ့ပါသည်။

မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ဓာတ်အားပိုမိုဖြန့်ဖြူးနိုင်ရန် မွန်ပြည်နယ်၊ မော်လမြိုင်မြို့ရှိ ငန်းတေးဓာတ်အားပေးစက်ရုံဝန်းတွင် Myanmar Lighting Power ကုမ္ပဏီမှ (၂၃၀) မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံးဓာတ်အားပေးစက်ရုံ ပထမအဆင့် (၂၁.၅) မဂ္ဂါဝပ်ကို (၅/၂၀၁၄)လနှင့် (၄၃.၅)မဂ္ဂါဝပ်ကို (၂/၂၀၁၅)လ တို့တွင် မောင်းနှင်ခဲ့ပြီး ဒုတိယအဆင့် (၄၃.၅) မဂ္ဂါဝပ်ကို (၄/၂၀၁၅)လနှင့် (၄၃.၅) မဂ္ဂါဝပ်ကို (၅/၂၀၁၅) လတို့တွင် မောင်းနှင်ခဲ့ရာ စုစုပေါင်း (၁၅၂) မဂ္ဂါဝပ်ဖြင့် ဓာတ်အား ထုတ်လုပ်ခဲ့ပါသည်။ သထုံဓာတ်အားပေး စက်ရုံဝန်းတွင် World Bank မှ ချေးငွေ USD သန်း (၁၄၀) ဖြင့် (၁၁၆.၀) မဂ္ဂါဝပ်ထွက်ရှိမည့်

သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံတည်ဆောက်ရန် စီစဉ်ဆောင်ရွက်ခဲ့ပါသည်။

လေစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး စီမံကိန်းအတွက် မွန်ပြည်နယ်၊ ကျိုက်ထိုမြို့အနီး သိမ်ငူကျေးရွာ၊ ဇင်းကျိုက်မြို့အနီး ကုလားမတောင်၊ တနင်္သာရီတိုင်း၊ မေတ္တာမြို့အနီး ကျောက်မဲတောင်တို့တွင် မိုးလေဝသနှင့် လေတိုက်နှုန်းတိုင်းတာရေး တာဝါတိုင်များ တည်ဆောက်၍ မိုးလေဝသအချက်အလက်များကို နေ့စဉ်ကောက်ယူလျက်ရှိပါသည်။

လျှပ်စစ်စွမ်းအား စီမံရေးဦးစီးဌာနသည် ရေအားနှင့် ကျောက်မီးသွေးဓာတ်အားပေး စက်ရုံစီမံကိန်းများကို ပြည်တွင်းတိုင်းရင်းသားလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှု BOT စနစ်ဖြင့် နားလည်မှုစာချွန်လွှာ (MoU)နှင့် ပဋိညာဉ်စာချုပ်များ လက်မှတ်ရေးထိုးချုပ်ဆိုခြင်း၊ ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု FDI စနစ်ဖြင့် နားလည်မှုစာချွန်လွှာ (MoU)၊ သဘောတူညီမှုစာချွန်လွှာ (MoA)နှင့် ဖက်စပ်သဘောတူစာချုပ် (JVA) စသည့် စာချုပ်စာတမ်းများ လက်မှတ်ရေးထိုးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ လက်ရှိအချိန်တွင် တိုင်းရင်းသား လုပ်ငန်းရှင်များ၏ BOT စီမံကိန်း(၆) ခု၊ (၅၈၆.၄ မဂ္ဂါဝပ်)၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် (FDI) JV/BOT စီမံကိန်း (၄၀)ခု၊ (၄၇၁၂၉ မဂ္ဂါဝပ်)၊ စုစုပေါင်း စီမံကိန်း (၄၆) ခု (၄၇၇၁၅.၄ မဂ္ဂါဝပ်) ရှိပါသည်။

**ဆောင်ရွက်ဆဲ(၁၀၀၀)မဂ္ဂါဝပ်အောက် ရေအားလျှပ်စစ် စီမံကိန်း(၉)ခု၊ ဆောင်ရွက်ဆဲ (၁၀၀၀) မဂ္ဂါဝပ်နှင့်အထက် ရေအားလျှပ်စစ်စီမံကိန်း (၁) ခု၊** စိန်အင်တာပရိုက်နှင့် China Habour Engineering Co.,Ltd တို့နှင့် JV/BOT စနစ်ဖြင့် ဆောင်ရွက်ရန် MOU ရေးထိုးပြီး စီမံကိန်း(၁)ခုတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အုပ်ချုပ်မှုအောက်ရှိ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ကို ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းအဖြစ်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံးကို မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း** အဖြစ်လည်းကောင်း ၂၀၁၅-၂၀၁၆ **ဘဏ္ဍာနှစ်မှစတင်ပြီး ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေပြင်ပတွင် မိမိဝင်ငွေပေါ်ရပ်တည်လျက် နိုင်ငံတော်အစိုးရ ၁၀၀%** ပိုင်ဆိုင်မှုဖြင့် ၂၀၁၅ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှ စတင်ပြောင်းလဲ ဖွဲ့စည်းခဲ့ပါသည်။ **ရန်ကုန်နှင့် မန္တလေး လျှပ်စစ်ဓာတ်အားပေးရေး နယ်နိမိတ်အတွင်း** -

(က) **ရေတို၊ ရေရှည် လုပ်ငန်းစီမံချက်များ ချမှတ်ဆောင်ရွက်ရေး၊**

(ခ) **လျှပ်စစ်ဓာတ်အားကဏ္ဍအား နိုင်ငံတကာအဆင့်မီ တိုးတက်မြင့်မားလာစေ ရေး၊**

(ဂ) **လျှပ်စစ်ဓာတ်အားသုံးစွဲသူများ လိုအပ်သော လျှပ်စစ်ဓာတ်အားကို လုံလောက်စွာရရှိစေရေး၊**

**(ဃ) လျှပ်စစ်ဓာတ်အား ပျောက်ဆုံးမှုလျော့နည်းစေရေး၊**

**( င ) အရည်အသွေးပြည့်ဝသော လျှပ်စစ်ဓာတ်အားကို သုံးစွဲသူများထံသို့ စဉ်ဆက်မပြတ် စနစ်တကျဖြန့်ဖြူးပေးရေး၊**

**( စ ) လျှပ်စစ်ဓာတ်အားခများ အပြည့်အဝ ရရှိစေရေးအတွက် ကြီးကြပ်ဆောင်ရွက်ရေး၊**

**(ဆ) ကော်ပိုရေးရှင်းပိုင် လျှပ်စစ်ဆိုင်ရာလုပ်ငန်းများကို အဖွဲ့ဖွဲ့၍ဖြစ်စေ၊ လျှပ်စစ် လုပ်ငန်းကျွမ်းကျင်သူ တစ်ဦးဦးကို တာဝန်ပေး၍ဖြစ်စေ အခါအားလျော်စွာ စစ်ဆေးရေး၊**

**( ဇ ) လျှပ်စစ်ဓာတ်အား အသုံးပြုခြင်းကို စစ်ဆေးရန် ပုဂ္ဂိုလ်တစ်ဦးအား တာဝန်ပေး၍ စစ်ဆေးစေရေး၊**

**( ဈ ) ကော်ပိုရေးရှင်း၏ ဝန်ထမ်းများ လုပ်ငန်းကျွမ်းကျင်ရေးနှင့် လုပ်ငန်းခွင်စည်းကမ်း လိုက်နာရေးတို့ကို စီမံဆောင်ရွက်ရေး၊**

**(ည) ကော်ပိုရေးရှင်း၏ လုပ်ငန်းတာဝန်များ ပိုမိုတိုးတက် ကောင်းမွန်လာစေရေး အတွက် သက်ဆိုင်ရာအစိုးရဌာနများ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ် များနှင့် ညှိနှိုင်းဆောင်ရွက်ရေး၊**

**( ဋ ) လျှပ်စစ်ဥပဒေနှင့်နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရေး စသော လုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်ပါသည်။**

**ထို့ပြင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် အောက်ဖော်ပြပါမဟာဓာတ်အားလိုင်းများ၊** ဓာတ်အားခွဲရုံများနှင့် ဓာတ်အားပေးစက်ရုံ စီမံကိန်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည် -

(၁) **၅၀၀ ကေဗွီ မဟာဓာတ်အားလိုင်းစီမံကိန်းများ။** သပြေဝ(မိတ္ထီလာ)- နေပြည်တော်-တောင်ငူ (၁၁၄.၉၇)မိုင် (၆၀.၀၀ %) ပြီးစီးခဲ့၍ ကျန်အပိုင်းများကို ဆက်လက် ဆောင်ရွက်လျက်ရှိပါသည်။

(၂) **၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်းစီမံကိန်းများ။** အသုတ်-ပုသိမ်(၃၁)မိုင်နှင့် ဘီလူးချောင်း (၂)-ရွှေမြို့ (၁၀၁.၄၄၃)မိုင် တို့ပြီးစီးခဲ့ပြီး၊ အမ်း-မန်း(၆၇)မိုင် (၈၀.၀၀%)၊ တောင်တွင်းကြီး-ရွှေတောင်(၁၀၀)မိုင်(၇၀.၀၀%)၊ အထက်ရဲရွာ- ရွှေစာရံ (၇၆.၆၇)မိုင် (၁၅.၀၀%)၊ ဂန့်ဂေါ-ကလေး(၆၉.၄၄)မိုင် (၅၀.၀၀%)၊ သာကေတ-အရှေ့ဒဂုံ (၁၂.၂၄)မိုင် (၆၅.၀၀%)၊ လှိုင်သာယာ- ကျိုက်လတ် (၅၁.၈၁)မိုင် (၃၂.၀၀%)တို့ပြီးစီး၍ ကျန်အပိုင်းများကို ဆက်လက်ဆောင်ရွက် လျက်ရှိပါသည်။

(၃) **၆၆ ကေဗွီ ဓာတ်အားလိုင်းစီမံကိန်းများ။** ပုဏ္ဏားကျွန်း-စစ်တွေအမှတ်(၂) (၁၈.၉၆) မိုင်၊ ဗန်းမော်-မြို့သစ်-ဒေါ့ဖုန်းယန် (၄၅.၇၇)မိုင်၊ ကျောက်ဖြူ-မဒဲ ကျွန်း (၁၃.၂၃)မိုင် နှင့် ထားဝယ်-ကံပေါက် (၅၁)မိုင်တို့ ပြီးစီးခဲ့ပြီး လွိုင်ကော်-ဘော်လခဲ (၄၂.၄၇) မိုင် (၉၀.၀၀%)၊ မြောက်ဦး-မင်းပြား (၁၇.၂၈) မိုင် (၆၀.၀၀%)၊ မိုးကုတ်-မိုးမိတ် (၂၆.၃၈)မိုင် (၃၀.၀၀%)၊ မိုင်းနောင်-မိုင်းရှူး (၃၃)မိုင် (၇၈.၀၀%)၊ မိုင်းနောင်-ကျေးသီး(၂၈.၁၉)မိုင်(၆၀.၀၀%)၊ မိုးကောင်း-ဖားကန့် (၅၅.၀၃)မိုင် (၅၇.၀၀%)၊ ပေါက်-မင်းတပ် (၃၀)မိုင် (၅၀.၀၀%)၊ ချောင်းကူး-ပေါက် (၃.၅၉)မိုင် (၉၅.၀၀%)၊ ဥဿျှစ်ပင်-ကံမ-မင်းတုန်း (၅၄.၉၆) မိုင် (၇၀.၀၀%)၊ ရေဘုတလင်-ကနီ-မင်းကင်း (၆၆.၇၉) မိုင် (၄၀.၀၀%)၊ ဟားခါး-ဖလမ်း (၂၄.၅၀)မိုင် (၇၀.၀၀%)၊ ထီးလင်း-ဆော (၄၂.၆၆)မိုင် (၄၀.၀၀%)၊ ကျောက်ဖြူ-ကျောက်ဖြူ ( SEZ ) (၅.၇၈)မိုင် (၇၀.၀၀%)၊ တောင်ကုတ်-မအီ (၄၄.၇၄)မိုင် (၇၅.၀၀%)၊ ဘော်လခဲ-ဖားဆောင်း (၂၂.၀၇) မိုင် (၅၅.၀၀%)၊ ပုသိမ်-ငရုတ်ကောင်း-ငပြေမ (၈၂)မိုင် (၆၅.၀၀%)၊ ဖလမ်း-သိုင်းငင် (၂၂.၂၇)မိုင် (၆.၀၀%)၊ မော်လမြိုင်-ချောင်းဆုံ (၁၄.၅၃)မိုင် (၅.၀၀%)တို့ ပြီးစီး၍ ကျန်အပိုင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိ ပါသည်။

(၄) **၃၃ ကေဗွီ ဓာတ်အားလိုင်းစီမံကိန်းများ။** မြို့ကြီး-တောင်တော်ကွင်း (၁၀.၆၅) မိုင်၊ ပန်ညုု(သီပေါ)-ဆောင်ကြဲ (၆.၃၆)မိုင်နှင့်လားရှိုးမြို့နယ်ကျေးရွာ (၁၁)အုပ်စု-ကျေးရွာ(၁၇)ရွာ (၄.၂၅)မိုင် တို့ ပြီးစီးပြီး၊ ဝမ်ဟက်-မောက်မယ် (၁၇)မိုင် (၁၅%)၊ မိုင်းပန်-တာဆန်း(၃၃)မိုင် (၁၅%)၊ နမ့်စန်(မိုင်းစိတ်)(၈)မိုင် (၁၅%)၊ ဗန်းမောက် (၂၇)မိုင် (၁၅%)၊ ရေဦး-ဒီပဲယင်း(၁၄)မိုင် (၁၅%)၊ ငါးပြေမ-ရေနောက်အိုင်-မော်တင်စွန်း (၁၃.၄) မိုင် (၄၅.၅၈%)၊ ဇီးချိုင့်-ရေနောက်အိုင်-ဟိုင်ကြီးကျွန်း (၆.၈)မိုင် (၄၀.၁၃%)၊ ပုသိမ်(မြတ်တို)-ငပုတော (၅.၄၅)မိုင် (၇၃.၅%)၊ ငပြေမ-ကျုံကူး (၁၆.၇) မိုင် (၆၅.၆%) တို့ ပြီးစီး၍ ကျန်အပိုင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

(၅) **၂၃၀ ကေဗွီ ပင်မဓာတ်အားခွဲရုံစီမံကိန်းများ။** အရှေ့ဒဂုံ(၂၃၀/ ၆၆/၁၁ ကေဗွီ၊ ၁၀၀ အမ်ဗွီအေ) ပြီးစီးခဲ့ပြီး၊ ပုသိမ် (၂၃၀/၆၆/၁၁ ကေဗွီ၊ ၁၀၀ အမ်ဗွီအေ) (၉၅.၀၀%)၊ ကလေး(၂၃၀/၆၆/၁၁ ကေဗွီ၊ ၂×၅၀ အမ်ဗွီအေ) (၄၅.၀၀%)နှင့် မြဝတီ (၂၃၀/၆၆/၁၁ ကေဗွီ၊ ၂×၅၀ အမ်ဗွီအေ) (၆၅.၀၀%) တို့ ပြီးစီး၍ ကျန်အပိုင်းများ ကို ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

(၆) **၁၃၂ ကေဗွီ ပင်မဓာတ်အားခွဲရုံစီမံကိန်းများ။** လှိုင်ကော် (၁၃၂/၆၆/၁၁ ကေဗွီ၊ ၅၀အမ်ဗွီအေ) နှင့် တောင်ကြီး(၁၃၂/၆၆/၁၁ ကေဗွီ၊ ၆၀အမ်ဗွီအေ) တို့ ပြီးစီးပြီး၊ ဗန်းမော် (၁၃၂/၆၆/၁၁ ကေဗွီ၊ ၆၀အမ်ဗွီအေ) (၄၉.၇၅%) ပြီးစီး၍ ကျန်အပိုင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

(၇) **၆၆ ကေဗွီ ဓာတ်အားခွဲရုံစီမံကိန်းများ။** ထားဝယ် (၆၆/၁၁ ကေဗွီ၊ ၁၅ အမ်ဗွီအေ)၊ ကံပေါက်(၆၆/၁၁ ကေဗွီ၊ ၂×၂၀ အမ်ဗွီအေ)၊ တန့်ယန်း (၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ) နှင့် ဘုရားကုန်း (၆၆/၁၁ ကေဗွီ၊ ၁၅ အမ်ဗွီအေ)တို့ ပြီးစီးပြီး၊ မြစ်ကြီးနား(၁) (၆၆/ ၁၁ ကေဗွီ၊ ၂၀ အမ်ဗွီအေ) (၇၅.၀၀%)၊ မြစ်ကြီးနား(၂) (၆၆/ ၁၁ ကေဗွီ၊ ၁၀ အမ်ဗွီအေ) (၉၅.၀၀%)၊ တာမိုးညဲ (၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ) (၉၀.၀၀%)၊ မင်းတပ်(၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ) (၉၈.၀၀%)၊ မြို့သစ်(၆၆/၁၁ ကေဗွီ၊ ၂ အမ်ဗွီအေ) (၉၀.၀၀%)၊ ဒေါ့ဖုန်းယန်(၆၆/၁၁ ကေဗွီ၊ ၂ အမ်ဗွီအေ) (၉၅.၀၀%)၊ မင်းပြား(၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ) (၅၀.၀၀%)၊ ဆော (၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ)(၅၅.၀၀%)၊ ကွတ်ခိုင် (၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ) (၅၀.၀၀%)၊ ကျေးသီး (၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ)(၅၅.၀၀%)၊ ကလေး (သိုင်းငင်) (၆၆/၁၁ ကေဗွီ၊ ၂၀ အမ်ဗွီအေ) (၉၃.၀၀%)၊ ဖလမ်း(၆၆/၁၁ ကေဗွီ၊ ၂×၁၅ အမ်ဗွီအေ) (၆၀.၀၀%)၊ မင်းကင်း (၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ) (၅၀.၀၀%)၊ ကော့ကရိတ်(၆၆/၁၁ ကေဗွီ၊ ၂×၁၅ အမ်ဗွီအေ)(၅၅.၀၀%)၊ ဂွ(၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ)(၉၀.၀၀%)၊ ဖားဆောင်း(၆၆/၁၁ကေဗွီ၊ ၃၀အမ်ဗွီအေ) (၇၈.၀၀%)၊ မအီ(၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ) (၇၀.၀၀%)၊ မင်းတုန်း(၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ) (၇၀.၀၀%)၊ မဒဲ (၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ)(၈၃.၀၀%)၊ ချောင်းဆုံ (၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ)(၈၃.၀၀%)၊ ဘော်လခဲ (၆၆/၁၁ ကေဗွီ၊ ၃၀ အမ်ဗွီအေနှင့် ၅ အမ်ဗွီအေ)(၂၅.၀၀%)၊ ရှားတော(၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ) (၃၅.၀၀%)၊ ကျောက်ဖြူ(SEZ)(၆၆/၁၁ ကေဗွီ၊ ၁၀ အမ်ဗွီအေ) (၆၄.၀၀%)၊ ကံမ(၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ) (၅၅.၀၀%)၊ ငပြေမ (၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ) (၅၅.၀၀%)၊ ငရုတ်ကောင်း (၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ) (၆၅.၀၀%)၊ ဖားကန့် (၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ) (၃၀.၀၀%)နှင့် မိုင်းရှူး(၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ) (၂၀.၀၀%) တို့ ပြီးစီးခဲ့၍ ကျန်အပိုင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

(၈) **၃၃ ကေဗွီ ဓာတ်အားခွဲရုံစီမံကိန်းများ။** မိုးညို (၃၃/ ၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ)နှင့် ကျွဲပွဲ (၃၃/ ၁၁ကေဗွီ၊ ၃ အမ်ဗွီအေ)တို့ ပြီးစီးပြီး၊ ကျုံကူး (၃၃/၁၁ကေဗွီ၊ ၅အမ်ဗွီအေ) (၁၅.၀၀%)၊ ငပုတော (၃၃/၁၁ကေဗွီ၊ ၅ အမ်ဗွီ အေ)(၆၃.၆၈%)၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် (၃၃/၁၁ကေဗွီ၊ ၁၀ အမ်ဗွီ အေ) (၁၅.၀၀%)၊ မယ်စဲ့ (၃၃/ ၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ) (၁၅.၀၀%)၊ မောက်မယ်(၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ) (၁၀.၀၀%)၊ တာဆန်း(၃၃/၁၁ကေဗွီ၊ ၅အမ်ဗွီအေ) (၁၀.၀၀%)၊ နမ့်စန်၊ မိုင်းစိတ်(၃၃/၁၁ကေဗွီ၊ ၅အမ်ဗွီအေ) (၁၀.၀၀%)၊ ဗန်းမောက်(၃၃/၁၁ကေဗွီ၊ ၅အမ်ဗွီအေ) (၁၀.၀၀%)၊ ဒီပဲယင်း (၃၃/၁၁ကေဗွီ၊ ၅အမ်ဗွီအေ) (၁၀.၀၀%)၊ ချောင်းဆုံ(၃၃/၁၁ကေဗွီ၊ ၁၀အမ်ဗွီ အေ) (၁၀.၀၀%)၊ မဲဇလီ(၃၃/၁၁ကေဗွီ၊ ၅အမ်ဗွီအေ) (၁၀.၀၀%) တို့ ပြီးစီး၍ ကျန်အပိုင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

(၉) **အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်း။** ပျဉ်းမနားမြို့အရှေ့ဘက်တွင် တည်ရှိပြီး စက်တပ်ဆင်အင်အား {(၇၀ မဂ္ဂါဝပ်)x(၂)လုံး} = (၁၄၀ မဂ္ဂါဝပ်)၊ ဖြစ်ပြီး တစ်နှစ်ပျမ်းမျှထုတ်လုပ်နိုင်မည့်ဓာတ်အား ကီလိုဂပ်နာရီ (၄၅၄) သန်း၊ လုပ်ငန်းတစ်ခုလုံး ပြီးစီးမှု (၉၉.၂၅%) ဖြစ်ပါသည်။

(၁၀) **အလယ်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်း။** ပျဉ်းမနားမြို့ အရှေ့မြောက်ဘက်တွင်တည်ရှိပြီး စက်တပ်ဆင်အင်အား{(၅၀ မဂ္ဂါဝပ်) x (၂)လုံး} = (၁၀၀ မဂ္ဂါဝပ်)၊ တစ်နှစ်ပျမ်းမျှထုတ်လုပ်နိုင်မည့်ဓာတ်အား ကီလိုဂပ်နာရီ (၅၀၀) သန်း၊ လုပ်ငန်းတစ်ခုလုံးပြီးစီးမှု (၁.၀%) ဖြစ်ပါသည်။

(၁၁) **ရွှေလီ(၃)ရေအားလျှပ်စစ်စီမံကိန်း။** ရှမ်းပြည်နယ်မြောက်ပိုင်း၊ မိုးမိတ်မြို့၏ မြောက်ဘက်တွင်တည်ရှိပြီး စက်တပ်ဆင်အင်အား {(၂၆၂.၅မဂ္ဂါဝပ်)x(၄)လုံး} = (၁၀၅၀ မဂ္ဂါဝပ်)၊ တစ်နှစ်ပျမ်းမျှ ထုတ်လုပ်နိုင်မည့်ဓာတ်အား ကီလိုဂပ်နာရီ (၃၃၀၀) သန်း လုပ်ငန်းတစ်ခုလုံး ပြီးစီးမှု (၉.၇၀၃%) ဖြစ်ပါသည်။

(၁၂) **အထက်နမ့်ထွမ်ရေအားလျှပ်စစ်စီမံကိန်း။** ကချင်ပြည်နယ်၊ ပူတာအိုမြို့၏ အနောက်တောင်ဘက်တွင် တည်ရှိပြီး စက်တပ်ဆင်အင်အား {(၀.၈ မဂ္ဂါဝပ်) x (၄) လုံး}=(၃.၂ မဂ္ဂါဝပ်)၊ တစ်နှစ်ပျမ်းမျှ ထုတ်လုပ်နိုင်မည့် ဓာတ်အား ကီလိုဝပ်နာရီ (၁၄.၁၃) သန်း၊ လုပ်ငန်းတစ်ခုလုံးပြီးစီးမှု (၄၆.၀၈%) ဖြစ်ပါသည်။

(၁၃) **အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်း။ ရှမ်းပြည်နယ်၊** ကျောက်မဲမြို့၏ တောင်ဘက်တွင် တည်ရှိပြီး စက်တပ်ဆင်အင်အား {(၇၀ မဂ္ဂါဝပ်) x (၄)လုံး} =

(၂၈၀ မဂ္ဂါဝပ်)၊ တစ်နှစ်ပျမ်းမျှ ထုတ်လုပ်နိုင်မည့်ဓာတ်အား ကီလိုဝပ်နာရီ (၁၄၇၉) သန်း၊ လုပ်ငန်းတစ်ခုလုံးပြီးစီးမှု (၂၃.၇၈၅ %) ဖြစ်ပါသည်။

(၁၄) **ဟတ်ကြီးရေအားလျှပ်စစ်စီမံကိန်း။** ကရင်ပြည်နယ်၊ ကမမောင်းမြို့နယ်တွင် တည်ရှိပြီး စက်တပ်ဆင်အင်အား {(၁၇၀ မဂ္ဂါဝပ်) x (၈)လုံး} = (၁၃၆၀ မဂ္ဂါဝပ်)၊ တစ်နှစ်ပျမ်းမျှ ထုတ်လုပ်နိုင်မည့်ဓာတ်အား ကီလိုဝပ်နာရီ (၇၃၂၅) သန်း ဖြစ်ပါသည်။

(၁၅) **မဏိပူရ်ရေအားလျှပ်စစ်စီမံကိန်း။** စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၏ တောင်ဘက်တွင် တည်ရှိပြီး စက်တပ်ဆင်အင်အား {(၉၅ မဂ္ဂါဝပ်) x (၄)လုံး} = (၃၈၀ မဂ္ဂါဝပ်)၊ တစ်နှစ်ပျမ်းမျှထုတ်လုပ်နိုင်မည့်ဓာတ်အား ကီလိုဝပ်နာရီ (၁၉၇၃) သန်း၊ လုပ်ငန်းတစ်ခုလုံးပြီးစီးမှု (၄.၅၂%) ဖြစ်ပါသည်။ (စိန်အင်တာ ပရိုက်နှင့် China Habour Engineering Co.,Ltd တို့နှင့် JV/BOT စနစ်ဖြင့် ဆောင်ရွက်ရန် MOU ရေထိုးပြီး FSR ကိစ္စများဆောင်ရွက်လျက်ရှိသည့် စီမံကိန်း ဖြစ်ပါသည်။)

(၁၆) **သူငွေးရေအားလျှပ်စစ်စီမံကိန်း။** ရခိုင်ပြည်နယ်၊ သံတွဲမြို့၏ အရှေ့မြောက်ဘက်တွင်တည်ရှိပြီး စက်တပ်ဆင်အင်အား {(၃၇ မဂ္ဂါဝပ်) x (၃)လုံး} = (၁၁၁ မဂ္ဂါဝပ်)၊ တစ်နှစ်ပျမ်းမျှ ထုတ်လုပ်နိုင်မည့်ဓာတ်အား ကီလိုဝပ်နာရီ (၃၈၆) သန်း၊ လုပ်ငန်းတစ်ခုလုံးပြီးစီးမှု ( ၄၀.၅၀၈ %)ဖြစ်ပါသည်။

(၁၇) **အထက်ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်း။** ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် ကျိုင်းတောင်းမြို့ အနောက်တောင်ဘက်တွင် တည်ရှိပြီး စက်တပ်ဆင်အင်အား {(၁၇ မဂ္ဂါဝပ်) x (၃)လုံး} = (၅၁ မဂ္ဂါဝပ်)၊ တစ်နှစ် ပျမ်းမျှ ထုတ်လုပ်နိုင်မည့်ဓာတ်အား ကီလိုဝပ်နာရီ(၂၆၇)သန်း၊ လုပ်ငန်းတစ်ခု လုံးပြီးစီးမှု (၂၉.၂၆%) ဖြစ်ပါသည်။

(၁၈) **အထက်ဘီလူးချောင်းရေအားလျှပ်စစ်စီမံကိန်း။** ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့မှ အနောက်တောင်ဘက်တွင် တည်ရှိပြီး စက်တပ်ဆင်အင်အား {(၁၀.၂ မဂ္ဂါဝပ်) x (၂)လုံး+ (၅ မဂ္ဂါဝပ်) x (၂)လုံး } = (၃၀.၄ မဂ္ဂါဝပ်)၊ တစ်နှစ်ပျမ်းမျှ ထုတ်လုပ်နိုင်မည့်ဓာတ်အား ကီလိုဝပ်နာရီ (၁၃၄.၄) လုပ်ငန်းတစ်ခုလုံးပြီးစီးမှု (၃၃.၅၆၁%) ဖြစ်ပါသည်။

(၁၉) **ဒီးဒုတ်ရေအားလျှပ်စစ်စီမံကိန်း။** ရဲရွာတမံ၏ မြစ်အောက်ဘက် (၁၂) မိုင်ခန့် အကွာမြစ်ငယ်မြစ်ပေါ်တွင် တည်ရှိပြီး စက်တပ်ဆင်အင်အား (၆၆ မဂ္ဂါဝပ်)၊

တစ်နှစ်ပျမ်းမျှ ထုတ်လုပ်နိုင်မည့် ဓာတ်အား ကီလိုဝပ်နာရီ (၂၉၇.၆) သန်း ဖြစ်ပါသည်။

(၂၀) **ရွှေလီ(၂)ရေအားလျှပ်စစ်စီမံကိန်း။** ရှမ်းပြည်နယ်မြောက်ပိုင်း၊ နမ့်ခမ်းမြို့၏ အနောက်တောင်ဘက်တွင် တည်ရှိပြီး စက်တပ်ဆင်အင်အား {(၁၃၀ မဂ္ဂါဝပ်) x (၄)လုံး} = (၅၂၀ မဂ္ဂါဝပ်)၊ တစ်နှစ် ပျမ်းမျှထုတ်လုပ်နိုင်မည့်ဓာတ်အား ကီလိုဂပ် နာရီ (၂၈၁၄)သန်း၊ အကြိုတည်ဆောက်မှု လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါ သည်။

(၂၁) **အထက်သံလွင်(မိုင်းတုံ)ရေအားလျှပ်စစ်စီမံကိန်း။** ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၏ အရှေ့ဘက်တွင် တည်ရှိပြီး စက်တပ်ဆင်အင်အား {(၇၁၁ မဂ္ဂါဝပ်) x (၁၀)လုံး} = (၇၁၁၀ မဂ္ဂါဝပ်)၊ တစ်နှစ် ပျမ်းမျှထုတ်လုပ်နိုင်မည့် ဓာတ်အား ကီလိုဂပ်နာရီ (၃၅၄၄၆) သန်း၊ စူးစမ်းတိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။


**ဆောက်လုပ်မှုကဏ္ဍ**

၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း၏ပထမ(၆)လပတ်တွင် ဆောက်လုပ်မှုကဏ္ဍ၏ ဆောက်လုပ်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်း**အရ ကျပ် ၁,၄၁၆,၈၆၈.၆ သန်း အကောင်အထည်ဖော်ရန် လျာထားပါသည်။

**ပုံ (၅-၉) ဆောက်လုပ်မှုကဏ္ဍ**

**၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ**

**(နှစ်အလိုက်ဈေးနှုန်း)**




ဓာတ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

ပထမ(၆)လပတ်တွင် ဆောက်လုပ်မှုကဏ္ဍ၏ ဆောက်လုပ်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်း**အရ ကျပ် ၁,၂၉၈,၅၉၁.၉ သန်း ရရှိခဲ့သဖြင့် ပထမ(၆)လပတ်လျာထားချက်အပေါ် ၉၁.၇ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး၊ **ပုံမှန်ဈေးနှုန်း**အရ ၃.၆ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ဆောက်လုပ်မှုကဏ္ဍ၏ အကောင်အထည်ဖော်နိုင်မှုများမှာ ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

(က) နယ်စပ်ဒေသဖွံ့ဖြိုးရေးလမ်းများအနေဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် သီပေါ-ပန်လုံ-နမ့်ဆန်လမ်းကို ဖောက်လုပ်လျက်ရှိပါသည်။

လမ်းတံတားအထူးသတ်မှတ် လုပ်ငန်းများအနေဖြင့် ကချင်ပြည်နယ်တွင် မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်း၊ ကရင်ပြည်နယ်တွင် သံဖြူဇရပ်-ဘုရားသုံးဆူလမ်း၊ တနင်္သာရီတိုင်းဒေသကြီးတွင် ရန်ကုန်-မော်လမြိုင်-ထားဝယ် -မြိတ်လမ်း၊ မော်လမြိုင်-ရေး-ထားဝယ်-မြိတ်-တနင်္သာရီ-ဘုတ်ပြင်း-ကော့သောင်း

လမ်း၊ ပဲခူးတိုင်းဒေသကြီးတွင် ရန်ကုန်-မန္တလေး-အမြန်လမ်း၊ မန္တလေးတိုင်းဒေသကြီးတွင် ရန်ကုန်-မန္တလေးအမြန်လမ်း၊ မွန်ပြည်နယ်တွင် သံဖြူဇရပ်-ဘုရားသုံးဆူလမ်း၊ ရန်ကုန်-မော်လမြိုင်-ထားဝယ်-မြိတ်လမ်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် ရန်ကုန်-မန္တလေးအမြန်လမ်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် တာလေ-ပါသျှိုး-ကျိုင်းလပ်လမ်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် ကြိမ်ပင်ဆည်-စကြော့-ခနော့ဖြူ-ဇလွန်လမ်း၊ နေပြည်တော်ကောင်စီနယ်မြေတွင် ရန်ကုန်-မန္တလေးအမြန်လမ်းတို့ကို ဖောက်လုပ်လျက်ရှိပါသည်။

လမ်းတံတားယေဘုယျသတ်မှတ် လုပ်ငန်းများအနေဖြင့် ကရင်ပြည်နယ်တွင် ထီလုံ-တာပေါင်-ပတ-နဘူး(ကော့ကရိတ်လမ်း)၊ ကော့ကရိတ်-အစွန်း-ကျိတ်-ကျိုက်ဒုံ-အဇင်းလမ်း၊ ချင်းပြည်နယ်တွင် ဟားခါး-ဂန့်ဂေါလမ်း၊ ကလေး-ဖလမ်း-ဟားခါးလမ်း၊ မကွေးတိုင်းဒေသကြီးတွင် မင်းလှ-ကနီ-မင်းဘူး-စလင်း-တညောင်-ဆိပ်ဖြူလမ်းတို့ကို ဖောက်လုပ်လျက် ရှိပါသည်။

(ခ) တံတားစီမံကိန်းများအနေဖြင့် ကချင်ပြည်နယ်တွင် မူလာရှီဒီးတံတား၊ ဖုန်အင်ခတံတား၊ မချမ်းဘောတံတား၊ တဝမ်တံတား၊ မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းပေါ်ရှိ တံတားအမှတ်၁/၂၁၈၊ တန်ဂျာ(၁)တံတား၊ တန်ဂျာ(၂)တံတား၊ ရှငေါ်တံတား၊ ဥရုချောင်းဖြတ်ကူးတံတား(လုံးခင်း)၊ မော်ဟဲတံတား၊ ကရင်ပြည်နယ်တွင် ယွန်းစလင်းချောင်းတံတား၊ အနန်းကွင်းတံတား၊ ချင်းပြည်နယ်တွင် ချန်းပြန်းချောင်းတံတား၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ဒေါင်းမြူးတံတား၊ ဘုန်းချောင်းတံတား(၄/၁၇)၊ ခြသေ့်ချောင်းတံတား၊ နန်ထိန်ကွင်းတံတား၊ ကိုးတန်ချောင်းတံတား၊ တနင်္သာရီတိုင်းဒေသကြီးတွင် ကလိန်အောင်တံတား၊ ရေဖြူတံတား၊ ပဲခူးတိုင်းဒေသကြီးတွင် စစ်တောင်း မြစ်ကူးတံတား(၃)၊ ထန်းပင်ကုန်းတံတား၊ မဒေါက်ကလေးတံတား၊ ဘောဂထာတံတား၊ ပဲခူးမြစ်ကူးတံတား၊ ဒိုးသောင်တံတား၊ မကွေးတိုင်း ဒေသကြီး တွင် အမှတ်(၁)ပေါက် (အုန်းတော)တံတား၊ အမှတ်(၂)ပေါက်(ရေပြာ)တံတား၊ မျက်မြောင်တံတား၊ မန္တလေးတိုင်းဒေသကြီးတွင် ဒုဋ္ဌဝတီတံတား၊ ကိုင်းချောင်းတံတား၊ နောင်လုံချောင်းတံတား၊ မိတ္ထီလာကန်ကူးတံတား၊ မွန်ပြည်နယ်တွင် နှင်းစုံတံတား၊ သံလွင်မြစ်ကူးတံတား(ချောင်းဆုံ)၊ ရခိုင်ပြည်နယ်တွင် ဂယ်လောင်းတံတား၊ ဟင်းရွက်ချောင်းတံတား(၂/၂၃)၊ ရန်ကုန်တိုင်းဒေသကြီးတွင် ဗွဲတွန်တံတား၊ ကုက္ကိုဝတံတား၊ ရှမ်းပြည်နယ်တွင် မဲခေါင်မြစ်ကူးတံတား (မြန်မာလာအိုချစ်ကြည်ရေးတံတား)၊ ဝမ်တာပုံတံတား၊ နမ့်ဖတ်တံတား၊ မုံးစမ်းကြိုးတံတား၊ ဘီလူးချောင်းတံတား၊

တာဆိုင်းတံတား၊ အီနိုင်းတံတား၊ ခိုနားလီတံတား၊ နမ္မတံတား၊ ဧရာဝတီတိုင်းဒေသကြီးတွင် စက်ဆန်းချောင်းတံတား၊ သကံချောင်းတံတား၊ ကျွဲခြံရေကျော်တံတား၊ အခြာတံတား၊ အဖောင်တံတား၊ နွားရေကျော်တံတား၊ ညီနောင်ကြီးတံတား၊ ရေတွင်းချောင်းကျယ်တံတား၊ နေပြည်တော်ကောင်စီနယ်မြေတွင် ပေါင်းလောင်းမြစ်ကူးတံတားတို့ကို ဆောက်လုပ်လျက်ရှိပါသည်။

(ဂ) မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (ဆိပ်ကမ်းမြို့နယ်)တွင် ဧရာဝဏ်၊ ရတနာ အထပ်မြင့်အိမ်ရာစီမံကိန်းကို အကောင်အထည်ဖော်လျက်ရှိရာ ၂၅ ရာခိုင်နှုန်း ပြီးစီးနေပြီး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက် ရှိပါသည်။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်တွင် ရွှေလင်ပန်း တန်ဖိုးနည်းအိမ်ရာစီမံကိန်း အပိုင်း(၂)တွင် ၈၀ ရာခိုင်နှုန်းနှင့် အပိုင်း (၃) တွင် ၉၀ ရာခိုင်နှုန်း ပြီးစီးနေပြီး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

(ဃ) နိုင်ငံတစ်ဝှမ်း မြို့ပြလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် United Nations Human Settlements Program (UN-Habitat) အဖွဲ့အစည်းနှင့် "Myanmar Safer Settlements and Urban Research Program" ကို ဆောင်ရွက်လျက်ရှိရာ MoU သက်တမ်းတိုး၍ တတိယပိုင်း အစီအစဉ်အဖြစ် ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ အာရှဖွံ့ဖြိုးရေးဘဏ် (ADB) သည် GMS Corridor Town Development Project အတွက် ပဏာမအကြို လေ့လာဆန်းစစ်ခြင်းနှင့် ပြင်ဆင်ခြင်းလုပ်ငန်းများကို မော်လမြိုင်၊ ဘားအံ၊ မြဝတီမြို့ (၃)မြို့တွင် အကူအညီ အမေရိကန်ဒေါ်လာ (၂) သန်းဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ KOICA (Korea)နှင့် "Master Plan for Yangon-Hantharwaddy-Bago Corridor and Yangon South-Western Regional Development in Myanmar" ကို ၂၀၁၅ခုနှစ် မှ ၂၀၁၇ခုနှစ်အတွင်း ဆောင်ရွက် ရန် စီစဉ်လျက်ရှိပါသည်။ ဂျပန်နိုင်ငံ Ministry of Land, Infrastructure, Tourism and Transport (MLIT) ဝန်ကြီးဌာနမှ မြို့ပြနှင့် ဒေသဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းနှင့် ဥပဒေလုပ်ထုံးလုပ်နည်းများ ရေးဆွဲခြင်း လုပ်ငန်းများတွင် အကူအညီများ ရယူထားပါသည်။ လက်ရှိဆောင်ရွက်နေသည့် မြို့ပေါင်း (၈၁) မြို့ ၏ မြို့ပြစီမံကိန်းရေးဆွဲရေးလုပ်ငန်းနှင့်ဆက်စပ်ပြီး ရန်ကုန်၊ ပဲခူး၊ နေပြည်တော် နှင့် မန္တလေးတိုင်းဒေသကြီး တို့တွင် Central Belt Regional Development Plan နှင့် အဆိုပါ ဒေသတွင်းရှိ မြို့ (၂၁) မြို့၏ မြို့ပြစီမံကိန်း၊

မြေအသုံးပြုမှု၊ ဇုန်ခွဲခြားမှု စသည့် Urban Planning ဆိုင်ရာ စီမံကိန်းများကို ဆောင်ရွက်ပေးရန် JICA အကူအညီကို တောင်းခံထားပါသည်။

(င) မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက ကျင့်သုံးလျက်ရှိသော ဥပဒေများအနက် ပြင်ဆင်ရေးဆွဲသင့်သည့် ၁၉၃၀ ပြည့်နှစ် မြေအောက်ရေကြီးကြပ်မှုဥပဒေကို ပြည်ထောင်စု ရှေ့နေချုပ်ရုံးသို့ အကြံပြုချက် တောင်းခံထားပါသည်။ အသစ် ရေးဆွဲလျက်ရှိသော အမျိုးသားအိမ်ရာဖွံ့ဖြိုးရေးဥပဒေ(မူကြမ်း)နှင့် မြို့ပြနှင့် ဒေသဖွံ့ဖြိုးရေးစီမံကိန်းဥပဒေ(မူကြမ်း)တို့ကို ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ သဘောထားမှတ်ချက်ပြုနိုင်ရန် တင်ပြထားပါသည်။

(စ) မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက စီမံခန့်ခွဲလျှက်ရှိသော သက်တမ်းလွန် ပြည်သူ့အိမ်ရာများအနက် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် (၅၁)လမ်း အိမ်ရာစခန်း၊ ဗဟန်းမြို့နယ် လင့်လမ်း (ရွှေဂုံတိုင်) အိမ်ရာစခန်းနှင့် မန္တလေးတိုင်းဒေသကြီး စိတ္တရမဟီအိမ်ရာစခန်းတို့ကို ခေတ်မီဖွံ့ဖြိုးရေးအိမ်ရာ အဖြစ် ပြန်လည်ဆောက်လုပ်ရန် ဆောင်ရွက်လျက် ရှိပါသည်။

(ဆ) မြန်မာနိုင်ငံတဝှမ်းရှိ မြို့များ၏ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းလုပ်ငန်းကို ၂၀၁၂ ခုနှစ် မှ ၂၀၁၅ ခုနှစ်အတွင်း လူမှုရေး၊ စီးပွားရေး အချက်အချာကျသည့် မြို့ပေါင်း (၈၁)မြို့ကို ဆောင်ရွက်ရန်စီမံထားသည့်အနက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အထိ မြို့(၇၀)တွင် မြို့ပြစီမံကိန်းရေးဆွဲပြီး ဖြစ်ပါသည်။

(ဇ) ကရင်ပြည်နယ် ဘားအံစက်မှုဇုန်တွင် စက်ရုံ (၁၈)ရုံ တည်ဆောက်ခြင်း၊ တနင်္သာရီတိုင်းဒေသကြီးတွင် မြိတ်အနာဂတ် ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီမှ စီးပွားရေးဇုန် ဆောင်ရွက်နေခြင်း၊ အဝေးပြေးကားကွင်း တည်ဆောက်ခြင်း၊ မန္တလေးတိုင်းဒေသကြီးတွင် အဆင့်မြင့်ဆေးဝါးစက်ရုံ၊ ယဉ်ကျေးမှုတက္ကသိုလ်၊ မြရည်နန္ဒာတန်ဖိုးနည်းအိမ်ရာ၊ ဆီမီးခုံဆိပ်ကမ်း၊ မြို့သာစက်မှုဥယျာဉ် တည် ဆောက်ခြင်း၊ မွန်ပြည်နယ်တွင် သီရိမင်္ဂလာတန်ဖိုးနည်းအိမ်ရာ တည်ဆောက် ခြင်း၊ ကျောက်တန်းစက်ရုံစုလုပ်ငန်း၊ Ocean Super Center ဆောက်လုပ်ခြင်း၊ ကမ္ဘာ့ရတနာဘဏ်တည်ဆောက်ခြင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် စံပြဆေးရုံ အဆောင်သစ်တည်ဆောက်ခြင်း၊ ပုဂ္ဂလိကအဆင့်မြင့်ဟိုတယ်များ တည်ဆောက် ခြင်း၊ ကွန်ဒိုများနှင့် Shopping Complex တည်ဆောက်ခြင်း၊ ရှမ်းပြည်နယ်တွင် ပါဆတ်ကားလေးကွင်း၊ ဝမ်းကောင်းမြို့မဈေး၊ ရွှေရေကန် အဝေးပြေးယာဉ် ရပ်နားစခန်းများ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။


## ပို့ဆောင်ရေးကဏ္ဍာ

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း၏ ပထမ (၆)လပတ်တွင် ပို့ဆောင်ရေးကဏ္ဍာ၏ ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်း**အရ ကျပ် ၃,၆၃၇,၉၆၁.၆ သန်း အကောင်အထည်ဖော်ရန် လျာထားပါသည်။

**ပုံ (၅-၁၀) ပို့ဆောင်ရေးကဏ္ဍာ**

**၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

ပထမ(၆)လပတ်တွင် ပို့ဆောင်ရေးကဏ္ဍာ၏ ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်း** အရ ကျပ် ၃,၅၃၁,၄၇၄.၀ သန်း ရရှိခဲ့သဖြင့် ပထမ(၆)လပတ် လျာထားချက်အပေါ် ၉၇.၁ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း** အရ ၇.၀ ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။

အမြန်လမ်းများ၊ အဝေးပြေးလမ်းများ၊ ခရိုင်၊ မြို့နယ်နှင့် ကျေးရွာချင်းဆက်လမ်းများ ချောမွေ့လာခြင်းကြောင့် ပုဂ္ဂလိကအဝေးပြေးကားလိုင်းများ၊ အဆင့်မြင့် မော်တော်ယာဉ်လိုင်း၊ အငှားယာဉ်များ စီးရေတိုးချဲ့ပြေးဆွဲလာခြင်း၊ နိုင်ငံပိုင် မြန်မာအမျိုးသားလေကြောင်းတွင် လေယာဉ်စီးရေနှင့် ပြည်ပခရီးစဉ် တိုးချဲ့ပြေးဆွဲလာခြင်းတို့ကြောင့် ပို့ဆောင်ရေးကဏ္ဍာတွင် စီမံကိန်းရည်မှန်းချက်အပေါ် ၉၈.၇ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ်အတွင်း ခရီးသည်ပို့ဆောင်မှုနှင့် ကုန်စည်ပို့ဆောင်မှုတွင် အောက်ပါအတိုင်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

(က) ကုန်းလမ်းပို့ဆောင်ရေးသည် ခရီးသည်ဦးရေ ၁၃.၅သန်း ပို့ဆောင်ပေးရန် ရည်မှန်းထားရာ ၆.၅ သန်း ပို့ဆောင် ပေးနိုင်သဖြင့် ၄၈.၁ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ ခရီးသည်မိုင် ၄၅၁.၁သန်း ပို့ဆောင်ပေးရန် ရည်မှန်းထားရာ ၂၁၉.၄ သန်း ပို့ဆောင်ပေးနိုင်ခဲ့သဖြင့် ၄၈.၆ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပါသည်၊

(ခ) မြန်မာ့မီးရထားသည် ခရီးသည်ဦးရေ ၆၂.၀သန်း ပို့ဆောင်ပေးရန် ရည်မှန်းထားရာ ၂၂.၀ သန်း ပို့ဆောင်ပေး နိုင်ခဲ့သဖြင့် ၃၅.၅ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ ခရီးသည် မိုင် ၂၈၀၀.၀ သန်း ပို့ဆောင်ပေးရန် ရည်မှန်းထားရာ ၉၅၈.၆ သန်း ပို့ဆောင်ပေးနိုင်ခဲ့သဖြင့် ၃၄.၂ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်၊

(ဂ) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် ခရီးသည်ဦးရေ ၁၆.၄ သန်း ပို့ဆောင်ပေးရန် ရည်မှန်းထားရာ ၅.၇ သန်း ပို့ဆောင်ပေးနိုင်ခဲ့သဖြင့် ၃၄.၈ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ ခရီးသည်မိုင် ၁၃၁.၁ သန်း ပို့ဆောင်ပေးရန် ရည်မှန်းခဲ့ရာ ၂၈.၇သန်း ပို့ဆောင်ပေးနိုင်ခဲ့သဖြင့် ၂၁.၉ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပါသည်၊

(ဃ) မြန်မာအမျိုးသားလေကြောင်းသည် ပြည်တွင်းခရီးသည်ဦးရေ ၀.၄၆ သန်း ပို့ဆောင်ပေးရန် ရည်မှန်းထားရာ ၀.၂၄ သန်း ပို့ဆောင်ပေးနိုင်ခဲ့သဖြင့် ၅၂.၂ ရာခိုင်နှုန်း၊ ပြည်တွင်းခရီးသည်မိုင် ၁၄၀.၀ သန်း ပို့ဆောင်ပေးရန် ရည်မှန်းခဲ့ရာ ၆၉.၄ သန်း ပို့ဆောင်ပေးနိုင်သဖြင့် ၄၉.၆ ရာခိုင်နှုန်း ၊ ပြည်ပခရီးသည်ဦးရေ ၀.၁၄ သန်း ပို့ဆောင်ပေးရန် ရည်မှန်းထားရာ ၀.၀၀၂ သန်း ပို့ဆောင်ပေး နိုင်ခဲ့သဖြင့် ၁.၄ ရာခိုင်နှုန်းနှင့် ပြည်ပခရီးသည်မိုင် ၁၆၉.၀ သန်း ပို့ဆောင်ပေးရန် ရည်မှန်းခဲ့ရာ ၂.၇ သန်း ပို့ဆောင်ပေးနိုင်ခဲ့သဖြင့် ၁.၆ ရာခိုင်နှုန်း အသီးသီး အကောင်အထည်ဖော်နိုင်ခဲ့ပါသည်၊

(င) ကုန်းလမ်းပို့ဆောင်ရေးသည် ကုန်တန်ချိန် ၂.၁ သန်း ပို့ဆောင်ပေးရန် ရည်မှန်းထားရာ ၀.၆ သန်း ပို့ဆောင်ပေး နိုင်သဖြင့် ၂၈.၆ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ ကုန်တန်မိုင် ၂၆၂.၁ သန်း ပို့ဆောင်ပေးရန် ရည်မှန်းထားရာ ၁၀၁.၉ သန်း ပို့ဆောင်ပေးနိုင်ခဲ့သဖြင့် ၃၈.၉ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်၊

(စ) မြန်မာ့မီးရထားသည် ကုန်တန်ချိန် (၃.၁) သန်း ပို့ဆောင်ပေးရန်ရည်မှန်းထားရာ ၁.၀ သန်း ပို့ဆောင်ပေးနိုင်သဖြင့် ၃၂.၃ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပါသည်။ ကုန်တန်မိုင် ၇၂၀.၀ သန်း ပို့ဆောင်ပေးရန် ရည်မှန်းထားရာ ၂၂၂.၀ သန်း ပို့ဆောင်ပေးနိုင်ခဲ့သဖြင့် ၃၀.၈ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ ပါသည်၊

(ဆ) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် ကုန်တန်ချိန် ၂.၀ သန်း ပို့ဆောင်ပေးရန် ရည်မှန်းထားရာ ၀.၇ သန်း ပို့ဆောင်ပေးနိုင်ခဲ့သဖြင့် ၃၅.၀ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ ကုန်တန်မိုင် ၂၉၈.၀ သန်း ပို့ဆောင်ပေးရန် ရည်မှန်းထားရာ ၉၇.၂ သန်း ပို့ဆောင်ပေးနိုင်ခဲ့သဖြင့် ၃၂.၆ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပါသည်၊

(ဇ) မြန်မာအမျိုးသားလေကြောင်းသည် ပြည်တွင်းကုန်တန်ချိန် ၀.၀၀၂ သန်း ပို့ဆောင်ပေးရန် ရည်မှန်းထားရာ ၀.၀၀၁သန်း ပို့ဆောင်ပေးနိုင်ခဲ့သဖြင့် ၅၀.၀ ရာခိုင်နှုန်း၊ ပြည်တွင်းကုန်တန်မိုင် ၀.၇၃ သန်း ပို့ဆောင်ပေးရန် ရည်မှန်းထားရာ ၀.၃၁ သန်း ပို့ဆောင်ပေးနိုင်ခဲ့သဖြင့် ၄၂.၅ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် သင်္ဘောများနှင့် ပုဂ္ဂလိကပိုင် အမြန်ရေယာဉ်များ၊ မော်တော်ယာဉ်များနှင့် ယှဉ်ပြိုင်ပို့ဆောင်ရာတွင် ဝင်ငွေနှင့် အသုံးစရိတ် မကိုက်ညီသော ခရီးလမ်းအချို့ကို ပိတ်သိမ်းခြင်း၊ သက်တမ်းလွန်ရေယာဉ်များကို ရပ်နားထားရခြင်း၊ ရေယာဉ်ပျက်စီးမှုများပြားခြင်းတို့ကြောင့် ယခင်နှစ်အလားတူနှင့်နှိုင်းယှဉ်ပါက ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှုများ လျော့နည်းခဲ့ပါသည်။

မြန်မာအမျိုးသားလေကြောင်းသည် ၁၆၄ ဦးဆန့် BOEING 737 800NG တစ်စီး၊ ဦးရေ ၇၀ ဆန့် ATR-72 လေယာဉ်အသစ် တစ်စီး ထပ်မံရောက်ရှိပြေးဆွဲခဲ့ရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်ပါက ခရီးသည်ပို့ဆောင်မှုတွင် ပိုမိုတိုးတက်ခဲ့သော်လည်း ခရီးတိုတင်ဆောင်မှုများပြား၍ ကုန်စည်တင်ပို့မှု လျော့နည်းခဲ့ပါသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးသည် ယာဉ်အိုယာဉ်ဟောင်းများ အပ်နှံခြင်းကြောင့် ယာဉ်စီးရေလျော့နည်းသွား၍ ခရီးသည်နှင့်ကုန်စည် ပို့ဆောင်မှု လျော့နည်းခဲ့ပါသည်။ ပုဂ္ဂလိကကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း၊ ဌာနပိုင်မြေနေရာများအား ပုဂ္ဂလိကများသို့ ငှားရမ်းခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

ရန်ကုန်-နေပြည်တော်-မန္တလေး အဝေးပြေးကားလမ်းများ ဖွင့်လှစ်ခြင်း၊ တိုင်းဒေသကြီး/ပြည်နယ်များတွင် ခရိုင်ချင်းဆက်လမ်း၊ ကျေးရွာချင်းဆက်ကတ္တရာလမ်းနှင့် မြေလမ်းများ ဖောက်လုပ်လာခြင်း၊ အိမ်ထောင်စုတိုင်းတွင် စက်တပ်ယာဉ်များပိုင်ဆိုင်စီးနင်းလာခြင်း၊ အဝေးပြေးမော်တော်ယာဉ် အဆင့်မြှင့်တင်၍ ပြေးဆွဲလာခြင်း၊ ရထားနှင့်ကားစီးနင်းခနှုန်းထားကွာဟမှု နည်းပါးလာခြင်း၊ ရထားပြေးဆွဲချိန်သည် ကားပြေးဆွဲချိန်ထက် ပိုမိုကြာမြင့်ခြင်းတို့ကြောင့် ရထားစီးခရီးသည်လျော့နည်းပြီး ဝင်ငွေလျော့နည်းကျဆင်းခဲ့ပါသည်။

၂၀၁၅ ခုနှစ် ဇူလိုင်လတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တိုင်းအမှတ် (၂) နယ်မြေ ကန့်ဘလူ-ကောလင်း လမ်းပိုင်း၊ နန့်စီးအောင်-မော်လူးကြားရှိ လမ်းပိုင်း၊ ရေဦး-ချမ်းသာ ကြား လမ်းပိုင်းများ၊ တိုင်းအမှတ်(၃)နယ်မြေ မန္တလေး-လားရှိုး လမ်းပိုင်းရှိ သီပေါ-တာပုလဲ ကြား တိုင်းအမှတ်(၇)တိုင်းခွဲအတွင်း ကျောက်တော်-အပေါက်ဝ ကြားနှင့် အောင်ဖြူပင်-ယိုးတရုတ်ကြား တိုင်းအမှတ်(၆)နယ်မြေ၊ ခမုံဆိပ်-သာရဝေါကြား၊ တိုင်းအမှတ်(၉) ဟသ်ာတနယ်မြေ ပုသိမ်-ဟသ်ာတ ကြား၊ မဲဇလီကုန်း-ထူးကြီး ကြား ၊ ညောင်တုန်း-လှိုင်သာယာကြားတွင် ရေတိုက်စားပျက်စီးမှု ကြောင့်ယာယီပိတ်ထားရခြင်း၊ တိုင်းအမှတ်(၁၀)အတွင်း ပခုက္ကူ-ကျောလမ်းပိုင်းနှင့် ကလေး-ဂန့်ဂေါလမ်းပိုင်းများတွင် ရထားလမ်းပေါ် ရေကျော်မှုများဖြစ်ပေါ်၍ အပိုင်းလိုက်ရထားများ ရပ်နား ရခြင်းကြောင့် ခရီးသည်ဦးရေ၊ ဝင်ငွေ၊ ပါဆယ်ဝင်ငွေများ လျော့နည်းကျဆင်းခဲ့ပါသည်။

စက်ခေါင်းရရှိမှုလျော့နည်း၍ ကုန်ရထားစင်းရေပြေးဆွဲမှု လျော့နည်းခြင်း၊ ခရီးဝေးရထား များ ပိုမိုပြေးဆွဲပေးခဲ့ခြင်း၊ ကုန်မရရှိ၍ မြို့ဟောင်း-စက်ဆန်း အမှတ် ၉၁၄ အစုန်ရထားတွင် တွဲလွတ် (၁,၂၀၆)တွဲ နှင့် မြစ်ကြီးနား-မြို့ဟောင်း အမှတ် ၉၃၈ အစုန် ရထားတွင် တွဲလွတ် (၉၂၆) တွဲ ချိတ်ဆွဲရခြင်း၊ ထုံးဖို-မြိုင်ကလေး အမှတ် ၉၂၉/၉၃၀ ဂေါ်ဒန် အထူးရထား ဖျက်သိမ်း ထားခြင်း၊ နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံဦးရေ လျော့နည်းလာခြင်းကြောင့် ရထားဖြင့်ကုန်ကြမ်း/ကုန်ချောသယ်ယူမှုလျော့နည်းခြင်း၊ ရွာမ-ကျောက်ဆွယ်ကျိုး-မြင်းခြံ လမ်းပိုင်းတွင် မြန်မာ့ စီးပွားရေးကော်ပိုရေးရှင်းသည် သံမဏိကုန်ကြမ်း/ကုန်ချော သယ်ယူပို့ဆောင်ရန် လျာထား ခဲ့သော်လည်း သယ်ယူမှုမရှိခြင်း၊ ရထားမတော်တဆနှင့်ထူးခြားဖြစ်စဉ် ၁၂၂ ကြိမ် ဖြစ်ပွား ခဲ့ခြင်းနှင့် ဇူလိုင်လနှင့် ဩဂုတ်လအတွင်း ရေကြီးမှုကြောင့် ဇော်ချောင်း-ကံကြီးကြားရှိ တံတား အမှတ် ၂၈၁ ချို့ယွင်း၍ လမ်းပိုင်းပိတ်ကာ ရေကျချိန်ကို စောင့်ဆိုင်းရသဖြင့် တွဲလည်ပတ်ရက် များကြန့်ကြာ၍ ကုန်ရထားခေါက်ရေများ ကျဆင်းခြင်းတို့ကြောင့် ကုန်တန်ချိန်၊ ကုန်တန်မိုင် နှင့်ဝင်ငွေများ လျော့နည်းခဲ့ပါသည်။

ပို့ဆောင်ရေးဝန်ကြီးဌာန၊ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည်ကမ်းရိုးတန်း သွား ပုဂ္ဂလိကပိုင်ရေယာဉ် ၂၁ စင်းကို တိုင်းတာစစ်ဆေး၍ မှတ်ပုံတင်ပေးခဲ့ ပါသည်။

အပြည်ပြည် ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ်က ပြဋ္ဌာန်းထားသော ကွန်ဗင်းရှင်းပါနှင့်အညီ ပုဂ္ဂလိက စက်လှေ (၇၇၄) စီး၊ ကြယ်ငါးပွင့်ပိုင်သင်္ဘော (၁) စီးကို အသက်ကယ်ကိရိယာ စစ်ဆေး၍ ကြယ်ငါးပွင့်ပိုင် သင်္ဘော (၂) စီးကို ဆက်သွယ်ရေးကိရိယာများ စစ်ဆေးခြင်း၊ အစိုးရ အဖွဲ့အစည်းပိုင် သင်္ဘော (၄) စီး၊ ပုဂ္ဂလိကပိုင်ရေယာဉ် (၇) စီးကို ဆက်သွယ်ရေးကိရိယာများ စစ်ဆေး၍ သက်သေခံလက်မှတ် ထုတ်ပေးခဲ့ပါသည်။ နိုင်ငံခြားနှင့်ကမ်းရိုးတန်းသွားသင်္ဘောနှင့် စက်လှေ (၂,၅၁၆) စီးကို အန္တရာယ်လုံခြုံမှုဆိုင်ရာ လက်မှတ်များစစ်ဆေး၍ ရေယာဉ်ထွက်ခွာခွင့် လက်မှတ် ထုတ်ပေးခဲ့ပါသည်။ ပြည်တွင်းရေကြောင်းသွားစက်တပ်ရေယာဉ်နှင့် စက်မဲ့ဆီတင်တွဲ (၁၁၀) စီး၊ ကမ်းရိုးတန်း သွားစက်တပ်ရေယာဉ်နှင့် စက်မဲ့ကုန်တင်တွဲ (၁၈) စီး အသစ်တည်ဆောက်ခွင့် လျှောက်လွှာများကို စိစစ်ခွင့်ပြုပေးခဲ့ပါသည်။ ပြည်တွင်းရေကြောင်းသွား စက်တပ်ရေယာဉ်နှင့် စက်မဲ့ဆီတင်တွဲကို ကနဦးစစ်ဆေး၍ (၁၀၂)စီးနှင့် နှစ်ပတ်လည် စစ်ဆေး၍ (၇၇၆)စီး မှတ်ပုံတင်လိုင်စင်များ ထုတ်ပေးနိုင်ခဲ့ပါသည်။ နိုင်ငံခြားသင်္ဘောများပေါ်တွင် အမှုထမ်းဆောင်ရန် သင်္ဘောသား (၁၄,၄၀၁) ဦးကို စေလွှတ်ပေးနိုင်ခဲ့ပါသည်။ နိုင်ငံခြားကုမ္ပဏီပိုင် သင်္ဘောများပေါ်တွင် တာဝန်ထမ်းဆောင်ကြသော သင်္ဘောသားများထံမှ ဝင်ငွေခွန် အမေရိကန် ဒေါ်လာ (၃,၂၀၀) ကောက်ခံခြင်း၊ နိုင်ငံခြားသင်္ဘောသား မိမိနိုင်ငံအတွင်းယူဆောင်ငွေ အမေရိကန် ဒေါ်လာ (၀.၁၁၉) သန်းအား စိစစ်ထောက်ခံပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပါသည်။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ဆောင်ရွက်ဆဲလုပ်ငန်းများဖြစ်သော ဧရာဝတီမြစ်ရေလမ်း ဖွံ့ဖြိုးရေးလုပ်ငန်းမှ ထီးချိုင့်-မန္တလေး ရေလမ်းပိုင်းကောင်းမွန်ရေး ကျပ် ၁၆.၉၅၁ သန်း၊ ချောက်-မကွေး ရေလမ်းပိုင်းကောင်းမွန်ရေး ကျပ် ၃၄.၀၀၀ သန်းနှင့် ဗိုလ်မြတ်ထွန်းတံတားရေလမ်းကောင်းမွန်ရေး ကျပ်သန်း၆၀.၀၀၀၊ လုပ်ငန်းသစ်ဖြစ်သည့် ဗန်းမော်ဆိပ်ကမ်းရေလမ်း ကောင်းမွန်ရေး ကျပ် ၆၀.၅၀၀ သန်း၊ စုစုပေါင်းကျပ် ၁၇၁.၄၅၁ သန်း သုံးစွဲဆောင်ရွက်ခဲ့ပြီး သီးသန့်ရန်ပုံငွေ ကျပ်သန်း ၅၀.၀၀ ဖြင့် တွံ့တေးမြို့နယ်၊ ဇီးဖြူကုန်းကျေးရွာအုပ်စု၊ အောင်စေတီကျေးရွာတွင် တွံတေးတူးမြောင်း ကမ်းပြိုကာကွယ်ရေး လုပ်ငန်းဆောင်ရွက်ခဲ့ပါသည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် ပန်းဆိုးတန်း-ဒလ၊ ဝါးတန်း-ဒလ၊ ရန်ကုန်-ခနောင်တို၊ ရန်ကုန်-မော်ကျွန်း၊ ရန်ကုန်-ဖျာပုံ၊ ရန်ကုန်-ကြာကန်၊ မန္တလေး-ညောင်ဦး(မြန်)၊ မန္တလေး-ဗန်းမော် (မြန်)၊ မန္တလေး-ဗန်းမော် (ထူးမြန်)၊မော်လမြိုင်-ကလ္လီ၊မော်လမြိုင်-နတ်မှော်၊ စစ်တွေ-မြောက်ဦး ခရီးလမ်းတို့တွင် ပြည်တွင်းရေကြောင်းပိုင်သင်္ဘောများဖြင့် ကမ္ဘာလှည့်ခရီးသည် ၁၇,၉၅၃ ဦးကို ပို့ဆောင်ပေးခဲ့ပါသည်။ ခရီးသည်ခနှင့် ရေယာဉ်ငှားရမ်းခ နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာသန်း ၀.၀၇၄ သန်း၊ ကျပ် ၈၂.၁၅၇ သန်း ရရှိခဲ့ပါသည်။

လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနသည် လေယာဉ်ပျံသန်း ဆင်းသက်မှု ထိန်းသိမ်းခြင်း ၁၅,၆၉၆ ကြိမ် ၊ မြန်မာနိုင်ငံနယ်နိမိတ်အပေါ်ဖြတ်ကျော် ပျံသန်းသည့် လေယာဉ်များထိန်းသိမ်းခြင်း ၈၇,၄၆၂ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ဆောင်ရွက်ဆဲလုပ်ငန်းများဖြစ်သည့် မြစ်ကြီးနားလေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်း၊ လွိုင်ကော်လေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်း၊ သံတွဲလေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်း၊ လုပ်ငန်းသစ်များဖြစ်သည့် ဟုမ္မလင်းလေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်း၊ ကလေးလေဆိပ် ဖွံ့ဖြိုးရေးလုပ်ငန်း၊ ဟဲဟိုးလေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်း၊ စစ်တွေလေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်း၊ သံတွဲလေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်း၊ မာန်အောင်(စမုံတဲ)လေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်း၊ Air Navigation Service Provider (ANSP) ရုံးခန်းအဆောက်အဦ လုပ်ငန်း၊ ရေဒါကုန်း ဝန်ထမ်းအိမ်ယာ ရေရရှိရေးလုပ်ငန်း၊ လေယာဉ်ကွင်းများ၊ လေဆိပ်များ၊ လေဆိပ်အဆောက်အဦများ အရေးပေါ် မွမ်းမံခြင်းလုပ်ငန်း စသည့်လေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

မြန်မာအမျိုးသားလေကြောင်းသည် BOEING လေယာဉ်(၁)စီး၊ ATR-72 လေယာဉ်(၄)စီး၊ B-1900 (D) လေယာဉ်(၂)စီး၊ EMBRAER လေယာဉ်(၂)စီး၊ CARAVAN လေယာဉ်(၂) စီး စုစုပေါင်း လေယာဉ် ၁၁ စီးဖြင့် ပုံမှန်ခရီးစဉ် ၁,၉၃၇ ခေါက်၊ စင်းလုံးငှား ၂၁ ခေါက်၊ စုစုပေါင်း ၁,၉၅၈ ခေါက်ဖြင့် ခရီးသည်၊ ကုန်စည်များ ပို့ဆောင်ပေးနိုင်ခဲ့ပါသည်။

မိုးလေဝသစခန်း ၆၄ ခု၊ ဇလဗေဒစခန်း ၃၀ ခု၊ မိုးလေဝသနှင့်ဇလဗေဒစခန်း ၄၂ ခု၊ စိုက်ပျိုးရေး မိုးလေဝသစခန်း ၁၈ ခု၊ လေကြောင်းမိုးလေဝသစခန်း ၁၅ ခု၊ မြေငလျင်တိုင်းထွာရေးစခန်း ၁၉ ခု တို့မှ တိုင်းထွာချက်များ ဆောင်ရွက်ခဲ့ပါသည်။ ပုံမှန်ခန့်မှန်းချက်များကို သက်ဆိုင်ရာအဖွဲ့အစည်းများသို့ (၁,၆၃၃) ကြိမ် ထုတ်ပြန်ပေးခဲ့ပါသည်။ မြစ်ရေကြီးမည့်အခြေအနေ သတင်း ၁၂၆ ကြိမ်၊ မြစ်ရေကြီးခြင်းသတိပေးချက် ၂၄ ကြိမ် တို့ထုတ်ပြန်ခဲ့ပါသည်။ ပြည်တွင်းသတင်းပို့စခန်း ၅၀ အနက် အက်(စ်)အက်(စ်)ဘီ တပ်ဆင်ထားသော ၄၇ စခန်းမှ အချိန်မီသတင်းပေးပို့သည့် မိုးလေဝသသတင်း ၄၄,၂၈၆ ကြိမ် ရရှိခဲ့ပါသည်။ ငလျင်လှုပ်ခတ်မှု စုစုပေါင်း ၂၄ ကြိမ်ကို မှတ်တမ်းတင်နိုင်ခဲ့ပါသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးသည် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) တွင်ဖွင့်လှစ်သော သင်တန်းများမှ သင်တန်းသားများ၏ ခရီးစဉ်များအတွက် ယာဉ်စီးရေ ၅၂၂ စီး၊ ကျန်းမာရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနများမှ ပို့ဆောင်ရေး လိုအပ်ချက် တောင်းခံလာမှုအား ယာဉ်စီးရေ ၆၄ စီးဖြင့် ပို့ဆောင်ပေးခဲ့ပါသည်။

သဘာဝဘေးအန္တရာယ်ကျရောက်၍ မန္တလေး-မြစ်ကြီးနား ရထားလမ်းပိုင်း၊ ကန့်ဘလူဘူတာနှင့် ကောလင်းဘူတာအကြား ရထားသွားလာမှုပြတ်တောက်စဉ် ယာဉ်စီးရေ (၈) စီးက

ခေါက်ရေ ၁၂၀ ဖြင့် ရထားစီးခရီးသည် ၃,၉၀၅ ဦးကို ပို့ဆောင်ပေးခဲ့ပြီး၊ ရန်ကုန်မှ မြန်အောင်နှင့်ညောင်တုန်း၊ မန္တလေးမှ တံတားဦး၊ မုံရွာ၊ မကွေး၊ မင်းတပ်၊ ရေစကြို၊ မြင်းခြံ၊ တောင်သာ၊ ကျောက်ဆည်၊ ရေနံချောင်း မြို့များသို့ ယာဉ်စီးရေ ၈၄ စီးဖြင့် ရေဘေး ကယ်ဆယ်ရေးပစ္စည်း ၆၂၉ တန်ပို့ဆောင်ပေးခဲ့ပါသည်။

ခရီးသည်များ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် မကွေး-အမ်း၊ ရန်ကုန်မှမြင်းခြံ၊ ညောင်ဦး၊ မိတ္ထီလာ၊ မအူပင်ခရီးစဉ်များ၊ နေပြည်တော်-မကွေး-ပွင့်ဖြူ၊ မော်လမြိုင်-သံဖြူဇရပ် ခရီးစဉ်များ၊ နိုင်ငံ့ဝန်ထမ်းများအတွက် အပတ်စဉ် သောကြာနေ့နှင့် တနင်္ဂနွေနေ့များတွင် နေပြည်တော်-ရန်ကုန်-နေပြည်တော် ခရီးစဉ်များ ပြေးဆွဲနေသည့်အပြင် နေပြည်တော်-ရန်ကုန် ခရီးစဉ်၊ နေပြည်တော်-မန္တလေးခရီးစဉ်များကို တိုးချဲ့ပြေးဆွဲခဲ့ပါသည်။

Forever Green Right Service Co., Ltd နှင့် ကုန်းလမ်းပို့ဆောင်ရေးတို့ အကျိုးတူပူးပေါင်း၍ ထူထောင်သည့် Forever Green Road Transport (JV) Co., Ltd တို့၏ ဒဂုံတက္ကသိုလ်-ဆူးလေ ခရီးစဉ်ကိုပြေးဆွဲနေသည့်အပြင် ရန်ကုန်- နေပြည်တော်-မန္တလေး ခရီးစဉ်ကို High Way Bus ၁၀ စီးဖြင့် ပြေးဆွဲခဲ့ပါသည်။ စန်းရောင်နီကုမ္ပဏီလီမိတက်နှင့် အကျိုးတူပူးပေါင်းသည့် စန်းရောင်နီကုန်းလမ်းပို့ဆောင်ရေး ကုမ္ပဏီလီမိတက်သည် ဗိုလ်တထောင်-ရန်ကုန်ဘူတာကြီး-အောင်မင်္ဂလာ အဝေးပြေးဂိတ်သို့ CNG City Bus ၂၅ စီးဖြင့် ပြေးဆွဲခဲ့ပါသည်။ ကုန်းလမ်းပို့ဆောင်ရေးရှိ ယာဉ်မောင်းသင်တန်းကျောင်းများတွင် TATA အမောင်းသင် ယာဉ်စီးရေ ၄၀ ဖြင့် အကျိုးတူဆောင်ရွက်ခဲ့ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် ပြည်တွင်းစက်မှုဇုန်များမှ ထုတ်လုပ်သောယာဉ် ၁,၆၁၀ စီး၊ ပြည်ပမှတင်သွင်းသည့် မော်တော်ယာဉ် ၃၃၄,၀၀၄ စီးကို ကနဦးမှတ်ပုံတင် ပေးနိုင်ခဲ့ပါသည်။ ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများတွင် အသုံးပြုသည့် လူနာတင်ယာဉ်များ၊ လျှပ်စစ်ဓာတ်အားသုံး မော်တော်ယာဉ်များအား RLG မူသေအမှတ်ဖြင့် မှတ်ပုံတင်မည့် မော်တော်ယာဉ်များအား ပြည်ပတင်သွင်းယာဉ် မှတ်ပုံတင်ခ ကောက်ခံခြင်းမပြုဘဲ ကင်းလွတ်ခွင့်ပြုခဲ့ပါသည်။

လုပ်ငန်းလိုင်စင် သက်တမ်းလွန် ၁၅ ရာခိုင်နှုန်းနှင့် သက်တမ်းပြတ် ၁၀ ရာခိုင်နှုန်း သို့ ပြောင်းလဲသတ်မှတ်ခြင်းနှင့် နယ်စပ်ဖြတ်ကျော်ယာဉ်များအား နိုင်ငံခြားငွေညီမျှသော ကျပ်ဖြင့် ကောက်ခံခြင်းမှ ပြည်တွင်းသုံးကျပ်ငွေဖြင့် ပြောင်းလဲကောက်ခံခဲ့ပါသည်။ ယာဉ်မောင်းလိုင်စင် လုပ်ငန်းပေါင်း ၁,၅၀၀,၀၂၄ ခု ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ စည်းကမ်းချိုးဖောက်သည့် ယာဉ်မောင်းများအား ဥပဒေနှင့်အညီ ပိတ်သိမ်းနိုင်ရန် ကာလကို ပြစ်မှုကျူးလွန်သည့် အကြောင်းအရာအလိုက် ထပ်မံသတ်မှတ်ခဲ့ပါသည်။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေး Bill

Board များကို မြဝတီမြို့တွင် (၁) နေရာ၊ တောင်ကြီးမြို့တွင် (၂) နေရာစိုက်ထူခဲ့ပါသည်။ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး စိစစ်အကဲဖြတ် လုပ်ငန်းစဉ် (Road Audit) နှင့် ပတ်သက်၍ နေပြည်တော်ရုံးအပါအဝင် တိုင်းဒေသကြီးရုံး ၆ ခု၊ ပြည်နယ်ရုံး ၃ ခု၊ တွဲဖက် ပြည်နယ်ရုံး ၆၂ ခု၊ ခရိုင်ရုံး၃ ခုတွင်ဆောင်ရွက်ခဲ့ပါသည်။ တစ်နိုင်ငံလုံးတွင် ၈၅၅ ကြိမ် ကွင်းဆင်း၍ မော်တော်ယာဉ်နှင့် ယာဉ်မောင်းသူများကို အရေးယူဆောင်ရွက်ခဲ့ပါသည်။ ယာဉ်မောင်းသင်တန်း ၆ ကြိမ် ဖွင့်လှစ်ခဲ့ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးသင်တန်း ၁,၃၃၁ ကြိမ် ဖွင့်လှစ်၍သင်တန်းသား ၉၀,၅၆၆ ဦးကို ပို့ချခဲ့ပါသည်။ ပညာပေးဟောပြောခြင်း ၉၂၈ ကြိမ်တွင် ၁၄၄,၄၄၁ ဦး တက်ရောက်ခဲ့ပါသည်။ အဝေးပြေးလမ်းမကြီးပေါ်တွင် ပြေးဆွဲ နေသည့် ခရီးသည်တင်ယာဉ် ၃၁,၆၄၀ စီး စစ်ဆေးခဲ့ပြီး ၁၁,၂၄၃ စီးကို အရေးယူခဲ့ပါသည်။

မြန်မာ့မီးရထား၏လမ်းပိုင်းအသီးသီး၌ နေ့စဉ် ပျမ်းမျှအမြန်ရထား ၃၈ စင်း၊ စာပို့ရထား ၅၈ စင်း၊ လူစီးကုန်တင်ရထား ၅၇ စင်း၊ ခရီးတိုရထား ၂၂ စင်း၊ မြို့ပတ်ရထား ၂၂၅ စင်း၊ စုစုပေါင်းလူစီးရထား ၄၀၀ စင်းနှင့် ကုန်ရထား ၂၂ စင်း တို့ ပြေးဆွဲ ပေးလျက်ရှိရာ တစ်လပျမ်းမျှ အချိန်မှန်ကန်မှုမှာ အမြန်ရထား ၅၄ ရာခိုင်နှုန်း၊ စာပို့ရထား ၈၃ ရာခိုင်နှုန်း၊ လူစီးကုန်တင်ရထား ၇၀ ရာခိုင်နှုန်း နှင့် မြို့ပတ်နှင့်ဆင်ခြေဖုံးရထား ၉၂ ရာခိုင်နှုန်းဖြစ်ပါသည်။

အထက်တန်းလူစီးတွဲ ၁၀ တွဲ၊ ရိုးရိုးတန်းလူစီးတွဲ ၁၀ တွဲ၊ ဘိုဂီအသစ်လုံးရေ ၃၀ ကို မြန်မာ့မီးရထား မြစ်ငယ်စက်ရုံတွင် ထုတ်လုပ်နိုင်ခဲ့ပါသည်။ ထရက်ရှင်မော်တာ ၁၂၆ လုံးပြုပြင် နိုင်ခဲ့ပြီး စက်ခေါင်းအရန်ပစ္စည်း ၂၃၂ မျိုး၊ အရေအတွက် ၂၂,၁၄၆ ခု ထုတ်လုပ်နိုင်ခဲ့ပါသည်။ ဒီဇယ် စက်ခေါင်းအကြီးတန်းလုံးရေ ၂၀၊ အလတ်တန်း ၁၀၁ လုံး ပြင်ဆင်နိုင်ခဲ့ပြီး အလတ်တန်း ၁၁ လုံး မွမ်းမံနိုင်ခဲ့ပါသည်။ လူစီးတွဲအကြီးတန်း ၂၄၂ တွဲ၊ အလတ်တန်း(မမြှောက်) ၂၁၂ တွဲ၊ ကုန်တွဲအကြီးတန်း ၄၂၃ တွဲ၊ အလတ်တန်း(မမြှောက်) ၆၈၀ တွဲ ပြင်ဆင်နိုင်ခဲ့ပြီး၊ စက်ခေါင်း အရန်ပစ္စည်း ၂၃၂ မျိုး၊ ၂၂,၁၄၆ ခုနှင့် တွဲအရန်ပစ္စည်း ၁၁၉ မျိုး ၅၃,၉၆၉ ခုကို တီထွင်ထုတ်လုပ် နိုင်ခဲ့ပါသည်။ သံလမ်း ၃၀၃.၃၃ မိုင်၊ တံတား ၁၇ စင်း၊ အဆောက် အဦ ၂၂၃ လုံး၊ ဘူတာရုံနှင့် နေအိမ်ရေပေးဝေရေး ၉ ခုနှင့် စက်ကိရိယာ ၉၈ ခုတို့ ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။ သစ်သားဇလီဖား ၂၂,၉၂၀ တုံး၊ ကွန်ကရစ်ဇလီဖား ၃၂၂,၂၂၈ တုံး၊ လမ်းခင်းကျောက် ၄၇,၄၉၆.၁၅ ကျင်း ဖြည့်တင်းနိုင်ခဲ့ပါသည်။

ဂျပန်နိုင်ငံအကူအညီဖြင့် ရန်ကုန်ဘူတာကြီး အချက်ပြစနစ်နှင့် လုံခြုံမှုစနစ်များ၊ တိုးကြောင်ကလေးနှင့် ရွာသာကြီးကြားရှိ ကျန်စစ်သား ကားလမ်းကူးဂိတ်အချက်ပြ လုံခြုံမှု စနစ်၊ ရန်ကုန်ဘူတာမှ ပြွန်တန်ဆာဘူတာအထိ ဘူတာအားလုံးတွင် Operating Control Center ၊ Mornitoring System ၊ မိုးညှင်း-မြစ်ကြီးနားလမ်းပိုင်းတွင် VHF / UHF စနစ်နှင့်

Repeater အသစ်၊ ပဲခူး-မော်လမြိုင် လမ်းပိုင်းရှိ ၁၈ ဘူတာတွင် Winch အချက်ပြစနစ်၊ Warner Lever အချက်ပြစနစ်၊ အရေးပါသည့်ဘူတာ ၁၁ ခုတွင် CCTV ကင်မရာ၊ ရန်ကုန်မှ အင်းစိန်သို့ Over Head Fiber Cable၊ လမ်းပိုင်းသစ်များရှိ ဘူတာ ၁၁ ခုတွင် စစ်သုံး အချက်ပြစနစ်မှ အလံရွက်အချက်ပြစနစ် ပြောင်းလဲတပ်ဆင် ဆောင်ရွက်လျက်ရှိပါသည်။ ရန်ကုန်-မန္တလေး၊ ပဲလူး-မော်လမြိုင်၊ ရန်ကုန်-ပြည်နှင့် ရန်ကုန်မြို့ပတ်လမ်းပိုင်းများတွင် သံလမ်းအဆက်များကို Flash Butt Welding Machine နှင့် Thermit Welding တို့ အသုံးပြု၍ဂဟေဆက်လျှော့ချနိုင်ခဲ့ပါသည်။ စက်မှုဝန်ကြီးဌာနမှ ထုတ်လုပ်သည့် ဒီဇယ်အင်ဂျင် ဖြင့် စက်ခေါင်း ၁၁ ခေါင်း တပ်ဆင်နိုင်ခဲ့ပါသည်။ ဒီဇယ်စက်ခေါင်းနှင့် ရေနွေးငွေ့စက်ခေါင်း RBE စက်ခေါင်းများ၏ကိုယ်ထည်များ၊ စက်ပစ္စည်းများ၊ ဘရိတ်၊ အင်ဂျင်ပိုင်းဆိုင်ရာများ တီထွင်လုပ်ဆောင်ခြင်း ၁၁ မျိုးကို ဆောင်ရွက်နိုင်ခဲ့ပါသည်။


**ဆက်သွယ်ရေးကဏ္ဍ**

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း၏ ပထမ(၆)လပတ်တွင် ဆက်သွယ်ရေးကဏ္ဍ၏ ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်း**အရ ကျပ် ၆၃၇,၁၃၄.၉ သန်း အကောင်အထည်ဖော်ရန် လျာထားပါသည်။

**ပုံ (၅-၁၁) ဆက်သွယ်ရေးကဏ္ဍ**

**၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုအခြေအနေ**

**( နှစ်အလိုက်ဈေးနှုန်း )**




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

ပထမ(၆)လပတ်တွင် ဆက်သွယ်ရေးကဏ္ဍ၏ ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်း**အရ ကျပ် ၆၀၈,၄၉၃.၆ သန်း ရရှိခဲ့သဖြင့် ပထမ(၆)လပတ်လျာထားချက်အပေါ် ၉၅.၅ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး၊ **ပုံမှန်ဈေးနှုန်း**အရ ၄၇.၁ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဆက်သွယ်ရေးကဏ္ဍ၏ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ပြည်ပအော်ပရေတာများမှ တယ်လီဖုန်း လုံးရေ စုစုပေါင်း ၁၃,၅၇၃,၆၄၀ လုံး တပ်ဆင်ရန် ရည်မှန်းခဲ့ရာ တယ်လီဖုန်းလုံးရေ စုစုပေါင်း ၉,၀၆၈,၉၂၀ လုံး တပ်ဆင်နိုင်ခဲ့သဖြင့် ရည်မှန်းချက်၏ ၆၆.၈ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ မိုဘိုင်းဖုန်းများ တိုးလာမှုနှင့် အတူ အင်တာနက်သုံးစွဲမှုလည်း တိုးတက်လာသဖြင့် တယ်လီဖုန်း ဝင်ငွေများ တိုးတက်ခဲ့ပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ် အကောင်အထည်ဖော် ဆောင်ရွက်မှုကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန အနေဖြင့်**

(က) ကမ္ဘာ့ဘဏ်ဦးဆောင်မှုဖြင့် ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ (၁၄) ရက်နေ့တွင် ကျင်းပပြုလုပ်သည့် Economic Impact of Telecommunication Sector Reforms in Myanmar သို့ အော်ပရေတာများ တက်ရောက်နိုင်ရန် ဆောင်ရွက်ပေးခဲ့ပါသည်၊

(ခ) လူတိုင်းရယူသုံးစွဲနိုင်သည့် စာတိုက်ဝန်ဆောင်မှုပေးရေး Universal Postal Serevice (UPS) ကို စာပို့တိုက်ကဏ္ဍဆိုင်ရာ အဓိက နယ်ပယ်ကြီး (၅) ရပ်တွင် အဖွဲ့ဝင်နိုင်ငံများက စံချိန်၊စံညွှန်းများ သတ်မှတ် ဆောင်ရွက်နေပါသဖြင့် ၂၀၁၅ ခုနှစ်အတွက် ကဏ္ဍအသစ်ပြုလုပ်နိုင်ရန် ကောက်ခံလာသော လုပ်ငန်း စစ်တမ်းမေးမြန်းလွှာတွင် ပြည်စုံစွာ ဖြည့်စွက်၍ ကမ္ဘာစာပို့တိုက်သမဂ္ဂသို့ ပေးပို့ခဲ့ပါသည်၊

(ဂ) ခရီးလမ်းဆုံးရုံးများမှ အခကြေးငွေဖြင့် ချိတ်ဆက်ပေးနေသည့် ဝန်ဆောင်မှု အရည်အသွေးနှင့် ပတ်သက်၍ မြန်မာ့စာတိုက် လုပ်ငန်းအနေဖြင့် မိမိသဘောဆန္ဒအလျောက် ချိတ်ဆက်ပါဝင် ဆောင်ရွက်နိုင်ပါရန် ကမ္ဘာ့စာပို့တိုက် သမဂ္ဂကပေးပို့လာသော မေးမြန်းလွှာတွင် ပြည်စုံစွာဖြည့်စွက်၍ ပေးပို့ခဲ့ပါသည်၊

(ဃ) လေကြောင်းဖြင့်ပေးပို့သောချောစာများ (letter post items forwarded by air) အား ခရီးလမ်းဆုံးရုံးနိုင်ငံများက မိမိတို့ ပြည်တွင်း၌ ဆောင်ရွက်ခြင်းအတွက် ကုန်ကျစရိတ်များကို တွက်ချက်တောင်းခံသွားမည်ဖြစ်ရာ လေကြောင်းဖြင့် သယ်ယူပို့ဆောင်ခဲ့သည့် ခရီးအကွာအဝေး ၃၀၀ ကီလိုမီတာ ကျော်လွန်သော item များနှင့် အလေးချိန် (ကီလိုဂရမ်) ဆိုင်ရာ အချက်အလက်များကို ပေးပို့လာသော မေးမြန်းလွှာတွင် ပြည်စုံစွာဖြည့်စွက်၍ ကမ္ဘာစာပို့တိုက်သမဂ္ဂသို့ ပေးပို့ခဲ့ပါသည်၊

(င) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက အသုံးပြုလျက်ရှိသော အော်တိုအိတ်ချိန်း တယ်လီဖုန်း နံပါတ်များကိစ္စနှင့် စပ်လျဉ်း၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ဆောင်ရွက်ပြီးစီးခဲ့သော အော်တိုအိတ်ချိန်းများ၊ မိုဘိုင်းအိတ်ချိန်းများ၊ IGW (International Gateway) များ၊ Soft -switch အိတ်ချိန်းများ၊ Numbering များအား ITU (International Telecom Union) အပြည်ပြည်ဆိုင်ရာ ကြေးနန်းဆက်သွယ်ရေးအဖွဲ့ချုပ်သို့ အကြောင်းကြားခဲ့ပါသည်။

**ဆက်သွယ်ရေး တာဝါတိုင်များတည်ဆောက်မှုပြီးစီးမှုအခြေအနေမှာ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ် စက်တင်ဘာလအထိ ယခင်နှစ်ထက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ၂၈၁ ခု၊ အော်ရီဒူးမြန်မာ လီမိတက် က ၈၉၃ ခု နှင့် တယ်လီနောမြန်မာလီမိတက်က ၈၆၆ ခု၊ စုစုပေါင်းတာဝါတိုင် ၂,၀၄၀ ခု တိုးချဲ့ ဆောက်လုပ်နိုင်ခဲ့ပါသည်။**

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့်**

(က) စစ်ကိုင်းတိုင်းဒေသကြီး အိုးဘိုတောင်စခန်းတွင် လိုင်းအင်အား ၂၀၀၊ မကွေးတိုင်းဒေသကြီး စေတုတ္တရာစခန်းတွင် လိုင်းအင်အား ၂၀၀၊ မန္တလေးတိုင်းဒေသကြီး မင်္ဂလာမန္တလေးစခန်းတွင်လိုင်းအင်အား ၃၀၀၊ ညောင်ဦးစခန်းတွင် လိုင်းအင်အား ၅၀၀၊ ပုဂံစခန်းတွင် လိုင်းအင်အား ၅၀၀၊ ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းစခန်းတွင် လိုင်းအင်အား ၅၀၀၊ ပေါက်တောစခန်းတွင် လိုင်းအင်အား ၅၀၀နှင့် ရှမ်းပြည်နယ် (တောင်) မိုးနဲစခန်းတွင် လိုင်းအင်အား ၃၀၀ ပါသော တယ်လီဖုန်းရုံးသစ်များ ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ကယားပြည်နယ် ဖားဆောင်းစခန်း၊ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းစခန်းနှင့် ကျွန်းစုစခန်း၊ ပဲခူးတိုင်းဒေသကြီး(အရှေ့) တွင် သနပ္ပင်စခန်းနှင့် ပြွန်တန်ဆာစခန်းတို့တွင် လိုင်းအင်အား တိုးချဲ့ခြင်း (၅) ရုံးကို ဆောင်ရွက်ခဲ့ပါသည်၊

(ခ) အော်တိုတယ်လီဖုန်းများကို ၂၀၁၅ ခုနှစ် ဇူလိုင်လမှစတင်၍ ၆.၅ သိန်းမှ ၃.၂၅ သိန်းသို့ ဈေးနှုန်းလျှော့ချ ပြင်ဆင်ခဲ့ပါသည်။ လစဉ် မိုဘိုင်းဖုန်းများကို တိုင်းဒေသကြီး/ပြည်နယ်များတွင် ကျပ် ၁၅၀၀ ဈေးနှုန်းဖြင့် ရောင်းချပေးလျက် ရှိရာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ်အထိ တပ်ဆင်ပြီး မိုဘိုင်းဖုန်း ၃၇,၃၀၂,၀၆၇ လုံးအပါအဝင် တယ်လီဖုန်းလုံးရေ စုစုပေါင်း ၃၇,၈၆၇,၇၆၁ လုံး တပ်ဆင်ပြီး ဖြစ်ပါသည်၊

(ဂ) GSM/WCDMA မိုဘိုင်းတယ်လီဖုန်းဖြင့် အခြားနိုင်ငံများသို့ သွားရောက် အသုံးပြုနိုင်သော International Roaming ချိတ်ဆက်မှုစနစ်ကို ဆောင်ရွက် လျက်ရှိပါသည်။ နိုင်ငံပေါင်း (၆၅) နိုင်ငံမှ Operator ၁၁၀ ဦး၏ မိုဘိုင်းတယ်လီ ဖုန်း သုံးစွဲသူများမှာ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း၏ မိုဘိုင်း Network တွင် Inbound Roaming လာရောက် သုံးစွဲနိုင်ပြီဖြစ်ပါသည်၊

(ဃ) ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ်အထိ မိုက္ကရိုဝေ့ဖ်စခန်း (၃၄၉) ခုရှိခဲ့ပြီး မိုက္ကရိုဝေဖ့်ဆက်ကြောင်း တည်ဆောက်ခြင်း လုပ်ငန်းတွင် ဆောင်ရွက်ဆဲ ဆက်ကြောင်းအနေဖြင့် ရိဒ်-ကနေဒီ-ဖလမ်း-ဟားခါး-မတူပီ-မင်းတပ် Gbe 1P

ဆက်ကြောင်းအား အိန္ဒိယချေးငွေဖြင့် ဆောင်ရွက်နိုင်ရန် အစီအစဉ်များ ပြုလုပ်ခြင်း၊ ထားဝယ်-မြိတ်-ကော့သောင်း (48 Cores) U/G (Underground) ဆက်ကြောင်းအား ဖိုင်ဘာချခင်းခြင်းနှင့် DWDM (Dense Wavelength Division Multiplexing) စက်ပစ္စည်းများ တပ်ဆင်ခြင်း (709km) နှင့် မင်းဘူး-အမ်း-စစ်တွေ (96 Cores) U/G (Underground) ဆက်ကြောင်းအား ဖိုင်ဘာချခင်းခြင်းနှင့် DWDM (Dense Wavelength Division Multiplexing) စက်ပစ္စည်းများတပ်ဆင်ခြင်း (524km) တို့ကို ဆောင်ရွက်လျက်ရှိပါသည်။ ဆက်ကြောင်းသစ်များအနေဖြင့် ပျားနတ်တောင်-ပွိုင့် ၈၉၆၁ Gbe 1P (2+0) မိုက္ကရိုဝေ့ဗ်ဆက်ကြောင်း (1 Hops)နှင့် ဝန်းသို-ပွိုင့် ၃၁၇၆ ပင်လယ်ဘူး Gbe 1P (2+0) မိုက္ကရိုဝေ့ဗ်ဆက်ကြောင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်၊

(င) အင်တာနက်ဝန်ဆောင်မှုလုပ်ငန်းအနေဖြင့် ပက်ကက်ဆွီချင်လိုင်း၊ ဖိုက်ဘာလိုင်း၊ MPT Satellite Terminal E1 လိုင်း၊ ADSL လိုင်း၊ Dial up လိုင်း စသည်ဖြင့် ဆက်သွယ်ရေးစနစ်အမျိုးမျိုးကို အသုံးပြု၍အင်တာနက်ချိတ်ဆက်အသုံးပြုလျက်ရှိရာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ်အထိ အင်တာနက်လိုင်း အင်အား ၂၈,၀၃၂,၅၁၄ လိုင်းနှင့် သုံးစွဲသူဦးရေမှာ ၂၈,၁၇၇,၂၈၈ ရှိလာပြီဖြစ်ပါသည်၊

(စ) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် KSGM (KDDI Summit Global Myanmar) ကုမ္ပဏီတို့သည် ၂၀၁၄ ခုနှစ် ဇူလိုင်လ (၁၆) ရက်နေ့မှ စတင်၍ ယနေ့တိုင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိရာ မိုဘိုင်းဆင်းကဒ် (၉.၆) သန်းကျော် ဖြန့်ဖြူးရောင်းချပြီး ဖြစ်ပါသည်၊

(ဆ) ကရင်ပြည်နယ် မြဝတီမြို့နယ်ရှိ မင်းလက်ပံတွင် အဆင့်(၇)ရှိ စာတိုက်ရုံးသစ် (၁) ရုံး အသစ်ဖွင့်လှစ်နိုင်ခဲ့ပြီး ရှမ်းပြည်နယ်(မြောက်) လားရှိုးခရိုင် ကွတ်ခိုင်မြို့နယ်တွင် စာတိုက်ရုံး (၁) ရုံး အဆင့်တိုးမြှင့်ခဲ့ပါသည်၊

(ဇ) ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး (အရှေ့၊အနောက်) နှင့် မန္တလေးတိုင်းဒေသကြီးများတွင် အမြန်ငွေပို့လွှာလုပ်ငန်းကို မြို့ (၆) မြို့သို့ တိုးချဲ့နိုင်ခဲ့ပြီး၊ အမြန်ငွေပို့လုပ်ငန်းကို စာတိုက်ရုံး (၃၄၃) ရုံးတွင် ဆောင်ရွက်လျက်ရှိပါသည်။ အမြန်ချောပို့ လုပ်ငန်းကို နေပြည်တော်မှ မြို့ပေါင်း (၆၆) မြို့သို့လည်းကောင်း၊ ရန်ကုန်မြို့မှ မြို့ပေါင်း (၁၀၈) မြို့သို့လည်းကောင်း၊ မန္တလေးမြို့မှ မြို့ပေါင်း (၇၂) မြို့သို့လည်းကောင်း စာတိုက်ရုံးစုစုပေါင်း (၁၅၅) ရုံးဖြင့် ဆောင်ရွက်နိုင်ခဲ့ပါသည်။


**ငွေရေးကြေးရေးကဏ္ဍ**

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း၏ ပထမ(၆)လပတ်တွင် ငွေရေးကြေးရေး ကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်း**အရ ကျပ် ၅၀,၀၅၆.၁ သန်း အကောင် အထည်ဖော်ရန် လျာထားပါသည်။

**ပုံ (၅-၁၂) ငွေရေးကြေးရေးကဏ္ဍ**

**၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

ပထမ(၆)လပတ်တွင် ငွေရေးကြေးရေးကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးသည် **နှစ်အလိုက် ဈေးနှုန်း** အရ ကျပ် ၇၀,၇၅၆.၂ သန်း ရရှိခဲ့သဖြင့် ပထမ(၆)လပတ်လျာထားချက်အပေါ် ၁၄၁.၄ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး၊ **ပုံမှန်ဈေးနှုန်း**အရ ၁၇.၆ ရာခိုင်နှုန်း တိုးတက်ခဲ့ ပါသည်။

ငွေရေးကြေးရေးကဏ္ဍ၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ် နိုင်ငံပိုင်အခန်းတွင် မြန်မာ့စီးပွားရေးဘဏ်နှင့် မြန်မာ့အာမခံလုပ်ငန်းတို့၏ ဝင်ငွေများ တိုးတက်ရရှိခဲ့ပါသည်။ မြန်မာ့စီးပွားရေးဘဏ်အနေဖြင့် နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အတွက် မူဆယ်၊ ကော့သောင်း၊ တာချီလိတ်၊ မြဝတီ၊ ဇန်းမော်၊ တမူး၊ မောင်တော၊ စစ်တွေ၊ မြိတ်၊ ကွမ်းလုံ၊ ကန်ပိုက်တီး၊ တီးတိန်၊ မောတောင်၊ ထီးခီ၊ မယ်စဲ့မြို့များရှိ နယ်စပ်ကုန်သွယ်ရေးစခန်း များတွင် ကောင်တာများ ဖွင့်လှစ်၍ ပို့ကုန်/သွင်းကုန် ရငွေများကို ကုန်သည်များသို့ ငွေလွှဲစနစ် ဖြင့် ဆောင်ရွက်ပေးလျက် ရှိပါသည်။ ပြည်သူအများ ငွေသွင်း၊ ငွေထုတ် ပိုမိုလွယ်ကူလျင်မြန်

စေရန်အတွက် ငွေလွှဲကောင်တာအသစ်များ ဖွင့်လှစ်ခြင်း၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့် နေရာများအထိ ဘဏ်ငွေတိုက်ခွဲများ တိုးချဲ့ဖွင့်လှစ်ခြင်း၊ မြန်မာ့စီးပွားရေးဘဏ်တွင် ငွေစုစာရင်း ဖွင့်လှစ်သူများသည် မည်သည့်စီးပွားရေးဘဏ်တွင်မဆို ငွေထုတ်ယူနိုင်ရန် ဘဏ်ခွဲများတိုးမြှင့် ဆောင်ရွက်ခြင်း၊ အလိုအလျောက်ငွေထုတ်စက် အသုံးပြုရန် ဆောင်ရွက်ခြင်း၊ အွန်လိုင်းဖြင့် ငွေလွှဲပို့ခြင်း၊ ငွေထုတ်ယူခြင်းများ လွယ်ကူစွာဆောင်ရွက်နိုင်ရန် အကောင်အထည်ဖော်လျက် ရှိခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာ့အာမခံလုပ်ငန်းသည် အချို့သော အာမခံဆိုင်ရာ လုပ်ငန်းကိစ္စရပ်များတွင် နိုင်ငံခြားငွေဖြင့် လက်ခံဆောင်ရွက်ခြင်း၊ လျော်ကြေးပေးချေခြင်း တို့ကို ဝန်ကြီးဌာန၏ ခွင့်ပြုချက်နှင့်အညီ မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်တွင် နိုင်ငံခြားငွေစာရင်း ဖွင့်လှစ်၍ ဝင်ငွေ ရှာဖွေပေးလျက်ရှိပါသည်။ ထို့ပြင် မြန်မာ့အာမခံလုပ်ငန်းမှ နိုင်ငံခြားကုမ္ပဏီများတွင် တစ်ဆင့် အာမခံထားရှိ၍ ထိုကုမ္ပဏီများသို့ ပရီမီယံပေးချေခြင်း၊ လျော်ကြေးပေါ်ပေါက်ပါက ရရှိမည့် လျော်ကြေးများကို အာမခံထားရှိသူများသို့ ပြန်လည်ပေးလျော်ခြင်း၊ မြန်မာ့အာမခံ လုပ်ငန်းမှ ရရှိမည့် တစ်ဆင့်အာမခံကော်မရှင်များကို လက်ခံဆောင်ရွက်ခြင်း စသည့် ကိစ္စရပ်များအတွက် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်တွင် သီးခြားနိုင်ငံခြားငွေစာရင်း ဖွင့်လှစ်၍ ဆောင်ရွက် ပေးလျက် ရှိပါသည်။

အသက်အာမခံလုပ်ငန်း အမျိုးအစားအသစ်ဖြစ်သော ကျန်းမာရေး အာမခံလုပ်ငန်းကို ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁ ရက်မှ စတင်လက်ခံ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ထို့ပြင် ယာဉ်အကွာရာ (၆-၇)နှင့်အထက် မော်တော်ယာဉ်များအတွက် သူတစ်ပါးထိခိုက်မှုအာမခံကြေး(၂)နှစ် သက်တမ်း ကောက်ခံခြင်း လုပ်ငန်းကိုလည်း ကုန်းလမ်း ပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနရုံးများတွင် တွဲဖက်ရုံးများ ဖွင့်လှစ်၍ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ၂၀၁၅ ခုနှစ် ဩဂုတ်လ ၁ ရက် မှစ၍ ရေကြောင်း ကုန်ပစ္စည်းအာမခံ လုပ်ငန်းဆောင်ရွက်နိုင်ရန် ပြည်တွင်းပုဂ္ဂလိက အာမခံကုမ္ပဏီ များသို့ လုပ်ပိုင်ခွင့် ချမှတ်ပေးခဲ့ပါသည်။

သမဝါယမပိုင်အခန်းတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်ထိ မြို့နယ်ပေါင်း (၃၀၇) မြို့နယ်ရှိ သမဝါယမအသင်းပေါင်း (၃၂၈၂၉) သင်းမှ သမဝါယမ အသင်းသား/ အိမ်ထောင်စုများကို အသေးစား အရင်းအနှီးချေးငွေ ကျပ် (၄၀၀.၃) ဘီလီယံ ထုတ်ချေးနိုင်သည့် အပြင် အရစ်ကျငွေချေစနစ် (Hire Purchase) ဖြင့် လယ်ယာသုံး စက်ကိရိယာများ၊ လုပ်ငန်းသုံး စက်ကိရိယာများ၊ ရေလုပ်ငန်းသုံးစက်ကိရိယာများ ဝယ်ယူနိုင်ရန် ဆောင်ရွက်ပေးခြင်း၊ ကိုရီးယားသမ္မတနိုင်ငံ၊ Daedong ကုမ္ပဏီလီမိတက်မှ လယ်ယာသုံး စက်ကိရိယာများကို အရစ်ကျငွေချေစနစ်ဖြင့် ရရှိအောင် ဆောင်ရွက်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

ထို့ပြင် ကျေးလက်ဒေသများတွင် နေထိုင်ကြသော ပြည်သူများ၏ ငွေကြေးအရင်းအနှီး လိုအပ်မှုကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် သမဝါယမဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနနှင့် Pact Global Microfinance Fund တို့ ပူးပေါင်း၍ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်ပေါင်း (၂၅) မြို့နယ်တွင် အသေးစား ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ပုဂ္ဂလိကပိုင်အခန်း၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်အတွင်း ပုဂ္ဂလိကဘဏ် (၂၃) ခုသည် စုစုပေါင်းဘဏ်ခွဲ အသစ် (၁၀၁) ခု ထပ်မံဖွင့်လှစ်နိုင်ခဲ့ပါသည်။ ၂၀၁၅ ခုနှစ် စက်တင်ဘာလကုန်ထိ နိုင်ငံတစ်ဝန်း စုစုပေါင်းဘဏ်ခွဲ (၁၁၄၁) ခု ဖွင့်လှစ်ပြီး ဘဏ်ဝန်ဆောင်မှု လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ ပုဂ္ဂလိကဘဏ်များအပြင် နိုင်ငံခြားဘဏ် (၉) ခု၊ နိုင်ငံခြားဘဏ် ကိုယ်စားလှယ် ရုံးခွဲ (၅၆) ရုံး၊ နိုင်ငံခြားငွေရေးကြေးရေး ကုမ္ပဏီ (၁) ခု၊ ပြည်တွင်းငွေရေးကြေးရေးကုမ္ပဏီ (၁၀) ခု ဖွင့်လှစ်ခွင့်ပြု၍ ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

ပုဂ္ဂလိကအာမခံ ကုမ္ပဏီများမှ အသက်အာမခံ၊ အလုံးစုံမော်တော်ယာဉ်အာမခံ၊ မီးနှင့် အထွေထွေအာမခံ၊ သမာဓိအာမခံ၊ ငွေသားလုံခြုံမှုအာမခံ၊ ငွေပို့ငွေသယ်အာမခံ၊ အထူးခရီးသွား အာမခံ လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁ ရက်မှစတင်၍ ပုဂ္ဂလိကအာမခံ ကုမ္ပဏီများမှ ကျန်းမာရေးအာမခံလုပ်ငန်းများကို တိုးချဲ့ ဆောင်ရွက်လျက်ရှိပါသည်။ အထွေထွေအာမခံ လုပ်ငန်းလုပ်ကိုင်သည့် ပုဂ္ဂလိကအာမခံလုပ်ငန်းများကို ၂၀၁၅ ခုနှစ်၊ ဩဂုတ်လမှစတင်၍ ရေကြောင်း ကုန်ပစ္စည်းအာမခံလုပ်ငန်း လုပ်ကိုင်ခွင့်ပြုပါသည်။

ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသည် အသေးစား ငွေရေးကြေးရေး လုပ်ငန်း လုပ်ကိုင်လိုသော အဖွဲ့အစည်းများကို ဥပဒေနှင့်အညီ တရားဝင်လိုင်စင်များ ခွင့်ပြုပေးလျက်ရှိပါသည်။ ၂၀၁၅ ခုနှစ်၊ ဧပြီလ (၁) ရက်မှ စက်တင်ဘာလ (၃၀) ရက်နေ့အတွင်း လုပ်ငန်းပေါင်း (၂၅) ခုကို လုပ်ငန်းလိုင်စင်များ ထုတ်ပေးနိုင်ခဲ့ပါသည်။ ၂၀၁၅ ခုနှစ် ပထမ (၆)လပတ်အထိ International Non-Government Organization (၇) ခု၊ Non-Government Organization (၂၄) ခု၊ သမဝါယမ အဖွဲ့အစည်း (၇၇) ခု၊ ပြည်ပကုမ္ပဏီ (၂၂) ခု၊ ပြည်တွင်းကုမ္ပဏီ (၁၁၈) ခု၊ အစုစပ်ကုမ္ပဏီ (၃) ခု၊ စုစုပေါင်း (၂၅၁) ခုကို လုပ်ငန်း လိုင်စင်များ ထုတ်ပေးခဲ့ပါသည်။ ပုဂ္ဂလိကအသေးစား ငွေရေးကြေးရေး လုပ်ငန်း လုပ်ကိုင်ခွင့် လိုင်စင် ထုတ်ပေးရာတွင် စံနှုန်းသတ်မှတ်ချက် (၁၆) ချက်ဖြင့် စိစစ်ရွေးချယ်၍ လိုင်စင် ထုတ်ပေးသည့်စနစ်မှ အသေးစားပုဂ္ဂလိက ငွေစုငွေချေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု

ကော်မတီ (၄/၂၀၁၄) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်အရ ကော်မတီဝင်များမှ အမှတ်ပေးစည်းမျဉ်းအရ အမှတ်ပေး၍ စိစစ်ရွေးချယ်ခြင်း၊ ရွေးချယ်သည့် အဖွဲ့အစည်းကို ယာယီလိုင်စင်တစ်နှစ် သက်တမ်းဖြင့် လုပ်ငန်းဆောင်ရွက်စေပြီး သုံးလတစ်ကြိမ် စစ်ဆေးကာ ကျေနပ်ဖွယ်ရှိမှ အတည်ပြု လိုင်စင်ထုတ်ပေးခြင်းစသည့် စံနှုန်းများဖြင့် ပြောင်းလဲ သတ်မှတ်၍ ထုတ်ပေးခဲ့ပါသည်။

**ကုန်သွယ်ရေးကဏ္ဍ**


၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း၏ ပထမ(၆)လပတ်တွင် ကုန်သွယ်မှုကဏ္ဍ၏ ကုန်သွယ်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်း**အရ ကျပ် ၄,၂၀၈,၄၇၈.၉ သန်း အကောင်အထည်ဖော်ရန် လျာထားပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ကုန်သွယ်မှုတန်ဖိုးမှာ နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၄,၂၂၅,၆၆၆.၄ သန်း ဖြစ်ပေါ်ခဲ့၍ ရည်မှန်းချက်အပေါ် ၁၀၀.၄ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**အရ ၄.၃ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

**ပုံ (၅-၁၃) ကုန်သွယ်မှုကဏ္ဍ**

**၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုအခြေအနေ**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

**ပြည်ပကုန်သွယ်မှု။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ် အကောင်အထည်ဖော်မှု မှာ ပြည်ပပို့ကုန်ကို ကျပ် ၆,၅၀၅,၄၀၇.၃ သန်း၊ ပြည်ပသွင်းကုန် ကျပ် ၉,၆၀၅,၉၂၇.၃ သန်း၊ စုစုပေါင်း ကုန်သွယ်မှုပမာဏ ကျပ် ၁၆,၁၁၁,၃၃၄.၆ သန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံ၏ပို့ကုန်များသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ အမေရိကန်ဒေါ်လာ ၂,၄၁၆.၆ သန်း၊ လယ်ယာထွက်ကုန်ပစ္စည်းများ အမေရိကန်ဒေါ်လာ ၁,၄၃၂.၆ သန်း၊ တိရစ္ဆာန်ထွက်ပစ္စည်းများ အမေရိကန်ဒေါ်လာ ၃.၁ သန်း၊ ရေထွက်ပစ္စည်းများ အမေရိကန်ဒေါ်လာ ၁၉၂.၀ သန်း၊ သတ္တုနှင့် တွင်းထွက်ပစ္စည်းများ အမေရိကန်ဒေါ်လာ ၇၄၈.၈ သန်း၊ သစ်တောထွက်ပစ္စည်းများ အမေရိကန်ဒေါ်လာ ၈၆.၉ သန်း၊

စက်မှုကုန်ချောပစ္စည်းများ အမေရိကန်ဒေါ်လာ ၄၉၁.၇ သန်း နှင့် အခြားပစ္စည်းများ အမေရိကန်ဒေါ်လာ ၁၅၃.၁ သန်း၊ စုစုပေါင်း အမေရိကန်ဒေါ်လာ ၅,၅၂၄.၈ သန်း ပြည်ပသို့ တင်ပို့နိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံ၏ သွင်းကုန်များအနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ရင်းနှီးကုန်ပစ္စည်းများ အမေရိကန်ဒေါ်လာ ၄,၁၉၅.၃ သန်း၊ လုပ်ငန်းတွင်းသုံးကုန်ကြမ်းနှင့် အရန်ပစ္စည်းများ အမေရိကန် ဒေါ်လာ ၂,၅၄၅.၇ သန်း၊ လူသုံးကုန်ပစ္စည်း အမေရိကန်ဒေါ်လာ ၁,၄၁၆.၉ သန်း၊ စုစုပေါင်း အမေရိကန် ဒေါ်လာ ၈,၁၅၇.၉ သန်း တင်သွင်းခဲ့ပါသည်။

မြန်မာနိုင်ငံ၏ အများဆုံး ကုန်သွယ်ဘက်နိုင်ငံများအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စုစုပေါင်း ကုန်သွယ်မှုပမာဏ၏ ၃၃.၂ ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံမှ ၁၄.၅ ရာခိုင်နှုန်း၊ စင်္ကာပူနိုင်ငံမှ ၁၁.၈ ရာခိုင်နှုန်း၊ ဂျပန်နိုင်ငံမှ ၆.၈ ရာခိုင်နှုန်း၊ အိန္ဒိယနိုင်ငံမှ ၄.၃ ရာခိုင်နှုန်း၊ မလေးရှားနိုင်ငံမှ ၂.၄ ရာခိုင်နှုန်း အသီးသီး ကုန်သွယ်နိုင်ခဲ့ပါသည်။

ပြည်ပပို့ကုန်အများဆုံး တင်ပို့သည့်နိုင်ငံများမှာ တရုတ်ပြည်သူ့သမ္မတ နိုင်ငံသို့ အမေရိကန် ဒေါ်လာ ၁,၇၆၅.၁ သန်း၊ ထိုင်းနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၁၂၄၂.၇သန်း၊ အိန္ဒိယနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၄၄၃.၅ သန်း၊ ဂျပန်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၂၆၇.၄ သန်း၊ စင်္ကာပူနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၁၀၈.၇ သန်း ဖြစ်ပါသည်။

မြန်မာနိုင်ငံမှ အများဆုံး တင်ပို့သည့် ပို့ကုန် ကုန်ပစ္စည်းများမှာ ရေနံနှင့်သဘာဝဓာတ်ငွေ့၊ လယ်ယာထွက်ကုန်ပစ္စည်း၊ သတ္တုနှင့် တွင်းထွက်ပစ္စည်း၊ သစ်တောထွက်ပစ္စည်းတို့ ဖြစ်ကြပါသည်။

သွင်းကုန်အများဆုံး တင်သွင်းသည့်နိုင်ငံများမှာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံမှ အမေရိကန် ဒေါ်လာ ၂,၆၈၈.၃ သန်း၊ စင်္ကာပူနိုင်ငံမှ အမေရိကန်ဒေါ်လာ ၁,၄၇၉.၁ သန်း၊ ထိုင်းနိုင်ငံမှ အမေရိကန်ဒေါ်လာ ၆၉၉.၃ သန်း၊ ဂျပန်နိုင်ငံမှ အမေရိကန် ဒေါ်လာ ၆၄၃.၄ သန်း၊ မလေးရှားနိုင်ငံမှ အမေရိကန် ဒေါ်လာ ၂၄၈.၅ သန်း တင်သွင်းပါသည်။

မြန်မာနိုင်ငံသို့ အများဆုံး တင်သွင်းသည့် သွင်းကုန်ပစ္စည်းများမှာ မော်တော်ယာဉ်နှင့် မော်တော်ယာဉ် ပစ္စည်းများ၊ စက်နှင့်စက်ပစ္စည်းများ၊ သံနှင့် သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ တယ်လီဖုန်းနှင့် ဆက်သွယ်ရေးပစ္စည်းကိရိယာများ၊ မော်တော်ဆိုင်ကယ်များနှင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးနှင့် တပ်ဆင်ရေးပစ္စည်းများ ဖြစ်ကြပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင်ကုန်သွယ်မှုလိုငွေမှာကျပ် ၃,၁၀၀,၅၂၀.၀ သန်း ဖြစ်ပေါ်ခဲ့ပါသည်။

**ဖြေလျှော့ပေးမှုများနှင့်ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများ**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ကုန်သွယ်မှုမြှင့်တင်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာလုပ်ငန်းများကို ခေတ်နှင့်အညီ ပြင်ဆင်ဖွဲ့စည်း ဆောင်ရွက်နိုင်ရန်အတွက် ကုန်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနအားဖျက်သိမ်း၍ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာနကို (၁-၄-၂၀၁၅) နေ့မှစ၍ ကုန်သွယ်ရေး ဦးစီးဌာနအဖြစ် ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

ယှဉ်ပြိုင်မှုဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် နည်းဥပဒေ ပြင်ဆင်ရေးဆွဲရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးများနှင့် ယှဉ်ပြိုင်မှုကော်မရှင်ဖွဲ့စည်းနိုင်ရေး အတွက် ဆက်လက်ပြင်ဆင်ဆောင်ရွက်လျက်ရှိပါသည်။

တိုင်းဒေသကြီး/ပြည်နယ်များနှင့် Video Conferencing စနစ်ချိတ်ဆက် အသုံးပြုရန် IP Address များအားစမ်းသပ်ချိတ်ဆက်ခြင်း၊ တိုင်းဒေသကြီး/ပြည်နယ်များ အစိုးရအဖွဲ့အစည်းများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများနှင့် Multi Vedio Conferencing စနစ်အား သတင်းအချက်အလက်နည်းပညာ ဝန်ကြီးဌာနနှင့် ချိတ်ဆက်၍ ဆောင်ရွက်ခဲ့ခြင်း၊ Online ပို့ကုန်သွင်းကုန် လိုင်စင်ထုတ်ပေးမှုအား နေပြည်တော်-ရန်ကုန် ကွန်ယက်ချိတ်ဆက်မှုစနစ်မြန်ဆန်အောင် ဆောင်ရွက်ခဲ့ခြင်း၊ လုပ်ငန်းရှင်ကိုယ်စားလှယ်ကဒ်အား Smart Card ထုတ်ပေးရေးအတွက် နည်းပညာပိုင်းပြင်ဆင်ဆောင်ရွက်ခဲ့ခြင်း၊ ဂျပန်နိုင်ငံမှ USAID အကူအညီဖြင့် Trade Repository Web Portal အား နည်းပညာပိုင်းအရ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်း၊ Border Trade Online System (BTOS) အား နည်းပညာပိုင်း ပြင်ဆင်ခြင်း၊ အကောက်ခွန်ဦးစီးဌာန၏ Myanmar Automated Cargo Clearance System (MACSS) စနစ်တွင် လိုက်ပါဆောင်ရွက်နိုင်ရေး လိုင်စင်အချက်အလက်များ ချိတ်ဆက်ဆောင်ရွက်ခဲ့ခြင်း စသည့်လုပ်ငန်းများအပြင် ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ်အား Online စနစ်သို့ ပြောင်းလဲအသုံးပြုနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။

**ကုန်သွယ်မှုလွယ်ကူချောမွေ့ရေးဆောင်ရွက်ခြင်း**

WTO Legal Texts တွင် ထည့်သွင်းမည့် Protocol Agreement အား ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။ ကုန်သွယ်မှု ဖွံ့ဖြိုး တိုးတက်ရေး အစီအစဉ် (Trade Development Programme) ဆောင်ရွက်ရန် TDP Project Committee ကို ဖွဲ့စည်းခဲ့ပါသည်။ ကုန်သွယ်မှုဆိုင်ရာအကူအညီများ ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ ဖွံ့ဖြိုးမှုအကူအညီများဆိုင်ရာ လမ်းညွှန်ချက်များ၊ မိမိဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ EIF အစီအစဉ် လမ်းညွှန်ချက်များအား သိရှိနိုင်စေရန်နှင့် ပညာပေး

အစီအစဉ်အတွက် ကုန်သွယ်မှုအကူအညီလမ်းညွှန်ချက် (Guidelines of Aid for Trade) ကို ပြုစုခဲ့ပါသည်။

အကောက်ခွန်သက်သာခွင့်ဆိုင်ရာ ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်များကိုနေပြည်တော်၊ ရန်ကုန်မြို့နှင့် ကုန်သွယ်ရေးစခန်းများဖြစ်သော လွယ်ဂျယ်၊ မူဆယ်၊ ချင်းရွှေဟော်၊ ကန်ပိုက်တီး၊ တမူး၊ ရိဒ်၊ မြဝတီ၊ တာချီလိတ်၊ ကော့သောင်းနှင့် မြိတ်စသည့် နယ်စပ်စခန်းများတွင်လည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ခွင့်ပြု ထုတ်ပေးလျက်ရှိပါသည်။

မန္တလေး-အင်ဖာ ဘတ်စ်ကားယာဉ်လိုင်းအတွက် နိုင်ငံခြားရေးဝန်ကြီးဌာနမှ သဘောထားမှတ်ချက်တောင်းခံခြင်းအား စီမံခန့်ခွဲရေးကော်မတီသို့တင်ပြခြင်း၊မြန်မာ(မူဆယ်)-တရုတ်(ရွှေလီ) အထူးစီးပွားရေးဇုန် ကိစ္စလေ့လာရေးဆွေးနွေးပွဲသို့ မြန်မာနိုင်ငံမှ ကိုယ်စားလှယ် (၆၀)ဦးခန့် တက်ရောက်နိုင်ရေးကိစ္စ ဆောင်ရွက်ခြင်း၊ အိန္ဒိယနယ်စပ်ဈေးများ ဖွင့်လှစ်ရေးကိစ္စ စီစဉ်ဆောင်ရွက်ခြင်း၊ မြန်မာနိုင်ငံ(မယ်စဲ့)-ထိုင်း(ဟွေ့တန္ခန်) (BP-13) နယ်စပ်စခန်းအား တရားဝင်ဖွင့်လှစ်ရေးကိစ္စ သက်ဆိုင်ရာနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။

တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးဗဟိုကော်မတီ၏ တိုက်ရိုက်ကြီးကြပ်မှုဖြင့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုပြုလုပ်သည့် အေးရှားဝေါလ်၊ ထီးတန်း၊ မြန်မာ့စက်မှု၊ ဗိုလ်အောင်ကျော်၊ ဆူးလေ၊ အလုံ စသည့် ဆိပ်ကမ်းများနှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေကြောင်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းတို့တွင် ပညာပေးကာလ၊ အရေးယူကာလများ သတ်မှတ်၍ ပို့ကုန်/သွင်းကုန် ကုန်သေတ္တာများ ဖွင့်ဖေါက်စစ်ဆေးခြင်း၊ စစ်ဆေးပြီး ကုန်သေတ္တာများအား ချောမွေ့စွာ သယ်ယူပို့ဆောင်နိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးအဖွဲ့ (Mobile Team) များမှ ဖမ်းဆီးရမိသည့် ကုန်ပစ္စည်းများအနက် စားသုံးသူများဘေးအန္တရာယ်ဖြစ်စေမည့် တစ်ဖက်နိုင်ငံမှ တရားမဝင်တင်သွင်းလာသော စားသောက်ကုန်များနှင့် အများပြည်သူစားသုံးရန်နှင့် သုံးစွဲရန်မသင့်သော ကုန်ပစ္စည်းများအား ဖျက်ဆီးခဲ့ပြီး၊ ကုန်သွယ်မှုပမာဏ တိုးတက်မြင့်မားရေး၊ တရားမဝင်ကုန်သွယ်မှုများ တရားဝင်လမ်းကြောင်းပေါ် ရောက်ရှိစေရေးအတွက် သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိပါသည်။

အမျိုးသားပို့ကုန်မဟာဗျူဟာ (NES) လုပ်ငန်းများအနက်မှ ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာကုန်သွယ်မှုစင်တာ-(ITC) နှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနတို့ ပူးပေါင်း၍ ခရီးသွားလုပ်ငန်းအမှတ်တံဆိပ် အလုပ်ရုံဆွေးနွေးပွဲတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ပါသည်။ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ စီစဉ်ကြီးကြပ်မှု၊ Image Diplo-macy နှင့် International Trade Centre တို့ ပူးပေါင်းစီစဉ်ဆောင်ရွက်မှုဖြင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းတွင် အမှတ်တံဆိပ်နှင့် ဈေးကွက်

ထိုးဖောက်နိုင်မှုကို ပြန်လည်သုံးသပ်ရန်နှင့် ခရီးသွားလုပ်ငန်း Website များ၊ လက်ကမ်းစာစောင်များကို အမှတ်တံဆိပ်အသစ်ဖြင့် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် နည်းပညာဖြန့်ဝေမှု ဆွေးနွေးပွဲများ ပြုလုပ်ခဲ့သည်။ အမျိုးသားပို့ကုန်မဟာဗျူဟာ (NES) ၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်များအတွက် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းစဉ်များ အပြီးသတ်ရွေးချယ် အတည်ပြုနိုင်ရန် လုပ်ငန်းကော်မတီအစည်းအဝေး (Final Working Committee Meeting) များကို ကျင်းပပြုလုပ်ခဲ့ပါသည်။

ကိုရီးယားသမ္မတနိုင်ငံအစိုးရ၏ အကူအညီဖြင့် မြန်မာနိုင်ငံကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးဌာနထူထောင်ရန် သဘောတူညီမှုရရှိခဲ့ပြီး၊ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ (Myanmar Trade Promotion Organization) ဖွဲ့စည်းရေးအတွက် Master Plan ရေးဆွဲရန်၊ စွမ်းရည်မြှင့်တင် တည်ထောင်ရန်အတွက် ဥပဒေဆိုင်ရာ စည်းမျဉ်းစည်းကမ်းများတွင် မူဝါဒဆိုင်ရာ အကြံပေးခြင်းနှင့် ကုန်သွယ်မှုမြှင့်တင်ရေး အဖွဲ့အစည်းပုံစံနှင့် ဒီဇိုင်းရေးဆွဲခြင်း တို့ကို ပံ့ပိုးကူညီ ဆောင်ရွက်သွားမည်ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး မြန်မာကုန်သွယ်မှုဗဟိုဌာန (MTC)၊ မန္တလေးတိုင်းဒေသကြီး ရတနာပုံကုန်သွယ်မှုဗဟိုဌာန၊ ကချင်ပြည်နယ် မနောမြေကုန်သွယ်မှုဗဟိုဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး ဇေယျာကုန်သွယ်မှုဗဟိုဌာန ၊ ဧရာဝတီတိုင်းဒေသကြီး ဧရာကုန်သွယ်မှုဗဟိုဌာနများကို ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။ ပြည်တွင်း/ပြည်ပကုန်စည်ပြပွဲများကို ပုံမှန်ပြပွဲကြီးများ ဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကူမင်းပို့ကုန်၊သွင်းကုန်ကုန်စည်ပြပွဲ၊ နန်နင်းမြို့၌ တရုတ်-အာဆီယံကုန်စည်ပြပွဲ၊ မြန်မာနိုင်ငံ မူဆယ်နှင့် တရုတ်နိုင်ငံ ရွှေလီမြို့တွင် နှစ်စဉ်အလှည့်ကျ ကျင်းပသည့် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးကုန်စည်ပြပွဲများ၊ (၅)နှစ်တစ်ကြိမ် နိုင်ငံကြီးများတွင် အလှည့်ကျပြုလုပ်သော ကုန်စည်ပြပွဲဖြစ်သည့် အီတလီနိုင်ငံ၊မီလန်မြို့တွင် ၂၀၁၅ ခုနှစ် (၆)လကြာကျင်းပသည့် Expo Milano 2015 နိုင်ငံတကာကုန်စည် ကုန်စည်ပြပွဲများသို့ မြန်မာနိုင်ငံမှ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များ သွားရောက်ပြသနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။


**၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်** ပထမ(၆)လပတ်**တွင်** ပြည်တွင်းကုန်စည်ပြပွဲ (၁၇) ကြိမ်နှင့် အိန္ဒိယနိုင်ငံ၊ အီတလီနိုင်ငံ၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ မလေးရှား နိုင်ငံ၊ စင်္ကာပူနိုင်ငံ၊ ဟောင်ကောင်၊ အင်္ဂလန်နိုင်ငံတို့တွင် သွားရောက်ကျင်းပပြုလုပ်ခဲ့သည့် ပြည်ပကုန်စည်ပြပွဲ (၁၄) ကြိမ် နှင့် တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်တို့တွင် ကျင်းပခဲ့သည့် နှစ်နိုင်ငံချစ်ကြည်ရေး ဈေးရောင်းပွဲတော်နှင့် ဒေသထွက်ကုန် ကုန်စည်ပြပွဲ (၄) ကြိမ် တို့ကို ကျင်းပခဲ့ပါသည်။

**သမဝါယမကဏ္ဍ**

သမဝါယမလုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု (Sustainable Development) အဆင့် ရောက်ရှိစေရန် ချမှတ်ထားသည့် ဦးတည်ချက် (၃) ရပ်နှင့် လုပ်ငန်းစဉ် (၅) ရပ်၊ Action Plan (၁၀) ရပ်တို့ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ကျေးလက်နေ ပြည်သူများနှင့် မြို့ပြနေ အခြေခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သမဝါယမစနစ်ဖြင့် သမဝါယမအသင်းသား တစ်ဦးချင်း၏ စီးပွားရေးလုပ်ငန်းများ၊ တစ်ဦးချင်း မလုပ်နိုင်သည့် လုပ်ငန်းများကို စုပေါင်းလုပ်ကိုင်သည့် လုပ်ငန်းများဖြင့် အောင်မြင်တိုးတက် စေရန် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

သမဝါယမပိုင် အခန်းကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှု အခြေအနေမှာ ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှု စုစုပေါင်းတန်ဖိုးကို ပထမ(၆)လပတ်တွင် ကျပ် ၂၁၆,၄၀၈.၃ သန်း ရရှိရန် မျှော်မှန်းထားရှိခဲ့ရာ ကျပ် ၂၁၂,၇၃၃.၆ သန်း ရရှိခဲ့သဖြင့် ၉၈.၃ ရာခိုင်နှုန်း အကောင် အထည်ဖော်နိုင်ခဲ့ပါသည်။ တိုးတက်မှုနှုန်းအနေဖြင့် ၁၁.၅ ရာခိုင်နှုန်း တိုးတက်ရန် မျှော်မှန်းခဲ့ရာ ၁၀.၁ ရာခိုင်နှုန်း တိုးတက်ရရှိခဲ့ပါသည်။

**ပုံ(၅-၁၄) ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ၊ သမဝါယမပိုင်အခန်းမှ ပထမ(၆) လပတ် ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှု အကောင်အထည်ဖော်နိုင်မှုအခြေအနေ**




ဇာစ်မြစ်။ သမဝါယမဝန်ကြီးဌာန

စီမံကိန်းရည်မှန်းချက် လုပ်ငန်းစဉ်များအပေါ် အကောင်အထည်ဖော်မှုအခြေအနေများမှာ- လူတန်းစားအလွှာပေါင်းစုံ ဆောင်ရွက်စေနိုင်မည့် သမဝါယမအသင်း ၃,၀၄၄ သင်းကို ပထမ (၆)

လပတ်အတွင်း မှတ်ပုံတင်၍ တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့ပြီး ၃၀-၉-၂၀၁၅ အထိ သမဝါယမ အသင်းပေါင်း ၃၇,၂၄၆ သင်း ဖွဲ့စည်းနိုင်ခဲ့ပါသည်။

အသေးစားစက်မှုလက်မှုလုပ်ငန်း ၁,၀၆၈ ခုအား ပထမ(၆)လပတ်အတွင်း မှတ်ပုံတင် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ၃၀-၉-၂၀၁၅ အထိ မှတ်ပုံတင်ပြီး လုပ်ငန်းပေါင်း ၁၈,၉၂၀ ခုရှိပါသည်။

အသေးစားအရင်းအနှီးချေးငွေလုပ်ငန်း (Micro Capital Loan) ဆောင်ရွက်ပေးနိုင်မှု အခြေအနေမှာတိုင်းဒေသကြီး/ ပြည်နယ် (၁၅ ) ခုမှ မြို့နယ်ပေါင်း ၃၀၇ မြို့နယ်ရှိ အသင်းသား/ အိမ်ထောင်စု ၂,၈၅၂,၇၀၅ အား အသေးစားအရင်းအနှီးချေးငွေ ရရှိအောင် ဆောင်ရွက်ပေးနိုင် ခဲ့ပါသည်။

အရစ်ကျငွေချေစနစ် (Hire Purchase) ဖြင့် တိုင်းဒေသကြီး/ပြည်နယ် (၁၅) ခုမှ မြို့နယ် ပေါင်း (၂၇၈) မြို့နယ်ရှိ အသင်းသား ၃၁,၇၃၃ ဦးအား လယ်ယာသုံး၊ အခြားလုပ်ငန်းသုံး၊ ရေလုပ်ငန်းသုံး စက်ကိရိယာများ ရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

ကိုးရီးယားသမ္မတနိုင်ငံ၊ Daedong ကုမ္ပဏီလီမိတက်မှ တိုင်းဒေသကြီး/ပြည်နယ် (၁၅) ခု၊ မြို့နယ်ပေါင်း (၁၇၈) မြို့နယ်ရှိ အသင်းသား ၁,၈၅၅ ဦးကို လယ်ယာသုံးစက်ကိရိယာများ ရရှိ အောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

အသင်းသားများ အရင်းအနှီးငွေ အလွယ်တကူရရှိစေနိုင်မည့် ငွေကြေး အရင်းအမြစ် (Financial Network) တည်ဆောက် အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်မှု အခြေအနေမှာ တိုင်းဒေသကြီး/ပြည်နယ် (၈) ခုမှ မြို့နယ်ပေါင်း (၁၉) မြို့နယ်၊ အသင်းဝင် ၄၇၂ သင်း၊ အသင်း အချင်းချင်းချေးငွေ ကျပ် ၂.၄၇၁ ဘီလီယံအား အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့ပါ သည်။

သမဝါယမအသင်း အဆင့်ဆင့်ရှိ အမှုဆောင်များ၊ ဝန်ထမ်းများအား စိတ်ဓာတ် ခံယူချက် ပြုပြင်ပြောင်းလဲရေး (Mindset Change) နှင့် လုပ်ငန်းစွမ်းဆောင်ရည်မြှင့် သင်တန်းများ ၁၀၆ ကြိမ် ဖွင့်လှစ်ပို့ချ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

အသက်မွေးဝမ်းကျောင်းနှင့် နည်းပညာဆိုင်ရာ သင်တန်းများအား ပထမ(၆)လပတ် အတွင်း ၈၄ ကြိမ်နှင့် သင်တန်းသား ၂,၁၂၃ ဦး ဖွင့်လှစ်ပို့ချ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

**ဒေသထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်ရေး ကျေးလက်ထုတ်ကုန်ပြပွဲကို ကလောမြို့နယ်၊ အောင်ပန်းမြို့၌ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၅) ရက်နှင့် (၂၆) ရက်နေ့ တို့တွင် ဖွင့်လှစ် ပြသခဲ့ ပါသည်။**

**ရှမ်းပြည်နယ်တောင်ပိုင်း၊ အင်းလေးဒေသရိုးရာရက်ကန်းနှင့် ကြာချည်ထုတ်လုပ် ရောင်းဝယ်မှု ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲအား ၇-၃-၂၀၁၅ ရက်နေ့တွင် အင်းပေါခုံကျေးရွာ၊ ခေတ်ဆန်းယဉ်ဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။**

ညောင်ရွှေမြို့နယ်၊ အင်းလေးဒေသ၊ နန်းပန်ကျေးရွာတွင် ၁၄.၇.၂၀၁၅ ရက်နေ့၌ ချည်ထည်လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ငွေကြေးနှင့် နည်းပညာလိုအပ်ချက်များ ဆွေးနွေးညှိနှိုင်းခြင်းနှင့် သမဝါယမအသင်းများ ဖွဲ့စည်းရန် ကွင်းဆင်း ဆောင်ရွက်ခဲ့ပါသည်။

ရေဘေးသင့်ဒေသများရှိ ထိခိုက်ဆုံးရှုံးခံရသော အသင်းဝင်ပြည်သူများအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အိမ်တွင်းလုပ်ငန်းစရိတ်ချေးငွေများ ထပ်မံပံ့ပိုးပေးနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ၁၀-၈-၂၀၁၅ ရက်နေ့နှင့် ၂၈-၈-၂၀၁၅ ရက်နေ့တို့တွင် ပြုလုပ်ခဲ့ပြီး ဖော်ပြပါအတိုင်း စီစဉ် ဆောင်ရွက်ခဲ့ပါသည်-

(က) ချေးငွေရရှိပြီးသူများအတွက် ချေးငွေပြန်ဆပ်ကာလ (၆) လမှ (၁) နှစ် အထိ တိုးမြှင့်ပေးခြင်း၊

(ခ) ချေးငွေရရှိပြီး ရေဘေးသင့် အိမ်ထောင်စုတိုင်းအား ထပ်ဆောင်းချေးငွေ (Supplementary Loan) ကျပ် (၁) သိန်းစီ ထုတ်ချေးပေးခြင်း၊

(ဂ) ချေးငွေမရရှိသေးသော ပြည်သူများအား ချေးငွေ ကျပ် (၁) သိန်းစီ ထုတ်ချေးပေးခြင်း၊

(ဃ) စိုက်ပျိုးရေးသွင်းအားစုများကို အကြွေးစနစ်ဖြင့် ရောင်းချပေးခြင်း၊

(င) ရခိုင်ပြည်နယ်၊ ရေဘေးသင့် ရေလုပ်ငန်းသမားများအတွက် ရေလုပ်ငန်းသုံးပစ္စည်းများကို အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးခြင်း၊

(စ) Daedong ကုမ္ပဏီထုတ် လယ်ယာသုံးစက်ကိရိယာများကို အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးခြင်းတို့ ဖြစ်ပါသည်။

သမဝါယမကဏ္ဍမှ ရေဘေးသင့်ပြည်သူများအတွက် ကျပ် (၂၉၄.၄၉၃) သိန်း တန်ဖိုးရှိ ငွေသား၊ ဆန်၊ စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့လှူဒါန်းခဲ့ပါသည်။


**ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ**

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း၏ ပထမ(၆)လပတ်တွင် ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးကို **နှစ်အလိုက်စျေးနှုန်း**အရ ကျပ် ၈၅၂,၃၁၁.၆ သန်း အကောင်အထည်ဖော်ရန် လျာထားပါသည်။

**ပုံ (၅-၁၅) ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ**

**၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ**

**(နှစ်အလိုက်စျေးနှုန်း)**




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ပထမ(၆)လပတ်တွင် ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ၏ ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်စျေးနှုန်း**အရ ကျပ် ၈၆၀,၀၉၇.၈ သန်း ရရှိခဲ့သဖြင့် ပထမ (၆) လပတ် လျာထားချက် အပေါ် ၁၀၀.၉ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး၊ **ပုံမှန်စျေးနှုန်း**အရ ၉.၇ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍသည် ပုဂ္ဂလိကပိုင်လုပ်ငန်းများ အများဆုံးပါဝင်သောညကဏ္ဍဖြစ်ပါသည်။ ဝန်ဆောင်မှုလုပ်ငန်းများတွင် ပညာရေးဝန်ဆောင်မှု၊ ကျန်းမာရေးဝန်ဆောင်မှု၊ နေ့ကလေးထိန်းလုပ်ငန်း၊ ပုဂ္ဂလိကပိုင် ဟိုတယ်၊ မိုတယ်၊ အင်း၊ တည်းခိုခန်း၊ ခရီးသွားဝန်ဆောင်မှုလုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်း၊ အင်တာနက်ဆိုင်၊ အလှပြင်ဆိုင်၊ အားကစားစင်တာ၊ ဂိမ်းစင်တာ၊ Shopping Center ၊ Toll Gate ၊ ကား Show Room များ၊ နိုင်ငံခြားညှော့ကြိုစကားပြန်လုပ်ငန်းများ၊ စက်သုံးဆီအရောင်းဆိုင်လုပ်ငန်း တို့အပါအဝင် ပုဂ္ဂလိကဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းလျက်ရှိပါသည်။

၂၀၁၅- ၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လ ပတ်တွင် ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ၏ ပုဂ္ဂလိကပိုင်အခန်း ပညာရေးဝန်ဆောင်မှုမှာ ပုဂ္ဂလိကကျောင်း ၃၁၃ ခု၊ ဘော်ဒါဆောင်နှင့် Day Special လုပ်ငန်း ၆,၅၃၄ ခုနှင့် နေ့ကလေးထိန်း လုပ်ငန်း ၂,၄၁၈ ခုတို့ဖြင့် ပညာရေးဝန်ဆောင်မှု လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

ကျန်းမာရေးဝန်ဆောင်မှုတွင် ပုဂ္ဂလိကဆေးရုံ ၂၁၃ ခု၊ ဆေးကုသခန်း ၅,၅၈၂ ခု၊ တိုင်းရင်းဆေးကုသခန်း ၉၁၇ ခု အထိ ဖြစ်ပေါ်တိုးတက်ခဲ့ပြီး ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

**ခရီးသွားလုပ်ငန်း။** မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးကဏ္ဍစုံ ပြုပြင်ပြောင်းလဲမှုများကို နိုင်ငံတကာအသိုက်အဝန်းမှ အသိအမှတ်ပြုလာသည်နှင့်အတူ မြန်မာနိုင်ငံသည် ယဉ်ကျေးမှု အမွေအနှစ်များ၊ သဘာဝရှုခင်းနှင့် သမိုင်းကြောင်းဆိုင်ရာအမွေအနှစ်များဖြင့် ပြည့်ဝသော နိုင်ငံတစ်နိုင်ငံဖြစ်သောကြောင့် မြန်မာနိုင်ငံသို့ စီးပွားရေးကိစ္စရပ်များ ရင်းနှီးမြှုပ်နှံမှု ကိစ္စရပ်များအပြင် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း အရင်းအမြစ်များကို စိတ်ပါဝင်စားပြီး လေ့လာခံစားရန်အတွက် ဒေသအတွင်းသာမက ဒေသပြင်ပလာရောက်လည်ပတ်လိုသူများ များပြားစွာဝင်ရောက်လာလျက်ရှိရာ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းသည်လည်း တစ်နေ့ထက် တစ်နေ့ တိုးတက်လျက်ရှိသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနအနေဖြင့် ခရီးသွားလုပ်ငန်းသည် အမျိုးသားအဆင့် ဦးစားပေးကဏ္ဍတစ်ခုဖြစ်ရန်၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ ဓလေ့ထုံးစံများ၊ သဘာဝပတ်ဝန်းကျင်များ ပျက်စီးမှုမရှိအောင် ထိန်းသိမ်းစောင့်ရှောက်ရန်၊ ပြည်တွင်းလူမှုစီးပွားရေးဖွံ့ဖြိုးမှုအပေါ် ကျယ်ပြန့်စွာအခြေခံရန်၊ ခရီးသွားလုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရန် အာဆီယံ စီးပွားရေး အသိုက်အဝန်း ပေါ်ပေါက်လာချိန်နှင့် တစ်ပြေးညီ လုပ်ကိုင်ဆောင်ရွက်နိုင်ရန်တို့ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် ဝင်ရောက်မှုသည် တစ်နှစ်ထက်တစ်နှစ် တိုးတက်များပြားလာလျက်ရှိရာ ပြည်ပခရီးသည်ဝင်ရောက်မှုမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ် (ဧပြီလမှ စက်တင်ဘာလ) အတွင်း ပြည်ပခရီးသည် ၂,၁၈၈,၈၂၆ ဦး လာရောက်ခဲ့ပြီး ယခင်နှစ်အလားတူကာလ၌ ပြည်ပခရီးသည် ၁,၃၈၀,၆၁၅ ဦး လာရောက်ခဲ့သည့်အတွက် ၅၈.၅ ရာခိုင်နှုန်း တိုးတက်လာပါသည်။ ခရီးသွားလုပ်ငန်းမှ ဝင်ငွေအနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ် (ဧပြီလမှ စက်တင်ဘာလ) အတွင်း နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ

ထောင်ပေါင်း ၈၆၉,၃၀၁ ရရှိခဲ့ပြီး ယခင်နှစ်အလားတူကာလ၌ နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ထောင်ပေါင်း ၇၄၆,၇၇၆ ရရှိခဲ့သည့်အတွက် ၁၆.၄ ရာခိုင်နှုန်းတိုးတက်လာပါသည်။

ခရီးသည်ဝင်ရောက်မှု တိုးတက်လာခြင်း၊ ခရီးသွားလုပ်ငန်း ဝင်ငွေတိုးတက်လာခြင်း၊ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သောလုပ်ငန်းများ၊ အလုပ်အကိုင်အခွင့်အလမ်းများ များပြားလာရခြင်းမှာ မြန်မာနိုင်ငံသို့လာရောက်သော လေယာဉ်ခရီးစဉ်များ ပိုမိုများပြားလာခြင်း၊ လေဆိပ်ဝင်ပေါက်များတွင် ဆိုက်ရောက်ဗီဇာရရှိရေး ဆောင်ရွက်ပေးခြင်း၊ နယ်စပ်ဝင်ပေါက်များ ပိုမိုဖွင့်လှစ်ပေးခြင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးအခွင့်အလမ်းများ တိုးတက်လာခြင်း၊ ခရီးသွားလုပ်ငန်းပိုမို မြှင့်တင်ဆောင်ရွက်ပေးခြင်း စသည်တို့ကြောင့် ခရီးသွားလုပ်ငန်းသည်လည်း တိုးတက်လာခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် ခရီးသွားလာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း၊ ခရီးသွားလာရေးလုပ်ငန်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပြည်တွင်း၊ ပြည်ပလုပ်ငန်းရှင်များ၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ဖွဲ့စည်း ဆောင်ရွက်ခြင်း၊ ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာ အရည်အသွေးများ၊ အဆင့်အတန်း၊ တိုးတက်မြင့်မားလာစေရေးနှင့် ပညာရပ်များ စနစ်တကျ တိုးတက်ပြန့်ပွားစေရေးတို့အတွက် ဆွေးနွေးပွဲများ၊ စာတမ်းဖတ်ပွဲများ၊ သင်တန်းများ၊ ပြပွဲများကျင်းပခြင်း၊ ခရီးသွားလာရေး လုပ်ငန်းများအကြား ပြိုင်ဆိုင်မှုဖြင့် အရည်အသွေးတိုးတက်မြင့်မားစေရန် စီမံခန့်ခွဲမှုစနစ်ဖြင့် ဆောင်ရွက်ခြင်း၊ နိုင်ငံခြားခရီးသည်များက မြန်မာနိုင်ငံအကြောင်းကို ပိုမိုစိတ်ဝင်စားလာပြီး လာရောက်လေ့လာလိုစိတ်များ ဖြစ်ပေါ်လာစေရန် လိုအပ်သည့် ခရီးသွားလုပ်ငန်း မြှင့်တင်ရေးအစီအစဉ်နှင့် အစီအမံများ ချမှတ်ဆောင်ရွက်ရာတွင် သက်ဆိုင်သော ဝန်ကြီးဌာနများနှင့် ညှိနှိုင်းချမှတ်ခြင်း၊ အများပြည်သူသွားလာလည်ပတ်နိုင်သော ခရီးစဉ်များ သတ်မှတ်ခြင်း၊ မြန်မာနိုင်ငံ၏ ရေ၊ မြေ သဘာဝအလှအပများ၊ ရေရှည်တည်တံ့ရေးအတွက် ခရီးသွားလုပ်ငန်းနှင့်အတူ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူ ဖြစ်စေမည့် လုပ်ငန်းများကို သက်ဆိုင်ရာအစိုးရဌာနများ၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ၏ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေးကို အထောက်အကူဖြစ်စေမည့် လုပ်ငန်းများကို သက်ဆိုင်ရာ အစိုးရဌာနများ၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊ ခရီးသည်များအား ပြည်ဝင်ခွင့် ဗီဇာရရှိရေးနှင့် သက်တမ်း တိုးမြှင့်ပေးရေးအတွက် လွယ်ကူအဆင်ပြေစေရန် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုဆိုင်ရာ

များကို သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက် ပေးလျက် ရှိပါ သည်။

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများကို ၁၉၉၀ ပြည့်နှစ်မှစ၍ မြန်မာနိုင်ငံ ခရီးသွားလာရေး ဥပဒေဖြင့် ခွင့်ပြုချက်အရ ပုဂ္ဂလိကများ ကိုယ်တိုင်ကိုယ်ကျ ပဝင်လုပ်ဆောင်ခဲ့ကြရာတွင် မြန်မာနိုင်ငံ (၆၄) မြို့နယ်၌ ဟိုတယ်နှင့် တည်းခိုရိပ်သာများ ပေါ်ထွက်လာသကဲ့သို့ ခရီးလှည့်လည်ရေးကုမ္ပဏီများ၊ ပို့ဆောင်ရေးယာဉ်များနှင့် ဧည့်လမ်းညွှန်များသည်လည်း ယခင်ကထက် ပိုမိုတိုးတက်လာပါသည်။

မြန်မာနိုင်ငံဟိုတယ်နှင့် ခရီးသွားလာရေးဥပဒေလုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များအရ ဟိုတယ်လုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ကြီးကြပ်မှုဌာနသည် သတ်မှတ်ချက်များနှင့် ကိုက်ညီသော လုပ်ငန်းရှင်များအား လုပ်ငန်းလိုင်စင် (၄) မျိုးကို ထုတ်ပေးလျက်ရှိပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်အထိ ထုတ်ပေးခဲ့သော လိုင်စင်များ အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်

(က) ဟိုတယ်နှင့်တည်းခိုရိပ်သာလုပ်ငန်းလိုင်စင်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ် (ဧပြီလမှ စက်တင်ဘာလ) အတွင်း ပြည်တွင်းပုဂ္ဂလိကပိုင် လုပ်ငန်း ဟိုတယ် ၈၆ လုံးနှင့် အခန်း ၂,၈၈၅ ခန်းအား လုပ်ငန်းလိုင်စင်များ ခွင့်ပြုထုတ်ပေးခဲ့ပါသည်။

(ခ) ပို့ဆောင်ရေးလုပ်ငန်းလိုင်စင်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ် (ဧပြီလမှ စက်တင်ဘာလ) အတွင်း မြန်မာနိုင်ငံအတွင်း ရောက်ရှိလာသော ကမ္ဘာလှည့်ခရီးသည်များအား သက်တောင့်သက်သာစွာပို့ဆောင်ပေးနိုင်ရန် ပို့ဆောင်ရေး လုပ်ငန်းလိုင်စင် ၇၆ ခုအား လုပ်ငန်းလိုင်စင်များ ခွင့်ပြုထုတ်ပေးခဲ့ပါသည်။

(ဂ) ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပထမ(၆) လပတ် (ဧပြီလမှ စက်တင်ဘာလ) အတွင်း ပြည်တွင်းပုဂ္ဂလိကမှ လုပ်ကိုင်လျက်ရှိသော ခရီးလှည့်လည်ရေးကုမ္ပဏီ ၂၃၄ ခုအား လုပ်ငန်းလိုင်စင်များ ခွင့်ပြု ထုတ်ပေးခဲ့ပါသည်။

(ဃ) ဧည့်လမ်းညွှန်လိုင်စင်။ ကမ္ဘာလှည့်ခရီးသည်များ မြန်မာနိုင်ငံသို့ ရောက်ရှိစဉ် မြန်မာလူမျိုးတိုင်းရင်းသားတို့၏ ဆီးကြိုသောအပြုံးများကို နှစ်ခြိုက်စွာ လက်ခံကြပြီး မြန်မာ့ရေ၊ မြေ၊ တော၊ တောင်သဘာဝရှုခင်းများကို ကြည့်ရှု လေ့လာ ခံစားရင်း မြန်မာ့ရိုးရာယဉ်ကျေးမှု ရှေးဟောင်းသမိုင်းဝင် အဆောက်အဦ များအကြောင်းအား ၎င်းတို့၏ ဘာသာစကားဖြင့် ရှင်းလင်းပြောကြားခြင်းကို

နှစ်သက်ကြပါသည်။ ယင်းသို့ရှင်းလင်းပြောကြားနိုင်ရန် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ် (ဧပြီလမှ စက်တင်ဘာလ) အတွင်း သက်ဆိုင်ရာ ဘာသာရပ် အလိုက် ဧည့်လမ်းညွှန် (ဒေသဆိုင်ရာ ဧည့်လမ်းညွှန်အပါအဝင်) ၅၆၂ ဦး ကို လေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့ပါသည်။

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ ကမ္ဘာလှည့် ခရီးသွားလုပ်ငန်း စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်လျက် မြန်မာနိုင်ငံသားများ အနေဖြင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကို အခြေပြု၍ နိုင်ငံအတွက် အလုပ်အကိုင် အခွင့်အလမ်း သစ်များ ပေါ်ပေါက်ရေး၊ ဝင်ငွေတိုးပွားလာရေးတို့ကို ဖြစ်ပေါ်စေသည်သာမက ယင်းသို့ လူမှုရေး၊ စီးပွားရေးနယ်ပယ်အသီးသီးမှ ရရှိလာသော အကျိုးအမြတ်များကို နိုင်ငံသားများအားလုံး ရရှိ ခံစားကြရန် ရည်ရွယ်သည့် လုပ်ငန်းဖြစ်သည့်အတွက် ဒေသတွင်းခရီးသွားမှုပုံစံများ၊ ခရီးသွား လုပ်ငန်းဆိုင်ရာ ဆွဲဆောင်မှုနှင့် အရင်းအမြစ်များ ပိုမိုဖော်ထုတ်ခြင်း၊ ခရီးသွားလာမှု လွယ်ကူ စေရေး ဖြေလျော့မှုပေးခြင်း၊ အခြေခံအဆောက်အအုံနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးရေး တို့ကို အကောင်အထည်ဖော်မှုဆိုင်ရာကိစ္စများ၊ စောင့်ကြည့်စစ်ဆေးရေးဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ရာတွင် အစိုးရ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများမှ လည်း ဝိုင်းဝန်း၍ ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။

ပုဂ္ဂလိကဝန်ဆောင်မှု လုပ်ငန်းများတွင် အဓိကအားဖြင့် ပညာရေးဝန်ဆောင်မှု၊ ကျန်းမာရေးဝန်ဆောင်မှု၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများ၏ အဆင့်မြင့်ဝန်ဆောင်မှုပေးခြင်း လုပ်ငန်းများ၊ နိုင်ငံတွင်းနှင့် နိုင်ငံပြင်ပသို့ ဗီဇာမလိုသော ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ၊ Toll Gate လုပ်ငန်းများ၊ အလှပြင်ဆိုင်နှင့် ဆက်စပ်လုပ်ငန်းများ၊ Internet ဝန်ဆောင်မှု လုပ်ငန်းများတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာရန်အတွက်အခွင့်အလမ်းနှင့် ဆွဲဆောင်မှု ရှိစေမည့် ဥပဒေများပြဋ္ဌာန်းပေးခြင်း၊ ပုဂ္ဂလိကလုပ်ငန်းငယ်များအား အရင်းအနှီးများ၊ ချေးငွေ များကို နိုင်ငံတော်၏ ပံ့ပိုးစီစဉ်ဆောင်ရွက်မှုများကြောင့် ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက အရေအတွက် တိုးလာသည့်အပြင် ဝင်ငွေများလည်း တိုးတက်လာသောကြောင့် ဘဏ္ဍာနှစ် ကုန်ဆုံးချိန်တွင် စီမံကိန်းရည်မှန်းချက်ကို ပြည့်မီနိုင်မည် ဖြစ်ပါသည်။


**လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍ**

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း၏ ပထမ(၆)လပတ်တွင် လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍ၏ စုစုပေါင်း ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်း**အရ ကျပ် ၁,၀၉၄,၄၄၁.၅ သန်း အကောင်အထည်ဖော်ရန် လျာထားပါသည်။

**ပုံ(၅-၁၆) လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ**

**၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုအခြေအနေ**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

ပထမ(၆)လပတ်တွင် လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ၏ စုစုပေါင်းဝန်ဆောင်မှုတန်ဖိုးသည် နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၁,၁၆၇,၈၈၉.၀ သန်းရရှိခဲ့သဖြင့် ပထမ(၆)လပတ် လျာထားချက်အပေါ် ၁၀၆.၇ ရာခိုင်နှုန်း အကောင်အထည်ဖော်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**အရ ၅.၄ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

**ကာကွယ်ရေးဝန်ကြီးဌာန။** ကာကွယ်ရေးဝန်ကြီးဌာနသည် ဖော်ပြပါလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည် -

(က) မြန်မာ-ထိုင်း နှစ်နိုင်ငံလေတပ်အကြား ဒုတိယအကြိမ် Air Working Group Staff Talk Meeting ကို ရွှေနန်းတော်ဟိုတယ် နေပြည်တော်တွင် ကျင်းပခြင်း၊

(ခ) နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့၏ ခွင့်ပြုရန်ပုံငွေဖြင့် နန်းယွန်း - ပန်ဆောင်လမ်း (၃၄/၃)မိုင်၊ ပန်ဆောင် - ပန်အပ်လမ်း (၁၈/၄)

မိုင်၊ နန်းယွန်း-ဒုံဟီးလမ်း(၄၁) မိုင် ကတ္တရာခင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဂ) ရေဘေးကယ်ဆယ်ရေးအတွက် ဆန် ၅၀၀အိတ်၊ ရေသန့် (၁)လီတာဝင် ၆,၀၀၀ ဗူး တို့အား ဟသ်ာတဆိပ်ကမ်းမှ ညောင်ကျိုးမြို့သို့ ရေကြောင်းပို့ဆောင်ရေးမှ ပို့ဆောင်ခြင်း၊

(ဃ) တိရစ္ဆာန်များ ထိန်းသိမ်းရသောတပ်နှင့် ဝန်တင်တပ်ရင်းများမှ သားဖောက်မွေးမြူရေးလုပ်ငန်းကို စီမံချက်ပါအတိုင်း အပြည့်အဝ အောင်မြင်ရေးအတွက် တိရစ္ဆာန်များ အသက်အရွယ်နှင့်အညီ ကျန်းမာဖွံ့ဖြိုးရေးကို အတတ်ပညာနှင့် အတွေ့အကြုံများ ပေါင်းစပ်၍ ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါသည်။

**ပြည်ထဲရေးဝန်ကြီးဌာန။** အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး အဖြစ်သို့ ရောက်ရှိစေရန် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရန် ရည်မှန်း၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော လုပ်ငန်းများမှာ -

(က) ငွေကြေးခဝါချမှု တိုက်ဖျက်ရေး နည်းဥပဒေများနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုများအား တားဆီးနှိမ်နင်းခြင်း နည်းဥပဒေများကို (၁၁-၉-၂၀၁၅) ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်၊

(ခ) လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေအရ လူကုန်ကူးခံရသူ ၇၆ ဦး(ကျား ၁၈ ဦး၊ မ ၄၇ ဦး နှင့် ကလေး ၁၁ ဦး) နှင့် တရားမဝင်ရွှေ့ပြောင်း သွားလာသူ ၂၃၅ ဦးတို့ကို တားဆီးပညာပေး၍ နေရပ်သို့ပြန်လည်ပို့ဆောင်ပေး အလုပ် လုပ်ကိုင်သူ မြန်မာရွှေ့ပြောင်း အလုပ်သမား ၁,၉၈၇ ဦးတို့ကို ပြန်လည်လက်ခံခဲ့၍ မိသားစုထံ အပ်နှံခဲ့ပြီး တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့မှ လူကုန်ကူးခံရသူ ၆၆၂ ဦး တို့ကို လွှဲပြောင်းပေးခဲ့ပါသည်၊

(ဂ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့သည် ဘိန်းခင်း ၄၃၁.၅ ဧက ၁၇၄.၆၃ ဟက်တာကို ဖျက်ဆီးနိုင်ခဲ့ပါသည်။ မူးယစ်ဆေးဝါးအမှု ၂,၉၉၇ မှု တရားခံ ကျား ၃,၈၂၄ ဦး နှင့် မ ၄၉၄ ဦးတို့ကို ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်၊

(ဃ) မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့သည် ကျား ၉၀,၆၃၈ ဦး၊ မ ၇၁,၄၂၁ ဦး စုစုပေါင်း ၁၆၂,၀၅၉ ဦးကို နိုင်ငံကူးလက်မှတ်များ ထုတ်ပေးခဲ့ပါသည်။ ထို့အပြင် မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့ မြန်မာသံရုံးရှိ မြန်မာနိုင်ငံကူး

လက်မှတ်ထုတ်ပေးရေးဌာနစိတ်မှလည်း (6p) အစီအစဉ်သစ်အရ မြန်မာနိုင်ငံကူးလက်မှတ် လျှောက်ထားသူများနှင့် မြန်မာရွှေ့ပြောင်း အလုပ်သမား ၁,၀၂၉ ဦးကိုလည်း မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးခဲ့ပါသည်၊

(င) ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ မြန်မာသံရုံးတွင် မြန်မာနိုင်ငံကူး လက်မှတ်ထုတ်ပေးရေးရုံးကို ၂၀၁၄ ခုနှစ် မတ်လ (၁၀) ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ပြီး မြန်မာအလုပ်သမား ၈,၅၄၃ ဦးအား မြန်မာနိုင်ငံကူးလက်မှတ်များ ထုတ်ပေးခဲ့ပါ သည်၊

(စ) အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေကို ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ (၁၈) ရက် နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၃၁/၂၀၁၄) ဖြင့် ပြဋ္ဌာန်းခဲ့ပါသည်၊

(ဆ) အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများကို ၂၀၁၅ခုနှစ် ဇွန်လ(၅) ရက်နေ့တွင် ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပါသည်၊

(ဇ) နိုင်ငံတော်သမ္မတ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်းဆုံးမြို့နယ်ဆု၊ ဖွံ့ဖြိုးတိုးတက်မှု အကောင်းဆုံး စံပြကျေးရွာဆု၊ ဖွံ့ဖြိုးတိုးတက်မှု အကောင်းဆုံးမြို့နယ် ဖွံ့ဖြိုး တိုးတက်ရေးအထောက်အကူပြု ကော်မတီဆု၊ စွမ်းဆောင်မှု အကောင်းဆုံး မြို့နယ်စည်ပင်သာယာရေးကော်မတီဆု၊ စိုက်ပျိုးထုတ်လုပ်မှုထူးချွန် တောင်သူလယ်သမားဆု၊ စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်လုပ်ငန်းရှင်ဆု၊ မွေးမြူထုတ်လုပ်မှု ထူးချွန်လူပုဂ္ဂိုလ်ဆု၊ မွေးမြူထုတ်လုပ်မှု ထူးချွန်လုပ်ငန်းရှင်ဆုများကို ချီးမြှင့် ပေးအပ်ခဲ့ပါသည်၊

(ဈ) မြန်မာနိုင်ငံ အမျိုးသားရာဖွေကယ်ဆယ်ရေးကော်မတီမှ ဘေးအန္တရာယ်နှင့်သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့သည့်အိမ်ခြေ ၄၀,၀၆၅ လုံး၊ ဒုက္ခသည်ပေါင်း ၁၄၀,၃၉၄ ဦးအား ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်၊

(ည) ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်၊ တောင်ငူခရိုင်နှင့် ပဲခူးခရိုင်များအတွင်း မြို့နယ်၊ မြို့နယ်ခွဲ၊ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ပြင်ဆင်ဖွဲ့စည်းခြင်းများကို အမိန့်ကြော်ငြာစာများထုတ်ပြန်ခြင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး နှင့် နေပြည်တော်ကောင်စီ နယ်မြေများအတွင်းတွင်လည်း ပြောင်းလဲပြင်ဆင် ဖွဲ့စည်းနိုင်ရေးအတွက် အမှာစာများတင်ပြဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၅ခုနှစ် စက်တင်ဘာလအထိ တိုင်းဒေသကြီး/ ပြည်နယ်များတွင် ခရိုင် ၇၄ ခု၊ မြို့နယ် ၃၃၀၊ မြို့ ၄၃၀၊ ရပ်ကွက် ၃,၂၂၇၊ ကျေးရွာအုပ်စု ၁၃,၅၉၇ နှင့် ကျေးရွာ ၆၃,၈၂၃ ရွာ တည်ရှိပါသည်၊

(ဍ) **တိုင်းဒေသကြီး/ ပြည်နယ်များအတွင်းရှိ မြို့ ၈၄ ခုတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် နယ်စပ်ဒေသပုံမှန်အုပ်ချုပ်ရေးစနစ် ထူထောင်ရေး ကြီးကြပ်မှုကော်မတီမှ မြို့တစ်ခုချင်း၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး အတွက် လိုအပ်သည်များ ညွှန်ကြားခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ ဦးစီးဌာနများ နှင့် ပေါင်းစပ်ဆက်သွယ်ပေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်၊**

(ဎ) **အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနသည် မူခင်းဆိုင်ရာ ကိစ္စရပ်နှင့်ပတ်သက်၍ အမှုပေါင်း ၉၉ မှုကို ပြီးပြတ်အောင် စစ်ဆေးခဲ့ပါသည်၊**

(ဍ) လွတ်ငြိမ်းချမ်းသာခွင့်နှင့် ကျင့်ထုံး-၄၀၁(၁) အရ နိုင်ငံခြားသား အကျဉ်းသား ၂၆၆ ဦး၊ နိုင်ငံသားအကျဉ်းသား ၆,၇၅၇ ဦး စုစုပေါင်း ၇,၀၂၃ ဦး လွတ်မြောက် ခဲ့ပါသည်၊

(ဎ) အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) သည် အင်းစိန်၊ မန္တလေး၊ သာယာဝတီအကျဉ်းထောင်နှင့် မြင်းခြံအကျဉ်းထောင်များတွင် ရေနှင့် သန့်ရှင်း ရေးဆိုင်ရာလုပ်ငန်းများ တိုးတက်ကောင်းမွန်လာစေရေးအတွက် ပံ့ပိုးကူညီ ဆောင်ရွက်ပေးခဲ့ပြီး ကျောက်ထုတ်စခန်းများဖြစ်သော (ကြူအင်း၊ ကုန်းစံ၊ မုပွလင် (အမျိုးသား/ အမျိုးသမီး)၊ ထုံးဘို(၁)၊ ငှက်ပေါက်၊ ထုံးဘို(၂၄)၊ လွင်ကြီး၊ ကင်းသာ(၁/၂)၊ ဟိုခို)၊ အင်းစိန်၊ မြစ်ကြီးနား၊ ဘူးသီးတောင်၊ တောင်ကြီး၊ စစ်တွေ၊ ဇန်းမော်နှင့် မန္တလေး အကျဉ်းထောင်များသို့ သွားရောက် လေ့လာခဲ့ပါ သည်၊

(ဏ) မီးသတ်ဦးစီးဌာနသည် မြို့နယ်များတွင် အကြိုအခြေခံ မီးသတ်ပညာသင်တန်းကို (၆) လအတွင်း ၁၃၈ ကြိမ် ဖွင့်လှစ်၍ အရန်မီးသတ်တပ်ဖွဲ့ဝင် ၅,၂၅၈ ဦးကို သင်ကြား ပို့ချပေးခဲ့သည်။

**နယ်စပ်ရေးရာဝန်ကြီးဌာန**။ နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) နယ်စပ်ဒေသဖွံ့ဖြိုးရေးအတွက် လမ်းတံတား လုပ်ငန်းများအနေဖြင့် မြေလမ်း (၄၉၉/၄) မိုင်၊ ကျောက်လမ်း (၃၄၈/၀.၅၈) မိုင်၊ ကတ္တရာလမ်း (၅၂/၁) မိုင်၊ ကွန်ကရစ်လမ်း (၄/၇) မိုင်၊ လမ်းတာချဲ့ခြင်း (၁၀၅/၁)မိုင်၊ တံတားကြီး ၃၅ စင်း၊ တံတားငယ် ၂၅၅ စင်း၊ ကြိုးတံတား (၁၃) စင်းနှင့် ရေပြွန် ၂၂၂ ခု တည်ဆောက် ခြင်းနှင့် လမ်းမိုင် (၄၇/၆) မိုင် ထိန်းသိမ်းနိုင်ခဲ့ပါသည်။ စိုက်ပျိုးရေးလုပ်ငန်းတွင် စိုက်ပျိုးရေရရှိရေးလုပ်ငန်း ၅၈ ခု၊ စိုက်ပျိုးရေ သွယ်ယူခြင်းလုပ်ငန်း (၁၁၈/၆) မိုင်ကို အကောင်အထည်ဖော်နိုင်ခဲ့ပါသည်၊

(ခ) နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်နိုင်ရန် "**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး တိုးတက်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ**" အား ၂၂-၇-၂၀၁၅ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပါသည်၊

(ဂ) နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန နှင့် အိန္ဒိယသမ္မတနိုင်ငံတို့ ပူးပေါင်း၍ ချင်းပြည်နယ်တွင် စာသင်ကျောင်း ၁၁ ကျောင်း၊ တံတား ၅ စင်း၊ ကျန်းမာရေးလုပ်ငန်း ၉ ခုနှင့် နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသတွင် စာသင်ကျောင်း ၁၀ ကျောင်း၊ တံတား ၃ စင်း၊ ကျန်းမာရေးလုပ်ငန်း ၈ ခု တို့ကို တည်ဆောက်ပေးခဲ့ပါသည်။ ရခိုင်ပြည်နယ်တွင် အခြေခံပညာ မူလတန်းကျောင်း ၈ ကျောင်း၊ အခြေခံပညာမူလတန်းလွန် ကျောင်းနှင့် တွဲဘက် အခြေခံပညာအလယ်တန်းကျောင်းတို့ကို တည်ဆောက် ပေးခဲ့ပါသည်၊

(ဃ) JICA(Japan International Cooperation Agency နှင့် ပူးပေါင်း၍ ရှေ့ပြေး စီမံကိန်းများအဖြစ် ကရင်ပြည်နယ်တွင် နေရောင်ခြည်စွမ်းအင်ဖြင့် ရေရရှိရေး လုပ်ငန်းဆောင်ရွက်ခြင်း၊ မူလတန်းလွန်ကျောင်း ဆောက်လုပ်ခြင်း၊ စာသင် ကျောင်း ဆောက်လုပ်ခြင်း၊ လူထုအခြေပြု အဆောက်အအုံဆောက်လုပ်ခြင်း လုပ်ငန်းများ၊ မွန်ပြည်နယ်တွင် လျှပ်စစ်မီးဖြင့် ရေရရှိရေးလုပ်ငန်း ဆောင်ရွက် ခြင်း၊ အလယ်တန်းကျောင်း ဆောက်လုပ်ခြင်း၊ ရေရရှိရေးလုပ်ငန်း ဆောင်ရွက် ခြင်း၊ မူလတန်းကျောင်းဆောက်လုပ်ခြင်း၊ ဆရာ/ဆရာမများ အတွက် အိပ်ဆောင် ဆောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါသည်၊

(င) SWISS Agency For Development Cooperation (SDC) နှင့် ပူးပေါင်း၍ ပညာရေးကဏ္ဍတွင် မူလတန်းကျောင်း ၂၀၊ အလယ်တန်းကျောင်း ၁ ကျောင်း နှင့် အထက်တန်းကျောင်း ၁ ကျောင်း၊ ကျန်းမာရေးကဏ္ဍတွင် ကျေးလက် ကျန်းမာရေးဌာနခွဲ ၁၂ ခု၊ ရေကန် ၁ ကန်၊ ရေစက် ၁ ခု ဆောက်လုပ်ပေးခဲ့ပြီး၊ ဆေးဝါးနှင့်အစားအစာတို့ကို ပံ့ပိုးဆောင်ရွက်ပေးခဲ့ပါသည်၊

(စ) အင်ဒိုနီးရှားသမ္မတနိုင်ငံနှင့် ပူးပေါင်း၍ မင်းပြားမြို့နယ်၊ မောင်တောမြို့နယ်နှင့် ဘူးသီးတောင် မြို့နယ်တို့တွင် အခြေခံပညာမူလတန်းကျောင်း ၄ ကျောင်း ဆောက်လုပ်ခဲ့ပါသည်၊

(ဆ) United Nations Development Programme(UNDP) နှင့်ပူးပေါင်း၍ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ နေပြည်တော် တို့တွင် ကျေးရွာ ဆင်းရဲမှုစံနှုန်းသတ်မှတ်ချက် ပြန်လည်ဆန်းစစ်ခြင်းလုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်း၊ လူမှုရေးသင့်မြတ်မှုသင်တန်း၊ လူမှုကာကွယ်ရေး သင်တန်းတို့ကို ဖွင့်လှစ်ခဲ့ပါသည်။ လူမှုကာကွယ်ရေး အထောက်အပံ့နှင့် လမ်း/တံတား၊ အခြေခံအဆောက်အဦ လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်၊

(ဇ) United Nations High Commissioner for Refugees (UNHCR) နှင့် ပူးပေါင်း၍ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးတို့တွင် ရေရရှိရေးလုပ်ငန်း၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် လူထုဝန်ဆောင်မှုလုပ်ငန်း၊ ပညာရေးလုပ်ငန်း၊ ကျန်းမာရေးလုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်း၊ နေအိမ်နှင့် အခြေခံအဆောက်အအုံလုပ်ငန်း၊ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက် ရှိပါသည်၊

(ဈ) World Food Programme(WFP)၊ နိပွန်ဖောင်ဒေးရှင်း (စေတနာအဖွဲ့)၊ နိပွန်ဖောင်ဒေးရှင်း (BAJ)၊ Groupe de Recherches Technologiques (GRET)၊ Welthungerhilfe (Whh)၊ Terra People Association (TPA)၊ Association of Medical Doctors of Asia (AMDA)၊ Malteser International ၊ Swiss Foundation for Development Cooperation (SWISSAID)၊ SWISS Agency For Development Cooperation(SDC)၊ Japan International Cooperation Agency (JICA) တို့နှင့် ပူးပေါင်း၍ ပညာရေး၊ ကျန်းမာရေး၊ ရေရရှိရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် လူသား အရင်းအမြစ်ဖွံ့ဖြိုးရေးတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ အမျိုးသမီးဖွံ့ဖြိုးရေး စီမံကိန်း၊ စာသင်ကျောင်း ဆောက်လုပ်ခြင်း၊ ဘိန်းစိုက်ပျိုးမှု ပပျောက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း၊ စိုက်ပျိုးရေးနှင့် စိုက်ပျိုးရေရရှိရေး၊ မွေးမြူရေး၊ ဝင်ငွေရအသက်မွေးဝမ်းကျောင်းလုပ်ငန်း၊ သဘာဝအရင်းအမြစ် ရေရှည်တည်တံ့ရေး၊ သဘာဝအရင်းအမြစ် ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း၊ လူထုစွမ်းဆောင်ရည်မြှင့်တင်ရေး၊ အသေးစားငွေစုငွေချေးလုပ်ငန်း စီမံကိန်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်၊

(ည) ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း) တွင် သင်တန်းသူ၊ သင်တန်းသား ၉၇၂ ဦး၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်) တွင် သင်တန်းသူ၊ သင်တန်းသား ၅၅၁ဦး၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (စစ်ကိုင်း)တွင် သင်တန်းသူ၊သင်တန်းသား ၇၅၉ ဦး၊ တက်ရောက်ပညာသင်ကြားနေပါသည်။ အသက်မွေးမှုပညာ လေ့ကျင့်သင်တန်းကျောင်း (စက်ပြင်/အလုပ်ရုံ) တွင် သင်တန်းသား ၇၅၀ ဦးနှင့် အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း ၃၇ ကျောင်းတွင် အခြေခံအိမ်တွင်းမှု၊ အဆင့်မြင့်စက်ချုပ်၊ သိုးမွေးစက်ဆွဲ၊ ကျောက်စီပန်းချီ၊ ဂျပ်ခုတ်/ရက်ကန်းစသည့် သင်တန်းများကို ဖွင့်လှစ်ပေးပြီး သင်တန်းသူ စုစုပေါင်း ၂,၁၆၅ ဦးအား သင်ကြားပေးခဲ့ပါသည်။ အထူးဖွင့်လှစ်သည့် သင်တန်းများတွင် သင်တန်းသူ ၁,၃၂၇ ဦး တက်ရောက်ခဲ့ကြပြီး ခေတ်မီမော်တာ အထည်ချုပ်စက်ရုံများသို့ ကျွမ်းကျင်ဝန်ထမ်းများ ၄၀၀ ဦး ခန့်အပ်ခဲ့ပါသည်၊

(ဋ) နယ်စပ်ဒေသဖွံ့ဖြိုးရေး နယ်မြေအတွင်း သဘာဝရေဘေး အန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုများမှာ **လမ်းတံတားလုပ်ငန်း**တွင် မြေလမ်း ၇၃ ခု၊ ကျောက်လမ်း ၂၀ ခု၊ ကွန်ကရစ်လမ်း ၃ ခု၊ ကတ္တရာလမ်း ၂ ခု၊ ကြိုးတံတား ၁၀ စင်း၊ ကွန်ကရစ်တံတား ၆ စင်း၊ ဘေလီတံတား ၁၄ စင်း၊ သစ်သား တံတား ၂ စင်း၊ ကွန်ကရစ်ရေပြွန် ၂ ခု၊ တံတားချဉ်းကပ်လမ်း ၂ ခု၊ မြေထိန်းနံရံ ၄ ခု၊ **ပညာရေးလုပ်ငန်း**တွင် မူလတန်းကျောင်း ၁ ကျောင်း၊ **သာသနာရေးလုပ်ငန်း** တွင် ဘုန်းကြီးကျောင်း ၅ ကျောင်း၊ သိမ် ၁ ခု၊ ဓမ္မာရုံ ၁ ခု၊ စေတီ ၁ ဆူ၊ **အိမ်ရာဆောက်လုပ်ရေးလုပ်ငန်း**တွင် မြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး ၁ ရုံး၊ ၂ ခန်းတွဲ ဝန်ထမ်းအိမ်ရာ ၂ လုံး၊ တန်ဘိုးနည်း အိမ်ရာ ၃၀၈ လုံး၊ သွပ် ၃၄၀ ချပ်၊ ခြံစည်းရိုးပျက်စီးခြင်း ၁ ခု၊ အမိုးပျက်စီးခြင်း ၇ ခု၊ **စွမ်းအင်လုပ်ငန်း**တွင် ရေအားလျှပ်စစ်ရရှိရေးလုပ်ငန်း ၃ ခု၊ ဆိုလာစနစ် ၈၀၀ စုံ တို့ ဖြစ်ပေါ်ခဲ့သဖြင့် ပြန်လည်ပြုပြင် တည်ဆောက်ပေးရမည်ဖြစ်သည်၊

(ဌ) လေပြင်းမုန်တိုင်းကြောင့် ချင်းပြည်နယ်တွင် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ဟားခါး၊ ပလက်ဝ၊ တွန်းဇန်နှင့်မတူပီ တို့တွင်လည်းကောင်း၊ ရခိုင်ပြည်နယ်တွင် မောင်တောနှင့် မင်းပြား တို့တွင်လည်းကောင်း၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း မောင်တော၊

မင်းပြားနှင့် အမ်းတို့တွင်လည်းကောင်း အဆောက်အဦများ ပျက်စီးဆုံးရှုံးမှုများကို ပြန်လည်ပြုပြင်ရမည်ဖြစ်သည်။

**လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန။** လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနသည် နိုင်ငံတော်မှ ချမှတ်ထားသော မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများနှင့် တည်ဆဲဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ အောက်ပါအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

(က) တည်ဆဲမြန်မာနိုင်ငံသားဥပဒေအရ ဧည့်နိုင်ငံသားလက်မှတ်နှင့် ဧည့်နိုင်ငံသားစိစစ်ရေးကတ်ပြား စုစုပေါင်း ၁၄၄ ဦး၊ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေပုဒ်မ ၄၂၊ ၄၃၊ ၄၅ နှင့် အကျုံးဝင်သူ နိုင်ငံသားပြုခွင့်လက်မှတ်နှင့် နိုင်ငံသားပြုခွင့်စိစစ်ရေးကတ်ပြား စုစုပေါင်း ၈၄၆ ဦးကို ထုတ်ပေးခဲ့ပါသည်၊

(ခ( နိုင်ငံခြားသား အမြဲနေထိုင်ခွင့်လျှောက်ထားသည့် ကျွမ်းကျင်ပညာရှင် ၁၄ ဦး၊ ရင်းနှီးမြှုပ်နှံသူ ၉ ဦး၊ နိုင်ငံသားဟောင်း ၁၀၁ ဦး၊ မြန်မာနိုင်ငံသားနှင့်ဆက်စပ်သူ ၃၉ ဦး၊ မိသားစုဝင် ၆၂ ဦး၊ စုစုပေါင်း ၂၂၆ ဦးတို့ကို လူတွေ့အကဲဖြတ် စိစစ်မှုများပြုလုပ်၍ ထုတ်ပေးလျက်ရှိပါသည်၊

(ဂ) ပြည်ပခရီးသည်များ နိုင်ငံအတွင်းသို့ ဝင်ရောက်ရာတွင် လွယ်ကူလျင်မြန်စေရေးအတွက် e-Visa စနစ်ကို အကောင်အထည်ဖော်ခဲ့ရာ e-Visa (Tourist) လျှောက်ထားသူ ၄၅,၁၅၃ ဦး၊ ခွင့်ပြုပြီးသူ ၄၄,၈၁၈ ဦးရှိပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ၃၅,၁၆၁ ဦး၊ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ၅,၅၅၁ ဦး၊ နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ၁၄၃ ဦး စုစုပေါင်း ၄၀,၈၅၅ ဦး ဝင်ရောက်ခဲ့ပါသည်၊

(ဃ) ပြည်ပမှ စီးပွားရေးလုပ်ငန်းရှင်များ၏ လိုအပ်ချက်အရ (၁-၇-၂၀၁၅) ရက်နေ့မှစတင်၍ လုပ်ငန်းဗီဇာ (Business Visa) ကို e-Visa စနစ်တွင် ထပ်မံခွင့်ပြုဆောင်ရွက်ပေးခဲ့ရာ (၂၅-၈-၂၀၁၅) ရက်နေ့ထိ e-Visa (Business) လျှောက်ထားသူ ၇၀၀ ဦး၊ ခွင့်ပြုပြီးသူ ၅၂၆ ဦး ရှိ၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ၂၉၂ ဦး၊ မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ၅ ဦး၊ နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ၂ ဦး ဝင်ရောက်ခဲ့ရာ စုစုပေါင်း ဝင်ရောက်သူ ၂၉၉ ဦး ရှိပါသည်၊

(င) လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနသည် ရေဆိပ်စစ်ဆေးရေးအဖွဲ့မှ ဝင်ရောက်လာသောသင်္ဘော ၈၁၀ စီးနှင့် ထွက်ခွာသည့်

သင်္ဘော ၇၈၅ စီးကို စစ်ဆေးခဲ့ပါသည်။ ကမ်းဆင်းခွင့်ပြုခဲ့သော သင်္ဘောသား ဦးရေ ၁၆,၆၈၄ ဦး ရှိပါသည်၊

(စ) လေဆိပ်စစ်ဆေးရေးအဖွဲ့များ၏ အဝင်/အထွက် စစ်ဆေးမှုမှာ နိုင်ငံခြားသားအဝင် ၃၅၂,၉၇၇ ဦး၊ အထွက် ၃၆၁,၂၅၂ ဦး၊ မြန်မာနိုင်ငံသား အဝင် ၃၀၇,၇၆၆ ဦး၊ အထွက် ၂၉၁,၇၄၁ ဦးနှင့် နိုင်ငံကူးလက်မှတ်ပေါ်ရှိ မူလရေးသွင်းချက်များကို ပြင်ဆင်၍ ဝင်ရောက်လာသော မြန်မာနိုင်ငံသားများကို စိစစ်၍ နိုင်ငံကူးလက်မှတ် ၄၄၉ အုပ်ကို သိမ်းဆည်းထားပြီး နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့သို့ အပ်နှံနိုင်ခဲ့ပါသည်။ လေဆိပ်စစ်ဆေးရေးအဖွဲ့မှ On Arrival Visa ထုတ်ပေးသူ ၄၉,၄၃၆ ဦး၊ ကောက်ခံရရှိငွေအမေရိကန်ဒေါ်လာ ၂,၃၈၂,၇၇၀၊ Over Stay ဖြစ်သူ ၁၀,၇၃၃ ဦး၊ ကောက်ခံရရှိငွေအမေရိကန်ဒေါ်လာ ၆၅၁,၇၆၀ ၊ စုစုပေါင်း ၆၀,၁၆၉ ဦးအတွက် အမေရိကန်ဒေါ်လာ ၃,၀၃၄,၅၃၀ ကောက်ခံရရှိပါသည်။ နယ်စပ်နှင့် ကုန်းလမ်းမှ နိုင်ငံခြားသား ၆၁၈,၉၃၂ ဦး ဝင်ရောက်ခဲ့ပြီး မြန်မာနိုင်ငံသား ၂၅၅,၂၆၀ ဦး ထွက်ခွာခဲ့ပါသည်၊

(ဆ) ပြည်ပြန်ဝင်ခွင့်ဗီဇာ ထုတ်ပေးပြီးသူ ၅,၃၅၈ ဦး၊ အခွန်အခကင်းလွတ်ခွင့်ပြုသူ ၁,၅၂၆ ဦး နှင့် ၎င်းတို့အတွက် အခမဲ့ကျသင့်ငွေမှာ အမေရိကန်ဒေါ်လာ ၁၄၆,၃၄၀ ဖြစ်ပါသည်။ ဆက်လက်နေထိုင်ခွင့်ပြုသည့် နိုင်ငံခြားသား ၁၇,၇၉၆ ဦး၊ အခွန်အခကင်းလွတ်ခွင့်ပြုထားသူ ၃,၂၈၃ ဦးနှင့် ၎င်းတို့အတွက် အခမဲ့ကျသင့်ငွေမှာ အမေရိကန် ဒေါ်လာ ၁၁၄,၅၃၄ ဖြစ်ပါသည်၊

(ဇ) အသက်(၁၈)နှစ်ပြည့်၍ နိုင်ငံခြားသားအဖြစ် မှတ်ပုံတင်ပေးခဲ့သူ ၃၃ ဦးရှိသဖြင့် နိုင်ငံခြားသား မှတ်ပုံတင်ထားသူ စုစုပေါင်း ၁၈၁,၈၉၄ ဦး ဖြစ်ပြီး လက်ရှိအခွန်ဆောင်သူ စုစုပေါင်း ၂၁,၃၆၃ ဦး ရှိပါသည်။ အစီရင်ခံသည့်ကာလအတွင်း ပဏာမမှတ်ပုံတင် ပြုလုပ်ပေးရသူ ၆,၇၃၆ ဦး၊ သက်တမ်းပြန်လည် အတည်ပြု ပေးရသူ ၁၃,၁၃၁ ဦး၊ နိုင်ငံခြားသားမှတ်ပုံတင် နှစ်စဉ်လဲလှယ် ပေးရသူ ၉၀၀ ဦး၊ နိုင်ငံခြားသားမှတ်ပုံတင်မိတ္တူ ထုတ်ပေးသူ ၅၈၈ ဦး ရှိပါသည်၊

(ဈ) ၂၀၁၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ပင်မအစီရင်ခံစာကို (၂၉-၅-၂၀၁၅) ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်၊

(ည) ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းနှင့်ပတ်သက်၍ ချီလီနိုင်ငံသား လူဦးရေပညာရှင်မှ လူဦးရေနှင့်လူမှုစီးပွားရေးဆိုင်ရာ အချက်အလက်များကို အသေးစိတ်ဆန်းစစ် လေ့လာသည့်

သုတေသန စာတမ်း(၁၃)စောင်မှ သေဆုံးခြင်းဆိုင်ရာ လေ့လာဆန်းစစ်မှုတွင် ပါဝင်သည့် ကိုယ်ဝန်ဆောင်မိခင် သေဆုံးမှုနှုန်း တွက်ချက်ခြင်း၊ မွေးဖွားခြင်းနှင့် လက်ထပ်ထိမ်းမြားခြင်း၊ သေဆုံးခြင်း၊ ပြောင်းရွှေ့သွားလာခြင်း နှင့် မြို့ပြ ထွန်းကားလာခြင်း၊ မသန်စွမ်းမှုတို့နှင့် သက်ဆိုင်သည့် တွက်ချက်ခြင်းဆိုင်ရာ ပညာရပ်များကို သင်တန်းပို့ချခဲ့ပါသည်၊

(ဍ) ဝန်ကြီးဌာနများနှင့်ဦးစီးဌာနများမှ တောင်းခံသည့်လူဦးရေဆိုင်ရာ စာရင်းများကို ခွင့်ပြုချက်နှင့်အညီ သတ်မှတ်ဘောင်အတွင်းမှပြုစုဆောင်ရွက်ပေးလျက်ရှိပါသည်၊

(ဎ) **၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူမှု ရလဒ်များနှင့် ပတ်သက်သည့်** တိုင်းဒေသကြီး/ပြည်နယ်အလိုက် သန်းခေါင် စာရင်းပင်မအစီရင်ခံစာ စာအုပ်များ၊ Wall Charts ၊ CD-ROMs နှင့်လက်ကမ်း စာစောင်များ ဖြန့်ဝေခဲ့ပါသည်၊

(ဒ) တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ မြို့နယ်များ၏ ရပ်ကွက်/ကျေးရွာအုပ်စု အလိုက်ကျား/မလူဦးရေစာရင်းကိုမြန်မာဘာသာဖြင့်ပြုစုပြီး Website တင်ထား ပြီး ဖြစ်ပါသည်၊

(ဎ) **၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းလုပ်ငန်း အသေးစိတ်အစီရင်ခံစာ ထုတ်ပြန်ရန်အတွက် အမေရိကန်နှင့် နယ်သာလန်နိုင်ငံ တို့မှ နည်းပညာအကူအညီများဖြင့် စာရင်းဇယားပြုစုခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။**

**နိုင်ငံခြားရေးဝန်ကြီးဌာန။** အိမ်နီးချင်းနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးစွာနေထိုင်ရေး နယ်နိမိတ် သတ်မှတ်ခြင်းများကို ဆောင်ရွက်ရန်နှင့် မိမိနိုင်ငံတော်၏အကျိုး၊ နိုင်ငံသားတို့၏ အကျိုးကို ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများအတွက် မူဝါဒများချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

(က) ပထမအကြိမ် ဂျပန်-အာဆီယံ ပေါင်းစည်းရေး ရန်ပုံငွေ၏ ကန္တာရစရီး အစီအစဉ် ကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့ပါသည်၊

(ခ) ၂၀၁၅ ခုနှစ်၊ ဇူလိုင်လနှင့် ဩဂုတ်လတို့တွင် မြန်မာနိုင်ငံတစ်ဝန်း ရေကြီး၊ ရေလျှံ၊ မြေပြိုမှုများကြောင့် ဘေးဒဏ်သင့်ဒေသများကို ကယ်ဆယ်ရေး၊ ပြန်လည် ထူထောင်ရေးလုပ်ငန်းများအတွက် နိုင်ငံတကာဆက်ဆံရေး ကော်မတီအနေဖြင့် တာဝန်ယူ ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံသို့ နိုင်ငံတကာ အဖွဲ့အစည်း များ၊ အလှူရှင်နိုင်ငံများမှ ပေးအပ်သည့် အလှူငွေများ၊ ကယ်ဆယ်ရေးပစ္စည်းများ ကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြခြင်း၊

သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ဆက်သွယ်ညှိနှိုင်း ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက် ရှိပါသည်၊

(ဂ) မူဆယ်ခရိုင်၊ နမ့်ခမ်းမြို့နယ်အတွင်း မြန်မာ-တရုတ် နယ်နိမိတ်ထိစပ်နေသည့် နေရာတွင် နှစ်ဖက်ဒေသခံများ သဘောထားကွဲလွဲနေသည့်ကိစ္စ၊ မြန်မာ-ထိုင်း နယ်နိမိတ် ထိစပ်လျက်ရှိသည့် ကန်ကရာချန် သစ်တောဒေသကို ထိုင်းနိုင်ငံမှ ယူနက်စကို သဘာဝကမ္ဘာ့အမွေအနှစ်စာရင်းသို့ တင်သွင်းမည့်ကိစ္စ၊ မြန်မာ-အိန္ဒိယ နယ်နိမိတ်အကြားအဆောက်အဦများ ကျူးကျော်တည်ဆောက်မှုများကိစ္စ၊ ကျေးရွာသစ် တည်ဆောက်နေမှုကိစ္စ၊ တီအိုချောင်းမူလရေစီးကြောင်း ပြန်လည် တူးဖော်ရန် ကိစ္စများကို ဖြေရှင်းဆွေးနွေး ဆောင်ရွက်လျက် ရှိပါသည်၊

(ဃ) ဘင်းမ်စတက်နည်းပညာ လွှဲပြောင်းဖလှယ်ရေးဆိုင်ရာ ထောက်ပံ့ရေး အဖွဲ့အစည်း တစ်ရပ်ထူထောင်နိုင်ရေး အစည်းအဝေးကို သီရိလင်္ကာနိုင်ငံ၊ ကိုလံဘိုမြို့၌ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ (၂၅-၂၆) ရက်နေ့များတွင် ကျင်းပပြုလုပ်ခဲ့ပြီး၊ ဘင်းမ်စတက် နည်းပညာလွှဲပြောင်းဖလှယ်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို အပြီးသတ် လက်မှတ်ရေးထိုးနိုင်ရေး၊ နည်းပညာလွှဲပြောင်း ဖလှယ်ရေး အဆောက်အဦ တည်ဆောက်ရေးဆိုင်ရာ ကိစ္စများအတွက် ဘတ်ဂျတ်ကိစ္စတို့ကို ဆွေးနွေးခဲ့ပါ သည်၊

(င) အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့၌ ၂၀၁၅ ခုနှစ်၊ ဇွန်လ (၈)ရက်နေ့မှ (၁၀) ရက်နေ့အထိ ကျင်းပပြုလုပ်သည့် ကုလသမဂ္ဂ စီးပွားရေးနှင့်လူမှုရေး ကောင်စီ၏ ပံ့ပိုးမှုပေါင်း ညှိနှိုင်းရေးနှင့်စီမံခန့်ခွဲမှု အစည်းအဝေးတွင် ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်မှု များကို အစီရင်ခံ တင်ပြခဲ့ပါသည်။ အစီရင်ခံစာတွင် ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံ စာရင်းမှ လွတ်မြောက်နိုင်မှုအခြေအနေကို သုံးနှစ်တစ်ကြိမ် ပြန်လည်သုံးသပ်မှု အစီအစဉ်အရ ၂၀၁၅ ခုနှစ် သုံးသပ်ချက်ကို ဆွေးနွေးခဲ့ရာ မြန်မာနိုင်ငံအနေဖြင့် ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံအဖြစ်မှ လွတ်မြောက်ရန် အလားအလာရှိသော နိုင်ငံ တစ်နိုင်ငံအဖြစ် ပြန်လည် သုံးသပ်ပေးရန် ကုလသမဂ္ဂက လက်ခံခဲ့ပါသည်။ ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံအဖြစ်မှ လွတ်မြောက်ရန် သတ်မှတ်စံနှုန်းသုံးခုနှင့် စပ်လျဉ်း၍ တိုးတက်မှုများ သိသာစွာရရှိလျက်ရှိကြောင်း၊ လူသားအရင်းအနှီး ညွှန်းကိန်းတွင် သတ်မှတ်စံနှုန်း ပြည့်မီခဲ့ပြီး အမျိုးသားထုတ်ကုန် ညွှန်းကိန်းနှင့် စီးပွားရေး ထိခိုက်နစ်နာလွယ်မှုညွှန်းကိန်းတွင် စံနှုန်းပြည့်မီရန် အလွန်နီးကပ်

လျက်ရှိကြောင်း၊ လက်ရှိစီးပွားရေးကို ထိန်းသိမ်းဆောင်ရွက်သွားပါက ၂၀၁၈ခုနှစ် သုံးသပ်မှုတွင် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံစာရင်းမှ လွတ်မြောက်ရန် ပထမဦးဆုံးအကြိမ် အရည်အချင်း ပြည့်မီမည်ဟု ဆွေးနွေးခဲ့ပါသည်၊

(စ) ပြည်ပတွင်ရောက်ရှိနေသည့် မြန်မာနိုင်ငံသားဟောင်းများ မြန်မာနိုင်ငံသားအဖြစ် ပြန်လည်ခံယူခွင့်ပြုပါရန် လျှောက်ထားသည့် ကိစ္စနှင့်ပတ်သက်၍ ပြည်ထောင်စု အစိုးရအဖွဲ့၏ ခွင့်ပြုချက်ရရှိပြီးသူ ၁၄ ဦး ကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာနနှင့်လည်းကောင်း၊ သက်ဆိုင်ရာ မြန်မာသံရုံးများနှင့် ညှိနှိုင်း၍ မြန်မာနိုင်ငံသို့ ပြန်လာနိုင်ရေးနှင့် မြန်မာနိုင်ငံအတွင်း နိုင်ငံသား ကတ်တစ်မျိုးမျိုး ထုတ်ပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးခဲ့ပါသည်၊

(ဆ) မြန်မာ့ပိုင်နက် ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေသစ်(မူကြမ်း) ရေးဆွဲရေး အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ ညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခဲ့ပါသည်၊

(ဇ) မြန်မာနိုင်ငံသို့ ကမ်းလှမ်းလာသည့် ဘရူနိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံတို့မှ ပညာသင် ဆုများ၊ ၂၀၁၅ ခုနှစ်၊ အပြည်ပြည် ဆိုင်ရာ တက္ကသိုလ်ကျောင်းသား/ ကျောင်းသူများ ၏ Summer Camp အစီအစဉ်များ၊ Korea Development Institute (KDI) School of Public Policy and Management မှ ကမ်းလှမ်းလာသည့် ပညာသင်ဆုကိစ္စများကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးမှ တက်ရောက်နိုင်ရေးအတွက် ညှိနှိုင်း ဆောင်ရွက်ခဲ့ပါသည်။

**အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန။** နိုင်ငံတော်နှင့် ပြည်သူတို့၏ လူမှုစီးပွား လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ချမှတ်ထားသော မူဝါဒများ၊ ရည်မှန်းချက်များနှင့် လုပ်ငန်းစဉ်များကို ဦးတည်ဆောင်ရွက်လျက်ရှိပါသည်-

(က) ပြည်ပမှ ငွေကြေးအကူအညီ အထောက်အပံ့ရယူမှု ကိစ္စရပ်များတွင် တည်ဆဲ ဥပဒေများ၊ မူဝါဒ စည်းမျဉ်းများနှင့် ကိုက်ညီစေရန် စိစစ်ခြင်း၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းအစီအစဉ်များကို အခါအားလျော်စွာ သုံးသပ်ခြင်း၊ INGO၊ NGO အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သည့် လုပ်ငန်းများအပေါ် ကြီးကြပ်ခြင်းတို့ ဆောင်ရွက် ခဲ့ပါသည်၊

(ခ) ဒေသအလိုက် နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများအတွက် အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာ ၁ ခု၊ စာလွှာ ၁ ခု၊ သဘောတူစာချုပ် ၂ ခု၊ နားလည်မှုစာချွန်လွှာ ၁ ခုနှင့် မူဘောင်သဘောတူစာချုပ် ၁ ခု တို့ကို လက်မှတ်ရေးထိုးခဲ့ပါသည်၊

(ဂ) ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ၏ ချေးငွေဖြင့် ဆောင်ရွက်မည့် ၂၃ဂ ကေဗွီ စီမံကိန်းများအတွက် ချေးငွေရရှိရန် ပြည်ထောင်စုလွှတ်တော်၏အတည်ပြုချက် ရယူနိုင်ရေးအတွက် ဆောင်ရွက်ခဲ့ပါသည်၊

(ဃ) ၂၀၁၅ ခုနှစ် ဩဂုတ်လ (၁၄) ရက်နေ့တွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ရေဘေးသင့်ပြည်သူများပြန်လည်ထူထောင်ရေးနှင့် စပ်လျဉ်းသည့် အစည်းအဝေးကို ကျင်းပပြုလုပ်ခဲ့ပါသည်၊

(င) (၂/၄၆) ကြိမ်မြောက် အာဆီယံအဆင့်မြင့် စီးပွားရေးအရာရှိများ၏ အစည်းအဝေးနှင့် ဆက်စပ် ညှိနှိုင်းအစည်းအဝေးတို့တွင် ASEAN-China FTA နှင့် ပတ်သက်၍ မြန်မာနိုင်ငံမှ ဆောင်ရွက်ရန်ရှိသည့် Myanmar's Sensitive List in ACFTA for wish List (HS 2012/ 10 digit) ကိစ္စကို သက်ဆိုင်ရာဌာနများနှင့် ဆွေးနွေးဆောင်ရွက်ခဲ့ပါသည်၊

(စ) Regional Development Project for Poverty Reduction Phase I (2) စီမံကိန်းနှင့် ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့ပါသည်၊

(ဆ) နိုင်ငံခြားပညာသင်ကိစ္စများအတွက် နိုင်ငံခြားပညာတော်သင် စိစစ်ရွေးချယ်စေလွှတ်ရေး ကော်မတီသို့ ပညာသင်ဆု ၁,၁၆၈ ဆုအတွက် အမှာစာ ၁၇၉ စောင် တင်ပြခဲ့ပါသည်။ ပြည်တွင်း၌ ကျင်းပပြုလုပ်သည့် သင်တန်း၊ ဆွေးနွေးပွဲ၊ အစည်းအဝေး များသို့ အရာထမ်း ၂၈ ဦး၊ အမှုထမ်း ၉ ဦးနှင့် ပြည်ပနိုင်ငံများတွင် ကျင်းပပြုလုပ်ခဲ့သည့် သင်တန်း၊ ဆွေးနွေးပွဲ၊ အစည်းအဝေးများသို့ အရာထမ်း ၄၁ ဦး၊ အမှုထမ်း ၄ ဦး စုစုပေါင်း ၈၂ ဦး တက်ရောက်ခဲ့ပါသည်၊

(ဇ) ကုမ္ပဏီများ မှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်း၍ မြန်မာကုမ္ပဏီ ၃,၃၄၈ ခုနှင့် အများပိုင်ကုမ္ပဏီ ၁၅ ခု၊ စုစုပေါင်း ၃,၃၆၃ ခု ကို ဖွဲ့စည်းမှတ်ပုံတင်ခွင့် ပြုခဲ့ပါသည်။ နိုင်ငံခြားကုမ္ပဏီ ၆၁၈ ခု၊ ဖက်စပ်ကုမ္ပဏီ ၂ ခုနှင့် အသင်း ၁၀ သင်း

တို့ကို ဖွဲ့စည်းမှတ်ပုံတင် ပေးနိုင်ခဲ့ပါသည်။ မြန်မာကုမ္ပဏီ ၃,၅၁၂ ခု၊ နိုင်ငံခြားကုမ္ပဏီ ၁၈၂ ခုတို့ကို ငါးနှစ်သက်တမ်းတိုးပေးခဲ့ပါသည်၊

(ဈ) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ အဆိုပြုချက် ၆၃ ခု၊ မြန်မာ နိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ အဆိုပြုချက် ၃၃ ခု၊ ကော်မရှင်ခွင့်ပြုမိန့်ရပြီး လုပ်ငန်းများ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာ တင်ပြချက် ၁၀၂ ခု၊ မြန်မာနိုင်ငံ သားများ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ တင်ပြချက် ၄၃ ခု၊ အထွေထွေတင်ပြချက် ၆၀ ခု နှင့် စားပွဲတင်တင်ပြချက် ၇၅ ခု တို့ကို ဆောင်ရွက်ခဲ့ပါသည်၊

(ည) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကဏ္ဍ ၁၂ ခုတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၀၂ ခု၊ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၃,၄၉၆.၅၃၈ သန်း ခွင့်ပြုမိန့်ထုတ်ပေးခဲ့ပါသည်။ စွမ်းအင်ကဏ္ဍ၌ အမေရိကန်ဒေါ်လာ ၂,၁၉၉.၂၉၃ သန်းဖြင့် ရင်းနှီးမြှုပ်နှံမှုအများဆုံး ဝင်ရောက်ခဲ့ပါသည်။ စက်မှုကဏ္ဍတွင် လုပ်ငန်း ၇၂ ခု အမေရိကန်ဒေါ်လာ ၅၇၈.၅၉၉ သန်းဖြင့် ဒုတိယအများဆုံး ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်ခဲ့ပါသည်၊

(ဋ) မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ၁၁ ခုတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၄၇ ခု စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏ ကျပ် ၆၇၄,၉၁၁.၉၈၉ သန်း အတွက် ခွင့်ပြုမိန့်ထုတ်ပေးခဲ့ပါသည်။ အခြားကဏ္ဍတွင် လုပ်ငန်း ၃ ခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏ ကျပ် ၁၅၀,၀၉၃.၂၀၀ သန်းဖြင့် အများဆုံး ခွင့်ပြုမိန့် ထုတ်ပေးခဲ့ပြီး ဟိုတယ်နှင့် ခရီးသွားလာရေးတွင် လုပ်ငန်း ၁၁ ခု အတွက် ရင်းနှီးမြှုပ်နှံမှုပမာဏ ကျပ် ၁၄၉,၄၉၅.၈၀၀ သန်း ခွင့်ပြုပေးခဲ့ပါသည်၊

(ဌ) အထူးစီးပွားရေးဇုန် လုပ်ငန်းများ အနေဖြင့် အောက်ဖော်ပြပါ လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်-

(၁) ထားဝယ်အထူးစီးပွားရေးဇုန် လုပ်ငန်းများအနေဖြင့် အလုပ်သမား ကိစ္စနှင့် ပတ်သက်၍ ILO ရုံးခွဲ ရန်ကုန်မြို့ရှိ ILO Liaison Officer၊ Deputy Liaison Officer၊ Piyamal Pichai Wongse နှင့် အဖွဲ့အား လည်းကောင်း၊ ခာတ်ငွေ့အခြေခံကိစ္စနှင့် ပတ်သက်၍ ဂျပန်နိုင်ငံမှ အမှုဆောင်အရာရှိ ကိုယ်စားလှယ်အဖွဲ့နှင့် Mitsui Co.,Ltd. အား လည်းကောင်း၊ ရင်းနှီးမြှုပ်နှံခြင်းနှင့် ပတ်သက်၍ ဂျပန်နိုင်ငံ IHI Asia Pacific PTE.ITD Co., Ltd. နှင့်လည်းကောင်း တွေ့ဆုံညှိနှိုင်းခဲ့ပါသည်၊

(၂) ၂၀၁၅ ခုနှစ် ဇွန်လ ၁ ရက်နေ့တွင် ပို့ဆောင်ရေးဝန်ကြီးဌာန နေပြည်တော်၌ ထားဝယ်အထူး စီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီသည် ထားဝယ်အထူးစီးပွားရေးဇုန်မှ မြန်မာ-ထိုင်း နယ်စပ်သို့ ဆက်သွယ်ဖောက်လုပ်မည့် ၂ လမ်းသွားကားလမ်းလုပ်ငန်းအတွက် ထိုင်းနိုင်ငံမှ Offical Financial Assistance ချေးငွေပေးရန် ကမ်းလှမ်းလာသည့် ကိစ္စနှင့် စပ်လျဉ်း၍ အစည်းအဝေး ကျင်းပပြုလုပ်ခဲ့ပါသည်၊

(၃) သီလဝါ အထူးစီးပွားရေး ဇုန်အတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ဆောင်ရွက်ရန် စီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင်များနှင့် Bangladesh - Myanmar Chamber of Commerce & Industry တို့ တွေ့ဆုံ ဆွေးနွေးခဲ့ပါသည်၊

(၄) သီလဝါအထူးစီးပွားရေးဇုန် အနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဧပြီလမှ စက်တင်ဘာလ အထိ နိုင်ငံခြားသားပညာရှင် ကျား ၁၁၅ ဦး၊ မ ၂၃ ဦး၊ စုစုပေါင်း ၁၃၈ ဦးအား ခန့်ထားခွင့်၊ နေထိုင်ခွင့်နှင့် အကြိမ်ကြိမ် ပြည်ပြန်ဝင်ခွင့် ဗီဇာခွင့်ပြုခဲ့ပါသည်၊

(၅) သီလဝါ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ ဝန်ထမ်းများကို ဌာနတွင်း အင်္ဂလိပ်စာသင်တန်းကို ၂၀၁၅ခုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင် စတင်ဖွင့်လှစ် ပေးခဲ့ပါသည်၊

(၆) သီလဝါအထူးစီးပွားရေးဇုန်အနေဖြင့် နိုင်ငံတကာနှင့်အညီ (၁၅-၇-၂၀၁၅) နေ့မှ စတင်၍ Front Office ဖွင့်လှစ်ပြီး လုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ပါသည်၊

(၇) ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီသည် ရေနက်ဆိပ်ကမ်း၏ Financial Model ပိုင်းဆိုင်ရာနှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ ကုမ္ပဏီဖွဲ့စည်းခြင်း အစည်းအဝေးကို ကျင်းပပြုလုပ်ခဲ့ပါသည်။

(၃) အစီရင်ခံသည့်ကာလအတွင်း တရားရုံးများ၊ အကောက်ခွန်ဦးစီးဌာနနှင့် ဌာနဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့မှ ဖမ်းဆီးရမိ၍ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသည့် မော်တော်ယာဉ် ၄၈၈ စီးနှင့် မော်တော်ဆိုင်ကယ် ၁၆၉၁ စီး၊ ထော်လာဂျီ ၂၀ စီး၊ အခြားပစ္စည်း ၃ မျိုး နှင့် ယန္တရား ၃ စီး တို့ကို နိုင်ငံပိုင်စာရင်းရေးသွင်းနိုင်ရေး ဆောင်ရွက်ခဲ့ပြီး သံရည်ကျိုဖျက်ဆီးရန်အတွက် မော်တော်ယာဉ် ၂၀၁ စီး၊ မော်တော်ဆိုင်ကယ် ၁၃၉၂ စီး၊ အခြားပစ္စည်း ၃ မျိုးနှင့်

ထော်လာဂျီ ၁၈ စီး တို့ကို မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်းသို့ အပ်နှံနိုင်ရေး ဆောင်ရွက်ခဲ့ပါသည်၊

(ဃ) မြန်မာနိုင်ငံ တိုင်းဒေသကြီး/ပြည်နယ်အချို့ရှိ မြို့နယ် ၁၄ မြို့နယ်တွင် အောက်ခြေမှ စတင်ပါဝင်ရေးဆွဲသော စီမံကိန်းလုပ်ငန်းစဉ် အကောင်အထည် ဖော်ရေးအတွက် အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန စီမံကိန်းရေးဆွဲရေးဦးစီးဌာန နှင့် Action Aid တို့အကြား ချုပ်ဆိုမည့် အကူအညီ ပေးရေးဆိုင်ရာ စာချွန်လွှာ(မူကြမ်း)ပါ စီမံချက်အား သဘောတူခွင့်ပြုနိုင်ပါရန် နိုင်ငံခြားအကူအညီ အထောက်အပံ့ စီမံခန့်ခွဲရေးလုပ်ငန်းကော်မတီသို့ တင်ပြ ခဲ့ပါသည်၊

(ဏ) နယ်မြေဒေသဖွံ့ဖြိုးမှုစီမံကိန်း (Spatial Development Plan) ရေးဆွဲရန် နိုင်ငံတကာမှ ရေးဆွဲထားသည့် Spatial Plan ကိုလေ့လာခြင်း၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ် ဝန်ကြီးများနှင့် စည်းဝေးညှိနှိုင်းခြင်းတို့ကို ဆောင်ရွက် ခဲ့ပါသည်၊

(တ) JICA ၏ မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိ တိုင်းရင်းသားများအား ထောက်ပံ့ ကူညီရေး၊ ဘက်စုံဒေသန္တရဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် လုပ်ငန်းစီမံကိန်း ကြားဖြတ်အစီရင်ခံစာပါအချက်များအား စီမံကိန်းရေးဆွဲရေးဦးစီးဌာန၏ NCDP, RCDP များနှင့် တိုက်ဆိုင်ညှိနှိုင်း လေ့လာသုံးသပ်ပြီး မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့၏ ကဏ္ဍကြီးများနှင့် ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှု ပါဝင်မှုရာခိုင်နှုန်း ကွဲလွဲချက်များကို ပြုစုပြီး စိစစ်တင်ပြခဲ့ပါသည်၊

(ထ) စီမံကိန်းရေးဆွဲရေးဦးစီးဌာနအနေဖြင့် အမျိုးသားစာရင်းအင်းစနစ်ကို SNA 1993/ 2008 သို့ ပြောင်းလဲတွက်ချက်ရာတွင် နည်းစနစ်များ၊ စာရင်းဇယားများ ရယူစုစည်းခြင်း၊ လိုအပ်သည့် စစ်တမ်းကောက်ယူခြင်းတို့အတွက် ကိုရီးယားနိုင်ငံ KOICA မှ ကျွမ်းကျင်ပညာရှင်နှင့် ADB မှ ကျွမ်းကျင်သူ အကြံပေးပုဂ္ဂိုလ် တို့သည် နည်းပညာ အကူအညီပေးလျက်ရှိပါသည်။ နိုင်ငံခြားပညာရှင်များသည် သက်ဆိုင်ရာဝန်ကြီးဌာန ၁၀ ခုသို့ တာဝန်ရှိသူများနှင့်အတူ သွားရောက်ခဲ့ပြီး၊ အမျိုးသားစာရင်းအင်းစနစ် ပြောင်းလဲရာတွင် လိုအပ်သည့် ကိန်းဂဏန်း အချက်အလက်များနှင့် ပတ်သက်၍ ဆွေးနွေးညှိနှိုင်းခြင်း ဆောင်ရွက်ခဲ့ပါသည်၊

(ဒ) စီမံကိန်းရေးဆွဲရေးဦးစီးဌာနနှင့် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) တို့ပူးပေါင်း၍ အမျိုးသားစာရင်းအင်းစနစ်ကို SNA 1993/2008 အတွက် လိုအပ်သော

စာရင်းအင်းအချက်အလက်များကို သတင်းပေးသည့် အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးဌာနများမှ အရာထမ်း အမှုထမ်းများ တက်ရောက်ခဲ့ပါသည်၊

(ဓ) ဒုတိယ (၅) နှစ်စီမံကိန်းရေးဆွဲရာတွင် ပြည်သူ့လိုအပ်ချက်ဆန်းစစ်ခြင်း မေးခွန်းလွှာအတွက် လိုအပ်သော Data Entry Program ရေးဆွဲခြင်းကို ဆောင်ရွက်ခဲ့ပါသည်၊

(န) Statistical Yearbook 2015 နှင့် နိုင်ငံတကာစာရင်းအင်းစာစောင်တို့တွင် ထည့်သွင်းဖော်ပြနိုင်ရန်အတွက် လူဦးရေ၊ ပညာရေး၊ ကျန်းမာရေး၊ ပြစ်မှု၊ အခြားလူမှုရေး အချက်အလက်များ၊ ကမ္ဘာလုည့်ခရီးသည်၊ လုပ်သားနှင့်အလုပ်အကိုင်ရရှိမှု၊ လူထုဆက်သွယ်ရေးစသည့် စာရင်းအင်းများကို တောင်းခံခြင်းနှင့် ပေးပို့လာသော စာရင်းများကို စုစည်း၊ စစ်ဆေး၊ ဖြည့်သွင်းခြင်းများကို ဆောင်ရွက်ခဲ့ပါသည်၊

(ပ) ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆိုင်ရာ စစ်တမ်းလုပ်ငန်းများ၊ လူ့စွမ်းအားမြှင့်တင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိသည့် အချက်အလက်များအား သက်ဆိုင်ရာဌာနများသို့ ပေးပို့ခြင်းနှင့် ပြန်လည်ပေးပို့လာသော အချက်အလက်များကို စုစည်းဆောင်ရွက်ခဲ့ပါသည်၊

(ဖ) နိုင်ငံတကာ စာရင်းအင်းစာစောင်များဖြစ်သော ASEAN Yearbook, Key Indicators for Asia and The Pacific, UN Yearbook နှင့် World Health Statistics တို့တွင် ထည့်သွင်းဖော်ပြရန် စာရင်းအင်းများကို ပြုစုပေးပို့ခဲ့ပါသည်၊

(ဗ) မြန်မာနိုင်ငံ ပို့ကုန်၊ သွင်းကုန် ကိန်းဂဏန်း အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိစေရေးအတွက် Eurotrace (International Merchandise Trade Statistics - IMTS) သင်တန်းကို ဥရောပသမဂ္ဂ (EU) ကျွမ်းကျင်ပညာရှင်များမှ ဆွေးနွေးပို့ချပေးခဲ့ပါသည်၊

(ဘ) မှတ်တမ်းဖလှယ်ခြင်း အစီအစဉ်အရ ပညာရေးဝန်ကြီးဌာန၊ တက္ကသိုလ်များဗဟိုစာကြည့်တိုက်မှ သူရိယသတင်းစာ (Microfilm) များအား ငှားရမ်း၍ Microfilm မှ Digitization သို့ ကူးပြောင်းရယူ သိမ်းဆည်းခြင်း ဆောင်ရွက်ခဲ့ပါသည်။

**ပညာရေးဝန်ကြီးဌာန။** ပညာရေးဝန်ကြီးဌာန၏ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုမှာ အောက်ပါ အတိုင်းဖြစ်ပါသည်-

(က) ၂၀၁၅ ခုနှစ် အခြေခံစာတတ်မြောက်ရေးလုပ်ငန်း လှုပ်ရှားမှုကို ကျွန်းစုမြို့နယ်၊ ညောင်ရွှေမြို့နယ်၊ သံဖြူဇရပ်မြို့နယ်၊ တောင်ကြီးမြို့နယ်နှင့် ဟသ်ာတမြို့နယ် တို့တွင် ကျင်းပခဲ့ပြီး နယ်စပ်ဒေသတွင် ၈,၅၁၉ ဦးအား သင်တန်းပေးနိုင်ခဲ့ ပါသည်၊

(ခ) ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် ထူးချွန်ကျောင်းသားပညာသင်ဆု အလယ် တန်းအဆင့် ၉၉၇ ဦး၊ အထက်တန်းအဆင့် ၄၀၄ ဦး၊ စုစုပေါင်း ၁,၄၀၁ ဦး နှင့် နွမ်းပါးကလေးများ ပညာသင်ထောက်ပံ့ကြေး မူလတန်းအဆင့် ၁၀,၀၁၀ ဦး၊ အလယ်တန်းအဆင့် ၄,၀၀၈ ဦး၊ အထက်တန်းအဆင့် ၂၀၀၄ ဦး ၊ စုစုပေါင်း ၁၆,၀၂၂ ဦးတို့အား ချီးမြှင့်ပေးခဲ့ပါသည်၊

(ဂ) ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ပုဂ္ဂလိကကျောင်း ၃၁၈ ကျောင်းကို ၁၅-၅-၂၀၁၅ ရက်နေ့တွင် ဖွင့်လှစ်ခွင့်ပြုခဲ့ပါသည်၊

(ဃ) ယူနီဆက်နှင့် ပူးပေါင်း၍ ကျောင်းအုပ်ကြီးများ စွမ်းဆောင်ရည်မြင့်မားရေး သင်တန်း၊ အလယ်တန်း နှင့် အထက်တန်းပြ ဆရာ/ဆရာမ (Grade9, 10, 11) များအတွက် ဘဝတွက်တာသင်တန်း၊ Child Friendly School-CFS ဗဟို နည်းပြနှင့် မြို့နယ်အဆင့်နည်းပြသင်တန်းတို့ကို ဖွင့်လှစ်ခဲ့ပြီး ကလေးပျော်ကျောင်း သင်တန်းလက်စွဲများ ပြန်လည်မွမ်းမံပြင်ဆင်ခြင်းကို ဆောင်ရွက်ခဲ့ပါသည်၊

(င) အင်္ဂလိပ်စာဆရာ၊ ဆရာမများ အရည်အသွေးမြင့်မားရေးအတွက် Coral Haddaway (Senior English Language Fellow Department of State USA) မှ Work shop on Teaching Literature ကို ကျင်းပခဲ့ပါသည်၊

(စ) Japan International Cooperation Agency (JICA) နှင့် ပူးပေါင်း၍ မူလတန်းသင်ရိုးညွှန်းတမ်း ရေးဆွဲအကောင်အထည်ဖော်ခြင်း လုပ်ငန်းဆိုင်ရာ Curriculum Assessment လုပ်ငန်းပိုင်းကို ၂၀၁၅ ခုနှစ် ဇွန်လမှစတင်၍ ဆောင်ရွက်လျက် ရှိပါသည်၊

(ဆ) အစီရင်ခံသည့်ကာလတွင်း ထိုင်းနိုင်ငံ၊ ဂျပန်နိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ နှင့်ပူးပေါင်း၍ ပညာရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာများ ကို လက်မှတ်ရေးထိုးခဲ့သည်၊

(ဈ) ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာနတွင် English Proficiency Course for Non English Specialization Teacher သင်တန်းဖွင့်လှစ်ခဲ့ပါသည်၊

(ဈ) အခြေခံပညာအုပ်ချုပ်မှုသင်တန်းကို အခြေခံပညာဦးစီးဌာန အုပ်ချုပ်မှုသင်တန်းကျောင်းတွင်လည်းကောင်း၊ ဆရာ၊ ဆရာမများအား Human Psychology ဘာသာရပ်ပို့ချခြင်းကို အမျိုးသားစီမံခန့်ခွဲမှု ပညာကောလိပ်တွင်လည်းကောင်း၊ ဧည့်လမ်းညွှန်(အခြေခံ) သင်တန်း Communication Skill ဘာသာရပ် ပို့ချခြင်းကို ရန်ကုန်ခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းကျောင်းတွင်လည်းကောင်း ဖွင့်လှစ်ခဲ့ပါသည်၊

(ည) ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အချိန်တိုအတွင်း အကဲဖြတ်ခြင်း၊ အသေးစိတ်လေ့လာဆန်းစစ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်၊

(ဋ) ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပညာရေးကဏ္ဍ စီမံကိန်းရေးဆွဲခြင်း၊ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း ရေးဆွဲခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်၊

(ဌ) သုတေသနဌာနခွဲ(အခြေခံ)၏ အစီရင်ခံသည့်ကာလအတွင်း အောက်ဖော်ပြပါ လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်-

(၁) The World Bank ၊ Australian Government Department of Foreign Affairs and Trade (DFAT) တို့နှင့် ပူးပေါင်း၍ မူလတန်းအောက်ဆင့် ရှေးဦးအတန်းငယ်များ၏ မြန်မာစာ စာဖတ်စွမ်းရည် စစ်ဆေးအကဲဖြတ်ခြင်း (Early Grade Reading Assessment) သုတေသနလုပ်ငန်း၏ Third Phase အဆင့်ကို ဆောင်ရွက်ခြင်း၊

(၂) Grade-1 ကျောင်းသားများ၏ မြန်မာစာ စာဖတ်စွမ်းရည်နှင့် စပ်လျဉ်း၍ မြန်မာစာသင်ကြားခြင်းတွင် အသုံးပြုသော သင်ပြနည်းများကို လေ့လာသုံးသပ်ခြင်းလုပ်ငန်းကို ၂၀၁၅ ခုနှစ် မေလမှ စတင်ဆောင်ရွက်ခြင်း၊

(၃) Japan International Cooperation Agency (JICA) နှင့်ပူးပေါင်း၍ မူလတန်း သင်ရိုးညွှန်းတမ်းရေးဆွဲ အကောင်အထည်ဖော်ခြင်းဆိုင်ရာ Curriculum Assessment ကို ဇွန်လမှ စတင်ဆောင်ရွက်ခြင်း၊

(၄) UNICEF – Myanmar နှင့် ပူးပေါင်း၍ School–based In-service Teacher Education Program ကို စီမံချက်မြို့နယ် ၁၃ မြို့နယ်၌ ဇူလိုင်လမှ စတင်ဆောင်ရွက်ခြင်း။

(ဥ) ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် ကျောင်းသုံးစာအုပ်များ ပုံနှိပ်ရေး ကြိုတင်ပြင်ဆင်ခြင်း၊ အသုံးလွင့်စာမူများပြုစုခြင်းနှင့် အသုံးသွင်းခြင်း၊ ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ တွဲဖက်သင်ရိုးဝင် ဆရာလက်စွဲများ ပြန်လည်ထုတ်ဝေရန် ပြင်ဆင်ခြင်း၊ ဘာသာရပ်အလိုက် သင်ရိုးညွှန်းတမ်း အညွှန်းဘောင်ရေးဆွဲရေး ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်၊

(ဗ) ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် မူလတန်းသင်ခန်းစာ ၁၄ ခု၊ အလယ်တန်းသင်ခန်းစာ ၁၂ ခု နှင့် အထက်တန်းသင်ခန်းစာ ၄၅ ခု၊ ပညာရေးဘွဲ့စာပေးစာယူသင်တန်းဆိုင်ရာ သင်ခန်းစာ ၂ ခုနှင့် ပညာရေးအကောင်အထည်ဖော်မှုဆိုင်ရာ လမ်းညွှန်ချက်များ (အထူးအစီအစဉ်) ၆ ခု၊ စုစုပေါင်း ၇၉ ခုကို ထုတ်လွှင့်ပေးခဲ့ပါသည်၊

(ဏ) ၂၀၁၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲမှစ၍ နေပြည်တော်ကောင်စီနယ်မြေတွင် စာစစ်ဌာနအသစ် ၃ ခု၊ အခြေခံပညာဦးစီးဌာနမှ စာစစ်ဌာနအသစ် ဖွင့်လှစ်ခွင့်တောင်းခံသည့်စာစစ်ဌာန ၈၂ ခု၊ စုစုပေါင်း စာစစ်ဌာနအသစ် ၈၅ ခု တို့အားဖွင့်လှစ်ခဲ့ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန။** ကျန်းမာရေးဝန်ကြီးဌာန၏ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အစီရင်ခံသည့်ကာလအတွင်း အောက်ပါ ဥပဒေများကို ပြဋ္ဌာန်းခဲ့ပါသည်-

(၁) မြန်မာနိုင်ငံ ဆေးကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၊ ၂၆ ဖြင့် ၁၀-၄-၂၀၁၅ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပါသည်၊

(၂) မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၊ ၂၇ ဖြင့် ၁၉-၅-၂၀၁၅ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပါသည်၊

(၃) မြန်မာနိုင်ငံ ကြက်ခြေနီဥပဒေအား ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်၊ ၁၃၀ ဖြင့် ၂၆-၈-၂၀၁၅ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပါသည်။

(ခ) အစီရင်ခံသည့်ကာလအတွင်း ဆေးရုံသစ် ၅၆ ရုံ၊ တိုက်နယ် ဆေးရုံအသစ် ၅၅ ရုံ၊ တိုင်းရင်းဆေးရုံအသစ် ၁၃ ရုံ၊ စံကိုက် ဖွဲ့စည်းပုံပြင်ဆင်ခြင်း ၃၁ ရုံ၊ ဆေးရုံခုတင်အဆင့်တိုးမြှင့်ခြင်း ၃၃ ရုံ၊ တိုင်းရင်းဆေးရုံအဆင့်တိုးမြှင့်ခြင်း ၅ ရုံ၊ မြို့နယ်တိုင်းရင်းဆေးကုဌာန ၁၃ ဌာန၊ ကျေးလက်ကျန်းမာရေးဌာန ၄၂ ဌာနနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၁၅၀ ဌာန၊ မိခင်နှင့်ကလေးကျန်းမာရေးဌာန ၁ ဌာနတို့ ဖွင့်လှစ်ရန် ဆောင်ရွက်ခဲ့ပါသည်၊

(ဂ) အစီရင်ခံသည့်ကာလအတွင်း အောက်ပါအတိုင်း ကွင်းဆင်းဆောင်ရွက်ခဲ့ပါသည်-

(၁) ရန်ကုန်တိုင်းဒေသကြီးတွင် ကြက်ငှက်တုပ်ကွေး ရောဂါဖြစ်ပွားမှု၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် နေပြည်တော်ကောင်စီနယ်မြေတို့တွင် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှု၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် (၈)မြို့နယ်တွင် ဂျပန်ဦးနှောက်အမြေးရောင်ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်းဆောင်ရွက်မှု၊ လှိုင်လင်မြို့နယ် ဆမ်ဆန်ကျေးရွာ၊ ကျိုက်မရောမြို့နယ် ဖာသိမ်ရွာသစ် ကုန်းကျေးရွာတို့တွင် သံသယဆုံဆို့နာ ရောဂါဖြစ်ပွားမှု၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုတို့နှင့် ပတ်သက်၍ ကွင်းဆင်းဆောင်ရွက်ခဲ့ပါသည်၊

(၂) ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ ဝေ့ရှမ်းကျေးလက်ကျန်းမာရေးဌာန၊ ရွှေကုက္ကို ကျေးလက်ကျန်းမာရေးဌာနခွဲ၊ ထီးကော်ထောကျေးရွာအနီး ဆုံဆို့နာရောဂါဖြစ်ပွားမှုတို့ကို ကွင်းဆင်းဆောင်ရွက်ခဲ့ပါသည်။

(ဃ) ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများအနေဖြင့် ကျန်းမာရေးအဆင့်မြှင့်တင်ရေး၊ မိခင်နှင့်မျိုးဆက်ပွားကျန်းမာရေး၊ ကလေးကျန်းမာဖွံ့ဖြိုးရေးစီမံချက်၊ ကျောင်းကျန်းမာရေး လုပ်ရှားမှုအနေဖြင့် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ **အစည်းအဝေး/ဆွေးနွေးပွဲများ၊ သင်တန်းများနှင့် ကွင်းဆင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်၊**

(င) လုပ်ငန်းခွင်ကျန်းမာရေးဌာနခွဲ ဓာတ်ခွဲခန်းမှ ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုအမျိုးပေါင်း ၃၈ မျိုးတို့အတွက် စစ်ဆေးမှုပေါင်း ၁,၂၀၂ ခုကို ဆောင်ရွက်ခဲ့ပြီး သင်တန်း ၇ ကြိမ်၊ ကွင်းဆင်းဆောင်ရွက်ခြင်း ၁၀ ကြိမ် နှင့် ပတ်ဝန်းကျင်သန့်ရှင်းမှုဆိုင်ရာဌာနခွဲမှ အစည်းအဝေး/ဆွေးနွေးပွဲ ၄ ကြိမ်၊ သင်တန်း ၈ ကြိမ်၊ ကွင်းဆင်း ၁၉ ကြိမ်တို့ကို ဆောင်ရွက်ခဲ့ပါသည်၊

(စ) ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများအနေဖြင့် ငှက်ဖျားရောဂါလူနာ ၇၀,၇၆၁ ဦး၊ ပြင်ပလူနာ ၆၅,၇၆၆ ဦး၊ အတွင်းလူနာ ၄,၉၉၅ ဦး၊ (RDT/ Microscope) ဖြင့် သွေးစစ်ဆေးပေးသူလူနာ ၃၈၄,၃၃၀ ဦး အနက်မှ ရောဂါပိုးတွေ့ရှိသူ ၇၀,၇၆၁ ဦးကို ကုသပေးနိုင်ခဲ့ပါသည်၊

(ဆ) သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ခြင်း လုပ်ငန်းအနေဖြင့် မြို့နယ် ၁,၂၅၇၊ ရပ်ကွက်/ကျေးရွာ ၅,၉၃၈၊ အိမ်ခြေ/ကျောင်း ၄၂၉,၆၅၆ ခုတို့ကို ဆေးမှုတ်ဆောင်ရွက်ခဲ့ပြီး ၄,၀၇၅ ဦးတို့ကို ကာကွယ်ပေးနိုင်ခဲ့သည့်အပြင် ၂,၂၄၆,၃၃၄ ဦးအား ကျန်းမာရေးပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်၊

(ဇ) အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေး စီမံကိန်းအနေဖြင့် တိုက်ရိုက်ကြည့်ရှု အချိန်တိုကုထုံး DOTS နည်းပညာဖြင့် တစ်နိုင်ငံလုံးတွင် လူဦးရေ ၁၀၀၀၀၀ လျှင် (Bact. Confirmed Cases) ၅၀ ဦး နှင့် (Total TB Cases) ၁၃၈ ဦး နှုန်းဖြင့် ကုသမှုပေးနိုင်ခဲ့ပါသည်၊

(ဈ) **အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ဆိုင်ရာ နှစ်သိမ့်ဆွေးနွေး ပညာပေးအဖွဲ့သည် လူနာပေါင်း ၁၀၆,၉၀၉ ဦးကို ဆစ်ဖလစ်ရောဂါပိုးစစ်ဆေးပေးနိုင်ပြီး ပိုးတွေ့သူ ၁,၆၈၂ ဦးတို့ကို ကုသပေးနိုင်ခဲ့ပသည်။** အစည်းအဝေး/ဆွေးနွေးပွဲ အကြိမ်၂၀၊ သင်တန်း ၂၂ ကြိမ် နှင့် ကွင်းဆင်းခြင်း ၁၁၉ ကြိမ် ဆောင်ရွက်ခဲ့ပါသည်၊

(ည) တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းစီမံချက်ကို အစည်းအဝေး/ဆွေးနွေးပွဲ ၁၀ ကြိမ်၊ ကွင်းဆင်းဆောင်ရွက်ခြင်း ၃ ကြိမ် ဆောင်ရွက်ခဲ့ပါသည်၊

(ဋ) အနာကြီးရောဂါတိုက်ဖျက်ရေးစီမံကိန်းအနေဖြင့် လက်ကျန်မှတ်ပုံတင်ဆေး ကုသသူပေါင်း ၂,၄၆၅ ဦး၊ အမ်ဒီတီဆေးပေါင်းတိုက်ကျွေးသူ လူနာပေါင်း ၂,၄၆၅ ဦး၊ လူနာသစ်ပေါင်း ၁,၃၇၉ ဦး၊ ဆေးစံနှုန်းပြည့် ဆေးစားပြီးသူ ၁,၅၅၆ ဦး တို့အား ကုသပေးနိုင်ခဲ့ပြီး အစည်းအဝေး/ဆွေးနွေးပွဲ ၇ ကြိမ်၊ သင်တန်း ၇ ကြိမ်၊ ကွင်းဆင်းဆောင်ရွက်ချက် ၂ ကြိမ် တို့ကို ဆောင်ရွက်ခဲ့ပါသည်၊

(ဌ) မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးစီမံချက်အနေဖြင့် မျက်မမြင်ကာကွယ်ကုသမှုလုပ်ငန်းမှ အကြီးစားခွဲစိတ်မှု ၅,၆၇၉ ခု၊ အသေးစားခွဲစိတ်မှု ၂,၉၉၄ ခု၊ ပြင်ပလူနာကြည့်ရှုခြင်း ၃၆,၈၄၅ ဦး၊ ကွင်းဆင်းကုသ ရွာသားပေါင်း ၃၁,၅၉၁ ဦး၊ ကုသကျောင်းသားပေါင်း ၁,၉၄၆ ဦးတို့ကို ဆောင်ရွက်ပေးခဲ့ပါသည်၊

(ဍ) ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာလုပ်ငန်းများအနေဖြင့် ကျန်းမာရေးဆိုင်ရာ ဓာတ်ခွဲစမ်းသပ်မှုပေါင်း ၉၀,၃၈၁ ခု၊ ရောဂါရှာဖွေရေးဆိုင်ရာ ဓာတ်ခွဲစမ်းသပ်မှုပေါင်း ၅၄,၉၆၇ ခု၊ ခွေးရူးရောဂါစမ်းသပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်၊

(ဎ) နယ်စပ်ဒေသကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအနေဖြင့် စောင့်ရှောက်မှု လုပ်ငန်းများအား မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) တို့တွင် ဆောင်ရွက်ခဲ့ပါသည်၊

(ဏ) အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းကုသပေးခြင်းအနေဖြင့် ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ရှမ်းပြည်နယ်(မြောက်ပိုင်း) နှင့် နေပြည်တော်ကောင်စီတို့တွင် နယ်လှည့်ကုသခြင်း၊ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ပါသည်၊

(တ) နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် မလေးရှားနိုင်ငံ၊ စင်္ကာပူနိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ ဂျပန်နိုင်ငံ တို့နှင့် ပူးပေါင်း၍ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများကို ခွဲစိတ်ကုသပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါသည်၊

(ထ) ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းလိုင်စင် လျှောက်ထားမှုများအပေါ် အထူးကု ဆေးခန်း ၅၀၁ ခန်း၊ ဆေးရုံ ၁၉၃ ရုံ၊ သားဖွားခန်း ၂၇ ခန်း၊ ရောဂါရှာဖွေရေး လုပ်ငန်း(ဓာတ်ခွဲ) ၁၆၈ ခန်း၊ ရောဂါရှာဖွေရေးလုပ်ငန်း(ဓာတ်မှန်) ၁၂၁ ခန်း၊ သူနာပြုစုရေးဂေဟာ ၁ ခု၊ ကျန်းမာရေးအကျိုးဆောင်လုပ်ငန်း ၁၃ ခု၊ အထွေထွေကျန်းမာရေးလုပ်ငန်း ၁၆ ခု၊ နယ်လှည့်ကျန်းမာရေးလုပ်ငန်း ၃ ခုတို့ကို လုပ်ငန်းလိုင်စင်(ယာယီ) ခွင့်ပြုပေးခဲ့ပါသည်၊

(ဒ) အမျိုးသားသွေးဌာနအနေဖြင့် ရန်ကုန်မြို့ပေါ်ရှိ ဆေးရုံပေါင်း ၁၁ ရုံသို့ လိုအပ် လျက်ရှိသော သွေးနှင့်သွေးပစ္စည်းများကို ထောက်ပံ့ပေးလျက်ရှိရာ သွေးယူနစ် စုစုပေါင်း ၃၀,၂၁၆ ယူနစ်ကို စုဆောင်းနိုင်ခဲ့ပါသည်၊

(ဓ) ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေး ဦးစီးဌာန၊ ဆေးတက္ကသိုလ်များနှင့် ဆေးပညာနီးနွယ်တက္ကသိုလ်များတွင် ဖွင့်လှစ် သင်ကြားလျက်ရှိသော သင်တန်းအသီးသီးတွင် MCQ ဖြင့် ဆန်းစစ်သော ဘာသာရပ်တိုင်းအား Minus system, but not carried over စနစ်ကို ၂၀၁၅ ခု၊ ပညာသင်နှစ်မှစ၍ ကျင့်သုံးရန် ဆောင်ရွက်ခဲ့ပါသည်၊

(န) ဆေးတက္ကသိုလ်များနှင့် ဆေးပညာနီးနွယ်တက္ကသိုလ်များတွင် ပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုစနစ် (Establishing Local Quality Assurance System in Medical and Allied Health Universities) ထူထောင်ရန်အတွက် Local Quality Assurance Body ဖွဲ့စည်းရန် ဆောင်ရွက်ခဲ့ပါသည်၊

(ပ) ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေး ဦးစီးဌာနနှင့် UNFPA တို့ ပူးပေါင်း၍ သူနာပြု/သားဖွားသင်တန်းကျောင်းများရှိ သင်ကြားရေးဆရာ/ဆရာမများ အတွက် "Training Workshop on Implementation of New Nursing and Midwifery Curriculum" (Emphasis on BEmOC and ENC) အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခဲ့ပါသည်၊

(ဖ) ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေး ဦးစီးဌာန Jhpiego တို့ ပူးပေါင်း၍ Clinical Standardization Skills and Master Mentor Course; Effective Training Skills and Performance Assessment Workshop ကို ကျင်းပခဲ့ပါသည်၊

(ဗ) မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီ(MNMC) နှင့် UNFPA တို့ ပူးပေါင်း၍ "Stakeholder Meeting on Development of National Midwifery Standards and Strengthening Midwifery Education" အစည်းအဝေး ကျင်းပခဲ့ပါသည်၊

(ဘ) ၂၀၁၅ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ဆေးလက်တွေ့အခြေခံပါရဂူဘွဲ့ ၅ ဦး၊ ဆေးလက်တွေ့ပါရဂူဘွဲ့ ၂၀ ဦး၊ ဒီပလိုမာဘွဲ့ ၁၃၅ ဦး၊ ဆေးပညာမဟာသိပ္ပံ ၂၁၁ ဦး မွေးထုတ်နိုင်ခဲ့ပါသည်၊

(မ) တိုင်းရင်းဆေးဖြင့် တိုင်းရင်းဆေးရုံများ၊ မြို့နယ်တိုင်းရင်းဆေးကုဌာနများတွင် လူနာပေါင်း ၇၉၅,၈၇၉ ဦး (ပြင်ပလူနာ ၅၁၉,၇၅၂ ဦး၊ အတွင်းလူနာ ၅,၅၆၃ ဦး နှင့် ကွင်းဆင်းကုသလူနာ ၂၇၀,၅၆၄ ဦး) တို့ကို ကုသမှုများ ဆောင်ရွက်ပေး ခဲ့ပါသည်၊

(ယ) တိုင်းရင်းဆေးဝါးမှတ်ပုံတင်ခြင်းအနေဖြင့် မှတ်ပုံတင်သက်တမ်းတိုးခြင်း ၇၉၇ ခု၊ ထုတ်လုပ်ခွင့်လိုင်စင် သက်တမ်းတိုး ၁၇၇ ခုနှင့် ထုတ်လုပ်ခွင့်လိုင်စင် ဖြည့်စွက် ၁၀၀ ခုတို့ကို ဆောင်ရွက်ပေးခဲ့ပါသည်၊

(ရ) ဆေးသုတေသနဦးစီးဌာနအနေဖြင့် သုတေသနလုပ်ငန်း ၁၉ ခု ဆောင်ရွက်ခဲ့ပါသည်၊

(လ) ဓာတ်ခွဲလုပ်ငန်းများ ဆောင်ရွက်ခြင်းအနေဖြင့် အစားအသောက် ဓာတ်ခွဲခန်းမှ နမူနာပစ္စည်း ၆,၃၉၈ ခု၊ ဆေးဝါးဓာတ်ခွဲခန်းမှ နမူနာပစ္စည်း ၇၉၂ ခု၊ ဆေးပစ္စည်း ဓာတ်ခွဲခန်းမှ နမူနာပစ္စည်း ၁၈၄ ခု၊ အလှကုန်/လူသုံးကုန် ဓာတ်ခွဲခန်းမှ နမူနာပစ္စည်း ၈၆ ခု၊ ဇီဝစံဓာတ်ခွဲခန်းမှ နမူနာပစ္စည်း ၇၆ ခုကို ဓာတ်ခွဲ စမ်းသပ်စစ်ဆေးခဲ့ပါသည်။

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန။** သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဥပဒေများ ပြဋ္ဌာန်းနိုင်ရန် အောက်ပါအတိုင်း ဆောင်ရွက်လျက်ရှိပါသည်-

(၁) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဥပဒေ (၄) ခုဖြစ်သည့် တီထွင်မှုမူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ၊ ကုန်အမှတ်တံဆိပ်ဥပဒေ၊ မူပိုင်ခွင့်ဥပဒေတို့အား မူကြမ်းရေးဆွဲနိုင်ခဲ့ပြီး အတည်ပြုပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်၊

(၂) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဥပဒေ၊ မြန်မာနိုင်ငံသတင်းအချက်အလက် နည်းပညာဥပဒေ၊ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသဖွံ့ဖြိုးတိုးတက်ရေးဥပဒေတို့ကို မူကြမ်းရေးဆွဲပြီးဖြစ်၍ အတည်ပြုပြဋ္ဌာန်းနိုင်ရန် လွှတ်တော်သို့ တင်ပြခဲ့ပါသည်၊

(၃) အရည်အသွေး အခြေခံအဆောက်အအုံ တိုးတက်စေရေးအတွက် တိကျစွာ တိုင်းတာခြင်းနည်းပညာဥပဒေ၊ စံချိန်စံညွှန်းသတ်မှတ်ခြင်း ဆိုင်ရာနည်းဥပဒေတို့ကို မူကြမ်းရေးဆွဲလျက်ရှိပါသည်၊

(၄) နျူကလီးယားဘေးအန္တရာယ် ကင်းရှင်းရေးဥပဒေအတွက် နျူကလီးယား သုတေသနနှင့် အသုံးချခြင်းဆိုင်ရာဥပဒေ၊ နျူကလီးယား ဘေးအန္တရာယ် ကင်းရှင်းရေး နည်းဥပဒေ၊ နျူကလီးယားလုံခြုံရေး နည်းဥပဒေ၊ နျူကလီးယားလုပ်ငန်းနှင့် လုပ်ဆောင်မှုများ ထိန်းချုပ်စောင့်ကြပ်ရေး နည်းဥပဒေတို့ကို မူကြမ်းရေးဆွဲလျက်ရှိပါသည်။

(ခ) သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် သုတေသနဗဟိုဌာန (၁၀) ဌာနကို တိုးချဲ့ဖွဲ့စည်းခဲ့ပါသည်၊

(ဂ) စပါးသုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ "ဆင်းရွှေဆည်" အထွန်း စပါးမျိုးသစ်ကို မျိုးစေ့ကျွမ်းကျင်ကော်မတီနှင့် အမျိုးသားအဆင့်မျိုးစေ့ ကော်မတီတို့မှ မှတ်ပုံတင်ပြီးစီး၍ မျိုးစေ့ဖြန့်ဖြူးခွင့်၊ ရောင်းချခွင့် မှတ်ပုံတင် လက်မှတ် ရရှိခဲ့ပါသည်၊

(ဃ) အစီရင်ခံသည့်ကာလအတွင်း အိန္ဒိယသမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံများနှင့် နှစ်နိုင်ငံ သဘောတူညီချက် လက်မှတ်ရေးထိုး၍ သိပ္ပံနှင့်နည်းပညာဆိုင်ရာ အဆင့်မြင့် ပညာကဏ္ဍ၊ နည်းပညာနှင့် သက်မွေးပညာကဏ္ဍ၊ သုတေသနကဏ္ဍနှင့် Information Technology ကဏ္ဍများကို ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်၊

(င) **တိုင်းဒေသကြီး/ပြည်နယ်များတွင် လူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရန်နှင့် သိပ္ပံနှင့်နည်းပညာရပ်များ သင်ကြားပေးနိုင်ရန်အတွက် အစိုးရ စက်မှုလက်မှုသိပ္ပံကျောင်း (လက်ပံတန်းနှင့်ကျောက်ဖြူ) တို့ကို ဖွင့်လှစ်နိုင်ခဲ့ပါသည်၊**

(စ) **နည်းပညာတက္ကသိုလ်များမှ** BUREAU VERITAS **မှ ပေးအပ်ချီးမြှင့်သော** ISO 9001:2008 Certificate **လက်မှတ်ကို ရန်ကုန်နည်းပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ် (သန်လျင်၊မှော်ဘီ)၊ ရန်ကုန်အနောက်ပိုင်း နည်းပညာ တက္ကသိုလ်တို့မှ ရရှိခဲ့ပါသည်၊**

(ဆ) **မန္တလေးမြို့တွင် မြန်မာသတင်း အချက်အလက်နည်းပညာ တက္ကသိုလ်** (Myanmar Institute of Information Technology) ဖွင့်လှစ်ရန် ဆောင်ရွက်လျက် ရှိပါသည်၊

(ဇ) **တက္ကသိုလ်များကို အာဆီယံအဆင့်မီရေးအတွက် သင်ရိုးညွှန်းတမ်းနှင့် သင်ရိုး မာတိကာများအား ပြင်ဆင်ရေးဆွဲ၍ သင်ကြားရေး ဆရာ၊ ဆရာမများကို မွမ်းမံ သင်တန်း၊ လက်တွေ့ ကျွမ်းကျင်မှုသင်တန်းများပေးခဲ့ပါသည်၊**

(ဈ) **ဂျပန်နိုင်ငံ၊** NPO Institute for Environmental Technology Promotion in Asia **နှင့် ပူးပေါင်း၍** Japan Myanmar Vocational Training Institute **တည်ထောင်နိုင်ရေးအတွက် လက်မှတ်ရေးထိုးခဲ့ပြီး ရန်ကုန်မြို့ရှိ စက်မှုလက်မှု အထက်တန်းကျောင်း (အောင်ဆန်း)တွင် ဖွင့်လှစ်နိုင်ရန်ဆောင်ရွက်ခဲ့ပါသည်၊**

(ည) Myanmar to English Translation System-Natural Language Processing System သုတေသနလုပ်ငန်း၊ Data Mining and Web Analysis သုတေသနလုပ်ငန်း၊ Image Processing သုတေသနလုပ်ငန်း၊ Cloud

Computing သုတေသနလုပ်ငန်း၊ Virtualization Infrastructure သုတေသန လုပ်ငန်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

**အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန။** လုပ်ငန်းခွင်အေးချမ်းသာယာ၍ ကုန်ထုတ်စွမ်းအားတိုးတက်ရေး ဆောင်ရွက်ပေးခြင်း၊ အလုပ်သမားများ၏ ရပိုင်ခွင့်များနှင့် လူမှု ဘဝလုံခြုံရေးကို ဆောင်ကြဉ်းပေးခြင်း၊ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ အလုပ်သမား ရေးရာ ကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်ပေးခြင်းဖြင့် ဝန်ကြီးဌာန၏ အဓိကတာဝန်များကို သတ်မှတ် ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများမှာ -

(က) အလုပ်သမားရေးရာ အသိပညာပေးဆွေးနွေးမှု ၂၈၃ ကြိမ်ကို စက်ရုံ၊ အလုပ်ရုံ ၉၈၁ ရုံတွင် အလုပ်သမား ၁၁,၅၄၅ ဦး ဆောင်ရွက်နိုင်ခဲ့ပါသည်၊

(ခ) ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့၌ မြို့နယ်ညှိနှိုင်း ဖျန်ဖြေ ရေးအဖွဲ့ဝင်များ၊ ခုံသမာဓိအဖွဲ့ဝင်များ၊ ခုံသမာဓိကောင်စီဝင်များဖြင့် အလုပ် သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး လုပ်ငန်းဆိုင်ရာ နှီးနှောဖလှယ်ပွဲများကို ကျင်းပပြုလုပ်ခဲ့ပါသည်၊

(ဂ) အလုပ်ရှင်၊ အလုပ်သမား အငြင်းပွားမှုများကို မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ များက ညှိနှိုင်းဖျန်ဖြေပေးခဲ့ရာ အလုပ်သမား ၄,၇၃၇ ဦးအား ကျပ် ၇၁၀.၅၁၃ သန်းနှင့် အမေရိကန်ဒေါ်လာ ၄၅၀ အကျိုးခံစားခွင့် ရရှိစေရန် ဆောင်ရွက်ခဲ့ပါ သည်၊

(ဃ) အလုပ်သမားများက တိုင်ကြားသည့် တိုင်စာ၊ ပစ်စာများအပေါ် ညှိနှိုင်းဖြန်ဖြေမှု ၃၈ မှု ဆောင်ရွက်နိုင်ပြီး၊ အလုပ်သမား ၉၇ ဦး အကျိုးခံစားခွင့် ကျပ် ၃၄.၀၁၀ သန်း ရရှိခဲ့ပါသည်၊

(င) စက်ရုံ အလုပ်ရုံ၊ အလုပ်ဌာနများ စုစုပေါင်း ၅၅ ရုံ ၌ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက် စာချုပ်များ ချုပ်ဆိုနိုင်ခဲ့ပါသည်၊

(စ) အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူ စာချုပ်ချုပ်ဆိုကြရန် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာနက ၃၁-၈-၂၀၁၅ ရက်နေ့တွင် ကြေညာချက် အမှတ် (၁/၂၀၁၅) ကို ထုတ်ပြန် ကြေညာခဲ့ပါသည်၊

(ဆ) အလုပ်သမား လျော်ကြေးအက်ဥပဒအရ ၁၂ မှုအား စစ်ဆေးဆုံးဖြတ်ခဲ့ရာ အလုပ် သမား ၁၂ ဦး အကျိုးခံစားခွင့် ကျပ် ၂၂.၅၇၂ သန်း ရရှိခဲ့ပါသည်၊

(ဇ) နိုင်ငံခြားသားအလုပ်သမား ၅၁၇ ဦးကို အလုပ်သမားမှတ်ပုံတင် ကတ်ပြားများ ထုတ်ပေးခဲ့ပြီး၊ ၄၁၈ ဦးကို သက်တမ်းတိုးပေးခဲ့ပါသည်၊

(ဈ) (၁-၉-၂၀၁၅) ရက်နေ့မှစ၍ အနည်းဆုံးအခကြေးငွေမှာ တစ်နာရီလျှင် ကျပ် ၄၅၀ နှုန်း ဖြင့် အလုပ်ချိန် (၈) နာရီ (တစ်ရက်) အတွက် ကျပ် ၃,၆၀၀ ဖြစ်ကြောင်းနှင့် ယင်းသတ်မှတ်ချက်သည် အလုပ်သမား ၁၅ ဦး နှင့် အောက်ရှိသည့် လုပ်ငန်းငယ်များ၊ မိသားစုတစ်ပိုင်တစ်နိုင်လုပ်ငန်းများနှင့် သက်ဆိုင်မှုမရှိကြောင်း၊ အနည်းဆုံး အခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီမှ ထုတ်ပြန် ကြေငြာခဲ့ပါသည်၊

(ည) ILO(International Labour Organization) နှင့် ပူးပေါင်းဆောင်ရွက်မှုများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

- ကလေးသူငယ်များ၏ အခွင့်အရေးဆိုင်ရာကိစ္စနှင့် ပတ်သက်၍ အစီရင်ခံစာ ပြုစုနိုင်ရေး ဆောင်ရွက်ခဲ့ပါသည်၊
- အဓမ္မစေခိုင်းမှုပပျောက်ရေး တိုင်ကြားမှုယန္တရားအရ တိုင်ကြားသည့်အမှု ၂၅ မှု၏ စစ်ဆေးတွေ့ရှိချက်များနှင့် ပတ်သက်၍ အမှုပိတ်သိမ်းနိုင်ရေး ပြန်ကြားခဲ့ပါသည်၊
- အဓမ္မခိုင်းစေမှုပပျောက်ရေး ပူးတွဲမဟာဗျူဟာ အကောင်အထည်ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ အစည်းအဝေး ကျင်းပခဲ့ပြီး၊ အဓမ္မခိုင်းစေမှုလုံးဝ ပပျောက်ရေးအတွက် အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲ/သင်တန်းများ ကျင်းပပြုလုပ်နိုင်ရန်အတွက် ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့တို့နှင့် ညှိနှိုင်း ဆောင်ရွက်ခဲ့ပါသည်၊
- အိုင်အယ်လ်အိုနှင့် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနတို့ ပူးတွဲပြုလုပ်သည့် ကလေးသူငယ်များအား အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်း ILO ပြဋ္ဌာန်းချက်အမှတ် ၁၈၂ အကောင်အထည်ဖော်မှုဆိုင်ရာ အစီရင်ခံစာ ပြုစုပြီး ပေးပို့နိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်၊
- သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်ဆိုင်ရာ အမျိုးသားအဆင့် သုံးပွင့်ဆိုင်ဆွေးနွေးပွဲကို အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာန ILO ရန်ကုန်ရုံးနှင့် အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းတို့ ပူးပေါင်း၍ ကျင်းပခဲ့ပါသည်၊

(ဋ) အလုပ်သမားအဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်မှုအခြေအနေများမှာ-

- အလုပ်သမားအဖွဲ့အစည်းဥပဒေအရ တိုင်းဒေသကြီး ၄ ခုနှင့် ပြည်နယ် ၂ ခု တို့တွင် တိုင်းဒေသကြီး/ပြည်နယ်အဆင့် အသိအမှတ်ပြုလက်မှတ်ပုံစံ (၇)ကို ထုတ်ပေးခဲ့ပါသည်၊
- မြန်မာနိုင်ငံ တောင်သူလယ်သမား၊ စိုက်ပျိုးရေးနှင့် စားသောက်ကုန်ထုတ်လုပ်ငန်းဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ တောင်သူလယ်သမားနှင့် စိုက်ပျိုးရေးအလုပ်သမားသမဂ္ဂများ အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာ အဖွဲ့ချုပ်တို့အား အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးခဲ့ပါသည်၊
- အခြေခံအလုပ်သမား အဖွဲ့အစည်း ၁,၆၇၆ ဖွဲ့၊ မြို့နယ်အလုပ်သမား အဖွဲ့အစည်း ၈၀ ဖွဲ့၊ တိုင်းဒေသကြီး/ ပြည်နယ် အလုပ်သမား အဖွဲ့အစည်း ၆ ဖွဲ့နှင့် အလုပ်သမား အဖွဲ့ချုပ် ၇ ဖွဲ့၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာ အဖွဲ့ ၁ ဖွဲ့၊ အခြေခံအလုပ်ရှင် အဖွဲ့အစည်း ၂၈ ဖွဲ့၊ မြို့နယ်အလုပ်ရှင် အဖွဲ့အစည်း ၁ ဖွဲ့နှင့် အလုပ်ရှင်အဖွဲ့ချုပ် ၁ ဖွဲ့၊ စုစုပေါင်းအဖွဲ့အစည်း ၁,၈၀၀ တို့အား အသိအမှတ်ပြု လက်မှတ်များ ထုတ်ပေးပြီးဖြစ်ပါသည်၊

(ဌ) ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း (ရန်ကင်း) တွင် အခြေခံဂဟေဆက်သင်တန်း ၁ ကြိမ်၊ အခြေခံလျှပ်စစ်သင်တန်း ၁ ကြိမ်၊ ကြီးကြပ်ရေးမှူး သင်တန်း ၄ ကြိမ်၊ စစ်ဆေးရေးမှူးသင်တန်း ၂ ကြိမ် တို့ကို ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းသား စုစုပေါင်း ၂၈၆ ဦး ဖြင့်လည်းကောင်း၊ ပြည်ပသို့ ထွက်ခွာမည့်သူများအတွက် ပြည်ပအလုပ်အကိုင်ဆိုင်ရာ လမ်းညွှန်သင်တန်း (ကိုရီးယား) ကို သင်တန်းသား ၂,၇၂၅ ဦးဖြင့်လည်းကောင်း၊ အခြားသင်တန်းသား ၇၃၇ ဦး ဖြင့်လည်းကောင်း ဖွင့်လှစ်ပို့ချခဲ့ပါသည်၊

(ဍ) မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု “စံ” သတ်မှတ် ပြဋ္ဌာန်းရေးအဖွဲ့၏ ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေး ရှေ့ပြေးစီမံချက်တွင် အလုပ်အကိုင် ၆ မျိုး စစ်ဆေးခဲ့ရာ ဝင်ရောက်ဖြေဆိုသူ ၁၄၇ ဦး အနက် ၁၀၉ ဦး အောင်မြင်ခဲ့ပါသည်။

(ဎ) Switzerland နိုင်ငံ Swiss-contact အဖွဲ့၏ အကူအညီဖြင့် Test Item Database Training နှင့် Assessor Training သင်တန်းများကို ကျွမ်းကျင်မှု လေ့ကျင့်ရေး သင်တန်းကျောင်း(ရန်ကင်း)တွင် ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား ၅၃ ဦး တက်ရောက်ခဲ့ပါသည်၊

(ဏ) လူ့စွမ်းအားဖွံ့ဖြိုးမှုညွှန်းကိန်းများလက်စွဲစာအုပ် (၂၀၁၁-၂၀၁၃) ခုနှစ်ကို အင်္ဂလိပ်ဘာသာဖြင့် ပုံနှိပ်ထုတ်ဝေရန်အတွက် Data နှင့် အရေးအသားများကို စိစစ်ဆောင်ရွက်လျက်ရှိပါသည်၊

(တ) လုပ်သားအင်အားစာရင်း ကောက်ယူပြုစုခြင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

- ၂၀၁၄ ခုနှစ်အတွက် လုပ်သားဦးရေ စာရင်းများ ပြုစုခြင်း၊ ၂၀၁၅ ခုနှစ်အတွက် ကွင်းဆင်းကောက်ယူခြင်းတို့ကို ဆောင်ရွက်လျက် ရှိပါသည်၊
- ကောက်ယူပြီး မေးခွန်းလွှာများအား Labour Force Survey Core Team မှ စစ်ဆေးခြင်း၊ အချက်အလက်ထည့်သွင်းခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်၊
- လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်း ဆန်းစစ်ခြင်းစစ်တမ်းကို ILO မှ နည်းပညာအကြံပေး၊ National Program Officer နှင့် ဝန်ထမ်း ၁၇ ဦး တို့သည် ဗဟိုစာရင်းအင်း အဖွဲ့တွင် ဆောင်ရွက်ခဲ့ပါသည်၊

(ထ) အေဂျင်စီ ၁၉ ခုအား ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်များ ထုတ်ပေးပြီး၊ ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရအေဂျင်စီ ၁၆၀ ခုနှင့် Myanmar Engineering Society တို့မှ ပြည်ပနိုင်ငံ ၇ နိုင်ငံသို့ အလုပ်သမား ၃၈,၂၅၃ ဦး စေလွှတ်ခဲ့ပါသည်။ ပြည်ပနိုင်ငံများရှိ မြန်မာနိုင်ငံသားများက သက်ဆိုင်ရာ နိုင်ငံရှိ မြန်မာသံရုံးများ၌ ဝင်ငွေခွန်ပေးဆောင်မှုမှာ အမေရိကန် ဒေါ်လာ ၁၇၂,၆၇၀ ရရှိခဲ့ပါသည်၊

(ဒ) ရွှေ့ပြောင်းအလုပ်သမားများအား ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ အစည်းအဝေးများ နှင့် ဆွေးနွေးပွဲများကို ပြုလုပ်ခဲ့ပါသည်-

- International Center for Migration Policy Development (ICMPD) နှင့် Migration EU Enterprise တို့ ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာ အလုပ် သမား ရွှေ့ပြောင်းသွားလာမှု စီမံခန့်ခွဲရေးဆိုင်ရာ လက်စွဲစာအုပ် ပြုစုထုတ်ဝေနိုင်ရန်အတွက် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်း၊
- လုပ်သားဈေးကွက်နှင့်အလုပ်သမားများ ရွှေ့ပြောင်းသွားလာမှု စာရင်းဇယားများဆိုင်ရာ ဦးတည်ဆက်သွယ်ရာဌာနများ (Technical Meeting of Focal Points on Labour Market and Labour Migration Stiatistics) အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်း၊

- ပြည်ပအလုပ်အကိုင်အေဂျင်စီများမှ ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် စင်္ကာပူနိုင်ငံများသို့ စေလွှတ်မည့် အလုပ်သမားများအတွက် အလုပ်ရှင်/ အလုပ်သမား အလုပ်ခန့်ထားမှု သဘောတူညီချက်စာချုပ် "စံ" သတ်မှတ်ရေး၊ အေဂျင်စီနှင့် အလုပ်သမားတို့အကြား ချုပ်ဆိုမည့် သဘောတူညီချက်စာချုပ်"စံ"သတ်မှတ်ရေးနှင့် ပြည်ပနိုင်ငံများသို့ စေလွှတ်သည့် အလုပ်သမားဦးရေ စာရင်းနှင့်ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်း၊

(ဓ) လူမှုဖူလုံရေးအဖွဲ့တွင် အကျုံးဝင်သော အာမခံအလုပ်ဌာနများမှာ နိုင်ငံပိုင် ၁,၆၉၉ ဌာန၊ သမဝါယမပိုင် ၄၀၅ ဌာန၊ ပုဂ္ဂလိကပိုင် ၂၂,၅၅၉ ဌာန၊ ဖက်စပ် ၅၄ ဌာနနှင့် အခြား ဌာန ၄၀ စုစုပေါင်း ၂၄,၇၅၇ ဌာန ဖြစ်ပြီး၊ လူမှုဖူလုံရေးအကျုံးဝင်သော အာမခံ အလုပ်သမားများအတွက် အကျိုးခံစားခွင့်ငွေမှာ စုစုပေါင်း ကျပ် **၁,၃၁၆.၀၁၇** သန်းထုတ်ပေးခဲ့ပါသည်၊

(န) အလုပ်သမားဆေးရုံကြီးများမှ ဆေးရုံအုပ်ကြီးများ ခေါင်းဆောင်သော အထူးကုဆရာဝန်ကြီးများအဖွဲ့သည် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာန ၂၈ ဌာန မှ အလုပ်သမား ၆,၁၂၆ ဦးကို ကွင်းဆင်း ဆေးကုသခြင်း ၊ နယ်လှည့်ဆေးကုသယာဉ်ဖြင့် အလုပ်ဌာန ၂၂၅ ဌာနနှင့် အာမခံအလုပ်သမား ၃၁,၈၀၁ ဦးကို ဆေးကုသခြင်း ဆောင်ရွက်ခဲ့ပါသည်၊

(ပ) လူမှုဖူလုံရေးအဖွဲ့မှ အာမခံအလုပ်သမား ၉၂၂ ဦးအား ဆေးဘိုး ကျပ် ၁၇၆.၅၅၀ သန်းနှင့် ဆေးရုံတက်ခရီးစရိတ် ကျပ် ၁၇.၅၀၃ သန်း ထုတ်ပေးခဲ့ပါသည်။ အာမခံအလုပ်သမားများ အခမဲ့ဆေးဝါးကုသနိုင်ရန် ခေတ်မီဆေးပစ္စည်း ကိရိယာများနှင့် ဆေးဝါးများကို ကျပ် ၉၇၇.၇၈၂ သန်းဝယ်ယူခဲ့ပါသည်၊

(ဖ) စက်ရုံ အလုပ်ရုံပေါင်း ၆,၆၁၂ ရုံ ၊ ဆိုင် ၊ အလုပ်ဌာန ၅,၅၃၇ ဌာန ၊ အလုပ်ရုံငယ် ၁,၅၀၆ ရုံ တို့ကို အလုပ်သမားဥပဒေ စစ်ဆေးရေးအရာရှိများမှ စစ်ဆေးခြင်း၊ စက်ရုံ အလုပ်ရုံ ၆,၈၁၇ ရုံ၊ အလုပ်ရုံငယ် ၃,၉၇၁ ရုံ တို့ကို လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေး နှင့် ကျန်းမာရေးဆိုင်ရာ စစ်ဆေးခြင်းများကို အလုပ်ရုံ စစ်ဆေးရေးအရာရှိများမှ ဆောင်ရွက်ခဲ့ပါသည်၊

(ဗ) အလုပ်သမားများအတွက် ဥပဒေပါ ခံစားခွင့်များ ရရှိနိုင်ရန် ဆောင်ရွက်ခဲ့ရာတွင် စက်ရုံ၊ အလုပ်ရုံ ၂,၉၇၄ ရုံ မှ အလုပ်သမား ၂၅၄,၂၆၈ ဦး အတွက် ခံစားခွင့်ငွေကြေး ကျပ် ၃,၇၀၈.၅၇ သန်း ကို ရရှိစေခဲ့ပြီး၊ နိုင်ငံခြားငွေကြေးဖြင့် စက်ရုံ အလုပ်ရုံ ၃ ရုံ မှ အလုပ်သမား ၁၄၉ ဦး အတွက် နိုင်ငံခြားငွေကြေး US$ ၂၇,၇၄၅

ကို ရရှိခံစားစေခဲ့ပါသည်။ အလုပ်ရုံ ၁,၉၂၀ ရုံရှိ အလုပ်သမား ၆၂၅,၀၄၅ ဦး အတွက် အချိန်ပိုလုပ်ခငွေ ကျပ် ၂၂,၄၃၃.၉၇ သန်း ရရှိခံစားစေခဲ့ပါသည်၊

(ဘ) အလုပ်ရှင်၊ အလုပ်သမားအငြင်းပွားမှုများကို မြို့နယ်ညှိနှိုင်းဖြန်ဖြေရေးအဖွဲ့ ၃၂၅ ဖွဲ့ တိုင်းဒေသကြီး ပြည်နယ်ခုံသမာဓိအဖွဲ့ ၁၅ ဖွဲ့၊ ခုံသမာဓိကောင်စီ ၁ ဖွဲ့ ဖွဲ့စည်း ဆောင်ရွက်လျက်ရှိပြီး၊ ခုံသမာဓိအဖွဲ့မှ ၅၂ မှု ၊ ခုံသမာဓိကောင်စီမှ ၃၀ မှု ဖြေရှင်း ဆောင်ရွက်နိုင်ခဲ့ပါသည်၊

(မ) အလုပ်ရုံနှင့်အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနသည် တနင်္သာရီတိုင်းဒေသကြီးရုံး၊ ပဲခူးတိုင်းဒေသကြီးရုံး၊ ရှမ်းပြည်နယ်ရုံး၊ မြဝတီခရိုင်ရုံး၊ မိုးညှင်းမြို့နယ်ရုံး၊ ပြည်ကြီးတံခွန်မြို့နယ်ရုံး၊ ညောင်ဦးမြို့နယ်ရုံးနှင့် ဒဂုံဆိပ်ကမ်းမြို့နယ်ရုံးများ ဖွင့်လှစ်နိုင်ခဲ့ပြီး၊ အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာနသည် သီလဝါအထူးစီးပွားရေးဇုန်ရုံး၊ ထားဝယ်အထူးစီးပွားရေးဇုန်ရုံး၊ ပဲခူး၊ မကွေး၊ မုံရွာ၊ ပုသိမ်၊ ဘားအံ၊ မော်လမြိုင်၊ တောင်ကြီးမြို့နယ်ရုံးများ အသစ်ထပ်မံ ဖွင့်လှစ်ခဲ့ပါသည်၊

(ယ) **၁၉၄၈ခုနှစ် အလုပ်အကိုင်ဆိုင်ရာ စာရင်းစစ်တမ်းကောက်ယူခြင်း အက်ဥပဒေ၊ ၁၉၅၁ ခုနှစ် ရေနံမြေ(အလုပ်သမားနှင့် သက်သာချောင်ချိရေး) အက်ဥပဒေ၊ ၁၉၅၁ ခုနှစ် အလုပ်ရုံများအက်ဥပဒေနှင့် ၁၉၅၉ ခုနှစ် အလုပ်ခန့်ထားမှုကန့်သတ်ရေး အက်ဥပဒေ တို့ကို ပြင်ဆင်ရေးဆွဲလျက်ရှိပါသည်၊**

(ရ) **၁၉၂၃ ခုနှစ် အလုပ်သမားလျော်ကြေးအက်ဥပဒေ၊ ၁၉၃၄ ခုနှစ် ဆိပ်ကမ်း အလုပ်သမားများ အက်ဥပဒေ၊ ၁၉၃၆ ခုနှစ် လုပ်ခပေးရေးအက်ဥပဒေ၊ ၁၉၄၈ ခုနှစ် ဆိပ်ကမ်း အလုပ်သမားများ အလုပ်စီစဉ်ရေးအက်ဥပဒေ၊ ၁၉၅၁ ခုနှစ် ဆိုင်များနှင့် အလုပ်ဌာနများ အက်ဥပဒေ၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေတို့ကို ရုပ်သိမ်းပြီး အသစ်ရေးဆွဲလျက်ရှိပါသည်၊**

(လ) **နိုင်ငံခြားသား အလုပ်သမားဆိုင်ရာ ဥပဒေနှင့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး နှင့် ကျန်းမာရေးဥပဒေတို့ကို အသစ်ရေးဆွဲလျက်ရှိပါသည်။**

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန။** နိုင်ငံတော်မှ ချမှတ်ထားသည့် မူဝါဒများ၊ လမ်းညွှန်ချက်များနှင့်အညီ ပြည်သူတို့၏ လိုအပ်ချက်များ၊ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းများကို အောက်ပါအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်-

(က) စစ်တွေ ကလေးပြုစုရေးဌာန၊ မူလတန်းကြိုကျောင်း (ကလေး၊ မြောင်းမြ၊ တောင်ငူ၊ အောင်ပန်း၊ ဆတ်သွား)၊ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (ဟားခါးမြို့၊ စစ်တွေမြို့၊ ဖျာပုံမြို့ ) တို့တွင် ဖွင့်လှစ်ခြင်း၊

(ခ) သုံးမွှာပူးနှင့် အထက်မွေးဖွားသော မိခင်နှင့်ကလေး ၁၅ ဦးအား ကျပ် ၇.၅၀၀ သန်း ထောက်ပံ့ခြင်း၊ ကလေးမွေးစားပေးရေးလုပ်ငန်းကို တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်ခြင်း၊ ကလေး ၄ ဦး မွေးစားခွင့်ပြုခြင်း၊

(ဂ) ရန်ကုန်နှင့် **မြစ်ကြီးနား မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း** တို့တွင် လူနာ ၂၃၅ ဦးကို (Social Counselling) ဆောင်ရွက်ပေးခြင်း၊ မန္တလေးနှင့် **ကျိုင်းတုံ ပြန်လည်ထူထောင်ရေး စခန်းတို့တွင် သင်တန်းသား ၅၇ ဦးအား** ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဃ) မူဆယ် ယာယီလက်ခံ စောင့်ရှောက်ရေးဂေဟာတွင် လူကုန်ကူးခံရသူ အမျိုးသမီးနှင့်ကလေး ၄၅ ဦးကို ယာယီလက်ခံစောင့်ရှောက်ခဲ့ပြီး၊ မန္တလေးယာယီလက်ခံစောင့်ရှောက်ရေးဂေဟာသို့ ၁၉ ဦး၊ ရန်ကုန်အမျိုးသမီး သက်မွေးအတတ်ပညာသင်ကျောင်းသို့ ၁၉ ဦးနှင့် လားရှိုးခရိုင်လူမှုဝန်ထမ်းရုံးသို့ ၇ ဦး ပို့ဆောင်ခြင်း၊ ကော့သောင်း၊ မြဝတီနှင့် မန္တလေးယာယီ လက်ခံစောင့်ရှောက်ရေး ဂေဟာတို့တွင် လူကုန်ကူးခံရသူ ၄၇ ဦးတို့ကို ယာယီလက်ခံ စောင့်ရှောက်ပေးပြီး မိဘနေရပ်သို့ ပြန်လည်အပ်နှံခြင်း၊

(င) လူကုန်ကူးခံရသူများအတွက် သတင်းအချက်အလက် မျှဝေရာ စင်တာ ရန်ကုန်မြို့တွင် အကူအညီလာရောက် တောင်းခံသူ Survivor ၂၀ ဦး အနက် ၅ ဦးအား စီးပွားရေးလုပ်ငန်း လုပ်ကိုင်နိုင်ရန် အကူအညီပေးခဲ့ခြင်း၊

(စ) ထိုင်းနိုင်ငံသို့ လူကုန်ကူးခံရသူ ၂၅ ဦးအနက် ၁၅ ဦးနှင့် အင်ဒိုနီးရှားနိုင်ငံသို့ လူကုန်ကူးခံရသူများအနက် အမျိုးသား ၅၉၈ ဦး တို့ကို မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ယူခဲ့ပြီး၊ နေရပ်သို့ ပြန်လည်ပို့ဆောင်ခြင်း၊ ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံသို့ လူကုန်ကူးခံရသူများအနက် ထိုင်းနိုင်ငံမှ ၁၃ ဦး၊ တရုတ်နိုင်ငံမှ ၂၉ ဦး စုစုပေါင်း ၄၂ ဦးကို နောက်ဆက်တွဲ စောင့်ရှောက်မှု ဆောင်ရွက်နိုင်ခဲ့ပြီး၊ ၂၀ ဦးအား UNICEF ၏ ထောက်ပံ့မှုဖြင့် အသက်မွေးဝမ်းကျောင်း ပြုလုပ်နိုင်ရန် ရင်းနှီးမတည်ငွေ ကျပ် ၂.၈၆၀ သန်း ထောက်ပံ့ပေးခြင်း၊

(ဆ) ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ အစည်းအဝေးနှင့် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာဥပဒေ (မူကြမ်း) အပေါ် အမျိုးသားအဆင့်

အခြေပြုသုံးသပ်ဆွေးနွေးပွဲတို့ကို နေပြည်တော်တွင် ကျင်းပခြင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် အစည်းအဝေးတစ်ကြိမ်စီ ပြုလုပ်ခြင်း၊

(ဇ) လူမှုဝန်ထမ်းဦးစီးဌာနနှင့် Gender and Development Initiative တို့ ပူးပေါင်း၍ ကျား/မ တန်းတူညီမျှမှုဆိုင်ရာ စွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်း၊ တတိယအကြိမ်မြောက် ကျား၊ မ တန်းတူညီမျှရေးနှင့် အမျိုးသမီးစွမ်းပကား မြှင့်တင်ရေး လုပ်ငန်းအဖွဲ့အစည်းအဝေး၊ Gender ဆန်းစစ်လေ့လာမှုနှင့်ထည့်သွင်း စဉ်းစားမှုဆိုင်ရာ အထောက်အကူပြုသင်တန်းတို့ကို နေပြည်တော်တွင် ကျင်းပပြုလုပ်ခြင်း၊

(ဈ) လူမှုဝန်ထမ်းဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အို စောင့်ရှောက်ရေးအဖွဲ့ Health Age International (HAI) တို့ ပူးပေါင်း၍ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့တွင် ကျင်းပခြင်းနှင့် သက်ကြီးရွယ်အို လူမှုရေးပင်စင်ပေးရေး အစီအစဉ်အတွက် ဖြစ်တန်စွမ်းလေ့လာမှု တွေ့ရှိချက်များဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပြုလုပ်ခြင်း၊

(ည) မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်ပါကိုယ်ဝန်ဆောင်မိခင်များနှင့် အသက် ၂ နှစ်အထိ ကလေးသူငယ်များအား ထောက်ပံ့ရေး အစီအစဉ်အတွက် ဖြစ်တန်စွမ်းလေ့လာမှုဆိုင်ရာ အစည်းအဝေး ပြုလုပ်ခြင်း၊

(ဋ) သက်ကြီးရွယ်အို လူမှုရေးထောက်ပံ့ငွေပေးရေး အစီအစဉ်များအား ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ်၊ ချောင်းတွင်းကျေးရွာအုပ်စု၊ ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်တို့တွင် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အို စောင့်ရှောက်ရေးအဖွဲ့၏ နည်းပညာနှင့် ငွေကြေးကူညီပံ့ပိုးမှုဖြင့် ဆောင်ရွက်ခြင်း၊

(ဌ) အသက် (၁၀၀) နှစ် နှင့်အထက် အဘိုး၊ အဘွားများအား အသိအမှတ်ပြု ဂုဏ်ပြုမှတ်တမ်းလွှာနှင့်အတူ တစ်ဦးလျှင် ငွေကျပ် ၂ သိန်းစီ ပေးအပ်ချီးမြှင့်လျက်ရှိရာ စတုတ္ထအကြိမ်အဖြစ် စုစုပေါင်း ဦးရေ ၄၃၀  ထောက်ပံ့ခဲ့ပြီး၊ ၂၀၁၅ ခုနှစ် ဩဂုတ်လ (၃၁) ရက်နေ့အထိ စုစုပေါင်း ၁,၁၇၉  ဦး ထောက်ပံ့ပေးအပ် ချီးမြှင့်ခြင်း၊

(ဍ) ကလေးနှင့် လူငယ်လူရွယ် စောင့်ရှောက်ရေးလုပ်ငန်း၊ ကြိုတင်ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင် တည်ထောင်ဖွင့်လှစ်ထားသော လူငယ်ရိပ်သာ ၅၈ ခု နှင့် စေတနာမူလတန်းညကျောင်း ၆၇ ကျောင်း သို့ ကျပ် ၁၀.၂၉၇ သန်း ထောက်ပံ့ခြင်း၊ သင်တန်း

ကျောင်းအခြေပြု စောင့်ရှောက်ရေးလုပ်ငန်းအဖြစ် စုစုပေါင်း ကလေး ၁,၃၁၃ ဦး အား လက်ခံစောင့်ရှောက်ပေးလျက်ရှိပြီး (၂၀၁၅-၂၀၁၆) ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားနေသော မူလတန်း ကျောင်းသား/သူ ၂၂၇ ဦး၊ အလယ်တန်း ၂၀၃ ဦး၊ အထက်တန်း ၅၃ ဦးနှင့် တက္ကသိုလ် ၉ ဦးတို့အား ပညာသင်စရိတ် ၇.၆၃၃ သန်း ထောက်ပံ့ခြင်း၊

(ဃ) လူမှုဝန်ထမ်းဦးစီးဌာနနှင့် ကုလသမဂ္ဂလူဦးရေနှင့် ရန်ပုံငွေအဖွဲ့ UNFPA (United Nation Population Fund) တို့ ပူးပေါင်း၍ စိတ်ပိုင်းဆိုင်ရာ လူမှုရေး စောင့်ရှောက်မှုနှင့် နှစ်သိမ့်ဆွေးနွေး အကြံပေးသင်တန်းကို သင်တန်းသား ၂၇ ဦး ဖြင့် ကျင်းပခြင်း၊

(ဏ) အမျိုးသမီး အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ အစည်းအဝေးကို နေပြည်တော်၌ ကျင်းပခြင်း၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီး ကာကွယ်ရေးဥပဒေရေးဆွဲရေး(မူကြမ်း) ရှင်းလင်းတင်ပြခြင်း၊ အမျိုးသမီးများ အပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေးဥပဒေ အသိပညာပေးမှု ဆရာဖြစ် သင်တန်းကို ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့တွင် ၂ ကြိမ်စီ၊ အသိပညာပေး သင်တန်းကို ပဲခူးမြို့တွင် ပြုလုပ်ခြင်း၊

(တ) သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေအတည်ပြု ပြဋ္ဌာန်းနိုင်ရေးအတွက် ညှိနှိုင်း ဆောင်ရွက်ခြင်းနှင့် အသက်(၉၀)နှစ် နှင့်အထက် ဘိုးဘွားများအား ငွေကြေး ထောက်ပံ့နိုင်ရေးအတွက် စာရင်းပြုစုခြင်း၊

(ထ) မသန်စွမ်းသူများဖွံ့ဖြိုး တိုးတက်ရေးဌာနစုမှ မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းနှင့် မသန်စွမ်းမှုအဆင့် သတ်မှတ်ခြင်းဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲအား ကျင်းပခြင်း၊

(ဒ) Early Childhood Intervention (ECI) စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးနှင့် လုပ်ငန်းအစည်းအဝေးတို့အား ကျင်းပခြင်း၊

(ဓ) ကျောင်းသားလူငယ်များအား မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ် အသိ ပညာပေးဟောပြောပွဲနှင့် (HIV/AIDS) ရောဂါ အသိပညာပေးဟောပြောပွဲများကို ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် နှင့် နေပြည်တော်တို့တွင် ပြုလုပ်ခြင်း၊

(န) ဆေးဖြတ်ကုသမှုခံယူနေသော လူနာများအား (Social Counselling) ဖြစ်သည့် (Individual Counselling,Group Counselling, Family Counselling)

လုပ်ငန်းစဉ်များကို မူးယစ်ဆေးစွဲရောဂါကုသရေးဌာနရှိ ဝန်ထမ်းများနှင့် ပူးပေါင်း၍ ဆောင်ရွက်ခြင်း၊

(ပ) မီးဘေး ၁၀၁ ကြိမ်၊ လေဘေး ၁၇၇ ကြိမ်၊ ရေဘေး ၁၇၂ ကြိမ်၊ ကမ်းပြိုဘေး ၁၃ ကြိမ်၊ မြေပြိုဘေး ၃ ကြိမ်၊ မိုးကြိုးဘေး ၂၀ ကြိမ်၊ အခြားဘေး ၄ ကြိမ် ဖြစ်ပွားခဲ့ရာ ယင်းဘေးများအတွက် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနသည် ကယ်ဆယ်ရေးပစ္စည်းများ၊ ဆန်ရိက္ခာ၊ အိမ်ဆောက် ပစ္စည်း ရန်ပုံငွေ နှင့် သေဆုံးသူများအတွက် ထောက်ပံ့ငွေအပါအဝင် စုစုပေါင်း ကျပ် ၁,၁၂၀.၅၇၆ သန်း ထောက်ပံ့ခြင်း၊

(ဖ) သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်ခဲ့သော စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့ရှိ မြို့နယ် ၁၄၄ မြို့နယ်အတွင်း၌ ရေဘေး ဖြစ်ပွားခဲ့ရာ ကယ်ဆယ်ရေးပစ္စည်းနှင့် ဆန်ရိက္ခာ၊ အိမ်ဆောက်ပစ္စည်း ရန်ပုံငွေ အပါအဝင် စုစုပေါင်း ကျပ် ၈၅၉.၈၂၄ သန်း ထောက်ပံ့ခြင်း၊

(ဗ) အလုပ်အကိုင်အခွင့်အလမ်းဖြင့် ကချင်ပြည်နယ်အတွင်း ရောက်ရှိနေသော ရခိုင်တိုင်းရင်းသားမိသားစု ၁၄၈ အိမ်ထောင်စုအား ၎င်းတို့၏ဆန္ဒအရ မူလနေရပ်သို့ ပို့ဆောင်ပေးရန်အတွက် သယ်ယူပို့ဆောင်စရိတ်နှင့် ကယ်ဆယ်ရေးပစ္စည်း ၉ မျိုး ၁၄၈ အိမ်ထောင်စာကို ထောက်ပံ့ခြင်း၊

(ဘ) ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ထောက်ပံ့မှုများမှာ-
- နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်၊ မီးလင်းရေးအတွက် ဆိုလာမီးအိမ် ၅၁ လုံး၊ လောက်ကိုင်ဒေသ တိုက်ပွဲရှောင်ပြည်သူများနှင့် တိုက်ပွဲဝင် တပ်မတော်သားများအား ဆော်ဒီမိုးကာစ ၅၀ ထုပ်၊ တပ်ကုန်းမြို့နယ် အတွင်း ကျေးရွာများ၌ အမိုးသွပ်ချပ် ၂,၅၀၀၊ ဖျာပုံခရိုင်ဦးစီးမှူးရုံးသို့ (10 Watt Solar Package) ၈၉ စုံ၊ ဖျာပုံမြို့နယ် နှင့် ဒေးဒရဲမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ကျေးလက်ဒေသမီးလင်းရေးအတွက် ကျပ် ၁.၀၀၀ သန်း နှင့် ဘိုကလေးမြို့နယ်၊ ပန်ဖူးရွာမကျေးရွာတွင် သဘာဝဘေး အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ရန် ကျပ် ၁.၂၀၀ သန်းထောက်ပံ့ခြင်း၊

- ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်အတွင်း ဆင်းရဲနွမ်းပါးသော တိုင်းရင်းသား ပြည်သူများအား ဆိုလာမီးအိမ်လုံး ၁၀၀ နှင့် savera စောင် ၁၅၀ ထည်အား ထောက်ပံ့ခြင်း၊
- ပြည်ထောင်စုဝန်ကြီး၏ ဖျာပုံမြို့ခရီးစဉ်တွင် ထောက်ပံ့ရန်အတွက် Family Kits (Care Myanmar) ၅၀ ပုံး၊ အဝတ်ဟောင်းထုပ် (၁၀၀ထည်ပါ) အထုပ် ၂၀၊ ဒေးဒရဲမြို့နယ်၊ ကျုံကလာ/ကျုံကရင်ကျေးရွာမှ အိမ်ခြေ ၂၅ လုံး အတွက် ဆိုလာမီးအိမ် (10 Watt Solar Package) ၂၅ လုံး ပေးပို့ခြင်း၊ ဖျာပုံမြို့နယ်၊ ဒေးဒရဲမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ကျေးလက်မီးလင်းရေးအတွက် ကျပ် ၁၂.၆၆၈ သန်း လွှဲပြောင်းပေးခြင်း၊
- ဒေးဒရဲမြို့နယ်အတွင်း ကျေးရွာမီးလင်းရေးအတွက် ကျပ် ၁.၈၄၀ သန်းနှင့် ဆိုလာမီးအိမ် ၅၀ လုံး၊ Family Kits (Care Myanmar) ၁၀ ပုံး၊ Family Kits (Unicef) ၅ ပုံး၊ အဝတ်အထည် ၅ ထုပ်၊ ဖျာပုံမြို့အတွင်း ကွန်ကရစ် လမ်းခင်းရန်အတွက် ဘိလပ်မြေအိတ် ၃၅၀ ဝယ်ယူရန် ကျပ် ၂.၀၀၀ သန်း ထောက်ပံ့ခြင်း၊
- စစ်တွေမြို့ရေဘေးသင့် ပြည်သူများအတွက် စောင် ၆၀၀ ထည် နှင့် ခြင်ထောင် (၁၀၀) လုံးတို့အား လှူဒါန်းထောက်ပံ့ခြင်း၊
- သောကြာကျေးရွာအုပ်စုအတွင်း ကျေးရွာ ၉ ရွာ အတွက် Family Kits ၁၈ ပုံး၊ ဘုရားဆင်းတုတော် အဆူ ၉၀၊ အထည် ၉ ထုပ်၊ မြစိမ်းကန်ကျေးရွာ အတွက် ဘုရားဆင်းတုတော် ၁၀ ဆူ၊ ကုလားကုန်းတန်းကျေးရွာအုပ်စု ၄ ရွာ အတွက် (Care Myanmar) Family Kits ၄ ပုံး၊ ဘုရားဆင်းတုတော် ၅ ဆူ၊ ဆင်ဂံကျေးရွာရှိ ပြည်သူများအတွက် (Unicef) Family Kits ၁ ပုံး၊ ဘုရားဆင်းတုတော် ၅ ဆူ၊ အဝတ်အထည် ၁ ထုပ် ထောက်ပံ့ခြင်း၊
- သပိတ်ကျင်းမြို့နယ်နှင့် မိုးကုတ်မြို့နယ်အတွင်း ရေဘေးကြောင့် ပျက်စီး အိမ်ခြေများနှင့် ရှိးကျေးရွာမီးဘေးသင့် အိမ်ခြေ ၁ လုံး တို့အတွက် (Care Myanmar) Family Kits စုစုပေါင်း ၈၅ ပုံးကို ထောက်ပံ့ခြင်း၊
- ရေဘေးသင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင် ရွက်ရန် ဟသ်ာတခရီးစဉ်တွင် ကျပ်သန်း ၅၀.၀၀၀၊ မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်ခရီးစဉ်၌ ကျပ်သန်း ၁၀၀.၀၀၀၊ ဒေးဒရဲမြို့နယ်၊ မငေးကြီး ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ ၅ ရွာအတွက် ဗုဒ္ဓဆင်းတုတော် ၂၅ ဆူ၊

Family Kits ၁၆ ပုံး၊ ဘုရားကြီးကျောင်းကျေးရွာ အုပ်စုအတွင်းရှိ ကျေးရွာ ၉ ရွာအတွက် ဗုဒ္ဓဆင်းတုတော် ၄၅ ဆူ၊ ဒေးဒရဲမြို့နယ်အတွင်း ကျေးရွာ ၄ ရွာ အတွက်ဗုဒ္ဓဆင်းတုတော် ၁၅ ဆူ၊ မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမြို့နယ် အတွင်း ကျေးရွာသုံးရွာတွင် ဖြစ်ပွားခဲ့သောရေဘေးအတွက်(CareMyanmar) Family Kits ၈၇ ပုံး၊ ကလေးမြို့နယ်ခရီးစဉ်၌ (Care Myanmar) တာပေါလင်လိပ် ၁၀ တို့ကို ထောက်ပံ့ခြင်း၊

- ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မြို့နယ်နှင့် ကျောင်းကုန်းမြို့နယ်များ အတွင်း ရေဘေးသင့်ပြည်သူများ တဲအိမ်ဆောက်လုပ် နေထိုင်ရန်အတွက် (Care Myanmar) တာပေါလင်လိပ် ၅၀ ထောက်ပံ့ခြင်း၊

(မ) ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ပင်လယ်အတွင်း ပျောက်ဆုံးနေသော ပြည်တွင်းရေမျော ၁၉ ဦးအတွက် ကယ်ဆယ်ရေးပစ္စည်း ၄ မျိုးနှင့် စားစရိတ် ထောက်ပံ့ငွေအပါအဝင် ကျပ် (၀.၁၅၆) သန်း၊ ဘင်္ဂါလီရေမျော ၁,၀၁၈ ဦး၊ ပြည်တွင်း ရေမျော ၁၁ ဦးအတွက် ကယ်ဆယ်ရေးပစ္စည်း ၆ မျိုးနှင့် စားစရိတ်ထောက်ပံ့ငွေ အပါအဝင် စုစုပေါင်း ကျပ် ၄.၃၇၀ သန်း ထောက်ပံ့ခြင်း၊

(ယ) **ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့်** UNDP ၊ UNICEF **တို့ ပူးပေါင်း၍ "သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်များ အတွက် အမျိုးသားအဆင့် မဟာဗျူဟာ(မူကြမ်း) ရေးဆွဲရေးအသိပေးခြင်းဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲကို နေပြည်တော်၌ ကျင်းပခြင်း၊**

(ရ) ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် JICA အဖွဲ့အစည်းတို့ ပူးပေါင်း၍ "End-to-End ကြိုတင် သတိပေးစနစ် စီမံကိန်းအကောင်အထည် ဖော် ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်းသည့် နှစ်ပတ်လည်အစည်းအဝေး" **များ ကျင်းပခြင်း၊**

(လ) INGOs၊ NGOs များနှင့် ပူးပေါင်း**ပြီး** သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာ များကို တိုင်းဒေသကြီး၊ ပြည်နယ် ၁၀ ခု ရှိ **စုစုပေါင်းမြို့နယ် ၂၄ မြို့နယ်တွင်** ရပ်ကွက်/ကျေးရွာများအထိ သွားရောက်၍ ပြည်သူလူထု ၆,၁၉၄ ဦးအား **ဆွေးနွေး ဟောပြောပွဲများ ပြုလုပ်ခြင်း၊**

(ဝ) သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလုပ်ငန်း(ဆင့်ပွား) သင်တန်းများကို ကန်ကြီးတောင့်မြို့နယ် ၊ မိုင်းဖြတ်မြို့နယ်၊ သန်လျင် မြို့နယ် ၊ မြစ်ကြီးနားမြို့တို့၌ သင်တန်းသား ၃ဝ ဦးစီဖြင့် ဖွင့်လှစ်ခဲ့ရာ စုစုပေါင်း ၁၂၅ ဦးအား သဘာဝဘေး အသိပညာများ ဟောပြောဆွေးနွေးခြင်း၊

(သ) လူမှုစောင့်ရှောက်ရေး စေတနာ့ဝန်ထမ်းလုပ်ငန်း(မွမ်းမံ)သင်တန်းကို သင်တန်း ၁၂ ကြိမ်သင်တန်းသား စုစုပေါင်း ၆၃ဝ ဦး၊ သဘာဝဘေးလျော့ပါးရေး စေတနာ့ ဝန်ထမ်းလုပ်ငန်း(မွမ်းမံ)သင်တန်း ၁၂ ကြိမ်သို့ စုစုပေါင်း ၆၇၃ ဦး တက်ရောက် ခဲ့ခြင်း၊

(ဟ) လူမှုဝန်ထမ်းဦးစီးဌာနသည် Save the Children (UK) အဖွဲ့၊ Help Age International (Myanmar) အဖွဲ့များနှင့် နားလည်မှုစာချွန်လွှာ သက်တမ်းတိုး လက်မှတ်ရေးထိုးခြင်းကိုလည်းကောင်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဦးစီးဌာနသည် United Nations High Commission for Refugees (UNHCR) အဖွဲ့၊ Adventut Development Relief Agency (ADRA) Myanmar အဖွဲ့၊ Arche no Va- Initiative for People in Need အဖွဲ့များနှင့်လည်းကောင်း၊ ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်နှင့် သဘော တူညီမှုစာလွှာ လက်မှတ်ရေးထိုးခဲ့ခြင်း၊

**(ဠ) ပြဋ္ဌာန်းထားရှိပြီးဖြစ်သည့် ကလေးသူငယ်ဥပဒေ (၁၉၉၃) ပြင်ဆင်ရေးဆွဲခြင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးများ ဥပဒေအသစ်ပြဋ္ဌာန်းခြင်း၊ သဘာဝဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု နည်းဥပဒေပြဋ္ဌာန်းခြင်း၊ သက်ကြီးရွယ်အို အခွင့်အရေး များ ဆိုင်ရာဥပဒေနှင့် အမျိုးသမီးများ အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေး ဥပဒေပြဋ္ဌာန်းနိုင်ရေးနှင့် ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ နည်းဥပဒေပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်ခြင်း၊**

**(အ)** အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ လုပ်ငန်း ညှိနှိုင်းအစည်းအဝေး၊

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတို့အား အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့ ပါသည်။

**ယဉ်ကျေးမှုဝန်ကြီးဌာန။** ယဉ်ကျေးမှုဝန်ကြီးဌာန၏ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကို (၂၂.၇.၂၀၁၅) ရက်နေ့တွင်လည်းကောင်း၊ ရှေးဟောင်းအဆောက်အအုံများကာကွယ်ထိန်းသိမ်းရေးဥပဒေကို (၂၇.၈.၂၀၁၅) ရက်နေ့တွင်လည်းကောင်း အတည်ပြုထုတ်ပြန်ခဲ့ပါသည်၊

(ခ) ရှေးဟောင်းနေရာ ၄၆ နေရာကို ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံတည်ရှိရာဇုန်၊ ရှေးဟောင်းနေရာတည်ရှိရာဇုန်၊ ကာကွယ်ထိန်းသိမ်းထားသောဇုန်များအဖြစ် သတ်မှတ်ခဲ့သည့်အပြင် ကမ္ဘောဇရိပ်သာ (ချင်းချောင်းနန်းတော်) နှင့် တမုတ်ရွှေဂူကြီးဘုရားတို့ကို ယဉ်ကျေးမှုအမွေအနှစ်ဒေသ၊ ရှေးဟောင်း အဆောက်အအုံတည်ရှိရာ ဇုန်အဖြစ် သတ်မှတ်ထိန်းသိမ်းနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်လျက် ရှိပါသည်၊

(ဂ) ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ) တွင် ကျောက်စာနှင့် ကျောက်စာမင်ကူးများကို မင်ကူးခြင်း၊ စာရင်းပြုစုခြင်း၊ အက္ခရာဖလှယ်ခြင်း၊ မှတ်တမ်းတင်ခြင်းတို့ ဆောင်ရွက်ခဲ့ပြီး မိတ္ထီလာခရိုင်၊ သာစည်မြို့နယ်၊ ဆင်ရွာကျေးရွာရှိ ကျောက်စာ(၁)ချပ်ကို သယ်ယူခဲ့ပြီး မြနန်းစံကျော် ရွှေနန်းတော်နန်းတွင်းကျောက်စာရုံ အမှတ်(၁)တွင် စိုက်ထူထိန်းသိမ်းထားပါသည်၊

(ဃ) အမျိုးသားပြတိုက် (နေပြည်တော်)ကို (၁၅.၇.၂၀၁၅) ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ပြီး လက်ဆောင်ပစ္စည်းပြခန်း၊ ပရိုင်းမိတ်နှင့် ကျောက်ဖြစ်ရုပ်ကြွင်း ပြခန်း၊ ကျောက်ခေတ်၊ကြေးခေတ်၊သံခေတ်ပြခန်း၊ ပန်းချီပြခန်း၊ အနုသုခုမပြခန်း၊ သမိုင်းတင် ခေတ်ဦးပျူခေတ်ပြခန်း၊ ပုဂံခေတ်ပြခန်းတို့အား ဖွင့်လှစ်ပြသလျက်ရှိပါသည်၊

(င) အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှ ကြီးမှူး၍ ရှေးဟောင်းသုတေသန နှင့် နည်းပညာသင်တန်းကျောင်း(ပြည်)တွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ဘွဲ့လွန်အသုံးချ ရှေးဟောင်းသုတေသနပညာဒီပလိုမာ၊ ပြတိုက်ပညာဒီပလိုမာ၊ မြန်မာကျောက်စာ၊ ပျူကျောက်စာ၊ မွန်ကျောက်စာ သင်တန်းများကို ဖွင့်လှစ်သင်ကြားလျက်ရှိပါသည်၊

(စ) အိန္ဒိယနိုင်ငံ Archaeological Survey of India (ASI) မှ ပညာရှင်များနှင့် ပူးပေါင်း၍ ပုဂံဒေသရှိ အာနန္ဒာဘုရားကြီးကို မွမ်းမံထိန်းသိမ်းခြင်းလုပ်ငန်း WMF

အဖွဲ့ဖြင့် ရွှေနန်းတော်ကျောင်းကြီး ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းအတွက် UNESCO နှင့် ပူးပေါင်း၍ သရေခေတ္တရာ မြို့ဟောင်း ကွင်းဆင်းသုတေသနပြု လုပ်ငန်းများကို ဆောင်ရွက်လျက် ရှိပါသည်၊

(ဆ) မြန်မာ့လူမှုယဉ်ကျေးမှုသမိုင်းစာအုပ်ကို ပုံနှိပ်ထုတ်ဝေနိုင်ခဲ့ပြီး မြန်မာသမိုင်း ပညာရှင်များ ရေးသားပြုစုသည့် မြန်မာ့နိုင်ငံရေး (၁၉၀၆-၁၉၃၀)စာအုပ်ကို ပုံနှိပ်ထုတ်ဝေနိုင်ရန် စိစစ်လျက်ရှိပြီး ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးပွဲများ သမိုင်း (၁၉၄၈ ခုနှစ်မှ ယနေ့ထိ) စာအုပ်ထုတ်ဝေနိုင်ရန် နှစ်အလိုက်ခွဲခြား၍ ရေးသားပြုစုလျက် ရှိပါသည်၊

(ဇ) အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီ (ASEAN-COCI) ၏ (၄၉) ကြိမ်မြောက် အစည်းအဝေးက အတည်ပြုခဲ့သည့် စီမံကိန်းတစ်ခုဖြစ်သော အာဆီယံ-ဂျပန်နိုင်ငံများ စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ နှီးနှောဖလှယ်ပွဲ (ASEAN -Japan Library Development Forum 2015) ကို မြန်မာနိုင်ငံတွင် အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပပြုလုပ်ခဲ့ပါသည်၊

(ဈ) သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)တို့ ပူးပေါင်း၍ ပညာသင်နှစ်အလိုက် စာကြည့်တိုက် ခန့်ခွဲမှုပညာ ဒီပလိုမာသင်တန်းကို အမျိုးသားစာကြည့်တိုက် (ရန်ကုန်/ မန္တလေး) တွင် ဖွင့်လှစ်ပို့ချပေးလျက်ရှိပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**။ ပြည်သူ့ဗဟိုပြုဝန်ဆောင်မှု အသိပညာပေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရန် ရုပ်သံလိုင်းများ တိုးချဲ့ထုတ်လွှင့်ခြင်း၊ စာပေဖွံ့ဖြိုးရေး လုပ်ငန်းများ တိုးတက်ကျယ်ပြန့်လာအောင် ဆောင်ရွက်ခြင်း၊ မြန်မာ့ရုပ်ရှင်လောကအဆင့်အတန်း မြင့်တင်ခြင်းတို့ကို အဓိကထား ဆောင်ရွက်သည့်အပြင် ဖော်ပြပါလုပ်ငန်းများ ကိုလည်း ဆောင်ရွက် လျက်ရှိပါသည်-

(က) ဂျပန်နိုင်ငံ JICA မှ The Project for the Improvement of TV Program & Broadcasting Editing Equipment for Myanma Radio and Television စီမံချက်ပါ လုပ်ငန်းအတွက် Non Linear Editing Equipment နှင့် Program များကိုဝယ်ယူခဲ့ပါသည်၊

(ခ) အများပြည်သူများ အင်တာနက် Wi-Fi အခမဲ့ အသုံးပြုနိုင်ရေးအတွက် နေပြည်တော်ကောင်စီနယ်မြေရုံး၊ ဒက္ခိဏခရိုင်ရုံး၊ ထားဝယ်ခရိုင်ရုံး နှင့် ပုလော

မြို့နယ်ရုံးများသို့ ADSL အင်တာနက်လိုင်းကို တပ်ဆင်ဆောင်ရွက် ပေးခဲ့ပါသည်၊

(ဂ) နိုင်ငံပိုင်ရုပ်ရှင်ရုံ ၂၇ ရုံ ရှိသည့်အနက် ၁၇ ရုံကို Digital Cinema အဖြစ် ပြောင်းလဲ ဆောင်ရွက်ပြီးဖြစ်၍ ကျန် ၁၀ ရုံအား Digital Cinema အဖြစ် ပြောင်းလဲနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်၊

(ဃ) မြန်မာ့ရုပ်ရှင်နှင့်ဗီဒီယိုလောက ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်တွင်းရုပ်ရှင် ၁၈ ကား၊ ဗီဒီယို ၄၈၁ ကား၊ နိုင်ငံခြားကား ၅၁ ကား ရုပ်သံလိုင်းများ အတွက် ပြည်ပဇာတ်လမ်း ၂၄၃ ကားကို မြန်မာ့ယဉ်ကျေးမှု ဓလေ့စရိုက် လက္ခဏာနှင့် အညီ စိစစ်ကြပ်မတ် ဆောင်ရွက်နိုင်ခဲ့ပါသည်၊

(င) ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းအနေဖြင့် ပုံနှိပ်စက်ဟောင်းများနေရာတွင် ပုံနှိပ်စက်အသစ်များဖြင့် အစားထိုးခြင်းနှင့် အရေးကြီးပုံနှိပ်လုပ်ငန်းများအတွက် Packing Machine (15) Nos ဝယ်ယူခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်၊

(စ) သတင်းထောက်များ၏ အရည်အသွေး ပိုမို တိုးတက်လာစေရေးအတွက် သတင်း ရေးသားနည်း၊ သတင်းလိုက်နည်း၊ သတင်းဆောင်းပါးရေးနည်း၊ စွမ်းရည်မြှင့် သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါသည်၊

(ဆ) ပြန်ကြားရေးဝန်ကြီးဌာနသည် ငွေလုံးငွေရင်းအသုံးစရိတ် ကျပ် ၁၁,၀၃၆.၀၈၀ သန်း လျာထားခဲ့ရာ ပထမ(၆)လအတွင်း ကျပ် ၃,၆၅၇.၄၁၁ သန်း သုံးစွဲခဲ့၍ ၃၃.၁၄ ရာခိုင်နှုန်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ ရခိုင်ပြည်နယ်၊ အမ်းမြို့၊ ဒါးလက်ကျေးရွာနှင့် ရှူးကျေးရွာအကြား ရောက်ချုံတောင်(မင်းတက် ကျေးရွာ) တွင် 50Wလွှင့်စက်ရုံ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ကိုယ်ပွား သတင်းစာတိုက် (စစ်တွေ)အတွက် တည်ဆောက်ရေး လုပ်ငန်းများ၊ စစ်တွေမြို့၊ ပဲခူးမြို့၊ ညောင်လေးပင်မြို့၊ မုံရွာမြို့၊ လပွတ္တာမြို့နှင့် ဘိုကလေးမြို့တို့ရှိ ရုပ်မြင် သံကြား ထပ်ဆင့်လွှင့် စက်ရုံ ၆ ရုံ တို့တွင် 100 KVA Transformer မှ 315 KVA Transformer နှင့် Two Pole Structure ပြောင်းလဲ တည်ဆောက်ခြင်း တို့ကို ဆောင်ရွက်လျက်ရှိပါသည်၊

(ဇ) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် တိုင်းဒေသကြီး/ ပြည်နယ်များ အတွင်းရှိ ပြည်သူများ အသိပညာဗဟုသုတ ရရှိစေရေးအတွက် အခမဲ့လေ့လာ ဖတ်ရှုနိုင်ရန် Public Digital Library Service (PDLS) စက်အလုံး ၁၀၀

တပ်ဆင်ခြင်းနှင့် ကျေးရွာစာကြည့်တိုက် ၂၀၀ ဆောက်လုပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်၊

(ဈ) ရခိုင်ပြည်နယ်အတွင်း လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)တွင် ရောင်စုံသတင်းစာ ပုံနှိပ်ထုတ်ဝေ ဖြန့်ချိနိုင်ရန် ဆောင်ရွက်လျက်ရှိရာ၊ ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ) ၏ တည်ဆောက်ရေးလုပ်ငန်းများ၊ ပုံနှိပ်စက်ပို့ဆောင်တပ်ဆင်ရေး လုပ်ငန်းများနှင့် သတင်းစာတိုက် ဖွဲ့စည်းပုံအတိုင်း ဝန်ထမ်းများခန့်အပ် တာဝန်ချထားနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်၊

(ည) မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် Analogue Switch Off လုပ်ငန်းစဉ်ဖြစ်သော ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံများတွင် Digital DVB-T2 လွှင့်စက်များ တပ်ဆင်ခြင်း FM Radio လွှင့်စက်များ တိုးချဲ့တပ်ဆင်ခြင်းတို့ကို ဆောင်ရွက် လျက်ရှိပါသည်၊

(ဋ) သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ကိုယ်ပွားသတင်းစာတိုက်(မုံရွာ)တွင် ရောင်စုံသတင်းစာပုံနှိပ်ထုတ်ဝေခြင်း ဆောင်ရွက်နိုင်ရန် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ရောင်စုံသတင်းစာများ စတင်ပုံနှိပ်နိုင်ခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးနှင့် ဆက်စပ်ဒေသများသို့ ဖြန့်ချိပေးလျက်ရှိပါသည်၊

(ဌ) သတင်းမီဒီယာနည်းဥပဒေကို ပြန်ကြားရေးဝန်ကြီးဌာန၏ ၁၇-၇-၂၀၁၅ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၅/၂၀၁၅) ဖြင့် ထုတ်ပြန်ခဲ့ပါသည်၊

(ဍ) ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကို ၂၈-၈-၂၀၁၅ ရက်နေ့တွင် ပြည်ထောင်စု လွှတ်တော်က ပြဋ္ဌာန်းခဲ့ပါသည်၊

(ဎ) ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံများ (စစ်တွေ၊ ဘူးသီးတောင် / မောင်တောပိန္နဲတောင်၊ ပုပ္ပါး၊ မိုင်းပါလှိုး) နှင့် စစ်တွေသတင်းဗျူရိုရုံးတို့တွင် သဘာဝဘေးအန္တရာယ်ကြောင့် ခန့်မှန်းတန်ဖိုး ငွေကျပ် (၇၃.၆၈၂) သန်းဆုံးရှုံးခဲ့ပါသည်၊

(ဏ) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် သဘာဝဘေးအန္တရာယ်ကြုံတွေ့သည့်အခါတွင် ကြိုတင်ကာကွယ်မှု ပြုလုပ်နိုင်ရန်အတွက် သတင်းအချက်အလက်များကို MPT, အော်ရီဒူးနှင့် တယ်လီနောဖုန်း အော်ပရေတာများနှင့် ဆက်သွယ်၍ သတင်းအချက်အလက် အတိုကောက်ပေးပို့ခြင်း (SMS)များကို အချိန်နှင့်တစ်ပြေးညီ ပေးပို့ခြင်း၊ လူမှုကွန်ရက်ဖြစ်သည့် Facebook မှ သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးခြင်း၊ ပြန်ကြားရေး

ဝန်ကြီးဌာန Call Center 1883 ကိုဖွင့်လှစ်၍ သတင်းအချက်အလက်များကို ပြန်ကြားပေးခြင်း၊ မေးခွန်းများ မေးမြန်းခြင်းကို အချိန်နှင့်တစ်ပြေးညီ ဖြေကြား ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်၊

(တ) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် အများပြည်သူများ စာအုပ်စာပေများကို လွယ်လင့်တကူ ဖတ်ရှုနိုင်ရန်အတွက် အများပြည်သူများ စုဝေးရာနေရာများဖြစ်သည့် ရထားဂိတ်၊ ကားဂိတ်၊ သင်္ဘောဆိပ်၊ လေဆိပ်တို့နှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးများတွင် Wifi စနစ်ဖြင့် e-book များဖတ်ရှုနိုင်သည့် Public Digital Library Services (PDLS) စက်များကို ဖြန့်ဝေတပ်ဆင်ပေးလျက်ရှိရာ၊ ပထမ(၆)လအတွင်း အလုံး ၂၀၀ ဝယ်ယူ၍ ဖြန့်ချိပေးနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်၊

(ထ) ခရိုင်/မြို့နယ်ရုံးများသို့ ဒို့ကျေးရွာဂျာနယ်စောင်ရေ ၅၂၈,၀၅၅ စောင်၊ စာပေရေချမ်းစင်စာစဉ် ၂,၁၇၉,၁၇ စောင်နှင့် စာအုပ် ၄၅,၁၆၁ အုပ်ကို ဝယ်ယူ ဖြန့်ချိနိုင်ခဲ့ပါသည်။

**သာသနာရေးဝန်ကြီးဌာန။** သာသနာရေးဝန်ကြီးဌာန၏ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) e-Library လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ပိဋကတ် ၃ ပုံပါဠိတော်၊ အဋ္ဌကထာ စသည့် ဗုဒ္ဓစာပေစာအုပ် ၅၀၄ အုပ်အား e -Book အဖြစ် ပြုစုနိုင်ခဲ့ပြီး ၅၅၄ အုပ် (စာမျက်နှာ ၂၄၂,၂၄၉) Scan ဖတ်ရှုပြီးဖြစ်ပါသည်။ ပြည်ပသာသနာပြုဌာနခွဲ (ရန်ကုန်) တွင် Fiber တပ်ဆင်၍ www. KBRL.gov.mm အမည်ဖြင့် Website လွှင့်တင်ခဲ့ပြီး ၂၁-၇-၂၀၁၅ ရက်နေ့တွင် e-Library အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်း၊

(ခ) ၂၀၁၅ ခုနှစ်၊ ဇူလိုင်လနှင့်ဩဂုတ်လများအတွင်း ရေကြီး၊ ရေလျှံမှု၊ မြေပြိုမှုများ ဖြစ်ပွားခဲ့မှုကြောင့် တိုင်းဒေသကြီး/ ပြည်နယ် ၁၂ ခု တို့မှ ဘုန်းတော်ကြီးကျောင်း ၁,၀၈၃ ကျောင်းနှင့် သီလရှင်ကျောင်း ၆ ကျောင်း ရေဘေးသင့်ခဲ့ပြီး ဘုန်းတော်ကြီးကျောင်း ၁၈၃ ကျောင်း၊ သီလရှင် ၅ ကျောင်းနှင့် စေတီ ၃ဆူ ပျက်စီးဆုံးရှုံးခဲ့ရာ သာသနာရေးဝန်ကြီးဌာနအနေဖြင့် မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ မုံရွာမြို့နှင့် ရခိုင်ပြည်နယ်၊ စစ်တွေမြို့တို့ရှိ

ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများအတွက် သင်္ကန်း၊ သီလရှင်ဝတ်စုံ၊ အသုံးအဆောင်ပစ္စည်းများနှင့် ငွေကျပ်သိန်း ၁၀၀ တို့ကို လှူဒါန်းခဲ့ခြင်း၊

(ဂ) ပိဋကတ်ကျမ်းစာအုပ်များ၊ ဗုဒ္ဓဓမ္မစာပေများ၊ ပြင်ပမှဆရာတော် သံဃာတော်များ အပ်နှံသည့် ဘာသာရေးဆိုင်ရာ စာအုပ်များကို ပုံနှိပ်ပေးလျက်ရှိရာ စုစုပေါင်း ၆၇၆,၂၄၄ အုပ် ပုံနှိပ်ပြီးစီးပြီး ကျမ်းစာအုပ် ၉၂,၁၁၄ အုပ် ရောင်းချခြင်း၊

(ဃ) ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၁,၅၃၁ ကျောင်းတွင် ကျောင်းသား ၂၉၇,၀၄၁ ဦး ပညာသင်ကြားလျက်ရှိပြီး မြို့နယ် ၁၃၃ မြို့နယ်တွင် ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်းများ ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ရှမ်းပြည်နယ်(အရှေ့)၊ တာချီလိတ် မြို့နယ်တွင် သာသနာပြုဌာန ၁ ဌာနကို တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့သဖြင့် နယ်စပ်တောင်တန်းနှင့် ဝေးလံခေါင်သီသောနေရာများတွင် သာသနာပြုဌာနပေါင်း ၅၇၀ ဌာန ဖွင့်လှစ်နိုင်ခဲ့ခြင်း၊

(င) ပြည်ပနိုင်ငံအသီးသီးမှ နိုင်ငံခြားသား ၄၈ ဦးတို့အား Meditation Visa ဖြင့် ပြည်နေခွင့်ရရှိရေးနှင့် သက်တမ်းတိုးနေထိုင်ခွင့်ရရှိရေး ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ နိုင်ငံပေါင်း ၅၁ နိုင်ငံမှ တရားအားထုတ်ရန် လာရောက်ကြသော ရဟန်း ၃၉၇ ပါး၊ သီလရှင် ၂၈၄ ပါးနှင့် ယောဂီ ၃၂၆ ဦး အတွက် ပြည်နေခွင့် သက်တမ်းတိုးမြှင့်ခြင်း၊ ပြည်ဝင်ဗီဇာလျှောက်ထားခြင်း၊ ပြည်ပြန်ဝင်ခွင့်ဗီဇာလျှောက်ထားခြင်း၊ ပြည်ပနိုင်ငံများသို့ သာသနာပြုဆောင်ရွက်ရန်နှင့် ဘုရားဖူး ကြွရောက် ကြသည့် ရဟန်း ၁,၀၇၀ ပါး နှင့် သီလရှင် ၇၂ ပါး၊ စုစုပေါင်း ၁,၁၄၂ ပါး တို့အတွက် နိုင်ငံကူးလက်မှတ်များရရှိရေး ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

**အားကစားဝန်ကြီးဌာန။** အားကစားဝန်ကြီးဌာနသည် နိုင်ငံတော်၏ အားကစားအဆင့်အတန်း တိုးတက်မြင့်မားစေရေးအတွက် "မြန်မာ့အားကစား မှ ကမ္ဘာ့အားကစား သို့" ဟူသော ရည်မှန်းချက်ကို အမျိုးသားရေးတာဝန်အဖြစ်ခံယူ၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

(က) ပြည်ပနိုင်ငံများသို့ မဟာဘွဲ့သင်တန်းများ တက်ရောက်ရန် စေလွှတ်ခြင်း၊ ဒိုင်တာဝန်ထမ်းဆောင်ရန် စေလွှတ်ခြင်းနှင့် တရုတ်၊ကိုရီးယား၊ထိုင်းနိုင်ငံများသို့ အားကစားနည်း ၂၀ တွင် အားကစားသမား ၄၂၇ ဦးအား ပွဲတွဲလေ့ကျင့်ရန် စေလွှတ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ ပြည်တွင်း၌ အားကစားသင်တန်း အမျိုးအစား ၁၂ ခု ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး၊ အားကစားနည်းစနစ်ပိုင်းဆိုင်ရာ များအတွက် တရုတ်၊ ထိုင်း၊ ကိုရီးယား၊ ပါကစ္စတန်၊ ဂျပန်၊ ရိုမေးနီးယား၊

အင်ဒိုနီးရှားနိုင်ငံတို့မှ နိုင်ငံခြားနည်းပြဆရာ စုစုပေါင်း ၃၈ ဦးတို့ဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိပါသည်၊

(ခ) အပြည်ပြည်ဆိုင်ရာ အားကစားပြိုင်ပွဲများနှင့် မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် အားကစားပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာ့အားကစားသမားများကို စခန်းသွင်း လေ့ကျင့်လျက်ရှိပါသည်။ နေပြည်တော်နှင့်ရန်ကုန်မြို့တို့တွင် (ဘော်လီဘော၊မြားပစ်၊စက်ဘီး) အားကစားနည်း ၃ နည်းအတွက် အုပ်ချုပ်/ နည်းပြ ၁၉ ဦး၊ အားကစားသမားကျား ၄၅၊ မ ၂၁ စုစုပေါင်း၈၅ ဦးကို စခန်းသွင်း လေ့ကျင့်ပေးလျက်ရှိပါသည်၊

(ဂ) တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/ မြို့နယ်များတွင် သက်ဆိုင်ရာအားကစားဆပ်ကော်မတီများအောက်၌ အားကစားကလပ်ပေါင်း ၇၁၉ ခု ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်၊

(ဃ) နေပြည်တော်တွင် ဖွင့်လှစ်မည့်အမျိုးသားပြတိုက်တွင် အားကစားဝန်ကြီးဌာနပြခန်း ပြသနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။ ဝဏ္ဏသိဒ္ဓိ Sports Complex ရှိ Social Zone တွင် အားကစားပြတိုက် (စိတ်ဓါတ်မြှင့်တင်ရေးခန်းမ)၌ အာရှနှင့်အရှေ့တောင်အာရှအားကစား ပြိုင်ပွဲများတွင် မြန်မာနိုင်ငံမှ ဆုတံဆိပ်ရရှိမှုများ၊ ပြိုင်ပွဲမှတ်တမ်းဓါတ်ပုံများ၊ဆုဖလားများနှင့် သမိုင်းအစဉ်အလာရှိသည့်ဆုတံဆိပ်များကို ခင်းကျင်းပြသထားပါသည်။ (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် အောင်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ခဲ့မှု မှတ်တမ်းဓာတ်ပုံများ၊ ပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်ရရှိသူများနှင့် အားကစားနည်းအလိုက် ပြိုင်ပွဲမှတ်တမ်းဓာတ်ပုံများ၊ နိုင်ငံတော်အကြီးအကဲများမှ လာရောက် ကြည့်ရှုအားပေး ချီးမြှင့်ဂုဏ်ပြုခဲ့သည့်မှတ်တမ်းဓာတ်ပုံများကို ပြခန်းတစ်ခုအဖြစ် သီးခြားဖွင့်လှစ် ပြသထားပါသည်၊

(င) အားကစားဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ညှိနှိုင်း၍ အားကစားနှင့်ပညာရေး ပေါင်းစပ်အစီအစဉ်အရ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် အားကစားပညာဘာသာရပ် B.Sc(Sport) သင်တန်းများကို ဒဂုံတက္ကသိုလ်(ရန်ကုန်) နှင့်ရတနာပုံတက္ကသိုလ်(မန္တလေး)တို့တွင် ဖွင့်လှစ်ခဲ့ရာ တက္ကသိုလ်နှစ်ခုတွင် ကျောင်းသား/ကျောင်းသူ စုစုပေါင်း ၁၉၈ ဦး တက်ရောက်သင်ကြားလျက်ရှိပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်းရှိ တက္ကသိုလ်/ကောလိပ်များနှင့် အခြေခံပညာ

ကျောင်းများတွင် အားကစားနည်း ၁၉ မျိုးကို အခြေခံ၍ မိမိဒေသနှင့် ကိုက်ညီသည့် သင်တန်းများ ဖွင့်လှစ်သင်ကြားပေးခဲ့ပါသည်၊

(စ) အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)တွင် အားကစားနည်း ၃၃ နည်းအတွက် သင်တန်း ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၇၀၅ ဦးကို လေ့ကျင့် သင်ကြားပေးလျက်ရှိပါသည်။ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး) ၌လည်း အားကစားနည်း ၃၃ နည်းဖြင့် သင်တန်းသား ၊ သင်တန်းသူ စုစုပေါင်း ၆၅၂ ဦးကို လေ့ကျင့်သင်ကြားပေးလျက်ရှိပါသည်၊

(ဆ) အားကစားနှင့် ကာယပညာသိပ္ပံ (မော်လမြိုင်) နှင့် အားကစားနှင့်ကာယပညာသိပ္ပံ (တောင်ကြီး) တွင်လည်း အားကစားနည်း ၁၀ နည်း သင်တန်းဖွင့်လှစ်ခဲ့ရာ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၂၃၀ ဦးစီ လေ့ကျင့်သင်ကြားပေးလျက် ရှိပါသည်၊

(ဇ) အားကစားဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံအမျိုးသားအားကစားဥပဒေ အတည်ပြုနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်။

**ရင်းနှီးမြှုပ်နှံမှုကဏ္ဍ**

**နိုင်ငံပိုင်အခန်းရင်းနှီးမြှုပ်နှံမှု**

ပြည်ထောင်စုအဆင့်ဗဟိုအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ် ငွေလုံးငွေရင်းအသုံးစရိတ်လျာထားချက်မှာ ကျပ် ၁,၉၄၈,၉၉၉.၀၉၉ သန်း ဖြစ်ပြီး ပထမ(၆)လပတ်အတွင်း ကျပ် ၁,၃၀၇,၆၂၅.၈၉၂ သန်း သုံးစွဲပြီးဖြစ်သဖြင့် လျာထားချက်၏ ၆၇.၁ ရာခိုင်နှုန်း သုံးစွဲခဲ့ပါသည်။

ဗဟိုအဖွဲ့အစည်းများ၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ် ငွေလုံးငွေရင်း အသုံးစရိတ် လျာထားချက်မှာ ကျပ် ၄,၃၃၄.၁၆၇ သန်းဖြစ်ပြီး ပထမ(၆)လပတ်အတွင်း ကျပ် ၁,၉၆၅.၂၁၁ သန်း သုံးစွဲခဲ့သဖြင့် လျာထားချက်၏ ၄၅.၃ ရာခိုင်နှုန်း သုံးစွဲခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးဌာနများ၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ် ငွေလုံးငွေရင်း အသုံးစရိတ်လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှုကို ရာခိုင်နှုန်းများဖြင့် နှိုင်းယှဉ်၍ တင်ပြအပ်ပါသည်-

(က) ပထမ(၆)လပတ် ငွေလုံးငွေရင်း အသုံးစရိတ်လျာထားချက်နှင့် နှိုင်းယှဉ်လျှင် ရာခိုင်နှုန်းပြည့်မီကျော်လွန် သုံးစွဲပြီး ဝန်ကြီးဌာန များမှာ-

| | |
|---|---|
| (၁) **နိုင်ငံခြားရေး** | ၂၂၁.၇ % |
| (၂) **လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား** | ၁၂၈.၃ % |
| (၃) **အားကစား** | ၁၁၄.၅ % |
| (၄) ပြန်ကြားရေး | ၁၀၅.၈ % |
| (၅) သာသနာရေး | ၁၀၅.၄ % |

(ခ) ပထမ (၆) လပတ် ငွေလုံးငွေရင်း အသုံးစရိတ်လျာထားချက်နှင့် နှိုင်းယှဉ်လျှင် ၈၀ ရာခိုင်နှုန်း မှ ၁၀၀ ရာခိုင်နှုန်းအတွင်း သုံးစွဲပြီး ဝန်ကြီးဌာနများမှာ-

| | |
|---|---|
| (၁) ပြည်ထဲရေး | ၉၉.၁ % |
| (၂) နယ်စပ်ရေးရာ | ၉၇.၉ % |
| (၃) သတ္တုတွင်း | ၈၇.၉ % |
| (၄) လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း | ၈၅.၃ % |
| (၅) မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး | ၈၅.၀ % |
| (၆) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ | ၈၄.၇ % |
| (၇) လျှပ်စစ်စွမ်းအား | ၈၄.၃ % |

(၈) ကျန်းမာရေး ၈၂.၆ %

(၉) စွမ်းအင် ၈၂.၁ %

(ဂ) ပထမ (၆) လပတ် ငွေလုံးငွေရင်း အသုံးစရိတ်လျာထားချက်နှင့် နှိုင်းယှဉ်လျှင် ၅၀ ရာခိုင်နှုန်း အောက် သုံးစွဲပြီး ဝန်ကြီးဌာနများမှာ-

(၁) လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချထားရေး ၄၂.၈ %

(၂) ကာကွယ်ရေး ၄၀.၆ %

(၃) သိပ္ပံနှင့်နည်းပညာ ၂၅.၉ %

(၄) ဟိုတယ်နှင့်ခရီးသွားလာရေး ၂၂.၂ %

(၅) အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေး ၂၁.၆ %

တို့ဖြစ်ကြောင်းတွေ့ရှိရပါသည်။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ် ငွေလုံးငွေရင်း အသုံးစရိတ် လျာထားချက်မှာ ကျပ် ၁၃,၈၉၁.၃၀၀ သန်းဖြစ်ပြီး ပထမ(၆)လပတ်အတွင်း ကျပ် ၈,၃၈၀.၆၆၈ သန်းသုံးစွဲပြီးဖြစ်သဖြင့် လျာထားချက်၏ ၆၀.၃ ရာခိုင်နှုန်း သုံးစွဲခဲ့ပါသည်။

နေပြည်တော် စည်ပင်သာယာရေးကော်မတီ၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ် ငွေလုံးငွေရင်း အသုံးစရိတ် လျာထားချက်မှာ ကျပ် ၄,၄၇၄.၀၄၉ သန်းဖြစ်ပြီး ပထမ(၆)လပတ် အတွင်း ကျပ် ၂,၄၆၀.၇၀၃ သန်းသုံးစွဲပြီးဖြစ်သဖြင့် လျာထားချက်၏ ၅၅.၀ ရာခိုင်နှုန်း သုံးစွဲခဲ့ပါသည်။

နေပြည်တော်ကောင်စီ၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ် ငွေလုံးငွေရင်း အသုံးစရိတ် လျာထားချက်မှာ ကျပ် ၃၃,၀၀၀.၀ သန်းဖြစ်ပြီး ပထမ(၆)လပတ် အတွင်း ကျပ် ၄၆,၉၉၉.၄၂၅ သန်းသုံးစွဲပြီးဖြစ်သဖြင့် လျာထားချက်၏ ၁၄၂.၄ ရာခိုင်နှုန်းထိ ကျော်လွန် သုံးစွဲခဲ့ပါသည်။

တပ်မြို့စည်ပင်သာယာရေးကော်မတီ၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ် ငွေလုံးငွေရင်း အသုံးစရိတ် လျာထားချက် ကျပ် ၄၀.၇၀၀ သန်း ကို သုံးစွဲပြီးဖြစ်သဖြင့် ပထမ(၆)လပတ် ကုန်တွင် ရာနှုန်းပြည့် သုံးစွဲခဲ့ပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ်အတွင်း နိုင်ငံပိုင်အခန်း ရင်းနှီးမြှုပ်နှံမှု အခြေအနေကိုဇယားဖြင့်ဖော်ပြအပ်ပါသည်။

**ဇယား (၅-၂) ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပထမ ( ၆ )လပတ် (ဧပြီလမှ စက်တင်ဘာလကုန်ထိ)**

**နိုင်ငံပိုင်အခန်းရင်းနှီးမြှုပ်နှံမှု အခြေအနေ**

( ကျပ်သန်း )

| အမှတ်စဉ် | ဝန်ကြီးဌာနအမည် | ပထမ ( ၆ )လပတ် လျာထားချက် | သုံးစွဲပြီး အခြေအနေ | သုံးစွဲပြီး ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁ | ၂ | ၂ | ၃ | ၄ |
| ၁ | ဗဟိုအဖွဲ့အစည်းများ | ၄,၃၃၄.၁၆၇ | ၁,၉၆၅.၂၁၁ | ၄၅.၃% |
| ၂ | နိုင်ငံခြားရေး | ၃,၁၅၅.၆၂၂ | ၆,၉၉၅.၆၀၄ | ၂၂၁.၇% |
| ၃ | ကာကွယ်ရေး | ၅၄၇,၃၇၃.၄၂၄ | ၂၂၂,၀၀၁.၈၉၆ | ၄၀.၆% |
| | -တပ်မြို့စည်ပင်သာယာရေး | ၄၀.၇၀၀ | ၄၀.၇၀၀ | ၁၀၀.၀% |
| ၄ | နယ်စပ်ရေးရာ | ၅၂,၂၁၀.၀၇၄ | ၅၁,၀၈၉.၀၉၂ | ၉၇.၉% |
| ၅ | ပြည်ထဲရေး | ၂၁,၀၉၀.၀၈၂ | ၂၀,၈၉၂.၉၆၀ | ၉၉.၁% |
| ၆ | လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား | ၃၂၅.၈၈၀ | ၄၁၈.၂၀၇ | ၁၂၈.၃% |
| ၇ | သာသနာရေး | ၆၈၇.၄၈၁ | ၇၂၄.၉၂၁ | ၁၀၅.၄% |
| ၈ | လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည် | ၁,၁၂၂.၉၇၀ | ၄၈၀.၇၇၆ | ၄၂.၈% |
| | နေရာချထားရေး | | | |
| ၉ | ပြန်ကြားရေး | ၃,၂၆၆.၄၅၈ | ၃,၄၅၇.၄၅၁ | ၁၀၅.၈% |
| ၁၀ | ယဉ်ကျေးမှု | ၅,၄၁၀.၀၄၄ | ၃,၅၀၂.၇၃၂ | ၆၄.၇% |
| ၁၁ | ပညာရေး | ၇၆,၆၉၈.၄၆၅ | ၅၄,၅၁၆.၈၆၈ | ၇၁.၁% |
| ၁၂ | ကျန်းမာရေး | ၉၀,၇၅၀.၆၄၇ | ၇၄,၉၁၉.၀၆၂ | ၈၂.၆% |
| ၁၃ | အားကစား | ၁,၉၇၅.၆၁၆ | ၂,၂၆၀.၇၃၂ | ၁၁၄.၅% |
| ၁၄ | အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေး | ၇,၆၅၉.၃၇၈ | ၁,၆၅၅.၄၅၅ | ၂၁.၆% |
| ၁၅ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ | ၃,၀၁၂.၆၁၆ | ၂,၅၅၀.၄၁၄ | ၈၄.၇% |
| ၁၆ | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း | ၂၇၈,၇၂၆.၉၅၀ | ၂၃၇,၇၅၃.၂၁၈ | ၈၅.၃% |
| ၁၇ | မွေးမြူရေး၊ ရေလုပ်ငန်းနှင့် | ၁၂၃,၉၄၀.၉၉၁ | ၁၀၅,၃၇၉.၂၄၀ | ၈၅.၀% |
| | ကျေးလက်ဒေသဖွံ့ဖြိုးရေး | | | |
| ၁၈ | သတ္တုတွင်း | ၁၃၅.၂၅၇ | ၁၁၈.၉၄၈ | ၈၇.၉% |

ဇယား ( ၅-၂)- အဆုံး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပထမ ( ၆ )လပတ် (ဧပြီလမှ စက်တင်ဘာလကုန်ထိ)

နိုင်ငံပိုင်အခန်းရင်းနှီးမြှုပ်နှံမှု အခြေအနေ

( ကျပ်သန်း )

| အမှတ်စဉ် | ဝန်ကြီးဌာနအမည် | ပထမ ( ၆ )လပတ် လျာထားချက် | သုံးစွဲပြီး အခြေအနေ | သုံးစွဲပြီး ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁ | ၂ | ၂ | ၃ | ၄ |
| ၁၉ | စက်မှု | ၇၈,၃၃၃.၁၄၈ | ၅၉,၀၉၆.၉၈၉ | ၇၅.၄% |
| ၂၀ | သိပ္ပံနှင့်နည်းပညာ | ၁၄,၈၄၇.၀၇၅ | ၃,၈၄၇.၈၂၀ | ၂၅.၉% |
| ၂၁ | စွမ်းအင် | ၂၀,၂၂၈.၄၂၃ | ၁၆,၅၉၇.၆၁၈ | ၈၂.၀% |
| ၂၂ | လျှပ်စစ်စွမ်းအား | ၂၂၀,၆၆၈.၅၂၇ | ၁၈၆,၉၆၀.၅၀၁ | ၈၄.၃% |
| ၂၃ | ဆောက်လုပ်ရေး | ၂၁၁,၉၈၄.၈၀၅ | ၁၀၅,၉၉၁.၆၅၀ | ၅၀.၀% |
| ၂၄ | ပို့ဆောင်ရေး | ၂၆,၉၄၆.၈၅၅ | ၁၇,၃၉၇.၉၆၈ | ၆၄.၆% |
| ၂၅ | ရထားပို့ဆောင်ရေး | ၃၆,၀၈၇.၈၄၃ | ၂၇,၀၃၃.၃၃၉ | ၇၄.၉% |
| ၂၆ | ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာ | ၄၂,၆၂၃.၉၅၆ | ၂၉,၉၀၇.၂၇၅ | ၇၀.၂% |
| ၂၇ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၁၇၇.၇၀၀ | ၁၀၈.၆၈၇ | ၆၁.၂% |
| ၂၈ | ဟိုတယ်နှင့်ခရီးသွားလာရေး | ၁၄၅.၈၀၀ | ၃၂.၄၀၀ | ၂၂.၂% |
| ၂၉ | သမဝါယမ | ၁,၈၁၀.၆၅၅ | ၁,၃၅၁.၄၂၈ | ၇၄.၆% |
| ၃၀ | အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု | ၅,၉၂၇.၃၆၂ | ၂,၉၈၈.၃၅၇ | ၅၀.၄% |
| ၃၁ | ဘဏ္ဍာရေး | ၁၄,၉၁၃.၇၅၉ | ၇,၇၀၂.၁၁၆ | ၅၁.၆% |
| ၃၂ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၁၃,၈၉၁.၃၀၀ | ၈,၃၈၀.၆၆၈ | ၆၀.၃% |
| ၃၃ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ | ၄,၄၇၄.၀၄၉ | ၂,၄၆၀.၇၀၃ | ၅၅.၀% |
| ၃၄ | နေပြည်တော်ကောင်စီ | ၃၃,၀၀၀.၀၀၀ | ၄၆,၉၉၉.၄၂၅ | ၁၄၂.၄% |
| | | | | |
| | ပြည်ထောင်စု စုစုပေါင်း | ၁,၉၄၈,၉၉၉.၀၉၉ | ၁,၃၀၇,၆၂၅.၈၉၂ | ၆၇.၁% |

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ်အတွင်း တိုင်းဒေသကြီး/ ပြည်နယ်များ ၏ နိုင်ငံပိုင်အခန်း ရင်းနှီးမြှုပ်နှံမှု သုံးစွဲပြီးအခြေအနေကို ဇယားဖြင့် ဖော်ပြအပ်ပါသည်။

**တိုင်းဒေသကြီး/ ပြည်နယ်များ၏**

**ဇယား (၅-၃) ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပထမ ( ၆ ) လပတ် (ဧပြီလမှ စက်တင်ဘာလကုန်ထိ)**

**နိုင်ငံပိုင်အခန်းရင်းနှီးမြှုပ်နှံမှု အခြေအနေ**

( ကျပ်သန်း)

| အမှတ်စဉ် | အကြောင်းအရာ | တစ်နှစ်လုံးလျာထားချက် | သုံးစွဲပြီးအခြေအနေ |
|---|---|---|---|
| ၁ | ၂ | ၃ | ၄ |
| ၁ | ကချင်ပြည်နယ် | ၈၉,၅၆၈.၀၈၁ | ၁၆,၉၀၄.၂၇၆ |
| ၂ | ကယားပြည်နယ် | ၃၅,၁၁၂.၂၉၀ | ၁၆,၀၆၈.၅၄၅ |
| ၃ | ကရင်ပြည်နယ် | ၅၂,၆၉၈.၀၆၃ | ၃၁,၀၅၄.၁၂၃ |
| ၄ | ချင်းပြည်နယ် | ၉၁,၈၁၂.၆၇၈ | ၄၅,၇၃၀.၁၀၃ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၉၁,၃၁၆.၁၅၁ | ၄၈,၆၁၉.၀၄၁ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၆၂,၀၉၃.၀၁၁ | ၂၈,၀၅၂.၃၃၉ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၈၅,၃၃၁.၄၈၁ | ၄၃,၇၅၇.၆၄၈ |
| ၈ | မကွေးတိုင်းဒေသကြီး | ၈၈,၇၅၃.၂၀၇ | ၂၄,၄၇၉.၅၁၂ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၉၇,၇၅၁.၀၂၄ | ၄၇,၂၃၈.၇၀၇ |
| ၁၀ | မွန် ပြည်နယ် | ၂၉,၀၈၈.၇၆၃ | ၈,၇၅၆.၄၈၉ |
| ၁၁ | ရခိုင် ပြည်နယ် | ၁၀၉,၅၁၈.၃၅၈ | ၅၁,၅၈၄.၆၀၃ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၃၉၉,၁၃၄.၃၂၇ | ၁၂၉,၄၃၇.၅၁၆ |
| ၁၃ | ရှမ်း ပြည်နယ် | ၁၆၆,၂၄၅.၃၆၆ | ၇၇,၅၆၃.၆၉၂ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၈၂,၅၇၈.၁၅၂ | ၃၆,၈၇၈.၅၀၅ |
| | **တိုင်းဒေသ ကြီး/ပြည်နယ် စုစုပေါင်း** | **၁,၄၈၁,၀၀၀.၉၅၂** | **၆၀၆,၁၂၅.၀၉၉** |

# အခန်း(၆)

## ဒေသန္တရစီမံကိန်းများအကောင်အထည်ဖော်နိုင်မှုအခြေအနေ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ ဖွဲ့စည်းဖြစ်ပေါ်ခဲ့ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရ အဖွဲ့များမှ မိမိတို့၏ ဒေသန္တရစီမံကိန်းများကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။ တိုင်းဒေသကြီး/ ပြည်နယ်များ၏ စီးပွားရေး၊ လူမှုရေးအခြေအနေများ ဆောင်ရွက် အကောင်အထည်ဖော်မှုကို တင်ပြအပ်ပါသည်။


**ကချင်ပြည်နယ်**

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ပထမ(၆)လပတ်တွင် ကချင်ပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်း**အရ ကျပ် ၄၂၁,၅၇၂.၇ သန်း အကောင်အထည်ဖော်ရန် လျာထားပါသည်။

**ပုံ (၆-၁) ကချင်ပြည်နယ်၏**

**၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ပထမ(၆)လပတ်တွင် ကချင်ပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်း**အရ ကျပ် **၃၉၉,၃၃၉.၃** သန်း ဖြစ်ပေါ်ခဲ့၍ ပထမ(၆)လပတ်လျာထားချက်အပေါ် **၉၄.၇** ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**အရ **၁၁.၂** ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

**လယ်ယာကဏ္ဍ။ အစီရင်ခံသည့် ပထမ(၆)လပတ်တွင် ဇူလိုင်လ နှင့် ဩဂုတ်လများ အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မိုးညှင်းခရိုင် မိုးညှင်း၊ မိုးကောင်း နှင့် ဖားကန့်မြို့နယ်၊ ဗန်းမော်ခရိုင်၊ ဗန်းမော်၊ မိုးမောက်၊ မံစီ နှင့် ရွှေကူ မြို့နယ်တို့တွင် ရေကြီးနစ်မြုပ်မှုများကြောင့် လယ်ဧကများ ရေမြုပ်ခြင်း၊ သဲဖုန်းခြင်းများဖြစ်ပေါ်ခဲ့ပြီး ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ပါသည်။ စုစုပေါင်း ၂၈,၉၈၁.၄၇ ဧက နစ်မြုပ်ခဲ့ပြီး ဧက ၁၅,၉၉၃.၆၄ ခန့် ထိခိုက်လျက် ၁၂,၈၀၁.၁၄ ဧက ခန့် ပျက်စီးနိုင်မည်ဟု ခန့်မှန်းထားပါသည်။ ရေကြီးနစ်မြုပ်သည့်လယ်များ ပြန်လည်စိုက်ပျိုးသွားနိုင်ရေး ပံ့ပိုးဆောင်ရွက်ပေးလျက် ရှိပါသည်။**

**သားငါးကဏ္ဍ။** သမဝါယမပိုင်နှင့် ပုဂ္ဂလိကပိုင်ကဏ္ဍများမှ အသားနှင့်ဥထုတ်လုပ်မှုများ တိုးတက် ထုတ်လုပ်နိုင်ခဲ့ပါသည်။ အသားကဏ္ဍ တိုးတက်ရေးအတွက် မွေးမြူရေး နှင့်ကုသရေး ဦးစီးဌာနအနေဖြင့် ကာကွယ်ဆေးများ ထိုးပေးခြင်း၊ မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးခြင်း နှင့် မေထုန်မဲ့သားစပ်ခြင်းများ ဆောင်ရွက်ပေးခဲ့ပါသည်။ ငါးကဏ္ဍဖွံ့ဖြိုး တိုးတက်ရေး အတွက် ငါးသားပေါက်စခန်းများ အဆင့်မြင့်တင်ခြင်း၊ ငါးသားပေါက်များ ဖြန့်ဖြူးပေးခြင်း၊ ငါးမျိုးစိုက်ထည့်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့ချရေးလုပ်ငန်းစဉ်များအရ ကျေးလက်ဒေသမွေးမြူရေးကဏ္ဍဖွံ့ဖြိုးရေး၊ မြစိမ်းရောင်စီမံချက်အရ ကျေးလက်ဒေသ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ ဆောင်ရွက်လျက်ရှိပါသည်။

**သစ်တောကဏ္ဍ။** သစ်တောကဏ္ဍအနေဖြင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု မရှိစေရေးအတွက် သစ်တောသယံဇာတများ ထုတ်လုပ်မှုကို ထိန်းသိမ်းဆောင်ရွက်လျက် ရှိပါသည်။ သစ်တောများ ထိန်းသိမ်း စောင့်ရှောက်ခြင်း၊ စိုက်ခင်းများ ထူထောင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ပုဂ္ဂလိကပိုင်အခန်းမှ သစ်မာ၊ ထင်း၊ ဝါး၊ ကြိမ်၊ သစ်ခေါက်နှင့် ခနိ/သက်ကယ် တို့၏ထုတ်လုပ်မှုများ တိုးတက်ခဲ့ပါသည်။

**သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ။** ပုဂ္ဂလိကပိုင်အခန်းမှ ကျောက်စိမ်း ထုတ်လုပ်မှုများ တိုးတက် ထုတ်လုပ်နိုင်ခြင်းကြောင့်ဖြစ်ပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပွင့်လင်းရာသီတွင် ကျောက်စိမ်း ထုတ်လုပ်မှု ပိုမို ထုတ်လုပ်နိုင်မည် ဖြစ်ပါသည်။ **ပထမ(၆)လပတ်တွင်** ကျောက်စိမ်း ၁၄,၈၆၈ ကီလိုထောင်ပေါင်းနှင့် သွပ်နှင့်ရောရာသတ္တုရိုင်း ၆၈၀ မက်ထရစ်တန် ထုတ်လုပ်နိုင်ခဲ့ပါသည်။

**စက်မှုလက်မှုကဏ္ဍ။** စက်မှုလက်မှုကဏ္ဍအနေဖြင့်အကြီးစားစက်မှုလုပ်ငန်းများမရှိသော်လည်း ပုဂ္ဂလိကအသေးစားအလတ်စား စက်မှုလုပ်ငန်းများ၏ တိုးတက်ထုတ်လုပ်နိုင်ခြင်းကြောင့်ဖြစ်ပါသည်။ ကချင်ပြည်နယ်တွင် ရိုးရာယက္ကန်းလုပ်ငန်းများဖြစ်သော ဒေါ်အမ်ထွမ်စက်ယက္ကန်းနှင့် ထိပ်ထားစက်ယက္ကန်းမှ ဒီဇိုင်းသစ်များ တိုးတက်ထုတ်လုပ်နိုင်ခဲ့ပါသည်။ အသေးစား အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သမဝါယမဝန်ကြီးဌာန အသေးစားစက်မှုလက်မှုဦးစီးဌာန၊ ယက္ကန်းသင်တန်းကျောင်းမှ ယက္ကန်းအတတ်သင် သင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ အသေးစားစက်မှုလက်မှုဦးစီးဌာနမှ သင်တန်းများဖွင့်လှစ်ပေးခြင်းများဆောင်ရွက်ခဲ့ပြီး၊ သမဝါယမဦးစီးဌာနအနေဖြင့် သမဝါယမအသင်းများ ဖွဲ့စည်း၍ ပံ့ပိုးငွေများထုတ်ချေးပေးခြင်း၊ အရစ်ကျငွေချေးစနစ်ဖြင့် လုပ်ငန်းသုံးစက်ပစ္စည်းများ ရောင်းချပေးခြင်းများဆောင်ရွက်နိုင်ခဲ့ပါသည်။

**လျှပ်စစ်ဓာတ်အားကဏ္ဍ။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ပူတာအိုမြို့နယ်ရှိ ၃.၂ မဂ္ဂါဝပ်အထက် ထုတ်လုပ် နိုင်မည့် နမ့်ထွမ်ရေအားလျှပ်စစ်စီမံကိန်းအား တည်ဆောက်လျက်ရှိရာ ကျပ် ၂,၂၅၀.၃၉၈ သန်း သုံးစွဲပြီး ဖြစ်၍ ၂၃.၆ ရာခိုင်နှုန်း ပြီးစီးပြီ ဖြစ်ပါသည်။ မြစ်ကြီးနားမြို့နယ်၊ ဝိုင်းမော်မြို့နယ်၊ တနိုင်းမြို့နယ်၊ ရှင်ဗွေယန်မြို့နယ်၊ အင်ဂျန်းယန် မြို့နယ်၊ မိုးညှင်းမြို့နယ်၊ မိုးကောင်းမြို့နယ်၊ နမ္မတီးဒေသ၊ ကာမိုင်း၊ ဟိုပင်၊ နမ္မားဒေသ၊ နန့်မွန်းဒေသ၊ ဗန်းမော်မြို့နယ်၊မြို့လှမြို့နယ်၊ ရွှေကူမြို့နယ်၊ ဖားကန့်မြို့နယ်၊ မိုးမောက်မြို့နယ်၊ မံစီမြို့နယ်၊ ဒေါ့ဖုန်းယန်မြို့နယ်၊ ပူတာအိုမြို့နယ်၊ နောင်မွန်းမြို့နယ်များအတွင်းရှိ ကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် တင်ဒါခေါ်ယူဆောင်ရွက်လျက် ရှိပါသည်။

**ဆောက်လုပ်မှုကဏ္ဍ။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် လမ်းတံတားတည်ဆောက်ခြင်းလုပ်ငန်းတွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် လမ်းတံတားပြင်ဆင်ထိန်းသိမ်းခြင်း၊ အဆင့်မြှင့်တင်ခြင်းအတွက် ကျပ် ၃၇၅.၈၆ သန်းနှင့် လမ်းပြင်ဆင်ထိန်းသိမ်းခြင်း၊ အဆင့်မြှင့်တင်ဆောက်လုပ်ခြင်းအတွက် ကျပ် ၈,၄၁၈.၅၇၈ သန်း ဖြင့် ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မန္တလေး - တကောင်း- ဗန်းမော်- မြစ်ကြီးနားလမ်း၊ မန္တလေး-လားရှိုး-ဗန်းမော်-မြစ်ကြီးနားလမ်း၊ ကသာ-စင်းခန်းလမ်း၊ မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်း၊ ရွှေဘို-မြစ်ကြီးနားလမ်းပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများနှင့် အဆိုပါလမ်းများပေါ်ရှိ တံတားများတည်ဆောက် ပြုပြင်ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

မြစ်ကြီးနားမြို့နယ်တွင် နန်ပေါင်ရှောင်ကွင်းလမ်း၊ ရာဒါပူ-အောက်ချဲလမ်း၊ ဝိုင်းမော်မြို့နယ်တွင် ရွှေညောင်ပင်-တာလောကြီးလမ်း၊ ချီဖွေမြို့နယ်တွင် မံဝိန်း-ချီဖွေ-လောခေါင်-

ထော့ဂေါ့-ဖီမော်လမ်း၊ တနိုင်းမြို့နယ်တွင် တနိုင်း-မိုင်းခွန်လမ်း၊ နမ္မတီး-တနိုင်း-ပန်ဆောင်လမ်း၊ အင်ဂျန်းယန်မြို့နယ်တွင် ဂွေထော်-အင်ဂျန်းယန်လမ်း၊ ဆော့လော်မြို့နယ်တွင် ချီဖွေ-ဆော့လော်-မန်ကျီ-ဝဲလတန်လမ်း၊ မိုးညှင်းမြို့နယ်တွင် မိုးညှင်းမြို့ရှောင်လမ်း၊ မိုးညှင်း-နန်းမား-မြို့သစ်ကလေး-ဟိုပင်လမ်း၊ မိုးညှင်း-ဘီလူး- အုန်းစံဆိုင်-ကျောက်ဖြူ-နန့်မွန်းလမ်း၊ ဖားကန့်မြို့နယ်တွင် လဝ-ကာမိုင်း-လုံးခင်း-ဖားကန့်လမ်း၊ မိုးမောက်မြို့နယ်တွင် မန္တလေး-လာရှိုး-ဗန်းမော်-မြစ်ကြီးနားလမ်း၊ ကုန်းနှော- မခွယ်လမ်း၊ မန်စီမြို့နယ်တွင် ဗန်းမော် - ဆဝမ်ကတောင်-စီအူလမ်း၊ ဗန်းမော်- မန်သာ- စီကော်- စီအူလမ်း၊ ဗန်းမော်မြို့နယ်တွင် ဗန်းမော်-နောင်လိုက်-တာဆိုင်လမ်း၊ ရွှေကူမြို့နယ်တွင် ရွှေကူ- ကျေးတောကြီးပတ်လမ်း၊ ရွှေကူ - စီသောင်လမ်းများ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများနှင့် အဆိုပါလမ်းများပေါ်ရှိ တံတားများ တည်ဆောက်ပြုပြင်ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

**ပို့ဆောင်ရေးကဏ္ဍ။** ပုဂ္ဂလိက လေကြောင်းလိုင်းများ ဖြစ်သော Air Bagan လိုင်းမှ ဝင်ငွေများတိုးတက်ခဲ့ပြီး မြစ်ကြီးနား - မန္တလေး - ရန်ကုန်ခရီးစဉ်များတွင် ပုဂ္ဂလိကကားလိုင်း (၁) လိုင်း တိုးချဲ့ပြေးဆွဲလာသောကြောင့် ဖြစ်ပါသည်။

**ဆက်သွယ်ရေးကဏ္ဍ။** ပုဂ္ဂလိက ရင်းနှီးမြှပ်နှံမှုဖြစ်သော တယ်လီနောနှင့် အော်ရီဒူးကုမ္ပဏီများ၏ မိုဘိုင်းဖုန်းများဖြန့်ဝေမှုနှင့် တယ်လီဖုန်းပြောဆိုခများ တိုးတက်လာခြင်းကြောင့် ဖြစ်ပါသည်။

**ငွေရေးကြေးရေးကဏ္ဍ။** ကချင်ပြည်နယ်တွင် နိုင်ငံပိုင်အနေဖြင့် မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ သမဝါယမပိုင်အနေဖြင့် CB Bank၊ ပုဂ္ဂလိကပိုင် ဘဏ် ၆ ခု၊ အပြည်ပြည်ဆိုင်ရာကမ္ဘောဇအာမခံလုပ်ငန်းတို့ဖြင့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး မြန်မာရွှေ့ဆောင်ဘဏ်ခွဲနှင့် ရိုးမဘဏ်ခွဲ၏ဝင်ငွေများ တိုးတက်ခဲ့ပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မိုးစပါးနှင့် ဆောင်းသီးနှံများ ထုတ်ချေးပေးခဲ့ပြီး နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များအနေဖြင့် ချေးငွေထုတ်ချေးခြင်း၊ ငွေလွှဲလုပ်ငန်းများဖြင့် ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လျှက်ရှိပါသည်။ သမဝါယမပိုင်အခန်းမှ အသေးစား ငွေစုငွေချေး သမဝါယမအသင်းများဖွဲ့စည်း၍ အသေးစားချေးငွေလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်ဖြစ်သော အသေးစား သမဝါယမ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ငွေစုငွေချေးသမဝါယမ အမျိုးအစား ၈ မျိုးမှ သမဝါယမအသင်း ၅၇၈ သင်း ဖွဲ့စည်း၍ ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

**လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ။** ကျန်းမာရေးဝန်ဆောင်မှုအနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနအနေဖြင့် မချမ်းဘောမြို့နယ် ထရမ်ဒမ်း ၁၆ ကုတင်ဆံ့ တိုက်နယ်ဆေးရုံ ဆောက်လုပ်ခြင်းတွင် ၉၀ ရာခိုင်နှုန်း၊ ပူတာအိုမြို့နယ်၊ လုံရှာယန်ကျေးရွာ ၁၆ ကုတင်ဆံ့ တိုက်နယ်ဆေးရုံ ဆောက်လုပ်ခြင်း ၄၀ ရာခိုင်နှုန်း၊ ဖားကန့်မြို့နယ် ဖားကန့်ပြည်သူ့ ဆေးရုံကုတင် ၅၀ ဆံ့ ဆေးရုံ တိုးမြှင့်ဆောက်လုပ်ခြင်း ၅၅ ရာခိုင်နှုန်းနှင့် ဆော့လော်မြို့နယ် ဆော့လော်ပြည်သူ့ဆေးရုံ ၂၅ ကုတင်ဆံ့ ဆေးရုံ ဆောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်မှု ၁၀၀ ရာခိုင်နှုန်း နှင့် မိုးညှင်းမြို့နယ် နန့်မွန်း ၁၆ ကုတင်ဆံ့ တိုက်နယ်ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ခြင်းလုပ်ငန်းကို ၆၀ ရာခိုင်နှုန်းပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

ပညာရေးဝန်ဆောင်မှုအနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ်အတွင်း အခြေခံပညာအထက်တန်းကျောင်းနှင့် အထက်တန်းကျောင်းခွဲ၊ အခြေခံပညာအလယ်တန်းကျောင်းနှင့်အလယ်တန်းကျောင်းခွဲ၊ မူလွန်၊ အခြေခံပညာ မူလတန်းကျောင်းများ၏ ကျောင်းဆောင်သစ် တည်ဆောက်ခြင်းအနေဖြင့် မြစ်ကြီးနားမြို့နယ်တွင် ၁၅ ကျောင်း၊ ဝိုင်းမော်မြို့နယ်တွင် ၁၀ ကျောင်း၊ တနိုင်းမြို့နယ်တွင် ၉ ကျောင်း၊ ချီဖွေမြို့နယ်တွင် ၇ ကျောင်း၊ ဆော့လော်မြို့နယ်တွင် ၈ ကျောင်း၊ မိုးညှင်းမြို့နယ်တွင် ၁၃ ကျောင်း၊ မိုးကောင်းမြို့နယ်တွင် ၁၁ ကျောင်း၊ ဖားကန့်မြို့နယ်တွင် ၁၃ ကျောင်း၊ ဗန်းမော်မြို့နယ်တွင် ၁၀ ကျောင်း၊ ရွှေကူမြို့နယ်တွင် ၁၅ ကျောင်း၊ မိုးမောက်မြို့နယ်တွင် ၁၀ ကျောင်း၊ မန်စီမြို့နယ်တွင် ၂၂ ကျောင်း၊ ပူတာအိုမြို့နယ်တွင် ၁၀ ကျောင်း၊ ဆွမ်ပရာဘွမ်မြို့နယ်တွင် ၃ ကျောင်း၊ မချမ်းဘောမြို့နယ်တွင် ၇ ကျောင်း၊ ခေါင်လန်ဖူးမြို့နယ်တွင် ၁၇ ကျောင်း၊ နောင်မွန်းမြို့နယ်တွင် ၉ ကျောင်းနှင့် ပြည်နယ် အတွင်း စုစုပေါင်း ကျောင်း ၁၈၉ ကျောင်းတို့ကို တည်ဆောက်နိုင်ခဲ့ပါသည်။

**ငွေးရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ။** ပုဂ္ဂလိကပိုင်ဝန်ဆောင်မှုအနေဖြင့် ကိုယ်ပိုင်အထက်တန်းကျောင်း ၁ ကျောင်း၊ ဆေးကုသခန်းများ၊ အလှပြင်ဆိုင်နှင့် ဆက်စပ်ပစ္စည်းလုပ်ငန်းများ၊ ကုန်တင်ကုန်ချလုပ်ငန်းများမှ ဦးရေ နှင့် ဝင်ငွေများ တိုးတက်ခဲ့ပါသည်။ ပြည်နယ်အတွင်းရှိ မြစ်ဆုံအပန်းဖြေစခန်း၊ရေခဲတောင်တန်းများ၏ သဘာဝအလှ ဆွဲဆောင်မှု များကြောင့် ပြည်တွင်း ပြည်ပမှ ခရီးသည်များ လာရောက်လေ့လာ လည်ပတ်မှုများကြောင့် ခရီးသွားလုပ်ငန်း၊ ဟိုတယ်လုပ်ငန်း၊ တည်းခိုခန်းလုပ်ငန်းများ၏ ဝင်ငွေများ တိုးတက်ခဲ့ပါသည်။

**နယ်စပ်ကုန်သွယ်ရေး။**ကချင်ပြည်နယ်နယ်စပ်ကုန်သွယ်ရေးစခန်းများဖြစ်သည့် လွယ်ဂျယ်နှင့် ကန်ပိုက်တီး စခန်းများမှ ဆန်၊ ပြောင်း၊ တစ်သျှုးငှက်ပျော၊ ရာဘာ နှင့် ကြိမ်တို့ တင်ပို့နိုင်ခဲ့ပြီး ရင်းနှီးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ တင်သွင်းနိုင်ခဲ့ပါသည်။


## ကယားပြည်နယ်

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်း ပထမ(၆)လပတ်တွင် ကယားပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး **နှစ်အလိုက်စျေးနှုန်း**အရ ကျပ် **၉၆,၄၄၅.၆** သန်း အကောင်အထည်ဖော်ရန် လျာထားပါသည်။

**ပုံ (၆-၂) ကယားပြည်နယ်၏**

**၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ**

**(နှစ်အလိုက်စျေးနှုန်း)**




ဓာတ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ပထမ (၆) လပတ် ကယားပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်စျေးနှုန်း**အရ ကျပ် **၉၇,၇၈၁.၂** သန်း ဖြစ်ပေါ်ခဲ့၍ ပထမ (၆) လပတ် လျာထားချက် အပေါ် **၁၀၁.၄** ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး၊ **ပုံမှန်စျေးနှုန်း**အရ **၉.၉** ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

**လယ်ယာကဏ္ဍ။** ပထမ(၆)လပတ်တွင် မိုးစပါး ၈၉,၆၅၅ ဧက၊ အစေ့ထုတ်ပြောင်း ၃၆,၇၂၅ ဧက၊ ပဲအမျိုးမျိုး ၃၁,၅၄၈ ဧက၊ ဆီထွက်သီးနှံ ၃၃,၆၁၂ ဧက စိုက်ပျိုးခဲ့ပြီးဖြစ်ပါသည်။ ဆည်ရေသောက်ဧရိယာအနေဖြင့် စုစုပေါင်း ၄၈,၅၈၁ ဧက ရေပေးဝေနိုင်ပြီး၊ မြစ်ရေတင်လုပ်ငန်း အနေဖြင့် စုစုပေါင်းဧက ၁,၁၀၀ ကို ရေပေးဝေနိုင်ရန်အတွက် ဘုရားဖြူ နှင့် နီးကိုးမြစ်ရေတင်

လုပ်ငန်းများကို ဆောင်ရွက်လျက် ရှိပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးစရိတ်ချေးငွေစုစုပေါင်း ကျပ် ၁,၈၅၇.၄ သန်း ထုတ်ချေးပေးခဲ့ပါသည်။ မိုးကြိုချေးငွေ ကျပ်၁၄၆.၄ သန်း ပြန်လည်ကောက်ခံနိုင်ခဲ့ပြီး ဖြစ်ပါသည်။ သမဝါယမဦးစီးဌာနမှ စိုက်ပျိုးရေးသမဝါယမ အသင်းများအတွက် ထုတ်ချေးပေးမှုမှာ စုစုပေါင်း ကျပ် ၂,၂၃၅.၅ သန်းရှိပြီး၊ စိုက်ပျိုးစရိတ် ချေးငွေ သာမက လယ်ယာသုံးစက်ကိရိယာများကို hire purchase ဖြင့် ဝယ်ယူစေခြင်းများ ပါဝင်ပါသည်။ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လအတွင်း ကယားပြည်နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့ပါသဖြင့် ပြည်နယ်အတွင်း သီးနှံစိုက်ဧက ၁၄၆ ဧက နစ်မြုပ်ခဲ့ပြီး ၆၈ ဧက သာ ပျက်စီးခဲ့ပါသည်။ နွေစပါးစိုက်ပျိုးမှုတွင် သဘာဝရေခန်းခြောက်ခြင်း၊ စိုက်ပျိုးရေမရရှိခြင်းတို့ကြောင့် အထွက် လျော့နည်း ခဲ့ပါသည်။

**သားငါးကဏ္ဍ။ ပြည်နယ်အတွင်း အသားစားသုံးမှု ဖူလုံစေရန်အတွက် ဒေသနှင့် ကိုက်ညီသော တိရစ္ဆာန်မျိုးကောင်းမျိုးသန့်များ တိုးချဲ့မွေးမြူနိုင်ရေး၊ ဒေသတွင်း နွားနို့ သောက်သုံးမှု ဖူလုံစေရန် နှင့် နို့ထွက်ပစ္စည်းပိုမိုထုတ်လုပ်ရေးအတွက် နို့စားနွားမွေးမြူရေး လုပ်ငန်းအား မေထုန်မဲ့သားစပ်လုပ်ငန်းကို အလားအလာရှိသည့် မြို့နယ်များတွင် ဦးစားပေး စနစ်ဖြင့်ဆောင်ရွက်လျက်ရှိခြင်း၊ ဝက်မျိုးကောင်းမျိုးသန့်များ တိုးချဲ့မွေးမြူခြင်း၊ ဒေသတွင်း စားသုံးမှုဖူလုံရေး နှင့် ကုန်ဈေးနှုန်းတည်ငြိမ်ရေး၊ ဒေသတွင်း ပြည်သူများ ငါးစားသုံးမှု ပိုမိုလာစေရေးအတွက် သဘာဝမြစ်ချောင်းများမှ ငါးဖမ်းခြင်းအပြင် ငါးမွေးမြူခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ပထမ(၆)လပတ်တွင် ပြည်နယ်အတွင်း ငါးမွေးမြူသူ ၁၂၃ ဦး မှ ငါးမွေး ကန် ၇၅၀.၀၄ ဧကတွင် ငါးကောင်ရေ ၁၁.၉၆၃ သိန်း မွေးမြူလျက်ရှိခြင်း၊** မွေးမြူသူများအား တိရစ္ဆာန်ကျန်းမာရေး အသိပညာ တိုးပွားစေရန်အတွက် ပညာပေး ဟောပြောပွဲ ၂၀ ကြိမ်၊ တက်ရောက်သူ ၄၂၄ ဦးအား ပညာပေးခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ပါသည်။ ဒေသကွပ်ကဲမှု စစ်ဌာနချုပ် (လွိုင်ကော်) နှင့် ဒီးမော့ဆိုမြို့နယ်၊ နောင်ပုလဲကျေးရွာ တို့တွင် သိန်း ၅၀ စီဖြင့် ငါးသားဖောက်စခန်းငယ်(၂)ခုအတွက် ကျပ်သိန်း **၁၀၀** သုံးစွဲခဲ့ပြီး ငါးသားပေါက် ထုတ်လုပ်ရေး အတွက် ဆောင်ရွက်လျက်ရှိပါသည်။ မြစိမ်းရောင်ကျေးရွာ(၅)ရွာ အတွက် ကျေးရွာ(၁)ရွာလျှင် ကျပ်သိန်း ၃၀၀ နှုန်းဖြင့် ကျပ်သိန်း ၁,၅၀၀ အရင်းမပျောက် မတည်ငွေများ ထုတ်ပေးခဲ့ပါသည်။

**သစ်တောကဏ္ဍ။** သစ်အခြေခံ တန်ဖိုးမြင့် ထုတ်ကုန်များကို တိုးမြှင့် ထုတ်လုပ်တင်ပို့နိုင်ရန်အတွက် ထုတ်လုပ်ထွက်ရှိမည့် သစ်ပမာဏကို နိုင်ငံပိုင်နှင့် ပုဂ္ဂလိက သစ်အခြေခံ စက်မှုလုပ်ငန်းများအား အချိုးကျခွဲဝေ ဖြည့်ဆည်းကာ သစ်အချောထည်ထုတ်လုပ်တင်ပို့မှု၊ သစ်အခြေခံ စက်မှုလုပ်ငန်းများ၏ ထုတ်လုပ်မှုစွမ်းအား နှင့် ထုတ်ကုန် အရည်အသွေးများကို မြှင့်တင်သွားရန် စီမံဆောင်ရွက်လျက် ရှိပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပထမ (၆) လ ထုတ်လုပ်မှုတွင်

နိုင်ငံပိုင်အခန်းမှ ကျွန်း ၉,၁၈၃ ကုဗတန် နှင့် သစ်မာ ၅,၃၈၈ ကုဗတန် တိုးတက် ထုတ်လုပ်နိုင်ခဲ့ပါသည်။

**သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ။** အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၏ခဲမဖြူ၊ အဖြိုက်နက်နှင့် ရှီးလိုက် ရောရာ သတ္တုခွဲခြားစက်ရုံကို Myanmar Golden Bonanza Service Co.,Ltd မှ ငှားရမ်း၍ အမေရိကန်ဒေါ်လာ ၂.၄၃ သန်း ရင်းနှီးမြှုပ်နှံပြီး ခွဲခြား သန့်စင်နိုင်သည့် စက်ရုံအဖြစ် လည်ပတ် ဆောင်ရွက်မည်ဖြစ်ကာ ခန့်မှန်းတစ်နှစ်လျှင် တန် ၆၀၀ ထုတ်လုပ်နိုင်မည် ဖြစ်ပါသည်။

**စက်မှုလက်မှုကဏ္ဍ။ ကယားပြည်နယ်တွင် ဒေသအစီအစဉ်ဖြင့် ထူထောင်ထားသော စက်မှုရပ်ကွက်မှ စားသောက်ကုန်ထုတ်လုပ်မှုများ၊ ဟာလာစက်များအား ခေတ်မီဆန်စက်အဆင့်သို့တိုးမြှင့်လာခြင်း၊ ကျော်ရတနာ၊ သဟာဆွေ၊ ရွှေအောင်လံ၊ ရွှေလမင်း၊ လပ်ကီး၊ လွိုင်ကော်ဆီသန့် ဆီစက်များမှ ဆီကြိတ်ခွဲ ထုတ်လုပ်မှုများ နှင့် ရွှေကန္နရဝတီ၊ ကိန္နရီကိန္နရာ၊ ရွှေထီး၊** DAY DAY**၊ ရွှေယွန်းကြီး၊ ရွှေကယား၊ ရိုးရာစသည့် ယက္ကန်းရုံ ၇ ရုံမှ ကျား/မဝတ် လုံချည်၊ ရိုးရာ တဘက်၊ လွယ်အိတ်၊ ရိုးရာစောင်ထုတ်လုပ်မှုများ၊ ပြည်နယ်အစိုးရ အစီအစဉ်ဖြင့် လုပ်ငန်းပမာဏအလိုက် အသေးစား ငွေချေးလုပ်ငန်းဖြင့် ကူညီဆောင်ရွက်ရန် စီစဉ်ခြင်းနှင့် ဒေသန္တရ စက်မှုလုပ်ငန်းများ၏ ထုတ်လုပ်မှု နှင့် ဝင်ငွေများ ယခင်နှစ်ထက် ပိုမိုတိုးတက်ခဲ့ခြင်း၊** ဆန်စက်၊ ဆီစက်၊ ပဲခွဲစက်၊ နေထိုင်ရေးနှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာလုပ်ငန်းသစ် ၄၅ ဦး တိုးတက်ခဲ့ပါသည်။ အသေးစား နှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် Small and Medium Industrial Development Bank (SMID) တို့မှ လုပ်ငန်းရှင် **၁၂ ဦးကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ချေးငွေ ကျပ်သန်း ၃၇၀** ထုတ်ချေးပေးနိုင်ခဲ့ပြီး၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် လုပ်ငန်းရှင် **(၈) ဦးကို** ချေးငွေ ကျပ်သန်း ၆၇၀ ထောက်ခံအဆိုပြုထားခဲ့ပါသည်။

**လျှပ်စစ်ဓာတ်အားကဏ္ဍ။ ဘီလူးချောင်း(၃) ရေအားလျှပ်စစ် စက်ရုံအသစ် လည်ပတ်ခြင်း၊ ဘီလူးချောင်း(၁)၊ ဘီလူးချောင်း(၂)ရေအားလျှပ်စစ်စက်ရုံများမှ** ဓာတ်အားလိုင်းအသစ်များသွယ်တန်းပြီး၍ နိုင်ငံပိုင်လျှပ်စစ်မီးထပ်မံရရှိသုံးစွဲနိုင်ခြင်း၊ ဓာတ်အားခွဲရုံတိုးချဲ့တည်ဆောက်ခြင်း၊ ဓာတ်အားလိုင်းများ အစားထိုးပြုပြင်ခြင်းလုပ်ငန်း ၅၁ ခု အား ဆောင်ရွက်လျက်ရှိပါသည်။ ပထမ(၆)လပတ်တွင် ကီလိုဝပ်နာရီထောင်ပေါင်း ၂၂,၀၈၁ လျှပ်စစ်မီးသုံးစွဲမှု သုံးစွဲခဲ့ပါသည်။

**ဆောက်လုပ်မှုကဏ္ဍ။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ကယားပြည်နယ်တွင် ပွန်ချောင်းတံတားနှင့် သံလွင်မြစ်ကူးတံတား(ဖားဆောင်း)တို့ကို ဆက်လက်ဆောင်ရွက်နေခြင်း၊လမ်းများခင်းခြင်း၊ ပြုပြင်ခြင်းနှင့် လွိုင်ကော်ခရိုင်အတွင်း အောင်ပန်း-ပင်လောင်း-မိုးဗြဲ-လွိုင်ကော်လမ်း၊ တောင်ငူ -

လိပ်သို-ယာဒို-လွိုင်ကော်-ဟိုပုံးလမ်း၊ လွိုင်ကော်-ပင်လောင်း-ရှားတောလမ်း၊ ဖရူဆို-မူဆို-ဟိုယာလမ်း၊ တောင်ငူ-မော်ချီး-လွိုင်ကော်လမ်း၊ လွိုင်ကော်-ပွန်ချောင်း-ရှားတော-တာတမော့လမ်း၊ လွိုင်ကော်မြို့သစ်လမ်း၊ လွိုင်လင်လေး-တီးလုံလမ်း၊ ဒီးမော့ဆို-ဒေါတမ-ဒေါ့ညေးခူလမ်း၊ ဒီးမော့ဆို-နန်းမယ်ခုံ-မိုးဗြဲလမ်း၊ လူပို-ပီကင်းလမ်း၊ ထီးစဲခါး-ပိန်းချစ်လမ်း၊ လွိုင်ကော်-လောပိတလမ်း၊ ဒေါ့ညေးလူ-ဘောလခဲလမ်း၊ ယာဒို-ကေကောလမ်း၊ ဘောလခဲခရိုင်အတွင်း ဘောလခဲ-ရွာသစ်-စွပ်ပိုင်လမ်း၊ မိုင်းထမ်း-ဝမ်ချယ်-နန်းနောက်-ချိကွဲ့-စောင်းလော့-ဝမ်အောင်းလမ်း၊ ဘောလခဲ-ဒေါ့ညေးခူလမ်း၊ တောင်ငူ-မော်ချီး-လွိုင်ကော်လမ်း၊ ဖာပွန်-ကော့လူထိုး-စောထ-ခီးထ-ခဲမဖြူလမ်း၊ ဖားဆောင်း-မယ်ဆည်နန်-မယ်စဲ့-နန်းမန်းလမ်း၊ နန်းမန်-ဘီပီ(၁၃)လမ်း၊ မယ်ဆည်နန်-ဟိုဂျစ်လမ်းလုပ်ငန်းများကို ပြုပြင်ထိန်းသိမ်းခြင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက် လျက်ရှိပါသည်။

**ပို့ဆောင်ရေးကဏ္ဍ။ ပြည်နယ်အတွင်းရှိ လမ်းအရှည်မှာ စုစုပေါင်း ၁,၁၇၉.၆ မိုင် အထိ တိုးတက်ခဲ့ပြီး လမ်းသိပ်သည်းဆ တစ်စတုရန်းမိုင်လျှင် ၃.၈ မိုင် လွှမ်းခြုံလာပြီ ဖြစ်ပါသည်။ လွိုင်ကော်လေဆိပ်ပြေးလမ်းကို ပေ ၅,၂၀၀ အရှည်မှ ပေ ၁၀,၀၀၀ နှင့် အကျယ်ပေ ၁၀၀ အထိ တိုးချဲ့ရေး ဆက်လက်ဆောင်ရွက်လျက်ရှိ ပါသည်။ ကယားပြည်နယ်အရှေ့ခြမ်း၊ ထိုင်းနိုင်ငံနယ်စပ်သို့ ချိတ်ဆက်ရန်အတွက် သံလွင်မြစ်ကို ဖြတ်သန်းတည်ဆောက်ထားပြီး၊ တည်ဆောက်ရေးကာလ(၂)နှစ်ကျော် နှင့် ကုန်ကျငွေ (၂)ဘီလျံကျော်ဖြင့် တည်ဆောက်ခဲ့သော သံလွင်တံတား (ဖားဆောင်း)ကို ၂၀၁၅ ခုနှစ်၊ ဇူလိုင်လတွင် ဖွင့်လှစ်နိုင်ခဲ့ပါသည်။**

**ဆက်သွယ်ရေးကဏ္ဍ။** ကယားပြည်နယ်အတွင်းတန်ဖိုးနည်းတယ်လီဖုန်းများကို ပြည်သူများသို့ လစဉ်ဖြန့်ဖြူးပေးလျက်ရှိရာ **၂၀၁၅-၂၀၁၆** ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ်တွင် ဆင်းကဒ် ၁၂,၅၁၆ ကဒ်ကို ရောင်းချခဲ့ပြီး ဖြစ်ပါသည်။ ပြည်နယ်၏ လူ ၁,၀၀၀ လျှင် မိုဘိုင်းဖုန်းသုံးစွဲမှုသည် ပျှမ်းမျှသည် (၂၁၀) လုံး အထိရှိပါသည်။ ကြိုးဖုန်းတပ်ဆင်မှု (၁၈) လုံးသာ ရှိပါသည်။ နိုင်ငံတကာဆက်သွယ်ရေးကုမ္ပဏီများဖြစ်သော Telenor နှင့် Ooredoo တို့သည်လည်း ကယားပြည်နယ်တွင် ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ လွိုင်ကော်မြို့တွင်းရှိ GSM Mobile Phone Network Coverage ဧရိယာများ တိုးချဲ့ခြင်း နှင့် GSM Mobile Phone ခေါ်ဆိုမှု လွယ်ကူ အဆင်ပြေစွာ ခေါ်ဆိုနိုင်ရေးအတွက် (2G,3G) GSM BTS စခန်း(၃)ခုကို ထပ်မံတိုးချဲ့ခဲ့ပါသည်။ (2G, 3G ) GSM BTS စခန်းပေါင်း(၁၂)ခုဖြင့် လွိုင်ကော်မြို့နှင့် ဒီးမော့ဆိုမြို့ များတွင် တပ်ဆင်ခဲ့ပြီးဖြစ်ပါသည်။

**ပညာရေး။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ်တွင် ဆရာ၊ ဆရာမအင်အားမှာ အထက်တန်း ၄၁၀ ဦး၊ အလယ်တန်း ၇၂၃ ဦး၊ မူလတန်း ၁,၂၁၇ ဦး၊ ကျောင်းအုပ်များ

အပါအဝင် စုစုပေါင်း ၂,၆၉၇ ဦး ရှိပါသည်။ ကျောင်းသားဦးရေမှာ အထက်တန်း ၇,၅၂၁ ဦး၊ အလယ်တန်း ၂၁,၉၉၅၊ မူလတန်း ၃၆,၄၂၃ ဦး၊ စုစုပေါင်း ၆၅,၉၃၉ ဦး ပညာသင်ကြား လျက်ရှိပါသည်။ ဆရာ၊ ကျောင်းသားအချိုးမှာ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ၁:၂၇ မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် ၁:၂၄ သို့ တိုးတက်ခဲ့ပါသည်။ အဆင့်မြင့်ပညာနှင့် အသက်မွေး ဝမ်းကြောင်းပညာရပ်များကို လွိုင်ကော်တက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာ တက္ကသိုလ်၊ သူနာပြုနှင့်သားဖွားသင်တန်းကျောင်း၊ ယက္ကန်းသင်တန်းကျောင်း၊ အစိုးရနည်းပညာအထက်တန်းကျောင်း၊ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများဖြင့်ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။ နည်းပညာအထက်တန်း ကျောင်း (လွိုင်ကော်)၌ ဒေသတွင်းရှိလူငယ်များအတွက် အသက်မွေးဝမ်းကျောင်း နှင့် အဆင့်မြင့် သင်ကြားမှုသို့ ပေါင်းကူးနိုင် ရေးအတွက် သင်ကြားပေးလျက် ရှိပါသည်။

**ကျန်းမာရေး။** ပြည်နယ်၏အဖြစ်များသောငှက်ဖျား၊ ဝမ်းပျက်ဝမ်းလျှောနှင့် တီဘီ ရောဂါတို့ကို အမြန်ဆုံးလျှော့ချနိုင်ရေးနှင့် အသေအပျောက်အများဆုံးဖြစ်သော တီဘီနှင့် ငှက်ဖျား ရောဂါတို့ကို ဖြစ်ပွားမှုကျဆင်းရန် ဆောင်ရွက်လျက်ရှိပါသည်။ ကုတင် ၂၀၀ ဆံ့ ဆေးရုံ ၁ ရုံ၊ ကုတင် ၅၀ ဆံ့ ဆေးရုံ ၁ ရုံ၊ ၂၅ ကုတင်ဆံ့ ဆေးရုံ ၅ ရုံ၊ ၁၆ ကုတင်ဆံ့ တိုက်နယ်ဆေးရုံ ၉ ရုံ၊ ရောဂါတိုက်ဖျက်ရေးစီမံကိန်းဌာန ၄ ခု၊ ဒေသန္တရဆေးပေးခန်း ၁ ခု၊ ကျောင်းကျန်းမာရေး ဆေးပေးခန်း ၁ ခု၊ မိခင်နှင့်ကလေးကျန်းမာရေးဌာန ၆ ခု၊ ကျေးလက်ကျန်းမာရေးဌာန ၂၈ ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၁၁၂ ခု၊ တိုင်းရင်းဆေးရုံ ၁ ရုံ၊ မြို့နယ်တိုင်းရင်းဆေးခန်း ၅ ခန်း ၊ စုစုပေါင်းကျန်းမာရေးစောင့်ရှောက်သော ဌာနပေါင်း ၁၇၄ ခုမှ ဒေသတွင်း ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို ဝန်ဆောင်မှုပေးလျက် ရှိပါသည်။ ဆရာဝန်တစ်ဦး ကုတင် ၆ လုံး၊ သူနာပြုတစ်ဦး ကုတင် ၁.၅ လုံး အချိုး တိုးတက်ခဲ့ပါသည်။ ခေတ်မီ စက်ပစ္စည်းများ ဖြစ်သော Patient monitor (၂)ခု၊ Syringe Pump (၁)ခု၊ Infusion Pump (၂)ခု၊ ECG Machine (၂)ခု၊ Fetal Doppler with gel (၂)ခု ၊ Patient monitor (4)Set, Patient bed with Matteres (50)Pair, OT Table (2)Set တို့ တပ်ဆင်သုံးစွဲ လျက်ရှိပါသည်။ တိုင်းရင်းဆေးဦးစီးဌာနမှ ကွင်းဆင်းဆေးဝါးကုသဆောင်ရွက်ခြင်း၊ ကျန်းမာ ရေးအသိပညာပေးခြင်း၊ အရေးပေါ်သုံးမြန်မာ့တိုင်းရင်းဆေးသေတ္တာများ ကျေးရွာများ အရောက် ဖြန့်ဝေခြင်း၊ ပုဂ္ဂလိကမှ ထုတ်လုပ်သည့် တိုင်းရင်းဆေးဝါးများ GMP စနစ်ဖြင့် ထုတ်လုပ် နိုင်ရေးကြီးကြပ်ဆောင်ရွက်ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ ကယားပြည်နယ်၌ ဆောင်ရွက် လျက် ရှိသော INGOs/NGOs ၂၃ ဖွဲ့ အနက် ၁၇ ဖွဲ့မှာ ၎င်းတို့၏ ဦးတည် လူဦးရေများ အတွက် ကျန်းမာရေး၊ အသက်မွေးဝမ်းကျောင်း၊ ပညာပေးရေးတို့ကို ဆောင်ရွက်လျက်ရှိ ပါသည်။

**သောက်သုံးရေဖူလုံရေး။** နယ်စပ်ရေးရာဝန်ကြီးဌာနမှရေရရှိရေး(သောက်သုံးရေ)အတွက် ကျပ် ၂၄၉.၄ သန်း သုံးစွဲဆောင်ရွက်လျက်ရှိပါသည်။ ဖရူဆိုမြို့နယ်တွင် ရေသွယ်ယူခြင်း၊ ရေစုကန်များတည်ဆောက်ခြင်း၊ ရေဂါလံ ၅,၀၀၀ ဆံ့ အုတ်ရေကန် ၁ ကန် တည်ဆောက်ခြင်း၊ ဒီးမော့ဆိုမြို့နယ်ရှိ ၄ ရွာတွင် ရေစုကန်များတည်ဆောက်ခြင်း၊ အုတ်ရေကန် ၁လုံး တည်ဆောက်ခြင်း၊ ဘောလခဲမြို့နယ်၊ လွယ်ဝိုင်းကျေးရွာတွင် ရေပိုက်လိုင်းဖြင့် ရေသွယ်ယူခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေဂါလံ ၅,၀၀၀ ဆံ့ အုတ်ကန်၊ ရေပိုက်လိုင်းများနှင့်ရေစက်ရုံ၊ အင်ဂျင်/ပန့်၊ လက်တူးတွင်းများကို ဆောင်ရွက်ခဲ့ပါသည်။

**ကျေးလက်မီးလင်းရေး။** ဓာတ်အားလိုင်း၊ ဓာတ်အားခွဲရုံ တိုးချဲ့တည်ဆောက်ခြင်း၊ ဓာတ်အားလိုင်းများ အစားထိုးပြုပြင်ခြင်းလုပ်ငန်း ၅၁ ခုအား ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ်တွင် ကျေးရွာပေါင်း ၁၈၁ ရွာ မီးလင်းပြီး ဖြစ်ပါသည်။ လျှပ်စစ်မီးရရှိသော အိမ်ထောင်စုအနေဖြင့် ပထမ(၆)လပတ်တွင် ၅၀ ရာခိုင်နှုန်းအထိ ရရှိနေပြီ ဖြစ်ပါသည်။

**ရင်းနှီးမြှုပ်နှံမှု။** ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် နိုင်ငံပိုင်အခန်း ရင်းနှီးမြှုပ်နှံမှုကို ပြည်ထောင်စုဝန်ကြီးဌာနများမှ ကျပ် ၅,၉၉၃.၄၀၈ သန်း၊ ပြည်နယ်ရန်ပုံငွေဖြင့် ပြည်နယ်၏ ဌာန/အဖွဲ့အစည်းပေါင်း ၂၁ ခု မှ ကျပ် ၁၆၆,၀၆၆.၆၂၀ သန်း၊ စုစုပေါင်း ကျပ် ၂၂,၀၆၀.၀၂၈ သန်း ရင်းနှီးမြှုပ်နှံနိုင်ခဲ့ပါသည်။ ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်သော ရင်းနှီးမြှုပ်နှံမှုများ၏ ၉၀ ရာခိုင်နှုန်းကျော်သည် လမ်း၊ တံတား၊ အဆောက်အဦ တည်ဆောက်ရေးများ ဖြစ်ပါသည်။

**ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု။** ကယားပြည်နယ်တွင် ပုဂ္ဂလိကကဏ္ဍသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်ကုန်စာရင်းများအရ ၈၀.၁ ရာခိုင်နှုန်းအထိ ပါဝင်နေပါသည်။ အထူးသဖြင့် ဝန်ဆောင်မှုကဏ္ဍများဖြစ်သော ပို့ဆောင်ရေး၊ ငှားရမ်းခနှင့် အခြားကဏ္ဍ၊ ကုန်သွယ်ရေးတို့ဖြစ်ပါသည်။ သတ္တုထုတ်လုပ်မှုနှင့် စက်မှုလက်မှုလုပ်ငန်းများ အားလုံးနီးပါးသည် ပုဂ္ဂလိကပိုင်ဆိုင်မှုရာနှုန်းပြည့် ဖြစ်ပါသည်။ သတ္တုနှင့်တွင်းထွက်ပစ္စည်းများကို ပုဂ္ဂလိကပိုင်ကုမ္ပဏီများမှထုတ်လုပ်လျက်ရှိပါသည်။ စားသောက်ရေးဆိုင်ရာလုပ်ငန်းတွင် ဆန်စက်၊ အမှုန့်ကြိတ်စက်၊ မုန့်မျိုးစုံလုပ်ငန်း၊ နေထိုင်ရေးလုပ်ငန်းတွင် ဘလောက်အုတ်လုပ်ငန်း၊ ဓာတ်သတ္တုပစ္စည်းပြုပြင် ထုတ်လုပ်ခြင်းလုပ်ငန်းတွင် သံဂဟေလုပ်ငန်းရှင်၊ စတီးအလှဆင်လုပ်ငန်းနှင့် အထွေထွေစက်မှုအလုပ်ရုံ စုစုပေါင်း လုပ်ငန်းရှင် ၁၆ ဦးမှ လုပ်ငန်းများတိုးတက် ထုတ်လုပ်လျက်ရှိပါသည်။ ဘီလူးချောင်းအမှတ် (၃) လျှပ်စစ်ဓာတ်အားပေးစက်ရုံမှာ BOT စနစ်ဖြင့်

Future Energy Co.,Ltd ဆောင်ရွက်နေပါသဖြင့် အဆိုပါစက်ရုံမှ လျှပ်စစ်ဓာတ်အားကို နိုင်ငံတော်မှ အခကြေးငွေပေးချေ၍ ဝယ်ယူသုံးစွဲရပါသည်။ တည်ဆောက်ရေးလုပ်ငန်းများ အားလုံးနီးပါးကို ပုဂ္ဂလိကပိုင် ကုမ္ပဏီများကိုသာ လုပ်ကိုင်ခွင့်ပေးခဲ့ခြင်းကြောင့် နိုင်ငံတော် ဘတ်ဂျက် အများဆုံးသုံးစွဲနေသော အခြေခံအဆောက်အဦကဏ္ဍသည် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးမှု၏ အဓိကတွန်းအားဖြစ်ပါသည်။

ပြည်နယ်အစိုးရအနေဖြင့် မိုးသီးနှံ၊ ဆောင်းသီးနှံများကို ပိုမိုထွက်ရှိရန်အတွက် တွန်းအားပေး ဆောင်ရွက်ခြင်းနှင့် ကျန်ပွင့်လင်းရာသီတွင် သတ္တုထုတ်လုပ်မှု၊ တည်ဆောက်ရေး လုပ်ငန်းများ ပြီးစီးအောင် ဆက်လက်အကောင်အထည်ဖော်ခြင်းဖြင့် နှစ်ကုန်တွင် စီမံကိန်း ရည်မှန်းချက် ပြည့်မီကျော်လွန်သွားမည် ဖြစ်ပါသည်။


**ကရင်ပြည်နယ်**

၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းပထမ(၆)လပတ်တွင် ကရင်ပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှု နှင့်ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်း**အရ ကျပ် **၄၁၁,၁၀၀.၀** သန်း အကောင်အထည်ဖော်ရန် လျာထားပါသည်။

**ပုံ (၆-၃) ကရင်ပြည်နယ်၏**

**၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ပထမ(၆)လပတ်တွင် ကရင်ပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှု နှင့်ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်း**အရ ကျပ် **၃၆၇,၀၉၃.၀** သန်းဖြစ်ပေါ်ခဲ့၍ ပထမ(၆)လပတ် လျာထားချက်အပေါ် **၈၉.၃** ရာခိုင်နှုန်းအကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**အရ **၁၀.၃** ရာခိုင်နှုန်းတိုးတက် ခဲ့ပါသည်။

**လယ်ယာကဏ္ဍ။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကရင်ပြည်နယ် ဆည်မြောင်းဦးစီးဌာနမှ ပလပ်မြေ၊ မြေလွတ်မြေရိုင်းများဖော်ထုတ်ခြင်း၊ ကျေးရွာဆည်မြောင်း ရေတံခါးတာပေါင်များ ပုံစံတကျပြန်လည် မြှင့်တင်ခြင်း၊ မိဖလျှိုပိတ်တမံ(၄)ကွန်ကရစ် ရေပိုလွှဲတည်ဆောက်ခြင်း၊ သဘာဝရိုးပေါင်းများ ဖြစ်သော

တံတားဦးချောင်း၊ ဂမုန်းချောင်း၊ မလောင်ချောင်း ၊ ကမော့ကလပ်ချောင်း၊ မီးလောင်ချောင်းများ၊ ရေကျောက်ကြီး နုန်းသွင်းမြောင်းနှင့် အင်းနို့သိပ္ပံနုန်းသွင်းမြောင်းများအား ပုံစံတကျ ပြန်လည် တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါ သည်။

စိုက်ပျိုးရေးဦးစီးဌာနမှ သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရန် နည်းပညာ ပံ့ပိုးနိုင်ခဲ့ပြီး မိုးမြေပဲ ဧက ၄,၈၀၀၊ မိုးနှမ်း ဧက ၂,၀၁၀ ။ အစေ့ထုတ်ပြောင်း ၄၂,၀၁၂ ဧက ။ မိုးစပါး ၂၁၆,၈၃၉ ဧက စိုက်ပျိုးနိုင်ခဲ့ပါသည်။ မိုးစပါး မျိုးသန့်ဇုန် ဧက ၁,၅၀၀ ရည်မှန်းခဲ့ရာ တောင်သူပေါင်း ၄၈၉ ဦးမှ ဧက ၁,၅၅၀ စိုက်ပျိုးပြီးစီးခဲ့ပြီး ဖြစ်ပါသည်။ မျိုးပြောင်းလဲရေး အနေဖြင့် ဆင်းသုခစပါးမျိုး အသုံးပြုရန် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးရန်ပုံငွေမှ တစ်ဧက တစ်တင်းနှုန်း ပံ့ပိုးခဲ့သောကြောင့် စိုက်ဧက ၅၈,၀၄၀ ဧက စိုက်ပျိုး နိုင်ခဲ့ပါသည်။

ထို့အပြင်လှပ်မြေ ၄၄ ဧက ၊ မြေရိုင်း ၂,၆၂၉ ဧက ၊ အခြားမြေ ၅,၈၇၄ ဧက စုစုပေါင်း ၈,၅၄၇ ဧက ဖော်ထုတ်နိုင်ခဲ့ပြီး ရာသီသီးနှံ ၂,၉၈၇ ဧကနှင့် ရာဘာ ၁,၁၁၁ဧက စိုက်ပျိုးနိုင် ခဲ့ပါသည်။

**သားငါးကဏ္ဍ**။ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် တိရစ္ဆာန်မွေးမြူရေး ပညာပေးလုပ်ငန်းများ မြို့နယ်ကျေးရွာအထိ တိုးချဲ့ လုပ်ဆောင်နိုင်ခဲ့ပြီး မေထုန်မဲ့သားစပ်သင်တန်း၊ မြက်ချဉ်ဖတ်သင်တန်းတို့ကို တိုးချဲ့ပို့ချခဲ့ခြင်း၊ ကျေးလက်ဒေသရန်ပုံငွေဖြင့်တိရစ္ဆာန်များဖြန့်ဖြူးပေးခြင်း၊တိရစ္ဆာန်ကာကွယ် ဆေးထိုးပေးခြင်း တို့ဆောင်ရွက်နိုင်ခဲ့ပါသည်။

အသားတင်တိုးကောင်ရေတိုးတက်ရန်အတွက် မွေးမြူရေးဇုန်များကို ဘားအံ၊ လှိုင်းဘွဲ့၊ ကော့ကရိတ်၊ ဖာပွန်၊ မြဝတီ တို့တွင် တည်ထောင်ခဲ့ပြီး နို့စားနွား မွေးမြူရေးမှ လွဲပြီးဥစားကြက်၊ အသားစားကြက်၊ ခိုင်းနွား ၊ ဆိတ် နှင့် ဝက်မွေးမြူရေးလုပ်ငန်းများကို တိုးတက်မွေးမြူနိုင်ခဲ့ ပါသည်။

ငါးပုစွန်မွေးမြူရေးလုပ်ငန်းမှာ ငါးမွေးကန်ဦးရေ ယခင်နှစ် ၄၃၉ ကန်မှ ယခုအခါ ၄၉၇ ကန် ထိရှိလာသောကြောင့် ယခင်နှစ်ထက် ငါးပုစွန်တိုးတက်လာခဲ့ပြီး ဘုံငါးဖမ်းလုပ်ငန်း အနေဖြင့် သဘာဝမြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ဆည်တမံများအတွင်း ဇီဝမျိုးစုံ၊ မျိုးကွဲများ ပုစွန် မျိုးကွဲများကို မျိုးစိုက်ထည့်ခြင်းတို့ကြောင့် ယခင်နှစ် အလားတူကာလထက် ပိုမိုထုတ်လုပ်နိုင်ခဲ့ ပါသည်။

**သစ်တောကဏ္ဍ**။ **သစ်တောကဏ္ဍဖွံ့ဖြိုးရေးအတွက်သစ်တောကာကွယ်ခြင်း၊ သစ်တော အခွန်ငွေများကောက်ခံခြင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်း၊ သစ်တောမြေအတွင်း မြေအသုံးချ စီမံခန့်ခွဲမှုကို ဆောင်ရွက်လျက်ရှိပါသည်။** သစ်တောကြိုးဝိုင်း ဧရိယာအတွင်း

ခွင့်ပြုချက်မရရှိဘဲ ကျူးကျော်ဝင်ရောက်၍ ရာဘာနှင့် အခြားနှစ်ရှည်ပင်များ စိုက်ပျိုး လုပ်ကိုင်ခဲ့ကြသည့် ဒေသခံများကို ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်၍ သစ်တောဥပဒေ နှင့်အညီ ဒဏ်ကြေးငွေများ ပေးဆောင်စေပြီး ဥပဒေနှင့်အညီ အရေးယူလျက်ရှိပါသည်။

**ပြည်သူလူထု၏လူမှုစီးပွားဘဝမြှင့်တင်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် ရည်ရွယ်၍ သစ်တောမြေဖြစ်သည့် ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများတွင် ပုဂ္ဂလိကစိုက်ခင်းများ ထူထောင်စိုက်ပျိုးလျက်ရှိပါသည်။**

**သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် အမှတ်(၁) သတ္တုတူးဖော်ရေးလုပ်ငန်းမှ ခနောက်စိမ်းနှင့်ရောရာသတ္တုရိုင်း၏ (သိန်းသန်း၊ သုဇနပွင့်၊ ထူးအောင်မြတ်၊ မြငွေးကြွယ်လင်းနှင့်ထာဝရအပြာရောင်ကုမ္ပဏီများ) လုပ်ကွက်အချို့ ထုတ်လုပ်မှုရပ်နားထားခြင်းနှင့် သပြေကုမ္ပဏီမှ ခနောက်စိမ်းသတ္တုရိုင်းသန့်စင်ထုတ်လုပ်မှု လျော့နည်းခြင်းကြောင့် ဖြစ်ပါသည်။

**စက်မှုလက်မှုကဏ္ဍ။** ပုဂ္ဂလိကစက်မှုလက်မှုလုပ်ငန်းများဖွံ့ဖြိုးရေးအတွက် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အသေးစားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် အတွက် ယခင်ကရက်ကန်းနှင့် အသက်မွေးပညာတစ်မျိုးတည်း သင်ကြားခဲ့သော်လည်း ယခုအခါ အသက်မွေးပညာသင်တန်းများကို ပြည်နယ်အတွင်းရှိ ဒေသအသီးသီးသို့ သွားရောက် ဖွင့်လှစ်ပေးနိုင်ခဲ့ပါသည်။ ထို့အပြင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း သစ်သီးဝလံ အခြေခံစားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း မော်တော်ဆိုင်ကယ်ပြင်သင်တန်း၊ ရိုးရာဂျပ်ခုတ်သင်တန်းများကို ဖွင့်လှစ်ပေးနိုင်ခဲ့၍ ထုတ်လုပ်မှုများ တိုးတက်လျက်ရှိပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်ဖြင့် ဂျပ်ခုတ်သင်တန်းများဖွင့်လှစ်နိုင်ခဲ့ပြီး ပံ့ပိုးမှုများအပြင် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးမှုများကြောင့် ရိုးရာအထည်များ ပိုမိုထုတ်လုပ်နိုင်ခဲ့ပါသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေး စက်မှုလက်မှုသင်တန်းကျောင်းမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ၊ ပထမ(၆)လပတ်တွင် ထောက်ပံ့ကြေး ကျပ် ၅၃.၁၉ သန်း အသုံးပြုပြီး စုစုပေါင်းသင်တန်းသား ၁၅၂ ဦးအား ဆောက်လုပ်ရေးနည်းပညာ(လက်သမား၊ သံချည်သံကွေး၊ ပန်းရံ) သင်တန်း ၁ ကြိမ်၊ မော်တော်ယာဉ် စက်ပြင်သင်တန်း ၂ ကြိမ်၊ လျှပ်စစ်သင်တန်း (အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်း) ၁ ကြိမ်၊ ဂဟေဆက်သင်တန်း ၁ ကြိမ် ဖွင့်လှစ်နိုင်ခဲ့ပါသည်။

**လျှပ်စစ်ဓာတ်အားကဏ္ဍ။** လျှပ်စစ်ဓာတ်အားကို ပြည်နယ်ရှိမြို့များသို့ သယ်ပို့ ဖြန့်ဖြူးနိုင်ရန် နိုင်ငံတော် ဓာတ်အားစနစ်အတွင်း၌ မဟာဓာတ်အားလိုင်းများနှင့် လက်ခံပို့လွှတ်ပေးမည့် ပင်မဓာတ်အားခွဲရုံများ တိုးချဲ့တည်ဆောက်သွားရေး ၊ ဓာတ်အားစနစ်အတွင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်၊ ပို့လွှတ် ၊ ဖြန့်ဖြူးသုံးစွဲနေသော လျှပ်စစ်ဓာတ်အား၏ အရည်အသွေးကို

စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ထားသော Voltage Level နှင့် ကြိမ်နှုန်းပြည့် တည်ငြိမ်စွာ ရှိစေပြီး ဓာတ်အားပြတ်တောက်မှု၊ ဓာတ်အားပျောက်ဆုံးမှု အနည်းဆုံးဖြင့် ပို့လွှတ်နိုင်ရေးတို့ အတွက် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ၊ ဓာတ်အားပေးစက်ရုံများ တိုးချဲ့၍ အကောင်အထည်ဖော် တည်ဆောက်လျက်ရှိရာ ကရင်ပြည်နယ် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေး လုပ်ငန်း၏ လုပ်ငန်းစီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်အပေါ် 11 / 04 KV 200 KVA ခွဲရုံများ တည်ဆောက်ခြင်း ၊ 11 KV လိုင်းများသွယ်တန်းခြင်း၊ ၄၀၀ ဗို့လိုင်းများ တည်ဆောက်ပေးခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

ကျေးလက်ဒေသ မီးလင်းရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးဦးစီးဌာနမှ ပြည်နယ်အစိုးရ ဘတ်ဂျက်ဖြင့် ဆိုလာစနစ် ၇,၈၅၃ စုံ အား ပံ့ပိုးပေးရန် ရည်မှန်းထားရာ ပထမ(၆)လပတ်တွင် လုပ်ငန်းပြီးစီးမှု ၂၅ရာခိုင်နှုန်းခန့် ပြီးစီးခဲ့ပြီး ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေမှ ဆိုလာစနစ် ၃၆ စုံအား ပံ့ပိုးပေးခဲ့ပါသည်။

**ဆောက်လုပ်မှုကဏ္ဍ။** ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ လမ်းတည်ဆောက်မှုများအနေဖြင့် တောင်ငူ-မော်ချီး - လွိုင်ကော် လမ်း၊ ထီလုံ-တာပေါင်- ပတ- နဘူး- တံတားကျိုး- ကော့ကရိတ်လမ်း၊ ကော့ကရိတ်- အစွန်း- ကြိတ်-ကျိုက်ဒုံ-အဇင်းလမ်း၊ သံဖြူဇရပ်-သုံးဆူလမ်း၊ အိန္ဒူ-ဇာသပြင်လမ်း၊ လှိုင်းဘွဲ့-ရှမ်းရွာသစ် လမ်းများနှင့် တံတားတည်ဆောက်မှုများအနေဖြင့် ဘီးလင်း-နတ်ကြီး-ဖာပွန်လမ်းပေါ်ရှိ ယွန်းစလင်းတံတား၊ သံဖြူဇရပ်-သုံးဆူလမ်းပေါ်ရှိ အနန်းကွင်းတံတား၊ သံဖြူဇရပ်-သုံးဆူလမ်းပေါ်ရှိ ဇမိချောင်း တံတား၊ကော့ကရိတ်-ကျိုက်ဒုံ-အဇင်းလမ်းပေါ်ရှိ အံဖကြီးတံတား၊ မုဒုံ-မြဝတီ (မဲသရော-လှိုင်ကွယ်အပိုင်း)လမ်းပေါ်ရှိ ဟောင်သရောတံတား၊ ထီလုံ-တာပေါင်လမ်းပေါ်ရှိ တာပေါင် တံတားများ တည်ဆောက်လျက် ရှိပါသည်။

ဘားအံစက်မှုဇုန်တွင် စက်ရုံ ၁၈ ခုအား တည်ဆောက်လျက်ရှိပြီး ဇုန် ၂ အတွင်းလမ်း ဖောက်လုပ်ခြင်း ၊ စက်မှုလုပ်သားကျေးရွာ ဖော်ထုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါ သည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးဦးစီးဌာနမှ လမ်းတံတားတည်ဆောက်မှုများ အနေဖြင့် သံတောင်ကြီးမြို့နယ် ဗဟုံး-ကျေးကတော့ -မောင်ဘလောက်လမ်း၊ ကော့ကရိတ်မြို့ သမိန်ဒွတ်-ကညင်ကတိုက်လမ်း၊ ကြာအင်းဆိပ်ကြီး တောင်ကလေး- ဘုရားသုံးဆူလမ်း ၊ မြဝတီ မြို့ ရွှေကုက္ကိုလ်လမ်းဆုံမှ မော်ဖာသူတောင်ခြေထိ လမ်းဖောက်ခြင်းနှင့် Box Culvert များ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

ADB အကူအညီ အထောက်အပံ့ဖြင့် ထိုင်းနိုင်ငံ See Sang Karn Yotah Co,Ltd မှ မြဝတီ-ကော့ကရိတ် ၄၅.၄၄၆ ကီလိုမီတာ အာရှလမ်းသစ် ဖောက်လုပ်ခြင်းလုပ်ငန်းကို ၁၀၀ ရာခိုင်နှုန်းပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ပြီး ၃၀-၈-၂၀၁၅ ရက်နေ့တွင် အာရှလမ်းသစ် ဖွင့်ပွဲ အခမ်းအနားကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီး ဖြစ်ပါသည်။

**ပို့ဆောင်ရေးကဏ္ဍ။** လမ်းပန်းဆက်သွယ်ရေး ပိုမိုချောမွေ့စေရန်၊ နိုင်ငံခြားခရီးသွား လုပ်ငန်းနှင့် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန်စေရန်အတွက် ထိုင်းနိုင်ငံမှ ချစ်ကြည်ရေးတံတား အမှတ် (၂) ကို ထပ်မံတည်ဆောက်မည်ဖြစ်ပြီး ၃၀-၈-၂၀၁၅ ရက်နေ့တွင် ထိုင်း-မြန်မာ နှစ်နိုင်ငံ အကြီးအကဲများဖြင့် ပန္နက်တင်အခမ်းအနားအား ကျင်းပခဲ့ပြီး ဖြစ်ပါသည်။

ယခုအခါ နေ့စဉ်သွားလာနိုင်၍ ကြာမြင့်ချိန်မှာလည်း များစွာလျော့နည်းသွားသဖြင့် မြဝတီမြို့မှတဆင့် ထိုင်းနိုင်ငံသို့ အချိန်တိုအတွင်း သွားလာနိုင်ပါသည်။

ပြည်နယ်အတွင်းပြေးဆွဲနေသောယာဉ်လိုင်း ၁၃ လိုင်း၊ ကရင်ပြည်နယ်မှ အခြားပြည်နယ် တိုင်းဒေသကြီးများသို့ ပြေးဆွဲနေသော ယာဉ်လိုင်း ၁၃ လိုင်း၊ အခြားပြည်နယ်တိုင်းများမှ ကရင်ပြည်နယ်သို့ ပြေးဆွဲသောလိုင်း ၁၅ လိုင်း ပြေးဆွဲလျက်ရှိပါသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် ကျေးလက်လမ်းတံတားများ၊ ကျေးရွာချင်းဆက် လမ်းများ ဖောက်လုပ်လျက်ရှိပါသည်။ သို့သော်လည်း ကော့ကရိတ်မြို့နယ် တောင်ပိုင်းဒေသများ၊ ကြာအင်းဆိပ်ကြီးမြို့နယ်၏ အရှေ့ပိုင်း၊ မြောက်ပိုင်းဒေသများမှာ သွားလာရေး အခက်အခဲများ ရှိနေပါသည်။

**ဆက်သွယ်ရေးကဏ္ဍ။** ကရင်ပြည်နယ် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ပြည်သူများ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေး၊ တရားဥပဒေစိုးမိုးရေး၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ သတင်း အချက်အလက်နှင့် နည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အကျိုးရှိစွာ ဆောင်ရွက်နိုင်ရန်နှင့် e-Government စနစ်နှင့် အင်တာနက်သုံးစွဲမှုတွင် ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရန်တို့အတွက် စာတိုက်လုပ်ငန်း၊ ကြေးနန်းလုပ်ငန်း၊ တယ်လီဖုန်းလုပ်ငန်း ဝန်ဆောင်မှုများကို ဆောင်ရွက်လျက် ရှိပါသည်။

ပြည်သူများ တယ်လီဖုန်းပြောဆိုဆက်သွယ်မှုလွယ်ကူစေရန် အရည်အသွေးမြင့်မားသည့် ဆက်သွယ်ရေးကွန်ယက်များကို ကျေးလက်ဒေသများအထိ လွှမ်းခြုံနိုင်ရန်၊ မြန်နှုန်းမြင့် အင်တာနက်ရရှိရေး၊ ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများ တိုးချဲ့ဆောင်ရွက်ပေးရေးတို့ကို ဦးတည်၍ အော်တိုတယ်လီဖုန်းလိုင်းများ တိုးချဲ့တပ်ဆင်ပြီး အော်တိုတယ်လီဖုန်းစနစ်၊ ဖိုင်ဘာ စနစ်တို့ဖြင့် ဆက်သွယ်အသုံးပြု၍ ADSL အင်တာနက်စနစ် တိုးချဲ့တပ်ဆင်ခြင်း၊ မိုဘိုင်း

တယ်လီဖုန်းများကို နိုင်ငံတကာစံချိန်စံညွှန်းနှင့် ကျေးလက်နေပြည်သူများပါသုံးစွဲနိုင်ရန် GSM ၊ UMTS မိုဘိုင်းတိုးချဲ့တပ်ဆင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက် ရှိပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ADSL အင်တာနက်စနစ်ကို ဘားအံအော်တိုအိတ်ချိန်းတွင် ၁၆၈ လိုင်း၊ ကောကရိတ်အိတ်ချိန်းတွင် ၂၄ လိုင်း၊ မြဝတီအော်တိုအိတ်ချိန်းတွင် ၂၄ လိုင်း တပ်ဆင်ပြီးဌာနဆိုင်ရာရုံးများ၊ဘဏ်များ၊ ဟိုတယ်များ၊ ပုဂ္ဂလိကများသို့ သတင်းအချက်အလက် ဝန်ဆောင်မှုများကိုဆောင်ရွက်ပေးလျက်ရှိပါသည်။၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ဘားအံမြို့တွင် ADSL ၁၁၈ လိုင်း၊ မြဝတီမြို့တွင် ၁၂ လိုင်း၊ ကော့ကရိတ်မြို့တွင် ၃ လိုင်း တိုးချဲ့တပ်ဆင်ပေးနိုင်ခဲ့ပါသည်။

ပုဂ္ဂလိကကဏ္ဍအနေဖြင့် ပြည်ပအော်ပရေတာများဖြစ်သော Telenor နှင့် Ooredoo တို့မှ ဘားအံ၊ ကော့ကရိတ်၊ မြဝတီမြို့နယ်တို့တွင် တာဝါတိုင်တည်ဆောက်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

**ငွေရေးကြေးရေးကဏ္ဍ။** ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ပုဂ္ဂလိကဘဏ် ၉ ခု မှ ငွေလွှဲခရငွေများ ၊ ထုတ်ချေးငွေအပေါ် အတိုးရငွေများ၊ ကော်မရှင်ရငွေများ၊ ငွေလွှဲ လုပ်ငန်းမှရငွေများ၊ အခြားရငွေများနှင့် ရိုးမဘဏ် (ဘားအံ)နှင့် ဧရာဝတီဘဏ်(မြဝတီ)တို့မှ ဘဏ်ထုတ်ချေးငွေများမှ အတိုးရငွေများ ရရှိခဲ့ပါသည်။ ဘားအံမြို့၌ ပထမပုဂ္ဂလိကဘဏ်အား ဖွင့်လှစ်နိုင်ခဲ့ပြီး ဧရာဝတီဘဏ်နှင့် ကြာအင်းဆိပ်ကြီးမြို့နယ်တွင် ကမ္ဘောဇဘဏ်အား ဆောက်လုပ်လျက်ရှိပါသည်။

**ပညာရေး။** ကရင်ပြည်နယ်အတွင်း အခြေခံပညာကျောင်းရှိ ကျောင်း၊ ကျောင်းသား၊ ဆရာ အရေအတွက်နှင့် ကျောင်းသားဆရာအချိုး သင့်တင့်မျှတစေရေးအတွက် ဆောင်ရွက်ခဲ့ပါသည်။ အခြေခံပညာကျောင်းများရှိ ကျောင်းသားများ ကျောင်းရောက်ရှိရေး၊ ကျောင်းနေမြဲရေး၊ ကျောင်းပြင်ပပညာရေး၊ သက်ကြီးစာတတ်မြောက်မှုနှုန်း ပိုမိုမြင့်တက် ကောင်းမွန်လာပြီး အရည်အသွေး ပိုမိုမြင့်မားသော ဆရာ၊ ဆရာမဦးရေ တိုးတက်လာခဲ့ပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျောင်းဆောင်သစ်များ တိုးချဲ့ရေးအတွက် ရန်ပုံငွေများ တိုးချဲ့ချထားပေးခဲ့၍ ၂၉.၆ ရာခိုင်နှုန်းခန့် လုပ်ငန်း ပြီးစီးနေပြီ ဖြစ်ပါသည်။

**ကျန်းမာရေး။** ကရင်ပြည်အတွင်း ပြည်နယ်အဆင့်ဆေးရုံ ၁ ရုံ၊ ခရိုင်အဆင့် ဆေးရုံ ၃ ရုံ၊ မြို့နယ်အဆင့်ဆေးရုံ ၈ ရုံ၊ တိုက်နယ်အဆင့်ဆေးရုံ ၂၂ ရုံ၊ ကျေးလက်ကျန်းမာရေး ဌာန ၆၁ ဌာန၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၂၆၅ ဌာန၊ မိခင်နှင့်ကလေးကျန်းမာရေးဌာန ၇ ဌာန၊ ဒေသန္တရ ကျန်းမာရေးဌာန ၁ ဌာန နှင့် ကျောင်းကျန်းမာရေးဌာန ၁ ဌာနတို့ ဖွင့်လှစ်ပြီး ပြည်သူ ပြည်သားများ၏ ကျန်းမာရေးကိစ္စအဝဝကို ဆောင်ရွက်လျက်ရှိပါသည်။

**ခရီးသွားလုပ်ငန်း။** ပြည်နယ်အတွင်း နယ်မြေအေးချမ်း သာယာလာသည်နှင့်အမျှ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာမှုကြောင့် ၂၀၁၅-၂၀၁၆ ပထမ(၆)လပတ်တွင်ဟိုတယ် ၁၁ ခု နှင့် မိုတယ် ၆ ခု တည်းခိုရိပ်သာ ၆၃ ခု ရှိလာပြီ ဖြစ်ပါသည်။

မြဝတီဝင်ပေါက်မှ နိုင်ငံခြားခရီးသွားများနှင့် တတိယနိုင်ငံသားများ လာရောက်လည်ပတ်ခွင့်အား ခွင့်ပြုခဲ့ပြီးဖြစ်ရာ နိုင်ငံခြားခရီးသွားများ တိုးတက်ဝင်ရောက်ခဲ့ပြီး ခရီးသွားလုပ်ငန်းမှ ဝင်ငွေများပိုမိုရရှိလာခဲ့ပါသည်။ ခရီးသွားကုမ္ပဏီများအနေဖြင့် ဘားအံမြို့တွင် ၂ ခု၊ မြဝတီမြို့တွင် ၇ ခု စုစုပေါင်း ၉ ခု လုပ်ငန်းဆောင်ရွက်လျက် ရှိပါသည်။ ထို့ပြင် စားသောက်ရေးလုပ်ငန်းဆိုင်ရာဝင်ငွေများ၊ ပညာရေးလုပ်ငန်း ဆိုင်ရာဝင်ငွေများ၊ ဆံပင်ညှပ်၊ အလှပြုပြင်ရေးဆိုင်ရာစသည့်ဝင်ငွေများ တိုးတက်လာခဲ့ပါသည်။

**နယ်စပ်ကုန်သွယ်ရေး။** ၂၀၁၅-၂၀၁၆ **ဘဏ္ဍာနှစ်၊ ကုန်သွယ်ရေးကဏ္ဍမြှင့်တင်ရေးအတွက် နယ်စပ်ကုန်သွယ်ရေးစခန်းမှ နိုင်ငံတော်မှရသင့်ရထိုက်သော အခွန်အခများ အပြည့်အဝရရှိရေး၊ တရားမဝင်ကုန်သွယ်မှုလျော့နည်း ပပျောက်စေရေးတို့အတွက် လုပ်ငန်းရှင်များအား စည်းရုံးဆောင်ရွက်ခြင်း၊ ကုန်သွယ်မှုဆိုင်ရာ အခက်အခဲများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြေရှင်းပေးခြင်းဖြင့် လုပ်ကိုင်ခွင့်ရှိစေရန်နှင့် ထိုက်သင့်သော အကျိုးအမြတ်များရရှိပြီး တရားဝင်ကုန်သွယ်မှုလမ်းကြောင်းပေါ်မှ နည်းမှန်လမ်းမှန်ဖြင့် စနစ်တကျကုန်သွယ်မှုပြုနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၅ ခုနှစ် AEC အမီ မြဝတီကုန်သွယ်ရေးဇုန်အား ဖွံ့ဖြိုးတိုးတက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။**

မြဝတီမြို့၊ ကုန်သွယ်ရေးဇုန်၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ပေးပို့သောစာရင်းများအရ တစ်ဖက်ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့သော ပို့ကုန် ၈ မျိုးမှာ ပဲတီစိမ်း၊ မြေပဲဆံ၊ ကြက်သွန်နီ၊ ငရုတ်သီးခြောက်၊ ငါးမျိုးစုံ၊ ဂဏန်း၊ ချုပ်ပြီးအဝတ်အထည်များနှင့် အခြားစက်မှုကုန်ချောတို့ဖြစ်ကြပါသည်။

ထိုင်းနိုင်ငံမှအများဆုံးတင်သွင်းခဲ့သော သွင်းကုန်ပစ္စည်း ၁၀ မျိုးမှာ မော်တော်ယာဉ် နှင့် မော်တော်ယာဉ်ပစ္စည်းများ၊ လယ်ထွန်စက်များ၊ လယ်ယာသုံးနောက်တွဲယာဉ်နှင့် အခြားယာဉ်များ၊ မော်တော်ဆိုင်ကယ်အပိုပစ္စည်းများ၊ ရေနံထွက်ပစ္စည်းများ၊ တာယာနှင့် ကျွတ်များ၊ ချည်ထည်များ၊ ဆပ်ပြာ၊ အဖျော်ယမကာ မျိုးစုံနှင့် အခြားလူသုံး ကုန်ပစ္စည်းတို့ ဖြစ်ကြပါသည်။

**သဘာဝအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေး။** ကရင်ပြည်နယ်တွင် တောင်ကုန်းတောင်တန်းပေါ်များပြီး မိုးရွာသွန်းမှုများပြားခြင်းကြောင့် တောင်ကုန်းတောင်ကျ ချောင်းရေများ မြစ်ချောင်းများရေလျှံခြင်းတို့ကြောင့် နှစ်စဉ်ရေကြီးနစ်မြုပ်မှုများကြုံတွေ့ခဲ့ရပါသည်။ကရင်ပြည်နယ်အတွင်း ဘားအံ၊ လှိုင်းဘွဲ့၊ သံတောင်ကြီး၊ ကော့ကရိတ်၊ ကြာအင်းဆိပ်ကြီး၊ မြဝတီ မြို့နယ်များတွင်

မိုးတွင်းကာလ၌ သံလွင်မြစ်၊ ဂျိုင်းမြစ်၊ ဟောင်သရောမြစ်၊ ဇမိမြစ်၊ သောင်းရင်းမြစ်နှင့် လှိုင်းဘွဲ့ချောင်းတို့မှာ ရေလျှံခြင်းတို့ကြောင့် ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်တတ်ပါသည်။

သဘာဝဘေးဒဏ်များနှင့် ပတ်သက်၍ ကြိုတင်ကာကွယ်ခြင်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်နှင့်တပြေးညီ ဆောင်ရွက်နိုင်ရေး ကြိုတင်စီမံဆောင်ရွက်ထားရှိပါသည်။ ရေဘေးဒုက္ခရောက်ပြီးစအချိန်တွင်အချိန်မီ ဒုက္ခသည်များရှာဖွေရေး၊ ယာယီနေထိုင်ရန်စခန်းများထူထောင်ရေး၊ ဆေးဝါးကုသရေး၊ ရေကောင်းရေသန့်ရရှိရေး၊ အစားအစာရရှိရေး၊ လမ်းပန်းဆက်သွယ်ရေး ပုံမှန်အတိုင်းဖြစ်စေရေး၊ ထိခိုက်ပျက်စီးမှု အတိုင်းအတာသိရှိရေး၊ လယ်ယာမြေများ ပြန်လည်ဖော်ထုတ်ရေး၊ မျိုးစေ့ခာတ်မြေဩဇာ ၊ ထွန်ယက်ကိရိယာများပံ့ပိုးရေးနှင့် သစ်တောသစ်ပင်များ ပြန်လည်ပြုစုပျိုးထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၅ ခုနှစ်၊ ဇူလိုင်လတွင် ဖြစ်ပေါ်ခဲ့သော မုတ်သုန်မုန်တိုင်းကြောင့် ကရင်ပြည်နယ်အတွင်းအချို့ဒေသများတွင် ရေကြီးနစ်မြုပ်မှုများရှိခဲ့ရာ မိုးစပါးသီးနှံ ၇၄ ဧက ပျက်စီးခဲ့ပါသည်။ ပျက်စီးဆုံးရှုံးမှုအတွက် ကရင်ပြည်နယ်အစိုးရမှ တစ်ဧကကျပ် ၉၀,၀၀၀ ဖြင့် ကျပ် ၆.၆၆ သန်းအား ထောက်ပံ့ပေးပြီး ရာသီချိန်အမီ စိုက်ပျိုးနိုင်ခဲ့ပါသည်။


## ချင်းပြည်နယ်

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ပထမ(၆)လပတ်တွင် ချင်းပြည်နယ်၏ စုစုပေါင်း ထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်း**အရ ကျပ် **၈၈,၄၇၉.၈** သန်း အကောင်အထည်ဖော်ရန် လျာထားပါသည်။

**ပုံ(၆-၄) ချင်းပြည်နယ်၏**

**၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ပထမ(၆)လပတ်တွင် ချင်းပြည်နယ်၏ စုစုပေါင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်း**အရ ကျပ် **၈၄,၈၇၅.၄** သန်း ဖြစ်ပေါ်ခဲ့၍ ပထမ(၆)လပတ်လျာထားချက် အပေါ် **၉၅.၉** ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**အရ **၁.၆** ရာခိုင်နှုန်း လျော့နည်းခဲ့ပါသည်။

**လယ်ယာကဏ္ဍ။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အသားတင်စိုက်ပျိုးမြေ ၂၁၂,၆၄၂ဧက၊ ပလပ်ထားသည့်မြေ ၅,၇၄၁ ဧက၊ စိုက်ပျိုးနိုင်သောမြေရိုင်း ၃,၀၈၈,၉၉၉ ဧက၊ သစ်တောကြိုးဝိုင်း ၁,၄၅၄,၁၅၂ ဧက၊ အခြားသစ်တောမြေ ဧက ၁,၁၄၀,၇၁၀ ၊ စိုက်ပျိုးခြင်း မပြုနိုင်သောမြေ ၃,၀၁၂,၂၃၁ ဧကရှိပါသည်။

ပထမ(၆)လပတ်တွင် လယ်ယာမြေဖော်ထုတ်ခြင်းကို စက်မှုလယ်ယာဦးစီးဌာနမှကုန်းမြင့်လယ်ယာ (လှေခါးထစ်လယ်) ၄၁ ဧက ဖော်ထုတ်ခဲ့ပါသည်။ စိုက်ပျိုးရေရရှိရန် ဆည်မြောင်း

ဦးစီးဌာနမှ လယ်ရေသွယ်မြောင်း ၇ ခုအတွက် ကျပ် ၁၃၄.၁၈၄ သန်းဖြင့် ဆောင်ရွက်နိုင်ခဲ့ပါသည်။

သဘာဝဘေးအန္တရာယ် ကျရောက်သောကြောင့် ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၂၀ ရက်နေ့အထိ နွေစပါး ၁၂ ဧက၊ မိုးစပါး ၃,၇၁၅ ဧက၊ အစေ့ထုတ်ပြောင်း ၃,၅၀၂ ဧက၊ အာလူး၁၄ ဧက၊ ဝဥ ၄၄၄ ဧက၊ ချင်းနှမ်းဧက ၂၀၊ ဆပ်နီ/ဝါ ၄၆ ဧက၊ လက်ဖက် ၃၁ ဧက၊ ကော်ဖီ ၆ ဧက၊ သစ်သီးပင် ၂၁၃ ဧက၊ ဟင်းသီးဟင်းရွက် ၆ ဧက ပျက်စီး၍ သီးနှံအထွက်လျော့နည်းခဲ့ပါသည်။

**သားငါးကဏ္ဍ။** ကျွဲနို့၊ နွားနို့နှင့် ကျွဲနွားထွက်ပစ္စည်းများထုတ်လုပ်မှု၊ အသားထုတ်လုပ်မှုနှင့် ဥထုတ်လုပ်မှုများ တိုးတက်လာပြီး တိရစ္ဆာန်မွေးမြူမှုအနေဖြင့် တစ်ပိုင် တစ်နိုင်မွေးမြူရေးမှ တစ်ပိုင်တစ်နိုင် စီးပွားဖြစ်မွေးမြူရေးသို့ ပြောင်းလဲ ဆောင်ရွက်ရာတွင် နွားနောက် ၄,၉၅၁ ကောင်၊ ဝက် ၈,၀၇၅ ကောင်၊ ဆိတ် ၁,၄၅၄ ကောင်တို့ကို စီးပွားဖြစ် မွေးမြူနိုင်ခဲ့ပါသည်။

**သစ်တောကဏ္ဍ။** သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရန်နှင့် သဘာဝသစ်တောသယံဇာတများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် သစ်တောထွက်ပစ္စည်း ထုတ်လုပ်မှုကို ကန့်သတ်ဆောင်ရွက်လျက်ရှိပြီး သစ်တောစိုက်ခင်းများတည်ထောင်ခြင်း၊ ရွှေ့ပြောင်းတောင်ယာပပျောက်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ပုဂ္ဂလိကသစ်တောစိုက်ခင်းများ တည်ထောင်ခွင့်ပြုခြင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ လူထုမှ ပါဝင်စိုက်ပျိုးသည့် လူထုဖြန့်ပျိုးပင်များ ဖြန့်ဝေစိုက်ပျိုးခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ပထမ(၆)လပတ်အတွင်း ဌာနပိုင် ထင်းရှူးစိုက်ခင်း ဧက ၁၀၀၊ ပုဂ္ဂလိကသစ်မာ စိုက်ခင်း ၆၅ ဧက နှင့် ကျွန်း ဧက ၆၀ စိုက်ပျိုး တည်ထောင်ပါသည်။ ဒေသခံပြည်သူအစုအဖွဲ့ပိုင် စိုက်ခင်း ၁,၂၉၇.၆၄ ဧက တည်ထောင် ခွင့်လက်မှတ်ဖြင့် စိုက်ပျိုးပြီးဖြစ်ပါသည်။ ရွှေ့ပြောင်းတောင်ယာ ပပျောက်ရေးအတွက် သီးနှံသစ်တောရောနှော စိုက်ပျိုးစေခြင်း၊ စိုက်ပျိုးပညာပေးခြင်း၊ ပျိုးပင်များဖြန့်ဝေပေးခြင်း စသည့်လုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။ သဘာဝဘေး အန္တရာယ်ကြောင့် နိုင်ငံပိုင်ကျွန်းနှင့် သစ်မာထုတ်လုပ်နိုင်ခြင်း မရှိပါ။

**သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ။** ပထမ(၆)လပတ်တွင် လမ်းခင်းကျောက်ကျင်း ၁၂,၉၀၀ ၊ ကျောက်စရစ် ကျင်း ၁၁,၂၀၀ ၊ သဲကျင်း ၉,၂၀၀ ထုတ်လုပ် နိုင်ခဲ့ပါသည်။ ၂၀၁၅ခုနှစ်၊ ဇူလိုင်လ စတုတ္ထပတ်၌ မိုးသည်းထန်စွာရွာသွန်း၍ သဘာဝဘေး အန္တရာယ်ကျရောက်ခဲ့သဖြင့် လမ်းခင်းကျောက်၊ ကျောက်စရစ်နှင့် သဲ ထုတ်လုပ်မှု လျော့နည်းခဲ့ပါသည်။

**စက်မှုလက်မှုကဏ္ဍ။** မှတ်ပုံတင်ထုတ်ပေးပြီးသည့် အသေးစား အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများမှာ စပျစ်ဝိုင်လုပ်ငန်း၊ မြင်းဆိုသစ်တောထွက်ပစ္စည်းလုပ်ငန်း၊ ပရိဘောဂနှင့်

သစ်သီးစုံဖျော်ရည်လုပ်ငန်း၊ ဗျူတီလင်း ဝိုင်လုပ်ငန်း၊ လန်းဆန်းအောင် သစ်သီးစုံဝိုင်နှင့် ဖျော်ရည်လုပ်ငန်း၊ ရွှေမက်မန်း ဝိုင်လုပ်ငန်း၊ ဆီကြိတ်လုပ်ငန်းနှင့် မုန့်ဖုတ်လုပ်ငန်းများဖြစ်ပါသည်။

စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ မှတ်ပုံတင်ထုတ်ပေးသည့်လုပ်ငန်းများမှာ ဆန်ကြိတ်လုပ်ငန်း၊ ဆီကြိတ်လုပ်ငန်း၊ အမှုန့်ကြိတ်လုပ်ငန်း၊ သစ်သီးဝိုင်လုပ်ငန်း၊ သောက်ရေသန့်လုပ်ငန်း၊ လောင်စာတုံး မီးသွေးလုပ်ငန်း၊ ဆေးရိုးကြိတ်လုပ်ငန်း၊ ပရိဘောဂလုပ်ငန်း၊ တွင်ခုံ/သံဂဟေလုပ်ငန်း၊ သစ်ခွဲလုပ်ငန်း၊ ကျောက်ခွဲလုပ်ငန်း၊ သံတံခါးလုပ်ငန်းများ ဖြစ်ပါသည်။ ပထမ(၆)လပတ်အတွင်း ဆန်ကြိတ်လုပ်ငန်း ၃၂ ခု၊ ဆီကြိတ်လုပ်ငန်း ၁ ခု၊ အမှုန့်ကြိတ်လုပ်ငန်း၂ ခု၊ သစ်ပြန်လည်ခွဲစိတ်လုပ်ငန်း ၁ခု ၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ၁ခု ၊ စုစုပေါင်းလုပ်ငန်း ၃၇ ခု မှတ်ပုံတင်ခဲ့ ပါသည်။

**လျှပ်စစ်ဓာတ်အားကဏ္ဍ**။ ပထမ(၆)လပတ်တွင် လျှပ်စစ် ဓာတ်အားထုတ်လုပ်မှုမှာ နိုင်ငံပိုင်အခန်းတွင် စက်ရုံသုံး ကီလိုဝပ်နာရီထောင်ပေါင်း ၅၈၊ အိမ်သုံး ကီလိုဝပ်နာရီ ထောင်ပေါင်း ၄,၄၂၆၊ ဆေးရုံ၊ ရုံး၊ ကျောင်းတို့တွင် ကီလိုဝပ်နာရီ ထောင်ပေါင်း ၆၀၉၊ အထွေအထွေသုံး ကီလိုဝပ် နာရီထောင်ပေါင်း၁၇၉၊ သမပိုင်အခန်းတွင် ကီလိုဝပ်နာရီထောင်ပေါင်း ၅၈၊ ပုဂ္ဂလိကပိုင်အခန်းတွင် ကီလိုဝပ် နာရီထောင်ပေါင်း ၁,၈၃၅ အသုံးပြုနိုင်ခဲ့ပါသည်။

**ဆောက်လုပ်မှုကဏ္ဍ**။ ၂၀၁၅ခုနှစ်၊ ဇူလိုင်လတွင် ချင်းပြည်နယ်၌ မိုးသည်းထန်စွာရွာသွန်း၍ ပြိုကျပျက်စီးသွားသော လမ်းတံတားများအား ဦးစားပေး ဆောင်ရွက်လျက်ရှိပါသည်။ လမ်းပန်း ဆက်သွယ်ရေးနှင့် ကူးသန်းသွားလာရေး တိုးတက် ကောင်းမွန်ရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုဘတ်ဂျက်ဖြင့် ကလေး-ဖလမ်း-ဟားခါးလမ်း၊ ဟားခါး-ဂန့်ဂေါလမ်း၊ သိုင်းငင်- တီးတိန်၊ ပခုက္ကူ- ပေါက်-ကျောက်ထု- မင်းတပ်လမ်း၊ ဂန့်ဂေါ- အိုက်ကားလမ်း၊ ကျောက်တော်-ပလက်ဝလမ်း၊ မင်းတပ်-မတူပီလမ်းတို့ကို တိုးတက်ကောင်းမွန် အောင် ဆောင်ရွက်ပေးလျက်ရှိပါသည်။

ပြည်နယ်ဘတ်ဂျက်ဖြင့် မတူပီ-ပလက်ဝလမ်း၊ ဟားခါး-မတူပီလမ်း၊ ကလေး-ဖလမ်း-ဟားခါးလမ်း၊ ဟားခါး-ဂန့်ဂေါလမ်း၊ မင်းတပ်-မတူပီလမ်း၊ တီးတိန်-ရိဒ်လမ်း၊ သိုင်းငင်း-တီးတိန်လမ်း၊ ပခုက္ကူ-ပေါက်-ကျောက်ထု-မင်းတပ်လမ်း၊ ဂန့်ဂေါ-အိုက္ကာလမ်း၊ ကျောက်တော်-ပလက်ဝလမ်း၊ ဟားခါး-ထန်တလန်-ဆာဆီချောက်လမ်း၊ တီးတိန်-တွန်းဇန်-ကျီခါးလမ်း၊ ထန်တလန်-နှာရိန်-ရေဇွာ-မတူပီလမ်း၊ ထန်တလန်-လုံလဲလမ်း၊ ဖလမ်း-ရိဒ်လမ်း၊ ကလေး-နတ်ချောင်း-ဖလမ်းလမ်း၊ ဖို့ဝိုက်-ထုတ်လိုင်လမ်း၊ ဆိပ်ဖြူ-ဆော-ကန်ပက်လက်လမ်း၊ ကန်ပက်လက်-မင်းတပ်လမ်း၊ လောင်းရှည်-ကျင်ဒွေးလမ်း၊ ရှာတလိုင်း-လိုတောလမ်း၊ ဖလမ်း

မြို့ရှောင်ကွင်းလမ်း၊ ဟားခါးမြို့တွင်း မြို့ပတ်လမ်း၊ ဟားခါးမြို့တွင်းလမ်း၊ ဖလမ်းမြို့တွင်းလမ်း၊ တီးတိန်မြို့တွင်းလမ်း၊ ကန်ပက်လက်မြို့ တွင်းလမ်း၊ ပလိပ်တို့-မနာတာ-ရွှေအောင်သာလမ်း၊ ရေဇွာ-လိုင်လင်ပီးလမ်း၊ဗိုလ်ကျော်ဦးလမ်း၊ရေဇွာမြို့တွင်းလမ်း၊ တီးတိန်-ထွီးလန်-ဇာလွီးချောင်း လမ်း၊ ထန်တလန်မြို့တွင်းလမ်းနှင့် ထန်တလန်မြို့ပတ်လမ်းများကို ပိုမိုတိုးတက်ကောင်းမွန် အောင် ဆောင်ရွက်ပေး လျက်ရှိပါသည်။

လမ်းဦးစီးဌာနအနေဖြင့် ပထမ(၆)လပတ်တွင် လမ်းတာချဲ့ခြင်း၂၅/၄ မိုင်အတွက် ကျပ် ၂၀၆၉.၂၅၁သန်း၊ လမ်းလွှဲဖောက်လုပ်ခြင်း/လမ်းသစ်ဖောက်လုပ်ခြင်း ၄/၄ မိုင်အတွက် ကျပ် ၃၆၃.၀၈၄ သန်း ။ ကျောက်လမ်းခင်းခြင်း၀/၂ မိုင်အတွက် ကျပ် ၁၅ သန်း ။ သံကူကွန်ကရစ် ရေပြွန် ၃၇စင်း အတွက် ကျပ် ၂၉၁.၈၆၄ သန်း၊ ရေပြွန်တိုးချဲ့တည်ဆောက်ခြင်း ၁၈ စင်း အတွက် ကျပ် ၁၀၃.၆၉၅ သန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါသည်။

ပထမ(၆)လပတ်တွင် ကျေးလက်ဒေသလမ်းပန်းဆက်သွယ်ရေး ချောမွေ့စေရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကတ္တရာလမ်း ၀/၃ မိုင်အတွက် ကျပ် ၁၈.၃၄၅သန်း၊ မြေသားလမ်းဖောက်လုပ်ခြင်း ၁၆၀/၇ မိုင်အတွက် ကျပ် ၁၁၄၀.၅၀၂ သန်း၊ လမ်းတာချဲ့ခြင်း ၅၇/၇ မိုင်အတွက် ကျပ် ၁၂၉.၂၉၀ သန်း ။ ရေပြွန် ၂၀ ခုအတွက် ကျပ် ၃.၂၄၁သန်း၊ တံတား ၂၀ စင်းအတွက် ကျပ် ၅၂.၂၅၈ သန်း ။ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှကျောက်ခင်းခြင်း ၇.၄ မိုင်အတွက် ကျပ် ၄၀၀.၇၃၈ သန်း၊ မြေသားလမ်း ဖောက်လုပ်ခြင်း ၁၁၀/၄ မိုင်အတွက် ကျပ် ၁၂၅၀.၃၇၀ သန်း ။ လမ်းတာချဲ့ခြင်း ၁၀၉/၃ မိုင် အတွက် ကျပ် ၉၉၄.၇၆၅ သန်း၊ တံတား၅ စင်းအတွက် ကျပ် ၁၇၀၀.၆၂၅ သန်း ။ စည်ပင် သာယာရေးအဖွဲ့မှ ရေပြွန်၂၀ ခုအတွက် ကျပ်သန်း ၄၀ ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။ စည်ပင်သာယာရေးအဖွဲ့မှ မြို့ပြ လမ်းတံတားများဆောင်ရွက်ရာတွင် ကတ္တရာလမ်းခင်းခြင်း ၀/၀.၉မိုင် အတွက် ကျပ် ၁၂ သန်း၊ ကျောက်ခင်းခြင်း ၁/၅.၂မိုင်အတွက် ကျပ် ၁၄၆.၅၈၅ သန်း၊ မြေသားလမ်းဖောက်လုပ် ခြင်း ၄/၀.၃ မိုင်အတွက် ကျပ် ၄၈.၄ သန်း၊ လမ်းတာချဲ့ခြင်း၀/၂ မိုင်အတွက် ကျပ် ၅၁ သန်း၊ ရေပြွန် ၅၄ခုအတွက် ကျပ် ၁၇၈.၂၉၆ သန်း၊ တံတား ၄ ခုအတွက် ကျပ် ၉၀.၅ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါသည်။

**ပို့ဆောင်ရေးကဏ္ဍ**။ ပို့ဆောင်ရေးကဏ္ဍမှ ပထမ(၆)လပတ်တွင် သမဝါယမ ပိုင်အခန်းမှ ခရီးသည်ပို့ဆောင်မှုတွင် ခရီးသည်မိုင် ထောင်ပေါင်း ၁၃၀ ကိုလည်းကောင်း၊ ကုန်စည် ပို့ဆောင်မှုတွင် မက်ထရစ်တန်မိုင် ထောင်ပေါင်း ၆၉ ကိုလည်းကောင်း အသီးသီး ပို့ဆောင်ပေး နိုင်ခဲ့ပါသည်။ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ စတုတ္ထပတ်၌ မိုးသည်းထန်စွာ ရွာသွန်း၍ သဘာဝ

ဘေးအန္တရာယ်ကျရောက်ခဲ့သဖြင့် ကားလမ်းများပျက်စီး၍ ယာဉ်လိုင်းများ ပုံမှန် ပြေးဆွဲနိုင်ခြင်း မရှိပါ။

**ဆက်သွယ်ရေးကဏ္ဍ။** ဆက်သွယ်ရေးလွယ်ကူစေရန်အတွက် တယ်လီဖုန်းတိုးချဲ့ တပ်ဆင်ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ်တွင် တယ်လီဖုန်းအမျိုးမျိုး တိုးချဲ့တပ်ဆင်ပေးနိုင်မှုအနေဖြင့် အော်တို တယ်လီဖုန်း လုံးရေ ၃ လုံး၊ WCDMA Mobile ဖုန်းလုံးရေ ၁၂,၉၁၂ လုံးတို့ကို တပ်ဆင်ပေးနိုင်ခဲ့ပါသည်။

**ငွေရေးကြေးရေးကဏ္ဍ။** ငွေရေးကြေးရေးကဏ္ဍမှ ဘဏ်လုပ်ငန်းအနေဖြင့် နိုင်ငံပိုင် မြန်မာ့စီးပွားရေးဘဏ်နှင့် ဟားခါးမြို့ရှိ သမဝါယမဘဏ်လီမိတက်တို့မှ ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

**လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ။** အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အခြေခံ ပညာရေး ဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ ရဲတပ်ဖွဲ့၊ စည်ပင်သာယာရေးအဖွဲ့၊ မီးသတ်ဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ စက်မှုလက်မှုသိပ္ပံ၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီး ဌာန၊ ရွေးကောက်ပွဲကော်မရှင်ခွဲရုံး၊ ပြည်နယ်လွှတ်တော်ရုံးတို့အနေဖြင့် အသုံးစရိတ်များ ပိုမို သုံးစွဲခဲ့ပါသည်။

**ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ။** ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်တွင် ချင်းပြည်နယ် ၏ ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍအနေဖြင့် နိုင်ငံပိုင်အခန်းမှ အိုးအိမ်ငှားရမ်းခြင်း လုပ်ငန်း နှင့် သမဝါယမပိုင်အခန်းမှ တည်းခိုခန်းလုပ်ငန်း၊ သတင်းစာ ကိုယ်စားလှယ်လုပ်ငန်း၊ ဆေးခန်းနှင့် ဂိုဒေါင်ငှားရမ်းခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်လျက်ရှိ ပါသည်။

**ကုန်သွယ်မှုကဏ္ဍ။** ဒေသထွက်ကုန်များကို စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသ ကြီးနှင့် မန္တလေးတိုင်းဒေသကြီးသို့ တင်ပို့ရောင်းချပြီး၊ မန္တလေး-ဂန့်ဂေါ-ဟားခါးလမ်း၊ ကလေး-ဖလမ်း-ဟားခါးလမ်း၊ ကလေး-တီးတိန်လမ်း၊ ပခုက္ကူ-မင်းတပ်လမ်းများဖြင့် ဒေသ တွင်းကုန်စည်များ ဖြန့်ဖြူးပေးခဲ့ပါသည်။ ပြည်မမှ ကုန်စည်များကို ချင်းပြည်နယ်ရှိ ရိခေါဒါရ် နယ်စပ်ကုန်သွယ်ရေးစခန်းမှတဆင့် အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ်နှင့် ကူးသန်းရောင်းဝယ် လျက် ရှိသော်လည်း မိုးရာသီ သွားလာရေး ခက်ခဲသဖြင့် နယ်စပ်ကုန်သွယ်ရေး ကုန်စည် စီးဆင်းမှု ကြန့်ကြာပြီးများစွာ ဖွံ့ဖြိုးမှုမရှိကြောင်း တွေ့ရှိရပါသည်။ ထန်တလန်မြို့နယ် ဘုံတလန် ကျေးရွာ အနီးတွင် နယ်စပ်ကုန်သွယ်ရေးစခန်းသစ် ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

**လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်မှုအခြေအနေ**

**ပညာရေး။** အစီရင်ခံသည့်ကာလအတွင်း ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်တွင် အခြေခံပညာ အထက် တန်းကျောင်း ၃ ကျောင်း၊ အထက်တန်းကျောင်းခွဲ ၁၂ကျောင်း၊ အလယ်တန်းကျောင်း ၅ ကျောင်း၊ အလယ်တန်း ကျောင်းခွဲ ၈၅ကျောင်း၊ မူလတန်းလွန်ကျောင်း ၃၅ ကျောင်း၊ မူလတန်းကျောင်း ၈ ကျောင်း၊ မူလတန်း ကျောင်းခွဲ ၅၈ ကျောင်း၊ စုစုပေါင်း ၂၀၆ ကျောင်းကို အဆင့်တိုးမြှင့် ဖွင့်လှစ်နိုင်ခဲ့ပါသည်။

**ကျန်းမာရေး။** ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရာတွင် ပြည်သူတို့၏ ဆေးဝါးလိုအပ်ချက်နှင့် ဆေးပစ္စည်းကိရိယာ လိုအပ်ချက်များကို ဖြည့်ဆည်းပေး နိုင်ရန်အတွက် ငွေပဒေသာပင် စိုက်ထူခြင်းကို ဆောင်ရွက်ပေးပြီး မြို့နယ်ဆေးရုံများ၏ ငွေ ပဒေသာပင် စိုက်ထူထားရှိမှု ပမာဏအရင်းမှာ ကျပ် ၁၆၃.၉၉၅ သန်းရှိပြီး မြို့နယ်ခွဲ/ တိုက်နယ် ဆေးရုံများ၏ ငွေပဒေသာပင် စိုက်ထူထားရှိမှု ပမာဏအရင်းမှာ ကျပ် ၂၃.၅၀၁ သန်းရှိပါသည်။


**သောက်သုံးရေးရရှိရေး။** ချင်းပြည်နယ်အတွင်း မြို့ပြ / ကျေးလက်နေ ပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် ရရှိနိုင်သမျှသော ရေအရင်းအမြစ်ထွက်ရှိရာ နေရာ ဒေသများတွင် ရေဖမ်း၊ ရေစုကန်များ တည်ဆောက်၍ ၎င်းကန် များမှတစ်ဆင့် ရေပိုက် လိုင်းများ သွယ်တန်းကာ ရေမီတာတပ်ဆင်၍ မြို့ပြကျေးလက် ရေပေးဝေမှုများ ဆောင်ရွက်လျက်ရှိ ပါသည်။ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် ကျေးလက်ဒေသ သောက်သုံးရေရရှိရေး အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာ (၁၂)ရွာတွင် ကျပ် ၂၄၂.၅သန်း၊ စည်ပင် သာယာရေးအဖွဲ့ မှ ကျေးရွာ ၂ ရွာတွင် ကျပ်သန်း၇၀ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာ ၅ ရွာတွင် ကျပ် ၁၃၈.၇၅ သန်းဖြင့် ဆောင်ရွက် နိုင်ခဲ့ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဟားခါးမြို့ ရေပေးဝေရေး လုပ်ငန်းစီမံကိန်းကို ဆောင်ရွက်လျက်ရှိပါသည်။

**ကျေးလက်မီးလင်းရေး။** ကျေးရွာများ မီးလင်းရေးအတွက် ဒီဇယ်စွမ်းအင်ဖြင့် လည်းကောင်း၊ ဆိုလာစွမ်းအင်ဖြင့်လည်းကောင်း၊ ဘိုင်အိုဂက်စ်ဖြင့်လည်းကောင်း၊ အသေးစား ရေအား လျှပ်စစ်စွမ်းအင်ဖြင့်လည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာ ၄၇ ရွာတွင် ကျပ် ၁၄၂.၅၅ သန်း ၊နယ်စပ်ဒေသ နှင့် တိုင်းရင်းသားလူမျိုး ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာ ၄ ရွာတွင် ကျပ် ၉.၅ သန်းဖြင့် ကျေးလက်မီးလင်းရေး ဆောင်ရွက်နိုင်ခဲ့ပါသည်။

**စစ်ကိုင်းတိုင်းဒေသကြီး**

**၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ပထမ(၆)လပတ်တွင် စစ်ကိုင်းတိုင်းဒေသကြီး၏ စုစုပေါင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်း** အရ ကျပ် ၂,၄၃၉,၀၆၆.၉ သန်း အကောင်အထည်ဖော်ရန် လျာထားပါသည်။

**ပုံ (၆-၅) စစ်ကိုင်းတိုင်းဒေသကြီး၏**
**၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ**
**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ပထမ(၆)လပတ်တွင် စစ်ကိုင်းတိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်း**အရ ကျပ် **၂,၃၆၆,၅၀၀.၂** သန်း ဖြစ်ပေါ်ခဲ့၍ ပထမ(၆)လပတ်လျာထားချက်အပေါ် **၉၇.၀ ရာခိုင်နှုန်း** အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း** အရ **၈.၄ ရာခိုင်နှုန်း** တိုးတက်ခဲ့ပါသည်။

**လယ်ယာကဏ္ဍ။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အသားတင်စိုက်ပျိုးနိုင်သောမြေ ၄,၅၆၈,၇၉၁ ဧက ၊ပလပ်မြေဧက ၄၄,၄၈၀ ၊ မြေရိုင်း ၂၅၉,၀၁၉ ဧက ၊ ကြိုးဝိုင်းမြေ ၈,၉၄၄,၇၀၆ ဧက၊ သစ်တောမြေ(အခြား) ၄,၁၀၅,၉၇၈ ဧက ၊ အခြားမြေ ၅,၂၃၁,၄၀၈ ဧက ရှိပါသည်။

စုစုပေါင်းသီးနှံစိုက်ဧက ၅,၅၀၅,၆၀၀ စိုက်ပျိုးနိုင်ခဲ့ပါသည်။ ချည်မျှင်ရှည်ဝါ(ငွေချည် ၆) အမျိုးအစားကို စစ်ကိုင်းခရိုင်တွင် ၆,၆၀၁ ဧက၊ မုံရွာခရိုင်တွင် ၁၀,၈၂၃ ဧက၊ ယင်းမာပင် ခရိုင်တွင် ၇,၁၅၄ ဧက၊ ရွှေဘိုခရိုင်တွင် ၁,၄၁၆ ဧက၊ စုစုပေါင်း ၂၅,၉၉၄ ဧက စိုက်ပျိုးနိုင်ခဲ့

ပါသည်။ ( ငွေချည် ၆ ) အမျိုးအစား သီးနှံသည် ဈေးကွက်ဝင်ခြင်း၊ တောင်သူများ ပြုစု စောင့်ရှောက်မှု ကောင်းပါက အထွက်တိုးခြင်းတို့ကြောင့် ပိုမိုစိုက်ပျိုးခြင်း ဖြစ်ပါသည်။ ထိုအပြင် ချည်မျှင်ရှည်ဝါ ( ငွေချည် ၉ ) အမျိုးအစားကို စစ်ကိုင်းခရိုင်တွင် ၉၇ ဧက၊ မုံရွာခရိုင်တွင် ၂၅၃ဧက၊ ယင်းမာပင်ခရိုင်တွင် ၁,၇၆၂ ဧက နှင့် ရွှေဘိုခရိုင်တွင် ဧက ၃၀ ၊ စုစုပေါင်း ၂,၁၄၂ ဧက စိုက်ပျိုးနိုင်ခဲ့ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ၁၆.၇.၂၀၁၅ ရက်နေ့မှ စတင်၍ မိုးသည်းထန်စွာ ရွာသွန်းမှု ကြောင့် သီးနှံစိုက်ဧက ၂၂၃,၈၅၅ ရေမြုပ်ခဲ့ပြီး၊ ၁၈၃,၆၆၂ ဧက ထိခိုက်ခဲ့ပြီး၊ ၁၄၁,၇၉၀ ဧက ပျက်စီးခဲ့ပါသည်။ ၆၆,၃၅၁ ဧက ပြန်လည်စိုက်ပျိုးခဲ့ပါသည်။

**သားငါးကဏ္ဍ။** စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကြက်မွေးမြူရေးဇုန် (၇)ဇုန်မှ အသားနှင့်ဥထုတ်လုပ်ခြင်း၊ ဒေသခံနွားမများကို မျိုးမြှင့်တင်သားစပ်၍ နို့စားနွား မွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကြောင့် အသား၊ ဥနှင့် နို့ထုတ်လုပ်မှုများ တိုးတက်ပါသည်။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်တားဆီးရေးအတွက် တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများနှင့် မွေးမြူထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အတွက် လိုအပ်သည့်အရင်းအနှီး၊ မျိုးကောင်းမျိုးသန့်မွေးမြူရေး၊ နည်းပညာများ ရရှိရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

ငါးမွေးမြူသူများ မွေးမြူရေးအသိပညာများ တိုးတက်လာခြင်းကြောင့် မျိုးကောင်း မျိုးသန့် ငါးသားပေါက်များမွေးမြူလာခြင်း၊ အစာကျွေးနည်းစနစ်များ မှန်ကန်လာခြင်းတို့ ကြောင့် ငါးထုတ်လုပ်မှုများတိုးတက်လာပါသည်။ အင်းအိုင်နှင့် ဘုံငါးဖမ်းလုပ်ငန်းများတွင် ငါးမျိုးစိုက်ထည့် မွေးမြူခြင်း၊ ရေချိုငါးလုပ်ငန်းဥပဒေ၊ နည်းဥပဒေများ နှင့်အညီ ငါးရစ်ငါးသန် ထိန်းသိမ်းခြင်း၊ ယင်းတား ပိုက်လှောင်စနစ်များဖြင့် မွေးမြူခြင်း၊ မွေးမြူခြင်းကို အခြေခံသော ဖမ်းဆီးနည်းစနစ်၊ ငါးမျိုးချန် မွေးမြူခြင်းဖြစ်သောဖမ်းဆီးခြင်းကို အခြေခံသည့် မွေးမြူ နည်းစနစ်များဖြင့် မွေးမြူ ဆောင်ရွက်ခြင်း တို့ကြောင့် ဖြစ်ပါသည်။

မွေးမြူရေး၊ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ကျေးလက်နေ ပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းဖန်တီးပေးရန်၊ မိသားစုဝင်ငွေ တိုးပွားလာစေရန်၊ တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် စားနပ်ရိက္ခာဖူလုံ စေရန် နှင့် အာဟာရပြည့်ဝစေရန် ရည်မှန်းပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် မြို့နယ် ၃၇ မြို့နယ်၊ ကျေးရွာ ၁၄၄ ရွာ၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မြို့နယ် ၃၃မြို့နယ်၊ ကျေးရွာ ၂၉၉ ရွာ၊ စုစုပေါင်း မြို့နယ် ၇၀၊ ၄၄၃ ရွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

**သစ်တောကဏ္ဍ။** နိုင်ငံပိုင်အခန်းမှကျွန်း၆၄၄ ကုဗတန်နှင့် သစ်မာ ၃၅၈၃ ကုဗတန်၊ ပုဂ္ဂလိကပိုင် အခန်းမှ ကျွန်း ၁၆၉ ကုဗတန်နှင့် သစ်မာ ၉၂၇ ကုဗတန်၊ ကျွန်းနှင့် သစ်မာတိုင် ၉၁၂လုံးရေ တိုးတက်ထုတ်လုပ်ခဲ့ပါသည်။ နိုင်ငံပိုင်အခန်းမှ တောကျန်သစ်များကို စာရင်းရှင်းလင်းရန် ထုတ်လုပ်ခြင်းတို့ကြောင့် ကျွန်းနှင့်သစ်မာ ထုတ်လုပ်မှု တိုးတက်ခဲ့ရခြင်း ဖြစ်ပါသည်။

**သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ။** သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍတွင် မုံရွာမြေဖြူ ၅,၂၃၂ တန်၊ မြေဖယောင်း ၁၈၀ မ/တန်၊ ဖယ်ရိုနီကယ် ၂၈,၃၆၀.၆ မ/တန်၊ ကျောက်စိမ်း ၄၀၁.၂၈၈ ကီလို(ထောင်)၊ ကျောက်မီးသွေး ၇,၁၁၂ မ/တန် ထုတ်လုပ်ခဲ့ပါသည်။ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးရှိ ကုမ္ပဏီများမှ နယ်မြေအနေအထားအရ ကျောက်စိမ်းများ အင်တိုက်အားတိုက် ထုတ်လုပ်လာခြင်း၊ အမှတ်(၃) သတ္တုတွင်းလုပ်ငန်းမှ ဖယ်ရိုနီကယ်အား စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်ခြင်း၊ ထူးအပြည်ပြည်ဆိုင်ရာနှင့် မော်လိုက်ကြီးချောင်း ကုမ္ပဏီများမှ ကျောက်မီးသွေးထုတ်လုပ်မှုများ တိုးတက်ခဲ့ပါသည်။

**စက်မှုလက်မှုကဏ္ဍ။** မုံရွာစက်မှုဇုန်ခွဲ (စစ်ကိုင်း)တွင် မြန်မာသပြေ ဖိနပ်ချုပ်လုပ်ငန်းမှ Shoe နှင့် Slipper ၊ Doer ကျောက်ပတ်တီးမှုန့်လုပ်ငန်းမှ Doer ပတ်တီးမှုန့် မာဃ ကုန်ထုတ်လုပ်မှုလုပ်ငန်းနှင့် မန်ပိန်းကွန်ကရစ်တိုင်စက်ရုံမှ ကွန်ကရစ်တိုင်များ၊ အဖိုးတန် စံချိန်မှီ(Tri Circle) မှ PVC ပိုက်များထုတ်လုပ်ခဲ့ပါသည်။ ယခင်နှစ်က လုပ်ငန်းရပ် ဆိုင်းထားသော ဆန်းဘရားသား သံရည်ကြိုလုပ်ငန်းသည် ယခုနှစ်တွင် လုပ်ငန်းလည်ပတ်နိုင်ခဲ့ ပါသည်။

မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ လုပ်ကိုင်သော လုပ်ငန်းပေါင်း၁၆ ခု နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ခွင့်ပြုမိန့်ဖြင့် လုပ်ကိုင်သော လုပ်ငန်းပေါင်း၆ ခုရှိပါသည်။ ၎င်းတို့အနက် Myanmar Veneer & Plywood Co; သည် အမေရိကန် ဒေါ်လာ ၉.၇ သန်း ရင်းနှီးမြှုပ်နှံပြီး အလုပ်သမားဦးရေ ၂၅၃ ဦးဖြင့် ၂၀၁၅ ခု ဧပြီလမှ စတင်၍ စမ်းသပ်ကာလ အဖြစ် မုံရွာစက်မှုဇုန်ခွဲ (စစ်ကိုင်း)တွင် ဆောင်ရွက်လျက်ရှိပါသည်။ ထိုကုမ္ပဏီမှ သစ်အချောထည်၊ သစ်ပါးလွှာ ၊ အထပ်သားနှင့် သစ်ခွဲသားများ ထုတ်လုပ်လျက်ရှိပါသည်။

အသေးစားနှင့် အလတ်စား လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် Small and Medium Industrial Development Bank (SMID) ဘဏ်မှ လုပ်ငန်းရှင် ၄၁ ဦးကို ကျပ် ၁၃,၈၀၀ သိန်းကို ထုတ်ချေးခဲ့ပါသည်။ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနတွင် မှတ်ပုံတင်ထားသော လုပ်ငန်းဦးရေ စုစုပေါင်း ၄,၁၂၁ ဦးဖြင့် စက်မှုကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေး အတွက် ဆောင်ရွက်လျက်ရှိပါသည်။

**ဆောက်လုပ်မှုကဏ္ဍ။** တိုင်းဒေသကြီး ဘတ်ဂျက်ဖြင့် လမ်းဦးစီးဌာနမှ ထီးချိုင့်-မြတောင်လမ်း (ဧရာဝတီမြစ်ကူးတံတား) တည်ဆောက်ခြင်း၊ ပြည်ထောင်စုဘတ်ဂျက်ဖြင့် မုံရွာ-ပုလဲ-ဂန့်ဂေါလမ်း၊ ကသာ-စင်ခန်းလမ်း၊ ရွှေဘို-ကျောက်မြောင်းလမ်း တည်ဆောက်ခြင်း လုပ်ငန်းများကို ဆောင်ရွက် လျက်ရှိပါသည်။

တံတားတည်ဆောက်ခြင်းတွင် ပြည်ထောင်စုဘတ်ဂျက်ဖြင့် မုံရွာ-ရေဦး-ကလေးဝ-ကလေးလမ်းပေါ်ရှိ ချင်းတွင်းတံတားတည်ဆောက်ခြင်း ၄၅ ရာခိုင်နှုန်း၊ကျွန်းလှ-ချပ်သင်း-ကောလင်းလမ်းပေါ်ရှိ ဒေါင်းမြူးချောင်းတံတားတည်ဆောက်ခြင်း ၁၀၀ ရာခိုင်နှုန်း၊ သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးလမ်းပေါ်ရှိ ကိုးတန်ချောင်းကူးတံတားတည်ဆောက်ခြင်း ၇၀ ရာခိုင်နှုန်း ၊ သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးလမ်းပေါ်ရှိ ခြသေ့်ချောင်း တံတားတည်ဆောက်ခြင်း ၉၅ ရာခိုင်နှုန်း၊ သက္ကယ်ကျင်း-ဖောင်းပြင်- ဟုမ္မလင်း- ခန္တီးလမ်းပေါ်ရှိ နန့်ထိန်ကွင်းတံတားတည်ဆောက်ခြင်း ၉၅ ရာခိုင်နှုန်း၊ ရွှေဘို-မြစ်ကြီးနားလမ်းပေါ်ရှိ နန့်ဒရန့် ချောင်းတံတား တည်ဆောက်ခြင်း ၈၂.၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီ ဖြစ်ပါသည်။

**လျှပ်စစ်ဓာတ်အားကဏ္ဍ။** ရေအားလျှပ်စစ်လုပ်ငန်းအနေဖြင့် လေရှီးမြို့နယ်၊ မတူဂီ ချောင်း အသေးစားရေအားလျှပ်စစ်လုပ်ငန်းတည်ဆောက်ခြင်း ၉၀ ရာခိုင်နှုန်း ၊ လဟယ်မြို့နယ် ဟွေထိုက်ချောင်း ရေအားလျှပ်စစ်လုပ်ငန်း တည်ဆောက်ခြင်း ၈၃.၅ ရာခိုင်နှုန်း ၊ နန်းယွန်း မြို့နယ်တွင် တိုင်းခန်းချောင်း ရေအားလျှပ်စစ်လုပ်ငန်းတည်ဆောက်ခြင်း ၂၅ ရာခိုင်နှုန်း ပြီးစီး ပြီးဖြစ်ပါသည်။ စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်များ၌ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်းအနေဖြင့် ဓာတ်အားထိန်းချုပ် အဆောက်အဦ ဆောက်လုပ်ခြင်း၊ ဓာတ်အားလိုင်းများ တိုးချဲ့အဆင့်မြှင့်တင်ခြင်း၊ ဆွေးမြေ့ဓာတ်တိုင်များအား ကွန်ကရစ်တိုင်များဖြင့် အစားထိုးလဲလှယ် ခြင်း၊ ထရန်စဖော်မာများ တည်ဆောက်ခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

**ရေရရှိရေးလုပ်ငန်းများတိုးချဲ့ခြင်း၊ အသစ်တည်ဆောက်ခြင်း။** စိုက်ပျိုးမြေ ၁၆,၅၄၈ ဧကကို အကျိုးသက်ရောက်စေမည့် တပ်ရွာလျှပ်စစ်မြစ်ရေတင်လုပ်ငန်း၊ စိုက်ပျိုးမြေဧက ၂၀၀,၀၀၀ ကို အကျိုးသက်ရောက်စေမည့် အရာတော်-၂ လျှပ်စစ်မြစ်ရေတင်လုပ်ငန်း၊ စိုက်ပျိုး မြေ ဧက ၄၅၀ ကို အကျိုးသက်ရောက်စေမည့် မြစ်ပေါက် (ဝမ်းပြည့်) လျှပ်စစ်မြစ်ရေတင် လုပ်ငန်း နှင့် စိုက်ပျိုးမြေ ဧက ၅,၀၀၀ ကို အကျိုးသက်ရောက်စေမည့် ပျော့ရွာလျှပ်စစ် မြစ်ရေတင်လုပ်ငန်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

**ဆည်ရေရရှိမှုတိုးတက်ကောင်းမွန်ရေးဆောင်ရွက်မည့်အစီအစဉ်များ။** ဆည်ရေရရှိမှု ကောင်းမွန်စေရေးအတွက် ပြည်ထောင်စုဘတ်ဂျက်ဖြင့် ရာဇဂြိုဟ်စီမံကိန်း ၊ မြောက်ယမား တိုးချဲ့လက်ယာရေသောက်စနစ်၊ မင်းမြင်စီမံကိန်း၊ ဒေါင်းမြူးစီမံကိန်းတို့ကို ဆက်လက်

ဆောင်ရွက်နေပါသည်။ ကာဘိုးရေလွှဲဆည်(ရွှေဘို)၊ ကာဘိုးရေလွှဲဆည်(ရေဦး)၊ ကင်းတပ်ရေလွှဲတမံ(လက်ဝဲ)၊ ကင်းတပ်ရေလွှဲတမံ (လက်ယာ) တူးမြောင်းဆည်ရေသောက်စနစ် တည်ဆောက်ခြင်း လုပ်ငန်းတို့တွင် ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ပါသည်။

**ဆက်သွယ်ရေးလုပ်ငန်းများတိုးချဲ့ခြင်း၊ အသစ်တည်ဆောက်ခြင်း။** Telenor ကုမ္ပဏီ ၊ Ooredoo ကုမ္ပဏီ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတို့ဖြင့် ဆက်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ WCDMA Mobile ၁၅၀၀ ကျပ်တန်ဖုန်းများ တိုးချဲ့တပ်ဆင်ခဲ့ပါသည်။

**ပညာရေး။** မုံရွာစီးပွားရေးတက္ကသိုလ်တွင် ပြည်သူ့ရေးရာစီမံခန့်ခွဲမှု မဟာသင်တန်း (MPA)၊ စီးပွားရေး စီမံခန့်ခွဲမှုမဟာသင်တန်း (MBA) တို့ကို ဖွင့်လှစ်ပို့ချလျက်ရှိပါသည်။ အခြေခံပညာအဆင့်တွင် အန္တရာယ်ရှိသော ကျောင်းဆောင်များ ဖျက်သိမ်း၍ ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း ၊ ကျောင်းသားဦးရေအရ အသစ်တိုးချဲ့ဆောက်လုပ်ခြင်း ၊ ဥပဓိရုပ် မကောင်းသော ကျောင်းဆောင်များဆောက်လုပ်ခြင်း ၊ သိပ္ပံခန်းဆောင် ဆောက်လုပ်ခြင်း၊ မူကြိုကျောင်း၊ လွှတ်တော်မှ တင်ပြသောကျောင်းများဆောက်လုပ်ခြင်း တို့ကို ဆောင်ရွက်လျက်ရှိပါသည်။

**ကျန်းမာရေး။** ကျန်းမာရေးဦးစီးဌာနအနေဖြင့် ကျန်းမာရေးဌာနခွဲ၊ ကျေးလက်ကျန်းမာရေးဌာနခွဲ၊ မြို့နယ်ဆေးရုံဝန်ထမ်းအိမ်ရာနှင့် ဆေးရုံပြန်လည်မွမ်းမံခြင်းစသည့် တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

**ကျေးလက်လမ်း၊တံတား။** ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်လမ်းလုပ်ငန်းများမှာ ကတ္တရာလမ်း ၂/၁ မိုင်၊ ကျောက်ချောလမ်း ၁၅/၂.၀၇မိုင် နှင့် မြေသားလမ်း ၉၁/၁ မိုင်၊ ဂဝံလမ်း ၇/၁.၉၂ မိုင်၊ စုစုပေါင်း ၁၁၅/၅.၉၉ မိုင် ဆောင်ရွက်ပြီးစီးခဲ့ပါသည်။ ကျေးလက်တံတားလုပ်ငန်းများမှာ တံတား ၁၇ စင်း၊ ရေကျော် ၅ စင်းနှင့် ရေပြွန် ၂၁ စင်း ဖြစ်ပြီး စုစုပေါင်း တံတား ၄၃ စင်း ဆောင်ရွက်ပြီးစီးပြီး ဖြစ်ပါသည်။

**သောက်သုံးရေရရှိရေး။** ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်ဒေသ ကျေးလက် ရေပေးရေးလုပ်ငန်းတွင် တွင်းတိမ် ၉ တွင်း၊ တွင်းနက် ၁၃၈ တွင်း၊ ရေကန် ၁၅ကန်၊ လက်တူးတွင်း ၄၃ တွင်း၊ စိမ့်စမ်း ၆၃ တွင်း၊ အခြားတွင်း ၃၊ စုစုပေါင်း ၂၇၁ ခု ဆောင်ရွက်ခဲ့ပါသည်။

**ကျေးလက်မီးလင်းရေး။** ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ **ဓာတ်အားစနစ်ဖြင့် ကျေးရွာပေါင်း ၂၁ရွာ၊** ဆိုလာစနစ်ဖြင့် ၁,၅၀၃ ရွာ၊ စုစုပေါင်း ၁,၅၂၄ ရွာ မီးလင်းပြီးဖြစ်ပါသည်။

**သဘာဝဘေးအန္တရာယ်ကြောင့်ပျက်ဆီးဆုံးရှုံးမှုများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ**

စစ်ကိုင်းတိုင်းဒေသကြီးတွင် ၁၆-၇.၂၀၁၅ရက်နေ့မှ စတင်၍ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြို့နယ်ပေါင်း၃၇မြို့နယ်အနက် ၂၈ မြို့နယ်တွင် ရေကြီးရေဝင်မှုများ ဖြစ်ပေါ်ခဲ့ပါသည်။ ၁-၉-၂၀၁၅ ရက်နေ့တွင် ခန္တီးမြို့နယ်နှင့် ဟုမ္မလင်းမြို့နယ်များတွင်လည်း ရေဝင်ရောက်ခဲ့မှုရှိခဲ့ပါသည်။ ၎င်းမြို့နယ်များအနက် ကောလင်း၊ မင်းကင်း၊ ကနီ၊ တမူး၊ အင်းတော်၊ ကလေး စသည့် မြို့နယ်များမှာ ပျက်စီးဆုံးရှုံးမှုများစွာ ဖြစ်ပေါ်ခဲ့ပါသည်။

သီးနှံပျက်စီးမှုတွင် ၂၂၃,၈၅၅ ဧက ရေမြှုပ်ခဲ့ပြီး ၁၄၁,၇၉၀ ဧကပျက်စီးခဲပါသည်။ နွေစပါး ၆,၆၀၈ ဧကရေမြှုပ်ခဲ့ပြီး ၁,၄၀၇ ဧကပျက်စီးခဲ့ပါသည်။ တိရစ္ဆာန်ပျက်စီးဆုံးရှုံးမှု တွင် နွား ၃၃၄ ကောင်၊ကျွဲ ၂၅ ကောင်၊ဝက်အကောင် ၈၇၀ ၊ ကြက် ၉၅,၃၇၁ ကောင်၊ ဆိတ် ၂၆ ကောင် ပျက်စီးဆုံးရှုံးခဲ့ပါသည်။ သစ်တောကဏ္ဍတွင် ဧက ၂၀ ပျက်စီးခဲ့ပါသည်။ ကလေးမြို့နယ်သို့ ကြက်များ ပြန်လည်ဖြည့်ဆည်းပေးနိုင်ရေးအတွက် အသားစားကြက် ၁၄,၄၀၀ ကောင် ဖြန့်ဖြူးသွားမည်ဖြစ်ပါသည်။ ဥစားကြက်များကို အောက်တိုဘာ ၂၀ ရက်နေ့တွင် ရက်သတ္တပတ်လျှင် ကောင်ရေ ၆,၀၀၀ နှုန်းဖြင့် ကောင်ရေ ၃၉,၉၂၀ ကို ဖြန့်ဖြူးသွားမည် ဖြစ်ပါသည်။ အောက်တိုဘာလတွင် ကလေးမြို့နယ်အတွင်းရှိ တစ်အိမ်ထောင်လျှင် ဘဲ ၅ကောင်နှုန်းဖြင့် အိမ်ခြေ ၄၀၀အတွက် ဘဲအကောင် ၂၀၀၀ ကို ဖြန့်ဝေသွားမည်ဖြစ်ပါသည်။ ကျွဲ၊ နွား၊ ဆိတ်များကို မွေးဘက်စနစ်ဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

ဆည်/တာတမံပျက်စီးမှုတွင် ၃၇ ခုမှာ လုံးဝပျက်စီးပြီး ၁၇၃ ခုမှာ တစ်ချို့ပျက်စီး၍ စုစုပေါင်း ၂၁၀ ပျက်စီးခဲ့ပါသည်။ တံတားပျက်စီးမှုတွင် ၁၆၀ ခုမှာ လုံးဝပျက်စီးပြီး ၂၄၄ ခုမှာ တစ်ချို့ပျက်စီး၍ စုစုပေါင်း ၄၀၄ ခု ပျက်စီးခဲ့ပါသည်။လမ်းပျက်စီးမှုတွင် ၃၂,၂၆၄ ပေမှာ လုံးဝပျက်စီးပြီး ၁,၂၁၄,၅၈၈ ပေမှာ တစ်ချို့ပျက်စီး၍ စုစုပေါင်း ၁,၂၄၆,၈၅၂ ပေ ပျက်စီးခဲ့ပါသည်။

ရေဘေးသင့်ဒေသများ၏ ကျန်းမာရေးဌာနနှင့် ဆေးဝါးပစ္စည်းများ ပျက်စီးဆုံးရှုံးမှု ခန့်မှန်းတန်ဖိုးမှာ ၁၇.၉.၂၀၁၅ ရက်နေ့အထိ ကျပ် ၄၃၉.၃၉ သိန်း ဖြစ်ပါသည်။ ဆေးရုံ/ဆေးရုံသုံးပစ္စည်းများပျက်စီးမှုမှာ ကလေးမြို့ပြည်သူ့ဆေးရုံတွင် ကျပ် ၃,၀၇၆.၄၇၇၄၆ သိန်း ဖြစ်၍ အင်းတော်မြို့နယ် မော်လူးတိုက်နယ်ဆေးရုံတွင် ကျပ် ၁၂၃.၀ သိန်း ဖြစ်ပါသည်။ ထို ပျက်စီးဆုံးရှုံးမှုများကို ပြန်လည်ဖြည့်ဆည်းပေးနိုင်ရန် ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ တင်ပြတောင်းခံထားပြီး ဖြစ်ပါသည်။ ရေဘေးသင့် မြို့နယ်များ၏ ပျက်စီးဆုံးရှုံးမှု ဘဏ္ဍာငွေများကို ပထမဦးစားပေးအနေဖြင့် ဆေးဝါးများဝယ်ယူဖြည့်တင်းခြင်း နှင့် ဒုတိယဦးစားပေး အနေဖြင့် ဆောက်လုပ်ရေးကဏ္ဍများကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ပညာရေးကဏ္ဍတွင် ရေကြီးရေလျှံမှုကြောင့် ကလေးမြို့နယ်တွင် အထက(ခွဲ) ၁ ကျောင်း၊ အထက ၁ ကျောင်း၊ အလက(ခွဲ) ၆ ကျောင်း၊ အမက(ခွဲ) ၁ ကျောင်း၊ အမက ၁ ကျောင်း၊ မူလွန် ၁ကျောင်း၊ တမူးမြို့နယ်တွင် အလက(ခွဲ) ၂ ကျောင်း၊ မူလွန် ၁ ကျောင်း၊ အမက ၂ ကျောင်း၊ ကနီမြို့နယ်တွင် အလက(ခွဲ) ၁ ကျောင်း၊ စုစုပေါင်းကျောင်း ၁၇ ကျောင်း အသစ်ပြန်လည် တည်ဆောက်သွားမည် ဖြစ်ပါသည်။

ရေကြီးနစ်မြုပ် လယ်မြေဧကများကို အချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် စက်မှုလယ်ယာဦးစီးဌာနမှ ထွန်ယက်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးခဲ့ပါသည်။ ကောလင်းမြို့နယ် သို့ စက်မှုလယ်ယာဦးစီးဌာန၊ အမှတ် ၃ စက်မှုလယ်ယာစခန်း၊ ရွှေဘိုမြို့မှ Kubota ထွန်စက်အစီး ၂၀ ၊ အမှတ် ၆၁ စက်မှုလယ်ယာစခန်း၊ ဝက်လက်မြို့မှ Kubota ထွန်စက် ၅ စီး၊ အမှတ်၂၁ စက်မှုလယ်ယာစခန်း၊ ရေဦးမြို့မှ Kubota ထွန်စက် ၅ စီး၊ စုစုပေါင်း Kubota ထွန်စက်အစီး ၃၀၊ စက်ပြင်အင်အား ၁၀ ဦး၊ ဝန်ထမ်းအင်အား ၅၀ ဦးဖြင့် ၂၄.၇.၂၀၁၅ ရက်နေ့မှ စတင်စေလွှတ်၍ တောင်သူပိုင် လယ်ယာသုံးစက် ကိရိယာများ ပြင်ဆင်ပေးခြင်း၊ ထွန်ယက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပါသည်။

ကလေးမြို့နယ်အတွင်း ရေကြီးနစ်မြုပ်လယ်မြေများကို ထွန်ယက်ရေး လုပ်ငန်းများ ဆောင်ရွက် ပေးခဲ့ရာတွင် မန္တလေးတိုင်းဒေသကြီးမှ Kubota ထွန်စက် ၃၅ စီး၊နေပြည်တော်မှ Kubota ထွန်စက် အစီး ၂၀ ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ Kubota ထွန်စက် ၂၅ စီး၊ စုစုပေါင်း Kubota ထွန်စက် အစီး ၈၀၊ စက်ပြင်ဝန်ထမ်းအင်အား ၅၀ ဦးအား စေလွှတ်ဆောင်ရွက်လျက်ရှိပါသည်။

ဇူလိုင်လနှင့် ဩဂုတ်လအတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ရွှေဘိုခရိုင်၊ ကသာခရိုင်၊ ကလေးခရိုင်ဒေသများတွင် ရေကြီးမှုဖြစ်ပွား၍မြို့ပေါ်နှင့်ကျေးရွာများတွင် ၁၁ကေဗွီ ဓာတ်အားလိုင်း ၂၉၇ခန်း၊ ၄၀၀ဗို့ ဓာတ်အားလိုင်း ၄ ခန်း၊ အိမ်သုံး မီတာ ၂,၃၆၀ လုံး၊ ပါဝါမီတာ ၁လုံး၊ စင်တီမီတာ ၈ လုံး၊ ဒီဇယ်ဓာတ်အားပေးစက် ၄လုံး၊ ထရန်စဖော်မာ ၇လုံး၊ မော်တော်ယာဉ် ၂ စီး၊ ကွန်ပျူတာ ၁ စုံ ပျက်စီးဆုံးရှုံးခဲ့ပါသည်။

မုံရွာခရိုင်၊ ရွှေဘိုခရိုင်နှင့် ကသာခရိုင်အတွင်းရှိ ပျက်စီးသွားသော အိမ်သုံးမီတာ၊ ပါဝါမီတာနှင့် စင်တီမီတာများအား အစားထိုး ပြန်လည်တပ်ဆင်ပေးပြီးဖြစ်ပြီး၊ ကလေးခရိုင်အတွင်း အိမ်သုံးမီတာ အလုံး ၂,၂၀၀ မှ အလုံး ၈၆၀ တပ်ဆင်ပေးပြီး ကျန်မီတာများ ဆက်လက်တပ်ဆင်ပေးလျှက်ရှိပါသည်။ ကသာခရိုင်၊ မော်လူးမြို့နယ်ရှိ ၁၁ ကေဗွီ ဓာတ်အား လိုင်း ၁၃ ခန်းအား သစ်သားတိုင်ဖြင့် ယာယီအစားထိုး တည်ဆောက်၍ ၂၇.၇.၂၀၁၅ ရက် နေ့တွင် ဓာတ်အားပြန်လည်ပေးခဲ့ပါသည်။ ကန့်ဘလူမြို့နယ်၊ ဘိုတဲကုန်းကျေးရွာသို့ ဓာတ်အားပေးသော

ချောင်းကျော် ၄၀၀ ဗို့ ဓာတ်အားလိုင်း ၄ ခန်းကို ကွန်ကရစ်တိုင်ဖြင့် ပြန်လည် တည်ဆောက်၍ ၂၄.၈.၂၀၁၅ ရက်နေ့တွင် ပြန်လည် ဓာတ်အားပေးခဲ့ပါသည်။ ကလေးမြို့ အနေဖြင့် ပျက်စီးသွားသော ဒီဇယ်ဓာတ်အားပေးစက် ၄ လုံးအနက်မှ ၃ လုံးမှ ပြန်လည် ဓာတ်အားပေးနေပြီး ၅၀၀ ကေဗွီအေ ဒီဇယ် ဓာတ်အားပေးစက် ၁ လုံးကို ဆက်လက် ပြုပြင်ဆဲဖြစ်ပါသည်။ ပျက်စီးသွားသော ထရန်စဖော်မာ ၆လုံးအနက်မှ ၅ လုံးမှာ ဓာတ်အားပြန်လည်ပေးထားပြီး ၅၀၀ ကေဗွီအေ ထရန်စဖော်မာ ၁ လုံးကို ဆက်လက်ပြုပြင်ဆဲဖြစ်ပါသည်။ ထပ်မံ၍ ဒီဇယ်ဓာတ်အားပေး စက်အသေး ၈ လုံးနှင့် ထရန်စဖော်မာ ၄ လုံးတို့ကို ကလေးမြို့သို့ ဓာတ်အားပေးပို့ထားပြီး ရေနစ်ဧရိယာရှိ အချို့နေရာများ ဓာတ်အားရရှိရေး ဆက်လက် ဆောင်ရွက်လျက် ရှိပါသည်။

ကျေးလက်အိမ်ရာ ပျက်စီးဆုံးရှုံးမှုမှာ မြို့နယ်၂၁မြို့နယ်တွင် အိမ်ရာ ၁,၄၁၅ လုံး ပျက်စီးခဲ့ပြီး၊ ပြုပြင်ပြီး၂၁ လုံး၊ ပြုပြင်ဆဲ ၁၉ လုံး၊ ပြုပြင်ရန်ကျန် ၁,၃၇၅ လုံး ဖြစ်ပါသည်။ ကျေးလက်အိမ်ရာ လုပ်ငန်းများတွင် ပျက်စီးသော အိမ်ရာ ၁,၄၁၅လုံးအတွက်ရန်ပုံငွေကျပ်၂,၈၃၀ သန်းအား တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ တင်ပြပြီး ဖြစ်ပါသည်။

ကျေးလက်မီးလင်းရေး (ဆိုလာ) ပျက်စီးဆုံးရှုံးမှုမှာ ကလေးမြို့နယ်တွင် ဆိုလာ ၈၄ စုံ ပျက်စီးခဲ့ပါသည်။

လမ်းပန်းဆက်သွယ်ရေး မပြတ်တောက်စေရန် မဖြစ်မနေ ပြုပြင်ရမည့် လုပ်ငန်းများကို လုပ်ငန်း ကြိုတင် ဆောင်ရွက်ဖြစ်ပါသည်။ လတ်တလော သွားလာရေး အဆင်ပြေစေရန် ယာယီလမ်း/တံတားများ ပြုပြင် ဆောင်ရွက်လျက်ရှိပါသည်။

ကျေးလက်ရေပေးရေးလုပ်ငန်းတွင် ပြုပြင်ဆောင်ရွက်ရမည့် ရေပေးရေးလုပ်ငန်း တွင်းနက် ၁၆၊ တုံကင် ၈ ၊ စိမ့်စမ်း၁၊ မိုးရေကန် ၁၀၊ အခြား၁,၂၇၅ ပေါင်း ၁,၃၁၀ ခုအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေ ၁၈၅.၅၅ သန်း ခွဲဝေရရှိပြီး ဖြစ်၍ ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်လျှက်ရှိရာ မိုးရေကန် ၁၊ အခြား ၉၉၈၊ ပေါင်း ၉၉၉ ဆောင်ရွက်ပြီး ဖြစ်ပါသည်။ ကျေးလက်ရေပေးရေး ပြုပြင်ဆောင်ရွက်ခြင်း လုပ်ငန်းများအား ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

ရေဘေးသင့်ပြည်သူလူထုအတွင်း မူလလူမှုစီးပွားအခြေအနေကို ကာလတို (ခန့်မှန်း၆လ) အတွင်း မူလအခြေအနေ ၁၀၀ ရာခိုင်နှုန်း သို့မဟုတ် ၇၅ ရာခိုင်နှုန်း ရရှိစေပြီး လူကုန်ကူးမှုဖြစ်စဉ်များ၊ နေရပ်စွန့်ခွာ ရွှေ့ပြောင်း လုပ်သားများ မဖြစ်စေရေး လူမှုစီးပွားဘဝ ရပ်တည်နိုင်စေရန် အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ဆောက်လုပ်မှုကဏ္ဍတွင် ပွင့်လင်းရာသီ ရောက်ရှိပြီဖြစ်ပါသဖြင့် အာဆီယံ အဝေးပြေးလမ်း အရှည် ၄၄၈ ကီလိုမီတာကို Class 3 အဆင့်မြှင့်တင်မှု တည်ဆောက်ခြင်း၊ ခရိုင်ချင်း

ဆက်လမ်းများ၊ တံတားများ တည်ဆောက်ခြင်း၊ ရုံး၊ ကျောင်း၊ ဝန်ထမ်းအိမ်ရာများ၊ သာသနိက အဆောက်အဦများ၊ ဆည်မြောင်းပြုပြင်ထိန်းသိမ်းခြင်းများ၊ ရေရရှိရေးလုပ်ငန်းများနှင့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများဖြစ်သည့် လမ်းတံတားလုပ်ငန်းများ၊ စာသင်ကျောင်းများ၊ စာကြည့်တိုက်များ၊ ကျေးရွာရေရရှိ ရေးလုပ်ငန်းများကို တည်ဆောက် အကောင်အထည်ဖော်မည် ဖြစ်ပါသဖြင့် ရည်မှန်းချက်ကို ပြည့်မီကျော်လွန် နိုင်မည် ဖြစ်ပါသည်။

ထို့အပြင်ပို့ဆောင်ရေးကဏ္ဍတွင် မော်တော်ယာဉ်များ အစားထိုးလဲလှယ်မှုများ နှင့် မော်တော်ယာဉ် လိုင်းသစ်များ တိုးချဲ့ဆောင်ရွက်ခြင်း၊ ဘဏ်လုပ်ငန်းတွင် ပုဂ္ဂလိက ဘဏ်ခွဲ ၆ ခု တိုးချဲ့ဖွင့်လှစ် ဆောင်ရွက်လျက်ရှိပါသည်။

**နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ**

**လယ်ယာကဏ္ဍ။** အစီရင်ခံသည့်ကာလတွင် မြေအသုံးချမှုအခြေအနေမှာ အသားတင် စိုက်ပျိုးနိုင်သောမြေ ၃၇,၅၉၇ ဧက၊ မြေရိုင်း ၅,၄၀၄ ဧက၊ ကြိုးဝိုင်းမြေ ၁,၁၁၆,၁၆၀ ဧက၊ တောရိုင်းမြေ ၆၁၂,၂၉၈ ဧက၊ စိုက်ပျိုးခြင်းမပြုနိုင်သောမြေ ၁,၅၃၆,၁၉၃ ဧကရှိပါသည်။

မျိုးကောင်းမျိုးသန့် ပြောင်းလဲစိုက်ပျိုးနိုင်မှုအခြေအနေတွင် ရွှေရင်အေး၊ ရတနာအောင်၊ ရွှေဘို ၁ ၊ နေပြည်တော် ၂၊ ဆင်းဧကရီ ၃၊ ဘူးကျောက်နှင့် ဒေသမျိုးစပါးတို့ကို စိုက်ပျိုးနိုင် ခဲ့ပါသည်။ လေရှီးမြို့နယ်တွင် လယ်ယာမြေဧက ၉၀ တိုးချဲ့ဖော်ထုတ်မှုတွင် ၅၀ ရာခိုင်နှုန်း ဖော်ထုတ် ပြီးစီးခဲ့ပါသည်။

စိုက်ပျိုးရေရရှိရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ပြည်ထောင်စုဘတ်ဂျက်ဖြင့် ကျပ် ၁၃.၃ သန်းဖြင့် ရေသွယ်မြောင်း ၇ မိုင် ဆောင်ရွက်ခဲ့ပါသည်။

**သားငါးကဏ္ဍ။** နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် နွားနောက် ၇,၃၀၃ ကောင်၊ ဒေသနွား ၆,၆၂၅ ကောင်၊ ကျွဲ ၅,၉၁၅ကောင်၊ ဆိတ် ၄,၉၄၄ ကောင်၊ ဝက် ၃၈,၃၉၁ ကောင်၊ ကြက် ၁၅၇,၁၈၉ ကောင်၊ ဘဲ ၄,၃၃၉ ကောင် တို့ကိုမွေးမြူ ခဲ့ပါသည်။

မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှကျေးလက်နေပြည်သူ များအလုပ်အကိုင် အခွင့်အလမ်းဖန်တီးပေးရန်၊ မိသားစုဝင်ငွေ တိုးပွားလာစေရန်၊ တစ်နိုင် တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် စားနပ်ရိက္ခာ ဖူလုံစေရန် နှင့် အာဟာရပြည့်ဝစေရန်ရည်မှန်းပြီး မြစိမ်းရောင် ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် တွင် လဟယ်မြို့နယ်တွင် ၉ ရွာ၊ လေရှီးမြို့နယ်တွင် ၉ ရွာ၊ နန်းယွန်း မြို့နယ်တွင် ၈ ရွာ၊စုစုပေါင်း ၂၆ ရွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

**စက်မှုလက်မှုလုပ်ငန်းများ။** နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် တိုင်းရင်းသား လူမျိုးများဆင်းရဲမှုလျှော့ချရေးအတွက် နိုင်ငံတော်မှ အမျိုးသမီးအိမ်တွင်းမှုအသက်မွေးပညာ သင်တန်းကျောင်းများ ဖွင့်လှစ်ပေးခဲ့ပါသည်။ ရိုးရာဂျပ်ခုတ်လုပ်ငန်း၊ သိုးမွေးစက်ဆွဲလုပ်ငန်းနှင့် စက်ချုပ်သင်တန်းများ ဖွင့်လှစ်သင်ကြားပေးခဲ့သဖြင့် တိုင်းရင်းသားလူမျိုးများ အလုပ်အကိုင် အခွင့်အလမ်းများရရှိပြီး စက်မှုလက်မှုကဏ္ဍတိုးတက်ခဲ့ပါသည်။

**မြို့မီးလင်းရေး။** တိုင်းဒေသကြီးဘတ်ဂျက်ဖြင့် လေရှီးမြို့နယ်၊ မတူဂီချောင်း အသေးစား ရေအားလျှပ်စစ်လုပ်ငန်းတည်ဆောက်ခြင်းတွင် ၉၀ရာခိုင်နှုန်း၊ လဟယ်မြို့နယ် ဟွေထိုက်ချောင်း ရေအားလျှပ်စစ်လုပ်ငန်း တည်ဆောက်ခြင်းတွင် ၈၃.၅ ရာခိုင်နှုန်း၊ နန်းယွန်းမြို့နယ် တိုင်းခန်း

ချောင်း အသေးစားရေအားလျှပ်စစ်လုပ်ငန်းတည်ဆောက်ခြင်းတွင် ၂၅ ရာခိုင်နှုန်း ဆောက်လုပ်ပြီးစီးပြီဖြစ်ပါသည်။

**ကျေးလက်မီးလင်းရေး။** ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆိုလာစနစ်ဖြင့် ဆိုလာ ၃၆၆ အစုံ မီးလင်းရေးဆောင်ရွက်ပြီးဖြစ်ပါသည်။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်မှုဦးစီးဌာနမှ ရေအားလျှပ်စစ်ဖြင့် ကျေးလက်မီးလင်းရေးအတွက် လဟယ်မြို့နယ်တွင် တွေးညှိကျေးရွာ၊ ဆပွမော်ကျေးရွာ ၊ လေရှီးမြို့နယ်တွင် ပန်ဆက်ကျေးရွာ၊ စုစုပေါင်း ၃ ရွာအား ဆောင်ရွက်လျက်ရှိရာ ၅ဝ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ပါသည်။

**ကျေးလက်လမ်း၊တံတား။** ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်လမ်းလုပ်ငန်းမှာကျောက်ချောလမ်း ၁/ဝ မိုင်နှင့် မြေသားလမ်း ၃၁/ဝ မိုင်၊စုစုပေါင်း ၃၂/ဝ မိုင် ဆောင်ရွက်ပြီးစီးပြီးဖြစ်ပါသည်။ ကျေးလက်တံတားလုပ်ငန်းမှာ တံတား ၁ဝ စင်းနှင့် ရေပြွန် ၂ဝ စင်းဖြစ်ပြီး စုစုပေါင်းတံတား ၃ဝ စင်း ဆောင်ရွက်ပြီးစီးပြီးဖြစ်ပါသည်။

ပြည်ထောင်စုဘတ်ဂျက်ဖြင့် ခန္တီး-ဆင်သေ-လဟယ် လမ်းပေါ်ရှိ ၇ဝ ပေနှင့် ၁၂ဝ ပေ သံကူကွန်ကရစ် တံတား ၂ စင်းတည်ဆောက်ခြင်းနှင့် ချဉ်းကပ်လမ်းတည်ဆောက်ခြင်းတို့ကို ၅ ရာခိုင်နှုန်းပြီးစီးခဲ့ပါသည်။

**သောက်သုံးရေရရှိရေး။** ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်ဒေသကျေးလက်ရေပေးရေးလုပ်ငန်းတွင် လက်တူးတွင်း ၁ တွင်း၊ စိမ့်စမ်း ၄ဝ တွင်း စုစုပေါင်း ၄၁ ခုဆောင်ရွက်ခဲ့ပါသည်။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ကျေးလက်သောက်သုံးရေရရှိရေးအတွက် လေရှီးမြို့နယ်ရှိ ကျေးရွာ ၆ ရွာ၊ နန်းယွန်း မြို့တွင် ၉ရွာနှင့် လဟယ်မြို့နယ်တွင် ၇ ရွာဆောင်ရွက်လျက်ရှိပါသည်။

**ပို့ဆောင်ရေးကဏ္ဍ။** မြို့နယ် ၃ မြို့နယ်တွင် သယ်ယူပို့ဆောင်ရန်အတွက် ကုန်တင်ကားကြီး ၃၇ စီး၊ကားလေး ၃ စီး၊ ဆိုင်ကယ် ၁၃၇ စီး၊ စက်လှေ ၄ စီးတို့ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

**ပညာရေး။** နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ၃ မြို့နယ်၌ မူလတန်းကျောင်း ၄၁ ကျောင်းနှင့် အထက်တန်းကျောင်း ၁ ကျောင်းတည်ဆောက်လျက်ရှိပါသည်။

**ကျန်းမာရေး။** နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း လဟယ်မြို့နယ်တွင် လုံခင်ကျေးလက်ကျန်းမာရေးဌာနတည်ဆောက်မှု ၄ဝ ရာခိုင်နှုန်း၊ လေရှီးမြို့နယ်တွင် ကူကီးကျေးလက်ကျန်းမာရေးဌာန တည်ဆောက်မှု ၃၅ ရာခိုင်နှုန်း၊ နန်းယွန်းမြို့နယ်တွင် ဟာဝါး အထက်ရွာ ကျန်းမာရေးဌာနတည်ဆောက်မှု ၇ဝ ရာခိုင်နှုန်းပြီးစီးခဲ့ပါသည်။

**သဘာဝဘေးအန္တရာယ်ကြောင့်ပျက်ဆီးဆုံးရှုံးမှုများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ**

စစ်ကိုင်းတိုင်းဒေသကြီးနာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ၂၀.၇.၂၀၁၅ ရက်နေ့မှ ၁၅.၈.၂၀၁၅ ရက်နေ့အထိ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လဟယ်နှင့် နန်းယွန်းမြို့နယ် အတွင်းရှိလမ်းပိုင်းအချို့တွင် တောင်ပြိုခြင်းများ၊ လမ်းသားပျက်ခြင်းများနှင့် တံတားပျက်ခြင်း များဖြစ်ပေါ်ခဲ့ပါသည်။ ဆိုင်ကယ်နှင့် မော်တော်ကားငယ်များသွားလာနိုင်ရန် လူအား၊ စက်အား ဖြင့် လမ်းကြောင်းပိတ်ဆို့ ပြတ်တောက်နေမှုများကို ဖယ်ရှားဆောင်ရွက်ပါသည်။

ဆောင်းသီးနှံတိုးချဲ့စိုက်ပျိုးရန် စီမံထားရှိခြင်း၊ ဒေသအတွင်းဝင်ငွေရသီးနှံ ဟင်းခတ် အမွှေးအကြိုင်အုပ်စုဖြစ်သည့်အာလာဂျီတိုးချဲ့စိုက်ပျိုးခြင်းနှင့် သီးနှံအထွက် စံကွက်ရိတ်သိမ်း ခြင်းတို့ကို စနစ်တကျဆောင်ရွက်ခြင်း၊ ဆက်သွယ်ရေးကဏ္ဍတွင် ဒေသတွင်း GSM တာဝါတိုင် များတိုးချဲ့တပ်ဆင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ မိုဘိုင်းဖုန်းသုံးစွဲမှုများတိုးတက်လာခြင်း၊ ဆောက်လုပ်မှုကဏ္ဍတွင် ပွင့်လင်းရာသီရောက်ရှိပြီဖြစ်ပါသဖြင့် လမ်းများ၊ တံတားများတည် ဆောက်ခြင်း၊ ရုံး၊ ကျောင်း၊ ဝန်ထမ်းအိမ်ရာများ၊ သာသနိကအဆောက်အဦများ၊ ဆည်မြောင်း ပြုပြင်ထိန်းသိမ်းခြင်းများ၊ ရေရရှိရေးလုပ်ငန်းများနှင့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း များဖြစ်သည့် လမ်းတံတားလုပ်ငန်းများ၊ စာသင်ကျောင်းများ၊ စာကြည့်တိုက်များ၊ ကျေးရွာ ရေရရှိရေးလုပ်ငန်းများကို တည်ဆောက်အကောင်အထည်ဖော်မည်ဖြစ်ပါသဖြင့် နှစ်ကုန်တွင် စီမံကိန်းရည်မှန်းချက်အပေါ် ပြည့်မီကျော်လွန်အောင် အကောင်အထည်ဖော်နိုင်မည်ဟု ခန့်မှန်း ထားပါသည်။


**တနင်္သာရီတိုင်းဒေသကြီး**

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်း ပထမ (၆) လပတ်တွင် တနင်္သာရီတိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်း**အရ ကျပ် **၁,၆၆၀,၄၉၀.၈** သန်း အကောင်အထည်ဖော်ရန် လျာထားပါသည်။

**ပုံ(၆-၆) တနင်္သာရီတိုင်းဒေသကြီး၏**

**၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ပထမ (၆) လပတ်တွင် တနင်္သာရီတိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်း**အရ ကျပ် **၁,၅၂၆,၀၁၈.၇** သန်း ဖြစ်ပေါ်ခဲ့၍ ပထမ (၆)လပတ်လျာထားချက်အပေါ် **၉၁.၉** ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း** အရ **၁၀.၇** ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

**လယ်ယာကဏ္ဍ**။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် စုစုပေါင်း စိုက်ပျိုးပြီးဧကမှာ ၁,၄၆၄,၇၀၉ ဧက ဖြစ်ပါသည်။ ဆီအုန်း ၃၈၈,၃၅၈ ဧကနှင့် ရာဘာ ၃၄၁,၅၄၂ ဧက စိုက်ပျိုးနိုင်ခဲ့ပါသည်။ ဆီအုန်းနှင့် ကြက်ပေါင်စေးများကို အပင်အိုများခုတ်လှဲ၍ အပင်ပျိုများ

အစားထိုး စိုက်ပျိုးထားခြင်း၊ အထွက်ကောင်း ဖူးဆက်ပင်မျိုးများနှင့် အထွက်ကောင်း ဆီအုန်းမျိုးများဖြင့် တိုးချဲ့စိုက်ပျိုးလာခြင်းတို့ကြောင့် အထွက်နှုန်းတိုးတက်၍ လယ်ယာကဏ္ဍ၏ ထုတ်လုပ်မှု တိုးတက်ခဲ့ပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် စနစ်ကျ လယ်ယာဖော်ထုတ်ခြင်း ဧက ၁၀၀၊ ထွန်ယက်ရေးလုပ်ငန်းဧကလျှော ၂,၅၀၀ ရည်မှန်းထားရာတွင် စက်တင်ဘာလကုန်အထိ ၁၈၀ ဧကလျှော အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီး စက်မှုလယ်ယာ ဖွံ့ဖြိုးတိုးတက်လာရန် လယ်ယာသုံး စက်ကိရိယာ၊ လက်ကိုင်ရှည် ထွန်စက် စီးရေ ၃၅ စီး ဖြန့်ဖြူးရောင်းချခြင်းနှင့် တောင်သူများအား ထွန်စက်မောင်း လေ့ကျင့်ပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

**သားငါးကဏ္ဍ**။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ငါးဖမ်းလှေစီးရေ တိုးလာသည့်အတွက် ငါးဖမ်းဆီးနိုင်မှု ပိုမိုများပြားလာခြင်း၊ မုတ်ကောင်ကလေးများ အသေအပျောက် နည်းပါးခြင်း၊ ပုလဲအရွယ်အစား ကြီးမားခြင်းနှင့် ပြန်လည်ဝတ်ဆံသွင်းမုတ်ကောင် များပြားခြင်း၊ ပုလဲဖော်သောအခါ အရည်အသွေးကောင်းသောမုတ်ကောင်အား ပြန်လည်ဝတ်ဆံသွင်းပြီး၊ အရည်အသွေးမကောင်းသော မုတ်ကောင်များအား ခွဲသတ်ပြုလုပ်၍ မုတ်ခွံ ပိုမို ထုတ်လုပ်နိုင်ခြင်းတို့ကြောင့် ထုတ်လုပ်မှု တိုးတက်ခဲ့ပါသည်။

**သစ်တောကဏ္ဍ**။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် နိုင်ငံပိုင်သစ်မာ ထုတ်လုပ်မှု လျော့နည်းခြင်း၊ ပုဂ္ဂလိကပိုင်အခန်းမှ သစ်မာ၊ ကျွန်းနှင့်သစ်မာမျှော၊ ထင်း၊ မီးသွေး၊ ဖာလာစေ့နှင့်သစ်ခေါက်ထုတ်လုပ်မှုလျော့နည်းခြင်းကြောင့်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်း ပတ္တမြားရောင်ခြည်ကုမ္ပဏီမှ ငှက်သိုက်ဆွတ်ခူးရရှိမှု လျော့နည်းခြင်းကြောင့်လည်းကောင်း၊ အလားတူ ကာလနှင့် နှိုင်းယှဉ်ပါက သစ်တောကဏ္ဍ လျော့နည်းရခြင်းဖြစ်ပါသည်။

**စွမ်းအင်ကဏ္ဍ**။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ရေဖြူမြို့၌ ရဲတံခွန် ရေနံမြေ သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုကို ဆောင်ရွက်လျက်ရှိရာ ဓာတ်ငွေ့သိုက်မှ ထွက်ရှိမှု အနည်းငယ် လျော့ကျမှုကြောင့် သဘာဝဓာတ်ငွေ့ထွက်ရှိမှု လျော့နည်းရခြင်းဖြစ်ပြီး ရေနံစိမ်း ထွက်ရှိမှုမှာလည်း သဘာဝဓာတ်ငွေ့ထွက်ရှိအပေါ် တည်မှီနေပါသဖြင့် လျော့နည်းရခြင်းဖြစ်ပါသည်။

**သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ**။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ပုဂ္ဂလိကပိုင်မှ ကျောက်စရစ်၊ သဲ၊ လမ်းခင်း ကျောက်များ ပိုမိုထုတ်လုပ်နိုင်ခဲ့ပါသည်။ ခဲမဖြူထုတ်လုပ်မှုမှာ ဟိန္ဒားသတ္တုတွင်းမှ ဖောင်းတော မီးစက်ဓါတ်အား လျော့နည်းခြင်း၊ လက်ရှိတူးဖော်နေသော မြေစာ၌ သတ္တုသားပါဝင်မှု နည်းပါးလာခြင်း၊ မိုးရွာသွန်းမှုကြောင့် ကလုံးထာချောင်းရေလျှံပြီး ချောင်းအတွင်း သတ္တုပါမြေစာများ တူးဖော်နိုင်မှုမရှိသဖြင့် လုပ်ငန်းရပ်နားထားရခြင်း၊ အချို့အသေးစား

လုပ်ကွက်များမှာ သက်တမ်းကုန်ဆုံး၍ ပြန်လည်အပ်နှံခဲ့ကြခြင်း၊ ရွှေကျွန်း (၉) လုပ်ကွက်အား ပြန်လည်အပ်နှံခြင်းကြောင့် ရွှေထုတ်လုပ်မှုလျော့နည်းခြင်း၊ မဂ္ဂနီးဒိုင်အောက်ဆိုဒ်၊ ကျောက်မီးသွေးနှင့် ပင်လယ်သဲမှာလည်း အစီရင်ခံသည့်လအထိ ထုတ်လုပ်မှု မရှိခဲ့ခြင်းကြောင့် ယခင်နှစ် အလားတူကာလ ထုတ်လုပ်မှုထက် လျော့နည်းရခြင်း ဖြစ်ပါသည်။

**လျှပ်စစ်ဓာတ်အားကဏ္ဍ။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ပုဂ္ဂလိကကဏ္ဍ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုများ ယခင်နှစ်ထက် တိုးတက်လာပြီး ပုဂ္ဂလိကပိုင် သင်္ဘောပြင်ဆင်ခြင်းလုပ်ငန်းများ၊ ဆီအုန်းကြိတ်စက်ရုံလုပ်ငန်းများ၊ ရေခဲစက်၊ အမှုန့်ကြိတ် လုပ်ငန်းများ၊ ငါးအအေးခန်းစက်ရုံလုပ်ငန်းများမှ လျှပ်စစ်ဓာတ်အားများ ပိုမိုသုံးစွဲခဲ့ပါသည်။ တိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းနှင့် မြို့မီးလင်းရေး ကော်မတီ တို့မှ မီးစက်လုံးရေ စုစုပေါင်း ၁၀၈ လုံးဖြင့် လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေးလျက်ရှိရာ ဓာတ်အားလိုအပ်ချက်အပေါ် ၂၅.၅ ရာခိုင်နှုန်း သာ ရရှိနေပြီး ဓာတ်အားဖူလုံမှုမှာ ၄၁.၁၇ ရာခိုင်နှုန်း သာ ရှိပါ သည်။

**စက်မှုလက်မှုကဏ္ဍ။** စက်မှုဇုန်နှင့် ဇုန်ပြင်ပရှိ ငါးအအေးခန်းစက်ရုံများ၊ သစ်ပရိဘောဂလုပ်ငန်း ထုတ်လုပ်မှုများ တိုးတက်ခဲ့ပါသည်။ ထို့အပြင် မုန့်မျိုးစုံလုပ်ငန်းများ၊ မုန့်ဟင်းခါးဖတ်၊ ယိုစုံ၊ မျှင်ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက် စသည့်တစ်နိုင်တစ်ပိုင် လုပ်ငန်းငယ်များ၊ ရေသန့်၊ ပုံနှိပ်စာအုပ်ချုပ်လုပ်ငန်းများ၊ကွန်ကရစ်အုတ်လုပ်ငန်း၊ သင်္ဘောပြင်ဆင်ခြင်းလုပ်ငန်းများနှင့်ဒေသန္တရစက်မှုလုပ်ငန်းများ၏ ထုတ်လုပ်မှုနှင့် ဝင်ငွေများ ယခင်နှစ်ထက် ပိုမိုတိုးတက်ခဲ့ပါသည်။

**ဆောက်လုပ်မှုကဏ္ဍ။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၊ ကျေးလက်ဦးစီးဌာနတို့မှ လမ်း/ တံတား/ အဆောက်အဦးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ လမ်းအထူးအဖွဲ့ (၂၃) မှ ထားဝယ်-ရေးလမ်း၊ ထားဝယ်-မြိတ်လမ်း၊ မြိတ်-တနင်္သာရီလမ်း၊ မြိတ်-တနင်္သာရီ-ဘုတ်ပြင်း-ကော့သောင်းလမ်း၊ တံတားအထူး အဖွဲ့ (၁၄) မှ ကလိန်အောင်တံတားနှင့် တံတားဖြူတံတားတို့ကို ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်ခြင်း၊ လမ်းအထူးအဖွဲ့ (၂၃) မှ ထားဝယ်-မြိတ်လမ်း၊ ရေဖြူ-ကမြောကင်းလမ်း၊ လောင်းလုံ-ကျောက်နီမော်လမ်း၊ မြိတ်-တနင်္သာရီလမ်း၊ မြိတ်မြို့ရှောင်ကွင်းလမ်း၊ ကတန်ကျွန်း ပတ်လမ်း၊ တနင်္သာရီ- ညောင်ပင်ကွင်း-သဘော့လိပ်-သဲဖြူ-မောတောင်လမ်း၊ ပါဒစက်တော်ရာဘုရားလမ်း၊ သာရမဲ-ရှောင်ထဲ-ကျောင်းတောင်-စံလှတောင်လမ်း၊ မြိတ်-တနင်္သာရီ-ဘုတ်ပြင်း-ကော့သောင်းလမ်း၊ တံတားအထူးအဖွဲ့ (၁၃) မှ ထားဝယ်-မြိတ်လမ်းပေါ်ရှိ တံတားများ၊ မြိတ်-တနင်္သာရီ-ဘုတ်ပြင်း-ကော့သောင်းလမ်းပေါ်ရှိ တံတားများကို တိုင်းဒေသကြီးအစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့ခြင်း၊ မြိတ်/ထားဝယ်/ကော့သောင်းခရိုင်အတွင်းရှိ စည်ပင်သာယာရေးဦးစီးဌာနနှင့် ကိုယ်ထူကိုယ်ထ လမ်း/တံတား/နေအိမ် အဆောက်အဦးများ တည်ဆောက်ခြင်း၊ မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊

ကလွင်ကျေးရွာတွင် မြိတ်အနာဂါတ် ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီမှဆောင်ရွက်သည့် စီးပွားရေးဇုန်၊ မြိတ်မြို့နယ်၊ မြိတ်တောင်ကျေးရွာရှိ အဝေးပြေးကားကွင်းတည်ဆောက်ခြင်းတို့ အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

**ပို့ဆောင်ရေးကဏ္ဍ။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ရန်ကုန်-မော်လမြိုင်-မြိတ် ပြည်ထောင်စုလမ်းမကြီးအား အဆင့်မြင့်တင်ဆောင်ရွက်လာသည်နှင့်အမျှ အဆင့်မြင့် မော်တော်ယာဉ်များ တိုးချဲ့ပြေးဆွဲလာခြင်း၊ ထားဝယ်-ထီးခီးလမ်း၊ မြိတ်-မောတောင်လမ်းစသော နယ်စပ်ယာဉ်လိုင်းများ တိုးချဲ့ပြေးဆွဲခြင်း၊ ဆိုင်ကယ်တက္ကဆီများ ပိုမိုပြေးဆွဲလာခြင်းတို့ကြောင့် တိုးတက်ရခြင်းဖြစ်ပါသည်။ ရေလမ်းအနေဖြင့် မြစ်ချောင်းအရေအတွက် ၁၈ ခုရှိပြီး မိုင်အားဖြင့် (၉၈၇/၅) မိုင် ရှည်လျားပါသည်။ မြန်မာ့ ကြယ်ငါးပွင့်လုပ်ငန်းမှ ရန်ကုန်မှ ထားဝယ်၊ မြိတ်၊ ကော့သောင်း ဆိပ်ကမ်းများသို့ ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ လေကြောင်းလမ်းအနေဖြင့် မြန်မာ့လေကြောင်း (၁) လိုင်း၊ ပုဂ္ဂလိက လေကြောင်း (၉) လိုင်းဖြင့် ရန်ကုန်-ထားဝယ်-မြိတ်-ကော့သောင်းမြို့များသို့ သယ်ယူပို့ဆောင်ပေးလျက်ရှိပါသည်။

**ကျေးလက်မီးလင်းရေး။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ကျေးလက်မီးလင်းရေး လုပ်ငန်းများတွင် မီးလင်းပြီးမြို့ ၁၈ မြို့၊ မီးလင်းပြီးကျေးရွာ ၇၆၄ ရွာရှိပြီး ပုဂ္ဂလိကပိုင်ကဏ္ဍက နေရောင်ခြည်စွမ်းအင်ဖြင့် ၅ ရွာ၊ အသေးစားရေအားလျှပ်စစ်ဖြင့် ၄ ရွာ၊ ဒီဇယ်ရေအားလျှပ်စစ်ဖြင့် ၅ ရွာ၊ ဒီဇယ်ဖြင့် ၆၈၃ ရွာနှင့် နိုင်ငံပိုင်ဓာတ်အားလိုင်းမှ ၆၇ ရွာ မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။

**စိုက်ပျိုးရေရရှိရေး။** ရေချိုလှောင်နိုင်သော ဆည်၊ တမံများတည်ဆောက်၍ အောင်ရေလုံလောက်စွာရရှိပြီး နွေစပါးရာသီချိန်တွင် တိုးချဲ့စိုက်ပျိုးသွားရန်၊ တိုင်းဒေသကြီးအတွင်း နွေစပါး နှင့် အခြားသီးနှံများ ရေပေးဝေရန်အတွက် ရေထိန်းတံခါးပြင်ဆင်ခြင်း၊ ချောင်းပိတ်မြောင်းပိတ်လုပ်ငန်းနှင့် ဌာနထိန်းရေငန်တားတမံများအား ပုံစံကျပြုပြင်ခြင်းလုပ်ငန်း၊ လယ်ယာမြေ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ရန်အတွက် ချောင်းကော မြောင်းကော တူးဖော်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မြစ်ချောင်းများမှ ရေကို စိုက်ပျိုးရေပေးဝေရန်အတွက် ရေစုပ်စက်ဖြင့် စုပ်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်ပါသည်။

**အလုပ်အကိုင်အခွင့်အလမ်းရရှိရေး။** လူမှုစီးပွားဘဝဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ စဉ်ဆက်မပြတ်ဖွံ့ဖြိုး တိုးတက်မှု ရှိစေရန် ရှိပြီးသောစက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရန်ဆောင်ရွက်ခြင်း၊ နယ်စပ်စက်မှုဇုန်များ ထူထောင်ပေးခြင်း၊ အထူးစီးပွားရေးဇုန်များ ထူထောင်ပေးခြင်းဖြင့် အလုပ်အကိုင် အခွင့်အလမ်းသစ်များ ပိုမိုရရှိလာကြမည် ဖြစ်ပါသည်။

ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းများ ဆက်လက်ဆောင်ရွက်ရာတွင် ဒေသခံပြည်သူလူထုကို အမြန်ဆုံး အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးအတွက် လုပ်အားစူးစိုက်သုံး စက်မှုလုပ်ငန်းများကို အလတ်စား၊ လူ့စွမ်းအားအရင်းအမြစ်အခြေခံစက်မှုလုပ်ငန်းများကို အငယ်စားနှင့် ရှေ့ပြေး စက်မှုဇုန် Early Industrial Estate များကို စက်ရုံပေါင်း ၁၀၀ ခန့်ဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် ဟိုတယ်ဇုန်များ တည်ဆောက်ခြင်း၊ ထီးခီး၊ မောတောင်နှင့် မောင်းမကန်ဒေသများတွင် စက်မှုဇုန်များ ဖွင့်လှစ်ရန် ရည်မှန်းထားခြင်းတို့ကြောင့် ဒေသနေပြည်သူများအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာနိုင်မည် ဖြစ်ပါသည်။

**ခရီးသွားလုပ်ငန်း။** တနင်္သာရီတိုင်းဒေသကြီးသည် ကျွန်းပေါင်း ၈၄၀ ကျွန်းရှိနှင့် ရေတံခွန်ငယ်များ၊ ရေပူစမ်းများ အမြောက်အများရှိပြီး ပင်လယ်သဲသောင်ကမ်းခြေတို့ဖြင့် လှပဝေဆာသည့် မြေမျက်နှာသွင်ပြင်ကို ပိုင်ဆိုင်ထားပါသည်။ တိုင်းဒေသကြီးအတွင်း သမိုင်းဝင်ရှင်ကိုးရှင်ဘုရားများ၊ မောင်းမကန်ကမ်းခြေ၊ လောင်းလုံးမြို့နယ်ရှိ ရေပူတွင်းနှင့် ကော့သောင်းမြို့နယ်ရှိ သူဌေးကျွန်းအပန်းဖြေစခန်းတို့ ထူးခြားစွာ တည်ရှိပါသည်။ ထားဝယ် အထူးစီးပွားရေးဇုန်၊ ကော့သောင်းမြို့နယ်နှင့် မြိတ်ကျွန်းစုများတွင် ကျွန်းအပန်းဖြေစခန်းများ တည်ဆောက်ခြင်း၊ ထီးခီးနှင့် ကန်ချနာ ပူရီ၊ မောတောင်နှင့်ပရကျော့၊ ကော့သောင်းနှင့် ရနောင်းတို့အား ညီအစ်မမြို့များအဖြစ် ထိုင်းနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နေခြင်းတို့ကြောင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လျက် ရှိပါ သည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် နိုင်ငံတော်၏ မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အားမရရှိသည့်အတွက် လျှပ်စစ်ဓာတ်အားကို အခြေခံ သောစက်မှုလုပ်ငန်းများမှာ စွမ်းအားပြည့်မလည်ပတ်နိုင်၍ စက်မှုကဏ္ဍဖွံ့ဖြိုး တိုးတက် မှုကို အဟန့်အတား ဖြစ်စေပါသည်။ ထို့ကြောင့် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးနိုင်မှု နည်းပါး၍ လုပ်သားအရင်းအနှီးများသည် ပြည်ပနှင့် အခြားဒေသများသို့ ရွှေ့ပြောင်းသွားကြပြီး ဒေသအတွင်း လုပ်သားရှားပါးမှု ပြဿနာနှင့် ကြုံတွေ့နေရသည့်အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေသည့် စိန်ခေါ်မှုတစ်ရပ်အဖြစ် တွေ့ရှိရပါ သည်။


**ပဲခူးတိုင်းဒေသကြီး**

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ပထမ(၆)လပတ်တွင် ပဲခူးတိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်း** အရ ကျပ် **၁,၅၄၃,၅၂၃.၇** သန်း အကောင်အထည်ဖော်ရန် လျာထားပါသည်။

**ပုံ (၆-၇) ပဲခူးတိုင်းဒေသကြီး၏**

**၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ပထမ(၆)လပတ်တွင် ပဲခူးတိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်း** အရ ကျပ် **၁,၅၃၃,၀၈၆.၀** သန်း ဖြစ်ပေါ်ခဲ့၍ ပထမ (၆) လပတ်လျာထားချက် အပေါ် **၉၉.၃** ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း** အရ **၈.၂** ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

**လယ်ယာကဏ္ဍ။** ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင်ပဲခူးတိုင်းဒေသကြီး အတွင်းရှိ ကျေးရွာအုပ်စု ၇၃၉ အုပ်စု၌ မိုးစပါးဧက ၁၄၈,၉၀၁ ဧက ရေကြီးနစ်မြုပ် ပျက်စီးခဲ့သည့်အတွက် ၆၂,၂၇၀ ဧက အစားထိုးစိုက်ပျိုးခြင်း၊ ပုလဲသွယ်စပ်မျိုး မိုးစပါးမျိုး ထုတ်လုပ်မှုကို စိုက်ပျိုးရေးဦးစီးဌာနမှ အုတ်တွင်းမြို့နယ် ပိတောက်ခင် ကျေးရွာတွင် ဧက ၂၀၀၊ ဇီးကုန်း

မြို့နယ် ပြည့်ဟိန်းသာ ကုမ္ပဏီမှ ဧက ၁၀၀ စုစုပေါင်း ဧက ၃၀၀ လျာထားပြီး အစီရင်ခံသည့် ကာလအထိ စိုက်ပျိုးပြီးစီးမှုမှာ ၆၉ ဧကရှိပါသည်။ သိပ္ပံနည်းကျ စိုက်နည်းစနစ် (GAP) ဖြင့် စိုက်ပျိုးရန် လျာထားချက်မှာ ၂,၀၀၃,၂၀၁ ဧက ဖြစ်ပြီး၊ စိုက်ပျိုးပြီးစီးမှုမှာ ၁,၉၁၅,၀၃၇ ဧက ဖြစ်ပါသည်။ တိုင်းဒေသကြီးအတွင်းရှိ ခြံ ၇ ခြံမှ မျိုးကောင်းမျိုးသန့် ၆၉၀ ဧကကို လျာထားချက်အတိုင်း စိုက်ပျိုးနိုင်ခဲ့ပြီး ၁,၇၂၇,၂၄၅ တင်း ဖြန့်ဖြူးနိုင်ခဲ့ပါသည်။ ထို့အပြင်ခြံများ၊ ကုမ္ပဏီ၊ သုတေသန၊ အကျိုးဆောင် တောင်သူများမှလည်း မျိုးသန့်မျိုးပွား မျိုးစေ့ ၄၁,၈၀၇ တင်း ဖြန့်ဖြူးပေး နိုင်ခဲ့ပါသည်။

မိုးနှမ်း၊ မိုးမြေပဲ စိုက်ပျိုးမှုတိုးတက်ခဲ့ပြီး ရိတ်သိမ်းမှုနှင့် အထွက်များတိုးလာခြင်း၊ ကြက်ပေါင်စေး စိုက်ဧကများ ယခင်နှစ်ထက်တိုးလာခြင်း၊ ဒေသနှင့်ကိုက်ညီသည့် 2000 Series, BPM-24, PB-260, PB-235တို့ကို ရွေးချယ်စိုက်ပျိုးခဲ့ခြင်းကြောင့် လယ်ယာကဏ္ဍ ထွက်ကုန်များ တိုးလာရခြင်းဖြစ်ပါသည်။

**သားငါးကဏ္ဍ**။ သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပုဂ္ဂလိကပိုင် အခန်းမှ တိရစ္ဆာန်နှင့်တိရစ္ဆာန်ထွက်ပစ္စည်း၊ အသားထုတ်လုပ်မှု၊ ငါးထုတ်လုပ်မှုများ တိုးတက်လာခြင်း၊ ငါးလုပ်ငန်း နှင့် ပတ်သက်၍ ငါးကန်ရေ တိုးချဲ့ မွေးမြူခြင်း၊ အင်းများတွင်ငါးမျိုးချန်ထားခြင်း၊ ငါးမျိုးစိုက်ထည့်ခြင်းနှင့်သမားရိုးကျစနစ်မှ အစာတောင့်ကျွေးစနစ်ဖြင့် မွေးမြူလာခြင်းတို့အပြင် နွားမျိုးကောင်းမျိုးသန့်များဖြင့် မျိုးမြှင့်သားစပ်ခြင်း၊ မေထုန်မဲ့ သားစပ်ခြင်း၊ ကူးစက်ရောဂါများ မဖြစ်ပွားစေရန် ပညာပေးခြင်း၊ ကာကွယ် ဆေးထိုးခြင်း၊ ကျေးလက်နေပြည်သူများ အပိုဝင်ငွေ ရရှိရေးအတွက် အထောက်အကူပြုလုပ်ငန်းများဖြစ်သည့် မွေးမြူရေးဆိုင်ရာနည်းပညာများ၊ ငါးများတွင် ကျရောက်တတ်သောရောဂါများ ကြိုတင်ကာကွယ်ခြင်း၊ ကုသခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်းတို့ကြောင့် တိုးတက်ရခြင်းဖြစ်ပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပထမ (၆)လပတ်တွင် ငါးထုတ်လုပ်မှုတွင် ၁၀၅,၉၉၅ ပိဿာ(ထောင်)၊ ဥထုတ်လုပ်မှုတွင် ၈၄၅,၃၈၁ လုံးရေ (ထောင်)၊ အသားထုတ်လုပ်မှုတွင် ၁၂၈,၁၁၆ ပိဿာ(ထောင်) ထုတ်လုပ်နိုင်ခဲ့ပါသည်။

တိုင်းဒေသကြီးမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် မွေးမြူရေးနှင့် သားငါးကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးအတွက် ခွာနာလျှာနာရောဂါ ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းကို ကျွဲနွားကောင်ရေ ၄,၁၀၀ကောင်၊ လည်ချောင်းကွဲရောဂါ ကာကွယ်ဆေးထိုးခြင်းကို ကျွဲနွားကောင်ရေ ၁၃၉,၂၀၀ ကောင်အားဆေးထိုးနှံပေးနိုင်ခဲ့ပြီး ဆေးကုသခြင်း အနေဖြင့် ကျွဲနွား ၇၆,၅၆၆ ကောင်၊ ဝက် ၉၄,၃၃၈ ကောင်နှင့် ကြက်/ အခြားအိမ်မွေး တိရစ္ဆာန် ၁၄၅,၉၈၁ ကောင်အား ကုသပေးနိုင်ခဲ့ပါသည်။

မြစိမ်းရောင်ကျေးရွာထူထောင်မှု (အသားကဏ္ဍ) အနေဖြင့် ဒိုက်ဦးမြို့နယ် (ရွှေအင်ဒုံရွာ သစ်+မြို့ရိုးရွာ) အတွက်ကျပ်သိန်း ၃၀၀ ဖြင့်လည်းကောင်း၊ အုတ်တွင်းမြို့နယ် (ပြောင်ချောင်း ရွာ+ကရင်မသေရွာ) အတွက် ကျပ်သိန်း ၃၀၀ ဖြင့် ထူထောင်ပေးနိုင်ခဲ့ပါသည်။

ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပထမ(၆) လပတ်တွင် ငါးသားပေါက်ဖြန့်ဖြူးမှုအနေဖြင့် ငါးမြစ်ချင်း၊ ငါးခုံးမမျိုးများအား ဒိုက်ဦးမြို့နယ်၊ ပန္နတ်ကျေးရွာတွင် ကောင်ရေ ၁၁ သိန်း၊ သာယာဝတီမြို့နယ်၊ ရွာမကျေးရွာအုပ်စုတွင် ကောင်ရေ ၆.၄ သိန်း၊ တောင်ငူမြို့နယ်တွင် ကောင်ရေ ၅.၀ သိန်း၊ အုတ်တွင်းမြို့နယ်တွင် ကောင်ရေ ၅ သိန်း၊ ညောင်လေးပင်မြို့နယ်တွင် ကောင်ရေသိန်း ၁၀ ၊ ပြည်မြို့နယ်တွင် ကောင်ရေ ၁ သိန်း ဖြန့်ဖြူးပေးနိုင်ခဲ့ပါသည်။

**သစ်တောကဏ္ဍ။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် သစ်နှင့် သစ်တော ထွက်ပစ္စည်းများဖြစ်သည့် ကျွန်း ၆၇၆ ကုဗတန်၊ သစ်မာ ၁၈,၁၆၃ ကုဗတန်၊ ထင်း ၄၀၆,၁၁၄ ကုဗတန်၊ ဝါး ၆၃,၁၆၅ လုံး(ထောင်)၊ ကြိမ် ၁,၂၇၉ လုံး(ထောင်) နှင့် ဓနိသက်ကယ် ၅၆,၁၈၅ ပျစ်(ထောင်) ထုတ်လုပ်ပြီးဖြစ်ပါသည်။ သစ်တောထွက်ပစ္စည်း ထုတ်လုပ်မှုတိုးတက်ခြင်းမှာ ဖမ်းဆီးရမိသစ်များ လေလံတင်ရောင်းချခြင်းကြောင့်ဖြစ် ပါသည်။

**စွမ်းအင်ကဏ္ဍ။** မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ပြည်ရေနံမြေမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် ရေနံစိမ်း ၁၅.၂၈၉၂ အမေရိကန်စည်(ထောင်) ထုတ်လုပ် နိုင်ခဲ့ပြီး၊ သဘာဝဓာတ်ငွေ့ ၁၉.၀ ကုဗပေ(သန်း) ထုတ်လုပ်နိုင်ခဲ့ပါသည်။

ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်ယူမှုအနေဖြင့် တွင်းအမှတ် ၄၂၊ ၈၃၊ ၁၄၆၊ ၁၄၇၊ ၁၀၅၊ PSC (1) တို့မှာ ထုတ်ယူမှုကာလကြာမြင့်ခဲ့ပြီး သဘာဝအလျောက် အထွက်နှုန်း ကျဆင်း လာခြင်း၊ မောင်းငြိမ့်စက်ပိုင်းဆိုင်ရာ မကြာခဏပြုပြင် လဲလှယ်ခဲ့ရခြင်း၊ ရေနံမြေပိုင် လျှပ်စစ် ဓာတ်အားပေးစက်မှာလည်း နှစ်ကြာရှည်စွာ အသုံးပြုရသည့်အတွက် ခုတ်မောင်းရာတွင် ခက်ခဲ လာခြင်း၊ တူးဖော်နေသော တွင်းသစ်များအား စမ်းသပ်ခဲ့သော်လည်း စီးပွားဖြစ် ထုတ်ယူမှုမရရှိ ခဲ့ခြင်း၊ ကမ်းလွန်သဘာဝဓာတ်ငွေ့ ထုတ်လုပ်ဖြန့်ဖြူးရန်ရည်ရွယ်၍ ပြည်ရေနံမြေမှ ကုန်းတွင်း သဘာဝဓာတ်ငွေ့တွင်းအမှတ် PSC (2) အား ဝန်ကြီးဌာန အမိန့်ဖြင့် ၁၄.၉.၂၀၁၀ ရက်နေ့မှ စတင်၍ တွင်းပိတ်ထားခဲ့ပြီး တွင်းသစ်များထပ်မံတူးဖော်မှုမရှိခြင်းကြောင့် လျော့နည်းခဲ့ရသော် လည်း ထပ်မံတူးဖော် ရရှိနိုင်မည့် အလားအလာရှိသော တွင်းသစ်များအား ပြည်တွင်း ပြည်ပ ကုမ္ပဏီများအား ဖိတ်ခေါ်၍ နည်းပညာ ပူးပေါင်းဆောင်ရွက်ကာ ရှာဖွေဖော်ထုတ်သွားမည် ဖြစ်ပါသည်။

**သတ္တုနှင့်တွင်းထွက်ပစ္စည်းများကဏ္ဍ။** ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ် တွင် နိုင်ငံပိုင်ကဏ္ဍတွင် ကျောက်မာထုတ်လုပ်မှုမှာ အကျဉ်းဦးစီးဌာန၊ (၄) မိုင် ကျောက်ထုတ်လုပ် စခန်းမှ ပိုမိုထုတ်လုပ်နိုင်ခဲ့ခြင်း၊ သမဝါယမပိုင်ကဏ္ဍတွင် သဲထုတ်လုပ်မှုကို ပဲခူးခရိုင်နှင့် ပြည် ခရိုင်တို့တွင် ပိုမိုထုတ်လုပ်နိုင်ခဲ့ခြင်းနှင့် ပုဂ္ဂလိပိုင်ကဏ္ဍတွင် အခြေခံအဆောက်အအုံနှင့် လမ်းပန်း ဆက်သွယ်မှုများ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အညီ အခြားကျောက်နှင့် တွင်းထွက်ပစ္စည်းများ ထုတ်လုပ်မှုကို ခေတ်မီစက်ကိရိယာများဖြင့် စီးပွားဖြစ် ပိုမို ထုတ်လုပ်လာခဲ့ခြင်းကြောင့် သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍသည် ပိုမိုတိုးတက်လာခဲ့ရခြင်းဖြစ်ပါသည်။

**စက်မှုလက်မှုကဏ္ဍ။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် ပုဂ္ဂလိကပိုင် ကဏ္ဍတွင် Hung Kiu အထည်ချုပ်စက်ရုံ၏ Ward A,B,C,D (၄) ရုံ လည်ပတ်ခြင်း၊ အင်းတကော်စက်မှုနယ်မြေတွင် မော်တော်ယာဉ် တပ်ဆင် ထုတ်လုပ်သည့် စက်ရုံမှ Sight Seeing Bus (၆)စီး၊ ကိုးရီးယားနိုင်ငံ KM Healthcare Co.Ltd မှ ဆေးရုံသုံးခွဲခန်းသုံးဝတ်ရုံ၊ ခြုံလွှာဝတ်ရုံ ၂,၂၆၈,၇၄၀ စုံ၊ Delta AIG ကားကူရှင်စွပ်စက်ရုံမှ ကားကူရှင်စွပ် ၁၀,၅၀၀ ထည် တို့ကို တိုးတက်ထုတ်လုပ် လာနိုင်ခဲ့ပါသည်။ KM Healthcare Co.Ltd တွင် လုပ်သားအင်အား ၄၅၇ ဦးနှင့် Delta AIG ကားကူရှင်စွပ် စက်ရုံတွင် လုပ်သားအင်အား ၄၃၆ ဦးတို့ အလုပ်အကိုင် အခွင့်အလမ်းများရရှိပါသည်။

**လျှပ်စစ်ဓာတ်အားကဏ္ဍ။** စီးပွားရေးနှင့် ခေတ်မီလူနေမှုဘဝအတွက် အရေးပါသည့် လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် နိုင်ငံပိုင်လျှပ်စစ် ဓာတ်အား အသုံးပြုမှုယူနစ် ၃၇၉,၇၁၅ ကီလိုဝပ်နာရီ (ထောင်) ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် နိုင်ငံပိုင် လျှပ်စစ်ဓာတ်အား အသုံးပြုမှု ယူနစ် ၄၆၃,၅၁၉ ကီလိုဝပ်နာရီ (ထောင်) ဖြစ်သဖြင့် ယခင်နှစ် အလားတူ ကာလအပေါ် ၈၃,၈၀၄ ကီလိုဝပ် နာရီ (ထောင်) ပိုမို သုံးစွဲနိုင်ခဲ့ပါသည်။

နိုင်ငံပိုင်အသုံးပြုမှုယူနစ် တိုးတက်လာရခြင်းမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပထမ(၆) လပတ်တွင် ဓာတ်အားစနစ်ဖြင့် မီးလင်းသည့်ကျေးရွာ ၁,၀၀၁ ရွာ ရှိခဲ့ရာမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် ဓာတ်အားစနစ်ဖြင့် မီးလင်းသည့် ကျေးရွာ ၁,၁၆၄ ရွာ တိုးတက်ခဲ့ပါသည်။

၂၀၁၅ ခုနှစ် ဇွန်လမှစတင်၍ ပဲခူးတိုင်းဒေသကြီး(အရှေ့)ရှိ မုန်း၊ မြစ်ကျိုး၊ ဇောင်းတူမြို့ များမှအပ ကျန် (၃၄) မြို့အား ရွှေစွမ်းအင်ကုမ္ပဏီသို့ ဓာတ်အားဖြန့်ဖြူးမှု လုပ်ငန်းများ ဆောင်ရွက်ခွင့်ပြုခဲ့ပါသည်။

**ဆောက်လုပ်မှုကဏ္ဍ။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ဆောက်လုပ်မှုကဏ္ဍ တိုးတက်ရခြင်းမှာ နိုင်ငံပိုင်အခန်းတွင် ပြည်သူ့ဆောက်လုပ် ရေးမှ လမ်းတံတားများ တည်ဆောက်မှု အပိုင်းတွင် ဘောနတ်ကြီး-ဇောင်းတူ-တိုက်ကြီး လမ်း၊ အင်းတကော်-ထုံးကြီး-ကဝ-အုန်းနဲ့လမ်း၊ ဒိုက်ဦး-စစ်တောင်းလမ်း၊ညောင်လေးပင်-ပုဇွန်မြောင်း-မဒေါက်-ရွှေကျင်လမ်း၊ အောင်မင်္ဂလာ-သရက်စိန်လမ်း၊ ပဲခွယ်ကုန်း-ကျောက်ကြီးလမ်း၊ မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း-ဖဒို-ကျွန်းကုန်းလမ်း၊ ပြည်-ပေါက်ခေါင်း-တောင်ငူလမ်း၊ ဖြူး- အုတ်ဖြတ်-မုန်းလမ်း၊ တောင်ငူ-ကျောက်ကြီး-စစ်တောင်း-မုပ္ပလင်လမ်း၊ ရေတာရှည်-ကရင်ချောင်း-လိပ်သိုလမ်း၊ ဝက်ပုတ်-ပုတီးကုန်း-သဲကုန်းလမ်း၊ ပန်းတောင်း-တောင်ကုတ်လမ်း၊ ဇီးကုန်-သစ်နဖားလမ်း၊ လက်ပံတန်း-တော်လသဿ-ထိန်တော-မိုးညိုလမ်း၊ ရှမ်းတောအင်းဘုတ်ကုန်း-မိုးညိုလမ်း၊ဇီးကုန်းပန်းတင်ကြီး-ကုန်းသာလမ်းများနှင့် ထန်းပင်ကုန်းတံတား၊ ထွင့်မြတ်တံတား၊ ပန်းတောင်း-တောင်ကုတ် တံတား၊ ပြည်-ပေါက်ခေါင်း-တောင်ငူတံတားစသည့် တည်ဆောက်ရေးလုပ်ငန်းများ၊ အဆောက်အဦး ဆောက်လုပ်ခြင်းလုပ်ငန်းများ၊ ဆည်မြောင်းတာတမံတည်ဆောက်ခြင်းနှင့် အခြားတည်ဆောက်မှုလုပ်ငန်းများ တိုးတက်လာခြင်းဖြစ်ပြီး ပုဂ္ဂလိက အစီအစဉ်ဖြင့် လမ်းဖောက်လုပ်ခြင်း ပုဂ္ဂလိကစက်သုံးဆီဆိုင်များ၊ ကုမ္ပဏီအဆောက်အဦများ၊ ကိုယ်ထူကိုယ်ထ လမ်းတံတားများ၊ ဆေးပေးခန်းများ၊ သာသနိကအဆောက်အဦများ တည်ဆောက်ခြင်းနှင့် ဆိုလာမီးတပ်ဆင်ခြင်း လုပ်ငန်းများကို ယခင်နှစ်ကထက် တိုးတက်ဆောင်ရွက်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

**ပို့ဆောင်ရေးကဏ္ဍ။** ပဲခူးမြို့မှ ၂ မိုင်၊ ရန်ကုန်မြို့မှ မိုင် ၅၀ အကွာ ပဲခူးမြို့ ကျောက်တိုင်ကန်ကျေးရွာတွင်တည်ရှိသည့် ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်ခြင်းလုပ်ငန်းကို စင်္ကာပူနိုင်ငံ ရောင်လန်းကုမ္ပဏီတို့မှ ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် လုပ်ငန်း ညှိနှိုင်းလျက်ရှိပြီး ၂၀၂၂ ခုနှစ်တွင် အပြီး တည်ဆောက်ရန် တင်ပြထားပြီးဖြစ်ပါသည်။

၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံပိုင်အခန်းမှ ရန်ကုန်-မန္တလေးလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း၊ ရန်ကုန်-ပြည်ရထားလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း၊ပဲခူး-ထားဝယ်ရထားလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း၊ပြွန်တန်ဆာ ကွန်ကရစ်ဇလီဖားတုံးစက်ရုံမှ ဇလီဖားတုံး ထုတ်လုပ်ခြင်းလုပ်ငန်းများအပြင် မြန်မာ့မီးရထား တိုင်း(၆)မှခရီးသည်နှင့်ကုန်စည်ပို့ဆောင်ခြင်းလုပ်ငန်းများဆောင်ရွက်နိုင်ခဲ့ပါသည်။ သမဝါယမ ပိုင်အခန်းတွင် ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းနှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ပုဂ္ဂလိကပိုင် အခန်းတွင် မြို့အင်္ဂါရပ်နှင့်အညီ ယာဉ်ငယ်များ အစားထိုးပြေးဆွဲခြင်း၊ ပဲခူး-ရန်ကုန်ခရီးစဉ် တွင် မီနီဘတ်စ်ထာဝရယာဉ်လိုင်းအား တိုးချဲ့ပြေးဆွဲခြင်း၊ ရန်ကုန်-သက္ကလ ခရီးစဉ်တွင် မင်းမကိုဋ္ဌယာဉ်လိုင်းအား မီနီဘတ်စ်များဖြင့်လည်းကောင်း အစားထိုးပြေးဆွဲလျက်

ရှိပါသည်။ရေကြီးမှုကြောင့်လမ်းတံတားများပျက်စီးသည့်အတွက် ခရီးသွားလာခြင်းများ နည်းပါးခဲ့ပါသည်။

**ဆက်သွယ်ရေးကဏ္ဍ။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ပထမ(၆)လပတ်တွင် အကောင်အထည်ဖော်နိုင်မှုမှာ စာပို့တိုက် ဝင်ငွေ ကျပ် ၅၀.၂၁၅ သန်း၊ တယ်လီဖုန်းဝင်ငွေ ကျပ် ၂၉,၆၂၅.၄၆၃ သန်း၊ ကြေးနန်းဝင်ငွေကျပ် ၃.၄၁၈ သန်းနှင့် ပုဂ္ဂလိက(ကုမ္ပဏီ) ဝင်ငွေ ကျပ် ၄,၂၇၆.၈ သန်းဖြစ်၍ ဝင်ငွေစုစုပေါင်းမှာ ကျပ် ၃၃,၉၅၅.၈၉၆ သန်း ဖြစ်ပါသည်။

ဆက်သွယ်ရေးကဏ္ဍတွင် MPT Mobile Phone ဈေးနှုန်းများ လျှော့ချ သတ်မှတ်ပေးခြင်း၊ ဆက်သွယ်ရေးကွန်ယက်များ တိုးချဲ့ တည်ဆောက်လာခြင်းကြောင့် ပုဂ္ဂလိက ကုမ္ပဏီများဖြစ်သည့် အော်ရီဒူးနှင့် တယ်လီနောကုမ္ပဏီများဝင်ရောက်လာပြီး နိုင်ငံတကာကဲ့သို့ သက်သာသောနှုန်းထားများဖြင့် ပဲခူးတိုင်းဒေသကြီးအတွင်း ဝန်ဆောင်မှုများပေး၍ တယ်လီဖုန်းသုံးစွဲမှု တိုးတက်လာခဲ့ပါသည်။

**ငွေရေးကြေးရေးကဏ္ဍ။** ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ သမဝါယမပိုင် အခန်းမှ သမဝါယမငွေကြေးဝန်ဆောင်မှု လုပ်ငန်းများအနေဖြင့် ဌာနဆိုင်ရာ ငွေစုငွေချေး (၁၃၂)သင်း၊ ဈေးသမဝါယမအသင်း(၃၀)၊ လက်လုပ် လက်စား ငွေစုငွေချေး သမဝါယမအသင်း (၁၃၇)သင်း၊ အသေးစားငွေစုငွေချေး သမဝါယမအသင်း (၄၄)သင်း၊ စိုက်ပျိုးရေး လုပ်ကိုင်သော သမဝါယမအသင်း (၄,၉၀၅) သင်း၊ စက်မှုကုန်ထုတ်သမဝါယမ အသင်း (၁)သင်း၊ စုစုပေါင်း (၅,၂၄၉) သင်းတို့မှ ဆောင်ရွက်လျက်ရှိပါသည်။ တစ်နှစ်လုံးချေးငွေ ထုတ်ချေးရန် လျာထားချက် ကျပ် ၂၂,၈၁၇.၁၈ သိန်းအပေါ်တွင် ပထမ(၆)လပတ်ကုန်ထိ ကျပ် ၇,၈၅၄.၂၅ သိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ပုဂ္ဂလိကဘဏ်နှင့် ပုဂ္ဂလိကဘဏ်ခွဲ(၅၁)ခုနှင့် သမဝါယမဘဏ်(၇)ခု၊ စုစုပေါင်းဘဏ် (၅၈)ခု ထိတိုးချဲ့ဖွင့်လှစ်နိုင်ခဲ့သည်။ ၎င်းတို့အနက် အစီရင်ခံသည့်ကာလတွင် ပုဂ္ဂလိကဘဏ်နှင့်ပုဂ္ဂလိကဘဏ်ခွဲအသစ်(၇)ခုနှင့် အသေးစားငွေစု ငွေချေးလုပ်ငန်းအသစ်(၅)ခု တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့သည်။ အသေးစားငွေစုငွေချေးလုပ်ငန်းမှ အသေးစားချေးငွေလုပ်ကိုင်ခွင့် လိုင်စင်ရ NGO, INGO (၂၄) ဖွဲ့တို့မှ ချေးငွေ ကျပ် ၁၁,၇၆၀.၈ သန်း ထုတ်ချေးပေးခဲ့ပါသည်။

**ပညာရေး။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အခြေခံပညာကျောင်း စုစုပေါင်း (၁၃၅) ကျောင်းအတွက် ကျပ် ၁၁,၈၁၅.၂ သန်း ပြည်ထောင်စုဘတ်ဂျက်ဖြင့် သုံးစွဲရန် လျာထားခဲ့ရာမှ ပထမ(၆)လတွင် ကျပ် ၁,၇၁၄.၅ သန်း သုံးစွဲခဲ့ပါသည်။

**ကျန်းမာရေး။** ကျန်းမာရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လတွင် ပေါင်းတည်မြို့နယ် ကျောင်းကုန်းကျေးလက်ကျန်းမာရေးဌာနခွဲ ဆောက်လုပ်ခြင်းအတွက် ကျပ်(၃၂)သန်း၊ ညောင်လေးပင်မြို့နယ် ကျောင်းရွာ ကျန်းမာရေးဌာနခွဲ ဆောက်လုပ်မှုအတွက် ကျပ်(၇၈)သန်း လျာထားခဲ့ပြီး ဆောက်လုပ်ပြီးစီးပြီးဖြစ်ပါသည်။ ကုသရေးဦးစီးဌာနမှ ညောင်လေးပင်မြို့ ပြည်သူ့ဆေးရုံကြီး(၂)ထပ်လူနာဆောင်ဆောက်လုပ်ခြင်းအတွက် ကျပ် ၁၈၂.၆ သန်း လျာထားသုံးစွဲပြီး ဖြစ်ပါသည်။ ကျန်းမာရေးကဏ္ဍအတွက် ဆေးရုံ၊ ဆေးပေးခန်းများတွင် ခေတ်မီစက်ကိရိယာများအသုံးပြုခြင်း၊ ကျွမ်းကျင်သည့်ဝန်ထမ်းများနှင့် ဝန်ဆောင်မှုများ ပေးနိုင်ခဲ့ပါသည်။

**ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ။** ပဲခူးတိုင်းဒေသကြီးသည် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဆိုင်ရာ ဆွဲဆောင်မှုများနှင့် ရေမြေသဘာဝအနေအထား ကောင်းမွန်သော ဒေသတစ်ခု ဖြစ်သည့်အတွက် ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များ တစ်နှစ်ထက် တစ်နှစ် ပိုမို ဝင်ရောက် နေသည့် ဒေသတစ်ခုဖြစ်ပါသည်။ ဟိုတယ်၊ မိုတယ်၊ အင်း၊ တည်းခိုခန်း ခရီးသွား ဝန်ဆောင်မှု လုပ်ငန်းများ၊ အင်တာနက်ဂိမ်းဆိုင်များ၊ အလှပြုပြင်ရေးဆိုင်များ၊ ဂိမ်းစင်တာများ အပါအဝင် တိုးတက်လာသောလူဦးရေနှင့် ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ ပြောင်းလဲ တိုးတက် လာသော ဝန်ဆောင်မှုလိုအပ်ချက်များအရ ပညာရေး၊ ကျန်းမာရေး ဝန်ဆောင်မှုများ၊ စားသောက်ဆိုင် လုပ်ငန်းများ၊ အခြားပုဂ္ဂလိကဝန်ဆောင်မှု လုပ်ငန်းများ တိုးတက်လာခြင်းကြောင့် ယခင်နှစ် ထက် ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ရခြင်း ဖြစ်ပါသည်။

**ကျေးလက်ဒေသဖွံ့ဖြိုးရေး။** ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မူလရန်ပုံငွေ ဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပထမ(၆) လပတ်တွင် လမ်းတံတားလုပ်ငန်းများအတွက် ပဲခူး ခရိုင်တွင် ကျပ် ၅၆၄.၇၃၂၀ သန်း၊ တောင်ငူခရိုင်တွင် ကျပ် ၁၀၄.၂၆၅၀ သန်း၊ ပြည်ခရိုင်တွင် ကျပ် ၅၀၃.၅၀၇၀ သန်း၊ သာယာဝတီခရိုင် တွင် ကျပ် ၈၀၁.၇၀၀သန်း၊ စုစုပေါင်းကျပ် ၁,၉၇၄.၂၀၄၂ သန်း၊ ရေပေးရေး လုပ်ငန်းများ အတွက် ပဲခူးခရိုင်တွင် ကျပ် ၃၉၂.၈၀၅၀ သန်း၊ တောင်ငူခရိုင်တွင် ကျပ် ၁၄၅.၈၄၅၀ သန်း၊ ပြည်ခရိုင်တွင် ကျပ် ၃၂၅.၇၁၀၀ သန်း၊ သာယာဝတီ ခရိုင်တွင်ကျပ် ၃၉၂.၃၆၄၀ သန်း၊ စုစုပေါင်းကျပ် ၁,၂၅၆.၇၂၄၀ သန်း၊ ယင်လုံအိမ်သာ တည်ဆောက်ခြင်း လုပ်ငန်းများအတွက် တောင်ငူခရိုင်တွင် ကျပ် ၁၅၈.၂၃၆၂ သန်း၊ ပြည်ခရိုင် တွင်ကျပ် ၇၈.၄၁၇၀ သန်း၊ စုစုပေါင်း ကျပ် ၂၃၆.၆၅၃၂ သန်း၊ မီးလင်းရေး လုပ်ငန်းများအတွက် ပဲခူးခရိုင်တွင် ကျပ် ၁၅၇.၉၄၄၁၅ သန်း၊ တောင်ငူခရိုင်တွင် ကျပ် ၁၆၀.၅၁၇၇ သန်း၊ ပြည်ခရိုင် တွင် ကျပ် ၅၄၈.၄၂၉၄၉ သန်း၊ သာယာဝတီခရိုင်တွင် ကျပ် ၂၁၀.၅၅၂၃ သန်း၊ စုစုပေါင်း ကျပ် ၁,၀၇၇.၄၄၃၆၄ သန်း၊ ကျေးလက်အိမ်ရာတည်ဆောက်ခြင်း လုပ်ငန်းများ အတွက် ပဲခူးခရိုင်တွင်

ကျပ် ၉၇.၂၀ သန်း၊ တောင်ငူခရိုင်တွင် ကျပ် ၇၂.၀၀ သန်း၊ ပြည်ခရိုင်တွင် ကျပ် ၄၄.၁၀ သန်း၊ သာယာဝတီခရိုင်တွင် ကျပ် ၄၅.၀၀ သန်း၊ စုစုပေါင်း ကျပ် ၂၅၈.၃၀ သန်း သုံးစွဲကာ ကျေးလက်ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး နှင့် ဆင်းရဲမှုလျှော့ချရေး အတွက် ဆောင်ရွက်ပေးနိုင်ခဲ့ ပါသည်။

**ကုန်သွယ်မှုကဏ္ဍ။** ကုန်သွယ်မှုကဏ္ဍသည် ထုတ်လုပ်မှုကဏ္ဍများ၏ ကုန်စည် ထုတ်လုပ်မှုများ၊ ပုဂ္ဂလိကစားသုံးမှုများ၊ ရင်းနှီးမြှုပ်နှံမှုများအပေါ် မူတည်နေပြီး လယ်ယာကဏ္ဍ တွင် မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးခြင်း၊ စိုက်ပျိုးရေရရှိရန် နည်းလမ်းများ အသုံးပြုခြင်း၊ သမားရိုးကျစိုက်နည်းအစား၊ ခေတ်မီစိုက်နည်းများ ပြောင်းလဲစိုက်ပျိုးခြင်း၊ ဒေသ နှင့်ကိုက်ညီသည့် ပြည်ပမျိုးများအသုံးပြုခြင်းတို့ကြောင့် လယ်ယာထုတ်ကုန်များ တိုးတက် လာပြီး ဒေသစားသုံးမှုဖူလုံသည့်အပြင် အခြားဒေသများသို့ ပို့ဆောင်ကုန်သွယ်နိုင်ခြင်း၊ သားငါး ကဏ္ဍတွင် ပုဂ္ဂလိက အသားထုတ်လုပ်မှုများ တိုးတက်လာခြင်း၊ ငါးမွေးမြူရေးကန်များ တိုးချဲ့ မွေးမြူခြင်း၊ ငါးမျိုးစိုက်ထည့်မွေးမြူခြင်း၊ အခြားကျောက်နှင့်တွင်းထွက်ပစ္စည်းများ စီးပွားဖြစ် ပိုမိုထုတ်လုပ်လာခဲ့ခြင်းနှင့် စက်မှုကဏ္ဍတွင် ပြည်တွင်း/ ပြည်ပစက်မှုနယ်မြေများ၌ ရင်းနှီးမြှုပ်နှံ မှုနှင့် ထုတ်လုပ်မှုများ တိုးတက်လာခြင်းတို့ကြောင့် ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ တိုးတက်လာခြင်း ဖြစ်ပါသည်။

၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် ဆောင်ရွက်ပြီးစီးခဲ့သည့် လုပ်ငန်းများ ရှိသကဲ့သို့ ဆောင်ရွက်ရန်ကျန်ရှိသောလုပ်ငန်းများနှင့် ဒုတိယ(၆)လပတ်တွင် ဆက်လက် ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဗဟိုအဆင့်ရုံးချုပ်၊ တိုင်းဒေသကြီး အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်နှင့်မြို့နယ်ရုံးများ ညှိနှိုင်းပေါင်းစပ်ပြီး ဒေသန္တရဖွံ့ဖြိုးရေး မျှော်မှန်းချက်များ ပြည့်မီစေရေး ဦးတည်ကြိုးပမ်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။


**မကွေးတိုင်းဒေသကြီး**

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်း၊ ပထမ(၆)လပတ်တွင် မကွေးတိုင်းဒေသကြီး ၏ စုစုပေါင်းထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး ကို **နှစ်အလိုက်ဈေးနှုန်း** အရ ကျပ် **၂,၆၅၁,၃၂၀.၅** သန်း အကောင်အထည်ဖော်ရန် လျာထားပါသည်။

**ပုံ(၆-၈) မကွေးတိုင်းဒေသကြီး၏**

**၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ် ။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ပထမ (၆) လ ပတ်တွင် မကွေးတိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှု နှင့် ဝန်ဆောင်မှု တန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်း** အရ ကျပ် **၂,၄၅၅,၀၉၇.၉** သန်း ဖြစ်ပေါ်ခဲ့၍ ပထမ (၆) လပတ် လျာထားချက် အပေါ် **၉၂.၆** ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း** အရ **၄.၃** ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

**လယ်ယာကဏ္ဍ။** ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ တတိယပတ်၌ ဘင်္ဂလားပင်လယ် အော်တွင် ဖြစ်ပေါ်နေသော ကမာန်မုန်တိုင်း အရှိန်ဖြင့် မိုးများသည်းထန်စွာ ရွာသွန်းခဲ့ခြင်းကြောင့် နွေစပါး ၇,၁၈၄,၁၃၇ တင်းသာ ထွက် ပြီး နွေစပါး စိုက်ဧက ၄,၇၉၃ ဧက ပျက်စီးခဲ့ ပါသည်။ ရေမြုပ် ဧရိယာ ၉၂,၄၃၂ ဧက၊ ရေပြန်ပေါ်ဧရိယာ ၉၂,၄၃၂ ဧက၊ ထိခိုက်ဧရိယာ ၉၂,၄၃၂ ဧက၊ ပျက်စီး

ဧရိယာ ၆၁,၄၄၄ ဧကရှိပြီး ၇.၉.၂၀၁၅ ရက်နေ့အထိ ၁၅,၃၃၉ ဧက ပြန်လည် စိုက်ပျိုးပြီးဖြစ်ပါသည်။ နှမ်းစပါး၊ မိုးနှမ်း၊ ပဲတီစိမ်း၊ ပဲလွန်းစသည့် သီးနှံများ မိုးရေကြီးမှု ကြောင့် ထိခိုက်ပျက်စီးခဲ့ပါသည်။

တောင်သူလယ်သမားများ၏ စိုက်ပျိုးထုတ်လုပ်မှုအတွက် လိုအပ်သော သီးနှံအလိုက် စိုက်ပျိုးစရိတ် ချေးငွေများကို စပါးသီးနှံ တစ်ဧကအား ကျပ် ၁၀၀,၀၀၀ သို့ တိုးမြှင့် ထုတ်ချေးခဲ့ပါသည်။၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အတွက် စိုက်ပျိုးစရိတ်ချေးငွေ ကျပ် ၅၄,၈၅၀ သန်း ထုတ်ချေးရန် ဆောင်ရွက်လျက်ရှိပါသည်။

**သားငါးကဏ္ဍ။** မွေးမြူရေးနှင့် ကုသရေးဦးစီး ဌာနအနေဖြင့် နိုင်ငံခြား အကူအညီ အထောက်အပံ့ရရှိပါက ဆောင်ရွက်နိုင်ရန် တိရစ္ဆာန်အမျိုးအစား အလိုက်လုပ်ငန်း အစုအဖွဲ့များ တိုးချဲ့၍ စုဖွဲ့ထားရှိပြီးဖြစ်ပါသည်။ အဓိကလုပ်ငန်းဖြစ်သည့် ကာကွယ်ဆေး ထိုးနှံပေးခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက် ရှိပါသည်။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ အခမဲ့ဖြန့်ဖြူးပေးသော နို့စားနွား၊ အသားစားနွား၊ ခိုင်းနွားမျိုးရည်ခဲချောင်းများဖြင့် မေထုံမဲ့ သားစပ်နည်းဖြင့် မြို့နယ်များတွင် ရပ်ကွက်၊ ကျေးရွာများအထိ ကွင်းဆင်း၍ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အသားစားနွား ၄၄၅ ကောင်၊ ခိုင်းကျွဲနွား ၂,၇၈၈ ကောင်နှင့် နို့စားနွား ၁,၅၅၁ ကောင်ကို သားစပ်ပေးနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်ခြင်း၊ ရောဂါကာကွယ်ထိန်းချုပ်ခြင်း၊ မွေးမြူရေးဆိုင်ရာ အသိပညာပေးခြင်းနှင့် မေထုံမဲ့သားစပ်သင်တန်းများ ပို့ချပေးခြင်း လုပ်ငန်းများကိုလည်း တိုးချဲ့ဖွင့်လှစ် ပို့ချပေးသွားမည် ဖြစ်ပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အတွင်း မြစိမ်းရောင် (အသားကဏ္ဍ) မွေးမြူရေးကျေးရွာ တည်ထောင်ရန် ကင်ပွန်းတောင်၊ ညောင်ကိုင်း၊ သမှုန်းကုန်းကြီး၊ ကပေါင်းကုန်းကြီး၊ ကုလားရှင်၊ အရှေ့လေးအိမ်၊ အောက်လှိုင်း၊ မြစကိုင်း၊ သပြေတော၊ ဖောင်းကွဲကြီး၊ မြို့ခင်းသာနှင့် လာပို့ အုပ်စုမှ ကျေးရွာများအားရွေးချယ်ပြီး တိရစ္ဆာန် မျိုးကောင်းမျိုးသန့်များ ဝယ်ယူဖြန့်ဖြူးပေးလျက်ရှိပါသည်။

**သစ်တောကဏ္ဍ။** နိုင်ငံပိုင် အခန်းမှ သစ်မာ ၇၄၂ ကုဗတန်၊ ပုဂ္ဂလိကပိုင် အခန်း မှ ကျွန်း ၄၅ ကုဗတန်၊ သစ်မာ ၁,၆၈၉ ကုဗတန် ၊ ကျွန်းနှင့်သစ်မာတိုင် ၂၆၄ လုံးရေ၊ ကျွန်းနှင့် သစ်မာမျှော ၉၉၃ လုံးရေ၊ ဝါး ၉,၀၈၉ လုံးရေ(၀၀၀) တို့ကို တိုးတက် ထုတ်လုပ်ခဲ့ ပါသည်။

**စွမ်းအင်ကဏ္ဍ။** စွမ်းအင်ကဏ္ဍ ရေနံစိမ်းထုတ်လုပ်မှု တွင် ပုဂ္ဂလိကပိုင် ရေနံစိမ်း ပိုမို ထုတ်လုပ်ထွက်ရှိခဲ့ပါသည်။ ထိုသို့ပိုမိုထွက်ရှိရခြင်းမှာ သရက်ခရိုင်၊ မင်းလှမြို့နယ်တွင် စွမ်းအင် ဝန်ကြီးဌာန၏ ခွင့်ပြုမိန့်ဖြင့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော ရေနံလက်ယက်တွင်းများ တိုးမြှင့်

လာခြင်း၊ လုပ်ငန်းသဘာဝအရ မိုးရာသီကာလတွင် ပိုမို ထုတ်လုပ်ထွက်ရှိခြင်း တို့ကြောင့် ဖြစ်ပါသည်။

**သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ။** သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် အဓိက အားဖြင့် ပုဂ္ဂလိကပိုင်အခန်း မှ အခြားကျောက်နှင့် ကျောက်မီးသွေး ထုတ်လုပ်မှုများ တိုးတက်ခဲ့ပါသည်။ ပုဂ္ဂလိကပိုင် ကျောက်မီးသွေး ထုတ်လုပ်မှုမှာ သတ္တုတွင်း(၃)၏ ခွင့်ပြုချက်ဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ပုဂ္ဂလိကပိုင် ကျောက်မီးသွေးထုတ်လုပ်သည့် ကုမ္ပဏီ ၇ ခု တိုးချဲ့ဖွင့်လှစ် နိုင်ခဲ့သဖြင့် စုစုပေါင်းကုမ္ပဏီ ၁၃ ခုထိ တိုးလာခဲ့ပြီး ကျောက်မီးသွေး ထုတ်လုပ်မှု တိုးတက်ခဲ့ပါသည်။

**စက်မှုလက်မှုကဏ္ဍ။** တိုင်းဒေသကြီးအတွင်း စက်မှုကဏ္ဍပြောင်းလဲဖွံ့ဖြိုး တိုးတက်ရေး ကော်မတီဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ရေနံချောင်းစက်မှုဇုန်နှင့် ပခုက္ကူစက်မှုဇုန် ဇုန်(၂) ဇုန်အပါအဝင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတွင် မှတ်ပုံတင်ထားသော လုပ်ငန်းဦးရေ စုစုပေါင်း ၃,၀၂၂၊ ရင်းနှီးမြှုပ်နှံမှု တန်ဖိုး ကျပ် ၁၁,၅၃၄.၆ သန်းဖြင့် ဆောင်ရွက်လျက်ရှိ ပါသည်။

စက်မှုဝန်ကြီးဌာနတွင် နိုင်ငံတော်ဘတ်ဂျက်ဖြင့် ကျန်ရှိနေသည့် နိုင်ငံပိုင်စက်ရုံများကို တိုးချဲ့ဆောင်ရွက်ရန် စီစဉ်လျက်ရှိရာ မကွေးစက်မှု သင်တန်းကျောင်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျပ် ၁၄.၇ သန်း၊ အမှတ်(၂)အကြီးစား စက်မှုလုပ်ငန်းအောက်ရှိ အမှတ်(၂၅) အကြီးစားစက်ရုံ(မြိုင်) မှ ကျပ် ၈.၄ သန်း၊ အမှတ်(၃)အကြီးစားစက်မှု လုပ်ငန်းအောက်ရှိ အမှတ်(၃၅) အကြီးစားစက်ရုံ(ချောက်) မှ ကျပ် ၁၁.၂၂၅ သန်း ဖြင့်လည်းကောင်း လုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါသည်။

နိုင်ငံပိုင်အခန်းတွင် အမှတ်(၅)အထည်စက်ရုံမှ ချည်ခင်၊ပိတ်ကြမ်း၊အမှတ်(၃၁)အကြီးစား စက်ရုံမှဘိလပ်မြေ၊ အမှတ်(၁၇) အကြီးစား စက်ရုံ(မလွန်) မှ လယ်ထွန်စက်၊ ရေနံဓာတုလုပ်ငန်း မန်းသံပုရာကန်မှ ဒီဇယ်ဆီ၊ မီးထိုးဆီ၊ ရေနံမီးသွေး၊ ဂျက်လေယာဉ်ဆီ၊ လုံခြုံရေးနှင့်ဆိုင်သော ပုံနှိပ်လုပ်ငန်း(ဝါဇီ)မှ ထုတ်လုပ်မှုများ တိုးတက်လာပါသည်။ အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနမှ စက်မှုလုပ်ငန်းရှင် (၂၆ ) ဦးကို ကျပ် ၅,၄၂၅ သိန်း ထုတ်ချေးခဲ့ပါသည်။

ပြည်ပပို့ကုန်နှင့် သွင်းကုန် အစားထိုးပစ္စည်းများ ထုတ်လုပ်သည့် စက်မှုလုပ်ငန်းများ၊ ဗဟုသုတ နှင့် နည်းပညာအခြေခံသည့် စက်မှုလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှု ကြီးမားသော်လည်း အကျိုးအမြတ် တွက်ချေကိုက်နိုင်မည့် စက်မှုလုပ်ငန်းများ၊ (အကြီးစားစက်မှုလုပ်ငန်းများ)၊ လယ်ယာသုံးပစ္စည်းများ ထုတ်လုပ်သည့် စက်မှုလုပ်ငန်းများ၊ ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်

(၈)ရပ်ကို အထောက်အကူ ဖြစ်စေမည့် စက်မှုလုပ်ငန်းများ၊ ထုတ်လုပ်မှုစွမ်းရည် တိုးတက် လာနိုင်မည့် ကျွမ်းကျင်ပညာရှင်များအား မွေးထုတ်ပေးနိုင်သည့် စက်မှုသင်တန်းကျောင်းများ၊ ကဏ္ဍကြီးများနှင့် ချိတ်ဆက်နေသော စက်မှုလုပ်ငန်းများကို တိုးတက်ဖြစ်ပေါ်လာအောင် ဆောင်ရွက်လျက် ရှိပါသည်။

**လျှပ်စစ်ဓာတ်အားကဏ္ဍ။** တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းအနေဖြင့် လျှပ်စစ်မီးပြည့်ဝစွာရရှိရေးအတွက် ဒေသအတွင်းရှိ မြစ်ချောင်းများ၏ အရင်းအမြစ် အပေါ်အခြေခံ၍ အကောင်အထည်ဖော်လျက်ရှိရာ မကွေးခရိုင် တွင် မကွေးမြို့ မြင်ကင်းခွဲရုံ အထွက်မှ ၁၁ကေဗွီ မကွေးဖီဒါ၊ တင်ကားဖီဒါ နှင့် ဆည်မြောင်းဖီဒါများနှင့် ချိတ်ဆက် ပြောင်းရွှေ့ရန်အတွက် ၁၁ကေဗွီလိုင်း(၅) မိုင် တည်ဆောက်ခြင်း၊ မကွေးမြို့၊ လွတ်တော်အိမ်ရာခွဲရုံ မှ ၁၁ကေဗွီလိုင်း(၃)လိုင်း ပေ ၃,၁၅ဝ တည်ဆောက်ခြင်း၊ မကွေးမြို့ သုခိတာလမ်း၊ အောင်မေတ္တာ(ဂ)တွင် ၁၁/ဝ.၄ကေဗွီ(၃၁၅) ကေဗွီအေခွဲရုံ(၁)ရုံ၊ ၁၁ကေဗွီ လိုင်း ပေ ၁ဝဝ တည်ဆောက်ခြင်း၊တိုင်းအင်ဂျင်နီယာရုံးတွင် မကောင်းသော ကြွေသီးများ လဲလှယ်နိုင်ရေးအတွက် ကြွေသီး အလုံး ၃,၂ဝဝ နှင့် ကြွေသီး စုံ ၂ဝဝ ဝယ်ယူခြင်း၊ တောင်တွင်းကြီးမြို့ ဆေးရုံအနီးတွင် ၁ဝမီတာ ကွန်ကရစ်တိုင်များဖြင့် အစားထိုး တည်ဆောက်ခြင်း၊ ချောင်းနက်ရွာနှင့် ညောင်ပင်လှရွာတွင် ဓာတ်အားဖြန့်ဖြူးသော ဆွေးမြေ့ သစ်သား တိုင်များကို ကွန်ကရစ်တိုင်များဖြင့် အစားထိုးတည်ဆောက်ခြင်းလုပ်ငန်း စသည့်လုပ်ငန်းများကို ကျပ် ၁၃၁ သန်း ဖြင့် ဆောင်ရွက်လျက် ရှိပါသည်။

မင်းဘူးခရိုင်တွင် ၁၁ ကေဗွီဓာတ်အားလိုင်း (၁၂) ခု၊ ၁၁/၁.၄ကေဗွီ ထရန်စဖော်မာလုံး (၂ဝ)၊ ၄ဝဝ ဗို့ ဓာတ်အားလိုင်းများ တည်ဆောက်ခြင်း လုပ်ငန်းများ စသည့်လုပ်ငန်းများကို ကျပ် ၈ဝ၆.၆၂၅ သန်းဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ သရက်ခရိုင်တွင်လည်း ၁၁ကေဗွီ ဓာတ်အားလိုင်းများနှင့် ၁၁/ဝ.၄ကေဗွီ ၂ဝဝ ကေဗွီအေ ထရန်စဖော်မာများ တည်ဆောက်ခြင်း နှင့် ၄ဝဝ ဗို့ ဓာတ်အားလိုင်း တည်ဆောက်ခြင်းလုပ်ငန်းများ စသည့်လုပ်ငန်းများကို ကျပ် ၈၈၈.၆ သန်း ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

ပခုက္ကူခရိုင်တွင် ၁၁ကေဗွီ ဓာတ်အားလိုင်းများနှင့် ၁၁/ဝ.၄ကေဗွီ ၂ဝဝ ကေဗွီအေ ထရန်စဖော်မာများတည်ဆောက်ခြင်းနှင့် ၄ဝဝ ဗို့ဓာတ်အားလိုင်းတည်ဆောက်ခြင်းလုပ်ငန်းများ စသည့် လုပ်ငန်းများကို ကျပ် ၅၈.၇ သန်းဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ဂန့်ဂေါခရိုင်တွင် ၁၁ကေဗွီဓာတ်အားလိုင်းများနှင့် ၁၁/ဝ.၄ကေဗွီ ၂ဝဝ ကေဗွီအေ ထရန်စဖော်မာများတည်ဆောက်ခြင်းနှင့် ၄ဝဝ ဗို့ဓာတ်အားလိုင်း တည်ဆောက်ခြင်းလုပ်ငန်းများ စသည့်လုပ်ငန်းများကို ကျပ် ၃၆၇.၇ သန်းဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

**ဆောက်လုပ်မှုကဏ္ဍ။** ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ ကတ္တရာလမ်းခင်းခြင်း၊ ကတ္တရာလမ်းချဲ့ခြင်း၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ လမ်းအနိမ့်အမြင့် ညှိ၍ ကတ္တရာ ရေပိတ်လွှာလောင်းခြင်း၊ လမ်းပေါက်ဖာထေးခြင်း၊ ကျောက်လမ်းခင်းခြင်း၊ အမာလမ်းခင်းခြင်း၊ မြေသားတာဘောင်ဖို့ခြင်းလုပ်ငန်းနှင့် ကွန်ကရစ်ရေပြွန်များတည်ဆောက်ခြင်းလုပ်ငန်းများ၊ ပေ ၂၀ နှင့် ပေ ၅၀ အထိ RCတံတားတည်ဆောက်ခြင်း၊ ပေ ၅၀ အထက်RC တံတားတည်ဆောက်ခြင်း၊ သစ်သားတံတားများပြုပြင်ခြင်း၊ ကွန်ကရစ်ရေကျော် တည်ဆောက်ခြင်း၊ မြေကာနံရံ တည်ဆောက်ခြင်း၊ ကျောက်စီရေမြောင်းပြုလုပ်ခြင်းနှင့် အထွေထွေလုပ်ငန်းများကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် ကျပ် ၂၅,၆၆၇.၉၀၉ သန်း ဖြင့် လုပ်ငန်းအပိုင်းအခြားအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ ပါသည်။

စည်ပင်သာယာရေးဦးစီးဌာနမှ မြို့ပြလမ်း၊ မြို့ပြတံတားများ တည်ဆောက်ခြင်းလုပ်ငန်းများနှင့် မြို့ရေပေးရေး လုပ်ငန်းများကို ပထမ(၆)လပတ်တွင် တိုင်းဒေသကြီးရန်ပုံငွေ ကျပ် ၁၈၅၃.၈၈၃ သန်းဖြင့် ဆောင်ရွက် နိုင်ခဲ့ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ကျေးလက်လမ်း၊ ကျေးလက်တံတား ကျေးလက်ရေပေးရေး လုပ်ငန်းများကို ပြည်ထောင်စုရန်ပုံငွေ ကျပ် ၆,၂၄၂.၁၁၉ သန်းဖြင့် ဆောင်ရွက်နိုင်ခဲ့ပါသည်။

ဌာနဆိုင်ရာ ဝန်ထမ်းအိမ်ရာများ တည်ဆောက်ခြင်း၊ နည်းပညာတက္ကသိုလ်(ပခုက္ကူ)၊ မကွေးတက္ကသိုလ်နှင့် ဆေးတက္ကသိုလ်တို့မှ တိုးချဲ့တည်ဆောက်မှုများ ဆောင်ရွက်ခဲ့ပါသည်။

မကွေးတိုင်းဒေသကြီးတွင် ၂၀၁၅ ခုနှစ် ဇွန်လနှင့် ဇူလိုင်လအတွင်း ဖြစ်ပေါ်ခဲ့သော ကမာန်မုန်တိုင်း(သဘာဝဘေးအန္တရာယ်)ကြောင့် အိမ် ၄၉၅ လုံး၊ အခြားအဆောက်အဦပေါင်း ၁၈၀၊ ဆည် နှင့် တံတား ၁၉ စင်း၊ လမ်း ၆၄ လမ်း ပြိုကျပျက်စီးခဲ့ပြီး၊ အိမ် ၆၄,၁၄၆ လုံး၊ အခြားအဆောက်အဦ ၄၉၆ လုံး ရေမြုပ် ရေဝင်ခဲ့ပါသဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းကို ဆောင်ရွက် နေဆဲဖြစ်ပါသည်။

**ပို့ဆောင်ရေးကဏ္ဍ။** မကွေးမြို့အခြေစိုက် မကွေး-တောင်ကြီး ပြေးဆွဲသော ဂိတ်သစ်တိုးချဲ့ခြင်း၊ လှိုင်ကော်-မကွေး-ဂန့်ဂေါ ပြေးဆွဲသော ပန်းတိုင်နှင့်မင်းလက်ဝါး အဆင့်မြင့်ယာဉ်အသင်းများမှ လိုင်းတိုးချဲ့ခြင်း၊ ပခုက္ကူ- မကွေး ပြေးဆွဲသော ဧရာဝတီ အဆင့်မြင့်ယာဉ်အသင်း၊ ခရီးသည် ပို့ဆောင်ရေး မှန်လုံမော်တော်ယာဉ်ငယ်အသင်း၊ တောင်ပေါ်သူကုန်စည်ပို့ဆောင်ရေးယာဉ်အသင်းများတိုးချဲ့ခြင်း၊ သရက်ခရိုင်မှ ခရီးသည်တင် စူပါကာစတန်ကားများဖြင့် မန္တလေးမြို့အထိ တိုးချဲ့ပြေးဆွဲခြင်းကြောင့် ဝင်ငွေတိုးတက်ခဲ့သည်။ ထို့အပြင် တိုင်းအတွင်း၊ တိုင်းပြင်ပ၊ မြို့တွင်းနှင့် ကျေးရွာများမှ ဝယ်ယူပြေးဆွဲသော လူစီး ကားများ၊

ခရီးသည်တင် မော်တော်ယာဉ်၊ ကုန်တင်မော်တော်ယာဉ်များ၊ လိုက်ထရပ်စ်ကားများ၊ သုံးဘီးဆိုင်ကယ်များ၊ မော်တော်ဆိုင်ကယ် ကယ်ရီများမှ ဝင်ငွေများပိုမိုရရှိလာပါသည်။

**ဆက်သွယ်ရေးကဏ္ဍ။** မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းအနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင်စာတိုက်ဝင်ငွေ၊ ပုဂ္ဂလိကအခန်းကဏ္ဍမှ အော်ရီဒူးနှင့် တယ်လီနော့တို့မှလည်း မိုဘိုင်းဖုန်း ဆင်းကဒ်များအား ပိုမိုဖြန့်ဖြူးပေးနိုင်သည့်အပြင် တယ်လီဖုန်းခေါ်ဆိုခများ ပိုမိုရရှိခဲ့ပါသည်။

**ငွေရေးကြေးရေးကဏ္ဍ။** နိုင်ငံပိုင် အဖွဲ့အစည်းများအနေဖြင့် မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မြန်မာ့အာမခံ လုပ်ငန်းတို့ဖြင့် ဆောင်ရွက်လျက် ရှိပါသည်။ အသေးစားငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာနမှလည်း ပုဂ္ဂလိက ငွေစုငွေချေး လုပ်ငန်းများအား ဥပဒေနှင့်အညီ တရားဝင် မှတ်ပုံတင်စေပြီး အာမခံချက်ရှိသော၊ အရည်အသွေးပြည့်ဝသော ငွေစုငွေချေးလုပ်ငန်းများဖြစ်စေရေး ကြီးကြပ်ဆောင်ရွက်လျက် ရှိပါသည်။

သမဝါယမကဏ္ဍမှ မြို့နယ်သမဝါယမအသင်းစု၊ ဌာနဆိုင်ရာ၊ ရပ်ကွက်၊ အသေးစားငွေစုငွေချေးသမအသင်းများ၊ ဈေး ၊ လယ်ယာကုန်ထုတ်၊ မွေးမြူရေးကုန်ထုတ် ၊ စက်မှုလက်မှုကုန်ထုတ်၊ လက်လုပ်လက်စား၊ ဂျီအီးစီ သမဝါယမအသင်းများ စသည်ဖြင့် ဖွဲ့စည်းထားပြီး သက်ဆိုင်ရာကဏ္ဍအလိုက် ငွေစုငွေချေးလုပ်ငန်းများကို တိုးတက်ဆောင်ရွက်လျက်ရှိပါသည်။

တိုင်းဒေသကြီးအတွင်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ပုဂ္ဂလိကဘဏ် ၅ ဘဏ် အသစ်ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် စုစုပေါင်း ပုဂ္ဂလိကဘဏ် ၅၉ ဘဏ်၊ ပုဂ္ဂလိကအာမခံလုပ်ငန်း ၁ ခု၊ သမဝါယမဘဏ် ၅ ဘဏ် ဖွင့်လှစ်နိုင်ခဲ့ပြီး ဖြစ်ပါသည်။ အသစ် ဖွင့်လှစ်ခဲ့သည့်ဘဏ်များမှာ ပထမပုဂ္ဂလိကဘဏ်(ဂန့်ဂေါ)၊ ကမ္ဘောဇဘဏ်(စလင်း)၊ ကမ္ဘောဇဘဏ်(ဂန့်ဂေါ)၊ ရွှေဆောင်ဘဏ် (နတ်မောက်)၊ ကမ္ဘာ့ရတနာဘဏ် (ပွင့်ဖြူ)၊ စသည်ဖြင့် စုစုပေါင်း ၅ ဘဏ်အား အသစ် ဖွင့်လှစ် နိုင်ခဲ့ပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် NGO/ INGO ၉ ခု တို့မှလည်း ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

နိုင်ငံပိုင်ဘဏ်များ၊ သမဝါယမဘဏ်များ၊ ပုဂ္ဂလိကဘဏ်များအနေဖြင့် အသေးစား၊ အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချေးငွေများအား တိုးမြှင့်ထုတ်ချေးပေးလျက်ရှိပါသည်။ ရင်းနှီးမြှုပ်နှံမှု လိုအပ်ချက်များအား ဖြည့်ဆည်းပေးနိုင်ရန်အတွက် ချေးငွေများပိုမိုထုတ် ချေးပေးနိုင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ပညာရေး။** တိုင်းဒေသကြီးအတွင်း ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် အထက ၁၂ ကျောင်း၊ အထက(ခွဲ) ၄၃ ကျောင်း၊ အလက ၃၃ ကျောင်း၊ အလက(ခွဲ) ၂၄၃ ကျောင်း၊ မူလွန် ၂၄၂

ကျောင်း၊ အမက၂၉ ကျောင်း၊ အမက(ခွဲ) ၄၉ ကျောင်း၊ စုစုပေါင်း ၆၄၃ ကျောင်းအား အဆင့်တိုးမြှင့်ပြီးဖြစ်ပါသည်။ ပညာရေးဝန်ကြီးဌာန၏ ပထမခြောက်လပတ်အတွင်း ငွေလုံးငွေရင်း ဖြင့် အထက ၁၆ ကျောင်း၊ အထက(ခွဲ) ၂၇ ကျောင်း၊ အလက ၁၈ ကျောင်း၊ အလက(ခွဲ) ၂၂ ကျောင်း၊ မူလွန် ၄၀ ကျောင်း၊အမက ၃၁ ကျောင်း၊ ကျောင်းစာကြည့်တိုက်(၂)ခု၊ မူကြို ၂၇၈ ကျောင်း၊ မြို့နယ်ပညာရေးမှူးရုံး(၁)ရုံး၊ စုစုပေါင်းကျောင်း ၄၃၅ ကျောင်းအသစ်ဆောက်လုပ်ခြင်းနှင့် ပြုပြင်မွမ်းမံခြင်းများအတွက် ကျပ် ၉၉၈.၇၉ သန်း အကုန်အကျခံ ဆောက်လုပ်ဆောင်ရွက်ဆဲဖြစ်ပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများ၌ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှု ဖြစ်ပွားခဲ့သော အမှတ်(၂)အခြေခံပညာဦးစီးဌာနမှ ရေမြုပ်ရေဝင်သည့် ကျောင်းပေါင်း ၄၄၄ ကျောင်း နှင့် ပြိုကျပျက်စီးသည့် ကျောင်းပေါင်း ၂၉ ကျောင်း၊ စုစုပေါင်း ၄၇၃ ကျောင်းအတွက် ကျပ် ၂၉၀.၅၁ သန်း ပျက်စီးခဲ့ရာ ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆက်လက် ဆောင်ရွက်လျက်ရှိပါသည်။

**ကျန်းမာရေး။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တိုက်နယ်ဆေးရုံ တည်ဆောက်ခြင်း၊ ပြည်သူ့ ဆေးရုံလူနာဆောင်များ တိုးချဲ့ဆောက်လုပ်ခြင်း၊ ကျေးလက်ကျန်းမာရေးဌာန/ ဌာနခွဲ တည်ဆောက်ခြင်း လုပ်ငန်းများအတွက် ငွေလုံးငွေရင်းရန်ပုံငွေ ဖြင့် ကျပ်သန်း ၃,၄၅၀ အကုန်အကျခံ ဆောက်လုပ်ဆဲဖြစ်ပါသည်။

မကွေးတိုင်းဒေသကြီးအတွင်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဇွန်၊ ဇူလိုင်၊ ဩဂုတ်လ များ၌ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုဖြစ်ပွားခဲ့သော ကျန်းမာရေးဦးစီးဌာနမှ မင်းဘူးခရိုင် နှင့် ပခုက္ကူခရိုင်အတွင်းရှိ ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဌာနများ အတွက် ကျပ် ၁၀၆.၉ သန်း ပျက်စီးဆုံးရှုံးခဲ့ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ကိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

**ဟိုတယ်နှင့်ခရီးသွားဝန်ဆောင်မှုကဏ္ဍ။** မကွေးတိုင်းဒေသကြီးအတွင်း ဟိုတယ် ၁၃ လုံး၊ တည်းခိုရိပ်သာ ၁၁၉ လုံးဖြင့် ခရီးသွားများ အဆင်ပြေချောမွေ့ တည်းခိုနိုင်ပြီး ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်လျက်ရှိပါသည်။

မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ပထမ(၆) လပတ်တွင် လေးခန်းတွဲ လေးထပ်အိမ်ရာသုံးလုံး အတွက် ကျပ် ၃၉၇.၁၆ သန်းဖြင့် ဆောင်ရွက်လျက်ရှိ ပါသည်။

သမဝါယမပိုင် အခန်းမှ တည်းခိုခန်းလုပ်ငန်း၊ အခြားလုပ်ငန်းများ၏ ဝင်ငွေများ၊ ပုဂ္ဂလိကပိုင် အခန်းမှ ပုဂ္ဂလိကဆေးရုံ၊ ဆေးကုသခန်းလုပ်ငန်း၊Beauty Salon၊ Body

Fitness Center၊ Internet Café၊ Game Centre၊ Day Special၊ ဟိုတယ်နှင့် တည်းခိုခန်းများ၏ ဦးရေနှင့်ဝင်ငွေများ၊ ကျူရှင်လုပ်ငန်း၊ ရှေ့နေလုပ်ငန်း၊ ဓာတ်ပုံလုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်း တို့မှ ဝင်ငွေများ တိုးတက်ခဲ့ပါသည်။

**ကုန်သွယ်မှုကဏ္ဍ။** မကွေးတိုင်းဒေသကြီးအတွင်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုကဏ္ဍနှင့် ပတ်သက်၍ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ကုန်သွယ်ရေး မူဝါဒများ ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်း လုပ်ထုံးလုပ်နည်းများ ရေးဆွဲချမှတ် ကျင့်သုံးနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။ မကွေးတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ ဆီအိုးကြီးဖြစ်သည့် အလျောက် ဆီနှင့်ဆက်စပ်သော ပုဂ္ဂလိကကဏ္ဍကုန်သွယ်မှုဖွံ့ဖြိုးရေးနှင့် အသေးစား၊ အလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးရေးဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပထမ(၆) လပတ် လျာထားချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ် လမ်းညွှန်မှုကိုခံယူကာ ဌာနဆိုင်ရာ များနှင့် ပြည်သူများပူးပေါင်းပါဝင်၍ ဆောင်ရွက်လျက်ရှိပါသည်။ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်လာခြင်း၊ ဝန်ဆောင်မှုလုပ်ငန်းများဖွံ့ဖြိုးလာခြင်း တိုင်းဒေသကြီးအတွင်း၌ ပြည်သူများ အားအလုပ်အကိုင် အခွင့်အလမ်းများရရှိလာစေပြီး ဆင်းရဲမှုလျှော့ချရေးကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည် ဖြစ်ပါသည်။


**မန္တလေးတိုင်းဒေသကြီး**

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ပထမ(၆)လပတ်တွင် မန္တလေးတိုင်းဒေသကြီး၏ စုစုပေါင်း ထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်း**အရ **ကျပ် ၂,၇၀၁,၃၈၉.၀ သန်း အကောင်အထည်ဖော်ရန်** လျာထားပါသည်။

**ပုံ(၆-၉) မန္တလေးတိုင်းဒေသကြီး၏**

**၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ပထမ(၆)လပတ်တွင် မန္တလေးတိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်း**အရ **ကျပ် ၂,၅၄၂,၈၁၄.၇ သန်း** ဖြစ်ပေါ်ခဲ့၍ ပထမ(၆)လပတ်လျာထားချက်အပေါ် **၉၄.၁** ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**အရ **၇.၉ ရာခိုင်နှုန်း** တိုးတက်ခဲ့ပါသည်။

**လယ်ယာကဏ္ဍ**။ ပထမ(၆)လပတ်တွင် **သီးနှံစိုက်ဧက ၃,၆၈၀,၂၁၂ စိုက်ပျိုးခဲ့ပါသည်**။ သက်တမ်းတို အထွက်ကောင်းမျိုးများ ဖြစ်သည့် မနောသုခ ၂၀၁,၃၃၁ ဧက၊ ရွှေသွယ်ရင် ဧက ၄၅,၀၀၀၊ ရေဆင်း လုံးသွယ် ၃,၅၇၄ ဧက၊ အခြားအထွက်ကောင်း ၄၅,၆၇၉

ဧက နှင့် အထူးအထွက်ကောင်း ဧက ၈,၀၀၀ စိုက်ပျိုးခဲ့ပြီး ပဲမျိုးစုံ နှင့် ဆီထွက်သီးနှံမျိုးများ အားပြောင်းလဲ စိုက်ပျိုးလာခြင်းကြောင့် သီးနှံ တစ်ဧက ပျမ်းမျှ အထွက်နှုန်း တိုးတက်ခဲ့ပါသည်။

**သားငါးကဏ္ဍ။** ပထမ(၆)လပတ်တွင် ငါးပုစွန် ပိဿာ **၁၇.၇၃၁** သန်း၊ အသား ပိဿာ **၆၈.၀၈၇** သန်း ထုတ်လုပ်နိုင်ခဲ့ပါသည်။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ စံပြ တိုင်းရင်းကြက် မျိုးပွားခြံ ထူထောင်၍ ကြက်များ တိုးချဲ့မွေးမြူခြင်း၊ ကူးစက်ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်း၊ နွားမျိုးကောင်း မျိုးသန့်များ ပြန့်ပွားရေးလုပ်ငန်းများကို ဆောင်ရွက် ပေးနိုင်ခဲ့ပါသည်။

၂၀၁၅ ခုနှစ်၊ ဇူလိုင်လ နှင့် ဩဂုတ်လ အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုများ ကြောင့် မြင်းခြံမြို့နယ်၊ ထနောင်းကုန်းကျေးရွာ၊ ဒေါင်းအင်း နှင့် ရှင်ဒေါင်းမအင်း တစ်ပိုင် တစ်နိုင် ငါးသားပေါက်စခန်း (၂) ခု ရေလွှမ်းမိုးမှုဖြစ်ပေါ်ခြင်း၊ ပြင်ဦးလွင်ခရိုင်၊ သပိတ်ကျင်း မြို့နယ်တွင် သုတေသနအင်း အဖြစ်ဆောင်ရွက်နေသော ပင်လယ်ငယ် ကိုးပင်အင်းတွင် ရေကြီး ရေလျှံမှုများ ဖြစ်ပေါ်ခြင်းတို့ကြောင့် မျိုးစိုက်ထည့်ထားသည့် ငါးပိဿာချိန် ၁၃,၀၀၀ ခန့် ဆုံးရှုံးခဲ့ပါသည်။

**သစ်တောကဏ္ဍ။** မန္တလေးတိုင်းဒေသကြီးတွင် မြေဧရိယာ စုစုပေါင်း၏ ၂၃.၅ ရာခိုင်နှုန်း ခန့် သစ်တောများဖြင့် ဖုံးလွှမ်းလျက် ရှိပါသည်။ ပထမ(၆)လပတ်တွင် ကျွန်းကုဗတန် ၁၄၉၊ သစ်မာကုဗတန် ၁၀,၄၄၆၊ ထင်း ကုဗတန် ၇၁၃,၁၄၁၊ မီးသွေးကုဗတန် ၄၀၊ ဝါး လုံးရေထောင် ၄၄,၂၄၁၊ ကြိမ် လုံးရေထောင် ၆၁၄ တို့ကို ထုတ်လုပ် နိုင်ခဲ့ပါသည်။

**စွမ်းအင်ကဏ္ဍ။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ငါးသျှန်တောင် နှင့် တက်မဒေသ နှစ်ခုမှ ရေနံစိမ်း အမေရိကန်စည် **၆,၀၀၀** ထုတ်လုပ်ခဲ့ပါသည်။

**သတ္တုနှင့်တွင်းထွက်စွည်းကဏ္ဍ။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် နိုင်ငံပိုင်အခန်းမှ သံမဏိတုံး တန်ရှည် ၁၄,၅၀၈.၃၀၊ ပုဂ္ဂလိကပိုင်အခန်းမှ ရွှေ ထရိုင်အောင်စ ၁၇,၆၂၂.၇၂၊ ကျောက်မီးသွေး မ/တန် ၇,၇၀၀ နှင့် မာဘယ်လ်ကျောက်တုံး တန် ၁,၁၂၀ ထုတ်လုပ် ခဲ့ပါသည်။

**စက်မှုလက်မှုကဏ္ဍ။** မန္တလေးတိုင်းဒေသကြီးတွင် နိုင်ငံပိုင် စက်ရုံ ၈၁ ရုံ၊ မြန်မာ့ စီးပွားရေး ဦးပိုင် လီမိတက်စက်ရုံ ၈ ရုံ၊ ပုဂ္ဂလိကမှတ်ပုံတင်မှု လုပ်ငန်းများ ၇,၄၄၃ ခု အပါအဝင် စုစုပေါင်း အလုပ်ရုံဦးရေ ၁၂,၄၄၀ ရုံ ဖြင့် စက်မှုလက်မှု ကုန်ပစ္စည်းများ ထုတ်လုပ်လျက် ရှိပါသည်။

**လျှပ်စစ်ဓာတ်အားကဏ္ဍ** ။ နိုင်ငံပိုင်အခန်းမှ လျှပ်စစ်မီးများ ပိုမိုရရှိ သုံးစွဲလာနိုင်ပြီး ပုဂ္ဂလိက အခန်းမှလည်း စပါးခွံ လောင်စာ၊ ဒီဇယ်၊ နေရောင်ခြည်ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်သုံးစွဲမှုများ ပိုမိုခဲ့ပါသည်။ ပြင်ဦးလွင်ခရိုင်၊ ကျောက်ဆည်ခရိုင်၊ မိတ္ထီလာခရိုင်၊ မြင်းခြံ

ခရိုင်တို့တွင် မြန်မာ့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးမှ လျှပ်စစ်ဓာတ်အားဝယ်ယူကာ ၂၄ နာရီ သုံးစွဲခွင့်ရရှိအောင် ကုမ္ပဏီကြီးများက ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါသည်။ မန္တလေးတိုင်းဒေသကြီးအတွင်း မီးလင်းပြီးမြို့(၂၈) မြို့နှင့် မီးလင်းပြီးကျေးရွာပေါင်း ၃,၈၄၁ ရှိပါသည်။ မီးလင်းပြီး အိမ်ခြေပေါ်၌ လျှပ်စစ်မီးသုံးစွဲနိုင်သော ရာခိုင်နှုန်းမှာ ၉၈.၄၁ ရာခိုင်နှုန်း ဖြစ်ပါ သည်။

**ဆောက်လုပ်မှုကဏ္ဍ။** ဝန်ကြီးချုပ်နေအိမ် ဆောက်လုပ်ခြင်း၊ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်း၊ အိုးအိမ်ဦးစီးဌာနမှ လူနေအိမ်အဆောက်အဦများဆောက်လုပ်ခြင်း၊ လွှတ်တော် အဆောက်အဦ ပင်မဆောင် ဆောက်လုပ်ခြင်း၊ မြို့တော်စည်ပင်သာယာရေးကော်မတီမှ မြရည် နန္ဒာ တန်ဖိုးနည်းအိမ်ရာ၊ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ခြင်း၊ ကျန်းမာရေးဝန်ကြီးဌာနမှ အဆင့်မြင့် ဆေးဝါးစက်ရုံ တည်ဆောက်ခြင်း၊ ယဉ်ကျေးမှုတက္ကသိုလ် တည်ဆောက်ခြင်း၊ ပြင်ဦးလွင်ခရိုင်၊ မိတ္ထီလာခရိုင်၊ ညောင်ဦးခရိုင်များတွင် အိုးအိမ်ဦးစီးဌာနမှ လူနေအိမ် အဆောက် အဦများဆောက်လုပ်ခြင်း၊ ပညာရေးဝန်ကြီးဌာနမှ အဆောက်အဦများဆောက်လုပ်ခြင်း၊ ကျန်းမာရေးဦးစီးဌာန ဆေးရုံဆေးခန်းများ ဆောက်လုပ်ခြင်း၊ ဇဟိုဝန်ထမ်း တက္ကသိုလ်ဆေးရုံ အဆောက်အဦ နှင့် မွေးမြူရေးခြံ တိုးချဲ့ခြင်း၊ အမှတ်(၁) သံမဏိစက်ရုံ တိုးချဲ့တည်ဆောက်ခြင်း၊ ဆည်မြောင်းဦးစီးဌာနမှ ဆည်များတည်ဆောက်ပြုပြင်ခြင်း၊ လမ်းဦးစီးဌာနမှ လမ်းများ တည်ဆောက်ပြုပြင်ခြင်း၊ ကျေးလက်ဦးစီးဌာနမှ လမ်းနှင့်တံတားများ ဖောက်လုပ်ပြုပြင်ခြင်း၊ လျှပ်စစ်မီး ရရှိရေးအတွက် ဆောင်ရွက်ခြင်း၊ စည်ပင်သာယာရေးကော်မတီမှ လမ်း နှင့် တံတားများ တည်ဆောက်ပြုပြင်ခြင်း၊ ကျေးလက် မြို့ပြ ရေရရှိရေး ဆောင်ရွက်ခြင်း၊ ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းမှ လမ်းဖောက်လုပ်ခြင်း၊ လမ်းများ ပြင်ဆင် မွမ်းမံခြင်း၊ တံတား တည်ဆောက်ခြင်း၊ စည်ပင်သာယာရေး ဦးစီးဌာနမှ ကျေးရွာချင်းဆက် လမ်း၊ တံတား တည်ဆောက်ပြင်ဆင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

**ပို့ဆောင်ရေးကဏ္ဍ။** လေကြောင်းပို့ဆောင်ရေးလုပ်ငန်းမှ တံတားဦးမြို့နယ်၊ ညောင်ဦး မြို့နယ်နှင့် ချမ်းမြသာစည်မြို့နယ် တို့ရှိ လေယာဉ်ကွင်းများ ပြုပြင်တည်ဆောက်ခြင်း၊ အဆင့် မြှင့်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ ပါသည်။

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး ဧရာဝတီ ဌာနခွဲမှ ဌာနပိုင် ရေယာဉ်များဖြင့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ခြင်း လုပ်ငန်းကို အဓိက ဆောင်ရွက်ခဲ့ပါသည်။ ကုန်းလမ်းပို့ဆောင်ရေး၊ ကုန်စည်ပို့ဆောင်ရေးဌာနခွဲ (မန္တလေး) မှ ဩဂုတ်လအတွင်း မိုးသည်း ထန်စွာ ရွာသွန်းမှုကြောင့် ရေဘေးသင့်ဒေသများသို့ (၁၁-၈-၂၀၁၅) ရက်နေ့ မှ (၂-၉-၂၀၁၅) ရက်နေ့အထိ ကယ်ဆယ်ရေးပစ္စည်းမျိုးစုံ (ဆန်၊ ဆီ၊ ဆား၊ အဝတ်အထည် နှင့် လူသုံးကုန် ပစ္စည်းမျိုးစုံ) တို့ကို ဌာနပိုင်ယာဉ် ၂၃ စီး ဖြင့်ပို့ဆောင် ပေးနိုင်ခဲ့ပါသည်။

**ဆက်သွယ်ရေးကဏ္ဍ။** ခေတ်မီဆက်သွယ်ရေးစနစ်များဖြင့် ဒေသဖွံ့ဖြိုးတိုးတက်မှု ရရှိရေးအတွက် မိုက်ခရိုဝေ့ဗ် ဆက်ကြောင်း ၂၀ ကို တိုးချဲ့ခြင်း၊ Auto တယ်လီဖုန်း ၅၁ လုံး၊ GSM Mobile တယ်လီဖုန်း ၃၄၆,၆၀၈ လုံး တို့ကို အသစ်တပ်ဆင်ခြင်း နှင့် ပုဂ္ဂလိက တယ်လီဖုန်း ဝန်ဆောင်မှုများကိုလည်း တိုးချဲ့နိုင်ခဲ့ပါသည်။ တယ်လီဖုန်း ခေါ်ဆိုသည့် ကြိမ်ရေ များပြားလာပြီး သုံးစွဲခ ဝင်ငွေ များ ပိုမို ရရှိ လာပါသည်။

**ငွေရေးကြေးရေးကဏ္ဍ။** နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်ဘဏ်များ၏ ဝန်ဆောင်မှုများ တိုးတက်လာခြင်း၊ သမဝါယမငွေစုငွေချေးအသင်းများမှ ဝင်ငွေများပိုမိုရရှိလာခြင်း၊ နွားထိုးကြီး မြို့နယ်တွင် ကမ္ဘောဇဘဏ်ခွဲ ၁ ခု၊ တံတားဦးမြို့နယ်တွင် မြဝတီဘဏ်ခွဲ ၁ ခု နှင့် မြင်းခြံ မြို့နယ်တွင် ယူနိုက်တက် အမရာဘဏ်ခွဲ ၁ ခု ၊ စုစုပေါင်း ပုဂ္ဂလိက ဘဏ်ခွဲအသစ် ၃ ခု ထပ်မံ ဖွင့်လှစ်ခြင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့ချရေး လုပ်ငန်းစဉ်များအရ ကျေးလက်နေ ပြည်သူများ၏ လူမှုဘဝ ဖွံ့ဖြိုး တိုးတက်ရေးအတွက် INGO ၄ ဖွဲ့၊ NGO ၂ ဖွဲ့၊ သမဝါယမ ၃ ဖွဲ့၊ ပြည်ပကုမ္ပဏီ ၄ ဖွဲ့၊ ပြည်တွင်းကုမ္ပဏီ ၃၉ ဖွဲ့ တို့မှ အသေးစား ငွေချေးလုပ်ငန်းများ ပိုမို ဆောင် ရွက်နိုင်ခဲ့ပါသည်။

**လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ ။** ကျေးရွာစာကြည့်တိုက်၊အားကစားရုံများ၊ကျေးလက် မီးလင်းရေး အသုံးစရိတ်များ၊ ကျေးလက် လမ်းတံတားကိစ္စရပ်များ၊ ပညာရေး ကျောင်းဆောင် များနှင့် ဇူလိုင်လအတွင်း ရေဘေးသင့်ခဲ့သောဒေသများကို လူမှုစောင့်ရှောက်ရေး အစီအစဉ် ဆောင်ရွက်ခဲ့ပါသည်။ ရေဘေးသင့်ဒေသများ စီးပွားရေး အရှုံးအဟုန် မပျက်အောင် စိုက်ပျိုးရေး ကဏ္ဍများ၊ ကျွဲနွား တိရစ္ဆာန် ကာကွယ်ရေး လုပ်ငန်းများ၊ စားနပ်ရိက္ခာ ဖြန့်ဖြူးရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ကို ဦးစားပေးအဆင့် သတ်မှတ်ဆောင်ရွက်နိုင်ခဲ့ပါသည်။

တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ၏ ကျန်းမာရေးကို ပိုမိုထိရောက်စွာ စောင့်ရှောက် နိုင်ရန်အတွက် ဆေးရုံများ ပိုမိုတိုးချဲ့ဖွင့်လှစ်ခြင်း၊ ဆရာဝန်နှင့် သူနာပြုများ ပိုမိုတိုးချဲ့ ခန့်ထား ခြင်း နှင့် ကျန်းမာရေးအသုံးစရိတ်များ တိုးချဲ့ခွင့်ပြုခြင်း ဆောင်ရွက်ခဲ့ပါသည်။

**ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ။** ပုဂ္ဂလိကကျောင်းများ၊ ပုဂ္ဂလိကဆေးရုံ၊ ပုဂ္ဂလိကဆေးခန်း၊ ဟိုတယ်၊ တည်းခိုခန်း နှင့် ခရီးသွားလုပ်ငန်းများ၏ ဦးရေ နှင့် ဝင်ငွေများ တိုးတက် ခဲ့ပါသည်။

**ခရီးသွားလုပ်ငန်း။** မန္တလေးမြို့တော်သည် မော်တော်ကားလမ်းများဆုံရာ အချက်အချာ ကျသည့် မြို့တော်ဖြစ်ခြင်း၊ အာဆီယံလမ်းကြောင်းပေါ်တွင် တည်ရှိခြင်း၊ တံတားဦး အပြည်ပြည် ဆိုင်ရာ လေဆိပ်တည်ရှိခြင်း၊ မြန်မာ ရှေးဟောင်းယဉ်ကျေးမှု အဆောက်အအုံ၊ နန်းတော်၊ စေတီ ပုထိုးများ၊ လက်မှုပညာလုပ်ငန်း ၁၀မျိုး တို့ရှိခြင်း၊ မြန်မာပြည်၏ ဗဟိုလမ်းဆုံ နေရာတွင်ရှိခြင်း၊

ရေကြောင်း၊ ကုန်းကြောင်း၊ လေကြောင်း တို့ဖြင့် ပြည်တွင်း ပြည်ပ ဆက်သွယ် သွားလာ နိုင်ခြင်း၊ သဘာဝရေမြေ နှင့် ရာသီဥတု ကောင်းမွန်ခြင်းတို့ကြောင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရန် အခြေခံကောင်းများ တည်ရှိပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ပထမ(၆)လပတ်တွင် ဟိုတယ် ၂၃၅ လုံး၊ အခန်းပေါင်း ၉,၉၇၆ နှင့် ဧည့်သည် ဦးရေ ၁၉,၉၅၂၊ တည်းခိုခန်း ၄၂၁ ခန်း၊ အခန်းပေါင်း ၇,၁၅၇ ခန်း နှင့် ဧည့်သည်ဦးရေ ၁၄,၃၁၄ တည်းခို နိုင်ခဲ့ပါသည်။ မှတ်ပုံတင်ထားသည့် ဧည့်လမ်းညွှန်(ပြည်တွင်း) ၁,၁၀၆ ဦး ရှိသဖြင့် ခရီးသွားလာရေးလုပ်ငန်းတွင် များစွာ အထောက်အကူ ဖြစ်စေပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် ဧည့်သည် ဝင်ရောက်မှုမှာ ပြည်တွင်းမှ ၂၉၁,၅၂၁ ဦး၊ ပြည်ပမှ ၁၇၂,၁၈၈ ဦး ဖြစ်ခဲ့ပါသည်။

**ကုန်သွယ်မှုကဏ္ဍ။** လယ်ယာ၊ သားငါး၊ သစ်တော၊ စွမ်းအင်၊ သတ္တု နှင့် တွင်းထွက်ပစ္စည်း၊ စက်မှုလက်မှုကဏ္ဍတို့မှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများနှင့် သွင်းကုန် ပစ္စည်းများ၏ ပြည်တွင်းပြည်ပဈေးကွက်သို့ ကုန်သွယ်နိုင်မှုမှာ ယခင်နှစ်အလားတူ ကာလထက် တိုးတက်ခဲ့ပါသည်။

## ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ငန်း ဆောင်ရွက်ချက်များ

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် တိုင်းဒေသကြီးအတွင်း နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု အနေဖြင့် အမေရိကန်ဒေါ်လာ ၁၈.၉၇ သန်း ဖြင့် BOT စနစ်ဖြင့် ထိုင်းနိုင်ငံမှ ဆောင်ရွက်မည့် မန္တလေးစက်မှုဇုန် ဗဟိုရေဆိုးသန့်စင်စက်ရုံ နှင့် ရေဆိုးသန့်စင် စုဆောင်းရေး စနစ် စီမံကိန်း လုပ်ငန်း ၁ ခု ကို ခွင့်ပြုမိန့် ထုတ်ပေးခဲ့ပါသည်။

မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုအနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပထမ(၆) လပတ်တွင် ဟိုတယ်လုပ်ငန်း ၂ ခု၊ ဘိလပ်မြေ ထုတ်လုပ်ခြင်းလုပ်ငန်း ၁ ခု၊ စုစုပေါင်း လုပ်ငန်း ၃ ခု ကို ခွင့်ပြုမိန့် ထုတ်ပေး ခဲ့ပါသည်။

## ထူးခြားဖြစ်စဉ်များဖြစ်ပွားမှု

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အစီရင်ခံသည့်ကာလအတွင်း မန္တလေးတိုင်းဒေသကြီးတွင် သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်မှုများမှာ ဖော်ပြပါ အတိုင်း ဖြစ်ပါသည်။

**(က) မိုးသည်းထန်စွာရွာသွန်းမှုကြောင့်ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခြင်း**

ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ်၊ သပိတ်ကျင်းမြို့နယ်နှင့် မိုးကုတ်မြို့နယ် တို့တွင် မိုးသည်းထန်စွာရွာသွန်းသဖြင့် လူနေအိမ် ၉၈ လုံး၊ ပြိုကျ ပျက်စီး ခဲ့ပြီး လူ ၁၁ ဦး၊ ကျွဲနွား ၃၁ ကောင် သေဆုံးခဲ့ပါသည်။ ဘုန်းတော်ကြီးကျောင်း၊ သံဃာဆောင် ၁ ဆောင်၊ မူလတန်းစာသင်ဆောင်၊ ကျောင်း အုတ်တံတိုင်း၊ ခြံစည်းရိုးနှင့် မြို့ပြကျေးလက်ရှိ လမ်း၊ တံတား နှင့် ရေပေးဝေရေးပိုက်လိုင်းများ ပျက်စီး

ဆုံးရှုံးခဲ့ပါသည်။ စုစုပေါင်း ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ ကျပ် ၁,၀၃၇.၀၇ သန်း ဖြစ်ပါသည်။

**(ခ) မြစ်ရေမြင့်တက်မှုကြောင့် ယာယီရွှေ့ပြောင်းခြင်းနှင့် ပျက်စီးဆုံးရှုံးမှု**

မြစ်ရေစတင်မြင့်တက်လာသဖြင့် မြင်းခြံမြို့နယ်၊ တောင်သာမြို့နယ်၊ ညောင်ဦးမြို့နယ် တို့တွင် စာသင်ကျောင်း ၈၉ ကျောင်း ရေဝင်သဖြင့် ကျောင်းများ ယာယီပိတ်ထားခဲ့ပါသည်။ ဘုန်းတော်ကြီးကျောင်း ၁၂၂ ကျောင်းတွင် မြစ်ရေဝင်ရောက် ခဲ့ပါသည်။ အဆိုပါမြို့နယ် မြစ်ကမ်းဘေးနှင့် မြစ်အတွင်းရှိ ကျွန်းများပေါ် နေထိုင်သော ပြည်သူများ ရေလွတ်ရာသို့ ယာယီပြောင်းရွှေ့ခဲ့ကြပြီး (၂၀.၈.၂၀၁၅) ရက်နေ့မှစ၍ မြစ်ရေ ကျဆင်းသွားသဖြင့် မိမိတို့၏ နေအိမ်များသို့ ပြန်လည်ပြောင်းရွှေ့ပြီးဖြစ်ပါသည်။ မြစ်ရေမြင့်တက်မှုကြောင့် လူနေအိမ် ၃၄ လုံး၊ စာသင်ကျောင်း ၁ ကျောင်း၊ ဘုရား ၁ ဆူနှင့် မိုးစပါး ၉.၅၃ ဧက ပျက်စီးခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုးမှာ ကျပ် ၄၃.၅၃၁ သန်း ဖြစ်ပါသည်။

**ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မှုများ**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့သည် တိုင်းဒေသကြီးအတွင်း ဆင်းရဲနွမ်းပါးမှု လျှော့ချရေး၊ အလုပ်အကိုင်များ ပေါ်ထွက်လာရေး၊ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ အကောင်အထည် ဖော်ရေး စသည့် ရည်မှန်းချက်များဖြင့် ဒေသဖွံ့ဖြိုးမှု နိမ့်ကျလျက် ရှိသော မြင်းခြံခရိုင်၊ မြင်းခြံမြို့နယ် နှင့် ငါန်းဇွန်မြို့နယ်တို့တွင် ဆီးမီးခုံ ဧရာဝတီ ဆိပ်ကမ်းနှင့် ငါန်းဇွန်မြို့နယ်၊ မြို့သာစက်မှုဥယျာဉ် တည်ဆောက်ရေးလုပ်ငန်းတို့ကို မန္တလေးမြို့ အခြေစိုက် မန္တလေးမြို့သာစက်မှုဥယျာဉ်ဖွံ့ဖြိုးတိုးတက်ရေးအများပိုင်ကုမ္ပဏီ (MMID) နှင့် ပူးပေါင်း အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိပါသည်။ မြို့သာစက်မှုဥယျာဉ်မြို့တော် စီမံကိန်း အကောင်အထည်ဖော်နိုင်ရေး အတွက် စုစုပေါင်း ၉,၄၀၄.၄၃ ဧကကို ဥပဒေ၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ အသုံးပြုခွင့် ရရှိရေး ဆောင်ရွက်ခဲ့ပါသည်။ ၎င်းစီမံကိန်း လုပ်ငန်းများ ပြီးစီးသွားပါက ဒေသအနီးရှိ လူငယ်များ အလုပ်အကိုင် အခွင့်အလမ်း ၂ သိန်းခန့် ဖြစ်ပေါ်လာမည် ဖြစ်ပါသည်။


## မွန်ပြည်နယ်

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒေသန္တရ စီမံကိန်း ပထမ ( ၆ ) လပတ်တွင် မွန်ပြည်နယ်၏ စုစုပေါင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်း**အရ ကျပ် **၈၆၉,၂၅၈.၀** သန်း အကောင်အထည်ဖော်ရန်လျာထား ပါသည်။

**ပုံ(၆-၁၀) မွန်ပြည်နယ်၏**

**၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ပထမ(၆)လပတ်တွင် မွန်ပြည်နယ်၏ စုစုပေါင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်း**အရ ကျပ် **၉၄၃,၄၄၇.၅** သန်း ဖြစ်ပေါ်ခဲ့၍ ပထမ(၆)လပတ် လျာထားချက် အပေါ် **၁၀၈.၅** ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**အရ **၇.၉** ရာခိုင်နှုန်း တိုးတက်ခဲ့ ပါသည်။

**လယ်ယာကဏ္ဍ။** ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ် အစီရင်ခံသည့် ကာလတွင် စုစုပေါင်း သီးနှံစိုက်ဧက ၁၆၁၈၈၃၀ စိုက်ပျိုးနိုင်ခဲ့ပါသည်။ စပါးမျိုးကွဲများဖြစ်သော ပေါ်ဆန်းရင် ၊ ဆင်းသွယ်လတ် ၊ သီးထပ်ရင် ၊ ပုလဲသွယ် စသော စပါးမျိုးကောင်းမျိုးသန့်များကို စိုက်ပျိုးခဲ့ပါ

သည် ။ ပြည်ပပို့ကုန်အတွက် အရေးပါသော စက်မှုကုန်ကြမ်းသီးနှံဖြစ်သည့် ကြက်ပေါင်စေးကို ၄၉၁,ဂ၉၁ ဧက စိုက်ပျိုးနိုင်ပြီး အစေးလှီးနိုင်သည့် ဧကမှာ ၂၉ဂ,၇၃၃ ဖြစ်ပါသည် ။

ခါတ်မြေသြဇာ အသုံးပြုမှု အနေဖြင့် ယူရီးယား ၊ တီစူပါ ၊ ပိုတက်ရှ် ၊ သဘာဝဓာတ်မြေသြဇာ တို့ကိုမက်ထရစ်တန် ၁၅,၈၉၇ သုံးစွဲခဲ့ပါသည် ။

စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးမှုတွင် မိုးရာသီချေးငွေ တစ်ဧက ကျပ် တစ်သိန်းနှုန်း ဖြင့် ၂၉၄ဂ၃၃ ဧကအတွက် ကျပ် ၂၉၄.ဂ၃၃ သန်းထုတ်ချေးခဲ့ပြီး ဖြစ်ပါသည် ။

**သားငါးကဏ္ဍ။** ပထမ (၆) လပတ်တွင် ငါး၊ ပုစွန်ထုတ်လုပ်မှု ပိဿာ ထောင်ပေါင်း ၆၁,၃၈၃ ထုတ်လုပ်နိုင်ခဲ့ပါသည်။ **မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပင်လယ်ပြင်သို့ ငါးဖမ်းလှေများထွက်ခွာမှု လျော့နည်းခဲ့ခြင်းကြောင့် ရေငန်ငါး ၊ ပုစွန်ထုတ်လုပ်မှု လျော့နည်းခဲ့သော်လည်း မွေးမြူရေးငါး ၊ မွေးမြူရေးပုစွန် ၊ အင်းငါးနှင့် ဘုံငါးဖမ်း လုပ်ငန်းတို့မှ ပိုမိုထုတ်လုပ်နိုင်ခဲ့ပါသည်။ ပထမ**(၆)လပတ်တွင် **အသားထုတ်လုပ်မှု** ပိဿာထောင်ပေါင်း ၂၉၉၉၇ ထုတ်လုပ်နိုင်ခဲ့ပါသည်။ **ပြည်နယ်အတွင်းမွေးမြူရေးလုပ်ကိုင်ရန် ရေမြေရာသီဥတု သင့်တင့်ခြင်း၊ ဒေသထွက်အစာများ အလွယ်တကူရရှိနိုင်ခြင်း၊ ရေလိုအပ်ချက်လုံလောက်ခြင်း၊ မွေးမြူရေးလုပ်ငန်းအပေါ် စိတ်ဝင်စားသူများပြားခြင်း၊ လျှပ်စစ်မီးရရှိမှုတိုးတက်ခြင်း၊ မွေးမြူရေးအတွက် ကျေးလက်ဘဏ်မှ ချေးငွေများထုတ်ပေးခြင်း၊ မွေးမြူရေး တိရစ္ဆာန်များ ဖြန့်ဖြူးပေးခြင်း၊ လှည့်ပတ်ရန်ပုံငွေထုတ်ပေး၍ မွေးမြူရေးကျေးရွာထူထောင်ပေးခြင်းများ ဆောင်ရွက်ပေးသဖြင့် မွေးမြူရေးလုပ်ငန်းများ တိုးတက်မှုရှိကြောင်း တွေ့ရှိရပါသည်။**

**သစ်တောကဏ္ဍ။** သစ်တောကဏ္ဍအနေဖြင့်ယခင်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါကထုတ်လုပ်မှု လျော့နည်းကြောင်း တွေ့ရှိရပါသည်။ **ပုဂ္ဂလိကပိုင်အခန်းမှ သစ်မာထုတ်လုပ်မှု လျော့နည်းခြင်း ၊ ဝါး ၊ ဓနိသက်ငယ် ၊ လျှော် ထုတ်လုပ်မှုများကို ပုဂ္ဂလိက လုပ်ငန်းရှင်များမှ လုပ်ကိုင်ဆောင်ရွက်ရန် လျှောက်ထားမှု လျော့နည်းခဲ့ခြင်း တို့ကြောင့် ဖြစ်ပါသည် ။**

**သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍ။** ၂ဂ၁၅ - ၂ဂ၁၆ ဘဏ္ဍာနှစ်၊ ပထမ(၆) လပတ် တွင် ကျိုက်ထိုမြို့နယ်အတွင်း ရွှေသတ္တုတူးဖော်ရေးကုမ္ပဏီ ၃ ခုမှ ရွှေ ထုတ်လုပ်ခြင်း၊ သထုံခရိုင်အတွင်းရှိ နိုင်ငံပိုင် ကျောက်ထုတ်စခန်း ၅ ခု၊ ပုဂ္ဂလိကပိုင် ကျောက်မိုင်း ၃၉ ခုမှ လမ်းခင်းကျောက်များထုတ်လုပ်ခြင်း၊ကျိုက်မရောမြို့နယ်တွင် ထုံးကျောက် (အလှဆင်) ထုတ်လုပ်ခြင်း၊ ပြည်နယ်အတွင်းရှိ သဲနှင့် ကျောက်စရစ်များ ပိုမိုထုတ်လုပ် နိုင်ခဲ့ပါသည်။

**စက်မှုလက်မှုကဏ္ဍ။** ရေကြောင်းပို့ဆောင်ရေး ယာဉ်တည်ဆောက် ပြုပြင်ခြင်း လုပ်ငန်း၊ ရထားပို့ဆောင်ရေး ယာဉ်တည်ဆောက်ပြုပြင်ခြင်းလုပ်ငန်းများ၊ စက်မှုသုံးအရက်ပြန် စက်ရုံ မှ အရက်ပြန်ထုတ်လုပ်ခြင်း၊ အမှတ်(၂၂ )အထွေထွေ အကြီးစားစက်ရုံ(ဘီးလင်း)မှ တာယာ နှင့်

ကျွတ်ထုတ်လုပ်ခြင်း၊ ပုဂ္ဂလိကအခြားစက်မှု လုပ်ငန်းဖြစ်သော မျက်နှာကျက် ကျောက်ပြား လုပ်ငန်း၊ သစ်သီးယိုစုံ ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ရာဘာအစေးခံခွက် ထုတ်လုပ်ခြင်းလုပ်ငန်း များ မှ ပိုမိုထုတ်လုပ် နိုင်ခဲ့ပါသည် ။

**စက်မှုဇုန်နှင့် စက်ရုံစု စီစဉ်ဆောင်ရွက်ထားရှိမှု။** မော်လမြိုင်ခရိုင်၊ ကျိုက်မရော မြို့နယ်၊ မော်လမြိုင် - ဇာသပြင် ကားလမ်းဘေးတွင် မော်လမြိုင်စက်မှုဇုန်ကို ဧရိယာ ၁၇၁.၀၄ ဧက တွင် တည်ဆောက်၍ ကုန်ထုတ်လုပ်မှု လုပ်ငန်းအုပ်စု ၇ မျိုး၊ လုပ်ငန်း အရေအတွက် ၅၁ ခု ဖြင့် ဆောင်ရွက်ခဲ့ပါသည်။

**ကျေးလက်မီးလင်းရေး။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ်ကုန်အထိတွင် ဓာတ်အားစနစ်နှင့် မီးလင်းပြီးသည့် ကျေးရွာပေါင်း ၆၇၅ ရွာရှိပြီး မီးလင်းရန် ကျန်သည့် ကျေးရွာပေါင်း ၅၀၇ ရွာ ရှိပါသည်။ မီးလင်းရန်ကျန်သည့် ကျေးရွာ များသည် လက်ရှိ ဓာတ်အား စနစ်ဖြင့် မီးမလင်းနိုင်သေးသော်လည်း ( အသေးစား၊ ဒီဇယ် ၊ ဆိုလာ ) စသည့် နည်းများဖြင့် မီးလင်းသည့် ကျေးရွာပေါင်း ၂၈၈ ရွာ ရှိပါသည် ။

**ဆောက်လုပ်မှုကဏ္ဍ။** နိုင်ငံပိုင်အခန်းပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ချောင်းဆုံ- သဏ္ဍော- မုဒွန်း-ဒေါင်းဥလမ်း၊ မုဒုံ-မြဝတီလမ်း၊ မုဒုံ - မြဝတီလမ်း ချောင်းနှစ်ခွ တံတား ချည်းကပ်လမ်းဆောက်လုပ်ခြင်း ၊ ရန်ကုန် - မြိတ်လမ်းပေါ်ရှိ လမ်းတံတားများ ဆောက်လုပ်ခြင်း၊ ဘီးလင်း ချောင်းတံတား ချည်းကပ်လမ်း ဆောက်လုပ်ခြင်း ၊ ရေး - ကလော့-ခေါဇာလမ်း ၊ ခေါဇာ -မကျီးလမ်း၊ ကလွီ-ရွာလွတ်-ချောင်းဆုံ-နတ်မော်လမ်း ၊ ဘီးလင်း-နတ်ကြီး-ဖာပွန်လမ်း အတွင်း ရှိတံတားများ၊ သိမ်ဆိပ်- ဝီယော်-လေးကေလမ်းပေါ်ရှိ တံတားများဆောက်လုပ်ခြင်း၊ မော်လမြိုင် မြို့ပတ်လမ်း၊ မော်လမြိုင် မြို့ရှောင်လမ်း၊ အဘစ်-တံခွန်တိုင်လမ်းပေါ်ရှိ လမ်းတံတားများ ဆောက်လုပ်ခြင်း၊ သံဖြူဇရပ်-ကျိုက္ခမီလမ်းဆောက်လုပ်ခြင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မှဝန်ထမ်းအိမ်ရာ၊မြို့နယ်အုပ်ချုပ်ရေးမှူးရုံးဆောက်လုပ်ခြင်း၊ပြည်နယ်ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေး ရုံး ၊ မြန်မာ့ မီးရထား (မြို့ပြ) ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ၊ ပြည်နယ်လွှတ်တော်ရုံး၊ စာရင်းစစ်ရုံး၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ခြင်း၊ အကျဉ်းဦးစီးဌာနမှ အကျဉ်းထောင်သစ်ဆောက်လုပ်ခြင်းလုပ်ငန်း၊ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနမှ မြို့နယ်လူပ်ရှားရုံးများ၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန ပြည်နယ်ရုံးဆောက်လုပ် ခြင်း၊ သမဝါယမဦးစီးဌာန ပြည်နယ်ရုံး တိုးချဲ့ဆောင် ဆောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက် နိုင်ခဲ့ ပါသည် ။

ပုဂ္ဂလိကပိုင်အခန်းမှ ပေါင်မြို့နယ်၊ ပေါင်းရပ်ကွက် ဆုတောင်းပြည့်ဘုရား တောင်တက်လမ်း ကွန်ကရစ်လမ်း ဖောက်လုပ်ခြင်း ၊ ချောင်းဆုံမြို့နယ် မုကွဲ-ကရင်ဝင်းစိန်

ကျေးရွာချင်းဆက်လမ်း ပြုပြင်ခြင်း၊ သပ်ကော - ကွမ်လမိုင်း ကွန်ကရစ်လမ်းခင်းခြင်း ၊ ကျိုက်ထိုမြို့နယ်တွင် ကျိုက်ထီးရိုး တောင်တက်ကားလမ်း ပြုပြင်ခြင်း၊ မော်လမြိုင်မြို့နယ်တွင် သီရိမင်္ဂလာရပ် တန်ဖိုးနည်းအိမ်ရာ၊ ကျောက်တန်းစက်ရုံစု လုပ်ငန်းနှင့် Ocean Super Center ဆောက်လုပ်ခြင်း၊ ရေးမြို့နယ် အစင်ကျေးရွာတွင် ကမ္ဘာ့ရတနာဘဏ်ဆောက်လုပ်ခြင်းနှင့် ဆိုင်ခန်းများ၊ နေအိမ်အဆောက်အဦးများ ဆောက်လုပ်ခြင်း၊ ပြုပြင်တည်ဆောက်မှုများ တိုးတက် ဆောင်ရွက်နိုင်ခဲ့ပါသည် ။

**ပို့ဆောင်ရေးကဏ္ဍ**။ ဒေသဖွံ့ဖြိုး တိုးတက်လာသည်နှင့်အမျှ ကားလမ်းနှင့် တံတားများ တိုးတက်ကောင်းမွန်လာခြင်းကြောင့် ခရီးသည်နှင့်ကုန်စည်ပို့ဆောင်မှု ပိုမိုအားကောင်းလာပြီး ခရီးသည်နှင့်ကုန်စည်တင်ယာဉ်များတိုးတက်ခဲ့ပါသည်။ ပုဂ္ဂလိကပို့ဆောင်ရေးတွင် ပြည်နယ် အခြေစိုက်ယာဉ်လိုင်းအနေဖြင့် မှန်လုံနှင့် ဟိုင်းလတ် ၂၅ လိုင်း၊ အခြား ပြည်နယ်/ တိုင်းဒေသ ကြီးမှ အခြေပြု၍ မွန်ပြည်နယ် အတွင်းသို့ ခရီးစဉ် ပြေးဆွဲခွင့်ပြုထားသည့် မှန်လုံနှင့် ဟိုင်းလတ် ၃၉ လိုင်းတို့ဖြင့် သယ်ယူပို့ဆောင် ပေးနိုင်ခဲ့ပါသည် ။

**ဆက်သွယ်ရေးကဏ္ဍ**။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် WCDMA Mobile ဖုန်းလုံးရေ ၁၃၈,၁၆၂ လုံး တိုးချဲ့သုံးစွဲနိုင်ခဲ့ပါသည်။

**ငွေရေးကြေးရေးကဏ္ဍ။** နိုင်ငံပိုင်အခန်းငွေကြေးဝန်ဆောင်မှုတွင် မြန်မာ့စီးပွားရေးဘဏ်၏အတိုးရငွေများ ၊ ငွေလွှဲခရငွေများ လျော့နည်းခဲ့သော်လည်း သမဝါယမပိုင်အခန်းနှင့် ပုဂ္ဂလိကပိုင်အခန်း ငွေကြေးဝန်ဆောင်မှုတွင် ပြည်နယ်အတွင်းရှိ ပုဂ္ဂလိကဘဏ်ခွဲ ၃၄ ခု တို့၏ အတိုးရငွေများနှင့် ငွေလွှဲခရငွေများ ပိုမိုရရှိခဲ့ပါသည်။

**ပညာရေး**။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ကျောင်းများ အသစ်တိုးချဲ့ ဆောက်လုပ်ခြင်း၊ ပြင်ဆင်မွမ်းမံခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်း မရှိသေးပါ ။

**ကျန်းမာရေး။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ကျန်းမာရေးဦးစီးဌာန ဆောက်လုပ်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်း မရှိသေးပါ ။

**ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ။** ပုဂ္ဂလိကပိုင်လုပ်ငန်းများ အများဆုံးပါဝင်သော ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု ကဏ္ဍအနေဖြင့် ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ် ၊ ပထမ ( ၆ ) လပတ်တွင် ပုဂ္ဂလိကဆေးရုံ ၁၀ ရုံ ၊ ဆေးကုသခန်း ၃၁၈ ခု ၊ တိုင်းရင်းဆေးကုသခန်း ၅၉ ခု တို့ဖြင့် ပြည်သူများအား ကျန်းမာရေး ဝန်ဆောင်မှုများ ပေးနိုင်ခဲ့ပါသည်။ ထို့ပြင် ပုဂ္ဂလိက ကျောင်း ၆ ကျောင်း ၊ ဘော်ဒါဆောင် ၁၀၅ ခု ၊ နေ့ကလေးထိန်း/မူကြို ၇၉ ခုတို့ဖြင့် ပညာရေး ဝန်ဆောင်မှုများ ပေးနိုင်ပါသည် ။ ထို့အပြင် အခြားပုဂ္ဂလိက ဝန်ဆောင်မှု လုပ်ငန်းများ ဖြစ်သော ဟိုတယ် ၂၂ လုံး ၊ တည်းခိုခန်း ၁၂၅ ခုတို့ဖြင့် ခရီးသွားများအား ဝန်ဆောင်မှု ပေးနိုင်ခဲ့သည့်

အပြင် စားသောက်ဆိုင်လုပ်ငန်း ၊ အလှပြင်လုပ်ငန်းနှင့် ဆက်စပ်နေသော လုပ်ငန်းများ ၊ Internet Cafe ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ခဲ့ပါသည် ။

**ကုန်သွယ်မှုကဏ္ဍ။** မော်လမြိုင်မြို့နယ်တွင် ကုန်စည်ဒိုင်တစ်ခု၊ ရတနာထွန်းပွဲရုံနယ်မြေတွင် ပွဲရုံ၇၆ ခုတို့ဖြင့် မြို့နယ်အသီးသီးမှ ထွက်ရှိသော ကုန်ပစ္စည်းများကို ရောင်းဝယ်ဖြန့်ဖြူးခြင်း လုပ်ငန်းများ၊ သစ်သီးဝလံ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည် ။

ခရမ့်ရာဘာနှင့်ရေထွက်ပစ္စည်းများကို ကုန်ချောထုတ်လုပ်ပြီး နိုင်ငံခြားသို့တင်ပို့ ရောင်းချခြင်း လုပ်ငန်းများဖြင့် ကုန်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်လျက်ရှိပါသည်။

**သဘာဝဘေးအန္တရာယ်။** ဇူလိုင်လ ၂၃ရက်နေ့ မှ ၃၁ ရက်နေ့ အတွင်း လေပြင်း၊ လေဆင်နှာမောင်း တိုက်ခတ်မှုများနှင့် ရေကြီးနစ်မြှုပ်မှုများ ဖြစ်ပေါ်ခဲ့ပါသည်။ ဘီးလင်းမြို့နယ်တွင် ရေကြီးနစ်မြှုပ်မှုကြောင့် မိုးစပါး စိုက်ဧက ၂,၂၂၀ ထိခိုက်ပျက်စီးခဲ့ပါသည်။ ထိခိုက်ပျက်စီးခဲ့သော မိုးစပါးများ ပြန်လည်စိုက်ပျိုးနိုင်ရန်အတွက် တောင်သူများအား မျိုးစပါး ၄၅ တင်းနှင့် ယူရီးယားဓာတ်မြေဩဇာ ၅၅ အိတ် ထောက်ပံ့ပေးခဲ့ပါသည်။


## ရခိုင်ပြည်နယ်

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ပထမ(၆)လပတ်တွင် ရခိုင်ပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်း**အရ ကျပ် **၁,၃၇၁,၃၉၁.၃** သန်း အကောင်အထည်ဖော်ရန် လျာထားပါသည်။

**ပုံ(၆-၁၁) ရခိုင်ပြည်နယ်၏**

**၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ**

**(နှစ်အလိုက်ဈေးနှုန်း)**




**ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန**

ပထမ(၆)လပတ်တွင် **ရခိုင်ပြည်နယ်၏ စုစုပေါင်း**ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု**တန်ဖိုးသည် နှစ်အလိုက်ဈေးနှုန်း**အရ ကျပ် **၁,၂၄၄,၈၅၀.၇** သန်း ဖြစ်ပေါ်ခဲ့၍ ပထမ(၆)လပတ်လျာထားချက်အပေါ် **၉၀.၈** ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**အရ **၃.၄** ရာခိုင်နှုန်း တိုးတက်ခဲ့ ပါသည်။

**လယ်ယာကဏ္ဍ။** ၂၀၁၅-၂၀၁၆ ခုနှစ်၊ပထမ(၆)လပတ်တွင် သီးနှံအလိုက်ပန်းတိုင်အထွက်များရရှိစေရန် ပန်းတိုင်ဇရိယာများ သတ်မှတ်ဆောင်ရွက်ခြင်း၊ စံပြကွက်နှင့် စမ်းသပ်ကွက်များဆောင်ရွက်ပြသခြင်း အပါအဝင် တစ်ဧကအထွက်နှုန်း တိုးတက်စေမည့် သိပ္ပံနည်းကျ

စိုက်ပျိုးနည်းစနစ်(GAP)နည်းပညာများကို တောင်သူများ ကျယ်ကျယ်ပြန့်ပြန့် လိုက်နာကျင့်သုံးနိုင်ရန်စည်းရုံးပညာပေးခြင်းတို့ကိုဆောင်ရွက်လျက်ရှိပါသည်။ရခိုင်ပြည်နယ်ရှိ ပဋိပက္ခဖြစ်ပွားရာဒေသများတွင်မျိုးစပါး ၉,၆၅၇ တင်း ဖြန့်ဖြူးပေးခဲ့ပါသည်။ "ကိုမန်" မုန်တိုင်းဒဏ်ကြောင့် ရေကြီးမှုများ ဖြစ်ပွားခဲ့ရာ မိုးစပါး ၂၁၇,၂၄၆ ဧက ပျက်စီးခဲ့ပြီး ယခုအခါ ၂၁၅,၇၉၂ ဧက ပြန်လည် စိုက်ပျိုးပြီးဖြစ်ပါသည်။

**သားငါးကဏ္ဍ။** ကျေးလက်နေပြည်သူများ၊တစ်ပိုင်တစ်နိုင် မွေးမြူသူများအားမွေးမြူရေးအသိပညာနှင့် ကျန်းမာရေးအသိပညာ တိုးတက်လာစေရန် ရည်ရွယ်၍ အလုပ်ရုံဆွေးနွေးပွဲများ၊ ပညာပေးဟောပြောပွဲများ၊ သင်တန်းများ ဖွင့်လှစ်ပို့ချခဲ့ပါသည်။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် စီမံကိန်းအတွင်းပါဝင်သောကျေးရွာ ၅၀ ၏ ကော်မတီဝင်များကို ထိုင်းနိုင်ငံရှိ စီမံကိန်းဒေသများသို့ လေ့လာရေးခရီးစေလွှတ်ခဲ့ပြီး ၊ ပထမအရစ်အနေဖြင့် ကျေးရွာ ၅၀ မှ ကော်မတီဝင်များထံသို့ ကျပ်သိန်း ၁၀၀ ၊ ဒုတိယအရစ်အနေဖြင့် ကျေးရွာ ၄၃ ရွာကို ကျပ်သိန်း ၁၀၀ စီ ထောက်ပံ့ ပေးအပ်ခဲ့ပါသည်။ တတိယအရစ်ကို ကျေးရွာ ၂ ရွာသို့ ထုတ်ပေးပြီးဖြစ်ပါသည်။ ပထမအရစ်နှင့် ဒုတိယအရစ်ထုတ်ပေးပြီးသောငွေများကို အမှန်တကယ်ဆောင်ရွက်မှု ရှိ/မရှိ ကွင်းဆင်းလေ့လာလျက်ရှိပါသည်။ ရခိုင်ပြည်နယ် အစားအစာ ဘေးကင်းလုံခြုံရေးနှင့် ဘေးဒုက္ခကြုံတွေ့နေရသည့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းအနေဖြင့် ဆိတ် ၄၁၁ ကောင်၊ ကြက်ကောင်ရေ ၃၀၀ ၊ ဘဲ ကောင်ရေ ၁၅၀ ၊ ဝက် ၃၉ ကောင် တို့ကို FAO နှင့် ပူးပေါင်း၍ဖြန့်ဖြူးပေးခဲ့ပါသည်။

**သစ်တောကဏ္ဍ။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် သစ်တောဦးစီးဌာနအနေဖြင့် သစ်တောစိုက်ခင်းများ တည်ထောင်လျက်ရှိရာ ပျဉ်းကတိုး ဧက ၁၅၀ ၊ ဒီရေတောဧက ၂၀၀ ၊ ထင်း ၃၅၂ ဧက စုစုပေါင်း ၇၀၂ ဧက စိုက်ပျိုးပြီးဖြစ်ပါသည်။ ကျေးလက်နေပြည်သူများသဘာဝတောများအပေါ်မှီခိုမှုလျော့ကျစေရေးအတွက် သစ်ပင်မျိုးစုံ ၃၅,၂၀၀ ပင်၊ တစ်အိမ်ထောင် ကျွန်း ၃ ပင်ဖြင့် ၄၉,၄၀၀ ပင်၊ တစ်အိမ်ထောင် သစ်မာ ၂၀ ပင်ဖြင့် ၅၁,၀၀၀ ပင်၊ တစ်ရွာတစ်ဧက နှုန်းဖြင့် ၆၇,၂၀၀ ပင်၊ ဌာနဆိုင်ရာလူထုဖြန့်ဝေခြင်းအတွက် ၁၉၇,၂၀၀ ပင် စုစုပေါင်း သစ်တောဦးစီးဌာနမှ ပျိုးပင် ၄၀၀,၀၀၀ အားဖြန့်ဝေပေးခဲ့ပါသည်။ စိုက်ပျိုးနည်းပြသခြင်းများ ဆောင်ရွက်ပြီး စိုက်ပျိုးရေးကို ဒေသအာဏာပိုင်များ အဖွဲ့အစည်းများ၏ကြီးကြပ်မှုဖြင့်ဆောင်ရွက်လျက်ရှိပါသည်။ထို့အပြင် သဘာဝမြေဩဇာ ပြုလုပ်ခြင်း ၁၄ ကြိမ်၊ သင်တန်းပို့ချခြင်း ၇ ကြိမ် ဆောင်ရွက်ခဲ့ပါသည်။ သစ်တောပင် ၄၆,၀၀၀ ပင်နှင့် နှစ်ရှည်ပျိုးပင် ၁၄,၀၀၀ ကိုလည်းဖြန့်ဝေပေးခဲ့ပါသည်။ သစ်တောစိုက်ခင်းများအတွက်၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်

တွင် ကျပ် ၁၀၀.၇ သန်းဖြင့် ဆောင်ရွက်ရန်ရည်မှန်းထားရာ ပထမ(၆) လပတ်တွင် ကျပ် ၄၉.၂ သန်းဖြင့် ဆောင်ရွက်ပြီးဖြစ်ပါသည်။ ပုဂ္ဂလိကပိုင် သစ်မာစိုက်ခင်း စိုက်ပျိုးမှုအနေဖြင့် သံတွဲခရိုင်၊ ဂွမြို့နယ်တွင် ဧက ၁၀၀ စိုက်ပျိုးခဲ့ပါသည်။

**စွမ်းအင်ကဏ္ဍ။** ၂၀၁၅ -၂၀၁၆ ဘဏ္ဍာနှစ် နှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အသားတင်ထုတ်လုပ်မှု တန်ဖိုးနှိုင်းယှဉ်ပါက ၄၉.၁ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ထိုသို့ တိုးတက်ရခြင်းမှာ ကမ်းလွန် ရွှေ သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုမှ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လမှစ၍ထွက်ရှိပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ပထမ( ၆ ) လပတ်တွင် သဘာဝဓာတ်ငွေ့ ကုဗပေ ၈၃,၁၀၂ သန်း ထွက်ရှိခြင်းကြောင့် ဖြစ်ပါသည်။

**စက်မှုလက်မှုကဏ္ဍ။** ဆန်ကြိတ်လုပ်ငန်း၊ အမှုန့်ကြိတ်လုပ်ငန်း၊ တွင်ခုံသံဂဟေလုပ်ငန်း၊ သစ်ခွဲလုပ်ငန်း၊ ကျောက်ခွဲလုပ်ငန်း၊ သံတံခါးလုပ်ငန်းများကို စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှ မှတ်ပုံတင်ထုတ်ပေးခဲ့ပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆) လပတ်တွင် လုပ်ငန်းသစ် ၁၁၁ ခုကို မှတ်ပုံတင်ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ဇွန်လနှင့် ဇူလိုင်လများ၌ မိုးသည်းထန်စွာရွာသွန်းပြီး သဘာဝဘေးအန္တရာယ်များ ကြုံတွေ့နေရသဖြင့် မြို့နယ်/ ကျေးရွာများတွင်လုပ်ငန်းသစ်များ တိုးချဲ့လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပါ။

**လျှပ်စစ်ဓာတ်အားကဏ္ဍ။** နိုင်ငံပိုင်အခန်းတွင်၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပထမ(၆) လပတ်တွင် ပြည်နယ်အတွင်းရှိ မြို့နယ်များအား ဒီဇယ်ဓာတ်အားပေးစက်များဖြင့် မီးလင်းရေး (ပုဂ္ဂလိကပိုင်) ၏ ပံ့ပိုးမှုဖြင့် တစ်ရက်လျှင် ၄ နာရီ အချိန်ပို မီးပေးခဲ့ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် (ပုဂ္ဂလိကပိုင်) အနေဖြင့် တိုးတက်မှုရှိခဲ့သော်လည်း မဟာဓာတ်အားလိုင်း ရောက်ရှိချိန်မှစ၍ ပုဂ္ဂလိကပိုင်တွင် လျော့နည်းခဲ့ပြီး ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလမှစ၍ မြို့နယ် ၉ မြို့နယ်အား မဟာဓာတ်အားလိုင်းဖြင့် ၂၄ နာရီ ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ဌာနမှသတ်မှတ်သည့် ဓာတ်အားခနှုန်းထားဖြင့် ဖြန့်ဖြူးရောင်းချပေးသည့်အတွက် မီးသုံးသူဦးရေ တိုးတက်များပြား လာသည့်အပြင် ရောင်းရ ယူနစ်များတိုးတက်လာခဲ့ပါသည်။

**ဆောက်လုပ်မှုကဏ္ဍ။** လွှတ်တော် အဆောက်အဦများနှင့် ဌာနဆိုင်ရာအဆောက်အဦများ ဆောက်လုပ်ခြင်း၊ ရန်ကုန်-ကျောက်ဖြူလမ်းပိုင်းတွင် ကတ္တရာလမ်းအဆင့်မြှင့်တင်ခြင်း၊ ရမ်းဗြဲမြို့နယ်တွင်သံကူကွန်ကရစ်လမ်း အဆင့်မြှင့်တင်ခြင်း၊ မောင်တောမြို့တွင်းလမ်း အဆင့်မြှင့်တင်ခြင်း၊ မြောက်ဦးခရိုင် နှင့် စစ်တွေခရိုင်တို့တွင် မဟာဓာတ်အားလိုင်းများ တည်ဆောက်ခြင်း၊ စစ်တွေ၊ မြောက်ဦးနှင့်ကျောက်ဖြူခရိုင်တို့ရှိ မြို့နယ်များတွင် ပြည်ပအဖွဲ့အစည်းများမှ စာသင်ကျောင်းများ၊ ကာရီများ၊ လူနေအိမ်ရာများဆောက်လုပ်ခြင်း၊ ကယ်ဆယ်ရေးစခန်းဆောက်လုပ်ခြင်း၊ကျောက်ဖြူရေနက်ဆိပ်ကမ်း၊ စစ်တွေရေနက်ဆိပ်ကမ်းဆောက်လုပ်ခြင်း၊ သာသနိက

အဆောက်အအုံများ၊ ယာယီဈေးများတည်ဆောက်ခြင်း၊ ပုစွန်ကန်များတူးဖော်ခြင်းနှင့် အခြားတည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ တံတားစီမံကိန်းများ အနေဖြင့် ဂယ်လောင်းတံတား၊ သဲတန်းတံတားနှင့် စံမတီးချောင်းတံတားစီမံကိန်းများ ဆောင်ရွက်လျက်ရှိပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ထူးကဲ မိုးရွာသွန်းမှုကြောင့် မင်းဘူး-အမ်းလမ်း ၊ သံတွဲ - ဂွလမ်း ၊ ရန်ကုန် - ကျောက်ဖြူလမ်း၊ ဘူးသီးတောင် - မောင်တောလမ်း ၊ မောင်တော - ကျီးကန်းပြင် - ကြိမ်ချောင်း - အောင်သပြေ - ဗန္ဓုလလမ်း၊ မောင်တော-အလယ်သံကျော်၊ သဝင်ချောင်း - အငူမော်လမ်း၊ "ကိုမန်" မုန်တိုင်းဒဏ်ကြောင့် မင်းဘူး-အမ်းလမ်း၊ အမ်း-စစ်တွေလမ်း၊ ပေါက်တော-မင်းပြားလမ်း၊ ဘူးသီးတောင် - မောင်တောလမ်း ၊ မောင်တော-အလယ်သံကျော် - အငူမော်လမ်းတို့တွင် လမ်း/တံတား ပျက်စီးမှုများအား ယာယီပြင်ဆင်မှုများ ဆောင်ရွက်ခဲ့ပါသည်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မင်းပြားစုပေါင်းရုံးသစ် တိုးချဲ့ဆောက်လုပ်ခြင်းနှင့် ဝန်ထမ်းအိမ်ရာများဆောက်လုပ်ခြင်း ၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သံတွဲမြို့နယ် ငပလီလေဆိပ်အနီး လှိုင်းကာမြေထိန်းနံရံ တည်ဆောက်ခြင်း၊ မာန်အောင်မြို့ ၊ ကုန်းတန်းကျေးရွာအနီး အုန်းချောင်းကွေ့အားဖြတ်၍ တူးမြောင်းဖောက်လုပ်ခြင်း နှင့် ရေလွှဲရေကာတာ ၈ ခုတည်ဆောက်ခြင်းတို့ကိုဆောင်ရွက်ခဲ့ပါသည်။

**ပို့ဆောင်ရေးကဏ္ဍ။** ဇူလိုင်လအတွင်း "ကိုမန်" မုန်တိုင်းဒဏ်ကြောင့် မိုးများသည်းထန်စွာရွာသွန်းခဲ့ပြီး တောင်ပေါ်ကားလမ်းများ မြေပြိုကျ၍ လမ်းများပျက်စီးခြင်း၊ မြစ်ရေမြင့်တက်လာမှုကြောင့် တံတားများ နစ်မြုပ်ပျက်စီးခြင်းတို့ ဖြစ်ပေါ်ခဲ့ပြီး ကားလမ်းများ ခေတ္တယာယီသွားလာမှုရပ်နားခဲ့ရပါသည်။ ခရီးသည်တင် ပုဂ္ဂလိက ရေယာဉ်များမှာလည်း ခေါက်ရေအနည်းငယ်သာသွားလာရခြင်း ၊ ပုဂ္ဂလိကလေကြောင်းလိုင်း Air-Bagan မှာလည်း မိုးတွင်းကာလတွင် ယာယီသွားလာမှု ရပ်ဆိုင်းထားရခြင်းကြောင့် ဝင်ငွေများ လျော့နည်းခဲ့ရပါသည်။ စစ်တွေဆိပ်ကမ်းရှိ မင်းဂံဆိပ်ခံတံတား မွမ်းမံပြင်ဆင်ခြင်း လုပ်ငန်းကို ပထမ ( ၆ ) လပတ်တွင် ၂၀ ရာခိုင်နှုန်း အကောင်အထည်ဖော်ခဲ့ပါသည်။ သံတွဲလေယာဉ်ကွင်း အဆင့်မြှင့်တင်ခြင်းနှင့် အဆောက်အဦများ တိုးချဲ့ဆောက်လုပ်ခြင်း၊ မာန်အောင်လေယာဉ်ကွင်း တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ ပုဂ္ဂလိက လေကြောင်းလိုင်းများ အနေဖြင့် ယခင်က Air Bagan နှင့် Air Mandalay လေကြောင်းလိုင်းများသာ ပြေးဆွဲခဲ့သော်လည်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ စတင်၍ Manyadanarpon ၊ Air KBZ နှင့် FMI တို့ကို တိုးချဲ့ပြေးဆွဲလျက်ရှိပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် ကွမ်းတောင်-ကျောက်တော်လမ်းပိုင်းရှိ အပေါက်ဝဘူတာနှင့် ကျောက်တော်ဘူတာကြား ၈.၂၀ မိုင်အား သံလမ်းတစ်ဆက်လျှင် ကွန်ကရစ်

ဇလီဖားတုံး ထည့်သွင်းခြင်းကိုဆောင်ရွက်ခဲ့ပါသည်။ မင်းဘူး-အမ်း-စစ်တွေ ရထားလမ်း ဖောက်လုပ်ရေး စီမံကိန်းရှိ စစ်တွေ-အမ်းအပိုင်း စီမံကိန်းဖွင့်လှစ်ပြီး ရထားပြေးဆွဲမှု မထိခိုက်စေရေးအတွက် အဓိကဦးစားပေး ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ ပါသည်။ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လနှင့် ဩဂုတ်လများတွင် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့် မြစ်ရေလျှံမှုများကြောင့် ဖွင့်လှစ်ပြီးလမ်းအပိုင်းများတွင် ရထားလမ်းတာဘောင်များ ရေတိုက်စား ခြင်း၊ ရေကျော်ခြင်း၊ရေနစ်မြုပ်ခြင်း၊ တံတား၊ ဘူတာနှင့် ဝန်ထမ်းနေအိမ် အဆောက်အဦ အချို့ ပျက်စီးမှုများ ရှိခဲ့ပါသည်။ တာဘောင်ရေတိုက်စားသည့် နေရာများတွင်ရထားပြေးဆွဲမှု မထိခိုက်စေရန် သဲအိတ်စီထပ်ခြင်း ၊ တံတားအောက်ခြေ ရေတိုက်စားမှုများအား ကျောက်ကြီး ၆"×၉" များချခြင်း လုပ်ငန်းများကို ဦးစား ပေးဆောင်ရွက်ခဲ့ပါ သည်။

**ဆက်သွယ်ရေးကဏ္ဍ။** ဆက်သွယ်ရေးလုပ်ငန်းများ လွယ်ကူချောမွေ့စေရေးအတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ၂၀၁၅-၁၀၆ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် GSM Mobile ဖုန်း ၁၀၃,၅၅၆ လုံး ဖြန့်ဝေပေးနိုင်ခဲ့ပြီး အော်တိုတယ်လီဖုန်း ၂၁ လုံး တပ်ဆင်ပေးနိုင်ခဲ့ပါသည်။

**ငွေရေးကြေးရေးကဏ္ဍ။** မြန်မာ့စီးပွားရေးဘဏ်နှင့် ပုဂ္ဂလိကပိုင်ဘဏ်များမှ ငွေလွှဲပို့ခြင်း နှင့်ငွေလွှဲထုတ်ပေးခြင်းများ တိုးတက်လာကြောင်းတွေ့ရှိရပါသည်။ ငွေကြေးလည်ပတ်စီးဆင်းမှု ကိုလျင်မြန်လွယ်ကူ စရိတ်သက်သာစေရန် လုံခြုံစိတ်ချရသောငွေပေးချေမှုစနစ် ဖြစ်သည့် MPU Card ကိုအသုံးပြု၍ ကုမ္ပဏီများမှ လစာထုတ်ပေးနိုင်ခြင်းနှင့် ဈေးဝယ်ရာတွင် ပေးချေနိုင်ခြင်း တို့ကြောင့် Customer များ၏ လိုလားချက်အရ Card လျှောက်ထားမှုကြောင့် အသုံးပြုမှု Transaction များပြားလာပါသည်။

**ကျေးလက်မီးလင်းရေး။** ကျေးလက်မီးလင်းရေးအနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် မီးလင်းပြီး ကျေးရွာ ၁,၂၈၆ ရွာရှိသဖြင့် မီးလင်းပြီး ကျေးရွာ ၂၀ ရွာ တိုးလာကြောင်းတွေ့ ရှိရပါသည်။

**သောက်သုံးရေရရှိရေး။** မြို့ပြရေပေးဝေရေးလုပ်ငန်း ၂၉ ခု၊ ကျေးလက်ရေပေးဝေရေး လုပ်ငန်း ၂၂ ခု၊ တွင်းတိမ် ၄ ခု၊ မြေသားကန် ၂၄ ခု နှင့် အခြား ၃ ခု တို့ကို အကောင် အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ စည်ပင်သာယာရေးဦးစီးဌာနမှ ရေကန်ပြုပြင်ဆေးကြောခြင်း၊ အသေးစားပြင်ဆင်ခြင်း ၁၃ ခုနှင့် ရေကန်တူးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှကျေးရွာ ၂၁ ရွာတွင် သောက်သုံးရေ ရရှိရေးအတွက် ရေကန်များတည်ဆောက်ခြင်း၊ စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်း၊ ရေပိုက်လိုင်း များတိုးချဲ့ တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

**စိုက်ပျိုးရေရရှိရေး။** ပြည်သူတို့၏လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းများ၏ အဓိကဖြစ်သော စိုက်ပျိုးရေပိုမိုရရှိရေးအတွက် မူလရှိပြီး ရေငန်တားတာ၊ လယ်သမားကာရီ ၂၁ ခု၊လျှိုပိတ်ဆည် ၁၄ ခု၊ ရေငန်တားတာ ၆ ခု၊ချောင်းပိတ်လုပ်ငန်း ၁၀ ခု၊ ဆည်အတွင်းပိုင်းတူးဖော်ခြင်းနှင့် အမြင့်ဘောင်ဆက်ခြင်းတို့ကို ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် သဘာဝဘေး အန္တရာယ်ကြောင့် စစ်တွေမြို့နယ်တွင်လယ်သမားတာ ၁ ခု၊ ရသေ့တောင်တွင် ချောင်းပိတ်တာတမံနှင့် ရေငန်တားတာ ၃ ခု၊ ပုဏ္ဏားကျွန်းတွင် ၃ ခု၊ ပေါက်တော မြို့နယ်တွင် ၆ ခု၊ ကျောက်တော်မြို့နယ်တွင် ၈ ခု၊ မင်းပြားမြို့နယ်တွင် ၉ ခု၊ မြေပုံ မြို့နယ်တွင် ၁၇ ခု၊ မောင်တောမြို့နယ်တွင် ၂ ခု၊ ကျောက်ဖြူမြို့နယ်တွင် ၅၅ ခု၊ ရမ်းဗြဲမြို့နယ်တွင် ၁ ခု၊ အမ်းမြို့နယ်တွင် ၁၁ ခု၊ တောင်ကုတ်နှင့်ဂွမြို့နယ်တွင် ၁ ခုစီ ပျက်စီးဆုံးရှုံးခဲ့ပါသည်။

**ခရီးသွားလုပ်ငန်း။** သံတွဲမြို့နယ်တွင်ဟိုတယ်ဇုန်များထူထောင်ခြင်းနှင့် ဟိုတယ်များအဆင့်မြှင့်တင်ခြင်း၊ မြောက်ဦးမြို့နယ်တွင် ဟိုတယ်များအဆင့်မြှင့်တင်ခြင်း၊ ထပ်မံရင်းနှီး မြှုပ်နှံမှုများတိုးပွားလာအောင် ဆောင်ရွက်ခြင်း၊ ဟိုတယ်ဝန်ဆောင်မှု သင်တန်းများ၊ ဧည့်လမ်းညွှန်သင်တန်းများ၊ ခရီးသွားဝန်ဆောင်မှု သင်တန်းများ ဖွင့်လှစ်နိုင်အောင် စီစဉ်ဆောင်ရွက်ခြင်းတို့ကို ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်လျက်ရှိပါသည်။၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆)လပတ်တွင် နိုင်ငံပိုင်ဟိုတယ်၊ ပြည်တွင်းပုဂ္ဂလိကပိုင်ဟိုတယ် စုစုပေါင်း ၆၆ ခု၊ တည်းခိုရိပ်သာ ၁၀၈ ခုဖြင့် ခရီးသွားများသွားလာမှုအဆင်ပြေစေရန် ဆောင်ရွက်လျက်ရှိပါသည်။

**ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးတိုးတက်ရေး။** ကူးသန်းရောင်းဝယ်ရေးနှင့်ကုန်သွယ်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရန်အတွက် အခြေခံအဆောက်အဦများ တိုးတက်ကောင်းမွန်လာအောင်ဆောင်ရွက်ပေးခြင်း၊ ပုဂ္ဂလိကကဏ္ဍမှ လုပ်ငန်းနယ်ပယ်အလိုက် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုအသင်းအဖွဲ့များ ပိုမိုအားကောင်းလာစေရန် အားပေးမြှင့်တင်ခြင်း၊ တန်ဖိုးမြင့်ထုတ်ကုန်များထုတ်လုပ်ရောင်းဝယ်နိုင်ရန် စီမံဆောင်ရွက်ခြင်း၊ လက်ကားဈေးကွက်နှင့် ကုန်စည်ဒိုင်ဈေးကွက်များ ပိုမိုဖွံ့ဖြိုးလာအောင် အားပေးခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။


**ရန်ကုန်တိုင်းဒေသကြီး**

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ပထမ(၆)လပတ်တွင် ရန်ကုန်တိုင်း ဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်း** အရ ကျပ် **၆,၀၅၈,၉၂၄.၄** သန်း အကောင်အထည်ဖော်ရန်လျာထားပါသည်။

**ပုံ(၆-၁၂) ရန်ကုန်တိုင်းဒေသကြီး၏**

**၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ပထမ(၆)လပတ်တွင် ရန်ကုန်တိုင်းဒေသကြီး၏စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်း**အရကျပ်**၅,၈၄၅,၅၂၆.၉** သန်းဖြစ်ပေါ်ခဲ့၍ပထမ(၆)လပတ်လျာထားချက်အပေါ် **၉၆.၅** ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**အရ **၇.၃** ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

**လယ်ယာကဏ္ဍ။** ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်ပထမ(၆)လပတ်တွင် စပါးစိုက်ပျိုးမှုမှာ ၁,၁၈၁,၄၂၄ ဧက၊ပြောင်းစားပြောင်း ၁၄၆ ဧက၊ ဆီထွက်သီးနှံ ၇၃၇ ဧက စုစုပေါင်းစိုက်ပျိုးမှုမှာ ၁,၄၄၂,၆၉၂ ဧက စိုက်ပျိုး နိုင်ခဲ့ပါသည်။

အထူးအထွက်တိုး မျိုးကောင်းမျိုးသန့် ပုလဲသွယ်စိုက်ပျိုးမှုမှာ လျာထားဧက ၁၀,၀၀၀ တွင်စိုက်ပျိုးဧက ၇,၀၈၄ ဧက စိုက်ပျိုးနိုင်သဖြင့် လျာထားချက်အပေါ် ၇၀.၈၄ ရာခိုင်နှုန်းစိုက်ပျိုးပြီးစီးပြီးဖြစ်ပါသည်။တောင်ပိုင်းခရိုင်တွင် ၃,၃၄၆ ဧက နှင့် မြောက်ပိုင်း ခရိုင်၌ ၃,၇၃၈ ဧက စိုက်ပျိုးနိုင်ခဲ့ပါ သည်။

မိုးစပါးစံပြကွက်စိုက်ပျိုးမှုတွင်ဧက ၁၀၀ စံပြကွက်အတွက် ကျေးရွာအုပ်စု ၁၆ ရွာ၊ တောင်သူဦးရေ ၅၆ ဦးဖြင့်ဧက ၂,၅၀၀ ၊ ဧက ၅၀ စံပြကွက်အတွက်ကျေးရွာအုပ်စု ၂၀ရွာ၊ တောင်သူဦးရေ ၁၄၄ ဦးဖြင့် ဧက ၁,၀၀၀၊ ဧက၂၅ ဧကစံပြကွက်အတွက် ကျေးရွာ အုပ်စု ၁၆ ရွာ၊ တောင်သူဦးရေ ၅၉ ဦးဖြင့် ဧက ၄၀၀၊ ဧက ၁၀ စံပြကွက်အတွက် ကျေးရွာအုပ်စု ၆၁၉ ရွာ၊တောင်သူဦးရေ ၁,၆၄၈ ဦး ဖြင့် ဧက ၆,၂၈၀၊ ၃ ဧကမှ ၅ ဧက စံပြကွက် အတွက် ကျေးရွာအုပ်စု ၃၉၇ ရွာ၊တောင်သူဦးရေ ၁,၀၉၁ ဦးဖြင့်ဧက ၃,၁၄၆ အားစိုက်ပျိုးပြီးစီးခဲ့ပါ သည်။ ပထမ(၆)လပတ်ကုန်အထိမျိုးစေ့ထုတ်ကုမ္ပဏီများမှ ရတနာတိုးဆင်းသုခ၊ ဆင်းရွှေဆည် ၊ ဧရာမင်း၊ ဒဂုံ(၁)(၂)(၃) ဆင်းသွယ်လတ် စပါးမျိုးများကို လှည်းကူး၊ တိုက်ကြီး၊ ဒဂုံမြို့သစ် မြို့နယ်များတွင် ၈၆၅ ဧကစိုက်ပျိုးပြီးဖြစ်ပါသည်။ ဆည်ရေသောက်၊ မိုးရေသောက်၊ ဆားငန်ခံ၊ ရေမြှုပ်ခံ၊ အရည်အသွေးကောင်းစပါးမျိုးများကို လှည်းကူး၊ တိုက်ကြီး၊ ကွမ်းခြံကုန်း၊ ကော့မှူး၊ ထန်းတပင်နှင့် မှော်ဘီမြို့နယ်များမှ တောင်သူများနှင့် စပါးစမ်းသပ်ကွက်များဖြင့် စိုက်ပျိုးခဲ့ ပါသည်။

စက်မှုလယ်ယာဦးစီးဌာနမှ ထွန်ယက်ရေးလုပ်ငန်းအတွက် ဧကလျှာ ၁၁,၀၈၅ ဧက ထွန်ယက်ပေးနိုင်ခဲ့ပါသည်။ဆည်မြောင်းဦးစီးဌာနမှ ရေကြီးနစ်မြုပ်မှု လျော့နည်းစေရန် ရိုးခွ မှထိန်နှစ်ပင်ချောင်းတူးဖော်ခြင်း၊ ချောင်းညီအစ်ကိုမှ ဆတ်ကလေးချောင်း တူးဖော်ခြင်း၊ ယင်းတင်ချောင်းတူးဖော်ခြင်း၊ရွှေလင်ပန်းချောင်းမကြီးမှ ရိုးလေးအထိ မြောင်းတူးဖော်ခြင်း၊ ကျောင်းကုန်းဘုရားကြီးမှလာလာဝေချောင်းတူးဖော်ခြင်း၊ သဲဖြူကျေးရွာမှ ရွှေလင်ပန်းရွာထိ မြောင်းတူးဖော်ခြင်း၊ ကိုကိုးကျွန်းမြို့နယ်တွင် ရေထုတ်ပြွန်တည်ဆောက်ခြင်းတို့မှ ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးဖြစ်ပါသည်။ မန်းကလိတ်ချောင်း တူးဖော်ခြင်းလုပ်ငန်းမှ ၇၅ ရာခိုင်နှုန်း၊ တော်ကူးအရှေ့ရွာမချောင်းတူးဖော်ခြင်း ၇၃ ရာခိုင်နှုန်း ၊ ငွေနံ့သာစံပြကျေးရွာ၏ ယခင်မြေသားပတ်တာအား ပြန်လည်မြှင့်တင်ခြင်း ၈၀ ရာခိုင်နှုန်း၊ငွေနံ့သာစံပြကျေးရွာ၏ တပင် ရွှေထီးလမ်းမကြီး ဝဲယာတို့အား ရေစီးရေလာတူးမြောင်းများ ဖောက်လုပ်ပေးခြင်း၊ ရေစီးရေလာ တူးမြောင်းများထုတ်လုပ်ပေးခြင်း ၈၅ ရာခိုင်နှုန်း၊ တဘူးလှလက်ဝဲမြောင်း လက်တံ၂(ဃ) ကမ်းမြှောင်ကျေးရွာ မြောင်းကူးကုန်ထုတ်လမ်း တံတားတည်ဆောက်ခြင်း ၈၀ ရာခိုင်နှုန်းတို့ကို ဆောင်ရွက်ပြီး ဖြစ်ပါသည်။

**သားငါးကဏ္ဍ။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင်နိုင်ငံပိုင်အခန်း၌ လေးထောင့်ကန်စိုက်ပျိုးမွေးမြူရေးဘက်စုံခြံ၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မွေးမြူရေး ဌာနလက်အောက်ရှိ ပျဉ်းမပင်ဝက်ခြံ၊ ရွာသာကြီးဘဲမွေးမြူရေးခြံ နှစ်ခြံတို့မှ အသားထုတ် လုပ်နိုင်ခဲ့ပါသည်။ အသားနှင့် ဥထုတ်လုပ်မှုတွင် အမဲသားပိဿာ ၄.၂ သန်း၊ ဆိတ်သား ပိဿာ ၀.၄ သန်း၊ ဝက်သားပိဿာ ၁၅.၇ သန်း၊ ကြက်သားပိဿာ ၄၉.၅ သန်း၊ ဘဲသားပိဿာ ၈.၂ သန်းထုတ်လုပ်နိုင်ခဲ့ပြီး၊ ဥထုတ်လုပ်မှုတွင် ကြက်ဥလုံးရေ ၅၆၀.၅ သန်း၊ ဘဲဥလုံးရေ ၈၁.၆ သန်းနှင့် ငုံးဥ ၁၄.၆ သန်း ထုတ်လုပ်နိုင်ခဲ့ပါသည်။

ငါးလုပ်ငန်းဦးစီးဌာန၏စာရင်းအရ မွေးမြူရေးငါးပိဿာ ၁၀၅.၅ သန်း၊ မွေးမြူရေးပုစွန် ပိဿာ ၅.၀ သန်း၊ အင်းလုပ်ငန်းပိဿာ ၀.၅ သန်း၊ဘုံငါးဖမ်းပိဿာ ၁၆.၅ သန်း၊ ရေငန်ငါး ပိဿာ ၁၀.၇ သန်းနှင့်ရေငန်ပုစွန် ၂.၃ သန်းထုတ်လုပ်နိုင်ခဲ့ပါသည်။

ပုဂ္ဂလိကပိုင်အခန်းမှ ငါးမွေးမြူရေးလုပ်ငန်းများတွင် ဈေးကွက်ဝင်တန်ဖိုးမြင့်ငါးမျိုးစိတ် များ တိုးချဲ့မွေးမြူလာခြင်း၊ ဘုံငါးဖမ်းလုပ်ငန်းတွင် မြစ်ချောင်း၊ တာတမံ၊ ဆည်ရေပြင်နှင့် စပါးခင်းများအတွင်းသို့ ငါးမျိုးစိတ်များ ထည့်သွင်းမွေးမြူလာခြင်းကြောင့် တိုးတက်ထုတ်လုပ် နိုင်ခြင်း ဖြစ်ပါသည်။ ပုဂ္ဂလိကမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးလာခြင်း၊ ကူးစက်ရောဂါဖြစ်ပွားမှု နည်းပါး ခြင်းကြောင့် တိုးတက်ထုတ်လုပ်နိုင်ခဲ့ပြီး သဘာဝရေပြင်ငါးလုပ်ငန်းဆိုင်ရာ သယံဇာတများ စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများ ကိုလည်းဆောင်ရွက်လျက်ရှိပါသည်။

ပုစွန်မွေးမြူရေးလုပ်ငန်းအနေဖြင့် သိပ္ပံနည်းကျ မွေးမြူထုတ်လုပ်ရာမှ သဘာဝနည်းဖြင့် သားပေါက်စုဆောင်းမွေးမြူသည့် (Extensive Plus) စနစ်ဖြင့်သာ မွေးမြူထုတ်လုပ်လျက် ရှိပါ သည်။ ရေငန်ငါး၊ ပုစွန်ထုတ်လုပ်မှုတွင် ရန်ကုန်အခြေစိုက် ကမ်းဝေးငါးဖမ်းရေယာဉ် ၈၁၆ စီး နှင့် ကမ်းနီးလှေ ၅၆၅ စီးတို့ဖြင့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

**သစ်တောကဏ္ဍ။** ပုဂ္ဂလိကပိုင်အခန်းမှကျွန်း ၇၈ ကုဗတန်၊သစ်မာ ၁၂၂ ကုဗတန်၊ ကျွန်းနှင့်သစ်မာမျှော ၇၅၈ လုံးရေ တို့ကို ပိုမိုထုတ်လုပ်ခဲ့ခြင်း နှင့် ကုန်းလမ်း၊ ရေလမ်းဖြင့် တရားမဝင် သယ်ဆောင်လာသော ဖမ်းဆီးသစ်များကို ထုခွဲရောင်းချခြင်း၊ လေလံရောင်းချခြင်း များကြောင့် ဖြစ်ပါသည်။

**စွမ်းအင်ကဏ္ဍ။** စွမ်းအင်ကဏ္ဍအနေဖြင့် တိုက်ကြီးမြို့နယ် အဖျောက်ရေန် သဘာဝ ဓာတ်ငွေ့တွင်းများမှ ဖူးသွင်းသဘာဝဓာတ်ငွေ့များ ပိုမိုတိုးတက်ထုတ်လုပ်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။ ထိုသို့ပိုမိုတိုးတက် ထုတ်လုပ်လုပ်နိုင်ခဲ့ခြင်းမှာ CNG အသုံးပြုသော ယာဉ်အို/ ယာဉ်ဟောင်းများအစား အစားထိုးအသုံးပြုသောယာဉ်များမှ CNG သုံးစွဲခြင်း နှင့် ၂၀၁၃ ခုနှစ်

ဖွန်လမှစ၍ ယာဉ်သစ် City Bus ခရီးသည်တင်ယာဉ်များကို CNG သုံးစွဲခွင့် စတင်ခွင့်ပြုခဲ့သည့်အတွက် ပိုမိုလာခြင်းဖြစ်ပါသည်။

**သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ။** သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် နိုင်ငံပိုင်အခန်းမှ ခဲမဖြူသတ္တုသန့်စင် ၈၀.၂၄၂ မက်တန်နှင့် ပုဂ္ဂလိကပိုင် အခန်းမှ သံမဏိတုံး ထုတ်လုပ်မှုမှာ ၂,၈၃၅.၅ မက်တန်၊မြစ်သဲထုတ်လုပ်မှုမှာ ၂၆၃ ကျင်း၊ကျောက်စရစ်ကျင်း ၄၇၀ ထုတ်လုပ်နိုင်ခဲ့ပါသည်။

**စက်မှုလက်မှုကဏ္ဍ။** နိုင်ငံတော်အနေဖြင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆောင်ရွက်လျက်ရှိရာ နိုင်ငံပိုင်အခန်းကဏ္ဍမှ ပုဂ္ဂလိကကဏ္ဍ တိုးတက်ရေးကို တွန်းအားပေးလျက်ရှိပါသည်။ နိုင်ငံပိုင်အခန်းထုတ်လုပ်မှုမှ ပုဂ္ဂလိကအခန်း ထုတ်လုပ်မှုသို့ တိုးတက်ပြောင်းလဲလာသဖြင့် ပုဂ္ဂလိကအခန်းကဏ္ဍသည် စက်မှုလက်မှုကဏ္ဍတွင် အရေးပါသည့်အခန်းမှ ပါဝင်လျက်ရှိပြီး နိုင်ငံတော်မှလည်း ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ SMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တွန်းအားပေးဆောင်ရွက်လျက်ရှိ ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၏ မှတ်ပုံတင် ပုဂ္ဂလိကစက်မှုလုပ်ငန်းစာရင်းမှာ လုပ်ငန်းအကြီး ၂,၄၂၅ ခု ၊ လုပ်ငန်းအလတ် ၁,၈၄၃ ခု နှင့် လုပ်ငန်းအငယ် ၁,၉၆၀ စုစုပေါင်း လုပ်ငန်းဦးရေ ၆,၂၂၈ ခုမှတ်ပုံတင်ထားရှိခဲ့ပြီး လုပ်ငန်းသစ်များ ထပ်မံမှတ်ပုံတင်ဦးရေမှာ ၁၈၃ ခု ဖြစ်ပါသည်။

**သီလဝါ အထူးစီးပွားရေးဇုန်။** သီလဝါအထူးစီးပွားရေးဇုန် ဟက်တာ၂,၄၀၀ စီမံကိန်းအကောင်အထည်ဖော်ရာတွင် ဆက်လက်အကောင်အထည်ဖော်ရန် ကျန်ရှိနေသေးသည့် ဟက်တာ ၂,၀၀၀ အတွက်မဟာဗျူဟာမြောက် ပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်ခြင်း Strategic Environmental Assessment- (SEA) ကို ဂျပန်နိုင်ငံရှိ Environmental Resource Management-(ERM) အဖွဲ့နှင့် မြန်မာနိုင်ငံက E-Guard Environmental Services အဖွဲ့ကပညာရှင်များ ပူးပေါင်းလုပ်ဆောင်ခဲ့ခြင်းဖြစ်ပါသည်။ မဟာဗျူဟာမြောက် ပတ်ဝန်းကျင်ဆိုင်ရာဆန်းစစ်ခြင်း (SEA)ကို သက်ဆိုင်ရာဌာနများ၊ သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်းကို စိတ်ဝင်စားသူများ၊ ဒေသခံများ၊ အကြံပြုလိုသည့် NGOsများကို ရှင်းလင်းတင်ပြခဲ့ပြီး ဖြစ်ပါသည်။

သီလဝါအထူးစီးပွားရေးဇုန်၏ ပတ်ဝန်းကျင်လေ့လာဆန်းစစ်မှုများကို ၂၀၁၃ ခုနှစ်၊ နှစ်ကုန်တွင် စတင်ဆောင်ရွက်ခဲ့ရာ အပိုင်းနှစ်ပိုင်းဖြင့်ဆောင်ရွက်ပြီး၊ ပထမအဆင့်တွင် မူဝါဒပိုင်းဆိုင်ရာကိုလေ့လာသုံးသပ်သည့်အပိုင်းဖြစ်သည့်မဟာဗျူဟာမြောက် ပတ်ဝန်းကျင်

ဆိုင်ရာဆန်းစစ်ခြင်း (SEA)ဖြစ်ပြီး၊ နောက်အဆင့်မှာစီမံကိန်းကြောင့် တိုက်ရိုက်ဖြစ်ပေါ် လာနိုင်သည်ကို တိုက်ရိုက်ဆန်းစစ်ခြင်း Environmental Impact Assessment (EIA) ကို ဆောင်ရွက်မည် ဖြစ်ပါသည်။

သီလဝါအထူးစီးပွားရေးဇုန်မှ Investment Permit ကို ကွန်ပျူတာအသုံးပြု၍ အရည်အသွေး စစ်ဆေးခြင်း နည်းလမ်းဖြင့်လုပ်ဆောင်ခြင်းသည် မြန်မာနိုင်ငံတွင် ပထမဆုံး ဖြစ်သည့်အပြင် ရင်းနှီးမြှုပ်နှံခွင့်ပါမစ်ကိုလည်း အလျင်အမြန်ချပေးနိုင်ပါသည်။ စံချိန်စံနှုန်း ကိုက်ညီမှုရှိမရှိကို ကွန်ပျူတာဖြင့် အကဲဖြတ်မှုများ စတင်လုပ်ခြင်းဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှု ပမာဏကို(၆)လအတွင်း မဖြစ်မနေပေးသွင်းရသည့် monitoring system (စောင့်ကြည့်စနစ်) လုပ်ကိုင်ထားပါသည်။ ၂၀၁၅ ခုနှစ် ဇွန်လအထိ သီလဝါအထူးစီးပွားရေးဇုန်၌ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန် ဒေါ်လာသန်း ၄၀၀ နီးပါး ရင်းနှီးမြှုပ်နှံခဲ့ပြီးဖြစ်ပါသည်။ အလုပ် သမားများ စွမ်းရည်မြင့်မားစေရေးအတွက် ဂျပန်နိုင်ငံဖူဂျီဝေါလ်ကုမ္ပဏီမှ အလုပ်သမားသင်တန်း ကျောင်းကို ၂၀၁၅ ခုနှစ် ဇွန်လတွင်ဖွင့်လှစ်ခဲ့ ပါသည်။

**လျှပ်စစ်ဓာတ်အားကဏ္ဍ။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ဆောင်ရွက် သည့်လုပ်ငန်းများအနက်လုပ်ငန်းအချို့မှာ ၂၅ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်းအထိ ဆောင်ရွက် ပြီးစီးခဲ့သည့်လုပ်ငန်းများမှ ၂၃၀ ကေဗွီသာကေတ- အရှေ့ဒဂုံ ဓာတ်အားလိုင်း ၁၀ မိုင် မြောင်းတကာခွဲရုံတွင်( Shunt Reactor ) များတိုးချဲ့ခြင်း၊ ၂၃၀ / ၆၆/ ၁၁ ကေဗွီ ၁၀၀ MVA အရှေ့ဒဂုံပင်မဓာတ်အားခွဲရုံတည်ဆောက်ခြင်း၊ သာကေတ-အရှေ့ဒဂုံ ၂၃၀ ကေဗွီ ဓာတ်အားလိုင်း စီမံကိန်းလုပ်ငန်း၊ ရန်ကုန်မြို့တော်ဓာတ်အားပေးရေးအဖွဲ့မှ တိုးချဲ့ရင်းနှီးမြှုပ်နှံမှုအနေဖြင့် ဓာတ်အားခွဲရုံနှင့် လိုင်းများ တိုးချဲ့ ဆောင်ရွက်ခြင်းလုပ်ငန်းတို့ဖြစ်ပါသည်။

**ဆောက်လုပ်မှုကဏ္ဍ။** ကျေးလက်မြို့ပြကွန်ယက် ဆက်သွယ်မှု တိုးမြှင့်နိုင်ရေးအတွက် မြို့ပြရှိလမ်း၊ တံတားများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် စည်ပင်သာယာပြင်ပ မြို့နယ်များတွင် စည်ပင်သာယာရေးအဖွဲ့များမှ ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပထမ(၆) လပတ်တွင် ရွှေမိုးကောင်းကွန်ဒိုစီမံကိန်း၊ ရွှေမြယာ(၂)အဆင့်မြင့်အိမ်ရာစီမံကိန်း၊ ကန်တော်ကြီး ရိပ်သာအဆင့်မြင့် အိမ်ရာစီမံကိန်း၊ River View Point Condominium စီမံကိန်း၊ စံပယ်ဖြူ အဆင့်မြင့်အိမ်ရာစီမံကိန်း၊ ရန်ကင်းအဆင့်မြင့်အိမ်ရာစီမံကိန်း၊ ဗဟန်းမြို့နယ်၊ ဖိုးစိန်လမ်းတွင်၂၇ ထပ် DEG Tower A နှင့် ၂၁ ထပ် DEG Tower B၊ ကန်သာယာ Construction Tower စီမံကိန်း၊ဗိုလ်ချုပ်အောင်ဆန်း SQUARE စီမံကိန်း၊Time City Project စီမံကိန်း၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) တွင် ဗိုလ်မင်းရောင်တန်ဖိုး မျှတအိမ်ရာစီမံကိန်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း) ရေဝဏ် အိမ်ရာစီမံကိန်း၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)တွင် ယုဇနတန်ဖိုးနည်းအိမ်ရာစီမံကိန်း တို့ကို

ဆောင်ရွက်လျက်ရှိပါသည်။ အင်းစိန်ရထားလမ်းကူး ခုံးကျော်တံတားသစ် တည်ဆောက်ခြင်း၊ လှည်းတန်း-အင်းစိန်လမ်းမကြီးပေါ်တွင် လူကူးခုံးကျော်တံတား တည်ဆောက်ခြင်း၊ ရွှေပေါက်ကံ တံတားတည်ဆောက်ခြင်း ၇၀ ရာခိုင်နှုန်း၊ ဖွဲ့တွန်တံတား တည်ဆောက်ခြင်း ၉၀ ရာခိုင်နှုန်းနှင့် ကုက္ကိုဝမြစ်ကူးတံတား ဆက်လက်တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ စည်ပင်သာယာရေးအဖွဲ့မှ Box Culvert ပြုလုပ်ခြင်းနှင့် တံတားများ၊ ပလက်ဖောင်းနှင့် ကတ်တုံးများ ပြုလုပ်ခဲ့ပါသည်။

**ပို့ဆောင်ရေး ကဏ္ဍ။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ပထမ(၆)လပတ်တွင် မြန်မာ့မီးရထားမှခရီးမိုင် ၂၇၁,၄၀၂ ခရီးသည်မိုင်၊ ကုန်တန်မိုင် ၆၀,၅၁၄ တန်မိုင် ပို့ဆောင်နိုင်ခဲ့ပါသည်။ Air Con ရထားနှင့် အထူးတန်းတွဲများမှ ခရီးသည်ဝင်ငွေများ၊ လူစီးရထားများတွင်ချိတ်ဆွဲနေသော ပါဆယ်တွဲများ ပိုမိုလာခြင်းတို့ကြောင့် ဝင်ငွေတိုးတက်လာပါသည်။ ပုဂ္ဂလိကပိုင်အခန်းမှ လေကြောင်းပို့ဆောင်ရေးလုပ်ငန်းများ တိုးတက်လာခြင်း၊ အငှားယာဉ်၊ အဝေးပြေးကားလုပ်ငန်း၊ လုပ်ငန်းသုံးယာဉ်၊ ကုန်တင်ကားများမှ ဝင်ငွေတိုးတက်လာသောကြောင့် ပုဂ္ဂလိကကဏ္ဍ၏ပို့ဆောင်ရေးလုပ်ငန်းများ တိုးတက်ခဲ့ပါသည်။

**ဆက်သွယ်ရေးကဏ္ဍ။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း တယ်လီဖုန်းခေါ်ဆိုခ၊ တယ်လီဖုန်းတပ်ဆင်ခ(ငှားရမ်းခ)များ၊ e-telegram ကြေးနန်းလုပ်ငန်း၊ ဖက်စ်အမြန်ကြေးနန်းလုပ်ငန်း၊ PAC လုပ်ငန်း၊ စာပို့တံဆိပ်ခေါင်း ရောင်းချခြင်း၊ အမြန်ချောပို့လုပ်ငန်း၊ ငွေပို့လွှာလုပ်ငန်း (ရိုးရိုး/အမြန်)တို့မှ အဓိကဝင်ငွေ ရရှိလျက်ရှိပါသည်။

**ငွေရေးကြေးရေးကဏ္ဍ။** ရန်ကုန်မြို့ရှိ နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များ၏ ဝန်ဆောင်မှုလုပ်ငန်းများမှ ဝင်ငွေများ၊ အတိုးရငွေများ၊ အသေးစားချေးငွေ လုပ်ငန်းများ၊ အာမခံလုပ်ငန်းများ တိုးတက်လာသဖြင့် ငွေရေးကြေးရေးကဏ္ဍတွင် တိုးတက်ခဲ့ပါသည်။ လိုင်စင်ရရှိပြီး အသေးစားငွေရေးကြေးရေး ဆောင်ရွက်နေသော အဖွဲ့အစည်း ၆၇ ဖွဲ့ မှ ထုတ်ချေးငွေပေါင်း ကျပ် ၅၇,၄၂၆.၇၉ သန်းထုတ်ချေးနိုင်ခဲ့ပြီး ဝင်ငွေကျပ် ၁၀,၉၅၈.၅၆ သန်းရရှိခဲ့ပါသည်။

ဘဏ်လုပ်ငန်းများအနေဖြင့် ATM (Automatic Teller Machine) ကဒ်ဖြင့် ငွေထုတ်ခြင်း၊ နိုင်ငံခြားတိုင်းပြည်များသို့ငွေပို့ ၊ ငွေလွှဲလုပ်ငန်းများ မိနစ်ပိုင်းအတွင်းဆောင်ရွက်ပေးနိုင်ခြင်း၊ Money Changer များဖွင့်လှစ်ပေးနိုင်ခြင်း တို့ကြောင့်လည်း ပုဂ္ဂလိကပိုင်အခန်းတွင်တိုးတက်ခဲ့ပါသည်။

**ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် ဟိုတယ်လုပ်ငန်းများ၊ပို့ဆောင်ရေးကိုယ်စားလှယ်လုပ်ငန်းမှဝင်ငွေများ၊ စည်ပင်သာယာရေး

ကော်မတီမှ ငှားရမ်းခရငွေများ၊ တည်းခိုခန်းလိုင်စင်ခွန်၊ ဘော်ဒါဆောင် လုပ်ငန်းလိုင်စင်၊ မော်တော်ယာဉ်ဖြင့် လှည့်လည်ရောင်းချခွင့်လိုင်စင်၊ ကိုယ်ပိုင်စျေးလိုင်စင် နှင့် ခရီးသွား ကိုယ်စားလှယ်လုပ်ငန်းတို့မှ အဓိကဝင်ငွေ ရရှိလျက်ရှိပါသည်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ပို့ဆောင်ရေးကိုယ်စားလှယ် လုပ်ငန်းဝင်ငွေများတိုးလာခြင်း၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနမှမြေငှားခနှင့် အိမ်ငှားခများတိုးလာခြင်း၊ မြန်မာ့ရုပ်ရှင် လုပ်ငန်း(ရန်ကုန်ရုံးခွဲ)၏ ပစ္စည်းများရောင်းချရငွေနှင့် ဆောင်ရွက်ပေးမှုအတွက် ရငွေများ၊ အခြားရငွေများ၊ ဒဏ်ငွေများနှင့် ဘဏ္ဍာငွေအဖြစ် သိမ်းယူခြင်းများကြောင့် တိုးတက်ပါသည်။

**ကုန်သွယ်မှုကဏ္ဍ။** ရန်ကုန်တိုင်းဒေသကြီးသည် ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်း လမ်းဆုံတွင်တည်ရှိခြင်း၊ လက်လီလက္ကား ကုန်စည်ဒိုင်ကြီးများ ဖွင့်လှစ်ထားခြင်း ကြောင့် အနယ်နယ်အရပ်ရပ်သို့လည်းကောင်း၊ ပြည်တွင်းသာမက ပြည်ပနိုင်ငံများသို့လည်းကောင်း၊ ကူးသန်းရောင်းဝယ် ဖောက်ကားခြင်းတို့ကြောင့် ကုန်သွယ်မှုလုပ်ငန်းများ တိုးတက်ခဲ့ပါသည်။

**ပညာရေး။** အမှတ်(၃) အခြေခံပညာဦးစီးဌာနအနေဖြင့် ပထမ(၆) လပတ်တွင် အန္တရာယ်ရှိကျောင်း ၊ ကျောင်းသားဦးရေအရ တိုးချဲ့ရန်လိုအပ်သည့် ကျောင်းနှင့် ဥပမိရုပ် မကောင်းသည့်ကျောင်းများ ၊ သိပ္ပံဆောင်များ၊ မြို့နယ်ရုံးများ၊ ခရိုင်ရုံးများ ဆောက်လုပ် ပြင်ဆင်လျက်ရှိရာ စုစုပေါင်း ၁၆၂ ကျောင်း ပြင်ဆင်ဆောက်လုပ်လျက်ရှိပါသည်။

**ကျန်းမာရေး။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနအနေဖြင့် ထန်းတပင်မြို့နယ်တွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ၃ ခု ဆောက်လုပ် လျက်ရှိပါသည်။

**ရေပေးဝေရေးနှင့်သောက်သုံးရေဖူလုံရေး။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မြို့ပြ ရေပေးရေးလုပ်ငန်းများအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ကွပ်ကဲမှု အောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၏ တွင်းနက် ၅ တွင်း၊ အခြား ၅ ခု လျာထား သည့်အနက် သန်လျင်မြို့တွင် တွင်းနက် ၁ ခု၊ မှော်ဘီမြို့တွင် အခြား ၂ ခု ၊ ကော့မှူးမြို့တွင် တွင်းနက် ၁ ခု ဆောင်ရွက်ပြီးဖြစ်ပါသည်။

ကျေးလက်ဒေသရေပေးရေးလုပ်ငန်းများကို ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ကျောက်တန်း၊ ခရမ်း၊ သုံးခွ၊ကော့မှူး၊ ကွမ်းခြံကုန်း၊ တိုက်ကြီး၊ ထန်းတပင်၊ သန်လျင် မြို့နယ်များတွင် ဆောင်ရွက်လျက်ရှိရာ ကျေးရွာ၁၂ ရွာ၌ တွင်းတိမ် ၁၂ တွင်း၊ ကျေးရွာ ၁၈ ရွာ၌ တွင်းနက် ၁၈ တွင်း၊ ကော့မှူးမြို့နယ် ကမာကနီးကျေးရွာ၌ ရေကန် ၁ ကန် နှင့် သန်လျင်၊ သုံးခွ၊ ကော့မှူးမြို့နယ်များရှိ ကျေးရွာ ၄ ရွာတွင် အုတ်ရေကန် ၇ ကန် တူးဖော်ဆောင်ရွက် နိုင်ခဲ့ပါသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ မြို့နယ်များ ရေဖူလုံရေးအတွက် ရေပိုက်များတိုးချဲ့တပ်ဆင်ခြင်းလုပ်ငန်း၄၄ ခု၊ ရေပေးဝေရေးလုပ်ငန်းများဖြစ်သောငမိုးရိပ် - လှော်ကားရေပေးရေးလုပ်ငန်း၂၉ ခု၊ လဂွန်းပြင်ရေပေးဝေရေး(မစို)လုပ်ငန်း ၂၈ ခု၊ မြို့သစ်ရေပေးရေးလုပ်ငန်း ၁၉ ခု၊ ရေလှောင်ကန်ကြီးများနှင့် အဝီစိတွင်းရေပေးရေးလုပ်ငန်း ၃၉ ခု၊ လှော်ကားရန်ကုန်(အောင်တံခွန်) ရေပေးဝေရေးလုပ်ငန်း ၃ ခု၊ ကုက္ကို၀ မြစ်ရေပေးဝေရေး လုပ်ငန်း ၁၆ ခု၊မြို့တွင်းရေဖူလုံရေးလုပ်ငန်း ၄၆ ခု၊မြို့တော်အဆင့်မြှင့် ရေသန့်လုပ်ငန်း ၇ ခု၊ ရေဆိုးသန့်စင်စက်ရုံလုပ်ငန်း ၃ ခုအားဆောင်ရွက်ပြီးစီးပြီးဖြစ် ပါသည်။

**ကျေးလက်မီးလင်းရေး။** ကျေးလက်မီးလင်းရေးအနေဖြင့် ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ကျေးရွာပေါင်း ၅၇၇ ရွာ မီးလင်းပြီးဖြစ်ပါသည်။ ဓာတ်အားစနစ်ဖြင့် မီးလင်းပြီးရွာ ၅၀၉ ရွာ၊ကိုယ်ပိုင်မီးစက် ၁ ရွာ၊ပုဂ္ဂလိကပိုင်မီးစက် ၄၂ ရွာ၊ ဆိုလာစနစ်ဖြင့် ၂၅ ရွာ မီးလင်းပြီး ဖြစ်ပါသည်။

**ကျေးလက်ဒေသဖွံ့ဖြိုးရေး။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေမှ ကျေးလက်မီးလင်းရေး၊ကျေးလက်ရေရရှိရေး၊ကျေးလက်လမ်းတံတား၊ ကျေးလက်ဒေသစိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့်အပြင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေဖြင့် ကျေးရွာ ၅၇ ရွာသို့တစ်ရွာလျှင် ကျပ်သိန်း ၃၀၀ ဖြင့် ငွေကျပ် **၁,၇၁၀.၀၃** သန်း ထုတ်ချေးနိုင်ခဲ့ပါသည်။

သမဝါယမလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအသင်းများမှ အပ်ချုပ်စက် ၁,၇၄၉ လုံး၊ ဆိုက်ကား ၇၇ စီး၊ဆိုင်ကယ် ၉၃၀ စီး၊ လယ်ယာသုံးစက်ကရိယာ ၁,၁၁၄ စီးနှင့် ဆက်စပ်ပစ္စည်း ၈၇ စီးစုစုပေါင်းတန်ဖိုး ကျပ် ၅,၆၃၉.၂၄၄ သန်းကို အရစ်ကျကုန်ကြွေးစနစ်ဖြင့် ပံ့ပိုးဆောင်ရွက်နိုင်ခဲ့ပါသည်။

အသေးစားငွေစု၊ ငွေချေးလုပ်ငန်းများမှ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် ၊ ပထမ(၆)လပတ်တွင် မြို့နယ် ၄၄ မြို့နယ်၊ အသင်း ၁,၁၇၈ သင်း၊ ငွေချေးသူဦးရေ ၁၀၇,၄၄၀ အား ငွေကျပ် ၁၃,၄၉၄,၉၇၂ သန်း ထုတ်ချေးခဲ့ပြီးဖြစ်ပါသည်။

**သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု။** ရန်ကုန်တိုင်းဒေသကြီးတွင် ၂၀၁၅ ခုနှစ် ဇူလိုင်လ နောက်ဆုံးပတ်အတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊တွံ့တေးမြို့နယ်၊သုံးခွမြို့နယ်၊ ခရမ်းမြို့နယ်၊ မှော်ဘီမြို့နယ်၊ လှည်းကူးမြို့နယ်၊ တိုက်ကြီးမြို့နယ်၊ ထန်းတပင်မြို့နယ်စသည့် မြို့နယ်၈ မြို့နယ်တွင် ရေဝင်ရောက်မှုများဖြစ်ပွားခဲ့ရာ ရေကြီးနစ်မြုပ်သည့် အိမ်ထောင်စုများကို ယာယီပြောင်း ရွှေ့နေရာချထားပေးခြင်း၊ လတ်တလော

စားသောက်ရေး အဆင်ပြေရန် စီမံဆောင်ရွက်ပေးခြင်း၊ လိုအပ်သည့် အုပ်ချုပ်ထောက်ပံ့မှုကိစ္စ ဖြေရှင်းဆောင်ရွက်ပေးခြင်းများကို ပြုလုပ်ခဲ့ပါသည်။ စာသင်ကျောင်း ၁၂၈ ကျောင်း၊ ဘုန်းကြီးကျောင်း ၂ ကျောင်း၊ လယ်မြေ ၅၆,၄၈၆ ဧက ရေကြီးနစ်မြုပ် ပျက်စီးခဲ့ပြီး ၇,၈၅၇ ဧက အား ပြန်လည်စိုက်ပျိုးပြီးဖြစ်ပါသည်။ လမ်းများ၊ တံတားများ၊ အဆောက်အဦများ၊ ပျက်စီးမှုများ အား ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်မည် ဖြစ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးမှ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များကို စနစ်တကျ ထိရောက်လျင်မြန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် တိုင်းဒေသ ကြီးအဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များ ဆပ်ကော်မတီ ၅ ရပ် ဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိပါသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၀၁၅ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လအတွင်း မိုးသည်းထန်စွာရွာသွန်း၍ ရေကြီးရေလျှံမှုများကြောင့် လမ်း-တံတား ပျက်စီးမှု ဖြစ်ပေါ်ခဲ့ရာတွင် လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရန်အတွက် ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို အောက်ပါအတိုင်းဆောင်ရွက်ထားရှိပါသည်-

(က) ရန်ကုန်တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့နယ်ရှိ ၁၂၆ ပေ ရှိသော အင်္ဂတေတံတား၏ ပျက်စီးသွားသောနေရာများအားပြုပြင်ရာတွင် တံတား၏ ယိုင်နဲ့နေသောတိုင် များအား ယာယီချုပ်တန်းများဖြင့်ထောက်/ဆွဲထားခြင်း၊ ဘီးနင်းများအား ပြုပြင် ပေးထားခြင်းနှင့် ဝန်တင်ကားများ ဖြတ်သန်းခွင့် မပြုဘဲ လူစီးကားများနှင့် ခရီးသည်တင်ကားများ ဖြတ်သန်းသွားလာနိုင်ရန် ယာယီပြုပြင်ထားပါ သည်။

(ခ) ရန်ကုန်တောင်ပိုင်းခရိုင်၊ကျောက်တန်းမြို့နယ်ရှိ ကုလားမတံတား (၁/၁၉) မှာ Wing Wall နှစ်ဘက်ပြိုလဲ၍ အုတ်ကမ်းကပ်ခုံမှာ အောက်ဘက်သို့အက်ကွဲ နိမ့်ကျွံကျ သွားပါသဖြင့် တံတား၏ ကြမ်းခင်း၊ ကွန်ကရစ်လမ်း တို့နှင့် လွတ်သွားပါ၍ လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရန်အတွက် ပေ (၄၀) အရှည် ဘေလီသံဘောင်တံတား ယာယီတည်ဆောက် ပေးထားပါသည်။

(ဂ) ရန်ကုန်မြောက်ပိုင်းခရိုင်၊ တိုက်ကြီးမြို့နယ်ရှိ (၂/၁၁)တံတားနှင့် ချဉ်းကပ်လမ်း ပျက်စီးမှုအားတုတ်ရိုက်၍ ကတ္တရာပြားကာရံကာ သဲအိတ်ဖို့ပြီး လူစီးကားနှင့် ခရီးသည်တင်ကားများ သွားလာနိုင်ရန်အတွက် ယာယီပြုပြင် ဆောင်ရွက်ထား ပါသည်။ ရေတွင်းကုန်း-မြို့ချောင်း-တော်လတီ-ရွာသာလမ်း (တိုက်ကြီးမြို့နယ်) အပိုင်းတွင် ရေပေါ်သောင်တံတားချဉ်းကပ်လမ်း၌ မြေသားတာဘောင်နိမ့်ကျမှု ဖြစ်ပေါ်ခဲ့သဖြင့် ကတ္တရာပြားဖြင့် မြေကတုတ်ကာရံခြင်း၊ သဲအိတ်များဖြည့်၍

လမ်းတာဘောင်မပျက်စီးစေရန် ဆောင်ရွက်ထားရှိပြီး ကတ္တရာလမ်းရေကျော်၍ ပျက်စီးမှုများအား Water Bound ဖြင့် လမ်းပေါက်ဖာထေးခြင်းနှင့် လမ်းပခုံး ပြင်ဆင်ခြင်း လုပ်ငန်းများအား ဆောင်ရွက်ထားရှိပါသည်။

(ဃ) ရန်ကုန်မြောက်ပိုင်းခရိုင်၊ မှော်ဘီမြို့နယ်ရှိ ရွှေမြယာ-ဖူးကြီး-ရင်ကွဲတောင်လမ်း၌ ရေကြီးရေလျှံမှုကြောင့် ဖြစ်ပေါ်လာသောကတ္တရာ လမ်းပေါက်များအား Water Bound ဖြင့် ဖာထေးခြင်းလုပ်ငန်းအား ယာယီဆောင်ရွက်ထားပါသည်။ ရေတွင်းကုန်း-မြို့ချောင်း- တော်လတီ - ရွာသာလမ်း (မှော်ဘီမြို့နယ်) အပိုင်းတွင် ရေကြီးရေလျှံမှုကြောင့် ပျက်စီးသွားသောလမ်းပုခုံးအား ဂဝံခင်းခြင်းလုပ်ငန်း ဆောင်ရွက်ထားပါသည်။

(င) ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်းရှိ လမ်းများတွင် လမ်းတစ်လျှောက် ရေလျှံ၍ ဖြစ်ပေါ်နေသော ကတ္တရာလမ်းပေါက်များအား ကျောက်ဖြည့်၊ သဲကြပ်၍ သွားလာ ရေးမပြတ်တောက်စေရန် ယာယီပြုပြင်ထားပါသည်။ လမ်းပုခုံးပြတ်ထွက်မှုများ အား တုတ်ရိုက်ကာရံကာ ဂဝံနှင့် သဲအိတ်များဖြည့်၍ လမ်းတာဘောင် မပျက်စီး စေရန် ဆောင်ရွက်ထားပါသည်။


**ရှမ်းပြည်နယ်**

၂၀၁၅ -၂၀၁၆ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းပထမ(၆)လပတ်တွင် ရှမ်းပြည်နယ်၏ စုစုပေါင်း ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးကို**နှစ်အလိုက်ဈေးနှုန်း**အရ ကျပ် **၁,၅၆၅,၄၆၉.၁** သန်း အကောင်အထည်ဖော်ရန် လျာထားပါသည်။

**ပုံ(၆-၁၃) ရှမ်းပြည်နယ်၏**

**၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ**

**(နှစ်အလိုက်ဈေးနှုန်း)**




ဓာတ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ပထမ(၆)လပတ်တွင် ရှမ်းပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်း**အရ ကျပ် **၁,၄၇၉,၇၈၅.၂** သန်း ဖြစ်ပေါ်ခဲ့၍ ပထမ (၆) လပတ်တွင်လျာထားချက်အပေါ် **၉၄.၅** ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**အရ **၅.၂** ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

**လယ်ယာကဏ္ဍ။** မိုးစပါးအတွက် မျိုးကောင်းမျိုးသန့်ဖြန့်ဖြူးမှုမှာ ပုလဲသွယ် စပ်မျိုး တစ်ဧက ၇ ကီလိုနှုန်းဖြင့် ၄၀,၅၈၀ ကီလို၊ SR 456 (ရွှေရင်အေး) မျိုးစပါး ၉,၆၃၅ ကီလို၊ DU 16 မျိုးစပါး ၂,၂၄၆ ကီလို၊ ဆင်းဧကရီ ၃ မျိုးစပါးအား လားရှိုးဒေသနှင့် ကျိုင်းတုံဒေသတွင် ၃,၉၉၈ ကီလို၊ ယာစပါးမျိုး ၇၅ တင်း ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး နွေစပါးအတွက် မျိုးကောင်း

မျိုးသန့်များလည်း ဖြန့်ဖြူးပေးနိုင်ခဲ့ပါသည်။ သီးနှံထွက်ရှိသောဒေသများတွင် ဇုန်များ၊ အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များဖြင့် ဟဲဟိုးမြို့နယ်နှင့် နောင်တရားမြို့နယ်တွင် အာလူးသီးနှံဇုန် ၂ ခု၊ ဟဲဟိုးမြို့နယ်၊ ပင်းတယမြို့နယ်နှင့် နောင်တရားမြို့နယ်များတွင် ဂေါ်ဖီဇုန် ၃ ခု၊ ပင်လောင်းမြို့နယ်နှင့် ရွာငံမြို့နယ်တွင် လက်ဖက်ဇုန် ၂ ခု၊ တောင်ကြီးမြို့နယ်၊ ရပ်စောက်မြို့နယ်၊ ဟိုပုံးမြို့နယ်၊ ဆီဆိုင်မြို့နယ်၊ ညောင်ရွှေမြို့နယ်နှင့် အင်တောမြို့နယ်တို့တွင် သရက်ဇုန် ၆ ခု၊ အောင်ပန်းမြို့နယ်နှင့် ဟိုပုံးမြို့နယ်တို့တွင် နနွင်းဇုန် ၂ ခု၊ ဟိုပုံးနှင့် ပင်လောင်းမြို့နယ်တွင် ထောပတ်သီး အစုအဖွဲ့ ၂ ဖွဲ့၊ ညောင်ရွှေမြို့နယ်တွင် ခရမ်းချဉ် အစုအဖွဲ့ ၁ ဖွဲ့၊ ဟဲဟိုးမြို့နယ်၊ ရွာငံမြို့နယ်၊ လားရှိုးမြို့နယ်၊ နောင်ချိုမြို့နယ်တို့တွင် ပန်းအစုအဖွဲ့၊ ရွာငံမြို့နယ်တွင် ကော်ဖီဇုန် ၁ ခု၊ ရပ်စောက်မြို့နယ်တွင် ကြံသီးနှံဇုန် ၁ ခု တို့အား ဖွဲ့စည်းထားရှိပြီး၊ GIZ၊ USAID၊ FAO အဖွဲ့အစည်းများမှ နိုင်ငံခြားအကူအညီဖြင့် ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

**သားငါးကဏ္ဍ။** စီးပွားဖြစ် မွေးမြူရေးဇုန်များဖြစ်သော ညောင်ရွှေမြို့နယ် ရှမ်းရိုးမ မွေးမြူရေးဇုန်၊ ကျောက်မဲမြို့နယ် ကျောက်မဲမွေးမြူရေဇုန်များ တိုးချဲ့လာနိုင်ခြင်း၊ နို့စားနွားမွေးမြူရေးဖွံ့ဖြိုးတိုးတက်လာခြင်း၊ ကျေးလက်ဖွံ့ဖြိုးရေးဘဏ်နှင့် သမဝါယမအသင်းစုတို့မှ မွေးမြူရေးချေးငွေများ ထုတ်ချေးပေးနိုင်ခဲ့ပါသည်။

**သစ်တောကဏ္ဍ။** သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ နည်းဥပဒေအရ တန်ဖိုးဝင်ကျွန်းနှင့် သစ်မာထုတ်လုပ်မှုကို အကန့်အသတ်ဖြင့်သာ ထုတ်လုပ်ခဲ့ပါသည်။ သစ်တောပြုစုပျိုးထောင်ရေးဆောင်ရွက်ရန် သစ်တောစိုက်ခင်း တည်ထောင်ခြင်းအတွက် ၄၅ဝ ဧက၊ သဘာဝတော တန်ဖိုးမြင့်စိုက်ပျိုးခြင်းအတွက် ၁၇၅ ဧက၊ ဓမ္မာတာမျိုးဆက်ခြင်း ၆,၃၇ဝ ဧကနှင့် စီးပွားရေးစိုက်ခင်း ၁ဝဝ ဧက တို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

**သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ။** ကျောက်မျက်ရတနာ ထုတ်လုပ်မှုကို အကျိုးတူကုမ္ပဏီ ၂ ခု နှင့် ပုဂ္ဂလိကကုမ္ပဏီ ၆ဝ ဖြင့်လည်းကောင်း၊ ခဲနှင့်ရောရာသတ္တု ကုမ္ပဏီ ၂၂ ခု၊ သွပ်နှင့်ရောရာသတ္တုရိုင်း ကုမ္ပဏီ ၁ဝ ခု၊ သွပ်နှင့်ရောရာသတ္တုကုမ္ပဏီ ၄ ခု၊ သွပ်သတ္တု သန့်စင်ကုမ္ပဏီ ၁ ခု၊ ဂေါဒန်ကျောက် ထုတ်လုပ်မှုတွင် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းနှင့် ကုမ္ပဏီ ၃ ခု၊ ခနောက်စိမ်းနှင့်ရောရာသတ္တုရိုင်း ကုမ္ပဏီ ၃ ခု၊ ထုံးကျောက် ဒေသထွက်ရှိမှုနှင့် ကုမ္ပဏီ ၁ ခု၊ ခဲသတ္တုသန့်စင် ကုမ္ပဏီ ၂ ခု၊ ကြေးနီနှင့်ရောရာသတ္တုရိုင်း ကုမ္ပဏီ ၃ ခု၊ ဒိုလိုမိုက်ထုတ်လုပ်မှုကုမ္ပဏီ ၂ ခုဖြင့် ထုတ်လုပ်နိုင်ခဲ့ပါသည်။

**စက်မှုလက်မှုကဏ္ဍ။** စက်မှုဇုန်ပြင်ပရှိ ပုဂ္ဂလိကထုတ်လုပ်မှုများ ဈေးကွက်လိုအပ်ချက်အရပိုမိုထုတ်လုပ်လာခဲ့ခြင်း၊ ပင်လောင်းမြို့နယ်(တီကျစ်) နဂါးဘိလပ်မြေ စက်ရုံမှ တစ်ရက်လျှင် ကလင်ကာတန် ၃ဝဝ ကျ (၂) လိုင်းဖြင့် လုပ်ငန်းလည်ပတ် နိုင်ခဲ့ခြင်းကြောင့်

ဘိလပ်မြေတစ်ရက်လျှင် ၆၀၀ ထုတ်လုပ်နိုင်ခဲ့ခြင်း ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချို မြို့နယ်တွင် ဘိလပ်မြေစက်ရုံနှင့် သကြားစက်ရုံများ လုပ်ငန်းလည်ပတ်နိုင်ခြင်း၊ SMEs လုပ်ငန်းများအတွက် ချေးငွေထုတ်ပေးခြင်းကြောင့် လုပ်ငန်းများ ပုံမှန် လည်ပတ်နိုင်ခြင်းနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် အုတ်နှင့်အုတ်ဘလောက် ထုတ်လုပ်မှုများ ဆောင်ရွက် နိုင်ခဲ့ပါသည်။

**လျှပ်စစ်ဓာတ်အားကဏ္ဍ။** နိုင်ငံပိုင်အခန်းကဏ္ဍမှ ပြည်နယ်ဘဏ္ဍာရန်ပုံငွေ၊ ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေအပြင် ကျေးလက်ဒေသမီးလင်းရေးလုပ်ငန်းစဉ်များ ဆောင်ရွက် နိုင်ခဲ့ခြင်းဖြင့် လျှပ်စစ်ဓာတ်အားသုံးစွဲမှု ပိုမိုတိုးတက်လာခဲ့ပါသည်။ ရှမ်းပြည်နယ်အတွင်း ကျေးရွာပေါင်း ၂၀,၉၇၇ ရွာ ရှိသည့်အနက် ၂,၀၇၆ ရွာ မီးလင်းအောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

**ဆောက်လုပ်မှုကဏ္ဍ။** နိုင်ငံပိုင်အခန်းတွင် ဆည်မြောင်းဦးစီးဌာန၊ တည်ဆောက်ရေး (၇)မှ မြို့ကြီးရေလှောင်တမံဘက်စုံစီမံကိန်း တည်ဆောက်ခြင်း၊ လမ်းအထူးအဖွဲ့(၄)မှ ရွှေညောင်-ရပ်စောက်-အင်တော-ကျောက်ဂူ-နောင်ချိုလမ်း၊ လမ်းအထူးအဖွဲ့(၅)မှ လွိုင်လင်-ပန်ကေတု-သီပေါလမ်း၊ လမ်းအထူးအဖွဲ့(၉)မှ ဟန်မြင့်မိုရ်-မြို့ကြီး-ရွာငံ-အောင်ပန်းလမ်း တည်ဆောက်ခြင်း၊ ပျဉ်းမနား-ပင်လောင်းလမ်းတွင် မြေထိန်းနံရံတည်ဆောက်ခြင်း၊ ကျောက်ရိုးစီ မြေကာ နံရံနှင့် ရေမြောင်းများဆောင်ရွက်ခြင်း၊ ကျေးလက်ဦးစီးဌာနမှ လမ်းတံတားများ ပြုပြင် တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင်၌ ဓာတ်အားလိုင်းများ တည်ဆောက်ခြင်းတွင် အထက်ရဲရွာ ရေအားလျှပ်စစ် တည်ဆောက်ခြင်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး အနေဖြင့် တောင်ကြီးမြို့နယ် Taunggyi Shopping Centre တည်ဆောက်နေခြင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးခရိုင်တွင် ချယ်ရီမြိုင်အိမ်ယာ၊ ထင်းရှူးမြိုင်အိမ်ယာ မူဆယ်ခရိုင်တွင် နယူးစတားလိုက်ကုမ္ပဏီမှ မူဆယ် ဗဟိုစီးပွားရေးဇုန်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ တာချီလိတ် ခရိုင်တွင် ပါဆတ်ကားလေးကွင်း၊ ဝမ်ကောင်းမြို့မဈေး၊ ရွှေရေကန် အဝေးပြေးယာဉ်ရပ်နားစခန်းများ တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

**ပို့ဆောင်ရေးကဏ္ဍ။** ပုဂ္ဂလိကလေကြောင်းလိုင်းများအနေဖြင့် အဲပုဂံ၊ အဲကမ္ဘောဇ၊ အဲမန္တလေး၊ ရန်ကုန်အဲဝေး၊ အေးရှားဝင်း၊ မန်းရတနာပုံလေကြောင်းအသီးသီးမှ ဝန်ဆောင်မှု ပေးနိုင်ခြင်းနှင့် ကျိုင်းလပ်မြို့နယ်ခွဲတွင် မဲခေါင်မြစ်ကူး မြန်မာ-လာအိုချစ်ကြည်ရေး တံတား တည်ဆောက်ပြီး၍ နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများစတင်ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ခရီးသည် နှင့် ကုန်တန်ချိန်များ တိုးတက်လာခဲ့ပါသည်။

**ဆက်သွယ်ရေးကဏ္ဍ။** Telenor နှင့် Ooredoo ကုမ္ပဏီများမှ မိုဘိုင်းဖုန်း ဝန်ဆောင်မှုများ တိုးချဲ့ဆောင်ရွက်လာခြင်း၊ အင်တာနက်သုံးစွဲမှုများ တွင်ကျယ်လာခြင်း တို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

**ငွေရေးကြေးရေးကဏ္ဍ။** ဖွံ့ဖြိုးရေးဘဏ်မှ ကျပ် ၃.၂၇၆ သန်း ကို ထုတ်ချေးပေး နိုင်ခဲ့ပါသည်။ မြန်မာ့စီးပွားရေးဘဏ်မှလည်း ငွေထုတ်သူများ မြန်ဆန်စွာ ထုတ်ယူနိုင်ရန် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ခဲ့ပါသည်။ ပုဂ္ဂလိကပိုင်ဘဏ်များတွင် ကမ္ဘောဇဘဏ်မှ မီနီဘဏ်များ တိုးချဲ့ဖွင့်လှစ်လာနိုင်သည့်အပြင် အလိုအလျောက် ငွေထုတ်စက် (ATM) များကို တိုးချဲ့၍ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။

**လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ။** တောင်ကြီး၊ ပင်လုံ၊ လားရှိုး၊ ကျိုင်းတုံမြို့များရှိ တက္ကသိုလ်များ၊ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များ၊ အစိုးရနည်းပညာ အထက်တန်းကျောင်းနှင့် ပညာရေးကောလိပ်များကို ဖွင့်လှစ်၍ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုး တိုးတက်ရေးအတွက် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ဝန်ထမ်းများ၏ လစာများ တိုးလာခြင်း၊ ဒေသ ဖွံ့ဖြိုးရေးဆိုင်ရာ အသုံးစရိတ်များ ပိုမိုသုံးစွဲလာခြင်းနှင့် ပုဂ္ဂလိကပညာရေး ကျောင်းများနှင့် INGO အဖွဲ့အစည်းများ၏ ဝန်ဆောင်မှုအသုံးစရိတ်များ ပိုမိုတိုးတက် သုံးစွဲနိုင်ခဲ့ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

ပညာရေးအနေဖြင့် တက္ကသိုလ် ၄ ခု၊ ကွန်ပျူတာတက္ကသိုလ် ၄ ခု၊ နည်းပညာ တက္ကသိုလ် ၄ ခု၊ ပညာရေးကောလိပ် ၂ ခု၊ အစိုးရနည်းပညာအထက်တန်းကျောင်း ၅ ကျောင်း၊ အခြေခံပညာ မူလတန်း ၅,၂၉၇ ကျောင်း၊ အလယ်တန်း ၂၄၆ ကျောင်း၊ အထက်တန်း ၂၂၁ ကျောင်း၊ စုစုပေါင်း ၅,၇၆၄ ကျောင်းကို လက်ရှိ ဖွင့်လှစ်သင်ကြား နိုင်ခဲ့ပြီး အဆင့်တိုး သည့်ကျောင်း ၄၄၄ ကျောင်းကို တိုးမြှင့်နိုင်ခဲ့ပါသည်။ ပုဂ္ဂလိကကျောင်းများကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အထက်တန်းဆင့် ကိုယ်ပိုင်ကျောင်း ၃၀ ၊ အလယ်တန်းဆင့် ကိုယ်ပိုင်ကျောင်း ၆ ကျောင်း၊ မူလတန်းဆင့် ကိုယ်ပိုင်ကျောင်း ၄ ကျောင်း၊ စုစုပေါင်းပုဂ္ဂလိကကိုယ်ပိုင်ကျောင်း ၄၀ ဖွင့်လှစ် ထားရှိကာ ယခင်နှစ်ထက် ပုဂ္ဂလိကကိုယ်ပိုင်ကျောင်း ၁၅ ကျောင်းနှင့် အစိုးကျောင်း ၁၅၄ ကျောင်း တိုးတက် ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ပြည်ထောင်စုဘတ်ဂျက်ဖြင့် စုစုပေါင်း ၅၆၂ ကျောင်း ကို ပြုပြင်ဆောက်လုပ်မည်ဖြစ်ပြီး သုံးစွဲမည့်ဘတ်ဂျက်မှာ ကျပ် ၁၅,၄၂၂.၄၀၀ သန်း ဖြစ်ပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ဆောက်လုပ်ပြီးစီးမှုမှာ ၄၂.၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်နိုင်ခဲ့ပါသည်။

ကျန်းမာရေးအနေဖြင့် နိုင်ငံပိုင်ဆေးရုံ ၁၅၉ ရုံ၊ ကျေးလက်ကျန်းမာရေးဌာန ၁၈၇ ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၈၂၈ ခု၊ မိခင်နှင့်ကလေးကျန်းမာရေးဌာန ၅၂ ခု၊ နယ်စပ်အထူး

ဒေသဆေးပေးခန်း ၄၄ ခန်း ၊ ပုဂ္ဂလိကပိုင်အနေဖြင့် ပုဂ္ဂလိကဆေးရုံ ၂၁ ရုံ၊ ပုဂ္ဂလိကဆေးခန်း ၂၀၃ ခန်းဖြင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက် နိုင်ခဲ့ပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပြည်ထောင်စုဘက်ဂျက်ဖြင့် ဆောက်လုပ်မည့် ၁၆ ကုတင်ဆံ့ဆေးရုံ ၂ ရုံ ၊ ဖယ်ခုံ ၂၅ ကုတင်ဆံ့ဆေးရုံ ၁ ရုံ နှင့် ကျေးလက်ကျန်းမာရေးဌာန ၅ ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၆၂ ခု၊ ဆေးရုံအဆင့်မြှင့်တင်ခြင်းနှင့် အကြီးစားပြင်ဆင်မွမ်းမံခြင်း၊ တောင်ကြီးဆေးတက္ကသိုလ် ဆောက်လုပ်ခြင်းတို့အတွက် သုံးစွဲမည့် ဘတ်ဂျက်မှာ ကျပ် ၂၇,၆၄၆.၂၄၆ သန်း ဖြစ်ပြီး ပထမ (၆) လပတ်တွင် ၄၅.၀ ရာခိုင်နှုန်းခန့် ဆောင်ရွက် နိုင်ခဲ့ပါသည်။

**ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ။** နိုင်ငံပိုင်အခန်း၌ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာန၏ ဝင်ငွေများ၊ သမဝါယမဦးစီးဌာနအောက်ရှိ ဂန်ဆောင်မှုလုပ်ငန်းများမှ ရရှိသော ဂင်ငွေများ၊ ပုဂ္ဂလိကပိုင်အခန်းတွင် ဆေးရုံ၊ ဆေးခန်းစသည့် ကျန်းမာရေးဂန်ဆောင်မှု လုပ်ငန်းများ၊ ပညာရေးဝန်ဆောင်မှုလုပ်ငန်းများ၊ စားသောက်ဆိုင်များ၊ အိမ်၊ အဆောက်အဦ ငှားရမ်းခများ၊ ဟိုတယ်၊ တည်းခိုခန်းများ၏ဝင်ငွေများ၊ အင်တာနက်ကဖေး၊ ကွန်ပျူတာ စာစီစာရိုက်လုပ်ငန်းများ၊ မိတ္တူကူးသည့်လုပ်ငန်းများ၊ ဆံပင်ညှပ်ဆိုင်၊ အလှပြုပြင်ဆိုင်၊ ကိုယ်ကာယအလှ လေ့ကျင့်မှုဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ အစရှိသည့် စားဝတ်နေရေး၊ လူမှုရေးဆိုင်ရာ ဂန်ဆောင်မှုလုပ်ငန်းများ၏ ဂင်ငွေများ၊ အခြားကဏ္ဍများတွင် မပါဝင်သော အသေးစားဝန်ဆောင်မှုလုပ်ငန်းများ၏ ဝင်ငွေများ တိုးတက်ဆောင်ရွက် နိုင်ခဲ့ပါသည်။

ခရီးသွားကဏ္ဍအနေဖြင့် အင်းလေးဒေသ အင်ကြင်းကုန်းကျေးရွာအနီးရှိ အင်းလေး အရှေ့ကြိုးဝိုင်းမှ မြေဧရိယာ ၆၂၂ ဧကကို ဟိုတယ်ဇုန်အဖြစ် ဖော်ထုတ်ခဲ့ပြီး ဖြစ်ပါသည်။ ခရီးသွားအေဂျင်စီလုပ်ငန်းအတွက် ရှမ်းပြည်နယ်တစ်ခုလုံးတွင် လိုင်စင်ရဟိုတယ်စုစုပေါင်း ၂၀၁ လုံး ၊ အခန်းအရေအတွက် ၆,၂၈၇ ခန်း ဖြင့် ဝန်ဆောင်လျက်ရှိပြီး ပုဂ္ဂလိကယာဉ်လိုင်းများ ညအိပ်ရပ်နားရာစခန်းများတွင် စားသောက်မှုနှင့်ညအိပ်နိုင်သည့် ဝန်ဆောင်မှုများ ဆောင်ရွက် ပေးလျက်ရှိသဖြင့် ခရီးသွားလာမှု ပိုမိုလာခြင်းနှင့် ဒေသအတွင်းရှိ ဟိုတယ်နှင့် တည်းခိုခန်းများ မှလည်း နိုင်ငံခြားသားများ တည်းခိုနိုင်ရန် ဝန်ဆောင်မှု ပေးနိုင်ခဲ့ပါသည်။ တောင်ကြီး၊ အင်းလေး၊ ကလော၊ ပင်းတယ၊ မြင်းမထိဂူ၊ မွေတော် ကက္ကူ၊ ထမ်ဆမ်းဂူ၊ လားရှိုး၊ မူဆယ်၊ ကျိုင်းတုံ (ရွှေတြိဂံဒေသ) တာချီလိတ် စသည့်ဒေသများသည် နိုင်ငံခြားသားများ လာရောက် လည်ပတ်ရန် အဓိက စိတ်ဝင်စားဖွယ်နေရာ ဒေသများဖြစ်ခဲ့ပြီး နိုင်ငံခြားနှင့် ပြည်တွင်း ခရီးသွားများမှ ဝင်ငွေတိုးတက် ရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

**ကုန်သွယ်မှုကဏ္ဍ။** မူဆယ် ၁၀၅ မိုင် နယ်စပ်စခန်း၊ တာချီလိတ်နယ်စပ်စခန်းနှင့် ချင်းရွှေဟော် နယ်စပ်စခန်းများအနေဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အထောက်အကူဖြစ်စေ

သည့် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများနှင့် လုပ်ငန်းသုံးကုန်ပစ္စည်းများကို ပိုမိုကုန်သွယ်နိုင်ခဲ့ပါသည်။

**သဘာဝဘေးအန္တရာယ်ကျရောက်မှုအခြေအနေ။** ဇူလိုင်လနှင့် ဩဂုတ်လများတွင် ရေကြီးရေလျှံမှုကြောင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) လာရှိုးခရိုင်တွင် နားဆောက်-နားဟ ကျေးရွာချင်းဆက်လမ်း၊ နောင်မွန်-နောင်ခွန် ကျေးရွာချင်းဆက်လမ်း၊ နောင်မွန်-နားဖွတ် ကျေးရွာချင်းဆက်လမ်း၊ ဝမ်ခူး-နောင်ခမ်း ကျေးရွာချင်းဆက်လမ်းများ ပျက်စီးခြင်း၊ မိုးမိတ်မြို့နယ်တွင် တွင်းငယ်-မိုးမိတ်ကြား တံတားများပြိုကျခြင်း၊ မဘိမ်းမြို့နယ်တွင် မဘိမ်း-စီအူ-ဇန်းမော်လမ်း တံတားပျက်စီးခြင်း၊ မဘိမ်း- ငါးအိုးလမ်းတံတားနှင့် မဘိမ်း-မြစ်ဆုံလမ်း တံတားပျက်စီးခြင်း၊ ကျောက်မဲခရိုင်တွင် နမ့်ပေါချောင်းကွန်ကရစ်တံတား၊ ရတနာသိင်္ဂီအာစီတံတားများပျက်စီးခြင်း၊ နမ္မတူ-မုံဝီးလမ်းတောင်ပြိုခြင်း၊ သီပေါ-နမ္မတူလမ်းပျက်စီးခြင်း၊ နမ့်ဆန်- သီပေါလမ်းပျက်စီးခြင်း၊ နားမွန်းတံတားပျက်စီးခြင်းနှင့် လိမ္မော်ခြံ ၁၅ ဧက၊ ပြောင်းခြံ ဧက ၅၀၊ မိုးစပါး ၁၀၁.၉၉ ဧက ပျက်စီးခဲ့ပါသည်။ ယင်းပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ ကျပ် **၆၉၃.၆** သန်း ရှိပြီး သီးနှံစိုက်ပျိုးခြင်းကို ဒေသခံတောင်သူများမှ ပြန်လည်စိုက်ပျိုးနိုင်ခဲ့ပြီး လမ်းတံတား အချို့အားပြန်လည်ပြုပြင်ခြင်းနှင့် ကျန်လုပ်ငန်းများကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း နိုင်ငံပိုင်ဘတ်ဂျက်ဖြင့် ပြန်လည်ပြုပြင်ရန် လျာထားဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**ခနောကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ**

ခနောကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် ပင်းတယမြို့နှင့် ရွာငံမြို့တို့ဖြင့် ဖွဲ့စည်းထားပြီး လက်ရှိမြေ အသုံးချမှုအခြေအနေမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ပထမ(၆)လပတ်တွင် အသားတင်စိုက်ပျိုးနိုင်သည့်မြေ ၂၀၃,၅၁၃ ဧကရှိပြီးသီးနှံစိုက်ဧက ၁၅၉,၇၁၄ ဧကရှိပါ သည်။

**လယ်ယာကဏ္ဍ။** ကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထွက်နှုန်းကောင်းသည့်လယ်စပါးမျိုးကောင်းမျိုးသန့်များကိုဖြန့်ဖြူးပေးခြင်း၊စိုက်ဧကတိုးချဲ့ စိုက်ပျိုးခြင်း၊ မိုးမြေပဲ၊ ပဲပုပ်၊ ပဲစဉ်းငုံနှင့် နေကြာစသည့် သီးနှံများကို တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် စိုက်ပျိုးဆောင်ရွက် နိုင်ခဲ့ပါသည်။

**သားငါးကဏ္ဍ။** သားငါးထုတ်လုပ်မှုမှာရည်မှန်းချက်အပေါ် ရာနှုန်းပြည့် အကောင်အထည်ဖော်နိုင်ရန်အတွက်ခိုင်းကျွဲ/နွားအကောင်ရေ တိုးတက်ထုတ်လုပ်နိုင်ရန်လည်းကောင်း၊ အသားထုတ်လုပ်မှုများတိုးတက်စေရန်လည်းကောင်း၊ မွေးမြူရေးလုပ်ငန်းထုတ်ကုန်များ တိုးတက်စေရန်လည်းကောင်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် သမဝါယမဦးစီးဌာနတို့မှ ဆောင်ရွက်လျက်ရှိပါသည်။

**စက်မှုလက်မှုကဏ္ဍ။** ဒေသတွင်း အတိုးနှုန်းသက်သာသောချေးငွေရရှိမှုဖြင့် အထည်ချုပ်လုပ်ငန်း၊ ဒေသအုတ်ရိုက်လုပ်ငန်း၊ လက်ဖက်စို/ခြောက်လုပ်ငန်း၊ ယက္ကန်းလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပါသည်။ ပုဂ္ဂလိကလုပ်ငန်း အလတ်စား ၄ ခု ၊ အသေးစား ၂၆၁ ခုဖြင့် စီးပွားဖြစ်လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ ဒေသအလိုက် ထွက်ရှိသော သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များကို ရေရှည်ထားရှိနိုင်ရန် သီးနှံအခြောက်ခံစက်ရုံ တည်ဆောက်နိုင်ရေး ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု အဖွဲ့အစည်းများနှင့် ချိတ်ဆက် ဆောင်ရွက်လျက်ရှိပါသည်။

**လျှပ်စစ်ဓာတ်အားကဏ္ဍ။** လျှပ်စစ်ဓာတ်အားဖူလုံရေးအတွက် ပင်းတယမြို့နယ်အတွင်း ဝါတရာ၊ ရှောက်ပင်၊ ကုန်းသာကျေးရွာများတွင် ဆိုလာစနစ်ဖြင့် မီးရရှိရေး ဆောင်ရွက်ပေးခြင်း၊ ကျုံးကျေးရွာအုပ်စု၊ မိုင်းလိကျေးရွာအုပ်စုနှင့် ပင်ပျော်ကျေးရွာ အုပ်စုများတွင် လျှပ်စစ်မီးတိုင်များသွယ်တန်းခြင်း၊ထရန်စဖော်မာများတပ်ဆင်ခြင်းလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိပါသည်။

**ပို့ဆောင်ရေးကဏ္ဍ။** ဒေသကုန်စည်စီးဆင်းမှု မြန်ဆန်သွက်လက်စေရန်အတွက် ဒေသအတွင်းကုန်တင်ယာဉ် အရေအတွက် တိုးတက်လာခြင်းအပြင်၊ ခရီးသည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် ပင်းတယမြို့နယ်တွင်ချယ်ရီမေ (ပင်းတယ-တောင်ကြီးခရီးစဉ်) မော်တော်ယာဉ်လိုင်းကိုလည်းကောင်း၊ ရွာငံမြို့နယ်တွင်ဒို့အောင်ပန်း (ရွာငံ-တောင်ကြီးခရီးစဉ်) မော်တော်ယာဉ်လိုင်းကိုလည်းကောင်း တိုးချဲ့ ပြေးဆွဲလျက်ရှိပါသည်။

**လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ။** လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပညာရေးအဆင့်အတန်း မြှင့်တင်ရာတွင် ပင်းတယမြို့နယ်တွင် အမက(ခွဲ)-ပါးမဲ ၊ မူလွန်-နန်းကုန်းနီး၊ ပိန္နဲကုန်း၊ အလက(ခွဲ)-ရှားပြား၊ သစ်အယ်ပင်၊ လင်းလေအင်းနှင့် အထက(ခွဲ)-ရွှေပုထိုး(တောင်)ကိုလည်းကောင်း၊ ရွာငံမြို့နယ်တွင် အမက(မူလွန်)-ပယ်ကင်း၊ အလက(ခွဲ)- ဒုတ္ထိုးရေ၊ ကပြင်နှင့် လက်ပံပင်ကိုလည်းကောင်း အသီးသီး အဆင့်တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ပါသည်။

ပင်းတယမြို့နယ်နှင့်ရွာငံမြို့နယ်များတွင် ကျန်းမာရေးဦးစီးဌာန အစီအစဉ် နယ်လှည့်ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ပင်းတယမြို့၊ ရွှေဥမင်ဒေသကို ဆေးလိပ်ငွေ့ကင်းစင်ဒေသအဖြစ် (၁၀-၉-၂၀၁၅) ရက်နေ့တွင်သတ်မှတ်ကြေငြာခြင်း လုပ်ငန်းများကိုဆောင်ရွက်နိုင်ခဲ့ပါသည်။

**ဟိုတယ်ခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ။** ရှမ်းပြည်နယ်(တောင်ပိုင်း)သို့ လာရောက်လည်ပတ်ကြသည့် ပြည်တွင်းဘုရားဖူးဧည့်သည်များ၊ နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်များသည် ပင်းတယမြို့နယ်တွင် ရွှေဥမှင်သဘာဝလိုဏ်ဂူဘုရား တည်ရှိနေခြင်းကြောင့် လာရောက်လည်ပတ်ကြခြင်းဖြင့် အလှူငွေနှင့် နိုင်ငံခြားသုံးငွေများ ရရှိနေပါသည်။ ပင်းတယမြို့တွင် ပုဂ္ဂလိကပိုင် ဟိုတယ် ၄ လုံးနှင့် မိုတယ်/အင်း ၄ လုံး၊ ရွာငံမြို့တွင် ဟိုတယ် ၁ လုံး နှင့်

တည်းခိုခန်း ၂ ခု တည်ရှိလျက် နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်များကို ဖိတ်ခေါ်လျက်ရှိပါသည်။ရွေးဟောင်းယဉ်ကျေးမှု ထိန်းသိမ်းနယ်မြေဖြစ်သော ပြဒါးလင်းဂူသို့ ကျောက်ချောလမ်းဖောက်လုပ်လျက်ရှိပြီး ပြီးစီးပါက နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

**သောက်သုံးရေဖူလုံရေးဆောင်ရွက်မှု။** ပင်းတယမြို့နယ်တွင် ရေးပေးဝေရေးလုပ်ငန်း ၁၂ ခုကိုလည်းကောင်း၊ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ၇ ခု ကိုလည်းကောင်း၊ ရေလှောင်ကန်တည်ဆောက်ခြင်းလုပ်ငန်း ၃ ခု ကိုလည်းကောင်း၊ ရွာငံမြို့နယ်တွင် ကျေးရွာ ပေါင်း ၁၁ ရွာအတွက် ပေ ၃၀၀ စက်ရေတွင်း ၄ တွင်းကိုလည်းကောင်း၊ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း ၇ ခုကိုလည်ကောင်း ဆောင်ရွက်လျက် ရှိပါသည်။

**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်မှု။** ဒေသတွင်း သဘာဝသစ်တောများ ထိန်းသိမ်းခြင်းအနေဖြင့် ဇော်ဂျီကြိုးဝိုင်း ၇,၅၀၈ ဧက၊ ပေါနကြိုးပြင်ကာကွယ်တောအဖြစ် ၂၀၁ ဧက၊ ရွာငံမြို့နယ်တွင် ဇော်ဂျီကြိုးဝိုင် ၂၉၁,၈၂၉ ဧက၊ ထိုးကြီးတောင်ကြိုးဝိုင် ၈၀၀ ဧက ၊ ပြဒါးလင်းဂူကြိုးဝိုင်း ၁၀,၁၈၈ ဧက ၊ သံဖိုချောင်း ကြိုးပြင်ကာကွယ်တော ၃၄,၅၆၀ ဧက၊ ထီးလှိုင်ကြိုးပြင်ကာကွယ်တော ၂,၂၄၀ ဧက၊ ပန်းလောင်နှင့် ပြဒါးလင်းဂူ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၈၂,၄၈၃ဧကတို့အား ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

**ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ**

**လယ်ယာကဏ္ဍ။** မိုးစပါး ၉၇,၂၀၈ ဧက၊ အစေ့ထုတ်ပြောင်း ၂၇,၅၂၅ ဧက၊ မြေပဲ ၁၁,၃၅၆ ဧက၊ နှမ်း ၁၇၅ ဧက၊ လက်ဖက် ၁၇,၁၂၈ ဧက နှင့် အာလူး၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ကြံ၊ ဖရဲ၊ သခွားမွေး၊ နာနတ်၊ စတော်ဘယ်ရီ စသည့် သီးနှံများအပြင် စိန်တလုံးသရက်နှင့် နဂါးမောက်သီးများ စိုက်ပျိုးပါသည်။ လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ပြည်ထောင်စုရန်ပုံငွေဖြင့် ဟိုပုံးမြို့နယ် ကျောက်တန်းကျေးရွာအုပ်စုတွင် ကုန်းမြင့်လယ်ယာ ဖော်ထုတ်ခြင်း၊ ပြည်ထောင်စုရန်ပုံငွေ၊ ပြည်နယ်ရန်ပုံငွေတို့ဖြင့် ဆည်မြောင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

**သားငါးကဏ္ဍ။** သားငါးကဏ္ဍတွင် ရည်မှန်းချက်များ ပြည့်မီအောင်မြင်အောင် အကောင်အထည်ဖော်နိုင်ရေးအတွက် ခိုင်းကျွဲ/နွား အကောင်ရေ တိုးတက်ထုတ်လုပ်နိုင်ရန်လည်းကောင်း၊ အသားထုတ်လုပ်မှုများ တိုးတက်စေရန်လည်းကောင်း၊ မွေးမြူရေးလုပ်ငန်းထုတ်ကုန်များ တိုးတက်စေရန်အတွက် ဆောင်ရွက်လျက်ရှိပါသည်။ထိုသို့ ဆောင်ရွက်ရာတွင် (UNOPS)မှ ကျေးရွာများတွင် ကျွဲနွားမွေးမြူရန် ရင်းနှီးငွေထုတ်ပေးခြင်းနှင့် (CP)ကုမ္ပဏီမှဆောင်ရွက်ပေးသော ကြက်မျိုး၊ အစာ၊ ဆေးများဖြင့် အသားစား ကြက်နှင့် ဥစားကြက်များ စီးပွားဖြစ်မွေးမြူကြပါသည်။

**သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ။** သတ္တုထုတ်လုပ်ရေးကုမ္ပဏီများမှ ခနောက်စိမ်းသတ္တုရိုင်း၊ သွပ်ခဲ့ရာသတ္တုရိုင်းနှင့် ကျောက်မီးသွေးများ၊ လမ်းခင်းကျောက်များ ထုတ်လုပ်နိုင်ခဲ့ပါသည်။ ခနောက်စိမ်းသတ္တုရိုင်းအနေဖြင့် ဟိုပုံးမြို့နယ်တွင် ပန်းခြောက်ပွင့် နှင့် ပတ္တမြားနဂါးကုမ္ပဏီများမှ ထုတ်လုပ်လျက်ရှိပြီး၊ ကျောက်မီးသွေးအနေဖြင့် ပင်လောင်းမြို့နယ်တွင် ဇေင်ကုမ္ပဏီမှ ထုတ်လုပ်လျက်ရှိပါသည်။ လမ်းခင်းကျောက်နှင့် သဲများကို ဟိုပုံး၊ ဆီဆိုင်၊ ပင်လောင်းမြို့နယ်များတွင် တူးဖော် ထုတ်လုပ်လျက်ရှိပါသည်။

**စက်မှုလက်မှုကဏ္ဍ။** ပင်လောင်းမြို့နယ်တွင် ယခင်က နဂါးဘိလပ်မြေနှင့် ခြသေ့်ဘိလပ်မြေစက်ရုံများမှ ထုတ်လုပ်လျက်ရှိရာမှ ယခုအခါတွင် ခြသေ့်ဘိလပ်မြေစက်ရုံမှ ဘိလပ်မြေအစား စလင်းပေါင်ဒါကို ပြောင်းလဲထုတ်လုပ်လျက်ရှိပါသည်။ ဟိုပုံးမြို့နယ်တွင် ခနောက်စိမ်းသတ္တုစက်ရုံ၊ ဓါတ်ခဲစက်ရုံများ လည်ပတ်လျက် ရှိပါသည်။ ထို့အပြင် ပုဂ္ဂလိကလုပ်ငန်းများအနေဖြင့် အကြီးစား ၃ ခု၊ အသေးစား ၁,၀၉၅ ခုဖြင့် စီးပွားရေး လုပ်ငန်းများဆောင်ရွက်လျက်ရှိပါသည်။ ဟိုပုံးမြို့နယ်တွင်သကြားစက်ရုံ၊ ပင်လောင်း မြို့နယ်တွင် ဝါးတူစက်ရုံ တည်ဆောက်နိုင်ရေးအတွက် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါသည်။

**လျှပ်စစ်ဓာတ်အားကဏ္ဍ။** ဟိုပုံးမြို့နယ် ကျောက်တန်းကျေးရွာအုပ်စုအား လျှပ်စစ်မီး စတင်ဖြန့်ဖြူးပေးနိုင်ခဲ့ပါသည်။ ဆိုလာစနစ်ဖြင့် ဟိုပုံးမြို့နယ်တွင် ၁၂ ရွာ၊ ဆီဆိုင်မြို့နယ်တွင် ၈ ရွာ၊ ပင်လောင်းမြို့နယ်တွင် ၁၀ ရွာ လျှပ်စစ်မီးရရှိအောင် ဆောင်ရွက် ပေးနိုင်ခဲ့ပါသည်။ ပင်လောင်း မြို့နယ်တွင် နောင်လင်းရွာနှင့်ဘတ်ပြင်ရွာတွင် မဟာဓာတ်အားလိုင်းမှ မီးရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

**ဆောက်လုပ်မှုကဏ္ဍ။** ဟိုပုံးမြို့နယ်တွင်ပြည်ထောင်စုရန်ပုံငွေဖြင့် ကျန်းမာရေးဦးစီးဌာန ကျောက်တန်းတိုက်နယ်ဆေးရုံအပါအဝင် ပြည်နယ်ဘတ်ဂျက်၊ပြည်ထောင်စုဘတ်ဂျက်ဖြင့် ဟိုပုံး၊ ဆီဆိုင်၊ ပင်လောင်းမြို့နယ်တို့တွင် ပညာရေးဌာနမှ ကျောင်းများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ စိမ့်စမ်းရေသွယ်တန်းခြင်း၊ ယင်လုံအိမ်သာများတည်ဆောက်ခြင်း၊ ကျေးလက်ရေပေးရေး လုပ်ငန်းများ၊မဟာဓာတ်အားလိုင်းများ၊ကျေးလက်အိမ်ယာများဆောက်လုပ်ခဲ့ပါသည်။ လမ်းပန်း ဆက်သွယ်ရေးအတွက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုး များဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေများဖြင့် ပြည်ထောင်စုလမ်းမ ကြီးများ၊ ကျေးလက်လမ်းများဖောက်လုပ်ခြင်း၊ အဆင့်မြှင့်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပါ သည်။ ပြည်သူ့လွှတ်တော် သိန်း ၁,၀၀၀ ဖြင့် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရန် ဆောင်ရွက်ပါသည်။

**ပို့ဆောင်ရေးကဏ္ဍ။** ဟိုပုံး-ဆီဆိုင်-လွိုင်ကော်လမ်းအား အဆင့်မြှင့်ဆောင်ရွက် ပေးခဲ့သဖြင့် ဆီဆိုင်-ဟိုပုံး-တောင်ကြီးခရီးစဉ်များ တိုးချဲ့ပြေးဆွဲလျက်ရှိပါသည်။ ကျေးလက်လမ်းများ၊ တံတားများ ကောင်းမွန်လာသဖြင့် ကျေးလက်မြို့ပြပို့ဆောင်ရေးလုပ်ငန်းများ တိုးတက်ကောင်းမွန် လာပါသည်။ ကျေးလက်ဒေသများအနေဖြင့် ဈေးနေ့များတွင် ဒေသထွက်ကုန်များအား ဈေးကွက်သို့ လွယ်ကူစွာဖြင့် အချိန်တိုကာလအတွင်း ပို့ဆောင်ပေးနိုင်ခဲ့ပါသည်။ ပအိုဝ်းဒေသတွင် သယ်ယူ ပို့ဆောင်ရေးလုပ်ငန်းများအတွက် ဒေသအတွင်း ကုန်တင်ယာဉ်အရေအတွက် တိုးတက်လာခြင်း အပြင်၊ ခရီးသည် သယ်ယူပို့ဆောင်ရေး လုပ်ငန်းအတွက် ဟိုပုံးမြို့နယ်တွင် ရွှေမန္တလာ အဆင့်မြှင့်ခရီးသည် ယာဉ်လိုင်း (ဟိုပုံး-တောင်ကြီး-ရန်ကုန်)၊ ပင်လောင်းမြို့နယ်မှ ရွှေပအိုဝ်း အဆင့်မြှင့် ခရီးသည်ယာဉ်လိုင်း (ပင်လောင်း-မန္တလေး) ယာဉ်လိုင်းများ တိုးချဲ့ပေးဆွဲလျက် ရှိပါသည်။

**ဆက်သွယ်ရေးကဏ္ဍ။** မိုဘိုင်းဖုန်းများ လွယ်ကူစွာဝယ်ယူရရှိပါသဖြင့် ကျေးလက် ဒေသများတွင် ဆက်သွယ်ရေး ကောင်းမွန်လျက် ရှိပါသည်။ ဟိုပုံးမြို့နယ်တွင် Ooredoo နှင့် Telenor မိုဘိုင်းဖုန်းများ တိုးချဲ့ဆောင်ရွက်လာသောကြောင့် မိုဘိုင်းဖုန်းများ ပိုမိုအသုံးပြု လျက်ရှိပါသည်။

**ငွေရေးကြေးရေးကဏ္ဍ။** စိုက်ပျိုးရေးစရိတ်ချေးငွေများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ဟိုပုံးမြို့နယ် ၁၇ ရွာ၊ ဆီဆိုင်မြို့နယ် ၁ ရွာ၊ ပင်လောင်းမြို့နယ် ၂၁ ရွာ စုစုပေါင်း ၃၉ ရွာအား တစ်ယူနစ်လျှင် ကျပ်သိန်း ၃၀၀ နှုန်းဖြင့် ထုတ်ချေး ပေးထားသည်။ သမဝါယမအသင်း အစီအစဉ်ဖြင့်လည်း ထုတ်ချေးထားပါသည်။ ပုဂ္ဂလိကပိုင်ဘဏ်ဖြစ်သော ကမ္ဘောဇဘဏ်များကို ဟိုပုံးမြို့နယ်၊ ပင်လောင်းမြို့နယ်တွင် ဖွင့်လှစ်ပြီး ငွေကြေးလုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါသည်။

**လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ။** အထက်တန်း ၂၈ ကျောင်း၊ အလယ်တန်း ၆၄ ကျောင်း၊ မူလတန်း ၄၈၁ ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၂ ကျောင်းဖြင့် ပညာသင်ကြားလျက် ရှိပါသည်။ ပထမ(၆) လပတ်တွင် ပြည်ထောင်စုဘတ်ဂျက်ရန်ပုံငွေဖြင့် ဟိုပုံး ၂၄ ကျောင်း၊ ဆီဆိုင် ၁၈ ကျောင်း၊ ပင်လောင်း ၂၂ ကျောင်းဖြင့် ကျောင်းအသစ် တည်ဆောက်ရေးလုပ်ငန်းများ ဆောက်လုပ်လျက် ရှိပါသည်။

မြို့နယ်ဆေးရုံ ၃ ရုံ၊ တိုက်နယ်ဆေးရုံ ၇ ရုံ၊ ကျေးလက် ကျန်းမာရေးဌာနခွဲ ৮၉ ခု ဖြင့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အတွင်း ပြည်ထောင်စုဘတ်ဂျက်ရန်ပုံငွေနှင့် ပြည်သူများ ထည့်ဝင်လှူဒါန်းငွေများဖြင့် မြို့နယ် ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဌာနများအားပြုပြင်ခြင်း၊ အသစ်တည်ဆောက်ခြင်းလုပ်ငန်းများ အား ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဟိုတယ်၊ တည်းခိုခန်းနှင့် အခြားဝန်ဆောင်မှုကဏ္ဍ** သဘာဝအခြေခံ ခရီးသွားလုပ်ငန်းများ နှင့် ဆက်စပ်လျက် ဟိုပုံးမြို့တွင် ထမံ့စမ်းသဘာဝလှိုဏ်ဂူသည် ခရီးသွားများ စိတ်ဝင်စားရာ ဒေသ တစ်ခုဖြစ်ပြီး နေ့စဉ်ခရီးသွားများ လှိုဏ်ဂူအတွင်းရှိ ကျောက်ပန်းဆွဲ အလှအပများနှင့် ပတ်ဝန်းကျင်ရှိ သဘာဝတောတောင် အလှအပများသည် ခရီးသွားလုပ်ငန်းအတွက် စိတ်ဝင်စား ဖွယ်ရာ အလှအပများ ဖြစ်ပါသည်။

**ကုန်သွယ်မှုကဏ္ဍ။** စိုက်ပျိုးရေးကို အခြေခံသော ဒေသဖြစ်သဖြင့် အဓိကသီးနှံများ အပြင် ဈေးကွက်ဝင်သီးနှံများ စီးပွားဖြစ် စိုက်ပျိုး၍ ဟိုပုံး၊ ဆီဆိုင်၊ ပင်လောင်းမြို့နယ် များတွင် ပွဲရုံလုပ်ငန်းများဖြင့် ဖြစ်ထွန်းအောင်မြင်လျက်ရှိပါသည်။ ပင်လောင်းမြို့နယ်တွင် ပင်လောင်း ကုန်စည်ဒိုင် တည်ဆောက်ရေးလုပ်ငန်းများကို ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုဖြင့် တည်ဆောက်လျက် ရှိရာ ၅၀ ရာခိုင်နှုန်း ပြီးစီးပြီး ဖြစ်ပါသည်။

**ရေရရှိရေးကဏ္ဍ။** သဘာဝရေထွက်များမှ စိမ့်စမ်းရေသွယ်စနစ်ဖြင့်လည်းကောင်း၊ သဘာဝစမ်းချောင်းများမှလည်းကောင်း၊ တွင်းတိမ်၊ တွင်းနက်များဖြင့်လည်းကောင်း သောက်သုံးရေကို အသုံးပြုကြပါသည်။ ရေရှိရေးလုပ်ငန်းများကို ပထမ(၆) လပတ်တွင် ကျေးလက်ဒေသဖွံ့ဖြိုး

တိုးတက်ရေးဦးစီးဌာနသည် ပြည်ထောင်စုဘတ်ဂျက် ရန်ပုံငွေဖြင့် ဆီဆိုင်မြို့နယ် ကျေးရွာ ၃၄ ရွာတွင် ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင်ဆည်မြောင်းဦးစီးဌာနသည် ပြည်နယ်ဘတ်ဂျက် ရန်ပုံငွေဖြင့် ဆီဆိုင်မြို့နယ်ရှိ နမ့်မူးလေးရေလွှဲဆည် တူးမြောင်းစနစ်ပြုပြင်ခြင်း၊ စော်ဘွားဆည် ရေထိန်းတံခါး၏ တူးမြောင်းစနစ်ပြုပြင်ခြင်းနှင့် ပန်ဆိုင်လဲ ရေထိန်းတံခါး၏ တူးမြောင်းစနစ် ပြုပြင်ခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။

**ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ**

**မြေအသုံးချမှုအခြေအနေ။** အသားတင်စိုက်ပျိုးမြေမှာ ၇၇,၇၃၁ ဧက ၊ ပလပ်မြေမှာ ၄၅,၆၈၇ ဧက ၊ စက်မှုလုပ်ငန်းသုံးမြေမှာ ၂၈၄ ဧက ၊ မြို့ရွာနှင့်အခြားမြေမှာ ၄,၄၁၆ ဧက၊ ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောဧရိယာ ၁၁,၉၆၀ ဧက၊ တောရိုင်း ၅၉၇,၉၁၈ ဧက၊ မြေရိုင်းမှာ ၁၀,၁၃၀ ဧက ၊ စိုက်ပျိုးခြင်းမပြုနိုင်သောမြေမှာ ၂၃၃,၂၀၉ ဧက ၊ စုစုပေါင်း ၉၈၁,၃၃၅ ဧက ရှိပါသည်။

**လယ်ယာကဏ္ဍ။** သီးနှံစုံစိုက်ဧရိယာ ၈၆,၅၂၀ ဧက စိုက်ပျိုးရန် ရည်မှန်းခဲ့ရာ ၇၀,၈၀၀ ဧက စိုက်ပျိုး နိုင်ခဲ့ပါသည်။ မိုးစပါး ၉,၇၂၄ ဧက ၊ အစေ့ထုတ်ပြောင်း ၂,၁၀၃ ဧက ၊ ဖူးစားပြောင်း ၁,၁၉၃ ဧက ၊ ပဲမျိုးစုံ ၇၆၈ ဧက ၊ ဆီထွက်သီးနှံ ၇၄ ဧက ၊ စက်မှုလက်မှုသီးနှံ ၁၂၅ ဧက၊ ဟင်းခတ်အမွှေးအကြိုင် ၂၁၈ ဧက၊ အခြားစားသုံးသီးပင်များတွင် ၆၁,၈၉၁ ဧက ဟင်းသီးဟင်းရွက်ပေါင်းတွင် ၂,၁၇၁ ဧက အသီးသီး စိုက်ပျိုးနိုင်ခဲ့ပါသည်။ ပလောင်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသသည် လက်ဖက်သီးနှံကို အဓိက စိုက်ပျိုးသော ဒေသဖြစ်ပြီး လက်ဖက် စိုက်ဧက ၅၈,၇၂၆ ဧက စိုက်ပျိုးထား ရှိပါသည်။

**သားငါးကဏ္ဍ။** ခိုင်းကျွဲနွားကောင်ရေနှင့် ကျွဲ/နွား သားရေချပ် ပိုမိုလာခဲ့ပြီး အသား ထုတ်လုပ်မှုတွင် အမဲသား၊ ဝက်သား၊ကြက်သားနှင့် ဥထုတ်လုပ်မှုတို့တွင် ယခင်နှစ်ထက် ပိုမို တိုးတက် ထုတ်လုပ်နိုင်ခဲ့ပါသည်။

**စက်မှုလက်မှုကဏ္ဍ။** နိုင်ငံပိုင်ထုတ်လုပ်မှုအနေဖြင့် အချိုခြောက်ထုတ်လုပ်မှု တစ်ခု သာရှိပြီး ရည်မှန်းချက် တန် ၁,၀၁၀.၈၆ အပေါ် ၆၁၁.၆၂ တန်ကို ထုတ်လုပ်ခဲ့ပါသည်။ အကောင်အထည်ဖော်ဆောင်နိုင်မှုမှာ ၆၀.၅ ရာခိုင်နှုန်းဖြစ်ပါသည်။ ပုဂ္ဂလိကပိုင် စက်မှုလက်မှု လုပ်ငန်းတွင် အထွေထွေ စက်မှုလက်မှုလုပ်ငန်းများ တိုးတက်လာပြီး လက်ဖက်ကြိတ်ခွဲမှု လုပ်ငန်းတွင် လက်ဖက်စို၊ လက်ဖက်ခြောက် ကြိတ်ခွဲမှုများ တိုးတက်ခဲ့ပါသည်။ အထူးသဖြင့် အချိုခြောက်ထုတ်လုပ်မှုတွင် ရည်မှန်းချက်မက်ထရစ်တန် ၃,၅၄၅ အပေါ် ၃,၆၁၃ မက်ထရစ်တန် ကို ထုတ်လုပ်နိုင်ခဲ့ပါသည်။

**ဆောက်လုပ်မှုကဏ္ဍ။** နမ့်ဆန်မြို့နယ်အတွင်း ကျေးလက်ဦးစီးဌာနမှ ဆောင်ရွက်ဆဲ လုပ်ငန်းများမှာ မြေသားလမ်း ၅ လမ်း၊ ကျောက်လမ်း ၂ လမ်း၊ သစ်သားတံတား ၂ စင်းတို့ ဖြစ်ပြီး ၃၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီး ဖြစ်ပါသည်။ န.တ.လ မှ ပြည်နယ်ဘတ်ဂျက်ဖြင့် ကျောက်လမ်း ၂ လမ်းအား ဆောင်ရွက်ဆဲဖြစ်ပြီး ၃၀ ရာခိုင်နှုန်း လုပ်ငန်း ဆောင်ရွက်ပြီး ဖြစ်ပါသည်။ ပြည်ထောင်စုဘတ်ဂျက်ဖြင့် ကတ္တရာလမ်း ၂ လမ်း ၊ မြေသားလမ်း ၁ လမ်း ဆောင်ရွက်ဆဲ ဖြစ်ပါသည်။ မန်တုံမြို့နယ်အတွင်း ကျေးလက်ဦးစီးဌာနမှ မြေသားလမ်း ၄ လမ်း

အနက် ၃ လမ်း ဆောင်ရွက်ဆဲ ဖြစ်ပါသည်။ န.တ.လ ဦးစီးဌာနမှ ပြည်ထောင်စု ရန်ပုံငွေဖြင့် မန်တုံမြို့နယ်အတွင်း နားအော် ၊ မိုင်းလုတ်အုပ်စုတွင် ၁၀ မိုင် ကျောက်ခင်းခြင်း လုပ်ငန်း အားဆောင်ရွက်ဆဲ ဖြစ်ပါသည်။

**လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ။** အခြေခံပညာအထက်တန်း ၄ ကျောင်း၊ အထက်တန်း ကျောင်းခွဲ ၃ ကျောင်း၊ အလယ်တန်းကျောင်းနှင့် ကျောင်းခွဲပေါင်း ၂၀ ၊ မူလတန်း ၁၄၅ ကျောင်း နှင့် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ လေ့ကျင့်ပညာ ဦးစီးဌာနမှ လူငယ်သင်တန်းကျောင်း ၁ ကျောင်း ဖွင့်လှစ်ထားပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆)လပတ်တွင် နတလ လူငယ်သင်တန်းကျောင်း ကျောင်းသား ၈၀ ဦးဆံ့ RC နှစ်ထပ်ဆောင်ဆောက်လုပ်ခြင်း လုပ်ငန်းများ၊ ရေချိုးခန်း ၈ ခန်းတွဲအိမ်သာ RC ဆောက်လုပ် ခြင်းလုပ်ငန်းများ၊ ကျောင်းသား၁၀၀ဦးဆံ့ စားရိပ်သာ ဆောက်လုပ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်နိုင် ခဲ့ပါသည်။ ခွင့်ပြုရန်ပုံငွေ ၂၃၂ သန်းဖြင့် ဆောင်ရွက်လျက်ရှိရာ ၆၀ ရာခိုင်နှုန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီး ဖြစ်ပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ခွင့်ပြုရန်ပုံငွေမှ ပထမ(၆)လပတ်တွင် နမ့်ဆန်မြို့နယ် အတွင်းရှိ အမက-ပန်ဥတု၊ အမက-လွယ်ပိန်း၊ အထက(၂)၊ အမက-လွယ်ပြတ် ကျောင်းများ တွင် (၆၀x၃၀)ပေ တစ်ထပ်အဆောင်သစ်များ တည်ဆောက်ပြီးစီးမှု အခြေအနေမှာ ၈၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီး၍၊ အမက-အုမ်းမစွမ်း၊ အမက-အလားကုန်း၊ အမက-ကိုက်တိုင် ကျောင်းများ၏ (၆၀x၃၀)ပေ တစ်ထပ်အဆောင်သစ်များ ဆောက်လုပ်မှု မှာ ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီး ဖြစ်ပါသည်။ ပညာရေးဌာန၏ ခွင့်ပြုရန်ပုံငွေ ၁၅၁.၂ သန်းမှ ၁၀၁.၅၂ သန်း သုံးစွဲပြီး ဖြစ်ပါ သည်။

မန်တုံမြို့နယ်အတွင်း အမက-နမ့်ပါကျိုင်း ၊ အမက-ကောင်းဆုံ ၊ အမက-မန်ဆွန် ၊ အမက-ဟင်ဟောင်း ၊ အမက-မန်ကောင်၊ အမက-ဟိုလင်း ကျောင်းများ၏ (၆၀x၃၀)ပေ သွပ်မိုးအုပ်ညှပ် တစ်ထပ်အသစ် ဆောက်လုပ်မှုမှာ ၁၅ ရာခိုင်နှုန်း တည်ဆောက်ပြီး၍ အမက-လွယ်မွန်း၊ အမက- တောနေ ကျောင်းများမှာ ၂၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီး ဖြစ်ပါသည်။ အမက-အူမန်မှာ ပထမ(၆)လပတ်တွင် ၂၅ ရာခိုင်နှုန်း တည်ဆောက်ပြီး ဖြစ်ပါသည်။ မူလွန် - လွယ်ခန်း၊ မူလွန်-နားအော်လေး ၊ မူလွန်-ကျယ်ခေါင် ၊ မူလွန်-ဟိုတုံ ကျောင်းများ၏ (၄၀x၃၀)ပေ သွပ်မိုးအုပ်ညှပ် တစ်ထပ်အသစ် ဆောက်လုပ်မှုမှာ လုပ်ငန်း စတင် ဆောင်ရွက်မှုမရှိသေးပါ။

ကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံတိုးတက်ကောင်းမွန်စေရေးနှင့် ကျေးလက်ဒေသ ကျန်းမာရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် လူနာကုတင် ၅၀ ဆေးရုံ ၁ရုံနှင့် ၂၅ ကုတင် ဆေးရုံ ၁ ရုံ၊

ကျေးလက်ကျန်းမာရေးဌာန ၈ ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၃၁ ခုတို့ကို ဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်လျက်ရှိပါသည်။

**ကျေးလက်မီးလင်းရေး။** ပင်မဓာတ်အားလိုင်းမှ လျှပ်စစ်မီးရရှိမှု အခြေအနေမှာ နမ့်ဆန်မြို့နယ်တွင် မြို့ပေါ်(၆)ရပ်ကွက်နှင့် ကျေးရွာ ၁၁ ရွာတွင် အိမ်ထောင်စု ၂,၂၃၅ ရရှိပါသည်။ မန်တုံမြို့နယ်တွင် မြို့ပေါ် ၃ ရပ်ကွက်၌သာ မီးပေးနိုင်ပြီး အိမ်ထောင်စု ၃၉၉ ရရှိပြီးဖြစ်ပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် နမ့်ဆန်မြို့နယ်အတွင်းရှိ ကျောက်ဖြူရွာအပါအဝင် ရွာပေါင်း ၆ ရွာတွင် ဆိုလာမီးလင်းရေးလုပ်ငန်းကို ခွင့်ပြုရန်ပုံငွေ ၇၇.၁၄ သန်းမှ ၁၉.၂၈၅ သန်း သုံးစွဲပြီး ၃၀ ရာခိုင်နှုန်း လုပ်ငန်းဆောင်ရွက်ပြီး ဖြစ်ပါသည်။ လုံတောက်ကျေးရွာအုပ်စုနှင့် လီလုကျေးရွာအုပ်စုများတွင် ရေအားလျှပ်စစ် လုပ်ငန်းများအတွက် ခွင့်ပြုရန်ပုံငွေ ၅၄ သန်းမှ ၂၇ သန်း သုံးစွဲပြီး ၅၀ ရာခိုင်နှုန်းလုပ်ငန်း ဆောင်ရွက် ပြီး ဖြစ်ပါသည်။

မန်တုံမြို့နယ်အတွင်းရှိ မန်ပွန်း(က) ကျေးရွာအုပ်စုနှင့် မန်ပွန်း(ခ) ကျေးရွာအုပ်စုများတွင် ကျေးလက်မီးလင်းရေး (ရေအားလျှပ်စစ်) လုပ်ငန်းအတွက် ခွင့်ပြုရန်ပုံငွေ ၁၂ သန်းမှ ၆ သန်း သုံးစွဲပြီး ၅၀ ရာခိုင်နှုန်း လုပ်ငန်းဆောင်ရွက်ပြီး ဖြစ်ပါသည်။

**သောက်သုံးရေရရှိရေး။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေမှ ပထမ(၆)လပတ်တွင် နမ့်ဆန်မြို့နယ်တွင် န.တ.လ မှ ပြည်နယ်ဘတ်ဂျက်ဖြင့် မန်မိုင်ကျေးရွာ၊ ဟူးမန်းကျေးရွာ၊ ခေးခင်ကျေးရွာများတွင် လုပ်ငန်းများစတင်ဆောင်ရွက်နိုင်ခဲ့ပါသည်။ မန်တုံမြို့နယ်တွင် န.တ.လ မှ ပြည်နယ် ဘတ်ဂျက်ဖြင့် ထပ်ချက်ကျေးရွာနှင့် မန်ကန်ကျေးရွာတို့တွင် ခွင့်ပြုရန်ပုံငွေ ၃၇.၅ သန်းမှ ၉.၃၈ သန်း သုံးစွဲပြီး ၁၅ ရာခိုင်နှုန်း လုပ်ငန်းဆောင်ရွက်ပြီး ဖြစ်ပါသည်။ ပထမ(၆)လပတ် တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် လုပ်ငန်းအကောင်အထည်ဖော် ဆောင်နိုင်မှုမရှိသေးပါ။

## ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ

ရှမ်းပြည်နယ် ၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် နယ်နိမိတ်ချင်း(၉၉)မိုင် ထိစပ်လျှက်ရှိပြီး ဒေသတွင်းတွင် လောက်ကိုင်မြို့နယ် ၊ ကုန်းကြမ်းမြို့နယ် ၊ ချင်းရွှေဟော်မြို့နယ်ခွဲနှင့် မော်ထိုက်မြို့နယ်ခွဲတို့ပါဝင်ပြီး ရပ်ကွက် (၁၂)ခု ၊ ကျေးရွာအုပ်စု (၁၆)အုပ်စု နှင့် ကျေးရွာ(၂၇၈)ရွာတို့ဖြင့် ဖွဲ့စည်းထားပါသည်။

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ၂၀၁၅ခုနှစ်၊ ဖေဖော်ဝါရီလမှစတင်၍ ကိုးကန့်တိမ်းရှောင်အဖွဲ့မှ ဝင်ရောက်တိုက်ခိုက်မှုများကြောင့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ တည်ငြိမ်အေးချမ်းမှု ပျက်ပြားလာခဲ့သဖြင့် ပြည်သူများ၏ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် ၂၀၁၅ခုနှစ် ၊ ဖေဖော်ဝါရီလ(၁၇)ရက်နေ့တွင် နိုင်ငံတော်အစိုးရမှ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ်(၁/၂၀၁၅)ဖြင့် အရေးပေါ်အခြေအနေထုတ်ပြန်ကြေညာခဲ့သည့်အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ(၄၁၃) ၊ ပုဒ်မခွဲ(ခ)အရ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအား စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်၍ အုပ်ချုပ်စေခဲ့ပါသည်။ ၂၀၁၅ခုနှစ် ၊ မေလ(၁၇)ရက်နေ့တွင် အရေးပေါ်အခြေအနေနှင့် စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်သည့်ရက်ပေါင်း(၉၀) ပြည့်ခဲ့သော်လည်း ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ အုပ်ချုပ်ရေး ၊ ရပ်ကွက်/ကျေးရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့သည် မူလအခြေအနေသို့ ပြန်လည်ရောက်ရှိခြင်း မရှိသေးသဖြင့် အဆိုပါအမိန့်အား ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ဆက်လက်အတည်ဖြစ်စေရေးအတွက် ၂၀၁၅ခုနှစ် ၊ မေလ(၁၅)ရက်နေ့တွင် ကျင်းပသော ပထမအကြိမ်ပြည်ထောင်စု လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှ သဘောတူညီချက်ဖြင့် အရေးပေါ်အခြေအနေနှင့် စစ်အုပ်ချုပ်ရေးအား ၂၀၁၅ခုနှစ် ၊ ဩဂုတ်လ (၁၇)ရက်နေ့ထိ ဆက်လက်တိုးမြှင့်ခဲ့ပြီး တတိယအကြိမ် အနေဖြင့် ဒေသကွပ်ကဲမှု စစ်ဌာနချုပ်(လောက်ကိုင်)၏ (၁၇.၈.၂၀၁၅)ရက်နေ့၌ စစ်အုပ်ချုပ်ရေး ကာလအား ထပ်မံတိုး မြှင့်ခဲ့ပါသည်။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြန်လည်ထူထောင်ရေး အုပ်ချုပ်မှု အထောက်အကူပြုကော်မတီအား သမ္မတရုံးဝန်ကြီးဌာန ၊ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း ဦးဆောင်သော အဖွဲ့ဝင်(၁၂)ဦးဖြင့် နိုင်ငံတော်သမ္မတရုံးမှ (၂၆.၂.၂၀၁၅)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၂/၂၀၁၅) ဖြင့် ဖွဲ့စည်းပေးခဲ့ပါသည်။

ရှမ်းပြည်နယ် ၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း တပ်မတော်နှင့် ကိုးကန့်တိမ်းရှောင်အဖွဲ့တို့အကြား တိုက်ပွဲများဖြစ်ပွားခဲ့မှုကြောင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆) လပတ်တွင် မူလရည်မှန်းထားသည့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း လုပ်ငန်း အများစုမှာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းမရှိသေးဘဲ ဒေသ၏လုံခြုံရေး အခြေအနေအရ စိတ်ချ

ရသည့် နယ်မြေများတွင်သာ လုပ်ငန်းစီမံကိန်းအချို့သာ အကောင်အထည်ဖော် ဆောင်ရွက်လျှက်ရှိပါသည်။ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆) လပတ်တွင် တိုက်ပွဲများကြောင့် စစ်ဘေးရှောင်ခဲ့သူ ပြည်သူလူထုများအား အရေးပေါ်စားနပ်ရိက္ခာထောက်ပံ့မှုများနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကိုသာ ဦးစားပေးပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

**လယ်ယာကဏ္ဍ။** လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် မူလရည်မှန်းထားသည့် မိုးသီးနှံစိုက်ဧက ၇၅၆၁၉ ဧကအနက် လုံခြုံရေးအခြေအနေအရ သော်လည်းကောင်း၊ဒေသခံပြည်သူလူထုများ ပြန်လည်ဝင်ရောက်နေထိုင်ခြင်း မရှိသေးသည့်အတွက်လည်းကောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် မိုးသီးနှံ ၅၁,၅၇၂ ဧကသာ စိုက်ပျိုးနိုင်ခဲ့ပါသည်။ ထို့ပြင် ပြန်လည်ဝင် ရောက်လာသည့် စစ်ဘေးရှောင်ဒေသခံပြည်သူလူထုများအား လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဆောင်ရွက်နိုင်ရေးအတွက် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) အဖွဲ့အစည်း နှင့် စိုက်ပျိုးရေးဦးစီးဌာနတို့မှ ပူးပေါင်း၍ ပုလဲသွယ်စပ်မျိုးစပါး ၊ YJ-202 မျိုးစပါး ၊ TU-12 မျိုးစပါး၊ TU-16 မျိုးစပါးနှင့် အစေ့ထုတ်ပြောင်းတို့အားကီလို ၃,၇၂၅ကီလိုအား ဖြန့်ဝေကူညီ ထောက်ပံ့ပေး နိုင်ခဲ့ပါသည်။ ထို့ပြင် ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) အဖွဲ့အစည်းမှ ဓာတ်မြေဩဇာအိတ်၃,၀၀၀အား လောက်ကိုင်မြို့နယ်၊ တာရှေထန် ကျေးရွာအုပ်စု၊ မန်လော်ကျေးရွာအုပ်စုနှင့် ကုန်းကြမ်းမြို့နယ်အတွင်းရှိ ရှင်ဖျင်ကိုင်း ကျေးရွာအုပ်စု၊ တာ့ကုန်းကြမ်းကျေးရွာအုပ်စုများသို့ ဖြန့်ဖြူးကူညီထောက်ပံ့ ပေးနိုင်ခဲ့ပါသည်။

**သားငါးကဏ္ဍ။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် မွေးမြူရေးကဏ္ဍနှင့်ပတ်သက်၍ တိရစ္ဆာန်ရောဂါ ကြိုတင် ကာကွယ်ဆေးထိုးပေးမှု/ တိုက်ကျွေးမှု အကြိမ်(၃၃၀) နှင့် တိရစ္ဆာန်ရောဂါကုသပေးမှု ၄၂၁ ကြိမ် အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့ပါ သည်။

**ဆောက်လုပ်မှုကဏ္ဍ။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆) လပတ်တွင် နိုင်ငံပိုင် ရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများအများစုမှာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းမရှိသေးဘဲ လမ်းဦးစီးဌာနမှ ပြည်ထောင်စုလမ်း ၂ လမ်းနှင့် ပြည်နယ်လမ်း ၅ လမ်းအတွက် ရင်းနှီးမြှုပ်နှံမှု ကျပ် **၃၈၆.၅၅၇**သန်း ဖြင့် လမ်းတိုးတက် ပြုပြင်ခြင်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ထို့ပြင် စစ်အုပ်ချုပ်ရေးကာလ ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေ (ပုဂ္ဂလိက)ဖြင့် စစ်ဘေးဒဏ်ကြောင့် ပျက်စီးသွားသည့် မြို့တွင်းလမ်းများပြန်လည် ပြုပြင်ခြင်းအတွက် ကျပ် ၂၉၂.၅ သိန်း ဖြင့် အကောင်အထည်ဖော် ဆောင်ရွက် နိုင်ခဲ့ပါသည်။

**လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ် တွင် အခြေခံပညာကျောင်းများတွင် ငွေပဒေသာအတွက် ငွေသား ၁၄၇ သိန်း နှင့် သင်ထောက်ကူ ပစ္စည်းများ ၁၁၂.၅ သိန်းတို့အား ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ကူညီထောက်ပံ့ ပေးနိုင် ခဲ့ပါသည်။ နိုင်ငံတော်ဘတ်ဂျက်ဖြင့် ဆောင်ရွက်မည့် အခြေခံပညာမူလတန်း ကျောင်း ၁၆ ကျောင်း၏ အဆောက်အဦးများ တည်ဆောက်ရန်ရှိသော်လည်း အစီရင်ခံသည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် အကောင်အထည် ဖော်ဆောင်ရွက်ခြင်း မရှိသေးပါ။ ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသအတွင်း နိုင်ငံတော်အစိုးရမှ ဖွင့်လှစ်လျှက်ရှိသော အခြေခံပညာ ကျောင်း၂၀၈ ကျောင်း အနက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် လုံခြုံရေး အခြေအနေအရ အခြေခံကျောင်း ၅၁ ကျောင်းသာ ဖွင့်လှစ်၍သင်ကြားရေး လုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါသည်။

ကျန်းမာရေးကဏ္ဍအတွက် ကုသရေးပစ္စည်းများ ဖြည့်တင်းပေးခြင်းနှင့် ဆေးရုံ/ ဆေးပေးခန်း/ဌာနများသို့ ငွေသားထောက်ပံ့ပေးခြင်းတို့အား ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ (ပုဂ္ဂလိက) ဖြင့် ကျပ် ၄၁၇ သိန်း ကူညီ ထောက်ပံ့ဆောင်ရွက် ပေးနိုင်ခဲ့ပါသည်။

၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် ပထမ(၆) လပတ် တွင် စစ်ဘေးရှောင်ရာမှ ပြန်လည် ဝင်ရောက် လာသော ပြည်သူလူထုများအတွက် လူမှုရေးအသင်းအဖွဲ့များနှင့် ကုမ္ပဏီများဖြစ်သည့် ကိုးကန့် လူမှုဖွံ့ဖြိုးရေးအသင်း၊ ဝေဠုကျော်ဖောင်ဒေးရှင်း၊ ပယ်စိမ်းနှင့်ကျင်းထင်ကုမ္ပဏီ၊ ဖူလီလိုက် ကုမ္ပဏီများမှ ဒေသခံပြည်သူလူထုများအတွက် ကျပ် **၁,၃၆၉ သန်း** နှင့် ညီမျှသော စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများအား ဖြန့်ဝေကူညီ ထောက်ပံ့ ပေးနိုင်ခဲ့ ပါသည်။

**အရေးပေါ်ထောက်ပံ့ရေးပစ္စည်းများ လက်ခံရရှိမှုနှင့် ပြန်လည်ဖြန့်ဝေပေးမှုအခြေအနေ**

ရှမ်းပြည်နယ် ၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း စစ်ဘေးရှောင်တိမ်းရာမှ ပြန်လည်ဝင်ရောက်လာသော ဒေသခံပြည်သူလူထုအတွက် နိုင်ငံတော်အစိုးရ ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် နိပ္ပွန်ဖောင်ဒေးရှင်းတို့မှ လှူဒါန်းသည့် စားသောက်ကုန်ပစ္စည်းများမှာ ဆန်၂၉,၅၃၂အိတ် ၊ ဆီ၈,၃၀၀ ၊ ပဲ၁,၂၅၀အိတ် ၊ ဆား၂၁၀အိတ် ၊ ငါးခြောက်၂၅ အိတ် ၊ ငံပြာရည်၇၉၁ဘူး ၊ ငါးပိ၁,၂၆၀ပိဿာ ၊ စည်သွတ်ဗူး၁,၀၀၀ဘူး တို့အား ပြန်လည်ဖြန့်ဝေ ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။

## "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း

"ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၏ အရှေ့ဘက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် နယ်နိမိတ်ထိစပ်လျက်ရှိပါသည်။ အနောက်ဘက်တွင် တန့်ယန်းမြို့နယ် ၊ ကွမ်းလုံမြို့နယ် တို့နှင့်ထိစပ်လျက်ရှိပြီး တောင်ဘက်တွင် မိုင်းပျဉ်းမြို့နယ် ၊ မြောက်ဘက်တွင် တရုတ်ပြည်သူ့ သမ္မတနိုင်ငံတို့နှင့် နယ်နိမိတ်ထိစပ်လျက်ရှိပါသည်။ "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ လင်ချမ်းပြည်နယ်၊ ချမ်းရင်မြို့နယ်၊ မိန်းတိန်မြို့နယ်တို့ နှင့် ထိစပ်လျက်ရှိပြီး ထိစပ်မှုမှာ မိုင် (၁၅၀) ခန့် ရှည်လျားပြီး အထူးဒေသ(၂)တွင်ပါဝင် သည့်(၄)မြို့နယ်အတွက် နှစ်စဉ် ၊ နှစ်တို ၊ နှစ်ရှည်စီမံကိန်းများ ထိထိမိမိ မရေးဆွဲနိုင်ဘဲ မိမိ နယ်မြေစိုးမိုးသည့် ဟိုပန်မြို့နယ်နှင့် မက်မန်းမြို့နယ်သာ အဓိကအမှီပြု ရေးဆွဲတင်ပြ ထားပါသည်။

**လယ်ယာကဏ္ဍ။** တောင်ကုန်းမြင့်များဖြစ်သည့်အတွက် စိုက်ပျိုးမြေများ တိုးချဲ့၍ မရပါ။ တောင်သူများသည် စပါးနှင့် အခြားသီးပင်များထက် ဈေးကွက်တွင် ပိုမိုတွက်ခြေကိုက် သည့် ရာဘာကြံနှင့် ပြောင်းများကိုသာ ဦးစားပေးစိုက်ပျိုးခဲ့ကြပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် သီးနှံစုစုပေါင်းစိုက်ပျိုးရမည့် ဧက ၁၇၄,၈၂၂ မှ ၁၄၃,၇၂၃ ဧက စိုက်ပျိုးပြီးဖြစ်၍ ၈၂.၂ ရာခိုင်နှုန်းစိုက်ပျိုးပြီး ဖြစ်ပါသည်။

**လျှပ်စစ်ဓာတ်အားကဏ္ဍ။** လျှပ်စစ်ဖြန့်ဖြူးရေးလုပ်ငန်းကို "ဝ"ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရတိုင်းတွင် မြင့်မားလျှပ်စစ်ဓာတ်အားမှ နမ့်ဆောင်ချောင်း ရေအားလျှပ်စစ်လုပ်ငန်း များဖြင့် ဆောင်ရွက်လျက်ရှိသော်လည်း တောင်ကျချောင်းအား ပိတ်ဆို့၍ တမံတည်ဆောက် ထားခြင်းဖြစ်သည့်အတွက် မိုးတွင်း၌သာ ရေအားကောင်းမွန်ပြီး ကျန်သောလများတွင် ရေအားမရှိ၍ ၎င်းသွယ်တန်း ထားသောချောင်းရေမြောင်းများနှင့် တမံဆည်ထဲတွင် ကျောက်ခဲနှင့် မြေသဲများ မကြာခဏ ပြည့်လျှံနေသည့်အတွက် လျှပ်စစ်ဓာတ်အားကို ဖြန့်ဖြူး၍မပေးနိုင်ပါ။ ရေအားလျှပ်စစ် စက်ရုံတွင် ၅၀၀ ကီလိုဝပ် တပ်ဆင်ထားသော်လည်း အကြောင်း အမျိုးမျိုးကြောင့် ၂၅၀ ကီလိုဝပ်သာ ဓာတ်အား ဖြန့်ဖြူးနိုင်ပြီး ၂၅၀ ကီလိုဝပ် ဖြင့် ဟိုပန်မြို့ ၊ ခလရ-၁၄၃ ၊ ခလရ-၁၄၅ နှင့် အုပ်စု ၃ အုပ်စု ကျေးရွာ ၅ ရွာသာလျှင် ဖြန့်ဖြူးပေးလျက် ရှိပါသည်။

ဟိုပန်မြို့နှင့် ကျေးရွာပေါင်း ၂၂ ရွာမှာ ပုဂ္ဂလိကရေအားလျှပ်စစ်မှ ဖြန့်ဖြူးပေး လျက်ရှိပါသည်။ အဆိုပါရေအားလျှပ်စစ်သည် "ဝ"ဒေသမှ စီမံခန့်ခွဲအုပ်ချုပ်သော နမ့်တစ် မြို့နယ်ခွဲအတွင်းတွင် တည်ရှိပြီး ၎င်းမှအကြောင်းအမျိုးမျိုးကြောင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူး လျက်ရှိသည့်အတွက် (၁)ယူနစ်လျှင် တရုတ်ယွမ်ငွေ(၁)ယွမ်နှုန်းဖြင့် ပေးဆောင်ရပါသည်။

**သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ။** သဲ၊ ဖြုံး၊ ကျောက်မာများကို ထုတ်လုပ်သည့် လုပ်ငန်းရှင် ၉ ဦးဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ အများပြည်သူတို့၏ လိုအပ်ချက်အပေါ် မူတည်၍ တိုးမြှင့် ထုတ်လုပ်သွားမည် ဖြစ်ပါသည်။

**ဆောက်လုပ်ရေးကဏ္ဍ။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျပ် ၅,၅၀၉.၂၆ သန်း အကုန်အကျခံကာ ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ လမ်းပခုံးပြုပြင်ခြင်း၊ လမ်းချဲ့ခြင်းနှင့် အဆင့်မြင့်တင်ခြင်း လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက် ရှိပါသည်။

**လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ။** အခြေခံပညာကျောင်းများ ဥပဓိရုပ်ကောင်းမွန်ရေး၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း တည်ဆောက်ရန် ကျန်ရှိနေသည့် ကျောင်းများအား ဒုတိယ(၆)လပတ်တွင် ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်ထားပါသည်။

ကျန်းမာရေးအဆောက်အဦများ ဆောက်လုပ်ခြင်း ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ရန် ရည်မှန်းထားရှိပါသည်။ မက်မန်းမြို့နယ်နှင့် ဟိုပန်မြို့နယ် အတွင်းဆောင်ရွက်ရန် ကျန်ရှိသည့်ကျေးလက် ကျန်းမာရေးဌာနခွဲကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ရန် ရည်မှန်းထားရှိပါသည်။

**သောက်သုံးရေရရှိရေး။** မြို့ပြနှင့် ကျေးလက်ဒေသတို့၏ စိမ့်စမ်းရေများကို အသုံးပြုနေရသည့်အတွက် နွေရာသီတွင် သောက်သုံးရေဖူလုံမှုမရှိပါ။ ဟိုပန်မြို့တွင် စည်ပင်မှ ရေပေးဝေမှု မရှိဘဲ နတလအစီအစဉ်ဖြင့် ပေးဝေလျက် ရှိပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဟိုပန်မြို့၌ ရန်ဟုန်ကျိုင်းကျေးရွာ၊ အားဟူဝါကျေးရွာ၊ စီပါကျေးရွာ၊ ကုံလုံကျေးရွာ၊ ဆုတ်ကွန်ကျေးရွာ ၊ ဖာဘဲကျေးရွာ ၊ တာကိုကျေးရွာ ၊ မြင်စီး ရှန်ကျေးရွာ၊ ဆွတ်ဝိုးကျေးရွာ၊ နမ့်ဟာငူကျေးရွာများသို့ သောက်သုံးရေဖူလုံရေးကို ဆောင်ရွက် သွားမည် ဖြစ်ပါသည်။ အဆိုပါကျေးရွာများအား ကျေးလက်ဦးစီးဌာနနှင့် နတလ မှ ဆောင်ရွက် သွားမည် ဖြစ်ပါသည်။

**ကျေးလက်အိမ်ရာ။** ဟိုပန်မြို့နယ်နှင့် မက်မန်းမြို့နယ်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ကျေးလက်အိမ်ရာများ တည်ဆောက် ပေးရန် ရည်မှန်းဆောင်ရွက်ထားရှိပါသည်။

**ကုန်သွယ်မှုကဏ္ဍ။** ကုန်သွယ်မှုကဏ္ဍအနေဖြင့် **ကျပ် ၇၈,၅၁၁.၄ သန်း** လျာထားခဲ့ရာ ကျပ် **၃,၉၅၇.၃ သန်း** ဖြစ်၍ ၅.၀ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ယခင်နှစ်ကထက် ၁၃.၂ ရာခိုင်နှုန်း လျော့နည်းခဲ့ပါသည်။


**ဧရာဝတီတိုင်းဒေသကြီး**

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဒေသန္တရ စီမံကိန်း ပထမ(၆)လပတ်တွင် ဧရာဝတီတိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်း**အရ ကျပ် **၃,၃၈၃,၁၂၉.၃** သန်း အကောင်အထည်ဖော်ရန် လျာထားပါသည်။

**ပုံ(၆-၁၄) ဧရာဝတီတိုင်းဒေသကြီး၏**

**၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ**

**(နှစ်အလိုက်ဈေးနှုန်း)**




ဓာတ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ပထမ (၆) လပတ်တွင် ဧရာဝတီတိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်း**အရ ကျပ် **၃,၃၀၅,၂၃၈.၆** သန်း ဖြစ်ပေါ်ခဲ့၍ ပထမ (၆) လပတ်လျာထားချက်အပေါ် **၉၇.၇** ရာခိုင်နှုန်း အကောင်အထည်ဖော် နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း** အရ **၄.၉** ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

**လယ်ယာကဏ္ဍ။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ အစီရင်ခံသည့်ကာလတွင် စုစုပေါင်းသီးနှံစိုက်ဧက ၄,၆၁၁,၂၀၅ ဧက စိုက်ပျိုးနိုင်ခဲ့ပါသည်။ ဆောင်းသီးနှံများမှအပ ကျန်သီးနှံများအားလုံးနီးပါး စိုက်ပျိုးနိုင်ပြီး ယခင်နှစ် သီးနှံစုံစိုက်ဧက စုစုပေါင်း ၄,၆၈၇,၀၄၁ ဧက ထက် ၇၅,၈၃၆ ဧက လျော့နည်းခဲ့ပါသည်။ မိုးစပါး စိုက်ဧက ၄၇,၅၉၁ ဧက၊ ဖူးစားပြောင်း ၆၉၈ ဧက၊ မိုးနှမ်း ၁,၃၈၃ ဧကနှင့် ကြက်ပေါင်စေး ဧက ၂,၆၄၀ ပိုမို စိုက်ပျိုးနိုင်ခဲ့ပါသည်။ မိုးမြေပဲတွင်

ဇူလိုင်လအတွင်း မိုးများခြင်း ပဲတီစိမ်းနှင့် ပဲစဉ်းငုံတွင် ဈေးကွက် ကျယ်ကျယ် ပြန့်ပြန့်မရှိခြင်း၊ ဟင်းသီးဟင်းရွက်သီးနှံမှာ ဈေးကွက်ရှိသော်လည်း ဇူလိုင်လနှင့် ဩဂုတ်လတို့တွင် ဟင်းသီးဟင်းရွက်စိုက်မည့် ဧရိယာများတွင် ရေမြုပ်ခြင်းများကြောင့် စိုက်ဧကများ လျော့နည်းခဲ့ပါသည်။ နွေစပါးထွက်ရှိမှုအနေဖြင့် ၄၀,၇၇၂ တင်းထောင်ပေါင်း ထွက်ရှိပြီး ယခင်နှစ် ထွက်ရှိမှုထက် တင်းထောင်ပေါင်း ၁,၄၂၀ ပိုမိုထွက်ရှိ ခဲ့ပါသည်။

**သားငါးကဏ္ဍ။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ်တွင် အသားထုတ်လုပ်မှု ၅,၃၄၈ ပိဿာထောင်ပေါင်း၊ ဘဲဥ ၁၄,၄၉၉ လုံးရေထောင်ပေါင်း လျော့နည်းခဲ့ပြီး၊ ကြက်ဥ ၈,၄၂၇ လုံးရေထောင်ပေါင်း ပိုမိုထုတ်လုပ်နိုင်ခဲ့ပါသည်။ ငါး၊ ပုစွန် ထုတ်လုပ်မှု စုစုပေါင်း ၃,၄၃၉ ပိဿာထောင်ပေါင်း ပိုမိုထုတ်လုပ် နိုင်ခဲ့ပါသည်။ ရေချိုငါး၊ ပုစွန် ထုတ်လုပ်မှုတွင် ၁၁,၁၀၈ ပိဿာထောင်ပေါင်းတိုးတက်ခဲ့သော်လည်း ရေငန်ငါး၊ ပုစွန် ထုတ်လုပ်မှုတွင် ၇,၆၆၉ ပိဿာထောင်ပေါင်း လျော့နည်းထုတ်လုပ်ခဲ့ပါသည်။ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း ပုသိမ်ခရိုင်၊ ဟင်္သာတခရိုင်၊ မအူပင်ခရိုင်နှင့် မြောင်းမြခရိုင်တို့တွင် ဖြစ်ပွားခဲ့သော ရေကြီးနစ်မြုပ်မှုများကြောင့် တိရစ္ဆာန်များ သေကြေပျက်စီးခြင်း၊ အနာရောဂါ ဖြစ်ပွားမှုများ အနည်းငယ်ဖြစ်ပေါ်ခဲ့ခြင်းနှင့် ငါးကန်၊ ပုစွန်ကန်များအတွင်းသို့ ရေများဝင်ရောက်သဖြင့် ကန်ရေလျှံမှုများ ဖြစ်ပေါ်ပြီး မွေးမြူထား သောငါး၊ ပုစွန်များ ဆုံးရှုံးမှု ပေါ်ပေါက်ခဲ့သဖြင့် ပထမ (၆) လပတ်တွင် အကောင်အထည် ဖော်နိုင်မှု လျော့နည်းရခြင်း ဖြစ်ပါသည်။ တိရစ္ဆာန်ရောဂါ ကာကွယ်ကုသပေးမှုတွင် ကျွဲနွား ၁၂၅,၄၈၅ ကောင်၊ ဝက် ၁၄၈,၄၁၁ ကောင်၊ ကြက်နှင့် အခြား ၂၁၀,၆၃၂ ကောင်တို့ကို ကုသပေးနိုင်ခဲ့ပါသည်။

**သစ်တောကဏ္ဍ။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ်တွင် ကျွန်း ၁၀ ကုဗတန်၊ ကျွန်းနှင့်သစ်မာတိုင် ၂,၁၄၂ လုံး၊ ကျွန်းနှင့်သစ်မာမျော ၂၁၄ လုံး၊ ပိုမိုထုတ်လုပ်နိုင်ခဲ့ပြီး သစ်မာ ၂၇၇ ကုဗတန်၊ ထင်း ၁၈၅,၆၀၇ ကုဗတန်၊ မီးသွေး ၇,၄၉၁ ကုဗတန်၊ သစ်ခေါက် ၄,၀၂၄ ပိဿာ လျော့နည်းထုတ်လုပ်ခဲ့ပါသည်။ အခြားသစ်တောထွက်ပစ္စည်းများကိုလည်း စီမံကိန်း ရည်မှန်းချက်ဘောင်အတွင်းမှ ထုတ်လုပ်လျက်ရှိပါသည်။

**စွမ်းအင်ကဏ္ဍ။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် ရေနံစိမ်း ၃.၀၃၈၈ အမေရိကန်စည်ထောင်ပေါင်း တိုးတက်ထုတ်လုပ်ခဲ့ပါသည်။ သဘာဝဓာတ်ငွေ့ (ကုန်းတွင်း) တွင် ၁,၆၄၃ ကုဗပေသန်း လျော့နည်းထုတ်လုပ်ခဲ့ပြီး ကမ်းလွန်သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုတွင် ၂၈၉၃၃ ကုဗပေသန်း ပိုမိုထုတ်လုပ်နိုင်ခဲ့ပါသည်။ ဘူးသွင်းသဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုသည် ယခင်နှစ် ထုတ်လုပ်မှုထက် ၉၀ ကုဗပေသန်း လျော့နည်းခဲ့ပါသည်။

**သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ။** ပထမ (၆) လပတ်တွင် ပုဂ္ဂလိကပိုင် အခြား ကျောက် နှင့် တွင်းထွက်ပစ္စည်းများ ထုတ်လုပ်မှု တိုးတက်ခဲ့ပါသည်။ တိုင်းဒေသကြီးအတွင်း စည်ပင်နှင့် လူထုပူးပေါင်း၍ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ၊ ကျေးရွာချင်းဆက် လမ်းခင်းခြင်းလုပ်ငန်းများ၊ စက်မှုဇုန်အတွင်း အထည်ချုပ်စက်ရုံများနှင့် အခြားစက်ရုံများ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ခြင်းကြောင့် တိုးတက်ခဲ့ခြင်း ဖြစ်ပါသည်။ မအူပင် ခရိုင်တွင် ကမ်းပြိုကမ်းစားခြင်း လျော့နည်းစေရန်နှင့် ရေထိန်းနံရံများကို ကာကွယ်ရန်အတွက် ထုတ်လုပ်မှုများ လျော့ချခဲ့ခြင်းနှင့် ဟင်္သာတခရိုင်၊ ဇလွန်မြို့နယ်တွင် သဘာဝ ဘေးအန္တရာယ် ကာကွယ်ရန် ထုတ်လုပ်မှုပါမစ်များ ပိတ်ထားခြင်းတို့ကြောင့် ထုတ်လုပ်မှုများ လျော့နည်းခဲ့ ပါသည်။

**စက်မှုလက်မှုကဏ္ဍ။** ပထမ (၆) လပတ် ပုသိမ်ခရိုင်၊ ပုသိမ်စက်မှုဇုန်၌ North Shore အထည်ချုပ်စက်ရုံ ဖွင့်လှစ်နိုင်ခဲ့ပြီး လုပ်သားဦးရေ ၆၅၀ ဖြင့် မိုးကာများ၊ သားမွေး အနွေးထည်များ ထုတ်လုပ်မှုကို CMP စနစ်ဖြင့် စတင်ဆောင်ရွက်လျက်ရှိပါသည်။ ပုဂ္ဂလိကပိုင် အခန်း ဆန်ကြိတ်ခွဲမှုတွင် ၁၁၀,၃၃၆.၄ မက်ထရစ်တန် နှင့် ဆီကြိတ်ခွဲမှုတွင် ၂,၄၃၅.၂ မက်ထရစ်တန် ပိုမိုတိုးတက် ထုတ်လုပ်နိုင်ခဲ့ပါသည်။ ဧရာဝတီတိုင်းဒေသကြီး စက်မှု ကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတွင် မှတ်ပုံတင်ထားသော စက်မှုလုပ်ငန်းများမှာ အကြီးစားစက်မှုလုပ်ငန်း ၅၂၅ ခု၊ အလတ်စားစက်မှုလုပ်ငန်း ၆၁၃ ခု၊ အငယ်စားစက်မှုလုပ်ငန်း ၄,၇၅၂ ခု၊ စုစုပေါင်း စက်မှုလုပ်ငန်း ၅,၈၉၀ ခု ရှိပါသည်။

အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနအနေဖြင့် တိုင်းဒေသ ကြီးအတွင်းရှိ အလားအလာကောင်းပြီး ဖွံ့ဖြိုးတိုးတက်မှုအားနည်းသော စီးပွားရေးလုပ်ငန်း များကို ဖော်ထုတ်၍ Cluster များစုဖွဲ့ခြင်း၊ SME Cluster များ၏ လိုအပ်ချက်ဖြစ်သော နည်းပညာ၊ ငွေကြေးရရှိရေးအတွက် ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင် ရွက်ပေးလျက်ရှိရာ SME ချေးငွေကျပ်၂ ဘီလီယံခွင့်ပြုချက်ရရှိထားပြီး လုပ်ငန်းရှင် ၆၅ ဦးသို့ ကျပ် ၁,၂၀၇.၅ သန်း ထုတ်ချေးထားပြီး ဖြစ်ပါသည်။ နည်းပညာရရှိရေး ဆောင်ရွက်ပေးနိုင်မှု အနေဖြင့် ပုသိမ်မြို့နယ်နှင့် မြောင်းမြမြို့နယ်ရှိ ဆားစက် လုပ်ငန်းရှင်များအား Netherland နိုင်ငံမှ ကျွမ်းကျင်ပညာရှင် Mr JAN ROES မှ ဆားကွင်းများ၊ ဆားစက်များ သို့ကွင်းဆင်း၍ လိုအပ်သော နည်းပညာများ ဖော်ဆောင်ပေးလျက် ရှိပါသည်။

**လျှပ်စစ်ဓာတ်အားကဏ္ဍ။** ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ်တွင် လျှပ်စစ် ဓာတ်အားသုံးစွဲမှုသည် ၇၁၃,၅၀၅ ကီလိုဝပ်နာရီထောင်ပေါင်း ရှိခဲ့ပြီး ယခင်နှစ် အလားတူ ကာလထက် ၈၈,၃၇၆ ကီလိုဝပ်နာရီထောင်ပေါင်း ပိုမိုထုတ်လုပ် သုံးစွဲခဲ့ပါသည်။ ပထမ (၆)

လပတ်ကာလတွင် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ တိုင်းဒေသကြီးအတွင်း မဟာဓာတ်အားလိုင်းနှင့် အခြားဓာတ်အားလိုင်းများမှ ဓာတ်အားဖြန့်ဖြူးပေးရာတွင် လှိုင်သာယာ-အသုတ် ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်း၊ ရွှေတောင်-ပြည်-မြန်အောင် ၆၆ ကေဗွီဓာတ်အားလိုင်း၊ လှိုင်သာယာ-ညောင်တုန်း-မအူပင် ၃၃ ကေဗွီဓာတ်အားလိုင်း၊ လှိုင်သာယာ-ကွမ်းခြံကုန်း-ဒေးဒရဲ ၃၃ ကေဗွီဓာတ်အားလိုင်း၊ တိုက်ကြီး-အဖျောက်-ဆကာကြီး ၁၁ ကေဗွီဓာတ်အားလိုင်းတို့မှ ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပထမ(၆) လပတ်တွင် ပုသိမ်ခရိုင်၊ ကန်ကြီးထောင့်မြို့နယ်ရှိ (၂၃၀/ ၆၆/ ၁၁) ကေဗွီ(၂x၅၀) အမ်ဗွီအေ ပုသိမ်ခွဲရုံ Switch Bay တိုးချဲ့တပ်ဆင်ခြင်းတွင် ပြီးစီးမှု ၁၀၀ ရာခိုင်နှုန်း နှင့် ၂၃၀ ကေဗွီ အသုတ်-ပုသိမ် မဟာဓာတ်အားလိုင်း ၃၀.၂၆ မိုင် တည်ဆောက်ခြင်းတွင် ၉၁.၆ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ပါသည်။ ဟိုင်းကြီးကျွန်းမြို့နယ်နှင့် ငရုတ်ကောင်းမြို့နယ်တို့တွင် ပြည်သူလူထု လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ၆၆ ကေဗွီ၊ ပုသိမ်-ငရုတ်ကောင်းတောင်-ငါးပြေမ ဓာတ်အားလိုင်း ၇၆.၅ မိုင်တိုးချဲ့ခြင်း၊ ၆၆/၁၁ ကေဗွီ၊ ၂၀ အမ်ဗွီအေ ငါးပြေမ ဓာတ်အားခွဲရုံ တိုးချဲ့တပ်ဆင်ခြင်း၊ ၆၆/၃၃/၁၁ ကေဗွီ၊ ၂၀ အမ်ဗွီအေ ငရုတ်ကောင်းတောင်ခွဲရုံ တိုးချဲ့တပ်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ၈၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီ ဖြစ်ပါ သည်။

**ဆောက်လုပ်မှုကဏ္ဍ။** ဧရာဝတီတိုင်းဒေသကြီးအတွင်း တိုင်းဒေသကြီးမှတာဝန်ယူဆောင်ရွက်ရသော လမ်း ၆၄ လမ်း နှင့် လမ်းအရှည် စုစုပေါင်း ၁,၀၅၀ မိုင် ၀.၂၇ ဖာလုံ ရှိပါသည်။ ပြည်ထောင်စုအစိုးရအဖွဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ စီမံခန့်ခွဲမည့် လမ်း ၁၄ လမ်း နှင့် လမ်းအရှည် ၄၈၃ မိုင် ၄ ဖာလုံ ရှိပါသည်။

နိုင်ငံပိုင်အခန်း လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ်တွင် ပညာရေးဝန်ကြီးဌာန၊ အမှတ်(၁) အခြေခံပညာဦးစီးဌာနမှ အန္တရာယ်ရှိ ကျောင်းဆောင်ဟောင်းများ ဖျက်သိမ်း၍ အသစ်ဆောက်လုပ် ခြင်း ကျပ် ၃,၃၆၇.၇၀ သန်း ဆောင်ရွက်ခဲ့ပါသည်။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်လမ်းတံတားလုပ်ငန်း ကျပ် ၂,၅၅၁.၇၆၁ သန်း ၊ ကျေးလက်ရေရရှိရေး ကျပ် ၁,၂၈၅.၂၅၂ သန်း၊ ကျေးလက်မီးလင်းရေး ကျပ် ၁,၈၉၈.၃၅ သန်း၊ ကျေးလက်ယင်လုံအိမ်သာ ကျပ် ၅၇.၇၀၂ သန်း၊ ကျေးလက်အိမ်ရာ တည်ဆောက်ခြင်းလုပ်ငန်း ကျပ် ၂၇၇.၆၇၄ သန်းနှင့် မွမ်းမံခြင်းလုပ်ငန်းများအတွက် ကျပ် ၄၀၆.၈၀၁ သန်း၊ စက်ကိရိယာ ပရိဘောဂဝယ်ယူခြင်း ကျပ် ၁.၄ သန်းအား ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး

လုပ်ငန်းမှ မအူပင်ပံတပွတ်ရွာ ဓာတ်အားရရှိရေးလုပ်ငန်း၊ လပွတ္တာအမှတ် (၉) ရပ်ကွက်ရှိ လမ်း(၆) လမ်းတွင် ကွန်ကရစ်တိုင်များတိုးချဲ့ခြင်း၊ ညောင်တုန်းမြို့နယ်၊ မဲဇလီဒေသ လျှပ်စစ်ဓာတ်အားရရှိရေးလုပ်ငန်း၊ မြောင်းမြမြို့၊ ဇလပ်ကွင်း၊ ရှခင်းသာကျေးရွာများတွင် လျှပ်စစ်ရရှိရေး ဓာတ်အားလိုင်းတိုးချဲ့ခြင်းလုပ်ငန်းများအတွက် ပထမ (၆) လ ပတ်တွင် ကျပ် ၉၀.၀၅၉ သန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနမှ လမ်းနှင့်တံတားများ တည်ဆောက်ပြုပြင်ခြင်းတွင် ကျပ် ၃၀,၉၅၂.၃၅ သန်း ရင်းနှီးမြှုပ်နှံ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

**ပို့ဆောင်ရေးကဏ္ဍ။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ်တွင် နိုင်ငံပိုင်အခန်းမြန်မာ့မီးရထားနှင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ပို့ဆောင်ရေးလုပ်ငန်းများ ပို့ဆောင်ပေးမှု လျော့နည်းသော်လည်း ပုဂ္ဂလိကပိုင် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ခြင်းလုပ်ငန်း တို့သည် အချိန်တိုအတွင်း ပို့ဆောင်ပေးနိုင်သဖြင့် ခရီးသွားလာမှုအနေဖြင့် ပိုမို၍ တွင်ကျယ်လျက်ရှိပါသည်။ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ်တွင် လူစီးဆလွန်းကား ၃,၇၈၁ စီး၊ ကုန်တင်ဝန်ပေါ့ ၈၀၆ စီး၊ ကုန်တင် ဝန်လေး ၁,၁၆၅ စီး၊ ခရီးသည်တင်ကား ၁,၄၄၁ စီး၊ နှစ်ဘီးတပ်ယာဉ် ၂၄၂,၃၂၂ စီး၊ သုံးဘီးတပ်ယာဉ် ၁,၇၃၆ စီး၊ ထော်လာဂျီ ၃,၄၉၃ စီးနှင့် စက်ယန္တရား ၅ စီး မှတ်ပုံတင်ခဲ့ပါသည်။

**ဆက်သွယ်ရေးကဏ္ဍ။** ဧရာဝတီတိုင်းဒေသကြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် လက်လှည့်တယ်လီဖုန်းအိတ်ချိန်း၅၂ ခု၊ GSM / WCDMA မိုဘိုင်းရေဒီယိုစခန်း ၁၀၆ ရုံး၊ CDMA Mobile ရေဒီယိုစခန်း ၃၉ ရုံး၊ မိုက်ကရိုဝေ့ဖ် စခန်း(၃၈) ရုံး၊ ဖိုင်ဘာစခန်း (၁၅) ရုံး၊ ရေအောက်ကေဘယ်စခန်း (၃) ရုံး၊ MPT Satellite Terminal ၁၄၀ ခု၊ မြန်နှုန်းမြင့် အင်တာနက် (ADSL စနစ်) ဝန်ဆောင်မှု ပေးနိုင်သည့် အိတ်ချိန်း ၁၁ ခုတို့ဖြင့် တယ်လီဖုန်းလုပ်ငန်းအား ဝန်ဆောင်မှု ပေးလျက်ရှိပါသည်။

အင်တာနက် ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်လာသည်နှင့်အညီ e-government လုပ်ငန်းများကိုလည်း အဆင့်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ်တွင် WCDMA Moblie တယ်လီဖုန်း ၁၅၆,၃၈၂ လုံး နှင့် အော်တိုတယ်လီဖုန်း(ကြိုးဖုန်း) ၈၇ လုံး တပ်ဆင်ပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ကျေးလက်ဒေသများပါမကျန် ဆက်သွယ်ရေးစနစ်များ ပိုမိုကောင်းမွန်လာ၍ ဆက်သွယ်ရေးစာတိုက်လုပ်ငန်း၊ ကြေးနန်းလုပ်ငန်းများကို အသုံးပြုမှု လျော့နည်းလာပြီး ဝင်ငွေရရှိမှု လျော့နည်းခဲ့ပါသည်။ တယ်လီဖုန်းဝင်ငွေ ရရှိမှုအနေဖြင့် ဆက်သွယ်ရေးလုပ်ငန်းများ၏ ခေါ်ဆိုခများ အပြိုင်အဆိုင် လျော့ဈေးများ ပြုလုပ်လာကြ၍ ခေါ်ဆိုခများ ကျဆင်းခဲ့ပြီး ဆက်သွယ်ရေးကဏ္ဍ၏ ဝင်ငွေလျော့နည်းခဲ့ပါသည်။

**ငွေရေးကြေးရေးကဏ္ဍ။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ်၏ ငွေရေးကြေးရေးကဏ္ဍတွင် မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့အာမခံလုပ်ငန်းနှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်များသည် ဝင်ငွေရရှိမှုလျော့နည်း ခဲ့ပါသည်။ သမဝါယမငွေစုငွေချေးအသင်းများမှ ချေးငွေပိုမိုထုတ်ချေးခဲ့သဖြင့် အတိုးရငွေ ပိုမိုတိုးတက်လာခဲ့ခြင်း၊ ပုဂ္ဂလိကဘဏ်များ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြင့် ပုဂ္ဂလိကငွေချေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ခြင်းတို့ကြောင့် အတိုးရငွေများ တိုးတက်လာခဲ့ပါသည်။

**ပညာရေး။** တိုင်းဒေသကြီးအတွင်းဆရာနှင့် ကျောင်းသားအချိုးအနေဖြင့် မူလတန်းဆင့် ၁:၂၀၊ အလယ်တန်းဆင့် ၁:၃၆၊ အထက်တန်းဆင့် ၁:၂၉ ရှိပါသည်။ ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေနှင့် နည်းဥပဒေများကို ထုတ်ပြန်ပြီး ဧရာဝတီတိုင်း ဒေသကြီးတွင် ကိုယ်ပိုင်အလယ်တန်းကျောင်း ၂ ကျောင်း၊ ကိုယ်ပိုင်အထက်တန်းကျောင်း ၁၁ ကျောင်း ဖွင့်လှစ်ခဲ့ပါသည်။ ကျောင်းသား/ကျောင်းသူများ၏ ပညာသင်ကြားမှု အခွင့်အရေး မြင့်မားမှုအတွက် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ကျောင်းအဆင့်တိုးအနေဖြင့် အထက ၂၁ ၊ အလက ၁၄၊ အမက ၃၁၊ အထက(ခွဲ) ၄၇ ၊ အလက(ခွဲ) ၁၆၇ ၊ မူလတန်းလွန် ၁၀၀ ၊ အမကခွဲ ၁၀၁ ကျောင်းတို့ကို အဆင့်တိုးမြှင့် ဖွင့်လှစ်နိုင်ခဲ့ပါသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း ပညာရေးစီမံခန့်ခွဲမှုနှင့် သတင်းအချက်အလက်စနစ်အနေဖြင့် အခြေခံပညာကျောင်းပေါင်း ၆,၈၆၇ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီး၊ ကျောင်းသားကျောင်းသူပေါင်း ၁,၁၇၅,၃၉၆ ဦးကို ဆရာ ၊ ဆရာမ ၄၈,၃၄၂ ဦးဖြင့် လေ့ကျင့် သင်ကြားပေးနေပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် ပညာရေးဝန်ကြီးဌာန အမှတ်(၁) အခြေခံပညာဦးစီးဌာနမှ အန္တရာယ်ရှိ ကျောင်းဆောင်ဟောင်းများ ဖျက်သိမ်း၍ အသစ်ဆောက်လုပ်ခြင်း ၃၅၉ ကျောင်း၊ မူလတန်းကြို ကျောင်းဆောင်များ ဆောက်လုပ်ခြင်း ၂၃ ကျောင်း၊ လွှတ်တော်မှ ပြည်သူ့ကိုယ်စား တင်ပြသောကျောင်း ၁၁၄ ကျောင်း၊ စုစုပေါင်း ထက်၊ လယ်၊ မူ ကျောင်း ၄၉၆ ကျောင်းအား တင်ဒါအောင်မြင်ပြီးသော ကုမ္ပဏီများထံ လုပ်ငန်းအပ်နှံစာချုပ်ချုပ်ဆိုပြီး ပထမ (၆) လပတ်တွင် ကျပ် ၃၃၆၇.၇၀ သန်း ဆောင်ရွက်ပြီး ဖြစ်ပါသည်။ ဆရာအတတ်ပညာဦးစီးဌာန၊ ပုသိမ်ပညာရေးကောလိပ် မှ မူကြိုကျောင်းဆောင် ဆောက်လုပ်ခြင်းနှင့် ဂါလံ ၈၀၀ ဆံ့ ပေ ၂၀ အမြင့်ရေစင် ဆောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

**ကျန်းမာရေး။** ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆေးရုံသစ်များ၊ သူနာပြုသင်တန်းကျောင်းများ၊ ကျေးလက်ကျန်းမာရေးဌာနများ တိုးချဲ့ဆောက်လုပ်ခဲ့ရာ ပုသိမ်မြို့တိုင်းဒေသကြီးဆေးရုံသစ်နှင့် သူနာပြုသင်တန်းကျောင်း အဆောင်ဆောက်လုပ်ခြင်းအတွက်

ကျပ်သိန်း ၅၀၀၊ ဇလွန်မြို့နယ် ကော့ကပ်တိုက်နယ် ဆေးရုံဆောက်လုပ်ခြင်း အတွက် ကျပ်သိန်း ၄၅၀၊ တိုင်းအတွင်း ကန်ကြီးထောင့်၊ သာပေါင်း၊ ငပုတော၊ ကျုံပျော်၊ ရေကြည်၊ ကျောင်းကုန်း၊ အိမ်မဲ၊ ဝါးခယ်မ၊ ညောင်တုန်း၊ ပန်းတနော်၊ ဖျာပုံ၊ ဘိုကလေး၊ လပွတ္တာ မြို့နယ်များတွင် ကျေးလက်ကျန်းမာရေးဌာနများ ဆောက်လုပ်ခြင်းအတွက် ကျပ်သိန်း ၈၅၀ ကျခံသုံးစွဲ ဆောက်လုပ်ခဲ့ပါသည်။ တိုင်းဒေသကြီးအတွင်းရှိ ခုတင် (၁၀၀/၅၀/၂၅/၁၆) ခုတင်နှင့် ကျေးလက်ကျန်းမာရေး ဌာန/ဌာနခွဲများအတွက် ဆေးဝါးများဝယ်ယူခြင်းကို ကုမ္ပဏီဆေးဆိုင်များနှင့် စာချုပ်ချုပ်ဆိုပြီး ဆေးဝါးစတင် ဖြန့်ဖြူးလျက် ရှိပါသည်။ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှ ခုတင် ၅၀ ဆံ့ ပုသိမ်တိုင်းရင်းဆေးရုံ တိုးချဲ့တည်ဆောက်ခြင်း လုပ်ငန်း၊ ၄ ခန်း တွဲ ၄ ထပ် ဝန်ထမ်းအိမ်ရာနှင့် ဇလွန်မြို့နယ် တိုင်းရင်းဆေးကုဌာနတွင် တိုးချဲ့ဆောင်အား ဝန်ထမ်းအိမ်ရာအဖြစ် ပြုပြင်ခြင်းလုပ်ငန်းများအား တင်ဒါခေါ်ယူ ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၅ ခုနှစ်၊ ဩဂုတ်လအတွင်း ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် ရေကြီးနစ်မြုပ်မှု ဖြစ်ပေါ်သည့် မြို့နယ်များရှိ ကျေးရွာများသို့ သွားရောက်၍ ဝမ်းပျက်ဝမ်းလျှော ရောဂါကာကွယ်ရေးအတွက် ဆေးဝါးကုသမှုများ၊ ရေတွင်းရေကန်များသို့ ဆေးခတ်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများဖြင့် ပူးပေါင်း၍ ရေတွင်း၊ ရေကန်များပြန်လည်တူးဖော်ခြင်း၊ ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများ ကျင်းပခဲ့ပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ်တွင် တိုင်းကျန်းမာရေးဦးစီးဌာန အနေ ဖြင့် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ကျေးလက် / ရပ်ကွက်များအထိ ၆၀,၆၈၁ ကြိမ်၊ ကွင်းဆင်းချိန်တွင် ကျန်းမာရေးစောင့်ရှောက်ပေးမှု ၂၈၃,၈၅၅ ကြိမ်၊ ကိုယ်ဝန်ဆောင်မိခင်များ ကြည့်ရှုပေးမှု ၁၀၈,၇၂၈ ကြိမ်၊ အိမ်တိုင်ရာရောက် မွေးဖွားပေးသည့်မိခင် ၅,၄၁၂ ဦး ၊ ကျန်းမာရေး စစ်ဆေးပေးခဲ့သည့်ဦးရေ ၁၇၀,၅၂၄၊ ကျောင်းတွင် အာဟာရကျွေးသည့် ကျောင်းပေါင်း ၁,၃၁၂ ကွင်းဆင်း ဆောင်ရွက်ခဲ့ပါသည်။

**သောက်သုံးရေရရှိမှု။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပထမ(၆) လပတ်တွင် တွင်းနက် ၂၅၉ တွင်း၊ တွင်းတိမ် ၉၈ တွင်း၊ လက်တူးတွင်း ၆ တွင်း၊ မြေသားမိုးရေလှောင်ကန် ၃၁၆ ကန် စုစုပေါင်း လုပ်ငန်းဦးရေ ၆၇၉ ဆောင်ရွက်ပြီးဖြစ်ပါသည်။

**ကျေးလက်မီးလင်းရေး။** ဧရာဝတီတိုင်းဒေသကြီးတွင် ကျေးရွာပေါင်း ၁၁,၉၃၅ ရွာရှိသည့်အနက် ၂၇ ရွာမှာ မြို့ပေါ်ရပ်ကွက်အဖြစ် ပြောင်းလဲသတ်မှတ်သဖြင့် ကျေးရွာ ၁၁,၉၀၈ ရွာမှ ပထမ(၆) လပတ်တွင် မီးလင်းပြီးရွာ ၆,၄၄၉ ရွာရှိပြီး၊ မီးလင်းရန် ကျန်ရှိသည့် ကျေးရွာမှာ

၅,၄၅၉ ရွာရှိပါသည်။ လျှပ်စစ်ဓာတ်အားစနစ်ဖြင့် ၅၉၉ ရွာ၊ ဇီဝသုံးစွမ်းအင်ဖြင့် ၁၇ ရွာ၊ စပါးခွံလောင်စာဖြင့် ၅၅၄ ရွာ၊ နေရောင်ခြည်ဖြင့် ၃၇၈ ရွာ၊ ဒီဇယ်စက်ဖြင့် ၄,၈၈၂ ရွာ၊ အသေးစားရေအားနှင့် လေအားစနစ်ဖြင့် မီးလင်းသည့်ကျေးရွာ ၁၉ ရွာ၊ စုစုပေါင်း ၆,၄၄၉ ရွာ မီးလင်းပြီးဖြစ်ပါသည်။

**ခရီးသွားလုပ်ငန်း။** တိုင်းဒေသကြီးအတွင်း ပုသိမ်ဟိုတယ်၊ ချောင်းသာလိုင်လိုင်း ဟိုတယ် နှင့် နယူးချောင်းသာဟိုတယ်တို့ကို ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ နှစ်ပြတ်ငှားရမ်းပြီး ဆောင်ရွက် လျက်ရှိပါသည်။ ပုသိမ်မြို့တွင် ဟိုတယ် ၃ လုံး နှင့် တည်းခိုရိပ်သာ ၉ လုံး၊ ချောင်းသာကမ်းခြေ ဟိုတယ်ဇုန်ဒေသတွင် ဟိုတယ် ၁၆ လုံး၊ တည်းခိုရိပ်သာ ၆ လုံးနှင့် ငွေဆောင်ကမ်းခြေ ဟိုတယ်ဇုန်ဒေသတွင် ဟိုတယ် ၂၁ လုံးနှင့် တည်းခိုရိပ်သာ ၂ လုံးတို့မှ ခရီးသည်တည်းခိုရေး ဝန်ဆောင်မှု ပေးလျက်ရှိပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပထမ(၆) လပတ်တွင် ပြည်ပဧည့်သည်တည်းခိုမှု ၄,၁၂၃ ဦးရှိပြီး ပြည်တွင်းဧည့်သည် ၁၆၁,၀၇၆ ဦး တည်းခိုခဲ့ပြီး ခရီးသွားလုပ်ငန်းဝင်ငွေ ကျပ် ၃,၃၂၄.၇၄၇ သန်း ရရှိခဲ့ပါသည်။ ဒေသတွင်း ဟိုတယ်များတွင် တည်းခိုမှုကာလ တိုးတက်လာပြီး ၎င်းတို့၏ ဒေသတွင်း နေထိုင်လည်ပတ်မှု အပေါ်မူတည်၍ လုံခြုံရေး၊ သဘာဝအလှတရားမပျက်ရေးတို့ကို ဆောင်ရွက်လျက်ရှိပါ သည်။

**ကုန်သွယ်မှုကဏ္ဍ။** ကုန်စည်ဒိုင်များ တိုးတက်အောင်မြင်ရေးအတွက် စိုက်ပျိုးထွက် ရှိသော လယ်ယာထွက်ကုန် ပစ္စည်းများအပေါ် စိုက်ပျိုးသူ၊ ရောင်းဝယ်သူများ အကျိုးအမြတ် မျှမျှတတ ရရှိစေရေး၊ ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စွာ စီးဆင်းစေရေး၊ ကုန်ဈေးနှုန်း တည်ငြိမ်စေရေး၊ အရည်အသွေးနှင့် အချိန်အတွယ်များ မှန်ကန်စေရေး တို့အတွက် ရှေ့ရှု၍ ဧရာဝတီတိုင်းဒေသကြီးရှိ မြို့နယ် ၉ မြို့နယ်တွင် စိုက်ပျိုးထုတ်လုပ်သော ဒေသထွက်ကုန် များတစ်စုတစ်စည်းတည်း စုပေါင်းရောင်းချနိုင်သော ကုန်စည်ဒိုင်များကို ဖွင့်လှစ်ပြီးဖြစ်ပါ သည်။ ၂၀၁၅ ခုနှစ် မတ်လအတွင်း မော်လမြိုင်ကျွန်း မြို့နယ်တွင် ဆန်စပါးကုန်စည်ဒိုင် နှင့် အိမ်မဲ မြို့နယ်တွင် ပဲမျိုးစုံကုန်စည်ဒိုင်ကို ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ဆန်စပါးနှင့်ပဲမျိုးစုံထွက်ရှိမှုများပြီး လမ်းပန်းဆက်သွယ်ရေး အချက်အချာကျသော မြောင်းမြခရိုင်ရှိ မြောင်းမြမြို့နယ်၊ ဝါးခယ်မ မြို့နယ်နှင့် လပွတ္တာခရိုင်ရှိ လပွတ္တာမြို့နယ်များတွင် ကုန်စည်ဒိုင်များ ဖွင့်လှစ်နိုင်ရေး ဒေသခံ လုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆောင်ရွက် လျက်ရှိပါသည်။

ဧရာဝတီတိုင်းဒေသကြီး၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကုန်တွင် အကောင်အထည်ဖော်မှု ရာခိုင်နှုန်း ပြည့်မီစေရန်အတွက် အလားအလာကောင်းမွန်သော ကဏ္ဍများမှာ သားငါးကဏ္ဍ နှင့် ခရီးသွားကဏ္ဍတို့ ဖြစ်ပါသည်။ သားငါးကဏ္ဍတွင် ငါးထုတ်လုပ်မှု တိုးတက်စေရန် သဘာဝ မြစ်၊ ချောင်း၊ အင်း၊ ဆည်များအတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်း၊ မအူပင်ခရိုင်အတွင်း တစ်ပိုင်တစ်နိုင်

ငါးသားပေါက် ထုတ်လုပ်မှုကို ဆောင်ရွက်ခြင်း၊ ငါးထုတ်လုပ်သည့် အစုအဖွဲ့များ ဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်လျက် ရှိပါသည်။

ခရီးသွားလုပ်ငန်းတွင် ပင်လယ်ကမ်းခြေဒေသများဖြစ်သော ချောင်းသာကမ်းခြေနှင့် ငွေဆောင်ကမ်းခြေအပါအဝင် ကမ္ဘာလှည့်ခရီးသည်များ စိတ်ဝင်စားသည့် နေရာများသို့ ဧည့်သည်များ ပိုမိုဝင်ရောက်စေရေး၊ သဘာဝကမ်းခြေ ခရီးစဉ်ဒေသများ တိုးပွားရေး၊ ခရီးသွားလုပ်ငန်း အခြေပြုဒေသများ၏ အဆင့်မီဟိုတယ်၊ တည်းခိုရိပ်သာများ တိုးချဲ့တည်ဆောက်ရေးတို့ကို ဆောင်ရွက်ခြင်းဖြင့် ခရီးသွားလုပ်ငန်းမှ ဝင်ငွေများတိုးတက် ရရှိလာမည်ဖြစ်ပါသည်။


**နေပြည်တော်ကောင်စီနယ်မြေ**

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းပထမ (၆) လပတ်တွင် နေပြည်တော်ကောင်စီနယ်မြေ ၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်း** အရ ကျပ် **၅၈၆,၃၉၈.၁** သန်း အကောင်အထည်ဖော်ရန် လျာထားပါသည်။

**ပုံ(၆-၁၅) နေပြည်တော်ကောင်စီနယ်မြေ၏**

**၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ပထမ (၆) လပတ်တွင် နေပြည်တော်ကောင်စီနယ်မြေ၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်း**အရ ကျပ် **၅၃၇,၀၈၆.၉** သန်း ဖြစ်ပေါ်ခဲ့၍ ပထမ (၆) လပတ် လျာထားချက်အပေါ် **၉၁.၆** ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**အရ ၂.၁ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

**လယ်ယာကဏ္ဍ။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် မိုးစပါး ၁၆၇,၄၅၉ ဧက ကို သိပ္ပံနည်းကျ စိုက်စနစ် (GAP) ဖြင့် စိုက်ပျိုးနိုင်ရေး ပညာပေး ဆောင်ရွက်လျက် ရှိပါသည်။

အထွက်နှုန်းနှင့် အရည်အသွေးကောင်းသည့် သီးနှံများ အသုံးပြု စိုက်ပျိုးနိုင်ရေးအတွက် တောင်သူ ပညာပေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး နယ်မြေအတွင်းရှိ မြို့နယ် (၈) မြို့နယ်တွင် တောင်သူ ၆၉၆ ဦးအား သင်တန်းများပို့ချခြင်း၊ တောင်သူ ၂,၀၃၅ ဦးအား နည်းပညာပေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

မျိုးကောင်းမျိုးသန့်များ သုံးစွဲနိုင်ရေးကို ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် နွေစပါးတွင် ပုလဲသွယ်စပ်မျိုးစပါး ၄၅,၅၈၄ ကီလို ဖြန့်ဖြူးပေးခဲ့ပြီး၊ စိုက်ဧက ၆,၄၇၃ ဧကနှင့် မိုးစပါးတွင် ပုလဲသွယ်စပ်မျိုးစပါး ကီလို ၁၄၀,၀၀၀ ဖြန့်ဖြူးပေးခဲ့ပြီး၊ စိုက်ဧက ၂၀,၀၀၀ စိုက်ပျိုး ခဲ့ပါသည်။ နှံစားသီးနှံ စိုက်ပျိုးမှုတွင် အထွက်နှုန်းတင်း ၁၀၀ အထက် ထွက်ရှိနိုင်သည့် UH-008 စပ်မျိုးပြောင်းကို မိုးရာသီတွင် တောင်သူများသို့ စိုက်ပျိုးစေခဲ့ပါသည်။ သီးထပ်စိုက်ပျိုးနိုင်ရန် မတ်ပဲ မျိုးကောင်းမျိုးသန့်များ ဖြစ်သည့် ရေဆင်း-၂ ၊ ရေဆင်း- ၆ ၊ LBG- 17 များကို မှာယူ၍ မျိုးသန့်ပွားများ စိုက်ပျိုးနိုင်ရန် စီစဉ်ပေးခဲ့ပါသည်။

**သားငါးကဏ္ဍ။** နေပြည်တော်ကောင်စီနယ်မြေအတွင်း မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ပညာပေးဟောပြောပွဲ (၂၆) ကြိမ်၊ ပိုးသတ်ဆေး ဖြန်းခြင်း (၂၇) ကြိမ်၊ အသားစစ်ဆေးခြင်း (၂၄) ကြိမ်နှင့် ကူးစက်ရောဂါကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများအနေဖြင့် တိရစ္ဆာန်ကောင်ရေ စုစုပေါင်း ၃၀,၆၀၅ ကောင် အား ဆေးဝါးများ ကုသ ပေးနိုင်ခဲ့ပါသည်။ ငါးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ငါးမွေးကန်များတိုးချဲ့ ဖော်ထုတ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ပထမ(၆)လပတ်တွင် ငါးမွေးကန် ၆.၇၃ ဧက တိုးချဲ့ဖော်ထုတ်နိုင်ခဲ့ပြီး ငါးကောင်ရေ ၄၄,၀၈၀ ကို တိုးချဲ့မွေးမြူနိုင်ခဲ့ပါသည်။

**သစ်တောကဏ္ဍ။** ပထမ (၆) လပတ်တွင် နိုင်ငံပိုင်အခန်းမှ သစ်မာ ၂,၅၅၂ ကုဗတန် ထုတ်လုပ်နိုင်ခဲ့ပါသည်။ နိုင်ငံပိုင် ကျွန်းထုတ်လုပ်မှုတွင် စီမံကိန်း ရည်မှန်းချက်ကုဗတန် ၃၀၀၊ သစ်မာ ကုဗတန် ၁၅,၀၀၀ ကို ဝန်ကြီးဌာနမှ ချမှတ်ခဲ့သော်လည်း ဒေသရည်မှန်းချက်အရ နိုင်ငံပိုင်ကျွန်းနှင့် သစ်မာထုတ်လုပ်မှုများကို နေပြည်တော်ကောင်စီနယ်မြေအတွင်း လျှော့နည်း ထုတ်လုပ်ခဲ့ပါသည်။

**စက်မှုလက်မှုကဏ္ဍ။** အလုပ်အကိုင်များ ဖန်တီးနိုင်ရေးအတွက် နေပြည်တော်ကောင်စီ နယ်မြေ၊ ဥတ္တရခရိုင်၊ တပ်ကုန်းမြို့နယ်တွင် အလတ်စားစက်မှုဇုန်နှင့် ဒက္ခိဏခရိုင်၊ ဒက္ခိဏသီရိမြို့နယ်တွင် အသေးစား စက်မှုဇုန်များ တည်ထောင်ရန် နေပြည်တော်ကောင်စီမှ စီစဉ်ဆောင်ရွက်လျက်ရှိပြီး၊ အသေးစားနှင့် အလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကိုလည်း အလေးထား ဆောင်ရွက်လျက်ရှိပါသည်။ ပထမ(၆)လပတ်တွင် အမှတ် (၄) ဒဟတ်ကုန်း သကြားစက်၊ တောင်စဉ်အေး သကြားစက်ရုံများမှာ စက်ပြင်ကာလဖြစ်၍

လည်ပတ်နိုင်ခြင်းမရှိသေးဘဲ နေပြည်တော် ဘိလပ်မြေစက်ရုံမှ ဘိလပ်မြေ ၄၄,၃၁၄ တန် ထုတ်လုပ်နိုင်ခဲ့ပြီး မက်စ်မြန်မာ ဘိလပ်မြေစက်ရုံမှာ လည်ပတ်နိုင်ခြင်း မရှိသေးကြောင်း တင်ပြအပ်ပါသည်။

**ဆောက်လုပ်မှုကဏ္ဍ။** ပြည်သူတို့၏ လူမှုစီးပွားဖွံ့ဖြိုးစေရန်နှင့် လမ်းပန်းဆက်သွယ်မှု အဆင်ပြေရန်အတွက် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ လမ်းများပြုပြင်ထိမ်းသိမ်းခြင်း၊ စိုက်ပျိုးရေးတက္ကသိုလ်(ရေဆင်း)၊ မွေးမြူရေးနှင့်ဆေးကုသရေးတက္ကသိုလ် (ရေဆင်း)၊ သစ်တော တက္ကသိုလ်(ရေဆင်း)များရှိ ကျောင်းဆောင်များ တည်ဆောက်ပြုပြင်ခြင်းဖြင့် ပညာရေး မြှင့်တင်မှုလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ခြင်း၊ အမှတ်(၁) တည်ဆောက်ရေး (ရေအား လျှပ်စစ်) အထက်ပေါင်းလောင်းနှင့် အလယ်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ခြင်းများ တိုးချဲ့လျက်ဒေသတွင်း လျှပ်စစ်ဓာတ်အား တိုးချဲ့ရရှိရေး ဆောင်ရွက် ချက်များ၊ ဝန်ကြီးဌာနအသီးသီးရှိ အထွေထွေအဆောက်အဦ ပြုပြင်မွမ်းမံမှုများ၊ ဆည်မြောင်းဦးစီးဌာနမှ ပေါင်းလောင်းရေလှောင်တမံစီမံကိန်း၊ ချောင်းမငယ် ရေလှောင် တမံ စီမံကိန်း၊ မဒန်းရေလှောင်တမံစီမံကိန်း၊ ဖောင်းလောင်ရေလှောင်တမံ စီမံကိန်း၊ နေပြည်တော် စိမ်းလန်း စိုပြေရေးအတွက် ရေကန်တိုးချဲ့ တူးဖော်ခြင်း စီမံကိန်းများ၊ ငလိုက်တူးမြောင်းများ ကျောက်လိုင်နင်စီခြင်း၊ ရေဆင်းတူးမြောင်းများ ကျောက်လိုင်နင်စီခြင်း၊ ဆင်သေတူးမြောင်း ကျောက်စီခြင်း လုပ်ငန်းများ ဆောင်ရွက်၍ ဆည်ရေရရှိရေးအတွက် တိုးချဲ့ ဆောင်ရွက်ခြင်းများ၊ နေပြည်တော်ကောင်စီ နယ်မြေ အထူး ဖွံ့ဖြိုးရေးစီမံကိန်းမှ လမ်း၊ တံတား တည်ဆောက်မှုများ၊ အဆောက်အဦ တည်ဆောက်ခြင်း လုပ်ငန်းများ၊ လျှပ်စစ်ဓာတ်အားလိုင်း တည်ဆောက်မှု လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ခြင်းများ၊ ရေနှင့် သန့်ရှင်းမှု လုပ်ငန်းများ စသည်တို့ကို တိုးချဲ့ဆောင်ရွက်လျက် ရှိပါသည်။ တစ်ဖက်တစ်လမ်းမှ ပုဂ္ဂလိက ကိုယ်ထူ ကိုယ်ထ လမ်းတံတား တည်ဆောက်ခြင်းများ၊ လူမှုရေး လုပ်ငန်းများအဖြစ် ပုဂ္ဂလိက ကိုယ်ထူကိုယ်ထ သာသနိက အဆောက်အဦ ဆောက်လုပ်ခြင်းများကို တိုးချဲ့လုပ်ဆောင်လျက် ရှိပါသည်။ ပထမ(၆)လပတ်တွင် အထူးဖွံ့ဖြိုးရေးစီမံကိန်းမှ တည်ဆောက်ရေး လုပ်ငန်းများအတွက် ကျပ် **၂၆,၃၈၁.၄** သန်းခန့် ဖြင့် ဆောင်ရွက်ခဲ့ပါသည်။

**လျှပ်စစ်ဓာတ်အားကဏ္ဍ။** လျှပ်စစ်မီးရရှိ သုံးစွဲနိုင်ရေးအတွက် ပင်မဓာတ်အားခွဲရုံ (၄) ရုံ၊ ဓာတ်အားခွဲရုံ ၂,ဝ၄၅ ရုံ တို့မှ တပ်ဆင်အင်အား (အမ်ဗွီအေ) ၁,၅၄၄.၇၁၀ ကို မဟာဓာတ်အားလိုင်း ကွန်ယက်ချိတ်ဆက်၍ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများသို့ ဓာတ်အား ဖြန့်ဖြူးပေးလျက် ရှိပါသည်။ ဓာတ်အား လိုင်းအရှည် စုစုပေါင်း ၁,၆၁၁.၈၇၆ မိုင် သွယ်တန်းပြီး ဖြစ်၍ မဟာဓာတ်အားလိုင်းမှ စုစုပေါင်း မီးသုံးစွဲသူ ၁ဝ၅,၆၇၅ ဦး (မီတာလုံးရေဖြင့်) ရှိပြီး

ပထမ(၆)လပတ်တွင် မီးသုံးစွဲသူ ၇,၇၁၉ ဦး ပိုမိုတိုးတက် သုံးစွဲခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် ၃၄၅.၆၁၅ ယူနစ်သန်းပေါင်း ထုတ်လုပ်နိုင်ခဲ့ ပါသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်း ပေါင်းလောင်းရေလှောင်တမံမှ ၇၀ မဂ္ဂါဝပ် စက် ၄ လုံး တပ်ဆင်ကာ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးလျက် ရှိပါသည်။ လယ်ဝေးမြို့နယ် ချောင်းမငယ် ရေလှောင်တမံစီမံကိန်းမှ ဒေသအတွင်း အသုံးပြုရန် လျှပ်စစ်ဓာတ်အား ကီလိုဝပ် ၅၀ ထုတ်လုပ်၍ ကျေးရွာ ၃ ရွာသို့ ပထမ (၆) လပတ်တွင် ဓာတ်အားလိုင်းပြင်ပမှ ဖြန့်ဖြူးလျက် ရှိပါသည်။

**သောက်သုံးရေရရှိရေး။** နေပြည်တော်ကောင်စီနယ်မြေအတွင်း သန့်ရှင်းသော သောက်သုံးရေ ရရှိရေးနှင့် မြို့ပြ ရေရရှိရေးအတွက် ချောင်းမကြီးဆည်အား ရေအရင်းအမြစ် ရယူပြီး နေ့စဉ်ရေဂါလံ ၁၂ သန်း ဖြန့်ဝေပေးလျက် ရှိပါသည်။ အရံ ရေအရင်းအမြစ်အဖြစ် ရန်အောင်မြင်ဆည်၊ ရေငန်းဆည်၊ ဥတ္တရသီရိဆည်၊ မြောက်ပိန်းဆည်၊ တောင်ပိန်းဆည်၊ သပြေစမ်းဆည်၊ ချောင်းချောက်ဆည်၊ ဘုံကွဲဆည်၊ တင်းဝါးဆည်၊ သရက်ရှင်းဆည် စသည့် ရေလှောင်တမံ ၁၀ ခုအား တည်ဆောက်ပြီး တိုးချဲ့ရေပေးဝေနိုင်ရန် စီစဉ်ဆောင်ရွက် ထားရှိပါသည်။ ရာသီပြောင်းလဲမှုအရ သောက်သုံးရေ ပြတ်တောက်မှု မရှိစေရေးအတွက် ငလိုက်ချောင်းမှ ချောင်းမကြီးဆည်သို့ တစ်နေ့ ရေဂါလံ ၁၅ သန်း ဖြည့်ဆည်းနိုင်သည့် စနစ်အား ဆောင်ရွက် ထားရှိပါသည်။

ကျေးလက်ဒေသများ၏ သောက်သုံးရေ ရရှိရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး အစီအစဉ်ဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ရေတွင်းရေကန်များ တူးဖော်ခြင်း၊ စိမ့်စမ်းများ ပျိုးထောင်ခြင်း၊ ချောင်းရေတင်လုပ်ငန်းများနှင့် ပိုက်လိုင်း သွယ်တန်းခြင်းများအတွက် လုပ်ငန်း ၆၄ (မွမ်းမံ၂တွင်းအပါအဝင်) ခု ဆောင်ရွက်ပေးရန် လျာထားခဲ့ရာ လုပ်ငန်းများ ပြီးစီးမှု ရာခိုင်နှုန်းမှာ ပျမ်းမျှ ၄၂ ရာခိုင်နှုန်း ဆောင်ရွက် ပြီးစီးပြီး ဖြစ်ပါသည်။ တွင်းတိမ်တူးဖော်ခြင်း ၁၆ တွင်း၊ တွင်းနက် ၄၄ တွင်း တူးဖော် ဆောင်ရွက်ဆဲ ဖြစ်ပါသည်။ စိမ့်စမ်းရေ သွယ်တန်း ခြင်းလုပ်ငန်း တစ်ခု၊ မြေသားရေကန် တူးဖော်ခြင်း လုပ်ငန်း တစ်ခု၊ ကျေးလက် သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် ဆောင်ရွက်ရာတွင် ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန အစီအစဉ်ဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အတွင်း စက်ရေတွင်း ၄ တွင်း တူးဖော်၍ ဒေသနေ လူဦးရေ ၁,၄၀၀ ဦးအား သောက်သုံးရေ ဖူလုံစွာ ရရှိရေး ဆောင်ရွက်ပေးခဲ့ပါသည်။

**ပို့ဆောင်ရေးကဏ္ဍ။** နေပြည်တော် နိုင်ငံတကာအဆင့်မီ လေယာဉ်ကွင်းသစ်ကြီးကို ၂၀၁၁ ခုနှစ် တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ဖြစ်သဖြင့် Myanmar National Airline ၊ Apex Airline၊ FMI Airline တို့မှ ပြေးဆွဲ လျက်ရှိပါသည်။ ခရီးသွားလာရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်

မှု အထောက်အကူဖြစ်စေရန် မော်တော်ကားလိုင်းများ ပြေးဆွဲလျက်ရှိရာ နေပြည်တော်အခြေပြု မော်တော်ယာဉ်အသင်း ၁၈ သင်း၊ အခြား ဒေသအခြေပြု မော်တော်ယာဉ် အသင်း ၅၇ သင်း၊ စုစုပေါင်း မော်တော်ယာဉ်လိုင်း ၆၉ လိုင်း မှ ယာဉ်စီးရေ ၆၉၅ စီး ဖြင့် နေပြည်တော်မှ မြို့ ၃၈ မြို့သို့ ပြေးဆွဲလျက်ရှိပါသည်။ ရထားလိုင်းအနေဖြင့် နေပြည်တော် ဘူတာကြီးမှ နေပြည်တော်-ရန်ကုန်၊ နေပြည်တော်-မော်လမြိုင်၊ နေပြည်တော်-ပုဂံ၊ နေပြည်တော်-ပြည် ခရီးစဉ်များဖြင့် နေ့စဉ် အစုန်အဆန် ပြေးဆွဲလျက်ရှိပြီး ခရီးသွား ပြည်သူများ အဆင်ပြေ ချောမွေ့စွာ သွားလာနိုင်ရေး စီမံဆောင်ရွက်ပေးလျက်ရှိပါသည်။ အစီရင်ခံသည့်ကာလတွင် နိုင်ငံပိုင်အခန်း မြန်မာ့မီးရထားလုပ်ငန်း ခရီးသည်ပို့ဆောင်ခြင်းတွင် ၅၆,၃၀၉ ခရီးသည်မိုင်နှင့် ကုန်စည် ပို့ဆောင်ခြင်းလုပ်ငန်းမှ ကုန်တန်မိုင် ၃,၄၉၀ ကိုလည်းကောင်း၊ မြန်မာ့လေကြောင်းလုပ်ငန်း ခရီးသည်ပို့ဆောင်ခြင်းတွင် ၁,၉၁၇ ခရီးသည်မိုင်နှင့် ကုန်စည်ပို့ဆောင်ခြင်းလုပ်ငန်းမှ ၀.၂၈ ကုန်တန်မိုင်ကိုလည်းကောင်း အသီးသီး ပို့ဆောင်ပေးနိုင်ခဲ့ပါသည်။

**ဆက်သွယ်ရေးကဏ္ဍ။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် စာတိုက် ဝန်ဆောင်မှုလုပ်ငန်း၊ တယ်လီဖုန်းဝန်ဆောင်မှုလုပ်ငန်းနှင့် ကြေးနန်းဝန်ဆောင်မှုလုပ်ငန်းများမှ ဝင်ငွေများ လျော့နည်းသော်လည်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ပုဂ္ဂလိက တယ်လီဖုန်း ဝန်ဆောင်မှုတို့မှ တယ်လီဖုန်းသုံးစွဲမှုလုံးရေများ တိုးတက်လာခဲ့ပါသည်။

**ငွေရေးကြေးရေးကဏ္ဍ။** နေပြည်တော်ကောင်စီနယ်မြေအတွင်း ငွေကြေးစီးဆင်းမှုစနစ် လွယ်ကူချောမွေ့စေရေးအတွက် ဘဏ်အချင်းချင်း ဆက်သွယ်ရေးစနစ် မြန်ဆန်ကောင်းမွန်ခြင်း နှင့် ဘဏ်လုပ်ငန်းဝန်ဆောင်မှု ကောင်းမွန်စေရန် ဆောင်ရွက်ခဲ့ပါသည်။ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် မတည်ရင်းနှီးငွေရရှိစေရန် လုပ်ငန်းအမျိုးစားအလိုက် ချေးငွေ ကျပ်သန်း ၁,၅၀၀ ပံ့ပိုးပေးခဲ့ပြီး၊ အကြီးစား စက်မှုလက်မှုလုပ်ငန်းများ၊ သယ်ယူ ပို့ဆောင်ရေးလုပ်ငန်းများ၊ ကူးသန်းရောင်းဝယ် ရေးလုပ်ငန်းများ၊ ဝန်ဆောင်မှုများ၊ ဆောက်လုပ် ရေးလုပ်ငန်းများ၊ အထွေထွေလုပ်ငန်းများနှင့် အငှားချေးငွေအပါအဝင် စီးပွားရေးလုပ်ငန်းကြီး များသို့ ကျပ် ၄,၅၈၄.၈၁၆ သန်း ပံ့ပိုးပေးခဲ့ပါသည်။ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက် ရာတွင် ငွေကြေးစီးဆင်းမှု လွယ်ကူစေရေးအတွက် ဘဏ်ခွဲပေါင်း ၂၇ ခု ဖွင့်လှစ်ခွင့်ပြုပြီး လုပ်ငန်းလည်ပတ် ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါပုဂ္ဂလိကဘဏ်များတွင် နိုင်ငံခြားငွေ လဲလှယ်ရေးကောင်တာများလည်း ဖွင့်လှစ်ပြီးဖြစ်ပါသည်။ ဈေးဝယ်စင်တာများနှင့် အဓိကနေရာ များတွင် အလိုအလျောက် ငွေထုတ်စက်များ တပ်ဆင်ခဲ့ရာ နေပြည်တော် ကောင်စီနယ်မြေ အတွင်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ၃၇ လုံး တပ်ဆင်ခဲ့ပါသည်။

နေပြည်တော်ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဝင်ငွေလျာထားချက် ကျပ် ၁.၄၇ သန်း သတ်မှတ်ခဲ့ရာ ပထမ (၆) လပတ်တွင် ဝင်ငွေ ကျပ် ၁.၉၅ သန်း ရရှိခဲ့ပါသဖြင့် ၁၃၂.၆၅ ရာခိုင်နှုန်း အကောင်အထည် ဖော်ဆောင်ရွက်နိုင်ခဲ့ပါသည်။

**ကျေးလက်မီးလင်းရေး။** နိုင်ငံတော်အစီအစဉ်ဖြင့် ၂၂၃ ရွာ၊ ဒီဇယ်ဆီဖြင့် ၂၃၅ ရွာ၊ ဆိုလာစနစ်ဖြင့် ၁၆၆ ရွာ၊ အသေးစားရေအားလျှပ်စစ်ဖြင့် ၁၈ ရွာ၊ ဇီဝလောင်စာဖြင့် ၂ ရွာ၊ စုစုပေါင်း ၆၄၄ ရွာ မီးလင်းအောင် ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။

**ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း။** ခရီးသွားဝန်ဆောင်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ခရီးသွားလုပ်ငန်းနှင့် နီးနွယ်လုပ်ငန်းများ ဆက်စပ်ဖွံ့ဖြိုးစေရန် ဆောင်ရွက်လျက်ရှိပါသည်။ ပြည်ပခရီးသွားများသာမက ပြည်တွင်းခရီးသွားများ အဆင်ပြေစွာ သွားလာလည်ပတ်နိုင်ရန် ခရီးစဉ်အမှတ်အသားများ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ သဘာဝအခြေခံခရီးစဉ်များ၊ ဘုရားဖူးအစီအစဉ်များ၊ Land Mark အထင်အရှား နေရာများ၊ နယ်မြေအတွင်း အစည်းအဝေးများ၊ ကွန်ဖရင့်များကျင်းပခြင်း၊ ပြပွဲများ ခင်းကျင်းပြသခြင်းစသည့် အစီအစဉ်များ ဆောင်ရွက်ပေးခဲ့ပါသည်။

ခရီးသွားများ အဆင်ပြေစွာ တည်းခိုနေထိုင်နိုင်ရန် ပုဂ္ဂလိကပိုင် အဆင့်မြင့်ဟိုတယ် ၆၀ လုံး၊ အခန်းပေါင်း ၄,၆၇၈ ခန်းဖြင့် ဝန်ဆောင်မှုပေးလျက်ရှိပါသည်။ နေပြည်တော် စည်ပင်သာယာရေးကော်မတီပိုင် ဧည့်ရိပ်သာ ၂ ခုတွင် အခန်းပေါင်း ၁,၃၁၂ ခန်းဖြင့် ဝန်ဆောင်မှုပေးလျက်ရှိပါသည်။ နိုင်ငံတော်အဆင့် ဧည့်သည်များတည်းခိုနိုင်ရန်အတွက် ဒက္ခိဏသီရိမြို့နယ် နိုင်ငံတော်ဧည့်ဂေဟာဟိုတယ် ၁၀ လုံးတွင် အခန်းပေါင်း ၈၀၀ ဖြင့် တည်းခိုနိုင်ရန် စီစဉ်ခဲ့ပါသည်။

## အခန်း(၇)

## ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု

ဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ် အကောင်အထည်ဖော်ရာတွင် ပုဂ္ဂလိက ကဏ္ဍ မြှင့်တင်မှုဆောင်ရွက်ခြင်းသည် အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်ပါသည်။ ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်း (Privatization)နှင့် စည်းမျဉ်းစည်းကမ်းများ ဖြေလျှော့ပေးခြင်း (Deregulation)များအပြင် အစိုးရနှင့်ပုဂ္ဂလိကတို့ အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်း (Private Public Partership - PPP) ပုံစံဖြင့် ဆောင်ရွက်ခြင်းများရှိပါသည်။ နိုင်ငံတော်၏ ပြုပြင် ပြောင်းလဲမှု လိုင်းအဆင့်ဆင့်၌ ပြုပြင်ပြောင်းရေး ဒုတိယလှိုင်းအား မဟာဗျူဟာ (၄) ရပ် ချမှတ် အကောင်အထည်ဖော်လျက်ရှိရာ ပထမအဆင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ ဒုတိယအဆင့် စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှု၊ တတိယအဆင့် ပြည်သူ့ရေးရာ စီမံခန့်ခွဲရေးနှင့် အစိုးရအုပ်ချုပ်ရေးယန္တရားကို ကောင်းမွန်အောင် ပြုပြင်ပြောင်းလဲမှု၊ စတုတ္ထအဆင့် ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ပြုပြင်ပြောင်းလဲမှုတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေး တတိယလှိုင်း မူဘောင်များကို အရှိန်အဟုန်မြှင့်တင် ဆက်လက် အကောင်အထည်ဖော်လျက်ရှိရာ ပုဂ္ဂလိကကဏ္ဍပြောင်းလဲ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်သည် အဓိကအရေးပါသော မူဘောင်များတွင် တစ်ခုအပါအဝင်ဖြစ်ပါသည်။

နိုင်ငံတော်ဖွံ့ဖြိုးမှုအတွက် ပုဂ္ဂလိကပိုင် အခန်းကဏ္ဍတွင် တစ်ခုအပါအဝင် ဖြစ်သော ရင်းနှီးမြှုပ်နှံမှု အခန်းကဏ္ဍပါ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ မြန်မာနိုင်ငံသားများ ရင်းနှီး မြှုပ်နှံမှုဥပဒေနှင့် ၁၉၁၄ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေတို့အရ ပြည်တွင်း၊ ပြည်ပ ပုဂ္ဂလိက လုပ်ငန်းရှင်များမှ တိုးချဲ့ရင်းနှီးမြှုပ်နှံ နိုင်ငံခဲ့ပါသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေ(၂၀၁၂) နှင့် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နှစ်ရပ်အား ဥပဒေတစ်ရပ်တည်း ဖြစ်သည့် ရင်းနှီးမြှုပ်နှံမှု ဥပဒေထွက်လာစေရန် နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (International Finance Corporation-IFC) နှင့် ပူးပေါင်းရေးဆွဲထားသော မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေ (မူကြမ်း) အား ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများသို့ သဘောထား တောင်းခံလျက်ရှိပါသည်။ ခေတ်နှင့်လိုက်လျောညီထွေဖြစ်စေရန် ဥပဒေကို ရှင်းလင်းစွာသိရှိပြီး၊ Capital Market ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် Electronic Registry ဖြင့် ဖွဲ့စည်းပေးခြင်းဖြင့် ပုဂ္ဂလိက အခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ပြီး မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ (၁၉၁၄) ကို အသစ် ပြင်ဆင်ရေးဆွဲလျက်ရှိရာ ဥပဒေ (မူကြမ်း) ကို ပြည်ထောင်စု ရှေ့နေချုပ်ရုံး သို့ သဘောထား တောင်းခံလျက်ရှိပါသည်။

**ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေ**

ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန အနေဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ နှင့် ပတ်သက်သည့် စည်းမျဉ်းစည်းကမ်းများစွာကို ဖြေလျှော့ပေးမှုကြောင့် အမေရိကန် စီးပွားရေးပိတ်ဆို့မှု ဖြေလျှော့ပေးခဲ့သည့် နောက်ပိုင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ သိသာစွာ တိုးတက်ခဲ့ပါသည်။ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုနိုင်ရန် တိုင်းဒေသကြီး/ပြည်နယ်များသို့ ရင်းနှီးမြှုပ်နှံမှု သင်တန်းများ၊ ဆွေးနွေးပွဲများအား ကွင်းဆင်း ဆောင်ရွက်လျက်ရှိပါသည်။ ကုမ္ပဏီပိုင်းဆိုင်ရာများကိုလည်း ဖြေလျှော့ပေးလျက်ရှိရာ ကုမ္ပဏီဖွဲ့စည်းတည်ထောင်ရာတွင် ယခင်လုပ်ငန်း အဆင့် (၁၁) ဆင့်မှ ယခုလုပ်ငန်း (၄)ဆင့်သို့ လျှော့ချခဲ့ပြီးဖြစ်၍ ကြာမြင့်ချိန်အနေဖြင့် ယခင်(၇)ရက်မှ ယခု(၃)ရက်သို့ လျှော့ချပေးနိုင်ခဲ့ပါသည်။ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် ကုမ္ပဏီများ မှတ်ပုံတင်ရာတွင် ရင်းနှီးမြှုပ်နှံသူဘက်မှ တင်ပြလာသော အချက်အလက်များ ပြည့်စုံပါက ချက်ချင်း ဆောင်ရွက်ပေးပါ သည်။

နှစ်ရှည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး စီမံကိန်း၏ ကဏ္ဍတစ်ရပ်နေဖြင့် Mandalay Investment Fair အား မန္တလေးတိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများ ဖော်ထုတ်ရန်၊ အလားအလာရှိသည့် ရင်းနှီးမြှုပ်နှံသူများအတွက် ရရှိပြီးဖြစ်သည့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ပိုမိုမြှင့်တင်နိုင်ရန်၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စီးပွားရေး လုပ်ငန်းများနှင့် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူများအကြား ချိတ်ဆက် ဆောင်ရွက်မှုများကို မြှင့်တင်ရန်နှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ မန္တလေးရုံးခွဲအား လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရန်အတွက် ကူညီပံ့ပိုးရန်ရည်ရွယ်၍ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (Japan International Cooperation Agency-JICA) တို့ ပူးပေါင်း၍ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ Mandalay Hill ဟိုတယ်၌ ၂၀၁၅ ခုနှစ် စက်တင်ဘာလ (၃၀) ရက်နေ့တွင် Mandalay Investment Fair အား ကျင်းပ ပြုလုပ်သွားမည်ဖြစ်ပါသည်။

Mandalay Investment Fair အား အထောက်အကူပြုနိုင်ရန်အတွက် Mandalay Investment Opportunity Survey ကို မြန်မာဈေးကွက်သုတေသနနှင့် ဖွံ့ဖြိုးမှု ကုမ္ပဏီလီမိတက် (MMRD) မှ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း ပြုလုပ်ခဲ့ပြီး လေ့လာတွေ့ရှိ ချက်များ အပေါ်အခြေခံ၍ သက်ဆိုင်ရာဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံကာ Stakeholder Meeting ကို ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့တွင် မန္တလေး တိုင်းဒေသကြီး၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်း၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

**ဥပဒေဆိုင်ရာကိစ္စရပ်များ**

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်၍ အောက်ဖော်ပြပါ ဥပဒေနှင့် ဆက်စပ်သော ကိစ္စရပ်များကို ဆောင်ရွက်ခဲ့ပါသည်-

(က) CKD-Complete Knock-Down, SKD-Semi-Knock-Down လုပ်ငန်း အကောင် အထည်ဖော်ရေး ကော်မတီဖွဲ့စည်းခြင်းကို အမိန့်ကြော်ငြာစာအမှတ် (၄၆/၂၀၁၅) ဖြင့် ၂၀၁၅ ခုနှစ် မေလ ၂၁ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။

(ခ) ပူးတွဲလုပ်ငန်းကော်မတီနှင့် ပူးတွဲအထောက်အကူပြုလုပ်ငန်းကော်မတီ ဖွဲ့စည်း ခြင်းကို အမိန့်ကြော်ငြာစာအမှတ် (၆၅/၂၀၁၅) ဖြင့် ၂၀၁၅ ခုနှစ် ဇူလိုင်လ ၄ ရက် နေ့တွင် ထုတ်ပြန် ခဲ့ပါသည်။

**ကုမ္ပဏီများမှတ်ပုံတင်ခြင်းဆိုင်ရာ ကိစ္စရပ် ဖြေလျော့မှုများ**

**နိုင်ငံတော်၏ စီးပွားရေးဘက်စုံ ဖွံ့ဖြိုးတိုးတက်လာစေရန် စီးပွားရေးကဏ္ဍအသီးသီးမှ ဆောင်ရွက်နေကြသော စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် လွယ်ကူမြန်ဆန်စေရန်အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း** ကုမ္ပဏီများဖွဲ့စည်း မှတ်ပုံတင် ခြင်း၊ သက်တမ်းတိုးခြင်းများဆောင်ရွက်ရာတွင် အချိန်ကြန့်ကြာမှုများကို လျှော့ချဆောင်ရွက် နိုင်ရေး၊ ပုဂ္ဂလိကကဏ္ဍပိုမို ဖွံ့ဖြိုးတိုးတက်ပြီး စီးပွားရေးလုပ်ငန်းများ မြန်ဆန်သွက်လက်စွာ ဆောင်ရွက်နိုင်ရေး၊ ကြာမြင့်ချိန်၊ ကုန်ကျစရိတ်တို့အား ပွင့်လင်းထင်သာ မြင်သာစွာရှိစေရန် အတွက် မြန်မာကုမ္ပဏီ၊ နိုင်ငံခြားကုမ္ပဏီရုံးခွဲများ ဖွဲ့စည်းခွင့်တင်ပြရန် လုပ်ငန်းစဉ်များ၊ အမည်စစ်ပုံစံနှင့် လျှောက်လွှာပုံစံများကို DICA (Website) တွင်လည်းကောင်း၊ Vinyl ဗီနိုင်းများဖြင့် လည်းကောင်း သိရှိရယူနိုင်ရန် စီစဉ်**ဆောင်ရွက်ပေးလျက်ရှိ ပါသည်။**

**e-Government ဆိုင်ရာ ကိစ္စရပ်များ**

**ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီဆိုင်ရာ ကိစ္စရပ်များကို လွယ်ကူမှုရှိစေရန်နှင့်** Ease of Doing Business **ပြည့်မီရန် အောက်ပါအတိုင်း** e-Government **ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက် လျက်ရှိပါသည်-**

(က) ရင်းနှီးမြှုပ်နှံသူများနှင့် တွေ့ဆုံဆွေးနွေးမှု နေ့စဉ်မှတ်တမ်းအား ဌာန၏ Website တွင် အချိန်နှင့်တစ်ပြေးညီ လွှင့်တင်ပေးပါသည်။

(ခ) ကော်မရှင်မှခွင့်ပြုမိန့်များ ထုတ်ပေးရာတွင် ထင်သာမြင်သာ (Transparency) ဖြစ်စေရန် အဆိုပြုချက် စိစစ်ရေး အဖွဲ့အစည်းအဝေး နှင့် မြန်မာနိုင်ငံကော်မရှင် အစည်းအဝေးမှ ခွင့်ပြုသော ခွင့်ပြုမိန့်များကို အစည်းအဝေးပြီးသည်နှင့် တစ်ပြိုင်နက်ဌာန၏ Website တွင် အချိန်နှင့် တစ်ပြေးညီလွှင့်တင် ပေးပါ သည်။

(ဂ) e-Government Online စနစ်ဖြင့် ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် ရန်ကုန်နှင့် နေပြည်တော်ရုံးခွဲအား Network File Sharing System အသုံးပြု၍ Company Registration Software အား အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။ ထို့နောက် မန္တလေး(ရုံးခွဲ)၊ တောင်ကြီး (ရုံးခွဲ) နှင့် မော်လမြိုင်(ရုံးခွဲ) တို့အား ဆက်လက်၍ ချိတ်ဆက် ဆောင်ရွက်သွားပါမည်။

(ဃ) e-Government စနစ်တိုးတက်စေရန် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် ဦးစီးဌာနများသို့ EDMS Version-2 အား အသုံးပြု၍ စာပေးစာယူလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အဆိုပြုလွှာများ တင်ပြလာမှုအပေါ် ဆောင်ရွက်နိုင်မှု အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**

**ဇယား(၇-၁)**

**ကဏ္ဍအလိုက် ခွင့်ပြုထားသော နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အခြေအနေ**

**(အမေရိကန်ဒေါ်လာသန်းပေါင်း)**

| စဉ် | ကဏ္ဍ | အရေအတွက် | ရင်းနှီး မြှုပ်နှံမှု ပမာဏ (US$ သန်း) |
|---|---|---|---|
| ၁ | ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ | ၁၁ | ၂၁၉၉.၂၉၃ |
| ၂ | စက်မှုကဏ္ဍ | ၇၂ | ၅၇၈.၅၉၉ |
| ၃ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍ | ၂ | ၂၇၉.၆၇၁ |
| ၄ | အိမ်ယာအဆောက်အဦ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ | ၃ | ၂၁၁.၁၀၉ |
| ၅ | အခြားဝန်ဆောင်မှုကဏ္ဍ | ၉ | ၁၁၇.၀၃၁ |
| ၆ | ဟိုတယ်နှင့်ခရီးသွားကဏ္ဍ | ၁ | ၈၅.၅၀၁ * |
| ၇ | လျှပ်စစ်ဓာတ်အားကဏ္ဍ | ၁ | ၁၉.၀၅၃ |
| ၈ | စိုက်ပျိုးရေးကဏ္ဍ | ၁ | ၂.၇၆၅ |
| ၉ | မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ | ၁ | ၂.၀၄၂ |
| ၁၀ | သတ္တုကဏ္ဍ | ၁ | ၁.၄၇၄ |
| ၁၁ | ဆောက်လုပ်ရေးကဏ္ဍ | | |
| ၁၂ | စက်မှုဇုန်တည်ဆောက်ရေးကဏ္ဍ | | |
| | **စုစုပေါင်း** | **၁၀၂** | **၃၄၉၆.၅၃၈** |

***ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင်ဖြစ်ပါသည်။**

ဇယား(၇-၂)

## တိုင်းဒေသကြီး/ပြည်နယ်အလိုက် ခွင့်ပြုထားသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ အခြေအနေ

(အမေရိကန်ဒေါ်လာသန်းပေါင်း)

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | အရေအတွက် | ရင်းနှီးမြှုပ်နှံမှုပမာဏ US$သန်း |
|---|---|---|---|
| ၁ | ရန်ကုန်တိုင်းဒေသကြီး | ၇၅ | ၁၀၉၇.၃၇၇* |
| ၂ | ရခိုင်ပြည်နယ် | ၄ | ၁၁၆၉.၁၀၀ |
| ၃ | တနင်္သာရီတိုင်းဒေသကြီး | ၅ | ၅၅၁.၅၄၂ |
| ၄ | မွန်ပြည်နယ် | ၄ | ၃၃၈.၀၇၄ |
| ၅ | ကရင်ပြည်နယ် | ၂ | ၁၈၇.၀၉၃ |
| ၆ | ရှမ်းပြည်နယ် | ၂ | ၁၀၂.၇၆၅ |
| ၇ | မန္တလေးတိုင်းဒေသကြီး | ၁ | ၁၈.၉၇၀ |
| ၈ | ပဲခူးတိုင်းဒေသကြီး | ၆ | ၁၈.၄၈၅ |
| ၉ | ဧရာဝတီတိုင်းဒေသကြီး | ၂ | ၈.၆၃၂ |
| ၁၀ | နေပြည်တော် | ၁ | ၄.၅၀၀ |
| ၁၁ | ကယားပြည်နယ် | - | - |
| ၁၂ | စစ်ကိုင်းတိုင်းဒေသကြီး | - | - |
| ၁၃ | မကွေးတိုင်းဒေသကြီး | - | - |
| ၁၄ | ကချင်ပြည်နယ် | - | - |
| ၁၅ | ချင်းပြည်နယ် | - | - |
| | စုစုပေါင်း | ၁၀၂ | ၃၄၉၆.၅၃၈ |

*ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင်ဖြစ်ပါသည်။

ဇယား(၇-၃)

နိုင်ငံ အလိုက် ခွင့်ပြုထားသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ အခြေအနေ

| စဉ် | နိုင်ငံ | အရေ အတွက် | ရင်းနှီး မြှုပ်နှံမှု ပမာဏ (US$ သန်း) |
|---|---|---|---|
| ၁ | စင်ကာပူ | ၂၁ | ၁၉၃၆.၈၂၃ |
| ၂ | နယ်သာလန် | ၂ | ၄၃၀.၄၅၀ |
| ၃ | ဂျပန် | ၁၇ | ၃၄၀.၇၇၇* |
| ၄ | အိန္ဒိယ | ၄ | ၂၂၂.၂၂၃* |
| ၅ | ယူနိုက်တက်ကင်းဒမ်း | ၂ | ၂၀၁.၈၄၃* |
| ၆ | ဟောင်ကောင် | ၁၁ | ၁၅၂.၆၅၄* |
| ၇ | တရုတ်ပြည်သူ့သမ္မတနိုင်ငံ | ၁၉ | ၇၀.၂၆၄ |
| ၈ | ထိုင်းနိုင်ငံ | ၆ | ၃၉.၇၉၅ |
| ၉ | ကိုရီးယားသမ္မတနိုင်ငံ | ၉ | ၃၅.၈၄၁* |
| ၁၀ | ဘရူနိုင်း ဒါရူဆာလမ် | ၂ | ၂၉.၉၇၃ |
| ၁၁ | အင်ဒိုနီးရှား | ၁ | ၁၃.၁၉၀ |
| ၁၂ | မလေးရှား | ၂ | ၈.၅၇၁ |
| ၁၃ | ကာတာနိုင်ငံ | ၁ | ၄.၅၀၀ |
| ၁၄ | ဩစတြေးလျ | ၁ | ၂.၉၉၃ |
| ၁၅ | အမေရိကန် | ၁ | ၂.၆၁၀ |
| ၁၆ | ဗီယက်နမ် | ၁ | ၂.၃၂၂ |
| ၁၇ | တောင်အာဖရိက | ၁ | ၁.၃၀၉ |
| ၁၈ | လူဇင်ဘတ် | ၁ | ၀.၄၀၀ |
| | **စုစုပေါင်း** | **၁၀၂** | **၃၄၉၆.၅၃၈** |

*ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင်ဖြစ်ပါသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် သို့ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် အညီ အဆိုပြုလွှာများ တင်ပြလာမှုအပေါ် ဆောင်ရွက်နိုင်မှု အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

ဇယား (၇-၄)

ကဏ္ဍအလိုက် ခွင့်ပြုထားသော မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ အခြေအနေ

(ကျပ်သန်း)

| စဉ် | ကဏ္ဍ | အရေအတွက် | ရင်းနှီးမြှုပ်နှံမှုပမာဏ | |
|---|---|---|---|---|
| | | | အမေရိကန်ဒေါ်လာသန်း | ကျပ်သန်းပေါင်း |
| ၁ | အခြားဝန်ဆောင်မှုကဏ္ဍ | ၁ | ၂၄.၉၅၈ | ၁၅၀၀၉၃.၂၀ |
| ၂ | ဟိုတယ်နှင့်ခရီးသွားကဏ္ဍ | ၁၁ | ၆၁.၅၆၆ | ၁၄၉၄၉၅.၈၀ |
| ၃ | စက်မှုကဏ္ဍ | ၂၅ | ၆၄.၈၂၇ | ၁၀၇၈၇၆.၈၇ |
| ၄ | အိမ်ရာအဆောက်အဦတည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ | ၁ | ၄၄.၉၁၀ | ၉၀၄၆၄.၀၀၀ |
| ၅ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍ | ၂ | ၄၇.၁၅၉ | ၇၁၁၉၄.၂၂၀ |
| ၆ | သတ္တုကဏ္ဍ | ၂ | ၁.၉၉၇ | ၅၂၃၀၄.၃၉၀ * |
| ၇ | မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ | ၁ | ၉.၅၄၆ | ၂၇၂၆၉.၀၀၀ * |
| ၈ | ဆောက်လုပ်ရေးကဏ္ဍ | ၁ | ၆.၁၅၀ | ၂၀၈၇၉.၅၀၀ |
| ၉ | စက်မှုဇုန်တည်ဆောက်မှုကဏ္ဍ | ၁ | | ၅၃၃၅.၀၀၀ |
| ၁၀ | စိုက်ပျိုးရေးကဏ္ဍ | - | - | - |
| ၁၁ | လျှပ်စစ်ဓာတ်အားကဏ္ဍ | - | - | - |
| | စုစုပေါင်း | ၄၇ | ၂၆၁.၁၁၃ | ၆၇၄၉၁၁.၉၈၉ |

*ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင်ဖြစ်ပါသည်။

**ဇယား (၇-၅)**

**တိုင်းဒေသကြီး/ပြည်နယ်အလိုက် ခွင့်ပြုထားသော မြန်မာနိုင်ငံသားများ ရင်းနှီး မြှုပ်နှံမှုလုပ်ငန်းများ အခြေအနေ**

(ကျပ်သန်း)

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | အရေအတွက် | ရင်းနှီးမြှုပ်နှံမှုပမာဏ | |
|---|---|---|---|---|
| | | | US$ သန်း | ကျပ်သန်း |
| ၁ | ရန်ကုန်တိုင်းဒေသကြီး | ၂၃ | ၁၃၇.၄၅၉ | ၃၈၁၁၉၈.၁၂၉ |
| ၂ | ပဲခူးတိုင်းဒေသကြီး | ၅ | ၄၆.၈၇၉ | ၉၄၁၂၂.၉၉၀ |
| ၃ | မန္တလေးတိုင်းဒေသကြီး | ၃ | ၀.၇၆၀ | ၅၄၀၀၄.၃၉၀ |
| ၄ | နေပြည်တော် | ၂ | ၃၈.၃၀၆ | ၄၉၀၉၅.၈၁၀ |
| ၅ | တနင်္သာရီတိုင်းဒေသကြီး | ၄ | ၁၈.၁၄၂ | ၃၈၅၄၅.၀၀၀ |
| ၆ | ကချင်ပြည်နယ် | ၂ | ၈.၁၄၇ | ၂၃၂၇၉.၅၀၀ |
| ၇ | ရှမ်းပြည်နယ် | ၃ | ၁.၂၆၀ | ၁၃၂၅၆.၄၁၀ |
| ၈ | ရခိုင်ပြည်နယ် | ၂ | ၅.၇၅၀ | ၉၅၃၈.၂၆၀ |
| ၉ | မွန်ပြည်နယ် | ၂ | ၄.၄၁၀ | ၆၅၃၆.၅၀၀ |
| ၁၀ | ကရင်ပြည်နယ် | ၁ | - | ၅၃၃၅.၀၀၀ |
| ၁၁ | မကွေးတိုင်းဒေသကြီး | - | - | - |
| ၁၂ | စစ်ကိုင်းတိုင်းဒေသကြီး | - | - | - |
| ၁၃ | ဧရာဝတီတိုင်းဒေသကြီး | - | - | - |
| ၁၄ | ကယားပြည်နယ် | - | - | - |
| ၁၅ | ချင်းပြည်နယ် | - | - | - |
| | **စုစုပေါင်း** | ၄၇ | ၂၆၁.၁၁၃ | ၆၇၄၉၁၁.၉၈၉ |

**ဇယား(၇-၆)**

**အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးနိုင်မှု**

| စဉ် | ကဏ္ဍ | ၂၀၁၅- ၂၀၁၆ ဘဏ္ဍာနှစ် (၂၀၁၅ ခုနှစ် ဧပြီလမှ စက်တင်ဘာလ အထိ) | | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် စက်တင်ဘာလ အထိ | |
|---|---|---|---|---|---|
| | | FIL | MCIL | FIL | MCIL |
| ၁ | ရေနံနှင့်သဘာဝဓါတ်ငွေ့ကဏ္ဍ | - | - | ၂၀၃၁ | |
| ၂ | စိုက်ပျိုးရေးကဏ္ဍ | - | - | ၁၂၆၁၁ | ၈၄၉ |
| ၃ | မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ | - | ၂၅၂ | ၂၀၅၃၉ | ၁၃၈၃၄ |
| ၄ | သတ္တုတူးဖော်ရေးကဏ္ဍ | - | ၉၂ | ၁၁၇၅၃ | ၃၅၉၂ |
| ၅ | စက်မှုကဏ္ဍ | ၃၆၄၃၇ | ၅၆၀၁ | ၃၆၉၅၄၇ | ၂၀၀၁၆၅ |
| ၆ | လျှပ်စစ်ဓါတ်အားကဏ္ဍ | - | - | ၂၅၈၀၇ | ၃၃၅၈ |
| ၇ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ကဏ္ဍ | ၃၁၄ | ၃၅၀ | ၁၄၀၉၅ | ၄၉၂၆ |
| ၈ | ဟိုတယ်နှင့် ခရီးသွားကဏ္ဍ | - | ၁၄၅၉ | ၁၅၆၃၁ | ၁၀၉၅၃ |
| ၉ | ဆောက်လုပ်ရေးကဏ္ဍ | - | ၆၀ | ၈၅၅ | ၂၃၆၉၅ |
| ၁၀ | အိမ်ယာနှင့်အဆောက်အအုံ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ | ၃၃၅ | ၁၁၄ | ၁၂၉၄၈ | ၈၈၇၁ |
| ၁၁ | စက်မှုဇုန်တည်ဆောက်မှု ကဏ္ဍ | - | ၃၀ | ၁၄၅၅ | ၄၅၇ |
| ၁၂ | အခြားဝန်ဆောင်မှုကဏ္ဍ | ၇၅၄ | ၁၄၈ | ၅၁၅၈ | ၅၉၄၈ |
| | စုစုပေါင်း | ၃၇၈၄၀ | ၈၁၀၆ | ၄၉၂၄၃၀ | ၂၇၆၆၄၈ |

**နိုင်ငံသားလုပ်ငန်းရှင်များ ကုမ္ပဏီထူထောင်မှု**

မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအနေဖြင့် ကုမ္ပဏီထူထောင် ဆောင်ရွက်နိုင်ရေး အတွက် ဖြေလျှော့မှုများ စနစ်တကျ ဆောင်ရွက်ပေးခဲ့နိုင်ခြင်းကြောင့် ကုမ္ပဏီ ထူထောင်ဆောင်ရွက်နိုင်မှု တိုးတက်လာသည့် အခြေအနေကို ဇယားတွင်ဖော်ပြထားပါသည်-

ဇယား (၇-၇)

နိုင်ငံသားလုပ်ငန်းရှင်များ ကုမ္ပဏီထူထောင်မှု

| စဉ် | ကုမ္ပဏီအမျိုးအစား | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်(ဧပြီလ မှ စက်တင်ဘာလ အထိ) | ၁၉၈၈-၈၉ မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် စက်တင်ဘာလအထိ |
|---|---|---|---|
| (က) | ပုဂ္ဂလိကကုမ္ပဏီ | ၃၃၄၈ | ၄၆၅၅၁ |
| (ခ) | အများနှင့်သက်ဆိုင်သောကုမ္ပဏီ | ၁၅ | ၂၀၉ |

အသင်းအဖွဲ့များ ဖွဲ့စည်းခြင်း

ပုဂ္ဂလိကကဏ္ဍ စနစ်တကျ စုစည်းညီညွတ်စွာ ဆောင်ရွက်နိုင်ရေးအတွက် အသင်းအဖွဲ့များကိုလည်း တိုးချဲ့ဖွဲ့စည်းပေးလျက်ရှိရာ ၂၀၁၅-၂၀၁၆ (စက်တင်ဘာလအထိ) အသင်းအဖွဲ့ပေါင်း ၁၀၇ သင်းနှင့် ဖက်စပ်ကုမ္ပဏီ ၇၈ ခု တို့ကို ဖွဲ့စည်းပေးနိုင်ခဲ့ပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း အသင်းပေါင်း ၁၀ သင်းနှင့် ဖက်စပ်ကုမ္ပဏီ ၂ ခုကို ဖွဲ့စည်း နိုင်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုအခန်းကဏ္ဍမှ ဖြေလျော့မှုများ၊ ပွင့်လင်းမြင်သာမှုများစွာ ပြုလုပ်ပေးသည့်အတွက် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာခဲ့ပြီး အလုပ်အကိုင် အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်ခဲ့ပါသည်။ ပုဂ္ဂလိကကဏ္ဍမှ စီးပွားရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်နေသူများ အားလုံးသည် မိမိတို့၏ ပြည်တွင်းစီးပွားရေးဆိုင်ရာကျင့်ထုံးများ၊ လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ရမည် ဖြစ်သကဲ့သို့ စီးပွားရေးလုပ်ငန်းများအနေဖြင့် စီးပွားရေးဆိုင်ရာ ကျင့်ဝတ်(Corporate Social Responsibility CSR) တို့အား ဖွံ့ဖြိုးမှုအတွက် ရှေးရှုဆောင်ရွက်ရန် ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

## အခန်း(၈)

## အထူးစီးပွားရေးဇုန်များ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေ

**မြန်မာအထူးစီးပွားရေးဇုန် နည်းဥပဒေ ထုတ်ပြန်ခြင်း။** မြန်မာအထူးစီးပွားရေးဇုန် နည်းဥပဒေကို ၂၀၁၅ ခုနှစ် ဩဂုတ်လ ၂၇ ရက်နေ့တွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၅) ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

**သီလဝါအထူးစီးပွားဇုန် ( ၂၀၁၅ ခုနှစ် ဧပြီလ မှ စက်တင်ဘာလအထိ ဆောင်ရွက်ချက်များ)**

(က) **အလုပ်သမားကိစ္စနှင့် ပတ်သက်၍ တွေ့ဆုံခြင်း။** ၂၀၁၅ ခုနှစ် မေလ ၄ ရက်နေ့တွင် သီလဝါအထူးစီးပွားရေးဇုန်တွင် အလုပ်သမားကိစ္စနှင့် ပတ်သက်၍ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ နှင့် ILO ရုံးခွဲ ရန်ကုန်မြို့ရှိ ILO Liaison Officer၊ Deputy Liaison Officer ၊ Piyamal Pichai Wongse နှင့် အဖွဲ့တို့ တွေ့ဆုံခဲ့ပါသည်။

(ခ) **ဓာတ်ငွေ့အခြေခံ ကိစ္စနှင့် ပတ်သက်၍ တွေ့ဆုံခြင်း။** ၂၀၁၅ ခုနှစ် မေလ ၅ ရက်နေ့တွင် သီလဝါအထူး စီးပွားရေးဇုန်တွင် ဓာတ်ငွေ့အခြေခံ ကိစ္စနှင့် ပတ်သက်၍ သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ နှင့် သီလဝါအထူးစီးပွားရေးဇုန် တည်ဆောက်ရေး အထူးလုပ်ငန်းအဖွဲ့သည် ဂျပန်နိုင်ငံ Mitsui Co., Ltd. ကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံခဲ့ပါသည်။

(ဂ) **ဆွေးနွေးပွဲများ ကျင်းပခြင်း။** သီလဝါ အထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံခြင်း၊ အကောင်အထည်ဖော်ခြင်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်သည့် နိုင်ငံများ၊ ပညာရှင်အဖွဲ့များနှင့် ဆွေးနွေးပွဲ (၄) ကြိမ် ကျင်းပခဲ့ပါသည်။

(ဃ) **အစည်းအဝေးများကျင်းပခြင်း။** သီလဝါအထူးစီးပွားရေးဇုန်တည်ဆောက်ရေး နှင့်စပ်လျဉ်း၍ ချေးငွေဆိုင်ရာ ကိစ္စရပ်များ၊ အခွန်အကောက်ဆိုင်ရာ ကိစ္စရပ်များ၊ အကောင်အထည်ဖော်မှုလုပ်ငန်းစဉ်များအတွက် အစည်းအဝေး (၉) ကြိမ် ကျင်းပခဲ့ပါသည်။

(င) **သီလဝါအထူးစီးပွားရေးဇုန်တွင် အခြေခံအဆောက်အဦ တည်ဆောက်နေမှု လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေ။** သီလဝါအထူးစီးပွားရေးဇုန် ဆောက်လုပ်ရေးလုပ်ငန်း၌ ပယင်းဖြူဆည်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးလုပ်ငန်း

၌ ဆိပ်ကမ်းငယ်နှင့် အထူးစီးပွားရေးဇုန်မှ မြန်မာ-ထိုင်းနယ်စပ် ဖူနာရွန် အထိ မြေသားလမ်းဖောက်လုပ်ခြင်း လုပ်ငန်းများမှာ ၁၀၀% ပြီးစီးပြီဖြစ်ပါသည်။

(စ) **ထားဝယ်အထူးစီးပွားရေးဇုန်တွင် နိုင်ငံခြားသားဝန်ထမ်းများရောက်ရှိမှု။** ထားဝယ် အထူးစီးပွားရေးဇုန်တွင် နိုင်ငံခြားသား ကျား (၃၈၆) ဦးနှင့် မ (၇၇) ဦး စုစုပေါင်း (၄၆၃) ဦး တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

**သီလဝါအထူးစီးပွားဇုန်(၂၀၁၅ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ဆောင်ရွက်ချက်များ)**

(က) **အစည်းအဝေးများကျင်းပခြင်း။** သီလဝါ အထူးစီးပွားရေးဇုန်နှင့် စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များ၊ စီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များ၊ အကောင်အထည်ဖော်မှုဆိုင်ရာ ကိစ္စရပ်များအတွက် အစည်းအဝေး (၁၂) ကြိမ် ဆောင်ရွက်ခဲ့ပါသည်။

(ခ) **တွေ့ဆုံဆွေးနွေးခြင်း။** သီလဝါ အထူးစီးပွားရေးဇုန်နှင့် ပတ်သက်၍ နည်းပညာဆိုင်ရာကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များ၊ အခွန်အကောက်ဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ နိုင်ငံခြားသားကျွမ်းကျင် ပညာရှင်များ၊ နိုင်ငံခြားမှ ရင်းနှီးမြှုပ်နှံလိုသူများနှင့် တွေ့ဆုံဆွေးနွေးမှု (၂၇) ကြိမ် ဆောင်ရွက်ခဲ့ပါသည်။

(ဂ) **သီလဝါ အထူးစီးပွားရေးဇုန်သို့ ရထားပြေးဆွဲရန် ကိစ္စနှင့်စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေးခြင်း။** ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၈ ရက်နေ့တွင် ရထားပို့ဆောင်ရေး ဝန်ကြီးဌာန၊ မြန်မာ့မီးရထားလုပ်ငန်းသည် သီလဝါ အထူးစီးပွားရေးဇုန်သို့ ရထား ပြေးဆွဲရန်ကိစ္စနှင့် စပ်လျဉ်း၍ သီလဝါအထူး စီးပွားရေးဇုန်စီမံခန့်ခွဲမှု ကော်မတီ အဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

(ဃ) **One Stop Service Centre တွင် Front Office နှင့် Back Office ထားရှိရန်ကိစ္စနှင့် စပ်လျဉ်း၍ အစည်းအဝေးကျင်းပခြင်း။** ၂၀၁၅ ခုနှစ် ဇူလိုင် လ ၈ ရက်နေ့တွင် သီလဝါအထူးစီးပွားရေးဇုန် အတွင်းရှိ One Stop Service Centre တွင် Front Office နှင့် Back Office ထားရှိရန်ကိစ္စနှင့် စပ်လျဉ်း၍ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင်များနှင့် OSSC မှ တာဝန်ခံအရာရှိများသည် အစည်းအဝေးကျင်းပ ခဲ့ပါသည်။

(င) **Trading လုပ်ငန်း ဆောင်ရွက်ရန်ကိစ္စနှင့် စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေးခြင်း။** ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၉ ရက်နေ့တွင် Rajah & Tann LLP မှ သီလဝါအထူး စီးပွားရေးဇုန်အတွင်း Trading လုပ်ငန်း ဆောင်ရွက်ရန်ကိစ္စနှင့် စပ်လျဉ်း၍

**သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များနှင့် တွေ့ဆုံ ဆွေးနွေးခဲ့ပါသည်။**

(စ) **အခြေခံအဆောက်အဦ တည်ဆောက်နေမှု လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေ။** MJTD Co., Ltd. (Developer) မှ ပထမအဆင့် ဇုန်အေ ဟက်တာ (၄၀၀) တွင် ဆောက်လုပ်ရေးလုပ်ငန်း၌ ၉၁ ရာခိုင်နှုန်းတည်ဆောက်ပြီး ဖြစ်ပါသည်။

(ဆ) **ရင်းနှီးမြှုပ်နှံမှုအခြေအနေ။** သီလဝါအထူးစီးပွားရေးဇုန်၌ အထူးစီးပွားရေးဇုန် ဥပဒေအရ ၂၀၁၅ ခုနှစ် ဧပြီလမှ စက်တင်ဘာလအတွင်း ရင်းနှီးမြှုပ်နှံမှု အခြေအနေမှာ အောက်ပါ အတိုင်းဖြစ်ပါသည်-

**ဇယား (၈-၁)**

**သီလဝါအထူးစီးပွားရေးဇုန် လုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမှုအခြေအနေ (ကဏ္ဍအလိုက်)**

(အမေရိကန်ဒေါ်လာသန်းပေါင်း)

| | ကဏ္ဍ | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) | | | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် နိုဝင်ဘာလမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် စက်တင်ဘာလအထိ | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | အရေအတွက် | တန်ဖိုး | ရာနှုန်း | အရေအတွက် | တန်ဖိုး | ရာနှုန်း | |
| ၁ | စက်မှုကဏ္ဍ | ၁၁ | ၁၃၄.၈၀၉ | ၈၁.၁၇ | ၃၂ | ၃၅၅.၅၄၀ | ၇၈.၃၅ | |
| ၂ | ဝန်ဆောင်မှုကဏ္ဍ | | | | ၂ | ၄၁.၀၄၀ | ၉.၀၄ | |
| ၃ | အိမ်ယာနှင့်အဆောက်အအုံ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ | ၁ | ၂၂.၀၀၀ | ၁၃.၂၅ | ၁ | ၂၂.၀၀၀ | ၄.၈၅ | |
| ၄ | သယ်ယူပို့ဆောင်ရေးနှင့် ထောက်ပံ့ရေး ကဏ္ဍ | ၂ | ၉.၂၇၀ | ၅.၅၈ | ၃ | ၂၀.၂၇၀ | ၄.၆၉ | |
| ၅ | ကုန်စည်ရောင်းဝယ်ရေးကဏ္ဍ | - | - | | ၁ | ၁၃.၉၀၈ | ၃.၀၇ | |
| | **စုစုပေါင်း** | **၁၄** | **၁၆၆.၀၇၉** | **၁၀၀** | **၃၉** | **၄၅၃.၇၅၈** | **၁၀၀** | |

## ဇယား (၈-၂)

## သီလဝါအထူးစီးပွားရေးဇုန် လုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမှုအခြေအနေ(နိုင်ငံအလိုက်)

(အမေရိကန်ဒေါ်လာသန်းပေါင်း)

| စဉ် | ကဏ္ဍ | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) | | | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် နိုဝင်ဘာလမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် စက်တင်ဘာလအထိ | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | အရေအတွက် | တန်ဖိုး | ရာနှုန်း | အရေအတွက် | တန်ဖိုး | ရာနှုန်း | |
| ၁ | ဂျပန် | ၇ | ၆၂.၈၇၀ | ၃၇.၈၆ | ၂၀ | ၂၀၉.၇၉၃ | ၄၆.၂၃ | |
| ၂ | မလေးရှား | ၁ | ၅၀.၀၀၀ | ၃၀.၁၁ | ၁ | ၅၀.၀၀၀ | ၁၁.၀၂ | |
| ၃ | မြန်မာ | ၂ | ၂၇.၀၀၀ | ၁၆.၂၆ | ၃ | ၂၈.၀၀၀ | ၆.၁၇ | |
| ၄ | ထိုင်း | ၂ | ၁၂.၂၁၀ | ၇.၃၅ | ၅ | ၅၆.၂၄၈ | ၁၂.၄၀ | |
| ၅ | အမေရိကန် | - | - | | ၁ | ၃၃.၉၀၉ | ၇.၄၇ | |
| ၆ | ထိုင်ဝမ် | - | | | ၃ | ၂၇.၆၀၀ | ၆.၀၈ | |
| ၇ | ပြင်သစ် | - | | | ၁ | ၁၃.၉၀၈ | ၃.၀၇ | |
| ၈ | တရုတ် | - | | | ၁ | ၁၂.၀၀၀ | ၂.၆၄ | |
| ၉ | ဆွီဒင် | - | | | ၁ | ၈.၃၀၀ | ၁.၈၃ | |
| ၁၀ | ဩစတြေးလျ | ၁ | ၇.၀၀၀ | ၄.၂၀ | ၁ | ၇.၀၀၀ | ၁.၅၄ | |
| ၁၁ | စင်ကာပူ | ၁ | ၇.၀၀၀ | ၄.၂၀ | ၁ | ၇.၀၀၀ | ၁.၅၄ | |
| | **စုစုပေါင်း** | **၁၄** | **၁၆၆.၀၇၉** | **၁၀၀** | **၃၉** | **၄၅၃.၇၅၈** | **၁၀၀** | |

## ဇယား (၈-၃)

## သီလဝါအထူးစီးပွားရေးဇုန် လုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမှုအခြေအနေ (ဇုန်အလိုက်)

(အမေရိကန်ဒေါ်လာသန်းပေါင်း)

| စဉ် | ကဏ္ဍ | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) | | | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် နိုဝင်ဘာလမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် စက်တင်ဘာလအထိ | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | အရေအတွက် | တန်ဖိုး | ရာနှုန်း | အရေအတွက် | တန်ဖိုး | ရာနှုန်း | |
| ၁ | လုပ်ငန်းမြှင့်တင်ရေးဇုန် | ၇ | ၁၁၀.၉၅၉ | ၆၆.၈၁ | ၁၅ | ၂၄၈.၈၁၆ | ၅၄.၈၃ | |
| ၂ | ကင်းလွတ်ဇုန် | ၇ | ၅၅.၁၂၀ | ၃၃.၁၉ | ၂၄ | ၂၀၄.၉၄၂ | ၄၅.၁၇ | |
| | **စုစုပေါင်း** | **၁၄** | **၁၆၆.၀၇၉** | **၁၀၀** | **၃၉** | **၄၅၃.၇၅၈** | **၁၀၀** | |

**ဇယား (၈-၄)**

**၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်(၂၀၁၅ ခုနှစ် စက်တင်ဘာလအထိ)**

**အထူးစီးပွားရေးဇုန်ဥပဒေအရ ခွင့်ပြုပြီးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှု အခြေအနေ**

| စဉ် | ကုမ္ပဏီအမည်<br>ခွင့်ပြုမိန့်အမှတ်/ရက်စွဲ | လုပ်ငန်းအမျိုးအစား | ရင်းနှီးမြှုပ်နှံမှု<br>ပမာဏ<br>(US$ သန်း) | နိုင်ငံ | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | Standard Urai Paint Co., Ltd.<br>TSEZ-IP-026<br>8/4/2015 | Manufacture of Paints | ၅.၂၀၉ | Thailand | |
| ၂ | Pacific -PSP Syntech Co., Ltd.<br>TSEZ-IP-027<br>8/4/2015 | Manufacture of Finished Lubricant and Grease | ၇.၀၀၀ | Thailand | |
| ၃ | Myarnak Co., Ltd.<br>TSEZ-IP-028<br>4/5/2015 | Manufacture of Assembly and sale of automotive parts made of rubber and/or plastic such as gasket, hose assembly and bush | ၃.၅၀၀ | Japan | |
| ၄ | Toyotsu Paragon Co., Ltd.<br>TSEZ-IP-029<br>14/3/2015 | Manufacture of domestic sale and export of Linear Alkyl Benzene Sulphonic Acid (LAS) and Dodecyl Benzene Sulphonic Acid (DBSA) as raw materials of detergent | ၇.၂၅၀ | Japan | |
| ၅ | Matsunaga (Myanmar) | Manufacture of | ၈.၆၀၀ | Japan | |

ဇယား(၈-၄)အဆက်

| စဉ် | ကုမ္ပဏီအမည်<br>ခွင့်ပြုမိန့်အမှတ်/ရက်စွဲ | လုပ်ငန်းအမျိုးအစား | ရင်းနှီးမြှုပ်နှံမှုပမာဏ<br>(US$ သန်း) | နိုင်ငံ | မှတ်ချက် |
|---|---|---|---|---|---|
| | Co., Ltd.<br>TSEZ-IP-030<br>4/5/2015 | Wheel chairs parts made of aluminium, steel, plastics, rubber and Assembly of wheelchairs | | | |
| ၆ | VJP Co., Ltd.<br>TSEZ-IP-031<br>4/5/2015 | Manufacture of Stressed High-strengrh concrete pile and instrallation of spun piles with pre-bored method | ၁၂.၅၀၀ | Japan | |
| [illegible] | Zifam Pyrex Myanmar<br>ဇယား(၈-၄)အဆက်<br>TSEZ-IP-032<br>4/5/2015 | Manufacture of Medicines | ၇.၀၀၀ | Australia | |
| ၈ | Dizen Myanmar Co., Ltd.<br>TSEZ-IP-033<br>4/5/2015 | Services of warehouse ing services, Freight forwarding and transportation services such as quality inspection, presswork, labeling, tagging and packaging, customs clearance services and Logestics | ၄.၂၇၀ | Japan | |

| စဉ် | ကုမ္ပဏီအမည်<br>ခွင့်ပြုမိန့်အမှတ်/ရက်စွဲ | လုပ်ငန်းအမျိုးအစား | ရင်းနှီးမြှုပ်နှံမှုပမာဏ (US$ သန်း) | နိုင်ငံ | မှတ်ချက် |
|---|---|---|---|---|---|
| | | consultation and operation services | | | |
| ၉ | Htun Thilawa Manufacturing Co., Ltd.<br>TSEZ-IP-034<br>15/5/2015 | Manufacture and export of shoes, shoes parts and leather bags | ၁.၇၅၀ | Japan | |
| ၁၀ | YTL Cement Myanmar Co., Ltd.<br>TSEZ-IP-035<br>22/5/2015 | Manufacture and Portland Cement | ၅၀.၀၀၀ | Malaysia | |
| ၁၁ | Free Trade Integrated Logistics Ltd.<br>TSEZ-IP-036<br>22/5/2015 | Warehousing, Logistics Services and development of computer software | ၅.၀၀၀ | Myanmar | |
| ၁၂ | Minerva Co., Ltd.<br>TSEZ-IP-037<br>16/7/2015 | Manufacture of Wood Conversion and Scantlings, Veneer, Plywood and Fancy Plywood,<br>Door and Door Panels, Wood Inlay and Marquetry Inlay | ၇.၀၀၀ | Singapor<br>e | |
| ၁၃ | Suzuki Thilawa Motor Co., Ltd.<br>TSEZ-IP-038<br>16/7/2015 | Manufacture of Auto Mobile and wholesale of automobile and its spare parts | ၂၅.၀၀၀ | Japan | |
| ၁၄ | Thilawa Property | Services/Real | ၂၂.၀၀၀ | Myanmar | |

ဇယား(၈-၄)အဆုံး

| စဉ် | ကုမ္ပဏီအမည်<br>ခွင့်ပြုမိန့်အမှတ်/ရက်စွဲ | လုပ်ငန်းအမျိုးအစား | ရင်းနှီးမြှုပ်နှံမှုပမာဏ (US$ သန်း) | နိုင်ငံ | မှတ်ချက် |
|---|---|---|---|---|---|
| | Development Ltd.<br>TSEZ-IP-039<br>21/7/2015 | Estate Development of Residential and Commercial Zone | | | |
| | စုစုပေါင်း | | ၁၆၆.၀၇၉ | | |

(ဇ) **ပစ္စည်းတင်သွင်းမှု အခြေအနေ။** သီလဝါအထူးစီးပွားရေးဇုန်တွင် **ကုမ္ပဏီ (၆၇) ခုမှ အခွန်အကောက်ကင်းလွတ်ခွင့်ဖြင့် စက်ပစ္စည်း အမေရိကန်ဒေါ်လာ ၃၂,၅၀၃,၉၃၃.၉၁ တန်ဖိုးအား တင်သွင်းခဲ့ပါသည်။**

(ဈ) **သီလဝါအထူးစီးပွားရေးဇုန် အတွင်း ဝန်ထမ်းများ၏ အခြေအနေ။**

**(၁)သီလဝါ အထူးစီးပွားရေးဇုန်အနေဖြင့် ၂၀၁၅ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ နိုင်ငံခြားသားပညာရှင် ကျား (၁၁၅) ဦး၊ မ (၂၃) ဦး၊ စုစုပေါင်း (၁၃၈) ဦးအားခန့်ထားခွင့်၊ နေထိုင်ခွင့်နှင့် အကြိမ်ကြိမ် ပြည်ပြန်ဝင်ခွင့် ဗီဇာ ခွင့်ပြုပြီး ဖြစ်ပါသည်။**

(၂)သီလဝါ အထူးစီးပွားရေးဇုန် ဒေသခံများနှင့် ပြည်တွင်းအလုပ်သမားများ အဆင့်မြင့် အတတ်ပညာများ ရရှိနိုင်ရေးအတွက် သီလဝါအထူးစီးပွားရေးဇုန်၊ စီမံခန့်ခွဲမှုကော်မတီ နှင့် Fujiwork Co., Ltd. တို့ ပူးပေါင်း၍ လုပ်ငန်းခွင် အကြို ကျွမ်းကျင်မှုသင်တန်းကို ၂၀၁၅ ခုနှစ် ဇွန်လ ၉ ရက်နေ့တွင် ဖွင့်လှစ်ပေးခဲ့ပါသည်။ သင်တန်းကာလမှာ ၃ လ ကြာမြင့်မည် ဖြစ်ပြီး သင်တန်းသား ၄၅ ဦး တက်ရောက်ခဲ့ပါသည်။

**(၃)သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီတွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများအား အင်္ဂလိပ်စာ တိုးတက်စေရန် ရည်ရွယ်၍ ဌာနတွင်း အင်္ဂလိပ်စာ သင်တန်းကို ၂၀၁၅ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင် စတင်ဖွင့်လှစ်ပေးခဲ့ပါသည်။**

(ည) **ကုမ္ပဏီမှတ်ပုံတင် ကဒ်ပြားအား မူလမှတ်ပုံတင် နံပါတ်အတိုင်းဖြင့် ထုတ်ပေးခြင်း။** သီလဝါအထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ လွှဲပြောင်းရယူထားသည့် Thilawa Cement and

Building Materials Ltd. အား ထုတ်ကုန်သွင်းကုန်လုပ်ငန်းများ အဆင်ပြေစေရန်အတွက် သီလဝါအထူးစီးပွားရေးဇုန်၊ One Stop Service Center ရှိ ကုမ္ပဏီဌာနခွဲမှ ကုမ္ပဏီမှတ်ပုံတင်ကတ်ပြားအား မူလမှတ်ပုံတင် နံပါတ်အတိုင်းဖြင့် ထုတ်ပေးရန် ၂၀၁၅ ခုနှစ် ဇွန်လ ၅ ရက်နေ့တွင် ကျင်းပသည့် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးတွင် ဥက္ကဋ္ဌမှ လမ်းညွှန်ပါသဖြင့် မူလမှတ်ပုံတင်နံပါတ်ဖြင့် ကုမ္ပဏီမှတ်ပုံတင် ကတ်ပြားအား ပြန်လည် ထုတ်ပေးခဲ့ပါသည်။

(ဍ) **Front Office ၏ လုပ်ငန်းများစတင်ဆောင်ရွက်ခြင်း။ သီလဝါ အထူးစီးပွားရေးဇုန် အနေဖြင့် နိုင်ငံတကာနှင့်အညီ** Front Office **နှင့်** Back Office **ထားရှိရန် ဒုတိယသမ္မတ ဦးဆောင်ကျင်းပသည့် အထူးစီးပွားရေးဆိုင်ရာ ဗဟို လုပ်ငန်းအဖွဲ့ (၁/၂၀၁၅) (၇-၅-၂၀၁၅) အစည်းအဝေးသို့ တင်ပြခွင့်ပြုချက် ရယူပြီးဖြစ်၍ (၁၅-၇-၂၀၁၅) နေ့မှ စတင်၍** Front Office **၏ လုပ်ငန်းများကို စတင် ဆောင်ရွက်ခဲ့ပါသည်။**

(ဎ) **သီလဝါ အထူးစီးပွားရေးဇုန်၏ အပိုင်း (က) ဖွင့်ပွဲအခမ်းအနား။ သီလဝါ အထူးစီးပွားရေးဇုန်၏ အပိုင်း (က) ဖွင့်ပွဲအခမ်းအနားကို ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၂၃ ရက် နေ့ တွင် ကျင်းပခဲ့ပါသည်။**

**ကျောက်ဖြူအထူးစီးပွားဇုန် ( ၂၀၁၅ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ဆောင်ရွက်ချက်များ)**

(က) **အစည်းအဝေးကျင်းပခြင်း**

(၁) ၂၀၁၅ ခုနှစ် ဧပြီလ ၂၉ ရက်နေ့တွင် **တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီ** (BEAC) သည် ကျောက်ဖြူအထူးစီးပွားရေးဇုန်တွင် **တတိယအကြိမ်** Preferred Bidder **နှင့် တွေ့ဆုံဆွေးနွေးမှုမတိုင်မီ** Creative Professional Group CPG **မှ အကြိုရှင်းလင်းတင်ပြခြင်း** အစည်းအဝေးကို ကျင်းပခဲ့ပြီး ကျောက်ဖြူ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီ အဖွဲ့ဝင်များ၊ **တင်ဒါ ခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီ** (BEAC)၊ (CPG) မှ တာဝန်ရှိသူများ တက်ရောက်ကြပါ သည်။

(၂) **၂၀၁၅ ခုနှစ် မေလ ၉ ရက်နေ့တွင် ကျောက်ဖြူ အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင်များသည် ကုမ္ပဏီဖွဲ့စည်းခြင်းဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးပွဲအား ကျင်းပခဲ့ပါသည်။**

(၃) **၂၀၁၅ ခုနှစ် မေလ ၁၃ ရက်နေ့တွင် ကျောက်ဖြူ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ကျန်းမာရေးဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာနတို့မှ ကုမ္ပဏီဖွဲ့စည်းခြင်း၊** Demarcation **ဆိုင်ရာ အစည်းအဝေးများအား ကျင်းပခဲ့ပါသည်။**

(၄) ၂၀၁၅ ခုနှစ် မေလ ၁၄ ရက်နေ့ မှ မေလ ၁၅ ရက်နေ့အထိ ကျောက်ဖြူ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီသည် တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီ (BEAC) အဖွဲ့နှင့် Preferred Bidder အဖွဲ့ဝင်၊ MPA, CPG အဖွဲ့ဝင်နှင့် တတိယအကြိမ် တွေ့ဆုံညှိနှိုင်း စည်းဝေးပွဲအား **ကျင်းပခဲ့ပါသည်။**

(၅) **၂၀၁၅ ခုနှစ် မေလ ၁၆ ရက်နေ့တွင်** ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီသည် အလုပ်သမားဝန်ကြီးဌာန၊ နိုင်ငံခြားအေဂျင်စီများ၊ (GIZ, CVT, UNHABIT, Swiss Contact) များသည် **ကျွမ်းကျင်မှု လေ့ကျင့်ရေး သင်တန်းကျောင်းများ ဖွင့်လှစ် လေ့ကျင့်ပေးရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးပွဲကို ကျင်းပခဲ့ပါသည်။**

(၆) **၂၀၁၅ ခုနှစ် မေလ ၁၉ ရက်နေ့တွင်** ကျောက်ဖြူ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ၊ တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီ (BEAC) အဖွဲ့နှင့် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ MPA နှင့် စက်မှုဝန်ကြီးဌာနသည် Preferred Bidder အဖွဲ့ဝင်နှင့် ဆွေးနွေးမည့် ရေနက်ဆိပ်ကမ်းနှင့် စက်မှုဇုန်ဆိုင်ရာ Key Points များကို အတည်ပြုနိုင်ရေးနှင့် **ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ ကုမ္ပဏီဖွဲ့စည်းခြင်းဆိုင်ရာများနှင့် စပ်လျဉ်းသည့် အစည်းအဝေးကို ကျင်းပခဲ့ပါသည်။**

(၇) **ကျောက်ဖြူ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီသည် ရေနက်ဆိပ်ကမ်း၏** Financial Model **ပိုင်းဆိုင်ရာနှင့် ကျောက်ဖြူအထူး စီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီကုမ္ပဏီဖွဲ့စည်းခြင်းဆိုင်ရာများနှင့် စပ်လျဉ်း၍ အစည်းအဝေးကို ၂၀၁၅ ခုနှစ် ဇွန်လ ၅ ရက်နေ့တွင်ကျင်းပခဲ့ပြီး ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ရင်းနှီးမြှုပ်နှံ**

မှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာန နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

(၈) ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီသည် Preferred Bidder နှင့် စတုတ္ထအကြိမ် တွေ့ဆုံဆွေးနွေးခြင်းကို ၂၀၁၅ ခုနှစ် ဇွန်လ ၁၀ ရက်နေ့မှ ၁၂ ရက်နေ့အထိ ပြုလုပ်ခဲ့ပြီး တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီအဖွဲ့ဝင်များ၊ ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီ အဖွဲ့ဝင်များ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ တာဝန်ရှိသူများနှင့် Preferred Bidders မှ တာဝန်ရှိသူများ တက်ရောက်ကြပါ သည်။

(၉) တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေး ကော်မတီသည် Preferred Bidder နှင့် ပဉ္စမအကြိမ် တွေ့ဆုံမှုမတိုင်မီ အကြိုညှိနှိုင်းဆွေးနွေးခြင်းနှင့် စပ်လျဉ်းသည့် အစည်းအဝေးကို ၂၀၁၅ ခုနှစ် ဇူလိုင်လ ၁၇ ရက်နေ့တွင် လည်းကောင်း၊ ဩဂုတ်လ ၆ ရက်နေ့မှ ဩဂုတ်လ ၈ ရက်နေ့ အထိ လည်းကောင်း ကျင်းပခဲ့ပြီး တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီ၊ ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ၊ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

## အခန်း(၉)

## ပြည်ပ အကူအညီ အထောက်အပံ့ ရရှိမှု

နိုင်ငံတော်အစိုးရသစ် ဖွဲ့စည်းခဲ့သည့် ၂၀၁၁ ခုနှစ်၊ မတ်လမှစ၍ နိုင်ငံရေးပွင့်လင်းမှု၊ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးနှင့် ပြည်သူဗဟိုပြု စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများ ရရှိစေရန် ကျယ်ပြန့်သည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ခဲ့ပါ သည်။ ထို့ပြင် ပြည်သူများ၏ စား၊ ဝတ်၊ နေရေး အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုတိုးတက်အောင် ဖန်တီးပေးခြင်း၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍ များတွင် ပြည်သူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက် ရှိပါ သည်။

ယင်းသို့ ဖြည့်ဆည်းပေးနိုင်ရေးအတွက် စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ငွေရေးကြေးရေး၊ အရင်းအနှီးများ၊ နည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ်များ လိုအပ်လျက်ရှိရာ နိုင်ငံတော်၏ ဘတ်ဂျက်တစ်ခုတည်းဖြင့် မလုံလောက်၍ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ၊ နိုင်ငံတကာ အသိုင်းအဝိုင်းမှ ငွေကြေး အကူအညီအထောက်အပံ့များ ရယူရန် လိုအပ်ပါသည်။

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနအနေဖြင့် ဝန်ကြီးဌာန များအကြားညှိနှိုင်းမှုများပြုလုပ်နိုင်ရေး၊ တစ်နိုင်ငံချင်း(bilateral)၊ နိုင်ငံတကာ (multilateral) စသည့် ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် ညှိနှိုင်းခြင်း၊ အမျိုးသားဦးစားပေး အစီအစဉ်များ၊ မဟာဗျူဟာ များနှင့် အကူအညီအရင်းအမြစ်များ သဟဇာတဖြစ်စေရေးအတွက် စီမံခြင်းတို့ကို ဆောင်ရွက် ပါသည်။ သို့ဖြစ်၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနသည် ဖွံ့ဖြိုးမှု မိတ်ဖက်များ၏ အဓိက ဝင်ပေါက်တစ်ရပ်ပင် ဖြစ်ပါသည်။ ယင်းကိစ္စကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနအတွင်းတွင် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန (Foreign Economic Relations Department - FERD) မှ တာဝန်ခံ ဆောင်ရွက်ပါသည်။

**၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၏ ပထမ (၆) လပတ်အတွင်း** နိုင်ငံအချင်းချင်းနှင့် အပြည် ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ အကူအညီအထောက်အပံ့ (Grant) စီမံချက် ၆၅ ခု အတွက် အမေရိကန် ဒေါ်လာ ၃၄၅.၅၆ သန်း ရရှိရန် **ဝန်ကြီးဌာနများမှ လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။**

**၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၏ ပထမ(၆)လပတ်အတွင်း** နိုင်ငံခြားအကူအညီ အထောက် အပံ့ရရှိမှုကို ပြည်ထောင်စုဝန်ကြီးဌာနအလိုက်၊ နိုင်ငံအဖွဲ့အစည်းအလိုက်၊ ကဏ္ဍအလိုက် ခွဲခြား ဖော်ပြအပ်ပါသည်။

**(က) ဝန်ကြီးဌာနအလိုက် နိုင်ငံခြားအကူအညီ အထောက်အပံ့ရရှိမှု**

- **၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၏ ပထမ(၆)လပတ်အတွင်း** လုပ်ငန်းစီမံချက် ၆၅ ခု အတွက် အမေရိကန်ဒေါ်လာ ၃၄၅.၅၆ သန်း ရရှိရန် ပြည်ထောင်စုဝန်**ကြီး ဌာန (၁၉) ခု၊ ဗဟိုအဖွဲ့အစည်း (၁) ခုနှင့် ရန်ကုန်နှင့် မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီတို့မှ လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။**
- နိုင်ငံခြားအကူအညီအထောက်အပံ့ရရှိရန် ဆောင်ရွက်နိုင်မှု အခြေအနေကို ဇယားဖြင့် ဖော်ပြအပ်ပါသည်။

ဇယား(၉ - ၁)


၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ်အတွင်း ပြည်ထောင်စုဝန်ကြီးဌာနများအလိုက်
နိုင်ငံခြားအကူအညီအထောက်အပံ့ ရရှိအောင် ဆောင်ရွက်နိုင်မှု အခြေအနေ

| စဉ် | ပြည်ထောင်စုဝန်ကြီးဌာနများ/ဗဟိုအဖွဲ့အစည်းများ | စီမံချက် အရေအတွက် | ငွေပမာဏ (US$ သန်း) |
|---|---|---|---|
| ၁ | လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချထားရေး | ၈ | ၉၄.၀၆ |
| ၂ | ကျန်းမာရေး | ၁၂ | ၄၇.၀၃ |
| ၃ | မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး | ၉ | ၃၇.၈၆ |
| ၄ | ပညာရေး | ၂ | ၂၄.၄၂ |
| ၅ | အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု | ၅ | ၂၃.၉၂ |
| ၆ | မန္တလေး စည်ပင်သာယာရေး ကော်မတီ | ၂ | ၂၃.၂၅ |
| ၇ | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း | ၂ | ၂၂.၄၁ |
| ၈ | ဆက်သွယ်ရေး၊သတင်း အချက်အလက်နှင့် နည်းပညာ | ၁ | ၁၇.၉၉ |
| ၉ | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး | ၃ | ၁၆.၇၂ |
| ၁၀ | ပို့ဆောင်ရေး | ၁ | ၁၄.၂၇ |
| ၁၁ | ပြည်ထဲရေး | ၂ | ၆.၆၃ |
| ၁၂ | ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း | ၂ | ၃.၃၆ |
| ၁၃ | ဘဏ္ဍာရေး | ၁ | ၃.၀၀ |
| ၁၄ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ | ၂ | ၂.၈၃ |
| ၁၅ | သတ္တုတွင်း | ၁ | ၂.၇၁ |
| ၁၆ | နယ်စပ်ရေးရာ | ၂ | ၂.၂၅ |
| ၁၇ | သမဝါယမ | ၁ | ၁.၀၀ |
| ၁၈ | စက်မှု | ၁ | ၀.၉၄ |
| ၁၉ | ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ | ၁ | ၀.၇၀ |
| ၂၀ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | ၁ | ၀.၁၆ |
| ၂၁ | သိပ္ပံနှင့်နည်းပညာ | ၅ | ၀.၀၈ |
| ၂၂ | ပြန်ကြားရေး | ၁ | နည်းပညာ |
| | စုစုပေါင်း | ၆၅ | ၃၄၅.၅၇ |

ဇာစ်မြစ်။ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

## ပုံ (၉-၁) ပြည်ထောင်စုဝန်ကြီးဌာနများအလိုက် နိုင်ငံခြားအကူအညီအထောက်အပံ့ ရရှိမှုဆောင်ရွက်နိုင်မှု အခြေအနေ (၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ်)

(US$ သန်း)




ဇာစ်မြစ်။ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

**(ခ) နိုင်ငံ/ အဖွဲ့အစည်းများမှ နိုင်ငံခြားအကူအညီ ထောက်ပံ့ပေးမှု**

- **၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၏ ပထမ(၆)လပတ်အတွင်း** နိုင်ငံအချင်းချင်းနှင့် အပြည်ပြည်ဆိုင်ရာ၊ အဖွဲ့အစည်းများမှ အကူအညီအထောက်အပံ့ (Grant) များ ပေးအပ်လျက်ရှိရာ **ဖော်ပြပါအတိုင်း ဆောင်ရွက်နိုင်ခဲ့ပါသည်။**
- **ဩစတြေးလျနိုင်ငံမှ** မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်နှင့် လုပသော ရှုမျှော်ခင်းများအား ကာကွယ်ထိန်းသိမ်းခြင်း၊ ယဉ်ကျေးမှုဆိုင်ရာ သဘာဝအရင်းအမြစ်များ အပေါ်ဗဟိုပြုပြီး တာဝန်သိ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုအတွက် ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ အစီအစဉ်
- တရုတ်နိုင်ငံမှ ရဲလုပ်ငန်းသုံးပစ္စည်းများ၊ ရေအမြောက်ကား (၃)စီးနှင့် သံချပ်ကာ ကား (၁) စီးလှူဒါန်းခြင်းနှင့် မန္တလေးကလေးဆေးရုံစီမံချက်
- အီးယူမှ ကုန်သွယ်ရေးဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်

- ပြင်သစ်မှနည်းပညာနှင့် ငွေကြေးအထောက်အပံ့ များပေးခြင်း၊ အခြေခံကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ရေပေးဝေရေးစနစ်အတွက် ရေသန့်စင်မှု စနစ်နှင့်ရေပြန်းတီးမှု လျှော့ချရေးလုပ်ငန်း စီမံကိန်း
- ဂျာမနီမှ မြန်မာ့သတ္တုကဏ္ဍစဉ်ဆက်မပြတ် တိုးတက်ရေးနည်းပညာ အကူအညီ ပေးရေးစီမံချက်နှင့် ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်း
- အီတလီမှ ရန်ကုန် တိရိစ္ဆာန်မျိုးမြှင့်တင်ရေးနှင့် မွေးမြူရေးသုတေသနလုပ်ငန်း
- ဂျပန်နိုင်ငံမှ တောင်ငူပညာရေးကောလိပ် ဆောက်လုပ်ရေး၊ လူမှုစီးပွားဖွံ့ဖြိုး တိုးတက်ရေး၊ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် လမ်းအဆင့်မြှင့် တည်ဆောက် ရေးနှင့် ပြုပြင်ထိန်းသိမ်းရေး၊ အပူပိုင်းဇုန်ကျေးလက်ရေရရှိရေး၊ လူသားအရင်း အမြစ်ဖွံ့ဖြိုးရေး၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ နယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်ရေး၊ ရန်ကုန်ဆိပ်ကမ်းတွင် Port EDI System အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် ပြည်ကြီးတံခွန်မြို့နယ်၏ ရေရရှိရေး အတွက် တို့ချဲ့ရေပေးဝေရေး
- ကိုရီးယားနိုင်ငံမှ ဥပဒေရေးရာကျွမ်းကျင်မှု အကူအညီပေးရေး၊ ဆေးမားအွန်ဒေါင်း စံပြကျေးရွာများ တည်ထောင်ခြင်းနှင့် မြန်မာ့ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင် ရေးအဖွဲ့ ထူထောင်ရန်အတွက် Master Plan ရေးဆွဲခြင်း
- နယ်သာလန်နိုင်ငံမှ စိုက်ပျိုးရေး၊ အစားအစာဘေးအန္တရာယ် ကင်းရှင်းရေး၊ မွေးမြူ ရေး၊ ရေလုပ်ငန်းနှင့် တောင်သူလယ်သမားအဖွဲ့အစည်း ကဏ္ဍများတွင် ပူးပေါင်း ဆောင်ရွက်ခြင်း
- စင်္ကာပူနိုင်ငံမှ စင်ကာပူ - မြန်မာ သက်မွေးပညာသင်တန်းကျောင်း ထူထောင်ရန်နှင့် Cooperating on TF SCALE Programme
- ဆွီဒင်နိုင်ငံမှ Sponsorship Agreement (connect to Learn)
- ဆွစ်ဇာလန်နိုင်ငံမှ ဧည့်ဝတ်ပျူငှာမှုလုပ်ငန်းအတွင်း စွမ်းရည်ပြည့်ဝသော လူ့အရင်း အမြစ်များ တိုးပွားလာစေရေးအတွက် ဟိုတယ်ဆိုင်ရာ သင်တန်းပေးခြင်း၊ နေရပ် စွန့်ခွာရွှေ့ပြောင်းနေထိုင်ရသည့် မိသားစုများအတွက် ယာယီအဆောက်အဦများ ဆောက်လုပ်ပေးခြင်း၊ ဆေးဝါးအထောက်အပံ့ အကူအညီများပေးအပ်ခြင်း၊ မိုင်း အန္တရာယ် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် နည်းပညာနှင့်ငွေကြေး

ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးခြင်း

- ထိုင်းနိုင်ငံမှ မြန်မာနှင့်နှစ်နိုင်ငံအကြား မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့် ထိန်းချုပ်ရေး ပူးပေါင်းဆောင်ရွက်ခြင်း
- အာရှဖွံ့ဖြိုးရေးဘဏ်မှ အမျိုးသားအထောက်အကူပြုစီမံကိန်း၊ ရေဘေးသင့်ဒေသများကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် စာရင်းစစ်အဖွဲ့၏ နိုင်ငံတကာစံနှုန်းများ ကိုက်ညီမှုရှိစေရေး နည်းပညာအကူအညီပေးခြင်း
- အပြည်ပြည်ဆိုင်ရာစိုက်ပျိုးရေး ရန်ပုံငွေအဖွဲ့မှ အသေးစားမွေးမြူရေး စံပြကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ခြင်း
- ကုလသမဂ္ဂအဖွဲ့အစည်း (၆)ဖွဲ့မှ အီလက်ထရွန်နစ်ဓာတ်ရောင်ခြည်ပေးစက်၊ မြန်မာနိုင်ငံအပူပိုင်းဇုန်ဒေသရှိ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝနှင့် အသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်၊ အိပ်ချ်အိုင်ဗွီနှင့် မျိုးဆက်ပွားကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများအတွက် အခြေခံကျန်းမာရေး ဝန်ထမ်းများအား စွမ်းဆောင်ရည် မြင့်မားရန်ဆောင်ရွက်ခြင်း၊ ကွင်းဆင်းကြီးကြပ် စစ်ဆေးခြင်းဆိုင်ရာ လုပ်ငန်းများ၊ CEDAW Report ပုံနှိပ်ထုတ်ဝေခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ခြင်း
- INGOs အဖွဲ့အစည်း(၁၈)ဖွဲ့မှ ကျေးလက်အမျိုးသမီးများနှင့် ဆင်းရဲနွမ်းပါးသော ပြည်သူများ ဝင်ငွေတိုးတက်ရရှိရေး၊ ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး၊ မြေမြှုပ်မိုင်းများကြောင့် မသန်စွမ်းသူများကို သင်တန်းပေးခြင်း၊ ကျန်းမာရေးပညာပေးခြင်း၊ အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ် ကာကွယ်တားဆီးရေး၊ အေအာရ်တီဆေးဝါးဖြင့် ကုသပေးရေး၊ အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစသည့် စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း

**ဇယား (၉-၂)**

**၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ်အတွင်း နိုင်ငံအချင်းချင်း အကူအညီ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် လုပ်ငန်းစီမံချက်များဆောင်ရွက်ရန် ညှိနှိုင်းရရှိမှု**


| စဉ် | နိုင်ငံ / အဖွဲ့အစည်း | လုပ်ငန်းစီမံချက် | ငွေပမာဏ (US$သန်းပေါင်း) |
|---|---|---|---|
| နိုင်ငံအချင်းချင်း | | | |
| ၁ | ဩစတြေးလျ | ၁ | ၀.၅၀ |
| ၂ | တရုတ် | ၂ | ၆.၁၈ |
| ၃ | အီးယူ | ၁ | ၁၃.၅၅ |
| ၄ | ပြင်သစ် | ၂ | ၆.၂၅ |
| ၅ | ဂျာမနီ | ၂ | ၂.၇၁ |
| ၆ | အီတလီ | ၁ | ၀.၅၆ |
| ၇ | ဂျပန် | ၉ | ၉၃.၄၁ |
| ၈ | ကိုရီးယား | ၃ | ၂၅.၀၀ |
| ၉ | နယ်သာလန် | ၁ | နည်းပညာ |
| ၁၀ | စင်္ကာပူ | ၂ | နည်းပညာ |
| ၁၁ | ဆွီဒင် | ၁ | ၁၇.၉၉ |
| ၁၂ | ဆွစ်ဇာလန် | ၃ | ၉.၁၁ |
| ၁၃ | ထိုင်း | ၁ | ၀.၆၀ |
| အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ | | | |
| ၁၄ | အာရှဖွံ့ဖြိုးရေးဘဏ် | ၃ | ၃.၄၆ |
| ၁၅ | အပြည်ပြည်ဆိုင်ရာစိုက်ပျိုးရေးရန်ပုံငွေ အဖွဲ့ | ၁ | ၀.၅၀ |
| ကုလသမဂ္ဂအဖွဲ့အစည်းများ | | | |
| ၁၆ | နိုင်ငံတကာအနုမြူစွမ်းအင်အေဂျင်စီ | ၂ | နည်းပညာ |
| ၁၇ | အာရှနှင့် ပစိဖိတ်ဒေသစီးပွားရေးနှင့် လူမှုရေးကော်မရှင် | ၁ | ၁.၁၀ |
| ၁၈ | ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ | ၄ | ၀.၀၄ |
| ၁၉ | ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ | ၁ | ၀.၀၁ |

| စဉ် | နိုင်ငံ / အဖွဲ့အစည်း | လုပ်ငန်းစီမံချက် | ငွေပမာဏ (US$သန်းပေါင်း) |
| --- | --- | --- | --- |
| ၂၀ | ကုလသမဂ္ဂစက်မှုဖွံ့ဖြိုးရေးအဖွဲ့ | ၁ | ၀.၉၄ |
| ၂၁ | ကမ္ဘာ့ကျန်းမာရေးအဖွဲ့ | ၁ | ၀.၀၁ |
| နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ | | | |
| ၂၂ | Action Aid Myanmar | ၁ | ၁၅.၀၀ |
| ၂၃ | CESVI | ၁ | ၉.၄၅ |
| ၂၄ | Danish Refugee Council (DRC) | ၁ | ၃.၀၀ |
| ၂၅ | Entrepreneurs du Monde (EdM) | ၁ | ၁.၀၀ |
| ၂၆ | Global fund(GF) | ၅ | ၄၆.၈၃ |
| ၂၇ | Helen keller International (HKI) | ၁ | နည်းပညာ |
| ၂၈ | Help Age International | ၁ | ၉.၀၀ |
| ၂၉ | IFDC | ၁ | ၀.၄၁ |
| ၃၀ | ITC - International Trade Center | ၁ | ၀.၁၆ |
| ၃၁ | Mine Advisory Group(MAG) | ၁ | ၅.၀၀ |
| ၃၂ | PTB | ၁ | ၀.၀၈ |
| ၃၃ | Save the Children (UK) | ၁ | ၅၆.၇၉ |
| ၃၄ | Social Policy & Poverty Research Group | ၁ | ၀.၁၂ |
| ၃၅ | Terra People Association(TPA) | ၁ | ၁.၉၅ |
| ၃၆ | The Group Energie Renouvelable Environment Et Solidarites - GERES | ၁ | ၂.၅၃ |
| ၃၇ | The Lutheran World Federation | ၁ | ၀.၃၀ |
| ၃၈ | Winrock International | ၁ | ၁.၀၂ |
| ၃၉ | World Vision | ၁ | ၁၁.၀၁ |
| စုစုပေါင်း | | ၆၅ | ၃၄၅.၅၆ |

ဇာစ်မြစ်။ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

## ပုံ (၉-၂)

## နိုင်ငံအချင်းချင်းအကူအညီ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်လုပ်ငန်းစီမံချက်များ ဆောင်ရွက်ရန်ညှိနှိုင်းထားရှိမှု





ဇာစ်မြစ်။ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

**(ဂ) ကဏ္ဍအလိုက် နိုင်ငံခြား အကူအညီ အထောက်အပံ့ ရရှိမှု**

- **၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆)လပတ် အတွင်း နိုင်ငံခြားအကူအညီ အထောက်အပံ့ရရှိမှုမှာ လူမှုကာကွယ်ပေးရေးကဏ္ဍ** ၂၈% ၊စိုက်ပျိုးရေးကဏ္ဍ ၁၆%၊ ကျန်းမာရေးကဏ္ဍ ၁၅%၊ ရေရရှိရေး ကဏ္ဍ ၈%၊ ပညာရေးကဏ္ဍ ၇%၊ ဆက်သွယ်ရေးကဏ္ဍ ၆%၊ ကုန်သွယ်ရေးကဏ္ဍ ၅%၊ ပို့ဆောင်ရေးကဏ္ဍ ၃%၊ သဘာဝဘေးအန္တရာယ် ကဏ္ဍ ၃%၊ နည်းပညာကဏ္ဍ ၁%၊ အသက်မွေးဝမ်းကျောင်းကဏ္ဍ ၁%၊ ခရီးသွားလုပ်ငန်းကဏ္ဍ ၁% အစရှိသည်တို့ ဖြစ်ပါသည်။

## ပုံ (၉-၃)
## ကဏ္ဍအလိုက် နိုင်ငံခြား အကူအညီ အထောက်အပံ့ရရှိမှု




ဇာစ်မြစ်။ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

ဖွံ့ဖြိုးမှုအကူအညီများရရှိရေးအတွက် ပူးပေါင်းဆောင်ရွက်မှု အားကောင်းစေရန် အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ ကြီးမှူး၍ **ပထမအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်မှုဖိုရမ်**ကို ၂၀၁၃ခုနှစ် ဇန်နဝါရီလ (၁၉) ရက် နှင့် (၂၀) ရက်နေ့တို့တွင် အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး နေပြည်တော်သဘောတူညီချက်ကို ထုတ်ပြန်ကြေငြာနိုင်ခဲ့ပါသည်။ ဤသဘောတူညီချက်အရ ဖွံ့ဖြိုးမှုမိတ်ဖက်များဘက်မှ ကတိကဝတ်များရှိသကဲ့သို့ အကူအညီလက်ခံရယူသည့် မိမိတို့နိုင်ငံဘက်ကလည်း မောင်းနှင်သူနေရာမှ ပြည်သူတို့၏ လိုအပ်ချက်၊ ဦးစားပေးကဏ္ဍများအပေါ်အခြေခံ၍ ညှိနှိုင်းရယူ ဆောင်ရွက်ခဲ့ပါသည်။

ဆက်လက်၍ ဖွံ့ဖြိုးမှုမိတ်ဖက်များ၊ အလှူရှင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို **ပိုမိုပေါင်းစည်းညှိနှိုင်းမှုဖြင့် တိုးတက်မှုအရှိန်မြှင့်တင်ရေး** အတွက် **ဒုတိယအကြိမ် မြန်မာဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်မှုဖိုရမ်**ကို ၂၀၁၄ ခုနှစ် ဇန်နဝါရီလ (၂၇) ရက်နှင့် (၂၈) ရက်နေ့ တို့တွင် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။

တတိယအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်အား "**အခြေခံ အုတ်မြစ်များ တည်ဆောက်လို့-အားလုံးအကျုံးဝင်သည့် အနာဂါတ်ဖွံ့ဖြိုးမှုဆီသို့**" ခေါင်းစဉ်ဖြင့် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နှင့် ၈ ရက်နေ့များတွင် အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ပူးတွဲကြေငြာချက် ထုတ်ပြန်ခဲ့ပါသည်။

**အခန်း(၁၀)**

**ပြည်ပစီးပွားရေး ဆက်ဆံမှုများနှင့် မြန်မာနိုင်ငံ၏ အလားအလာ**

**အာဆီယံစီးပွားရေးအသိုက်အဝန်း၊ အာဆီယံ ဆွေးနွေးဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

- အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့၌ (၈-၄-၂၀၁၅) ရက်နေ့မှ (၁၀-၄-၂၀၁၅) ရက်နေ့ အထိ ကျင်းပခဲ့သည့် (၁၃) ကြိမ်မြောက် အာဆီယံ-ဂျပန် ဘက်စုံစီးပွားရေးပူးပေါင်း ဆောင်ရွက်မှု ပူးတွဲကော်မတီအစည်းအဝေး (AJCEP) ၌ မြန်မာနိုင်ငံမှ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ပေးပို့ခြင်း၊
- ကိုရီးယားသမ္မတနိုင်ငံ၊ ဆိုးလ်မြို့၌ (၂၉-၃-၂၀၁၅)ရက်မှ (၃၀-၃-၂၀၁၅)ရက်နေ့ထိကျင်းပခဲ့သည့် ASEAN-Korea FTA Technical Experts Meeting အစည်းအဝေး အစီရင်ခံစာနှင့် Template ကို အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ အကြောင်းပြန်ကြားခြင်း၊
- မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့တွင် (၅-၅-၂၀၁၅) ရက်မှ (၈-၅-၂၀၁၅) ရက်နေ့အထိ ပြုလုပ်ခဲ့သည့် (၈၁) ကြိမ်မြောက် အာဆီယံ ဝန်ဆောင်မှုညှိနှိုင်းရေးကော်မတီ (ASEAN-Coordinating Committee on Services-CCS) အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်နိုင်ရေးအတွက် ဆောင်ရွက်ခြင်း၊
- အာဆီယံ-အိန္ဒိယ ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မူဘောင်သဘောတူ စာချုပ်၏ ဝန်ဆောင်မှု ကုန်သွယ်ရေး သဘောတူစာချုပ် အာဏာသက်ဝင်ရေးအတွက် ပြည်တွင်းလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပြီး အသိပေးအကြောင်းကြားစာ (မူရင်း) ကို သက်ဆိုင်ရာ စာချုပ်ဝင်နိုင်ငံများ၏ စီးပွားရေးဝန်ကြီးများထံ ပေးပို့ခြင်း၊
- အာဆီယံနိုင်ငံများအတွင်း အကောက်ခွန်ဖြေလျှော့မှု (Tariff Liberalisation) တွင် Automatic MFN ကျင့်သုံးမည်ဆိုပါက မြန်မာနိုင်ငံအနေဖြင့် လိုက်ပါဆောင်ရွက်ရန် ကိစ္စနှင့် အာဆီယံကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ်တွင်ပါရှိသည့် နယ်ပယ်များတွင် ကျင့်သုံးဆောင်ရွက်ရန် သင့်မသင့် အကောက်ခွန်ဦးစီးဌာနမှ သဘောထား မှတ်ချက် ပြန်ကြားခြင်း၊
- အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အာဆီယံဒေသအတွင်း ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အချက်အလက်များကို အာဆီယံနိုင်ငံခေါင်းဆောင်များ အစည်းအဝေးနှင့် စီးပွားရေးဝန်ကြီးများ အစည်းအဝေးတို့တွင် Joint Media Statement ၌ ထည့်သွင်းနိုင်ရန်အတွက်

အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တောင်းခံလာမှုနှင့် စပ်လျဉ်း၍ ဘာသာရပ်ဆိုင်ရာ ဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

- အာဆီယံစီးပွားရေးအသိုက်အဝန်း(အေအီးစီ)၂၀၁၅ ပြည့်မီအောင်မြင်ရေးအတွက် အာဆီယံဒေသတွင်းထုတ်လုပ်မှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းမြှင့်တင်ရေး လုပ်ငန်းစီမံချက်ပါ လုပ်ငန်းကော်မတီများနှင့် (၁၈) ကြိမ်မြောက် လုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို အမျိုးသားစီမံကိန်း နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးမှ ဦးဆောင်၍ ကျင်းပပြုလုပ်ခဲ့ခြင်း၊
- မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့တွင် ၂၀၁၅ ခုနှစ် ဧပြီလ (၂၄) ရက်နေ့မှ (၂၇) ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် (၂၆) ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကာလအတွင်း အာဆီယံအဆင့်မြင့် စီးပွားရေးအရာရှိများ အကြိုညှိနှိုင်းအစည်းအဝေးတွင် အာဆီယံ-အမေရိကန်အကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကိုမြှင့်တင်ရန် ညှိနှိုင်းရေးဆွဲထားသည့် ASEAN-US Trade and Investment Framework Arrangement (TIFA) and Expended Economic Engagement (E3) Initiatives Work Programme for 2015 တွင် ပါဝင်သည့် Investment principle negotiation နှင့် ICT services negotiation တို့ ပါဝင်ဆွေးနွေးနိုင်ရေးအတွက် ဆောင်ရွက်ခဲ့ခြင်း၊
- မလေးရှားနိုင်ငံ အာဆီယံဥက္ကဋ္ဌ တာဝန်ယူစဉ်ကာလအတွင်း အာဆီယံဘုံ စံတော်ချိန်သတ်မှတ်ရေးကိစ္စကို အလေးထားဆွေးနွေးမှုနှင့် စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာန၏ သဘောထားမှတ်ချက် ပြန်ကြားပေးနိုင်ရန် ဆောင်ရွက်ခဲ့ခြင်း၊
- မြန်မာနိုင်ငံ၏ အကောက်ခွန်လျှော့ချမှုအစီအစဉ် HS 2002-HS 2007 ချိတ်ဆက်ကူးပြောင်းမှုနှင့် HS 2007 – HS 2012 ချိတ်ဆက်ကူးပြောင်းမှုတို့ကို ၂၀၁၅ ခုနှစ် ဩဂုတ်လမတိုင်မီ အပြီးဆောင်ရွက်ရန် (၁၃) ကြိမ်မြောက် အာဆီယံ-ဂျပန်ဘက်စုံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပူးတွဲကော်မတီအစည်းအဝေး၏ Summary of Discussion ကောက်နုတ်ချက်၊ 2015 Work Program and Deliverables for AJCEP JC ၊ Guidelines for Transposing Tariff Reduction Schedules နှင့် Status of the Transposition of Tariff Reduction Schedules တို့ကို အကောက်ခွန်ဦးစီးဌာနသို့ ပေးပို့ခြင်း၊
- အာဆီယံအဖွဲ့ဝင် (၁၀) နိုင်ငံက၂၀၁၄ ခုနှစ် နိုဝင်ဘာလတွင် သဘောတူလက်မှတ်ရေးထိုးခဲ့သော အာဆီယံဆေးပစ္စည်းအရည်အသွေး ကွပ်ကဲမှုဆိုင်ရာ လမ်းညွှန်ချက် ( ASEAN

Medical Device Directive - AMDD ) အရ မြန်မာနိုင်ငံဆေးပစ္စည်း အရည်အသွေး ကွပ်ကဲရေးဆိုင်ရာ လမ်းညွှန်ချက်ရေးဆွဲရန် အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော် Royal Ace ဟိုတယ်တွင် ၂၀၁၅ ခုနှစ် ဧပြီလ (၂၈) ရက်နေ့မှ (၂၉) ရက်နေ့ထိ ကျင်းပခဲ့ခြင်း၊

- မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့၌ (၂၆-၄-၂၀၁၅) ရက်နေ့တွင် ကျင်းပခဲ့သည့် (၁၃) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများနှင့် အီးယူကုန်သွယ်ရေး ကော်မရှင်ညှိနှိုင်း အစည်းအဝေး၊ (၁၃) ကြိမ်မြောက် အာဆီယံစီးပွားရေးအသိုက်အဝန်းကောင်စီ အစည်းအဝေးများ၏ ဆွေးနွေးဆုံးဖြတ်ချက်များကို နိုင်ငံတော်သမ္မတရုံးသို့ ပေးပို့ခြင်း၊
- အာဆီယံ-ကိုရီးယားလွတ်လပ်သော ကုန်သွယ်မှုဒေသအကောင်အထည်ဖော်ရေးအစီအစဉ် အရ ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ၏ အကောက်ခွန်လျှော့ချမှု အစီအစဉ်အား HS 2007 မှ HS 2012 သို့ ချိတ်ဆက်ပြောင်းလဲရာတွင် ကုန်စည်လိုင်းများ၏ အကောက်ခွန် လျှော့ချမှုအဆင့် (Category) ပြောင်းလဲသတ်မှတ်ရန် ကုန်စည်လိုင်း (၉၄) လိုင်းအတွက် သက်ဆိုင်ရာဌာနများသို့ အကြောင်းကြားခဲ့ခြင်း၊
- အင်ဒိုနီးရှားသမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာဆီယံဆိုင်ရာပူးပေါင်း ဆောင်ရွက်ရေးညွှန်ကြားမှုဦးစီးဌာန၏ အတွင်းရေးမှူးချုပ်ရုံးမှ Deputy Director General ဖြစ်သူ Mr. Iwan Suyudhie Amri ဦးဆောင်သော အဖွဲ့ဝင် (၃) ဦးပါ ကိုယ်စားလှယ်အဖွဲ့သည် (၁၁-၅-၂၀၁၅)မှ (၁၃-၅-၂၀၁၅) ရက်နေ့အထိ မြန်မာနိုင်ငံသို့ လာရောက်စဉ် ၂၀၁၅ ခုနှစ် အာဆီယံအသိုက်အဝန်းထူထောင်ရေး အခြေအနေနှင့် ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တွေ့ဆုံဆွေးနွေးခဲ့ခြင်း၊
- ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့တွင် ၂၀၁၅ ခုနှစ်၊ မေလ (၂၇) ရက်နေ့မှ (၃၀) ရက်နေ့ အထိ ကျင်းပခဲ့သည့် အာဆီယံ အဆင့်မြင့်စီးပွားရေးအရာရှိများ၏ (၂/၄၆) ကြိမ်မြောက် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများတွင် ဆွေးနွေးနိုင်ရန် အာဆီယံ-ဂျပန် အကောက်ခွန် လျှော့ချမှုအစီအစဉ် HS 2002 to HS 2007 ချိတ်ဆက်ကူးပြောင်းမှု၊ HS 2007 to HS 2012 ချိတ်ဆက်ကူးပြောင်းမှုတို့နှင့်စပ်လျဉ်း၍ ဂျပန်နိုင်ငံနှင့် အကောက် ခွန်ဦးစီးဌာနတို့၏ ဆွေးနွေးညှိနှိုင်းမှု အခြေအနေကို ပေးပို့ခြင်း၊
- ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း ကျင်းပခဲ့သည့် RCEP TNC အစည်းအဝေး အစီရင်ခံစာကိုဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနနှင့်ကုန်သွယ်ရေး ဦးစီးဌာနများသို့ ပေးပို့ခြင်း၊

- အာဆီယံစီးပွားရေးကျွမ်းကျင်မှု လက်မှတ်ရသင်တန်း အမှတ်စဉ် (၃) ကို မန္တလေး တက္ကသိုလ်၊ စီးပွားရေးပညာဌာနတွင် (၁-၇-၂၀၁၅) မှ (၃၀-၉-၂၀၁၅) ရက်နေ့ အထိ Course Instructors များ လာရောက်ပို့ချနိုင်ရေး ဆောင်ရွက်ခဲ့ခြင်း၊
- မြန်မာနိုင်ငံ၊ နေပြည်တော်တွင် ၂၀၁၅ ခုနှစ် ဇွန်လ (၂၂) မှ (၂၃) ရက်နေ့အထိ ကျင်းပမည့် (၇) ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးသို့ တင်ပြမည့် စီအယ်လ်အမ်ဗွီ စီးပွားရေးဝန်ကြီးများ၏ အစီရင်ခံစာ (Report of the CLMV Economic Ministers to the 7th CLMV Summit) သဘောထား ပြန်ကြားရန် ပြည်ထောင်စုဝန်ကြီးထံသို့ တင်ပြခြင်း၊
- ၂၀၁၅ ခုနှစ်၊ ဇူလိုင်လဆန်းတွင် ပြုလုပ်မည့် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးတွင် Mekong Development Roadmap (Progress Matrix) နှင့် Mekong Industrial Development Vision တို့ကို တင်ပြရန် ပြင်ဆင်ခြင်း၊
- အာဆီယံ-ကိုရီးယား လွတ်လပ်သော ကုန်သွယ်မှုဒေသ အကောက်အခွန် လျှော့ချမှု အစီအစဉ်၏ Line–by–Line Tariff Reduction Schedule အား မေလ(၃၁) ရက်နေ့ မတိုင်မီ အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ ပေးပို့ရန်ရှိသဖြင့် အကောက်ခွန်ဦးစီးဌာနသို့ အကြောင်းကြားဆောင်ရွက်ခဲ့ခြင်း၊
- အာဆီယံ-ကိုရီးယား ကုန်စည်ကုန်သွယ်မှု သဘောတူစာချုပ်အား ပြင်ဆင်သည့် တတိယ အခြေပြု စာချုပ်(မူကြမ်း)အပေါ် သဘောထားမှတ်ချက်များကို (၂၅-၅-၂၀၁၅) ရက်နေ့ မတိုင်မီ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ အကောက်ခွန်ဦးစီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်တို့သို့ အကြောင်းကြားဆောင်ရွက်ခဲ့ခြင်း၊
- အာဆီယံဘက်မှ အမေရိကန်ဘက်သို့ပေးပို့မည့် ပူးတွဲပါ (TISSWG Initial Comments For ASEAN- US Joint Development on ICT Trade Principles ) နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ သဘောထားမှတ်ချက်ပေးပို့နိုင်ရန် ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန သို့ အကြောင်းကြားခဲ့ခြင်း၊
- အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့ရှိ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၌ ၂၀၁၅ ခုနှစ် ဇွန်လ (၁၈) ရက်မှ (၁၉) ရက်နေ့ထိ ကျင်းပမည့် အာဆီယံဝန်ဆောင်မှုဖိုရမ်သို့ ဝန်ဆောင်မှုများ လွတ်လပ်စွာ စီးဆင်းရေးလုပ်ငန်းကော်မတီတွင်ပါဝင်သည့် ဘာသာရပ်ဆိုင်ရာ ကိုယ်စားလှယ်များ စေလွှတ်နိုင်ရန် ပို့ဆောင်ရေးဝန်ကြီးဌာန (ဝန်ဆောင်မှုများ လွတ်လပ်စွာစီးဆင်းနိုင်ရေး လုပ်ငန်းကော်မတီ) သို့ အကြောင်းကြား ဆောင်ရွက်ခြင်း၊

- နေပြည်တော်၌ ၂၀၁၅ ခုနှစ်၊ ဇွန်လ(၂၂)နှင့် (၂၃)ရက်နေ့တွင် ကျင်းပမည့် (၇)ကြိမ်မြောက် (CLMV) ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများတွင် မြန်မာနိုင်ငံ၏ လက်ရှိ ဆောင်ရွက်နေမှုများ တင်ပြနိုင်ရန် သက်ဆိုင်ရာဌာနများသို့ အကြောင်းကြားခြင်း၊
- RCEP E-Commerce Working Group ဖွဲ့စည်းနိုင်ရေး အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ပေးပို့လာသည့် TOR အပေါ် သဘောထားမှတ်ချက် ပြန်ကြားပေးပါရန် ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနနှင့် ကုန်သွယ်ရေးဦးစီးဌာနသို့ အကြောင်းကြားခြင်း၊
- အာဆီယံနိုင်ငံများအကြား န၀မအသုတ်ဖြေလျှော့ခဲ့သော ဝန်ဆောင်မှုကဏ္ဍ/ ကဏ္ဍခွဲများ ကတိကဝတ်ပြဇယားတွင်ပါဝင်သည့် မြန်မာနိုင်ငံ၏ Horizontal Commitments တွင် ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ သတ်မှတ်ချက်များ အပြောင်းအလဲရှိပါက အခြေပြစာချုပ် လက်မှတ်မရေးထိုးမီ စိစစ်ပြင်ဆင်/ အတည်ပြုရန် လေကြောင်း ပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနသို့ အကြောင်းကြားခြင်း၊
- အာဆီယံ-ကိုရီးယား အကောက်ခွန်လျှော့ချမှု အစီအစဉ်၏ Line-by-Line Tariff Reduction Schedule စပ်လျဉ်း၍ အကောက်ခွန် ဦးစီးဌာနမှ ပြန်ကြားခဲ့သည့်ဇယားပါ HS ကုန်စည်လိုင်းများကို 10 digit ဖြင့် ပြောင်းလဲချိတ်ဆက်ပေးရန် ကိုရီးယားနိုင်ငံ ဘက်မှ တောင်းဆိုလာပါသဖြင့် အကောက်ခွန်ဦးစီးဌာနသို့ အကြောင်းကြားခြင်း၊
- အီတလီနိုင်ငံ၊ မီလန်မြို့၌ကျင်းပမည့်၂၀၁၅ ခုနှစ်၊ မီလန်ကမ္ဘာ့ကုန်စည်ပြပွဲ ကာလအတွင်း ဥရောပသမဂ္ဂ - အာဆီယံ ဆွေးနွေးပွဲတစ်ရပ်ကို ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ (၂၉) ရက်နေ့မှ (၃၀) ရက်နေ့အထိ ကျင်းပပြုလုပ်မည်ဖြစ်ရာ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်မှ တက်ရောက်နိုင်ရေး အကြောင်းကြားခြင်း
- မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ၂၀၁၆ ခုနှစ် အတွက် အဆိုပြုထားသည့် " Survey Research on Chemical Residues and Contaminant in Fish and Fishery Products in Myanmar" project proposal နှင့်စပ်လျဉ်း၍ SEAFDEC's Marine Fisheries Research Department (MFRD) နှင့် ဆက်သွယ် ဆောင်ရွက်ပေးပါရန် အကြောင်းကြားခြင်း၊
- အာဆီယံဝန်ဆောင်မှုဆိုင်ရာ ဒသမအသုတ် ကတိကဝတ်အတွက် မြန်မာနိုင်ငံ၏ ဝန်ဆောင်မှုကဏ္ဍ/ကဏ္ဍခွဲ ကတိကဝတ်ပြဇယား initial offer ပေးပို့ရန် ပို့ဆောင်ရေး ဝန်ကြီးဌာန (ဝန်ဆောင်မှုများ လွတ်လပ်စွာစီးဆင်းစေနိုင်ရေး လုပ်ငန်းကော်မတီ) သို့ အကြောင်းကြားခြင်း၊

- မြန်မာနိုင်ငံ၏ အာဆီယံ-ကိုရီးယား အကောက်အခွန် လျှော့ချမှုအစီအစဉ်ပါ သက်ဆိုင်ရာ ကုန်စည်လိုင်းများ၏ Category နှင့် အကောက်ခွန်လျှော့ချမှုများကို အတည်ပြု ပြန်ကြားပေးရန် သက်ဆိုင်ရာဌာနများသို့ အကြောင်းကြားခြင်း၊
- အာဆီယံနိုင်ငံများနှင့် ကိုရီးယားသမ္မတနိုင်ငံတို့အကြား ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး ပူးပေါင်းဆောင်ရွက်ရန်၊ အကောက်ခွန်နှုန်း အပြန်အလှန်ခံစားခွင့် အစီအစဉ်နှင့် စပ်လျဉ်းသည့် နယ်ပယ်ကို ရှင်းလင်းစွာ ဆောင်ရွက်နိုင်ရန်နှင့် စာချုပ်ဝင်နိုင်ငံ အသီးသီး၏ ကုန်စည်လိုင်းများ တစ်လိုင်းချင်း အကောက်ခွန် လျှော့ချမှု/ပယ်ဖျက်မှု အစီအစဉ် ပံ့ပိုးပေးနိုင်ရန် ရည်ရွယ်၍ ချုပ်ဆိုမည့် Third Protocol to Amend the Agreement on Trade in Goods under the Framework Agreement on Comprehensive Economic Cooperation among the Govemments of the Republic of Korea and the Member Countries of the Association of Southeast Asian Nations (မူကြမ်း) အပေါ် (၃၀-၆-၂၀၁၅) ရက်နေ့အမီ သဘောထားမှတ်ချက် ပြန်ကြားပေးရန် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ အကောက်ခွန်ဦးစီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်တို့သို့ အကြောင်းကြားခြင်း၊
- တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကွမ်ရှီးပြည်နယ်၊ နန်နင်းမြို့တွင် ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ (၁၈) ရက်နေ့မှ (၂၁) ရက်နေ့အထိ ကျင်းပမည့် (၁၂) ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် ပတ်သက်၍ ပြပွဲကျင်းပရေး ဗဟိုကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းဆောင်ရွက်နိုင်ရန် ကိုယ်စားလှယ် အမည်စာရင်းပေးပို့ခြင်း၊
- မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့တွင် ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ (၉) ရက်မှ (၁၁) ရက်နေ့အထိကျင်းပမည့် အာဆီယံအဆင့်မြင့် စီးပွားရေးအရာရှိများ၏ (၃/၄၆) ကြိမ် မြောက် အစည်းအဝေးအစီအစဉ်အရ ၂၀၁၅ ခုနှစ်အတွင်း အကောင်အထည်ဖော် ပြီးစီးရန် သတ်မှတ်ထားသည့် Measures (၅၄) ခု၏ လက်ရှိတိုးတက် ဆောင်ရွက်ထားရှိမှု အခြေအနေများ ပေးပို့နိုင်ရန် ဘာသာရပ်ဆိုင်ရာဌာနများသို့ အကြောင်းကြားခြင်း၊
- (၉) ကြိမ်မြောက် ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု ကုန်သွယ်ရေး ညှိနှိုင်းမှုကော်မတီ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ အောင်မြင်စွာ ကျင်းပနိုင်ရေး သက်ဆိုင်ရာဌာန (၁၇) ခုနှင့် အကြိုညှိနှိုင်းခြင်း၊
- မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့၌ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ(၈) ရက်နေ့မှ (၁၁) ရက်နေ့ ထိ ကျင်းပမည့် အာဆီယံအဆင့်မြင့် စီပွားရေးအရာရှိများ၏ (၃/၄၆) ကြိမ်မြောက်

အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများတွင် အာဆီယံနှင့် ဆွေးနွေးဖက် နိုင်ငံများ ဖြစ်သည့် အာဆီယံ-စီအီးအာရ်၊ အာဆီယံ-အိန္ဒိယ၊ အာဆီယံ-ကိုရီးယား၊ အာဆီယံ-ဂျပန် FTA များ၌ ပင်ရင်းဒေသစည်းမျဉ်းနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိသည့် နောက်ဆုံး အခြေအနေများနှင့် မြန်မာနိုင်ငံမှ ဆောင်ရွက်မှုများ တင်ပြရန်အတွက် အချက်အလက် များပေးပို့ရန် ကုန်သွယ်ရေးဦးစီးဌာနသို့ အကြောင်းကြားခြင်း၊

- ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ (၉) ရက်နေ့မှ (၁၀) ရက်နေ့အထိ ကျင်းပသည့် အာဆီယံ အဆင့်မြင့် စီးပွားရေးအရာရှိများ၏ (၃/၄၆) ကြိမ်မြောက် အစည်းအဝေးတွင် ဆွေးနွေး ရန် e-commerce ကိစ္စရပ်များအတွက် ASEAN body တစ်ခုထူထောင်ရေးနှင့် အစီရင်ခံခြင်း လုပ်ငန်းစဉ်အပါအဝင် institutional mechanism ချမှတ်ရေးတို့နှင့် စပ်လျဉ်း၍ သဘောထားမှတ်ချက် ပြန်ကြားပေးရန် ဆက်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာန သို့ အကြောင်းကြားခြင်း၊
- အာဆီယံနိုင်ငံများနှင့် ဂျပန်နိုင်ငံတို့ ပူးပေါင်းတည်ထောင်ထားသည့် Japan ASEAN Integration Fund (JAIF) မှထောက်ပံ့ပေးမည့် US$ 1,451,446 ဖြင့် Capacity Building of Industrial Human Resource Development Organization for Productivity Improvement in Myanmar စီမံကိန်းကို ဆောင်ရွက်ရန်အတွက် အာဆီယံအတွင်းရေး မှူးချုပ်ရုံးသို့ ပေးပို့ပါရန် စက်မှုဝန်ကြီးဌာနမှ အကြောင်းကြားလာပါသဖြင့် နိုင်ငံခြားရေး ဝန်ကြီးဌာနသို့ ပေးပို့ခြင်း၊
- အာဆီယံနှင့် တရုတ်နိုင်ငံတို့မှ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ Agreement on Comprehensive Economic Cooperation between ASEAN and China အတွက် Notification ပေးပို့ခဲ့ခြင်းနှင့်စပ်လျဉ်း၍ မေးမြန်းချက်များအပေါ် ဖြေကြားချက်များကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ ပေးပို့ခြင်း၊
- မြန်မာနိုင်ငံ၏ အကောက်ခွန်လျှော့ချမှု အစီအစဉ် technical verification ကို ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံများမှပေးပို့သည့် comment များအပေါ် စိစစ်၍ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးသို့ ပြန်လည်ပေးပို့နိုင်ရန် အကောက်ခွန်ဦးစီးဌာနသို့ အကြောင်းကြားခြင်း၊
- ကမ္ဘောဒီးယားနိုင်ငံ၊ ဖနွမ်းပင်မြို့၌ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ (၂၄) ရက်နေ့မှ (၂၅) ရက်နေ့အထိ ကျင်းပမည့် workshop on strategic trade controls in continental Southeast Asia သို့ မြန်မာနိုင်ငံမှ ပါဝင်တက်ရောက်နိုင်ရန် စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနသို့ အကြောင်းကြားခြင်း၊

- သြစတြေးလျနိုင်ငံဖက်မှ မြန်မာနိုင်ငံ၏ အကောက်ခွန်လျှော့ချမှုအစီအစဉ်ကို HS 2007 မှ HS2012 သို့ ချိတ်ဆက်မှု အပြီးသတ်နိုင်ရေးအတွက် အကောက်ခွန်ဦးစီးဌာနနှင့် ညှိနှိုင်းနိုင်ရန် အကြောင်းကြားခြင်း၊
- ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ (၁၁) ရက်နေ့တွင် ကျင်းပခဲ့သည့် 7th ASEAN- Russia Consultation ၌ ဆွေးနွေးမှုများအရ လမ်းပြမြေပုံ အကောင်အထည်ဖော်မည့် Post-2015 ASEAN- Russia Trade and Investment Work Programme (မူကြမ်း) အပေါ် ပြန်ကြားပေးနိုင်ရန် သက်ဆိုင်ရာဌာနများသို့ အကြောင်းကြားခြင်း၊
- မလေးရှားနိုင်ငံ၌ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လအတွင်း ကျင်းပသည့် (၁၇) ကြိမ်မြောက် အာဆီယံ-မဲခေါင်မြစ်ဝှမ်းဒေသ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှု ဝန်ကြီးအဆင့် အစည်းအဝေး (17th Ministerial Meeting of the ASEAN- Mekong Basin Development Cooperation-AMBDC) တွင် ဆွေးနွေးမည့် AMBDC စီမံချက်များ အကောင်အထည်ဖော်မှု အခြေအနေနှင့် Singapore- Kunming Rail Link ဖြစ်ပေါ် တိုးတက်မှုအခြေအနေကို မြန်မာနိုင်ငံမှ ဆွေးနွေးပြောကြားရန် ပို့ဆောင်ရေး၊ ရထားပို့ဆောင်ရေးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနများသို့ အကြောင်းကြားခြင်း၊
- မြန်မာနိုင်ငံအနေဖြင့် အာဆီယံ-တရုတ် ဝန်ဆောင်မှုကုန်သွယ်ရေး သဘောတူစာချုပ်၏ တတိယအသုတ် ဝန်ဆောင်မှုကတိကဝတ်များ အကောင်အထည်ဖော်ရေး အခြေပြစာချုပ်နှင့် ပူးတွဲရန် ဝန်ဆောင်မှုကဏ္ဍ/ကဏ္ဍခွဲဇယားများကို အာဆီယံအတွင်းရေးမှူးချုပ်ရုံး သို့ Initial Offers ပေးပို့နိုင်ရေးအတွက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ လမ်းဦးစီးဌာန လူ့စွမ်းအားအရင်းအမြစ်နှင့် ပညာရေးစီမံကိန်းဦးစီးဌာနတို့သို့ အကြောင်းကြားခြင်း၊
- အာဆီယံ- သြစတြေးလျ- နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှုဒေသဆိုင်ရာ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (ASEAN-Australia –New Zealand Free Trade Area Economic Cooperation Work Program) အရ အသိဉာဏ် ပစ္စည်းဆိုင်ရာ မူပိုင်ခွင့်နှင့် စပ်လျဉ်း၍ Accession to the Madrid Protocol (Phase 2) Project ၏ Scope ပြောင်းလဲမှုအပေါ် သဘောထားနှင့် ပြင်ဆင်/ ဖြည့်စွက်လိုသည်များကို အကြောင်းပြန်ပေးနိုင်ရန် သိပ္ပံနှင်နည်းပညာဝန်ကြီးဌာနသို့ အကြောင်းကြားခြင်း၊
- နေပြည်တော်တွင် ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ (၁)ရက်နေ့မှ (၇) ရက်နေ့ထိ (၉) ကြိမ်မြောက် ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု ကုန်သွယ်မှုညှိနှိုင်း အစည်းအဝေးများ ကျင်းပခြင်း၊

- အာဆီယံ-တရုတ် ဝန်ဆောင်မှုကုန်သွယ်ရေး သဘောတူစာချုပ်၏ တတိယအကြိမ် ဝန်ဆောင်မှု ကတိကဝတ်များ အကောင်အထည်ဖော်ရေး အခြေပြစာချုပ်နှင့် ပူးတွဲမည့် ဝန်ဆောင်မှုကဏ္ဍခွဲများနှင့် စပ်လျဥ်း၍ Wish-list ပေးပို့နိုင်ပါရန် လူ့စွမ်းအား အရင်းအမြစ်နှင့် ပညာရေးစီမံကိန်းဦးစီးဌာနသို့ အကြောင်းကြားခြင်း၊
- မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့၌ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ (၂၀) ရက်နေ့မှ (၂၅) ရက်နေ့ ထိကျင်းပသည့် (၄၇) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေး နှင့် ဆက်စပ် အစည်းအဝေးများတွင် ပြောကြားမည့် အာဆီယံ ကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာကိစ္စရပ်များ ပေးပို့ရန် အကောက်ခွန် ဦးစီးဌာနသို့ အကြောင်းကြားခြင်း၊
- အာဆီယံ-ကိုရီးယား ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မူဘောင်သဘောတူစာချုပ် အောက်တွင် ကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ်ကို ပြင်ဆင်သည့် တတိယ အခြေပြစာချုပ်တွင် မြန်မာနိုင်ငံ မှ ပါဝင်လက်မှတ်ရေးထိုးရန် အပြီးသတ် (မူကြမ်း)ကို ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များသို့ ဖြန့်ဝေခြင်း၊
- ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ (၇) ရက်နေ့မှ (၉) ရက်နေ့ အထိကျင်းပသည့် (၂၀) ကြိမ်မြောက် ကော်မတီအစည်းအဝေး (20th Meeting of BIMSTEC Trade Negotiating Committee- BIMSTEC TNC) သို့ ပါဝင် တက်ရောက် နိုင်ရေး အကောက်ခွန်ဦးစီးဌာနနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန တို့သို့ အကြောင်းကြားခြင်း၊
- အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် မိမိတို့နှင့်သက်ဆိုင်သော စာချုပ်များအား လက်မှတ် ရေးထိုးအတည်ပြုနိုင်ရေး အပြီးသတ် ဆောင်ရွက်နိုင်ပါရန် နိုင်ငံခြားရေးဝန်ကြီးဌာနမှ မေတ္တာရပ်ခံလာ၍ သက်ဆိုင်ရာဌာနများသို့ အကြောင်းကြားခြင်း၊
- 3th ASEAN Connectivity Forum အတွက် ပို့ဆောင်ရေး၊ သတင်းအချက်အလက် နည်းပညာ၊ စွမ်းအင်ကဏ္ဍများနှင့် စပ်လျဥ်းသည့် မြန်မာနိုင်ငံ၏ National နှင့် Regional Level ဦးစားပေး စီမံကိန်းများစာရင်းကို ပေးပို့နိုင်ရန် ပို့ဆောင်ရေးဝန်ကြီး ဌာန၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီး ဌာနတို့ကို အကြောင်းကြားခြင်း။

**ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်တို့နှင့်ပူးပေါင်းဆောင်ရွက်မှု**

- အာရှဖွံ့ဖြိုးရေးဘဏ်မှ Principal Evaluation Specialist ဖြစ်သူ Mr. Nathan Subramaniam ဦးဆောင်သည့် Independent Evaluation Mission (IEM) မစ်ရှင်အဖွဲ့

သည် ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၂၁ ရက်နေ့မှ ၂၅ ရက်နေ့ထိ မြန်မာနိုင်ငံသို့ လာရောက်စဉ်အတွင်း သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တွေ့ဆုံလိုသဖြင့် အမှာစာများ ပေးပို့ဆောင်ရွက်ခြင်း၊

- အမျိုးသားလျှပ်စစ်ဓါတ်အားရရှိရေး စီမံချက်အရ အကောင်အထည်ဖော် ဆောင်ရွက်မည့် ဓါတ်အားပေးခြင်း လုပ်ငန်းများအတွက် ကမ္ဘာ့ဘဏ်၏ ချေးငွေ အမေရိကန် ဒေါ်လာသန်း (၃၁၀) ရယူ ဆောင်ရွက်နိုင်ရေးကိစ္စ နှင့်စပ်လျဉ်း၍ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနမှ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြပေးရန် အဆိုပြုလာပါသဖြင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ အမှာစာပေးပို့ ဆောင်ရွက်ခြင်း၊
- ကမ္ဘာ့ဘဏ် နှင့် IMF တို့ပူးပေါင်း၍ Real Sector Analysis နှင့်စပ်လျဉ်းသည့် သင်တန်းကို ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ (၁၀) ရက်နေ့မှ (၁၁) ရက်နေ့အထိ အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ နေပြည်တော်တွင် ကျင်းပပြုလုပ် လိုပါကြောင်း ကမ္ဘာ့ဘဏ်မှ အဆိုပြု အကြောင်းကြားခြင်းကို ဆောင်ရွက်ခြင်း။

**မဲခေါင်ဒေသခွဲစီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်(ဂျီအမ်အက်စ်)**

- မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ မူဘောင်နှင့် အဆိုပြုလာသည့် လုပ်ငန်း စီမံချက် (၁၆) ခုအပေါ် သဘောထားမှတ်ချက် တောင်းခံလာခြင်းကို နိုင်ငံခြားရေး ဝန်ကြီးဌာနသို့ အကြောင်းပြန်ကြားခြင်း၊
- မဟာမဲခေါင်ဒေသခွဲ နိုင်ငံများအကြား ကုန်စည်နှင့်လူများ နယ်စပ်ဖြတ်ကျော် သယ်ယူ ပို့ဆောင်မှု လွယ်ကူချောမွေ့စေရေး မူဘောင်သဘောတူစာချုပ် (GMS-CBTA) ၏ Protocol 3 ကို မြန်မာနိုင်ငံမှ လက်ခံအတည်ပြုကြောင်း ဂျီအမ်အက်စ် နိုင်ငံများနှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့သို့ အကြောင်းကြားပေးပို့နိုင်ရန် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ အမှာစာပေးပို့ခြင်း၊
- GMS regional Investment Framework-Implementation Plan (GMS RIF-IP) Monitoring System နှင့်စပ်လျဉ်း၍ GMS Sector Working Groups (SWGs) ၏ Focal Point သတ်မှတ်အတည်ပြု ပြန်ကြားနိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ အမှာစာပေးပို့ခြင်း၊
- မဲခေါင်ဒေသတွင်း စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ တရုတ်နိုင်ငံ၊ ကူမင်း မြို့တွင် ကျင်းပမည့်(၇)ကြိမ်မြောက် စီးပွားရေးစင်္ကြံများ ဖိုရမ် ($7^{th}$ Economic Corridors Forum - ECF-7)တွင် ပူးတွဲကြေညာချက် (Joint Statement) ထုတ်ပြန် ကြေညာနိုင်ရေး အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများသို့ သဘောထားမှတ်ချက် တောင်းခံခြင်း၊

- စတုတ္ထအကြိမ် ဂျီအမ်အက်စ် မြို့ပြဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းအဖွဲ့အစည်းအဝေးသို့ မြန်မာနိုင်ငံမှ မြို့ပြလုပ်ငန်း အဖွဲ့ဝင် (၃) ဦး ပါဝင် တက်ရောက်ပေးပါရန် အာရှဖွံ့ဖြိုးရေးဘဏ်မှ ဖိတ်ကြားခြင်းနှင့် ထိုအစည်းအဝေးတွင် (၂၀) ကြိမ်မြောက် မဲခေါင်ဒေသခွဲဝန်ကြီးများ အစည်းအဝေးတွင် အတည်ပြုရန်ရှိသည့် ၂၀၁၅-၂၀၂၂ ခုနှစ် မြို့ပြဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာမူဘောင် ( Urban Development Strategic Framework 2015-2022) မူကြမ်းနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းအဖွဲ့၏ လက်ရှိဖြစ်ပေါ်တိုးတက်မှုအခြေအနေတို့နှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အပြီးသတ်ဆွေးနွေးမည်ဖြစ်ကြောင်း အကြောင်းကြားမှုကို ဆောင်ရွက်ခြင်း၊
- (၂၀) ကြိမ်မြောက် ဂျီအမ်အက်စ်ဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးတို့ကို ၂၀၁၅ ခုနှစ် စက်တင်ဘာလ (၉) ရက်နေ့နှင့် (၁၀) ရက်နေ့တို့တွင် နေပြည်တော်ရှိ Kempinski ဟိုတယ်၌ ကျင်းပပြုလုပ်ခြင်း။

**စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့အစည်း (အိုအီးစီဒီ) နှင့် ပူးပေါင်းဆောင်ရွက်မှု**

- ၂၀၁၅ ခုနှစ်၊ မေလ ၂၉ ရက်နေ့နှင့် ၃၀ ရက်နေ့တို့တွင် ရန်ကုန်မြို့၊ ဆီဒိုးနားဟိုတယ်၌ ကျင်းပပြုလုပ်မည့် OECD-Multidimensional Review of Myanmar: Third Phase ဆိုင်ရာ ပထမအကြိမ်မြောက် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ရန် OECD မှ Deputy Secretary General, Mr. Rintaro Tamaki ဦးဆောင်၍ ကိုယ်စားလှယ် (၄) ဦးအတွက် တစ်ကြိမ် ပြည်ဝင်ခွင့်ဗီဇာ (ဂျီအိုစီ) ထုတ်ပေးနိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ အမှာစာပေးပို့ခြင်း၊
- ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်နေ့တွင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအဖွဲ့ (OECD) က ကြီးမှူး၍ ဗီယက်နမ်နိုင်ငံ၊ ဟနွိုင်းမြို့တွင် ကျင်းပမည့် Asia Public Governance on Public Sector Innovation နှင့် the Second Meeting of the OECD Network on Open Innovative Government in Southeast Asia အစည်းအဝေးများ၌ ဆွေးနွေးလိုသည့် အချက်အလက်များကို နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပြန်လည်ပေးပို့ခြင်း စသည်တို့ဆောင်ရွက်ခဲ့ပါသည်။

**နိဂုံး**

နိုင်ငံတော်အစိုးရသစ် တက်လာပြီး နောက်ပိုင်းတွင် နိုင်ငံရေး ပြုပြင်ပြောင်းလဲမှု၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှု၊ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုများနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲမှုများကို စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း ရည်မှန်းချက်များ ဖြစ်သည့် နိုင်ငံတစ်ဝှမ်းလုံး တည်ငြိမ်အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီ နိုင်ငံဖြစ်ရေး၊ သန့်ရှင်းသော အစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်မှုစနစ် ဖြစ်ပေါ်လာရေး၊ နိုင်ငံတကာ အသိုက်အဝန်းတွင် ဂုဏ်သိက္ခာရှိစွာရပ်တည်နိုင်ရေး၊ ကုလသမဂ္ဂထောင်စုနှစ် ရည်မှန်းချက်ကို ပြည့်မီရေးတို့အတွက် မူဝါဒများ ချမှတ်ဆောင်ရွက်ခဲ့ပါသည်။

လယ်ယာကဏ္ဍတွင် စိုက်ပျိုးသူ တောင်သူလယ်သမားများ ဝင်ငွေတိုးတက်ရေး၊ ကျေးလက်ဒေသနှင့် ဆင်းရဲမှုလျှော့ချရေးကို ရည်ရွယ်၍ တောင်သူလယ်သမားများ၏ စိုက်ပျိုး ထုတ်လုပ်မှုအတွက် လိုအပ်သော သီးနှံအလိုက် စိုက်ပျိုးစရိတ်ချေးငွေများကို တိုးမြှင့်ထုတ်ချေး ပေးခဲ့ပါသည်။ ဖွံ့ဖြိုးပြီးနိုင်ငံတစ် နိုင်ငံဖြစ်ပေါ်စေရန်အတွက် စက်မှုကဏ္ဍမှာ အဓိက မောင်းနှင် အားဖြစ်သကဲ့သို့၊ စက်မှုကဏ္ဍကြီးတွင်ပါဝင်သည့် လျှပ်စစ်ဓာတ်အားကဏ္ဍ၊ သတ္တုကဏ္ဍ၊ စွမ်းအင်ကဏ္ဍနှင့် ဆောက်လုပ်ရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခဲ့ပါသည်။

လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုတွင် အဓိကကျသည့် ပညာရေးနှင့်ကျန်းမာရေး အဆင့် အတန်းမြင့်မားရေး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး လွယ်ကူချောမွေ့စေရေး တို့ကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ပါသည်။

ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအဖြစ် လျှပ်စစ်မီး တိုးတက်ရရှိရေး၊ သောက်သုံးရေ ဖူလုံရေး၊ စိုက်ပျိုးရေဖူလုံရေး၊ အလုပ်အကိုင်တိုးတက်ရရှိရေး၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေး၊ ငွေကြေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ သိသာစွာတိုးတက်ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်မှ ဦးစားပေးကဏ္ဍများအဖြစ် သတ်မှတ် အကောင်အထည်ဖော်လျက် ရှိပါသည်။

အစီရင်ခံသည့် ပထမ (၆) လကာလအတွင်း နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးမှုဆိုင်ရာ အောက်ဖော်ပြပါ အကြောင်းအရာများကို ဆောင်ရွက်နိုင်ခဲ့ပါသည်-

(က) တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်မူကြမ်း(Final Draft) ကိုနှစ်ဖက်သဘောတူညှိနှိုင်း ရေးဆွဲပြီးစီးကြောင်း အတည်ပြုချက်နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်နှင့်ပြည်သူ့လွှတ်တော်တို့မှ ထောက်ခံကြောင်း သတင်းထုတ်ပြန်ချက်အမှတ် (၄/၂၀၁၅)ဖြင့် ၂-၄-၂၀၁၅ ရက်နေ့တွင် ထုတ်ပြန်ခြင်း၊

(ခ) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားဖွံ့ဖြိုး တိုးတက်ရေး အတွက် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များကို နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုများ ချီးမြှင့်ခြင်း၊

(ဂ) အပြည်ပြည်ဆိုင်ရာ သဘာဝအခြေခံခရီးသွားလုပ်ငန်း ကွန်ဖရင့်ကို ၁၉-၅-၂၀၁၅ ရက်နေ့တွင် မြန်မာနိုင်ငံတွင် ကျင်းပခြင်း၊

(ဃ) ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ပင်မအစီရင်ခံစာ ထုတ်ပြန်ချက်ကို ၂၉-၅-၂၀၁၅ ရက်နေ့တွင် ထုတ်ပြန်ခြင်း၊

(င) အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်း လုပ်ကိုင်ခွင့် လိုင်စင်ထုတ်ပေးရန် သတ်မှတ်ထားသော စံနှုန်းများကို ပြောင်းလဲ သတ်မှတ်ခြင်း၊

(စ) ပညာရေးကဏ္ဍတွင်ကျောင်းနေအရွယ်ကလေးတိုင်းပညာသင်ကြားနိုင်ရေးအတွက် အထက်တန်းအဆင့်အထိ အခမဲ့ပညာရေး ဆောင်ရွက်ပေးနိုင်ခြင်း၊

(ဆ) မြန်မာနိုင်ငံ၏ အင်းလေးကန်ဒေသကို ပထမဆုံးဇီဝအဝန်းနယ်မြေ (Biosphere Reserve) အဖြစ် ဇွန်လ (၉) ရက်နေ့တွင် အတည်ပြု သတ်မှတ်ခြင်း၊

(ဇ) အနည်းဆုံးအခကြေးငွေ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ အဆိုပြု အနည်းဆုံး အခကြေးငွေကို ကြေညာချက် အမှတ်(၁/၂၀၁၅) ဖြင့် ၂၉-၆-၂၀၁၅ ရက်စွဲဖြင့် ထုတ်ပြန်ကြေညာခြင်း၊

(ဈ) မြန်မာတို့၏ ဂုဏ်ယူဖွယ်ယဉ်ကျေးမှုအမွေအနှစ်များကို ခမ်းနားစွာ ခင်းကျင်း ပြသထားသည့် ရှေးဟောင်းသုသေတန ပြတိုက်ကြီးဖြစ်သည့် နေပြည်တော် အမျိုးသားပြတိုက်ကို ပထမအဆင့် ဖွင့်လှစ်ခြင်း၊

(ည) (၈) ကြိမ်မြောက် မြန်မာ-ထိုင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင် အစည်းအဝေးမှ ဗီဇာကင်းလွတ်ခွင့်သဘောတူညီချက်အရ သာမန်နိုင်ငံကူး လက်မှတ်ကိုင်ဆောင်သူ မြန်မာနိုင်ငံသားများနှင့် ထိုင်းနိုင်ငံသားများသည် နိုင်ငံ တကာလေဆိပ်များတစ်ဆင့် ပြည်ဝင်ဗီဇာမလိုဘဲ ၁၄ ရက်ကြာ သွားလာ နေထိုင်ခွင့် ရှိခြင်း၊

(ဋ) အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီသည် အမိန့် ကြော်ငြာစာအမှတ် ၂/၂၀၁၅ ဖြင့် ၂၈-၈-၂၀၁၅ ရက်နေ့တွင် အနည်းဆုံးအခကြေး ငွေကို ထုတ်ပြန်ကြေညာခြင်း၊

(ဌ) မြန်မာအထူးစီးပွားရေးဇုန် နည်းဥပဒေကို ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ (၂၇)ရက်နေ့ တွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန အမိန့် ကြော်ငြာစာ အမှတ်(၁/၂၀၁၅) ဖြင့် ထုတ်ပြန်ခြင်း၊

(ဍ) ပြည်ထောင်စု လွှတ်တော်(၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် လျှပ်စစ်မီးလင်းရေး (ကျေးလက်ဒေသ မီးလင်းရေး၊ မဟာဓာတ်အားလိုင်း တိုးချဲ့ရေးနှင့် ၂၀၃၀ ခုနှစ်တွင် တစ်နိုင်ငံလုံး ၉၉ ရာခိုင်နှုန်း မီးလင်းရေး)အတွက် ချေးငွေ (အတိုးမဲ့နှစ်ရှည်ကြွေးမြီ) အမေရိကန် ဒေါ်လာသန်း ၄၀၀ ကို ကမ္ဘာ့ဘဏ်မှ ချေးယူရန် လွှတ်တော်မှ အတည်ပြုခြင်း၊

(ဎ) တတိယအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်(3rd Myanmar Development Cooperation Forum-3rd MDCF)၏ နှစ်ဝက်လေ့လာသုံးသပ်မှု အစည်းအဝေး ကျင်းပခြင်း၊

(ဏ) မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံနိုင်မည့် ဈေးကွက်ဆိုင်ရာ အခွင့်အလမ်းများအား နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ သိရှိလာစေရန် ရည်ရွယ်လျှက် တစ်ကမ္ဘာလုံးဆိုင်ရာ မြန်မာရင်းနှီးမြှုပ်နှံမှုဖိုရမ်ကို ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ (၁၅) ရက်နေ့ မှ (၁၆) ရက်နေ့အထိ ကျင်းပခြင်း၊

(တ) ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ (၂၃) ရက်နေ့တွင် သီလဝါအထူး စီးပွားရေးဇုန် ပထမ အပိုင်း(က) ဖွင့်ပွဲအခမ်းအနား ကျင်းပခြင်း၊

နိုင်ငံတော်အနေဖြင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူဗဟိုပြု မူဝါဒဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ အချို့သော ကဏ္ဍများတွင် အားနည်းချက်များ ဆက်လက်ရှိနေဆဲဖြစ်သော်လည်း ဖွံ့ဖြိုးတိုးတက်မည့် လမ်းကြောင်းပေါ်သို့ ရောက်ရှိနေပြီ ဖြစ်ပါသည်။ ဖွံ့ဖြိုးမှုကို ရှုထောင့်ပေါင်းစုံ(Multi-Dimentional Aspect) နှင့် ရှုမြင်ပြီး၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု (Sustainable Development) အထိ ဆက်လက်ကြိုးပမ်း ဆောင်ရွက် သွားမည် ဖြစ်ပါသည်။ သို့မှသာ လူထု၊ လူတန်းစားများအကြား ဆင်းရဲ၊ ချမ်းသာကွာဟမှု နည်းပါးပြီး လူတိုင်းဖွံ့ဖြိုးမှု၏ အသီးအပွင့်ခံစားနိုင်မှသာ နိုင်ငံတစ်ခုအတွက် အရည်အသွေး ရှိသည့် ဖွံ့ဖြိုးမှု (Quality Development of a Nation) ကို ဖြစ်ပေါ်စေရန် ရည်မှန်းဆောင်ရွက်လျက် ရှိပါကြောင်းတင်ပြအပ်ပါသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးတွင် ရေရှည်ဖွံ့ဖြိုး တိုးတက်စေရန်နှင့် အချိုးကျမျှတစေရန် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သက်ဆိုင်ရာကဏ္ဍနှင့် တိုင်းဒေသကြီး/ ပြည်နယ်များ ချိတ်ဆက်၍ ကျန်ရှိနေသော ဒုတိယ(၆)လတွင် စီမံကိန်းရည်မှန်းချက်များ အောင်မြင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်မည် ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။